http://www.dhammadownload.com




ကျေးဇူးတော်ရှင်

မဟာဂေါရိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

## တရားတော်

အမှတ်စဉ် ၆

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏


# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ဖြန့်ပွားရေးအဖွဲ့မှ

ကမ္ဘာ့ပြည်ရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ




မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် တတ်အခြင်း၊

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း၊ ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်–ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင်းနာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ သိကြား၊ စသည်များကာ၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။

(လင်္ကာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့-ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားဆုံးမတော်မူသော

ဝိပဿနာလုပ်ငန်းစဉ်

# ပဋိစ္စသမုပ္ပါဒ်-တရားတော်

အမှတ်စဉ် (၆)

http://www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရား၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။

အဋ္ဌမအကြိမ် — အုပ်ရေ....၁၅၀၀။
၁၉၉၅-ခု၊ ဧပြီလ — တန်ဖိုး၁၀၅-ကျပ်။
အဖုံးရိုက် — သီရိနန္ဒာပုံနှိပ်တိုက်။

အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချိသူ
ဦးအောင်ချို မှတ်ပုံတင်အမှတ် (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့
အမှတ် (၈၂)၊ နတ်မောက်လမ်း၊ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးနန္ဒ မှတ်ပုံတင်အမှတ် (မြ-၀၃၅၉၇)
သီရိနန္ဒာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊၃၂-လမ်း၊
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၁၅/၉၄)(၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၆၄/၉၅)(၂)

http://www.dhammadownload.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကိုယ့်အသေကိုယ်ရှုနည်းတရားတော် | | ၁ |
| ၂။ | သတိပညာနှင့် ရှုရန် ပဋိစ္စသမုပ္ပါဒ်တရားတော် | | ၄၆ |
| ၃။ | ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်တရားတော် | | ၈၆ |
| ၄။ | ပဋိစ္စသမုပ္ပါဒ်တရားတော် | (၁) | ၁၂၉ |
| ၅။ | ။ ။ | (၂) | ၁၆၅ |
| ၆။ | ။ ။ | (၃) | ၂၀၆ |
| ၇။ | ။ ။ | (၄) | ၂၅၁ |
| ၈။ | ကထိန်ရှေ့စက်ချတရားတော် | | ၂၀၀ |
| ၉။ | ပဋိစ္စသမုပ္ပါဒ်တရားတော် | (၅) | ၃၄၂ |
| ၁၀။ | ။ ။ | (၆) | ၃၈၆ |
| ၁၁။ | ။ ။ | (၇) | ၄၂၇ |
| ၁၂။ | ။ ။ | (၈) | ၄၇၁ |
| ၁၃။ | ။ ။ | (၉) | ၅၁၅ |
| ၁၄။ | ။ ။ | (၁၀) | ၅၅၈ |

http://www.dhammadownload.com

အတွင်းစာသားများနှင့်
အဖုံး–စက်ဝိုင်း–ခေါင်းစီးပုံများ
သီရိနန္ဒာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

http://www.dhammadownload.com

# နိဒါန်း

## နမော မုဒ္ဒါယ သိဒ္ဓံ

ပဋိစ္စသမုပ္ပါဒ် သဘောတရားသည် မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော်မူသည်ဖြစ်စေ အမြဲတမ်း တည်ရှိသော သဘောတရားဖြစ်သည်။ မြတ်စွာဘုရား ရှင်တို့သည် ဘုရားမဖြစ်မီဘုရားလောင်းဘဝ၌ရှိစဉ်သစ္စာလေးပါး မသိသေးသော ဘုရားလောင်းအဖြစ်နှင့် "သတ္တဝါတို့သည် ဆင်းရဲလေစွတကား၊ ပဋိသန္ဓေလည်းနေရ၏၊ အိုလည်းအိုရ၏၊သေလည်း သေရ၏၊ စုတေလည်း စုတေရ၏၊ တစ်ဖန်ပဋိသန္ဓေလည်းနေရ၏၊ ဤအိုမှု,နာမှု,သေမှု ဆင်းရဲအစု၏ ထွက်မြောက်ရာသည်အဘယ်နည်း၊အဘယ်တရားရှိသော်အိုမှု,နာမှု သေမှုဖြစ်သနည်း၊ အဘယ်အကြောင်းခံကြောင့် အိုမှု,နာမှု, သေမှု စသည်တို့ဖြစ်သနည်း"ဟူသောအကြံသည် ဖြစ်မြဲသာ တည်း။

ကျွန်ုပ်တို့၏ဂေါတမရှင်တော်ဘုရားအလောင်းတော်သည် ဗောဓိပင်ရင်းအပရာဇိတပလ္လင်ထက်၌မာရ်စစ်သည်တို့ကို နေမဝင်မီနှိမ်နင်းအောင်မြင်တော်မူသည်။ ထိုနောက်ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုလည်းကောင်း၊ သန်းခေါင်ယံ၌ဒိဗ္ဗစက္ခု ဉာဏ်ကိုလည်းကောင်း အောင်မြင်တော်မူလေသည်။ ဤသို့ ပုဗ္ဗေနိဝါသဉာဏ်တော်ဒိဗ္ဗစက္ခုဉာဏ်တော်ကိုရရှိတော်မူသော အခါမျာ:၌ဤမဟာပထဝီမြေကြီးသည် တုန်လှုပ်ခြင်းမဖြစ်ခဲ့ ချေ။ ထိုနောက်ဘုရားအလောင်းတော်အား-ဤသို့ အကြံဖြစ် တော်မူလေသည်၊ "သတ္တလောကသည် ငြိုငြင်ဆင်းရဲခြင်းသို့ ရောက်သည်" သတ္တလောကသည်ငြိုငြင်ဆင်းရဲခြင်းသို့ရောက် ၏၊ပဋိသန္ဓေလည်းနေရ၏၊အိုလည်းအိုရ၏၊ စုတေလည်းစုတေ ရ၏၊တစ်ဖန်ပဋိသန္ဓေလည်းနေရ၏၊ ထိုသို့ဖြစ်လျက်လည်းအို

http://www.dhammadownload.com



ခြင်း သေခြင်းဟုဆိုအပ်သော ဤဆင်းရဲအစုမှ ထွက်မြောက်ကြောင်းကို မသိနိုင်၊ အဘယ်အခါ၌အိုခြင်း, သေခြင်းဟု ဆိုအပ်သော ဤဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သောတရားသည် ငါ့အားထင်လာပါအံ့နည်း–”ဟုဆင်ခြင်တော်မူသည် ''အဘယ်တရားမရှိသော် ဤအို, နာ, သေဆိုတဲ့ ဒုက္ခမှထွက်မြောက်နိုင်မည်နည်း''ဟုဤသို့ဆင်ခြင်တော်မူပြန်သော်ဇာတိအကြောင်းကြောင့်ဟု ထိုးထွင်း၍ သိတော်မူသည်၊ တစ်ဖန် 'အဘယ်တရားမရှိသော် ဤဇာတိမှ ထွက်မြောက် နိုင်လတ္တံ့နည်းဟုဆင်ခြင်တော်မူပြန်၏၊ဤသို့ပဋိလောမအားဖြင့်အစဉ်အတိုင်း ဆင်ခြင်တော်မူသည့် အဆုံး၌ ပဋိစ္စသမုပ္ပါဒ် တရားသဘောကို ထိုးထွင်း သိမြင်တော်မူလေသည်၊ ဤသို့သောအားဖြင့် အဝိဇ္ဇာမှစ၍ အနုလောမအားဖြင့် ဆင်ခြင်တော်မူသည်၊ တစ်ဖန် ပဋိလောမအားဖြင့် ဆင်ခြင်တော်မူပြန်၏။

ထိုကဲ့သို့ အနုလောမ ပဋိလောမအားဖြင့်ဆင်ခြင်သုံးသပ်နှလုံးသွင်းတော်မူသည်၏ အစွမ်းကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောတရား၏အစကိုလည်းထိုးထွင်း၍ သိတော်မူပြီ၊ အဆုံးကိုလည်းထိုးထွင်း၍သိတော်မူပြီ၊အာသဝေါတရားတည်းဟူသော ကာမာသဝမှစိတ်သည်လွတ်၏၊ ဘဝါသဝါမှစိတ်သည်လွတ်၏၊ ဒိဋ္ဌာသဝမှစိတ်သည်လွတ်၏၊ အဝိဇ္ဇာသဝမှစိတ်သည်လွတ်၏၊ထိုအာသဝေါတရားလေးပါးမှ လွတ်ပြီးသောအခါ၌''ငါသည် အာသဝေါတရားလေးပါးမှ လွတ်ပြီဟု အသိဉာဏ်ဖြစ်တော်မူ၏၊ ပဋိသန္ဓေနေမှုမှကုန်ပြီ၊မဂ်တည်းဟူသောအကျင့်ကို ငါသည် ကျင့်သုံးအပ်ပြီ၊ပြုအပ်သောမဂ်ကိစ္စကို ပြုအပ်ပြီးပြီ၊မဂ်ကိစ္စအလို့ငှါတစ်ပါးသောပြုဖွယ်မရှိပြီ''ဟု ထိုးထွင်း၍ သိတော်မူ၏။

http://www.dhammadownload.com



ဤသို့လျှင် အာသဝေါတရားတို့ ကုန်ခြင်းကိုပြုတတ်သော အာသဝက္ခယ ဉာဏ်တော်ကို နံနက်မိုးသောက်ချိန်၌ ရတော်မူပြီးလျှင် သစ္စာလေးပါးကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် သိတော်မူသော ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊ ထိုအခါ တစ်သောင်းသော လောကဓာတ် စကြဝဠာ တစ်ခုလုံးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်၏၊ မာရ်စစ်သည်တို့ကို အောင်မြင်တော် မူသော အခါ၌လည်း မဟာပထဝီ မလှုပ်ခဲ့၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဒိဗ္ဗစက္ခုဉာဏ်တော်တို့ကို ရတော်မူစဉ်က ဤမဟာပထဝီမြေကြီးသည် မလှုပ်ခဲ့၊ ဤပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နှလုံးသွင်း ထိုးထွင်းသိတော်မူသည့် အခါ၌ကား 'တစ်သောင်းသော လောကဓာတ်မြေပြင်သည် ပြဆိုခဲ့သည့်အတိုင်း လှုပ်ခဲ့၏၊ အလောင်းတော်သည် အာသဝေါတရားကုန်ခြင်းကြောင့် ဘုရားအဖြစ်သို့ ရတော်မူ၏၊ အာသဝေါတရား ကုန်ခြင်းသည်လည်း ပဋိစ္စသမုပ္ပါဒ်အစကို (ဝါ) ဖြစ်ကြောင်းကို ထိုးထွင်းသိတော်မူသဖြင့်လည်း ကောင်း၊ ဖြစ်ကျိုးကို ထိုးထွင်း၍ သိတော်မူသဖြင့်လည်း ကောင်း၊ ဤကဲ့သို့ အာသဝေါတရား ၄-ပါး ကုန်တော်မူခြင်းဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းသည်(ဝါ)အစသည်"အဝိဇ္ဇာ" ဖြစ်ရကား...."အဝိဇ္ဇာ နိရောဓာ အာသဝ နိရောဓော...." ဆိုသည့် အတိုင်း-အဝိဇ္ဇာချုပ်သဖြင့် အာသဝေါတရား ချုပ်ခြင်း(ဝါ)အာသဝက္ခယဉာဏ်ကိုရတော်မူခြင်း (ဝါ) ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရားအလောင်းတော်အား အဝိဇ္ဇာ အမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ်အလင်း ပေါ်ပေါက်ခြင်းသည်

http://www.dhammadownload.com

(ဿ) နိဒါန်း

(၀၁)''ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ''ဖြစ်တော် မူခြင်းသည် ပဋိစ္စသမုပ္ပါဒ် တရားသဘောကို ထိုးထွင်းသိတော်မူပြီးလျှင် ဒုက္ခသစ္စာကိုပိုင်းခြား၍သိတော်မူခြင်း၊သမုဒယသစ္စာကို ပယ်တော်မူခြင်း၊ မဂ္ဂသစ္စာကို ပွားများတော်မူခြင်းကြောင့်သာ ဖြစ်သည်၊ ဤသို့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတော်မူခြင်း သည်လည်း ဆိုခဲ့သည့်အတိုင်း ပဋိစ္စသမုပ္ပါဒ် သဘောတရားတော်ကို အဖန်တလဲလဲ အနုလောမ၊ပဋိလောမဆင်ခြင်တော်မူခြင်းအားဖြင့်သာဖြစ်ရာ သာ၀ကမှအစပြု၍ ဘုရားရှင်ကိုယ်တော်မြတ်အထိ ဤပဋိစ္စသမုပ္ပါဒ်တရားသည်အဘယ်မျှအရေးပါသောတရားဖြစ်ကြောင်းကို သိရှိနိုင်ကြပါသည်၊ ဤမျှအရေးပါခြင်းမှာလည်း ဘုရားအဖြစ်သို့ရောက်အောင် ကျင့်တော်မူရသောတရား၊ ဆင်ခြင်ရသောတရား၊ နှလုံးသွင်းရသောတရားများဖြစ်သောကြောင့်ဟု ဆိုရပါမည်၊ တစ်နည်းဆိုရသော်၊ ဘုရားဖြစ်တော်မူသည်မှာလည်း ဤတရားသည် အရင်းခံ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဖြစ်ကြသည်မှာလည်း ဤတရား အရင်းခံဖြစ်သည်ဆိုတာ ပေါ်လွင်လောက်ပါပြီ။

ဤပဋိစ္စသမုပ္ပါဒ်တရားသည် နက်လည်းနက်၏၊နက်သော အရိပ်အရောင်လည်းရှိ၏ဟုဆိုရာရှင်အာနန္ဒာကမြတ်စွာဘုရားအားလျှောက်ထားပုံကို ထည့်သွင်းဖော်ပြသင့်သည့် အတိုင်း ဖော်ပြပါအံ့။

အရှင်ဘုရား-ပဋိစ္စသမုပ္ပါဒ်သည် အလွန်လည်းနက်နဲပါ၏ နက်နဲသော အရိပ်အရောင်လည်း ရှိပါ၏၊ သို့ပါသော်လည်း တပည့်တော်အားတိမ်သကဲ့သို့ထင်ပါ၏ဟု လျှောက်၏၊ဘုရားရှင်သည် အာနန္ဒာ ဤသို့ မဆိုလင့်-ဤသို့မဆိုလင့်၊ ဤပဋိစ္စ

http://www.dhammadownload.com



သမုပ္ပါဒ်သည် နက်လည်းနက်နဲ၏၊နက်နဲသော အရိပ်အရောင်လည်းရှိ၏၊ ဤတရားကို လျော်စွာမသိနိုင်သောကြောင့် ထိုးထွင်း၍ မသိနိုင်သောကြောင့် သတ္တဝါအပေါင်းတို့သည် ယက္ကန်းချည်ထွေးကဲ့သို့လည်းကောင်း၊ စာပေါင်းသိုက်ကဲ့သို့လည်းကောင်း၊ ဖြူဆံမြက်ပြိန်းမြက်ကဲ့သို့လည်းကောင်းဖြစ်၍ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်ဟု ဟောတော်မူ၏။

မှန်၏၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် နက်လည်းနက်နဲ၏၊ နက်နဲသော အရိပ်အရောင်လည်းရှိ၏၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးကို စီရင်ရေးသားတော် မူခဲ့သော ရှင်ဗုဒ္ဓဃောသသည်ပင်လျှင် "ယုန်သူငယ်သည် သမုဒ္ဒရာရေကို ခြေထောက်မမှီသကဲ့သို့"ဟု ပြဆိုတော်မူခဲ့ပေသည်။

သို့ရာတွင် စာဖတ်ပရိသတ်အား အားပေးလိုပါသည်၊ အားမငယ်ကြစေလိုပါ၊နက်နဲပင်နက်နဲသော်လည်း ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားသည် ဤနက်နဲခက်ခဲသောတရားကိုပင် ယခုခေတ်လူများနားလည်၍ဉာဏ်သက်ဝင်နိုင်လောက်အောင်မြန်မာစကားပြေသက်သက်နှင့်ပုံစံစက်ဝိုင်းကို ကြံစည်တော်မူပြီးလျှင်ပဋိစ္စသမုပ္ပါဒ်လည်ပုံ-ပတ်ပုံအဝိုင်းပြေးပြေးပုံ သံသရာဆက်ပုံ-သံသရာလည်ပုံကို အကွင်းလိုက် အကွင်းလိုက် ပေါ်လာအောင် စာဖတ်သူ ပရိသတ်ဉာဏ်အိတ်ထဲ၌ထည့်ပေးတော်မူသကဲ့သို့ ဟောကြား ဆုံးမတော်မူပါသည်။

၎င်းပြင် ပဋိစ္စသမုပ္ပါဒ်သည် မျက်လုံးဖွင့်လိုက်ရုံမျှ ပဋိစ္စသမုပ္ပါဒ်စ,၍ ပေါ်ပြီးလျှင် တဏှာ,ဥပါဒါန်,ကံ ဖြစ်ပုံ၊ ကမ္မဘဝဖြစ်လျှင် ဇာတိမရပါနဲ့ဆို၍ မဖြစ်ပုံ၊ တစ်နေ့လျှင် ပဋိစ္စ

http://www.dhammadownload.com

## (စ) နိဒါန်း

သမုပ္ပါဒ် အပတ်ပေါင်းမည်မျှသည်ပုံအထိ လူပြိန်းနားလည်နိုင်လောက်အောင် ဉာဏ်အိတ်ထဲ၌ ထည့်သွင်းပေးတော်မူပါသည်၊ သို့ပါသောကြောင့် ဤပဋိစ္စသမုပ္ပါဒ်တရားကို ပထမအဆင့်အနေနှင့်လျော်စွာနားလည်အောင်ကြိုးစား၍လေ့လာသင့်ပါသည်။ ဤကဲ့သို့ လျော်စွာနားလည်အောင် ကြိုးစားပါ၊ နားလည်ပါက ထိုးထွင်း၍သိအောင် (ဝါ) ခန္ဓာဉာဏ်ရောက်အောင် (ဝါ) သံသရာပြတ်အောင် ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်အထိ ကြိုးစားတော်မူကြပါကုန်။

**အကျိုးတရားကို ဆိုပါအံ့။**

၁။ ဤပဋိစ္စသမုပ္ပါဒ်ကိုအကြောင်း-အကျိုးသိမ်းဆည်းနားလည်ပါကပစ္စယပရိဂ္ဂဟဉာဏ်ပိုင်ပိုင်ကြီးပြည့်စုံနိုင်ပါသည်။

၂။ ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပဋိစ္စသမုပ္ပန္န တရားကို နားလည်၍ အဖြစ်နှင့် အပျက်ကို သိသဖြင့် သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို အသိဖြင့် စင်ပါသည်။

၃။ ဗြဟ္မာ, သိကြားထာဝရဖန်ဆင်းတာမဟုတ်၊ အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်သည်ဟုသိသဖြင့် ဝိစိကိစ္ဆာသေပါသည်။

၄။ အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု သိသဖြင့် အကြောင်းနှင့် အကျိုးပဲရှိသည်၊ ဤအကြောင်းတရား အကျိုးတရားထဲ၌ ပုဂ္ဂိုလ် သတ္တဝါ မပါဟု သိသဖြင့် အတ္တဒိဋ္ဌိ စင်ပါသည်။

၅။ ဤပဋိစ္စသမုပ္ပါဒ်တရားသဘောသည်အကြောင်းနှင့်အကျိုးတွေမပြတ်စဲဘဲ တသဲသဲဖြစ်လိုက်, ပျက်လိုက်

http://www.dhammadownload.com



ချည်းသာ မရပ်မနား ဒလစပ်ဖြစ်နေသောကြောင့် ဒုက္ခတရား အစစ်ပဲ၊ သုခ လုံးဝမဖက်ဟု မြင်သော ကြောင့် ဒုက္ခသစ္စာပိုင်းခြား၍ သိသည်ဟုဆိုပါ သည်။

၆။ 'ဝေဒနာ ပစ္စယာ တဏှာ'ဟုဆိုသဖြင့် ဝေဒနာနှင့် တဏှာအစပ်ကို မကူးအောင် ဝေဒနာကို ဖြစ်,ပျက် ဝိပဿနာ ရှုနိုင်ပါက မဂ္ဂသစ္စာပွားခြင်းဖြစ်သည်၊ ဝေဒနာက တဏှာမကူး၍ ဝေဒနာနိရောဓာ တဏှာ နိရောဓော ဖြစ်နိုင်ပါသည်။ တဏှာနိရောဓောတိ– နိဗ္ဗာနံဆိုသည့်အတိုင်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအထိ မိမိတို့ သဒ္ဓါ, ပညာ, ဝီရိ ယ အလိုက် ဖြစ်နိုင်ပါသည်။

ဤပဋိစ္စသမုပ္ပါဒ် တရားတော်သည် ဘုရားရှင်တိုင်း လက် မလွှတ်သောတရား ဖြစ်ပါသည်၊ မည်သူမျှ တောင်းပန်ခြင်း မပြုဘဲ နည်းပရိယာယ်အမျိုးမျိုးအားဖြင့် ဟောကြားတော် မူသောတရား ဖြစ်ပါသည်။

ဤသာသနာတော်ဝယ် ဤမျှအဖိုးတန်လှ၍ အရေးကြီး သောတရား၊ သတ္တဝါတို့အား ဆင်းရဲအစုမှ ကယ်တင်မည့် တရား၊ ဒုက္ခဝဋ်မှ ကျွတ်လွတ်စေမည့်တရား၊ ဤတရားများကို အမရပူရမြို့ မဂ်လာရိပ်သာ ဓမ္မာရုံကြီး၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဟောကြားဆုံးမတော် မူရာ တရားစဉ် ဒေသနက္ကမ နည်းအတိုင်း ဟောကြားတော် မူခြင်း ဖြစ်ပါသောကြောင့် စာဖတ်ပရိသတ်များအား အစ, အလယ်, အဆုံး ဖတ်ရှုကြမှသာ တရား၏ သဘောကို လိပ်ပတ်လည်မည်ဖြစ်ပါ၍ အစိတ်အပိုင်းတစ်ခုမှနေ၍ ဖတ်

http://www.dhammadownload.com



ခြင်း၊ ခါးလယ်မှ ချိုး၍ဖတ်ခြင်း၊ အဖျားဆွတ်၍ဖတ်ခြင်း မပြုလုပ်ကြပါဘဲ အစကစပြီး ရေရေလည်လည်ကြီး အခြားတစ်ပါးသို့ စိတ်မရောက်မူ၍ စိတ်ဝင်စားစွာနှင့် ဖတ်ကြားကြရန် လေးနက်စွာ တောင်းပန်အပ်ပါသည်။

ဤစာအုပ်မဖတ်ခင် ရှေ့အဖို့၌ထပ်မံ၍မှာကြားလိုသည်မှာ ပဋိစ္စသမုပ္ပါဒ်တရားသည် ဘယ်မှာရှိသလဲဟုအမေးထုတ်ပါက စာထဲမှာရှိသည်ဆိုလျှင်မှားပါမည်၊ ပဋိစ္စသမုပ္ပါဒ်သည် ခန္ဓာမှာ ရှိပါသည်၊ခန္ဓာရှိတာကို စာကမှတ်တမ်းဖြစ်ပါသည်၊ ပုံစံသည် ခန္ဓာကိုကြည့်ပြီး ရေးတဲ့ပုံစံမျှသာ ခန္ဓာကိုယ်လုပ်သောလက်သည်နှင့် ခန္ဓာမှပေါက်ပွားတာတွေ မှတ်သားထားခြင်းဖြစ်၍ခန္ဓာအရှိဉာဏ်နှင့်သိအောင်ကြိုးစားတော်မူကြပါကုန်။

မြတ်စွာဘုရား၏တပည့်သား–သာဝကဖြစ်တော်မူကြကုန်သော ရဟန်းတော်တို့မည်သည့်ကုသိုလ်ကောင်းမှုအရာကိုမည်သည့်အခါကမျှ ပိတ်ပင်တော်မမူကြကုန်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်လည်း မြတ်စွာဘုရားသခင်၏ တပည့်သားသာဝက ဖြစ်တော်မူသည့်အတိုင်း ကုသိုလ်ကောင်းမှုအရာဌာန၌ မည်သည့်အခါကမှ ပိတ်ပင်တော်မမူခဲ့ချေ။ ဒါနကိုလည်း အမြဲတမ်းအားပေးတော်မူခဲ့ပါသည်၊သီလနှင့် ဘာဝနာကိုလည်း များစွာအားပေးတော်မူပါသည်၊ 'ဒါနသည် သံသရာရှည်သည်ဟု ပြောကြားသူအားလည်း ဆရာတော်ကြီးသည် ဒါနကသံသရာမရှည်ပါဘူး၊ အလှူမတတ်၍ (ဝါ) အကျိုးပေးမရွေးချယ်တတ်၍ သံသရာရှည်တာပါကွ·ဟုဆုံးမတော်မူလေ့ရှိသည့်ပြင် ခန္ဓာဝန်ဒုက္ခဝဋ်ကြီးက ကျွတ်လို–လွတ်လို၍ လှူဒါန်းပေးကမ်းပါ၏–လို့ဆိုရင် မိမိကိုယ်ကိုရောင်းလှူ၊ ဘုန်းကြီးက ကျေနပ်တယ်၊သို့ရာတွင်ဘုံဘဝတောင့်တပြီး လှူ

http://www.dhammadownload.com



တဲ့အလူဆိုရင် ဒုက္ခသစ္စာခန္ဓာကြီးရမှာဖြစ်၍ အသေဒုက္ခပဲပြန်ရမည်ဟု ဆုံးမတော်မူသည်၊ဆရာတော်ဘုရားသည် တစ်ဘဝတည်း နှင့် ကိစ္စပြီးအောင်သော မဟာလေ့ ဆုံးမလေ့ရှိသဖြင့် နောက်ခန္ဓာ ဒုက္ခဆက်မည်ကို လွန်စွာ စိုးရိမ်တော်မူသည်။

ဤစာအုပ်အမှတ်စဉ် (၆)အလယ်ပိုင်းလောက်တွင် ဆရာတော်ဘုရားသည် အပေါ်ယံရိကဝတ်ကြေ,ဝတ်ကုန်မဟုတ်ဘဲ လေး လေးနက်နက်ကြီး လှူဆဲလှူလတ္တံ့သောပုဂ္ဂိုလ်များအား လှူတတ်တန်းတတ်အောင် ပိုက်ဆံကုန်ပြီး ကုန်ကျိုးနပ်အောင် ဒကာ ဒကာမတွေ၏အကျိုးစီးပွားကိုလိုလားတော်မူလှသဖြင့် အင်မတန်အပင်ပန်းခံတော်မူပြီးလျှင် သယ်ယူပို့ဆောင်တော်မူနေကြောင်းထင်ရှားပါလိမ့်မည်၊သာမညအရေးကြီးသော ကိစ္စမဟုတ်၊ အင်မတန်အရေးကြီးသောကိစ္စဖြစ်၍ ဤကိစ္စကို အရေးတကြီးအသိဉာဏ်ပေးနေခြင်းဖြစ်၍ဤအချက်ကိုလေး လေးနက်နက်ကြီး နားလည် သဘောပေါက်ပြီးလျှင် အသိဉာဏ်ရှင်းလင်းပြတ်သားပြီးမှဤခန္ဓာဝန်ဒုက္ခသစ္စာကြီးကိုဒုက္ခသစ္စာအစစ်ပဲ၊ ဒုက္ခသက်သက်ပဲဟုသူများပြောမဟုတ်ဘဲကိုယ်တိုင်သိအောင်လုပ်ပြီးမှ လှူဒါန်းပေးကမ်းခြင်းသည် ဝိဝဋ္ဋဒါနဖြစ်ကြောင်းကို လက်တွေ့ပြသ၍ သယ်ယူပို့ဆောင် ကယ်တင်တော်မူခြင်းဖြစ်ကြောင်း ရိပ်စားမိကြပေလိမ့်မည်။

ဒါနသည် လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာကိုပေးနိုင်သည်ဟုဆိုသော်လည်း လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ စသည်ဖြင့် ခန္ဓာငါးပါးသည်သစ္စာနှင့်ဖွဲ့၍ပြောဆိုပါက ဘာသစ္စာလဲဟု အမေးထုတ်ပါလျှင် ဒုက္ခသစ္စာဖြစ်ကြောင်း ပရိစ္စသမုပ္ပါဒ်

http://www.dhammadownload.com

(ည) နိဒါန်း

မှာထင်ရှားပါသည်၊မြတ်စွာဘုရားသခင်ကလည်းပဋ္ဌမဒါ နက္ခန္ဓာပိ ဒုက္ခသစ္စာဟူ၍ ဟောတော်မူသောကြောင့် ခန္ဓာရ လျှင် ဒုက္ခသာရမည်လို့ ပဋိစ္စသမုပ္ပါဒ် တရားသဘောအတိုင်း အကွက်လယ်လယ်ကြီး နားလည် သိရှိနိုင်ပါမည်၊ မငြင်း နိုင်ပါ။

**တိုက်တွန်းချက်။** ။ဤမျှနှင့်ပင်ပဋိစ္စသမုပ္ပါဒ်ဒေသနာအတွက် နိဒါန်းကိစ္စသည် နိဂုံးချုပ်၍ အပြီးသတ်ရန် ဖြစ်ပါသော် လည်း ဤအဖွဲ့၏အဓိကရည်ရွယ်ချက်ဖြစ်သော အလုပ်စဉ် ပြန့် ပွားရေးအတွက် တာဝန်ရှိနေပြန်ပါသဖြင့် ထပ်မံ တိုက်တွန်း ချက်အနည်းငယ်ဖြည့်စွက်ထည့်သွင်းရေးသားလိုက်ပါဦးအံ့။

ဤသံသရာ ဝဋ်ဒုက္ခတည်းဟူသော ပဋိသန္ဓေနေမှု မဆုံး၊ အိုမှုမဆုံး၊ နာမှုမဆုံး၊သေမှုမဆုံးသည့် ဘေးဆိုးကြီးမှ ကယ် တင်နိုင်တာသည် ဒါနမဟုတ်၊ သီလမဟုတ်၊ သမထမဟုတ်၊ ဝိပဿနာတည်းဟူသော မဂ္ဂ ဗြဟ္မစရိယအကျင့်သာဖြစ်ပါ၍ "ဝိပဿနာ သာသနသ္မိံ ယောဂ"ဟုဆိုသည့်အတိုင်းသာသနာ တွင်းတရားအစစ်ဖြစ်သော ဝိပဿနာ အလုပ်ကိုဖြင့် လုပ်မြစ် အောင် လုပ်ကြစမ်းပါဟု မျှားစွာတိုက်တွန်းပါသည်။

တရားထိုင်သည်ဆိုရုံနှင့်ဝိပဿနာအလုပ် လုပ်သည်ဟုမဆို နိုင်သေးပါ၊ အထူးသတိပြုတော် မူကြစေလိုပါသည်၊ သက် တမ်းတိုသောခေတ်ဖြစ်နေ၍ သမထလောက်မျှနဲ့ အချိန်ကုန် လူပမ်း မဖြစ်ကြစေလိုပါ၊ ဆရာကောင်း သမားကောင်း အလွန်အရေးကြီးပါသည်၊ လမ်းညွှန်ကောင်းဖို့ သိပ်အရေး ကြီးပါသည်။ မြတ်စွာဘုရား လက်ထက်တော်က ပညာအရာ မှာ မြတ်စွာဘုရားအောက် တစ်ပါးသာဖြစ်သော လကျ်ာ တော်ရံ အဂ္ဂသာဝကဖြစ်တော်မူသော အရှင်သာရိပုတ္တရာ

http://www.dhammadownload.com



မထေရ်ကြီးသည်ပင်လျှင် ကမ္မဋ္ဌာန်းပေးလွှဲ၍ ဖြတ်ပြည့်လိုက်ဟောရသော သာဓကများရှိပါသည်၊ ဆရာ အင်မတန်အရေးကြီးပါသည်။ သို့ပါ၍ဆရာကောင်း ရှာကြပါဟု မြတ်စွာဘုရားသခင် အကြိမ်ကြိမ်ဟောတော်မူခဲ့ပါသည်။

ကျမ်းဂန်များ၌ ရဟန္တာ, အကယ်၍ ရဟန္တာမရှိက အနာဂါမ်,သကဒါဂါမ်,သောတာပန်,ပိဋကတ်၃-ပုံဆောင်၊ ၂-ပုံဆောင်,၁-ပုံဆောင်,ဝိနည်းဆောင်စသည်ဖြင့်ကမ္မဋ္ဌာန်းဆရာအဖြစ်မှီဝဲဆည်းကပ်ရမည်ဟုညွှန်ကြားပါသည်၊သို့ပါ၍ဆရာမမှားအောင်သတိပြု၍ ဆရာကောင်း, လမ်းညွှန်ကောင်းကိုဖြင့်သာသနာနောက်ပိုင်း ရောက်နေပါ၍လွဲကြ ချော်ကြမည်ကိုတကယ်စေတနာကောင်းဖြင့် သတိပေးခြင်း ပြုလိုက်ပါသည်။

ဝိပဿနာဆိုတာသည် ခန္ဓာငါးပါး တစ်ပါးပါး၌ အနိစ္စသဘော၊ဒုက္ခသဘော၊ အနတ္တသဘော ထင်မြင်အောင် ဉာဏ်ဖြင့်ကြည့်ခြင်း(ဝါ)ရှုခြင်း၊အမြဲမပြတ်ရှုခြင်း၊ အဖန်တလဲလဲရှုခြင်းဖြစ်ပါကြောင်း အထူးဖော်ပြရန် မလိုဟုထင်ပါသည်၊ ၎င်းအနိစ္စ,ဒုက္ခ,အနတ္တကိုလည်းချုံးလိုက်လျှင်ဖြစ်ပြီးပျက်တဲ့သဘောမျှသာ ရှိသည်ဖြစ်၍ ဖြစ်–ပျက်ဟု ရှုခြင်း ပွားများခြင်းပင်ဖြစ်ပါသည်။ သတိပဋ္ဌာန်ပါဠိတော်၌လည်း သမုဒယဓမ္မာ=ဖြစ်ကြောင်း သဘော၌၊ဝယဓမ္မာ=ပျက်ခြင်းသဘော၌၊သမုဒယ ဝယဓမ္မာ=ဖြစ်ကြောင်း သဘော ပျက်ကြောင်းသဘော၌ရှုရမည်ဟုနောက်ပိုင်း၌အမြဲပါရှိပါသည်၊ သို့ပါ၍ဝိပဿနာရှုသည့်အခါ၌ဖြစ်ပြီး ပျက်ပျက် သွားတာ သိမှုသည်အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း ဖြစ်ပြီး ပျက်သွားတာသိမှုသာလျှင် အနိစ္စာ နုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊

http://www.dhammadownload.com

(၅) နိဒါန်း

အနုတ္တာနုပဿနာဉာဏ်၊ဘင်္ဂါနုပဿနာဉာဏ်များ ထင်မြင်ပြီး လျှင် သစ္စာနှင့်လျော်သော သစ္စာနုလောမိကဉာဏ် ပေါက် ရောက်နိုင်ပါမည်ဟု ဆရာတော်ဘုရားကြီး ဆုံးမတော်မူဖူး ပါသည်။

သို့ဖြစ်ပါ၍သမထမရောပဲဝိပဿနာစစ်စစ်အားထုတ်လိုသူ များသည် အထက်ဖော်ပြပါအတိုင်း ခန္ဓာငါးပါး တစ်ပါး ပါးပေါ်၌ **ဖြစ်ပြီးပျက်တာပဲ–ဟု** နှလုံးသွင်း မှန်မှန်ထားပြီး လျှင် ဖြစ်ပျက်သာလျှင် အဓိကထား၍ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ကို လေ့လာကျင့်သုံးပြီးသကာလ ၎င်းတရားနှင့်ဟပ်၍ ပဉ္စမ ဉာဏ်အမြင်ရှင်းအောင် ကြိုးစားပါ၊ ကြိုးစားပြီး အားထုတ် မှု အပေါ်မှာ တည်ပါသည်၊ပဉ္စမအမြင်မှန် နှလုံးသွင်းမှန်ရန် လိုအပ်ပါသည်၊နောက် အလုပ်မှန်ဖို့လိုပါသည်၊ အမြင်မှန်– နှလုံးသွင်းမှန် ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ခြင်း ဆို ပါသည်၊ အလုပ်မှန်ဆိုသည်မှာ တရားအားထုတ်သည့်အခါ ၌ဖြစ်ပျက်နှင့်မဂ်ကိုက်ဖို့ဆိုပါသည်၊ဝေဒနာဖြစ်စေ၊ စိတ်ဖြစ် စေ ပေါ်လာတာ တွေ့လိုက်၊ နောက် ပျောက်ပျက်သွားတာ တွေ့လိုက်၊ ဤကဲ့သို့ ပေါ်လာတဲ့ ဓမ္မကလေးတွေ ပျက်ပျက် သွားတာသိနေခြင်းသည် ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ညီသည်ဆိုပါ သည်၊တရားတွေ့ ဆိုသည်မှာ အနိစ္စတွေ့မှ (၀၁)ဖြစ်ပြီး ပျက် ပျက်သွားသည့် ဓမ္မတွေ့မှ တရားတွေ့ပါသည်။

ဤကဲ့သို့ဖြစ်ပျက်မြင် ဖြစ်ပျက်မှန်းပြီး ဖြစ်ပျက်တဲ့ တရား တွေဆုံးသွားအောင် ကြိုးစား အားထုတ်တော်မူနိုင်ကြပါ စေဟု နှိုးဆော် တိုက်တွန်းအပ်ပါသည်။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

http://www.dhammadownload.com

အမရပူရမြို့၊မဂ်လာတိုက်ဟောင်းတွင်သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ဓမ္မာရုံ၌
ဟောကြားတော်မူသော

# ကိုယ့်အသေကိုယ်ရှုနည်း

# တရားတော်

(၁၅–၁၁–၆၁)

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

တရားနာတယ်၊ တရားနာတယ်ဆိုတာ ဒကာဒကာမတို့ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်လို့ မှတ်ကြစမ်းပါ၊ (မှန်လှပါဘုရား။)

တရားနာတယ်ဆိုတာ ဘာပါလိမ့်၊ (ကိုယ့်ကိုယ်ကိုကယ်တင်တဲ့အလုပ်ပါ ဘုရား) ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ဆိုတာမှတ်ပါ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့- တရားနာဖို့ အကြောင်း မညီညွတ်ဘူး၊တပည့်တော်တို့ ကိစ္စဝိစ္စတွေက များလွန်းလို့တရားမနာဖြစ်ဘူးဆိုလို့ရှိရင်ဖြင့်ကိုယ့်ကိုယ်ကိုကယ်တင်တဲ့အလုပ်ကို မကယ်တင်သေးဘူးလို့ ပြောလိုက်တာနဲ့အတူတူပဲ (မှန်လှပါဘုရား)။

http://www.dhammadownload.com



သိပ် ကြောက်စရာ ကောင်းပါလား ဒကာ ဒကာမတို့ ဆင်ခြေက ကိုယ့်ကိုယ်ကိုကယ်တင်တဲ့အလုပ်ကိုပဲမအားမလပ် သေးလို့ မကယ်တင်သေးဘူးဆိုတော့ ကဲဖြစ်ချင်သလိုဖြစ်ကြ ပေစေတော့ဆိုတဲ့အဓိပ္ပါယ်၊ ဒကာကြွယ်ရေ၊ ရောက် မရောက်၊ (ရောက်ပါတယ်ဘုရား)။

ဩော်–ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ မပါးသေး ဘူးလို့ ဆိုရမယ်၊ (မှန်လှပါ ဘုရား)။ ဘယ်လိုဆိုထိုက်ပါ လိမ့်၊ (မပါးသေးဘူးလို့ ဆိုရပါမယ်)မပါးသေးဘူးလို့ ဆို ထိုက်ပါတယ်နော်၊ (မှန်လှပါဘုရား)။

ဘာကြောင့် မပါးသေးဘူးလို့ဆိုရပါလိမ့်မတုံး ဆိုတော့ ကိုယ်ရေထဲနစ်နေတာကို ကိလေသာရေထဲ နစ်နေတယ်၊ ကြာလို့ရှိရင်ဖြင့် အာသဝဆိုတဲ့ ဝဲထဲကို လည်ရတော့မယ်၊ (မှန်လှပါဘုရား)။ ကိလေသာရေ များလို့ရှိရင် အာသဝဝဲ ထဲမှာလည်ရတော့မယ်၊(မှန်လှပါဘုရား) လည်ပြီးသကာလ အောက်သံသရာထဲ အပါယ်လေးပါးမှာ မြုပ်ရတော့မယ်၊ (မှန်လှပါဘုရား)။

ဒါကိုပဲ လောကီကိစ္စတွေနဲ့ မအားသေးဘူး၊ မလပ်သေး ဘူးလို့ ဆိုတဲ့အဓိပ္ပါယ်ကို ဒကာဒကာမတွေက ဩော်....ငါ မျောနေတာ ဝဲထဲ ရောက်တော့မယ်၊ ဝဲထဲရောက်ရင် မြုပ်ရ တော့မယ်၊ (မှန်ပါ့ဘုရား)။

ဒါတွေကိုဒကာဒကာမတွေက မသိတော့မအားသေးဘူး ဆိုပြီးသကာလ ကိုယ့်ကိုယ်ကိုမျောနေတာကိုလဲ မကယ်တင်၊ ဝဲထဲရောက်မှာကိုလဲမကယ်တင်၊မြုပ်သွားမှာကိုလဲမကြောက် လန့်ဆိုတော့ ဒီအဖြစ်ဟာ အဖြစ်ဆိုးလို့ မှတ်လိုက်စမ်းပါ၊

http://www.dhammadownload.com



(မှန်လှပါဘုရား)။ နားလည်ကြပလား၊ (နားလည်ပါပြီဘုရား)။

ဒါဖြင့် တရားနာဆိုတာ ဘာအလုပ်ပါလိမ့်၊ (ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ပါဘုရား) ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ကို ဒကာ ဒကာမတွေ ကိုယ့်ကိုယ်မှ မသနားလို့ တရားမနာဖြစ်ဘူးဆိုတဲ့ ဆင်ခြေအလုံးဟာ ဒကာကြွယ်တို့ဦးလှဘူးတို့ ကြောက်စရာအကောင်းဆုံး အလုပ်ပဲ၊ (မှန်လှပါဘုရား) ဉာဏ်သက်ရောက်ကြပလား၊ (သက်ရောက်ပါပြီဘုရား)။

အဲဒီတော့ တရားနာပျင်းတိုင်းပျင်းတိုင်း တရားအားထုတ်ပျင်းတိုင်းပျင်းတိုင်း ကိုယ့်ကိုယ်ကမျှောနေတယ်၊ ကိလေသာရေထဲမှာ၊ တော်တော်ကြာ အာသဝဆိုတဲ့ အဝိဇ္ဇာသဝ ဒိဋ္ဌာသဝ ကာမာသဝ ဘဝါသဝဲထဲလည်ရမယ်၊ အဝိဇ္ဇာသဝ ဆိုတာက ဒကာဒကာမတို့ သစ္စာမသိမှု၊ (မှန်လှပါဘုရား) ဒိဋ္ဌာသဝဆိုတာက ငါ့ကိုယ်ငါ့ဟာထင်မှု၊ (မှန်လှပါဘုရား) ကာမာသဝဆိုတာက ဘုံဘဝတွေ ဆုတောင်းပြီး ကိုယ့်ဘဝတွေ ကိုယ်သာယာနေတာကလဲဒါဝဲလှည့်နေတာ (မှန်ပါ့ဘုရား)။

ဘဝါသဝဆိုတာကလဲ ဘာတွေလူညာတွေလူပြီး ဘဝတွေ ဆုတောင်းနေလိုက်တာအသေတောင်းတာ (မှန်ပါ့ဘုရား)။ အဲဒီ ဘဝတွေ ဒကာ ဒကာမတွေ ဒီဝဲထဲ လှည့်ပြီးသကာလ နေတာလဲ မြုပ်မလို လှည့်နေတာကို ဒကာ ဒကာမတွေက တရားမနာတော့ကို မျှောချင်သလို မျှောလှည့်ချင်သလိုလှည့် မြုပ်ချင်သလိုမြုပ်နေပေစေတော့လို့ကိုယ့်ကိုယ်ကိုမသနားလို့ ဉပေက္ခာထားလိုက်တာနဲ့ တူလိုက်တာ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဘာနဲ့တူပါလိမ့်၊ (ဥပေက္ခာထားလိုက်တာနဲ့ တူပါတယ်ဘုရား) ခြောက်-ခင်ဗျားတို့မသိလို့ ဖော်ပြောနေတာလဲ ဖြစ်စဉ်ကတော့ ဦးလှဘူးတို့၊ ဒကာကြွယ်တို့- ဒကာသစ်တို့....ဒီအတိုင်းပဲ (မှန်ပါ့ဘုရား) မသိလို့သာ ဖော်ပြောနေရတယ်၊ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့— တရားနာ ပျင်းတဲ့ ပုဂ္ဂိုလ်, တရားအားထုတ်ပျင်းတဲ့ပုဂ္ဂိုလ်ဟာ မျှော်ချင်တိုင်း မျှော်၊ လှည့်ချင်သလို လှည့်, မြုပ်ချင်သလို မြုပ်တဲ့ အလုပ်ကြီးကို ကိုယ့်ကိုယ်ကို ပစ်ထားလိုက်တယ်၊ (မှန်ပါ့ဘုရား) ဘယ်သူ ပစ်ထားသလဲ၊ (ကိုယ့်ကိုယ်ကို ပစ်ထားပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို ပစ်ထားတယ်ဆိုတာ ဒကာ ဒကာမတို့.... ခင်ဗျားတို့ ရောင်းတာ ဝယ်တာတွေ မြတ်တာ စွန်းတာတွေ ဘုန်းကြီးများက မကြည်ဖြူလို့ မရစေချင်လို့ ဒီလို ပြောတယ် မထင်နဲ့၊ အာသဝဆိုတဲ့ ဝဲထဲမှာ လှည့်နေရင် မြုပ်သွားမှာစိုးရိမ်လို့ ဒကာဒကာမတွေ ဉာဏ်ကလေး ပြန်လှည့်ပါဦး-ခန္ဓာ နာမ်ရုပ် ကိလေသာဖြတ်တဲ့အလုပ် လုပ်ပါဦး-ဝဲ ရပ်တဲ့အလုပ် လုပ်ပါဦး၊မြုပ်တာကို မမြုပ်အောင် ကယ်တင်ပါဦးဆိုတဲ့ အဓိပ္ပာယ်နဲ့ ဘုန်းကြီးများက တရားဟောတာပါ၊ (မှန်လှပါဘုရား)ဒကာကြွယ် ကောင်းကောင်းရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

**အဲဒီတော့-ဘုန်းကြီးတို့ ဒကာဒကာမတွေကလဲ တစ်နေ့သော်လို့မအားဘူး၊နောက်တနေ့ဘာဖြစ်သတုံး၊မအားဘူး၊**

http://www.dhammadownload.com



ဘာကြောင့် မအားတာတုံး-ကိလေသာခိုင်းလို့ မအားတာ၊ (မှန်လှပါဘုရား) အင်း– ဘာကြောင့် မအားပါလိမ့်၊ (ကိလေသာခိုင်းလို့ မအားတာပါဘုရား)။

ကိလေသာခိုင်းလို့ မအားတာကိုဘဲ လုပ်လို့မူ နေလို့မူ ကြောင့် မအားတာကို မျှော်နေတာကိုပဲ မျှော်မှန်းမသိတော့ မအားတာနဲ့ သူသုံးလိုက်တယ်၊ (မှန်လှပါဘုရား) မအား တာနဲ့ သူသုံးလိုက်တော့ သူ့အရှုံးကို သူမတွက်တတ်ဘူး၊ (မှန်ပါ့ဘုရား)။

အင်မတန်ဆိုးဝါးတဲ့ ဒကာဒကာမတွေပဲလို့ အပြစ် တင်လို့ရှိရင်လဲ ခင်ဗျားတို့ ခံရုံပါပဲ၊ (မှန်ပါ့ဘုရား) ကိုင်း– ဒါဖြင့် မအားတဲ့အပြစ် သိကြပြီလား၊(သိပါပြီဘုရား)မျှော ချင် ပတ်ချင် မြုပ်ချင်လို့သာ မှတ်ပါ၊ (မှန်ပါ့ဘုရား) မျှော ချင် ပတ်ချင် မြုပ်ချင်လို့သာမှတ်ပါလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ပြောလိုက်ရတယ်၊ (မှန်ပါ့ဘုရား)။

ဒီဟာ ဒကာကြွယ် ငြင်းဖို့များလိုသေးသလား၊ (မလို ပါဘုရား) ဘယ်သူမှပြောနေတာမဟုတ်ဘူး၊ ဒီဥစ္စာ ဆင်ခြေ လဲတဲ့ ကိုယ့်ဆင်ခြေနဲ့ကိုယ် အပါယ်လေးပါး သွားကြရတဲ့ ဆင်ခြေဆိုတာကိုလဲ ယနေ့ ထူးထူးခြားခြား မှတ်ပါ၊ (မှန် လှပါဘုရား)။

ဘယ်သွားရမည့် ဆင်ခြေပါလိမ့်၊ (အပါယ်သွားရမည့် ဆင်ခြေပါဘုရား) အပါယ်သွားကြရမည့် ဆင်ခြေကို တစ် နေ့သော်လဲ အားမထုတ်ဘူး၊ နောက်တစ်နေ့လဲ အားမထုတ် ဘူး၊ တရားလဲ မနာလိုဘူးဆိုလို့ရှိရင်ဖြင့် ကိုယ့်ဟာကိုယ် ဥပေက္ခာထားလိုက်တာပဲ၊ (မှန်ပါ့ဘုရား)ကဲ-မျှောချင်သလို

http://www.dhammadownload.com



မျှောကွာ၊ မြုပ်ချင်သလိုမြုပ်ကွာ၊ ဒကာကြွယ်....ဒီရောက်-
မရောက်၊ (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အင်မတန်သနားတဲ့ ကရုဏာနဲ့မို့ ဆရာဘုန်းကြီး
သည် ပြောဆိုနေပါတယ်ဆိုတာလဲ ဒကာ ဒကာမတို့က လေး
စားစွာနဲ့ မှတ်လိုက်ပါ၊(မှန်လှပါဘုရား) ခင်ဗျားတို့၏လိုတဲ့
အဖြစ်ကဖြင့် မသိလို့လိုနေတာဆိုတာ ပေါ်ကြပလား၊(ပေါ်
ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့ မအားလို့သာ ကိုယ့်ကိုယ်ကို
မကယ်တင်တော့ဘူးဆိုရင်ဖြင့် ဒကာကြွယ်ရေ—ပြန်စရာလမ်း
မရှိဘူး၊(မှန်လှပါဘုရား) လူ့ပြည်ကိုပြန်လာဖို့ လမ်းကိုမရှိ
ဘူး၊ (မှန်လှပါဘုရား)။

ရိပ်မိကြပလား၊(ရိပ်မိပါပြီ)အင်မတန်ဆိုးပါတယ်ဆိုတာ
ပေါ်ကြပလား၊(ပေါ်ပါပြီဘုရား)ခင်ဗျားတို့ကတော့ မသိ
ရှာဘူး၊ ကိလေသာရန်သူက မျှောလိုက်တယ်၊ (မှန်လှပါ
ဘုရား)အာသဝတွေကလှည့်လို့၊(မှန်ပါ့)သဘောကျပလား၊
(ကျပါပြီ)ဒိဋ္ဌိကမြုပ်ပစ်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိလေသာကမျှော အာသဝက ဒကာဒကာမတို့
သံသရာထဲလည်အောင် လုပ်ပြီးသကာလ ဒိဋ္ဌိကမြုပ်လိုက်
တော့ ဒကာကြွယ်.... တက်လမ်းကော မြင်သေးရဲ့လား၊
(မမြင်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေအားလုံးပဲ မိဘ
ဆွေမျိုး ဉာတကာတွေ မတော်ဘူးသည် မည်သည် မရှိသော
ကြောင့် ကိလေသာရေယာဉ်ကြောမှာဖြင့် မမျှောရအောင်
တရားနာ၍ တရားအားထုတ်ပါဆိုတာလဲ ပြောနိုင်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



ရှိတုန်းသာ ခင်ဗျားတို့ကြားရပါလိမ့်မယ်၊(မှန်လှပါဘုရား) ဒီပြောနိုင်တဲ့ပုဂ္ဂိုလ်ဟာလဲ ဒကာဒကာမတို့ ကွယ်တော့မယ် ဆိုတာမှတ်ပါ၊ (မှန်လှပါဘုရား)ခင်ဗျားတို့ တစ်သက် နှစ်သက်ဆိုရင် ဒီဆရာမျိုး မရှိတော့ဘူး၊(မှန်လှပါဘုရား)။

အားလုံး ဘာသာခြားတွေလွှမ်းမိုးပြီးသကာလ တစ်ခါတည်း ကိလေသာမျှောချင်သလိုမျှော၊ဝဲလှည့်ချင်သလိုလှည့်၊ မြုပ်ချင်သလိုမြုပ် ဒီလမ်းနှင့်ဒီစခန်းသာလျှင် တန်းပြီးသွားနေတော့မယ် ဆိုတာကိုဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ မှတ်ပါ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒီအချိန်ကလေးကိုမှကိုယ့်ကိုယ်ကိုကယ်ယူတဲ့တဲ့ ဉာဏ်ကလေး ဆရာဘုန်းကြီးကသတိပေးတုန်းမှ ဒကာဒကာမတွေက မလိုက်နာဘူး ဆိုရင်ဖြင့်လဲ ကိုယ့်ကိုယ်ကို သနားလို့စီးပွားရှာတာလားလို့ ထင်ကြလိမ့်မယ်နော်၊ (မှန်လှပါဘုရား)။

မသနားလို့စီးပွားရှာတာ၊(မှန်လှပါဘုရား)ရိပ်မိပလား၊ (ရိပ်မိပါပြီ)မသနားလို့ စားဖို့ သောက်ဖို့တွေနောက် လိုက်နေတဲ့ အခါကျလို့ရှိရင်ဖြင့် တဏှာခိုင်းလို့ လိုက်ပြီးသကာလ နေတယ်ဆိုတာ ဦးလှဘူး သေသေချာချာမှတ်ပါ၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို လေးစားစွာနဲ့ပဲ သတိပေးလိုက်ပါတယ်၊ ခင်ဗျားတို့ သြော်—နောက်မှ မှားခဲ့ပြီဆိုတဲ့ အိုဘေးကြီးသင့်တော့ အိုဘေးကြီး သင့်လာမှ နာဘေးကြီးသင့်လာမှသြော်-လက်ကိုင်မရှိတော့ပါကလား၊ (မှန်လှပါ) နစ်နာလုံးတွေ လာတော့မယ်၊ (မှန်ပါဘုရား)

http://www.dhammadownload.com



အိုဘေးတွေ နာဘေးတွေ သင့်လို့ရှိရင်ဖြင့် ဘယ့်နှယ် ညည်းကြသလဲ၊ (လက်ကိုင်မရှိတော့ပါကလား)လက်ကိုင်မရှိတော့ဘူး၊ (မှန်လှပါဘုရား)။

ဒါဖြင့် လက်ကိုင်မရှိတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဉာဏ်လက်ကိုင်မရှိတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟာဖြင့် ကိုင်း.... ကံစီမံသလိုပဲ ခံရုံပဲရှိတော့တယ်ဆိုတော့သံသရာအပါယ်သွားကြောင်း ကံတွေက များများဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သူစီမံရာ ခံလိုက်ရုံပဲ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဆရာဘုန်းကြီး ယနေ့ တရားဟောနေတာ ဉာဏ်စီမံရာလိုက်ကြပါလို့ဟောတယ်၊ (မှန်လှပါဘုရား)ဘယ်လိုဟောပါလိမ့်၊ (ဉာဏ်စီမံရာ လိုက်ကြပါ)˛ ဉာဏ်စီမံရာလိုက်ကြပါလို့ ဦးလှဘူးတို့ ဒကာသစ်တို့ပြောနေတယ်၊ (မှန်လှပါဘုရား)။

အဲဒါ ခင်ဗျားတို့ နားလည်ထားတာကလဲ ခက်လိုက်တဲ့ဖြစ်ခြင်း၊ အို....ကိုယ့်မှာ ကံတွေ ပြုထားတာ အရှိသားပဲဆိုတော့ အင်း....ကံက သုံးဆယ့်တစ်ဘုံထဲမှာသာ သူလှည့်ပြီးသကာလ အိုဘေး- နာဘေး- သေဘေးတွေသာ ပေးမှာပဲ၊ (မှန်လှပါဘုရား) ဉာဏ်ကတော့ အိုဘေး˛နာဘေး˛သေဘေးဖြတ်ပြီးသကာလ မအိုရာ-မနာရာ-မသေရာဖြစ်တဲ့နိဗ္ဗာန်ပို့မှာ၊ (မှန်လှပါဘုရား)။

အဲဒါ ခင်ဗျားတို့က ကံစီမံရာလိုက်မယ် ဆိုတာသည်ကားလို့ဆိုလို့ရှိရင်ဖြင့်—တဲ့၊ ခင်ဗျားတို့၏ အားကိုးမှုသည် အလွဲတစ်ခုပဲ၊(မှန်လှပါဘုရား) ကံစီမံရာလိုက်တာသည်(အားကိုး

http://www.dhammadownload.com



မှုအလွဲပါဘုရား)အားကိုးမှုအလွဲတစ်ခုလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဒါက ဆရာစစ်နဲ့ တွေ့လို့ ဆရာမှန်နဲ့ တွေ့လို့၊ ဩော်.... ဒကာဒကာမတို့ ကံစီမံရာမလိုက်ပါနဲ့၊ ဉာဏ်စီမံရာ လိုက်စမ်းပါဆိုတာ မပြောလိုက်ပါတယ်၊(မှန်ပါ့ဘုရား) ဒကာကြွယ်-ဘာတဲ့တုံး၊ (ကံစီမံရာမလိုက်ဘဲဉာဏ်စီမံရာလိုက်ပါ)။

ကံစီမံရာမလိုက်ပါနဲ့၊ ဉာဏ်စီမံရာ လိုက်ကြစမ်းပါ ဆိုတဲ့ ဥစ္စာဖြင့် အထူးတိုက်တွန်းပါတယ်၊(မှန်လှပါ) သဘောပါပလား၊ (ပါ,ပါတယ်ဘုရား)။

ဉာဏ်စီမံရာလိုက်တော့ ဉာဏ်က ကံကိုဖြတ်ပစ်တယ်၊ (မှန်လှပါ) ကံက ဟိုဘုံ ပဋိသန္ဓေပေးလိုက်၊ ဇာတိဒုက္ခပေးလိုက်၊ ဟို-ဇရာဒုက္ခပေးလိုက်၊ အိုတဲ့ဒုက္ခပေါ့ဗျာ၊ (မှန်လှပါ) ဟိုဘုံ နာတဲ့ဒုက္ခပေးလိုက်၊ ဟိုဘုံသေတဲ့ဒုက္ခကြီး ပေးလိုက်ဆိုတာ ဒါ ဘယ်သူ့ သတ္တိလို့ ထင်ကြသတုံးဆိုတာ ဒကာသစ်တို့ ရိပ်မိကြပလား(ရိပ်မိပါတယ်)ဘယ်သူပါလိမ့်(ကံသတ္တိပါဘုရား)

ဒါဖြင့် ကံသည် အိုဘေး, နာဘေး,သေဘေးကိုသာ သူ ပေးတတ်တယ်၊ (မှန်ပါ့ဘုရား)ဉာဏ်က အိုဘေးကို ဖြတ်၊နာဘေးကိုဖြတ်၊ သေဘေးကို ဖြတ်ပြီးသကာလ အို, နာ, သေ လွတ်တဲ့နေရာ ပို့ပါတယ်၊ (မှန်ပါ) သဘောပါပလား၊ (ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူစီမံရာ လိုက်သင့်ပါလိမ့်ဗျာ၊ (ဉာဏ်စီမံရာ လိုက်သင့်ပါတယ်ဘုရား) စဉ်းစဉ်းစားစားနားထောင်ကြပါ ဒကာဒကာမတို့၊ အင်မတန်ရခဲတဲ့စကား၊ ဒကာကြွယ်-မှတ်မိပလား၊ (မှတ်မိပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့က ကံပဲ၊ ကံပစ်ချသလို ခံရမှာပဲ၊ ကိုယ်က ကံကောင်းလုပ်ထားလို့ ရှိရင်လဲ နောက် အကောင်း မြင်ဖို့ပဲ၊ ကိုယ်က ကံအမဲ့ လုပ်ထားလို့ရှိရင် ကံ၏နောက်မဲ့ဖို့ပဲ၊ ကံညံ့လုပ်ထားလို့ရှိရင်လဲ နောက် အညံ့ ဖြစ်ဖို့ပဲဆိုပြီး ဒကာသစ်တို့က ဒီနေရာဘုတ်ထိုင်-ထိုင်ချလိုက်တယ်၊ (မှန်လှပါဘုရား)။

ဩော်—သူစီမံရာမှတစ်ပါး၊ကံစီမံရာမှတစ်ပါး၊ဉာဏ်စီမံရာများရှိသေးသလားဆိုတာ မေ့မှမကြည့်ဝံ့အောင်ဖြစ်နေကြတယ်၊(မှန်ပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီ)ဒါဖြင့် ခင်ဗျားတို့သေသေချာချာတွေးပါ၊ယနေ့တရားသည် ဘုန်းကြီးစ,ဟောတဲ့နေ့၊နေ့တိုင်းလဲဆက်ပြီးဟောမှာပါပဲ၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ ဘယ်သူ့နောက် လိုက်ကြမှာတုံး၊ (ဉာဏ်နောက် လိုက်ကြမှာပါဘုရား) ဩော်....ဉာဏ်စီမံရာ လိုက်မယ်ဆိုတော့ ဉာဏ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိပါပဲ၊(မှန်ပါ) ဒကာကြွယ်-သမ္မာဒိဋ္ဌိခေါင်းဆောင်တဲ့ဆီလိုက်နော်၊(မှန်ပါ) ဒကာသစ်-ဘာနောက်လိုက်ရမယ်၊ (သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့ဆီ လိုက်ရပါမယ်ဘုရား)။

သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့ဆီလိုက်ရလိမ့်မယ်ဆိုတာ သေချာကြပလား၊(သေချာပါတယ်ဘုရား) သူကတော့ ဘယ်ကိုပို့လေ့၊ဆောင်လေ့၊ ယူလေ့ရှိပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့မှ ဩော်—မအို, မနာ, မသေ အမြဲနေတဲ့နိဗ္ဗာန် ပို့လေ့၊ ဆောင်လေ့ ယူလေ့ရှိတယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးစားစွာနဲ့ မှတ်လိုက်ကြစမ်းပါ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ယနေ့ကစပြီးသကာလ ကံအလုပ်ကြောင့် သံသရာထဲမှာ အမျိုးမျိုး ကျင်လည်ခဲ့ရတယ်၊ ဉာဏ်အလုပ်ပြောင်းပြီး စီစဉ်ဦးမှပဲဆိုတာဖြင့် ယနေ့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချရလိမ့်မယ်၊ (မှန်လှပါ) ယနေ့ ဘာဆုံးဖြတ်ချက် ချရမလဲ၊ (ဉာဏ်အလုပ်ပြောင်းပြီး စီစဉ်ရမယ်)ဉာဏ်အလုပ်ကိုဆုံးဖြတ်ချက် ချရမယ်၊ (မှန်ပါ့) ဉာဏ်စီမံရာ လိုက်ပါတော့မယ်ဆိုတာ ဒကာသစ် ဆုံးဖြတ်ချက်ချရမယ်၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကံသည် ကိလေသာ ဖြစ်သလား၊ ဉာဏ်သည် ကိလေသာ ဖြစ်သလား၊ ဒကာကြွယ်တို့က ဝေဖန်ဦး၊ (ဉာဏ်က ကိလေသာ ဖြစ်ပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကံသည် အာသဝေါကို ဖြစ်သလား၊ ဉာဏ်သည် အာသဝေါကိုဖြစ်သလား၊ (ဉာဏ်သည်အာသဝေါကို ဖြစ်ပါတယ်ဘုရား) ဟာ-ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နဂိုက အားကိုးထားတာဖြင့် မကိုးထိုက်ဘူးလို့တော့ မဆိုထိုက်ပါဘူး၊ သို့သော်-အစစ်မရောက်ဘူး၊(မှန်လှပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား) အစစ်ရောက်ပါရဲ့လား၊ (မရောက်ပါဘုရား)။

ကံစီမံရာ လိုက်တော့မယ် ဆိုလို့ရှိရင်ဖြင့်-တဲ့။ အိုဘေး၊ နာဘေး၊ သေဘေး တွေ့ရမယ်၊ (မှန်ပါ့ဘုရား)။

ဉာဏ်စီမံရာ လိုက်တော့မယ်ဆိုတော့ အိုဘေး၊ နာဘေး၊ သေဘေးမှ လွတ်ရေးကကေန်ပါပဲ၊(မှန်လှပါဘုရား)ရှင်းကြပလား၊(ရှင်းပါပြီဘုရား) ဒါဖြင့် ဘယ်နောက်လိုက်ကြမယ်၊ (ဉာဏ်စီမံရာနောက် လိုက်ပါ့မယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ယနေ့ကစပြီး ခင်ဗျားတို့ စကားလုံးကလေး ပြောင်းလိုက်ပါဦး၊ (မှန်ပါ) ကောင်းလဲကံ၊ ဆိုးလဲကံပဲလို့ ဆိုတဲ့ ဥစ္စာသည်ကားလို့ ဆိုရင်ဖြင့် ဉာဏ်စွမ်းနားမလည်တဲ့ ပုဂ္ဂိုလ်၏အပြော၊ (မှန်လှပါဘုရား)။

ဘယ်ပုဂ္ဂိုလ်၏ အပြောပါလိမ့်၊ (ဉာဏ်စွမ်း နားမလည်တဲ့ ပုဂ္ဂိုလ်၏အပြောပါဘုရား) ဉာဏ်စွမ်းနားမလည်တဲ့ပုဂ္ဂိုလ်၏ အပြောဆိုတာဖြင့် ရှင်းလောက်ပါပြီ၊ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ယနေ့ ထူးထူးခြားခြားပဲ ဒကာ ဒကာမတွေ ဉာဏ်စီမံရာ လိုက်ကြပါစို့၊ (မှန်လှပါဘုရား) ဆုံးဖြတ်ချက် ချပါ၊ (ချပါပြီဘုရား)ဘယ်သူစီမံရာလိုက်မလဲ၊ (ဉာဏ်စီမံရာ လိုက်ပါမယ်ဘုရား)။

ကံနောက်လိုက်ခဲ့လို့ ခင်ဗျားတို့ ယခု ရ,ထားတာသည် ကံ ပေးလို့ ရ,ထားတဲ့ ခန္ဓာကြီးဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ ဘုရား) ကံက ပြုပြင်လိုက်တော့ ကမ္မပစ္စယော–ဆိုတဲ့အတိုင်း မျိုးစေ့ဖြစ်ပြီး ကျေးဇူးပြုလိုက်တာ ဝိပါက ပစ္စယော -ဆိုတဲ့ အကျိုးကြီးရလာတယ်၊ (မှန်လှပါဘုရား)။

ကမ္မပစ္စယောကြောင့် ဘာရသလဲ၊ (ဝိပါကပစ္စယောဆိုတဲ့ အကျိုးကြီး ရပါတယ်) ဝိပါကပစ္စယော–ဆိုတဲ့ အကျိုးကြီး ရတယ်၊ ဝိပါကပစ္စယောကိုသစ္စာဖွဲ့လိုက်တော့ အခုရ,ထားတဲ့ ခန္ဓာကြီးဟာ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော် - ဘယ့်နှယ်ကြောင့် ဒီဒုက္ခကြီးကို လှလှကြီး ရနေ ပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက ကိုယ်ပိုင်ဉာဏ်နဲ့ တွေး လိုက်တဲ့အခါကျတော့ ဩော်....ကံစီမံရာလိုက်မှုပဲ၊ (မှန်လှပါ ဘုရား) ပေါ်လာပလား၊ (ပေါ်လာပါပြီ) ဘယ်သူ စီမံရာ

http://www.dhammadownload.com



လိုက်လို့လဲ၊ (ကံစီမံရာ လိုက်လို့ပါဘုရား) ဘာသစ္စာကြီး ရသလဲ၊ (ဒုက္ခသစ္စာကြီးရပါတယ်)။

ဪ....ကောင်းလဲကံ ဆိုးလဲကံ၊ တို့-နဂိုတုန်းကဖြင့်ဆို ကံပယ်ပြီး ကောင်းကံအားကိုးမယ် ဆိုပြန်တော့လဲ အိုဘေး, နာဘေး,သေဘေးကိုလဲ သူပေးပြန်တယ်၊ (မှန်ပါ) ဒါဖြင့် တို့-ရေလိုက်လွဲလို့သာလျှင် ဒီဒုက္ခကြီး တွေ့ရတယ်ဆိုတော့လဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ခန္ဓာက သက်သေ ခံပါ တယ်၊ (ခံပါတယ်ဘုရား) ဘယ်သူက သက်သေခံသလဲ၊ (ခန္ဓာက သက်သေခံပါတယ်ဘုရား)။

ခန္ဓာကလဲဘယ့်နှယ်ကြောင့်မီးလောင်တဲ့ခန္ဓာကြီးရသလဲ၊ (ကံကိုအားကိုးလို့ပါဘုရား)အိုဘေး, နာဘေး, သေဘေး အပြည့်နဲ့ ခန္ဓာကိုယ်ကြီးကို ရ,ထားတယ်လို့ဆိုတာ သေချာ ပလား၊(သေချာပါတယ်ဘုရား) အင်း ဘယ်သူစီမံရာ ရှေးက လိုက်ခဲ့လို့တုံး၊ (ကံစီမံရာ လိုက်ခဲ့လို့ပါဘုရား)။

ဪ....ဉာဏ်စီမံရာကိုသာ ရှေးကလိုက်ခဲ့ကြမယ် ဆိုလို့ ရှိရင် ဒီဒကာဒကာမတွေဟာ ချမ်းသာအစစ် ကေန်ဖြစ်ကုန် ကြပြီ၊ (မှန်ပါဘုရား) အခုတော့ ဘယ့်နှယ်ဖြစ်နေကြသတုံး၊ ဘယ်သူ ဘာဖြစ်လို့တုံး၊ ဒီ တရားပွဲမှာပဲ မမာဘူး ဘုရာ့၊ (မှန်ပါ) ချွေတောင် လာဖို့ မမြင်ဘူးဘုရာ့၊ (မှန်ပါ) အင်း - ဘယ်သူစီမံရာ လိုက်နေရတာလဲ၊ (ကံစီမံရာ လိုက်နေရတာပါ ဘုရား)။

နောက်တော့ သေပြီတဲ့ဘုရား၊ ဘုရားတပည့်တော်တို့ဖြင့် နှမြောပါတယ်၊ (မှန်ပါ) အင်း-ရှာ့ပြင် ထုတ်လိုက်ရသတဲ့၊ (မှန်ပါ) အင်း-နှမြောစရာပါကလား၊ ဒါ ဘာစီမံရာ လိုက်

http://www.dhammadownload.com



လို့ ဒီအဖြစ်ဆိုးကြီးနဲ့ တွေ့ရတာလဲ၊ (ကံစီမံရာ လိုက်လို့ပါ ဘုရား) သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ယနေ့ ပြောင်းကြစို့၊ (မှန်လှပါဘုရား) ဘယ်လို ပြောင်းကြမယ်၊ (ဉာဏ်စီမံရာကို ပြောင်းကြပါမယ်ဘုရား)။

ဉာဏ်စီမံရာကို တပည့်တော်တို့ဖြင့် အပြောင်းကြီး ပြောင်း ပါတော့မယ် ဆိုတာ ဒကာသစ်ရေ....ဆုံးဖြတ်ချက် ချပါ၊ (မှန်လှပါဘုရား) ကံစီမံရာ မလိုက်တော့ဘူးလို့ ဆုံးဖြတ်ချက် ကိုဖြင့် ဒကာကြွယ်တို့, ဦးလှဘူးတို့ ချရတော့မယ်၊ (မှန်ပါ့) မချရင် တော်ပါ့မလား.... (မတော်ပါဘုရား)။

ကဲ...,ဒါဖြင့် ဉာဏ်ကိုကျေးဇူးပြုတဲ့တရားရှာကြစို့၊(မှန်လှ ပါ) တပည့်တော်တို့ ဉာဏ်စီမံရာသာလိုက်ပါတော့မယ်ဘုရား၊ အရှင်ဘုရားပြောတဲ့အတိုင်း နဂိုက မျက်စိတွေမှုံမွှားပြီး သကာလကံစီမံရာလိုက်ခဲ့လို့ယခုတော့ဖြင့်မင်းဘေး၊စိုးဘေး, သူခိုးဘေးနဲ့ ခန္ဓာကိုယ်ကြီးကလဲ ယိမ်းယိုင်နွဲ့နေတာနဲ့ ဇွဲ ပါးရောဂါတွေကလဲ ဝိုင်းရံနှိပ်စက်နေတာနဲ့ ကံစီမံရာလိုက်မှု ဖြင့် တပည့်တော်တို့ အနာကင်း ရှင်ဗာကူ ဆိုတာတောင် သေပွဲမလွတ်တာကို သိပါပြီ။ (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဆုတောင်းတာက အနာကင်းရှင်ဗာကူကိုဗျ၊ (မှန်ပါ့) အဲဒါ သေပွဲလွတ်ရဲ့လား၊ (မလွတ်ပါဘုရား) အိုပွဲ, နာပွဲကော၊ (မလွတ်ပါဘုရား)။

မလွတ်ပါဘူးတဲ့၊ရှင်ဗာကူတို့အဖြစ်ကို အစက,မျှားမြန်ပြီး ဒကာဒကာမတွေ ပြောရမယ် ဆိုရင် ရှင်ဗာကူလိုဖြင့် မကျွတ် ချင်ဘူးလို့ လာလိမ့်မယ်၊ (မှန်လှပါ) ဘယ့်နှယ်ကြောင့် လာ

http://www.dhammadownload.com



မလဲ၊ ရှင်ဗာကူဟာ ငါးအမျိုးခံရတာကိုး၊ (မှန်လှပါ) ကဲ- ဒကာသစ်၊ ငါးမျိုးခံရတဲ့ရှင်ဗာကူကော၊ (မလိုချင်ပါဘုရား)

နို့-ဘာဖြစ်လို့ ခင်ဗျားတို့က သူများပြောသံကြားနဲ့ အနာကင်း ရှင်ဗာကူ၊ အဆင်းလှ ရှင်ကစ္စည်းဖြစ်ရပါလို၏။ ဘာလုပ်တာတုံးခင်ဗျားတို့၊ (ဆုတောင်းတာပါဘုရား) မသိလို့။

မသိတာကဆိုးနေတယ်၊ (မှန်ပါ့) မသိတာကဆိုးဝါးပြီး သကာလနေတဲ့အတွက် ဘုန်းကြီးတို့ တကာဒကာမတွေ့ ဩော်-ဘုန်းကြီးသနားတာကိုလည်း ခင်ဗျားတို့ တွေးကြပေါ့နော်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့် သနားပါလိမ့်မလဲ၊ အနာကင်း ရှင်ဗာကူဆိုတော့ ရှင်ဗာကူအကြောင်း ကောင်းကောင်းမသိလို့ သူတို့ရှင်ဗာကူလို ဖြစ်ချင်တာပဲ၊ (မှန်ပါ့ဘုရား) မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

အဆင်းလှ ရှင်ကစ္စည်းဆိုတာလဲ ရှင်ကစ္စည်းအကြောင်း ကောင်းကောင်းမသိလို့ ရှင်ကစ္စည်းလိုဖြစ်ချင်တာပဲ၊ (မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီ) ရှင်ကစ္စည်းကော အိုဘေး,နာဘေး,သေဘေးနဲ့ ရှာမှတွေ့သေးရဲ့လား၊ (မတွေ့ပါ ဘုရား)။

ဟော-ဘေးတွေရန်တွေ စစ်ကြည့်လိုက်တယ်၊ ရှင်ဗာကူတို့ ရှင်ကစ္စည်းတို့ရှောက်ရှာမတွေ့ဘူးတဲ့၊ (မှန်လှပါ)အနာကင်း ရှင်ဗာကူတဲ့၊ သေပွဲကြီးဝင်သွားတဲ့ဥစ္စာ၊ အနာရှိလို့သေတာပေါ့ဗျ၊ (မှန်လှပါဘုရား)အနာမရှိရင်၊ မသေပါဘုရား။

အဲဒါ ခင်ဗျားတို့က အားကျပြီးသကာလ သူများရေးထားတဲ့စာမှာ လမ်းဆုံးနေလို့ ဘုန်းကြီးက သနားတယ်လို့

http://www.dhammadownload.com



ပြောတာ ဒကာကြွယ်က စကားကြီးတယ်လို့ ဆိုချင်သေးသလား၊(မဆိုချင်ပါဘုရား) ဆိုစရာမလိုပါဘူး၊ (မှန်လှပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ အနာကင်း ရှင်ဗာကူများ သဘောကျသလား၊(မကျပါဘုရား) အဆင်းလှရှင်မဟာကစ္စည်းကော၊ (မကျပါဘုရား) မကျနဲ့တော့ ကျလို့ရှိရင်ဖြင့် ရေချိန်လွဲလို့သာ မှတ်ပေတော့၊ (မှန်လှပါ) ကျရင် (ရေချိန်လွဲလို့ပါဘုရား) သေချင်လို့သာ မှတ်ပေရော့၊ ငါးမျိုခံချင်လို့သာ မှတ်ပေရော့၊(မှန်လှပါဘုရား)သဘောကျပလား၊(ကျပါပြီဘုရား)။

ဘုန်းကြီးတစ်ပါး ဟောသံကြားနဲ့ တပည့်တော်တို့ဖြင့် ဒီဥစ္စာ မိဘရိုးရာပဲ၊ စာအုပ်ကလေးတွေကလဲ ရေးထားတော့ တပည့်တော်တို့ဖြင့် ဒါဟာ နူတ်ကိုတက်နေတာပဲ၊ အဲဒီ နူတ်တက်မှုကလဲ အတော်ဆိုးတယ်၊ (မှန်လှပါဘုရား)မဆိုးဘူးလား-ဆိုသလား၊ (ဆိုးပါတယ်ဘုရား)။

ဒုက္ခသစ္စာ ဆုတောင်းယူလို့ ဆိုးပါတယ်ပြောလိုက်တာ၊ (မှန်လှပါ)ဘာကြောင့်ပြောပါလိမ့်၊ (ဒုက္ခသစ္စာဆုတောင်းယူလို့ပါဘုရား)။

အခုလဲ ခင်ဗျားတို့ ခန္ဓာကြီးရတော့ ရောဂတော=ရောဂါမျိုးစုံ ကိန်းအောင်းတဲ့ ခန္ဓာလို့ဆိုတော့ ရှင်မဟာကစ္စည်းတို့ ရှင်ဗာကူတို့ ရောဂါအပြည့်နဲ့နေတယ်၊ (မှန်လှပါဘုရား) ဒါကို ခင်ဗျားတို့က သူတို့လိုပဲ ရောဂါအပြည့်ရပါလိုက်များ လုပ်ချင်သေးသလား၊ (မလုပ်ချင်ပါဘုရား)။

http://www.dhammadownload.com



ဒကာသစ်– နောက်ထပ် မရွှေးနဲ့နော်၊ (မရွှေးပါဘုရား) ဒကာ ဒကာမငြ ဒကာကြွယ်တို့ နောက်ထပ် ရွှေးချင်သေး သလား၊ (မရွှေးချင်ပါဘုရား) ပင်ရင်း ဖော်ပြတဲ့ဆရာနဲ့ တွေ့ ပေါ့ဗျာ၊ (မှန်ပါဘုရား)။

ကံကောင်းလို့ အင်း–ဒကာသစ် မသေတာဗျ၊ ရှင်ဗာကု ငါးကြီးမျိုသွားတယ်၊ (မှန်ပါဘုရား) ပြီးတော့တစ်ခါ သူဌေးကတော်ကြီးတစ်ယောက်က ဓားမကြီးနဲ့ခွဲလိုက်တာ ကံကောင်းလို့မသေတယ်၊ (မှန်လှပါဘုရား)။

ရှင်ဗာကုဖြစ်စဉ်(မှန်ပါ)ခင်ဗျားတို့ဓားမကြီးနဲ့ဝမ်းထဲက ခွဲတာကို အလန့်တကြား မခံရပေဘူးလား၊ (ခံရပါတယ်) ငါးကြီးကလဲသားတစ်မှတ်ပြီးရှင်ဗာကုကိုမျိုသွားလေတော့ ခင်ဗျားတို့ အမျိုခံနိုင်ပါ့မလား၊ (မခံနိုင်ပါဘုရား)။

ဒါဖြင့် ရှင်ဗာကုလိုဖြင့် ဆုမတောင်းကြပါနဲ့၊(မတောင်း ပါဘုရား)ရှင်ဗာကုကဲ့သို့ စီးရိမ်ချုပ်၍ အပူသိမ်းသွားတဲ့ ရှင်ဗာကုရောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ တပည့်တော်တို့ဖြင့် ရောက်ရပါစေဘုရား၊ အဲဒါမှ အနာကင်းတယ်ဘုရာ့ဆိုတာ ကောင်းကောင်းရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် စပ်လို့ပြောတော့ ခင်ဗျားတို့ နှုတ်တက် နေတာတွေ့ အလကား၊ ဘာမှ မဟုတ်တာတွေ နှုတ်တက်ပြီး သူများပါးစပ် သူများရေးတဲ့စာလမ်းဆုံးနေလို့ ဒကာကြွယ်- ကျုပ်တို့မှာ အခက်ကြုံရတယ်၊ (မှန်လှပါဘုရား) ဦးညွန့်တို့ သဘောပါရဲ့လား၊ (ပါပါတယ်ဘုရား)။

http://www....download...com



ကိုင်းဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ကံလမ်းလိုက်မိလို့ ငါးမျိုးခံရပြီထား (မှန်ပါ) ဉာဏ်လမ်း မလိုက်မိလို့ ဒုက္ခမျိုးစုံ တွေ့ရပြီထား၊ (မှန်လှပါ) ကဲ-ဒကာ ဒကာမတို့ အခုသားကိစ္စ၊သမီးကိစ္စ၊ဆွေကိစ္စ၊မျိုးကိစ္စ၊မင်းကိစ္စ၊စိုးကိစ္စ၊ မီးဘေး၊ ရေဘေး၊ ခိုးသူဘေးတွေနဲ့ ကုန်လိုက်တဲ့ ငွေတွေလဲ မနည်းကြဘူး၊ (မနည်းပါဘုရား) ရှာလိုက်ရတာလဲ ပင်ပန်း လိုက်ကြတာ၊ (ပင်ပန်းပါတယ်ဘုရား)။

ဩော်-ဒါ ဘယ့်နှယ်ကြောင့် ကြုံရပါလိမ့်မလဲလို့ မေး၊ ဘုန်းကြီးက ဖြေလိုက်တယ်၊ **ခန္ဓာရလို့**။ (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (ခန္ဓာရလို့ပါဘုရား)၊ **ခန္ဓာရလို့အဖြစ် ဆိုး ကြုံရတယ်**၊ (မှန်လှပါဘုရား) ဒကာဒကာမတို့ ဘယ်လို မှတ်ကြမယ်၊ (ခန္ဓာရလို့ပါဘုရား)။

ဒါဖြင့် ခန္ဓာဆိုတာသည်ကားလို့ ဆိုရင် ဇာတိဇရာမရဏ တို့၏ စားဖတ် ဝါးဖတ် ဖြစ်လေသောကြောင့် ခန္ဓာ(မှန်လှ ပါဘုရား) ဒါဖြင့် ခန္ဓာဆုတောင်းလို့ ရှိရင်ဖြင့် ဇာတိမီး လောင်ရပါလို၏၊ (မှန်လှပါဘုရား) ဇရာမီးကြီးလောင်ရပါ လို၏၊(မှန်ပါဘုရား)မရဏမီးကြီးလောင်ပြီးသကာလရွှေပြင် ထုတ်ရပါလို၏၊ (မှန်လှပါဘုရား) ခန္ဓာ ဆုတောင်းတဲ့ပုဂ္ဂိုလ် ဒါပဲရမယ်၊(မှန်လှပါဘုရား) ဒီပြင်ဘာရသေးသတုံး(ဘာမှ မရပါဘုရား)။

အဲဒါတွေကို ဉာဏ်နဲ့ အဆုံးထိအောင် ကြည့်လိုက်တော့မှ သစ္စာဉာဏ်နဲ့ အဆုံးထိအောင် ကြည့်လိုက်တဲ့အခါကျတော့မှ ဘုန်းကြီးတို့ ဒကာဒကာမတွေအလွဲကဖြင့်တန်းကုန်ခဲ့ပေါ့လို့

http://www.dhammadownload.com



ကိုယ့်ဟာကိုယ်သွားသိတာ၊ (မှန်ပါ) အလွဲတန်းကုန်ပြီလို့ကိုယ့်ဟာကို သွားသိတယ်ဆိုတာကော ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

အေး–ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ခင်ဗျားရနေတဲ့ အနေကလေးဟာ ဘာမှမဟုတ်သေးဘူးဆိုတာကိုလဲ ဒကာကြွယ် မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) အိုဘေးလဲ မရှောင်နိုင်ဘူးနော်၊ (မှန်ပါ)။

နာဘေးကော၊ (မရှောင်နိုင်ပါဘုရား)။

သေဘေးကော၊ (မရှောင်နိုင်ပါဘုရား)။

ဟာ–မရှောင်နိုင်တဲ့အထဲမှာပဲ နောက်ထပ်တစ်ခါမရှောင်နိုင်တဲ့ပစ္စည်းမျိုး ရ,ရပါလို၏ ဆိုရင်ဖြင့် နှစ်ခါမိုက်ကျတော့မယ်၊ (မှန်လှပါဘုရား) ဘယ်လိုဆိုကြမလဲ၊ (နှစ်ခါမိုက် ကျပါတော့မယ်ဘုရား)။

အင်း....အခု ခန္ဓာကြီးမှ လက်စက မသတ်ရသေးဘူး၊ ဒုက္ခပုံထဲနဲ့တုန်းရှိသေးတယ်၊ (မှန်ပါဘုရား) နောက်ခန္ဓာဒုက္ခသစ္စာကြီးကို လူမင်းချမ်းသာ, နတ်မင်းချမ်းသာလို့ သူများက ချမ်းသာလိမ် ချမ်းသာကောက်ကို ဒကာ ဒကာမတွေက ပြောသံကြားနဲ့ ရမ်းကြိုက်နေတဲ့အတွက်တဲ့၊ ဆင်းရဲပဲ ပြန်ရကြဦးမယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် နှစ်ခါ အလိမ်အကောက်ကို ဒကာသစ် မခံပါနဲ့တော့၊ (မှန်ပါဘုရား) နှစ်ခါမှားတော့ဖြင့် မမှားပါနဲ့တော့၊ (မှန်ပါဘုရား) ဟိုအကြိမ်ကြိမ်ဆိုတဲ့ သမားများတော့အမှားတန်းကုန်နေတယ်၊ (မှန်ပါဘုရား) မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ အေး....ဒါကြောင့် ပြင်ပေးမည့်ဆရာ သင်ပေးမည့်ဆရာနဲ့ တွေ့တုန်းမှ ခင်ဗျားတို့ အမှားကြီးကို မပြင်တော့ မဆင်တော့ ပါဘူးဆိုလို့ရှိရင်ဖြင့် သံသရာ အရှုံးကြီးရှုံးပြီးသကာလ မျက်ရေ စက်လက်နဲ့ပဲ ဘဝတိုင်းဝိညာဉ်ချုပ်ရလိမ့်မယ်၊ (မှန်လှပါဘုရား)အင်မတန်မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)။

အေး....ဒါကြောင့်ညီအစ်ကိုမောင်နှမတွေ မအေမိဘတွေ မတော်ဘူးသောပုဂ္ဂိုလ်မည်သည် မရှိတဲ့ပုဂ္ဂိုလ်တွေအတွက်မှာ ဖြင့် ဒီနေ့တရားဟာ ဩော်....ကံလမ်းမလိုက်ဘဲနဲ့ ဉာဏ်လမ်း ကြိုးစားတော့မယ်ဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ ဆုံးဖြတ်ချက် ချပြီး ပြောင်းသင့်ဖါပြီဆိုတာကိုပဲ သတိပေးလိုက်ပါတယ်၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘာကလေးလူလူ ဉာဏ်ဦးလှည့်ရမယ်။ (မှန်ပါ့) မလူရဘူးလို့ မဟောပါဘူး၊ (မှန်ပါ့ဘုရား) လူချင်တာလူ ဘာဦးလှည့်ရမလဲ၊ (ဉာဏ်ဦးလှည့်ရပါမယ်ဘုရား)။

ဘယ်ဉာဏ်ဦးလှည့်ရမတုံးလို့မေးတဲ့အခါကျတော့မှသစ္စာ သိတဲ့ဉာဏ် ဦးလှည့်ရမယ်၊ (မှန်ပါ့) နောက် ဒုက္ခသစ္စာကြီးကို မြင်ပြီး အဲဒီ ဒုက္ခသစ္စာကြီး မတွေ့ချင်လို့၊ (မှန်လှပါဘုရား) နောက်အိုဘေးဒုက္ခသစ္စာကြီးကော၊(မတွေ့ချင်လို့ပါဘုရား) နောက်နာဘေးဒုက္ခသစ္စာကြီးကော၊(မတွေ့ချင်လို့ပါဘုရား) နောက် သေဘေးဒုက္ခကြီးကော၊ (မတွေ့ချင်လို့ပါဘုရား)။

နောက် ပဋိသန္ဓေနေတဲ့ဇာတိဘေးကြီးကော၊မတွေ့ချင်လို့ ဆိုတော့ သံသရာမလည်ချင်လို့ လူကြတန်းကြ ပေးကြ ကမ်း ကြတယ်ဆိုရင် ဘုန်းကြီးများကလဲ လက်ခံပါတယ်၊ (မှန်လှ ပါဘုရား)။

http://www.dhammadownload.com



အသေရှိလျက်နှင့် တပည့်တော် အသေကလေးတစ်ခု နောက်ထပ်ပေးပါဦးဘုရား ဆိုလို့ရှိရင်ဖြင့် မလာခဲ့နဲ့၊(မှန်ပါ ဘုရား) ခင်ဗျားတို့ အမိုက်ခံကို ကျုပ်တို့က အားမပေးနိုင် တော့ဘူး၊ (မှန်လှပါဘုရား) အားပေးလို့ကော တော်ပါ့ မလား၊(မတော်ပါဘုရား)။

အဲဒါတွေ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်သိတော့မှ ကြော်.... ဒါက သစ္စာစကားပါကလား၊ သစ္စာတရားပါ ကလားဆိုတာ ပေါ်လာတယ်၊ (မှန်လှပါဘုရား) အင်း ဘာတရားပေါ်သလဲ၊ (သစ္စာတရား ပေါ်ပါတယ်ဘုရား)။

သစ္စာတရား ပေါ်လာတော့ ဒကာ ဒကာမတို့ နောက် ဘဝမှာ ဇာတိကလဲ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ ဘုရား) ဇရာကကော၊ (ဒုက္ခသစ္စာပါ)ဗျာဓိကကော၊(ဒုက္ခသစ္စာပါ) မရဏကကော၊ (ဒုက္ခသစ္စာပါဘုရား)။

ကဲ-ဘယ်မတုံး သူ့ဟာ၊ သူ ကြားညှပ်သေးသလား၊ (မညှပ်ပါဘုရား) သူ့ခကြားမညှပ်ဘူးဆိုတဲ့ ဥစ္စာ ဒကာသစ် ပိုင်ပိုင်နိုင်နိုင် သိပါပြီ၊ (သိပါပြီဘုရား)။

ထိုကဲ့သို့ ပိုင်ပိုင်နိုင်နိုင်သိပြီးသား ပုဂ္ဂိုလ်ကတော့ဖြင့် အင်း နောက် ဇာတိတို့၏ ချုပ်ရာ၊ (နိဗ္ဗာန်ရောက်ရပါလို၏ ဘုရား) ဇရာတို့၏ ချုပ်ရာ၊ (နိဗ္ဗာန်ရောက်ရပါလို၏) ဗျာဓိ တို့၏ချုပ်ရာ (နိဗ္ဗာန်ရောက်ရပါလို၏) မရဏတို့၏ချုပ်ရာ (နိဗ္ဗာန်ရောက်ရပါလို၏ ဘုရား)။

အဲဒါကိုသာရည်မှန်းပြီးသကာလ ယခု ကိစ္စဉာဏ်သည် ဒီ ဒုက္ခမှ ကျွတ်ချင်တဲ့ဉာဏ်နဲ့ လှူကြ,ပေးကြ,ကမ်းကြ,ဝိပဿနာ အားထုတ်ကြလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အသေရှိလျက်နဲ့

http://www.dhammadownload.com



အသေရှာတဲ့လမ်း မဟုတ်တော့ဘူး (မှန်လှပါ) အသေရှိ၍ အသေလွတ်ရာရှာတဲ့လမ်း ဖြစ်သွားတယ်၊ (မှန်လှပါဘုရား) အနာရှိ၍ အနာလွတ်ရာရှာတဲ့လမ်း ဖြစ်သွားတယ်ဆိုတာ ကောင်းကောင်း ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ သူများပြောတဲ့ အသေနဲ့ ကိုယ့်ဉာဏ်နဲ့ တွေ့ရတဲ့အသေနဲ့ ထူးခြားပုံကလေး ယနေ့ ပြောပြပါမယ်၊ (မှန်ပါ့ဘုရား)။

အများကတော့ဖြင့် အင်း-ဟင်-ပက်လက်ကြီး လန်ပြီး ဘာမှ မလုပ်နိုင် မကိုင်နိုင်တဲ့ အသက်ကလေးမှ ဝိညာဉ်မှ ထွက်သက်ဝင်သက်မှ မလာလို့ အသေဆိုတာတော့ ခင်ဗျား တို့ လူတိုင်းသိတဲ့ အသေပဲ၊(မှန်ပါ့ဘုရား) ဟုတ်လား ဒါ လူ တိုင်းသိတဲ့ အသေပဲ၊ (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ကိုယ့်အသေကိုယ် ကြည့်ကြပါစို့၊(မှန်ပါ့) လူတိုင်းမသိတဲ့ အသေကို ဒကာကြွယ်ရေ-ကြည့်ရအောင်၊ (မှန်လှပါဘုရား) ဘာကြည့်ရမယ်၊(လူတိုင်းမသိတဲ့အသေကို ကြည့်ရမယ်) လူတိုင်းမသိတဲ့အသေကို ဒကာ-ဒကာမတို့- သေသေချာချာ ကြည့်ကြစို့၊ (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီတရားနာနေတာသည်ကားလို့ ဆိုလို့ရှိရင် ဖြင့်မည်သူမည်ဝါတွေလဲလို့မေးတဲ့အခါကျတော့အရှင်ဘုရား ဒါတွေတော့ ခန္ဓာငါးပါးပါပဲဘုရား (မှန်လှပါဘုရား)။

တရားနာနေရတာဘယ်သူပါလိမ့်(ခန္ဓာငါးပါးပါဘုရား) ခန္ဓာ၅-ပါး[ရုပ်နာမ်၂-ပါး]ဆိုတာသေချာပါတယ်(မှန်ပါ)

အဲဒါကလေး သိလိုက်တော့ ဒါကလေးသိတဲ့အခါကျတော့ ဩော်- ဒီရုပ်နာမ်ကလေးတွေဟာ ရုပ်သေလဲ မောင်ဘသော်

http://www.dhammadownload.com



ဖြင့် မောင်ဘသော် သေတာပဲ၊ ဒကာသစ်ဖြင့် ဒကာသစ် သေတာပဲ၊ (မှန်ပါ့ဘုရား)။

နာမ်သေရင်လဲ နာမ်ပေါ်တွင် ဒကာသစ် ဆိုင်းဆွဲထား သောကြောင့် နာမ်သေရင်လဲ ဒကာသစ် တစ်ယောက် သေ တာပဲ၊ (မှန်လှပါဘုရား)။

ရုပ်ကို ဒကာသစ်လို့ ထင်လို့ရှိရင်လဲ ရုပ်ဟာ ရုပ်တစ်ခု ပြောင်းလဲထားလို့ရှိရင် ဒကာသစ်တစ်ယောက် သေတာပဲ၊ (မှန်ပါ့)ဒကာကြွယ်သဘောပါပလား၊ (ပါ့ပါပြီဘုရား)။

ကဲ-ဒါဖြင့် ခန္ဓာကိုယ်ထဲကြည့်လိုက်ပါတော့....တဲ့၊ထမင်း ကလေး ဆာလိုက်တာလို့ ဆာစိတ်ကလေး ပေါ်တယ်၊ (မှန်ပါ့)ဘာစိတ်ကလေးပေါ်သလဲ၊(ဆာစိတ်ကလေးပေါ် ပါတယ်) သြော်....ထမင်းကလေး စားချင်လိုက်တာလို့ ဆာ စိတ်ကလေး ပေါ်တယ်၊ (မှန်ပါ့) ဆာလောင် မွတ်သိပ်တဲ့ လောဘစိတ်ကလေး ပေါ်လာတယ်။

ထမင်းကလေးဆာလိုက်တာဆိုတော့ထမင်းကလဲမကျက် သေးတာနဲ့ဘဲ ဒကာဒကာမတွေက ရေကလေးနဲ့ပဲတားထား ဦးမယ်ဆိုပြီးသကာလ ရေသောက်ချင်တဲ့ စိတ်ကလေး မလာ ဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် ထမင်းဆာတဲ့ စိတ်ကလေးနဲ့နေတဲ့ ဒကာသစ်တို့- မောင်ဘသော်တို့ ရှိသေးရဲ့လား(မရှိတော့ပါဘုရား)အင်း— ဒကာသစ်တို့၊မောင်ဘသော်တို့ တစ်ယောက်သေပြန်ပြီ၊ (မှန် ပါ့ဘုရား)ဒီစိတ်ကလေးနဲ့ အသက်ရှင်နေတာကိုး၊ (မှန်ပါ့) ဒကာသစ်တစ်ယောက်သေသွားတာမြင်လိုက်ပြီမဟုတ်လား၊ (မြင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာသစ်တစ်ယောက်သေပြီ-မောင်ဘသော်တစ်ယောက် သေပြီဆိုရင် ခြင်းဖို့လိုသေးသလား၊ (မလိုပါဘုရား)ထမင်း ဆာတဲ့မောင်ဘသော်၊ထမင်းဆာတဲ့ဒကာသစ် ထမင်းမစား ဘဲနဲ့ သေသွားရတယ်၊ (မှန်ပါ့ဘုရား) ဘယ်လို ပါလိမ့်၊ (ထမင်းမစားဘဲနဲ့ သေသွားရပါတယ်ဘုရား) စားရသေး သလား၊ (မစားရပါဘုရား)။

ဩြော်....ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဉာဏ်နဲ့ ကြည့် လိုက်တဲ့အခါကျတော့ စားချင်တဲ့ စိတ်ကလေးနဲ့ အသက်ရှင် နေတာ၊ စားချင်တဲ့စိတ်ကလေး မရှိပါလားလို့ မသိရဘူး လား၊ (သိရပါတယ်ဘုရား)။

သိရတော့ ကိုယ့်အသေကိုယ်မြင်တယ်၊ (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (ကိုယ့်အသေ ကိုယ်မြင်ပါတယ်ဘုရား) ကိုယ့်အသေ ကိုယ်မြင်တယ်ဆိုတာသေချာပလား၊ (သေချာ ပါတယ်)ဒါက မသာပို့မပါဘဲနဲ့သေတာ၊(မှန်လှပါဘုရား)။

ဒကာကြွယ် ဘာတဲ့လဲ၊ (မသာပို့ မပါဘဲနဲ့ သေတာပါ ဘုရား)ကိုယ့်ဟာကိုယ်တော့မမြင်လိုက်ဘူး(မမြင်ပါဘုရား)။

အင်း-စားချင်တဲ့မောင်ဘသော်နဲ့ စားချင်တဲ့ ဒကာသစ် ဘယ့်နှယ်နေသလဲ၊ (သေသွားပါတယ်ဘုရား)စားရရဲ့လား၊ (မစားရပါဘုရား)ဩြော်—ငတ်ပြီးသေသွားတယ်၊(မှန်ပါ့) အင်း—နားကြီးကြီးနဲ့ ထောင်ကြနော်။

ဒကာသစ် ဘယ်လိုသေသလဲ၊(ငတ်ပြီးသေသွားပါတယ်) စားမှမစားရဘဲ၊(မှန်ပါ့)မစားရဘဲနဲ့စားချင်ရှိမတ်တတ်နဲ့ပဲ အသက်တမ်း စေ့တာနဲ့ ဖြစ်ပြီး ပျက်သွားတာနဲ့ပဲ ဒကာ

http://www.dhammadownload.com



သစ်ရေ....ထမင်းစားလိုက်ရသေးရဲ့လား၊ (မစားလိုက်ရပါ ဘုရား)။

အင်း....ဟင်—ဒီမှာသာကိုဘာမသာခေါ်ကြမယ်၊(တော်ပြီး သေသွားတဲ့ မသာပါဘုရား) တော်ပြီးသေတဲ့ မသာအဟော၊ (မှန်ပါ ဘုရား)သူများသေတာလား-မိမိသေတာလား၊(မိမိ သေတာပါဘုရား)ဟာ-ဒီအသေမြင်တော့မှဒီအသေမြင်လိုက် တော့ ဒကာသစ်ရေ နေရာကျတယ်၊ (ကျပါတယ်ဘုရား)။

ဘယ်လို နေရာကျသလဲလို့ အမေးထုတ်တဲ့အခါကျတော့မှ ဩော်....တပည့်တော်တို့က တစ်သက် တစ်ခါသေလို့မှတ်ထား တာ၊(မှန်လှပါ)ဘယ်လိုမှတ်ထားသတုံး၊ (တစ်သက်တစ်ခါ သေလို့ မှတ်ထားပါတယ်ဘုရား)။

တစ်သက် တစ်ခါသေလို့ မှတ်ထားတဲ့ဥစ္စာ ယခုတော့ဖြင့် စားချင်တဲ့စိတ်ကလေးဟာ မစားရဘဲနဲ့ သေသွားတယ်၊(မှန် လှပါဘုရား) သူနဲ့ပတ်သက်တဲ့ ရုပ်ကလေးဟာလဲ စားချင်တဲ့ စိတ်ကဖြစ်စေတဲ့ရုပ်ကလေးဟာလဲ ဒကာကြွယ်သေပြန်တာပဲ၊ (သေသွားပါတယ်ဘုရား) ဒါဖြင့် ရုပ်နာမ်နှစ်ခု သေသွား တယ်၊ (မှန်လှပါဘုရား)ရှိတာကလဲ နာမ်ရုပ်ပဲရှိတယ်၊(မှန်လှ ပါဘုရား)။

ဒါဖြင့် စားချင်တဲ့နာမ်ရုပ်သည် မောင်ဘသော်တို့ ဒကာ သစ်တို့ စားလိုက်ရသလား၊(မစားလိုက်ရပါဘုရား)ဘာဖြစ် သွားသလဲ၊ (သေသွားပါတယ်ဘုရား) သေသွားတယ် (မှန် ပါ)အင်း ဟင်—ဘယ်သူသေပါလိမ့်မတုံးဆိုတော့ ဒကာသစ် တစ်ယောက်၊မောင်ဘသော်တစ်ယောက်သေတယ်၊ (မှန်ပါ) ဉာဏ်နဲ့ကြည့်လိုက်တော့ မမြင်ဘူးလား(မြင်ပါတယ်ဘုရား)။

အဲဒါ သေသွားတာသည် အနိစ္စ၊ သေသွားတယ်လို့သိတာသည် မဂ္ဂ၊ (မှန်ပါ့ဘုရား) သေသွားတာက(အနိစ္စပါဘုရား) ကိုယ့်အသေ ကိုယ်မြင်တာ (မဂ္ဂပါဘုရား)။

အဲဒီဝိပဿနာဆိုတာ ကိုယ့်အသေ ကိုယ်မြင်အောင် လုပ်တာကို ဝိပဿနာလို့ခေါ်တယ်၊ (မှန်လှပါ) ဝိပဿနာဆိုတာ (ကိုယ့်အသေကိုယ်မြင်အောင်လုပ်တာပါ) နေရာကျပြီ ဒကာဒကာမတို့၊ကိုယ့်အသေကိုယ်မြင်အောင်လုပ်တာ၊ဒကာကြွယ်-ဘာတဲ့ဗျ၊ (ဝိပဿနာပါဘုရား)ဒါဖြင့်တစ်နေ့အကြိမ်ပေါင်း ဘယ်လောက် သေပါလိမ့်မလဲလို့ မေးလိုက်တဲ့အခါကျတော့ (မရေတွက်နိုင်ပါဘုရား)။

ကိုင်း—မရေတွက်နိုင်တာတွေကို မရေတွက်နိုင်တဲ့ ဉာဏ်နဲ့ပဲ ဒကာဒကာမတွေ ရှုပြီး လိုက်နေကြမယ်လို့ ဆိုရင်ဖြင့် ကိုယ့်အသေသည်ကားလို့ ဆိုလို့ရှိရင် ဩော်....ဒီလိုသေမှန်းသိရင် ဒီလူ့ဘဝကိုဆုမတောင်းပါဘူးဆိုတဲ့ ဆုတောင်းချင်တဲ့ဘဝတဏှာ သေထွက်သွားတယ်၊ (မှန်လှပါဘုရား) မသေသေးဘူးလား၊ (သေပါတယ်ဘုရား)။

ဘဝတဏှာဘယ့်နှယ်နေသလဲ၊ (သေသွားပါတယ်ဘုရား) ဘဝဆုတောင်းချင်တဲ့တဏှာသေပွဲဝင်သွားပါတယ် (မှန်ပါ့) ဒါ့ကြောင့် ဝိပဿနာသည် တဏှာကိုလဲ သတ်ပါတယ်(မှန်လှပါဘုရား)။

ဒီကိုယ့်အသေကလေး ကိုယ် မြင်လိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ ခိုင်တယ်မြဲတယ်လို့ ယူဆသေးရဲ့လား၊ (မယူတော့ပါဘုရား) အင်း....ခိုင်တယ် မြဲတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိလဲ ဒကာသစ် ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

http://www.dhammadownload.com



ဘာမြင်လို့ပါလိမ့်၊ (ကိုယ့်အသေ ကိုယ်မြင်လို့ပါဘုရား) ကိုယ့်အသေ ကိုယ့်ဉာဏ်နဲ့မြင်လို့၊ (မှန်လှပါဘုရား) ဦးလှဘူး ဘာတဲ့တုံး၊ (ကိုယ့်အသေ ကိုယ့်ဉာဏ်နဲ့ မြင်လို့ပါဘုရား)။

ကိုယ့်အသေ ကိုယ့်ဉာဏ်နဲ့မြင်လို့ ဩော်— မခိုင်မြဲပါ ကလားဆိုတဲ့ ဥစ္စာလဲ ထင်ရှားသွားတယ်၊ (ထင်ရှားပါ တယ် ဘုရား) ဒါဖြင့် ဒိဋ္ဌိလဲ ပြုတ်ထွက်သွားတယ်၊ (ပြုတ် ပါတယ်ဘုရား)။

ဩော်—ခဏခဏ ပျက်နေတာပါကလား သေနေတာပါ ကလားဆိုသဖြင့် ဒကာသစ်တို့ မောင်ဘသော်တို့ ဘာချုပ် သလဲ ဒိဋ္ဌိချုပ်သွားတယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါတယ်ဘုရား)။

ဒိဋ္ဌိချုပ်တယ် ဘုံဘဝတောင့်တတဲ့တဏှာကော လာသေး ရဲ့လား၊ (မလာပါဘုရား) တဏှာလဲသေ, ဒိဋ္ဌိလဲသေသွား ပါတယ်၊ (မှန်ပါ) ဒကာကြွယ် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားပြီ၊ (ပြတ်သွားပါပြီဘုရား)။—

"တဏှာပစ္စယာ ဥပါဒါနံ"ဆိုတာတွေ လာသေးရဲ့လား၊ (မလာပါဘုရား)တဏှာနိရောဓဖြစ်သောကြောင့်"ဥပါဒါန နိရောဓော"ဆိုတာတွေ ဖြစ်သွားပြီ၊ ဒိဋ္ဌိသေသောကြောင့် "ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ"လဲ ဖြစ်သွားပြီ၊ (မှန်ပါဘုရား) တယ်လဲအဖိုးတန်ပါကလား၊ (အဖိုးတန်ပါတယ်ဘုရား)။

အေး-ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့် အသေကို ကိုယ်မမြင်ကြလို့ ဟိုဘဝတောင့်တ, ဒီဘဝတောင့်တ ကိုယ့်အသေသည်ကားလို့ဆိုရင် သေခြင်းထက် ကြီးတဲ့ဒုက္ခ

ဒကာသစ် ရှိသေးလား၊ (မရှိပါဘုရား) ဦးလှဘူး၊ (မရှိပါဘုရား)။

ယခုစားချင်တဲ့ နာမ်စိတ်ကလေးနဲ့တကွ ဖြစ်တဲ့ ရုပ်ကလေးဟာ နာမ်ရုပ်နှစ်ခုတို့ ပျောက်ပျက်ကုန်တယ်၊ (မှန်ပါ) မစားရတာနဲ့ ဒကာသစ်တစ်ယောက်, မောင်ဘသော်တစ်ယောက် မသေလား၊ (သေပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီဟာ ဒီရုပ်နာမ်ကြီးသေသွားတော့ ခုနက စားချင်တဲ့ ရုပ်, စားချင်တဲ့ နာမ်, သူနဲ့ပတ်သက်တဲ့ ရုပ်, သဟဇာတဖြစ်တဲ့ ရုပ် ဒီနာမ်ရုပ်နှစ်ခုဟာ သေသွားတယ်၊ (မှန်ပါ) မသေဘူးလား၊ (သေပါတယ်ဘုရား)။

ဒီနာမ်ရုပ်နှစ်ခုသေသွားတော့ မောင်ဘသော်တစ်ယောက် သေပေါ့၊ ဒကာသစ်တစ်ယောက်(သေသွားပါတယ်ဘုရား)။

အင်း–ကိုယ့်ဟာ ကိုယ်ကြည့်လိုက်ရင် ကိုယ့်အသေ ကိုယ်မြင်တာပါပဲ၊ (မှန်ပါ)။

ကိုယ့်အသေကိုယ်မြင်သောကြောင့် ခိုင်တယ်,မြဲတယ်ဆိုတဲ့ နိစ္စဒိဋ္ဌိ, သဿတဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒီလိုသေမှာကြီးကိုလဲ လိုချင်သေးရဲ့လား၊ (မလိုချင်ပါဘုရား)။

ဒါဖြင့် တဏှာလဲသေပြီ၊ (မှန်ပါ) ဒိဋ္ဌိကော၊ (သေပါပြီဘုရား) ဒိဋ္ဌိပါသေပြီဆိုတာ ပေါ်ကြပလား၊ (ပေါ်လာပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ တဏှာဒိဋ္ဌိ သေတာကို ဘယ်သူ့ကြောင့်သေသတုံးလို့ မေးတဲ့အခါကျမှ ကိုယ့်အသေ ကိုယ်မြင်တဲ့ မဂ်က သတ်တာပါ၊ (မှန်ပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်သူကသတ်ပါလိမ့်၊ (ကိုယ့်အသေ ကိုယ်မြင်တဲ့မဂ်က သတ်ပါတယ်ဘုရား) ကိုယ့်အသေကိုယ်မြင်တဲ့မဂ်ကသတ်ထား ပါပဲဆိုတဲ့ဥစ္စာ ဒကာဦးလှဘူးတို့ ရှင်းပလား၊ (ရှင်းပါပြီ)။

နေအး-ဒါကြောင့် ဝိပဿနာအလုပ်ဆိုတာ ကိုယ့်အသေ ကိုယ်မြင်တဲ့အလုပ်ကို ဝိပဿနာလို့ခေါ်တယ်၊ (မှန်ပါ့ဘုရား) ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်၊ (ကိုယ့်အသေ ကိုယ်မြင် တဲ့ အလုပ်ပါဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တော့ကို ဒကာဒကာမတို့ နောက် ဒီလိုခဏခဏသေတဲ့ အသေမျိုးတွေကိုလဲ မရနိုင်ပါ ဘူး၊ (မရနိုင်ပါဘုရား) သေတာကို ကိုယ့်အသေကိုယ်၊ ဩော်-ဖြစ်ပြီး ပျက်ရှာပြီ-သေရှာပြီဆိုသဖြင့်လဲ ကိုယ့်ခန္ဓာ ကြီး ခိုင်တယ်မြဲတယ်လို့ ယူသေးသလား၊ (မယူပါဘုရား)။

အဲဒီတော့ သဿတဒိဋ္ဌိလဲ လွတ်သွားပြီ၊ (လွတ်သွားပါပြီ ဘုရား)တစ်ခါ ကိုယ့်အသေ နောက်ထပ်မသေတာ စားချင်တဲ့ စိတ်ကလေးဟာသဟဇာတဖြစ်တဲ့ရုပ်နဲ့တကွတဲ့ပြီးသေသွားပြီ (မှန်လှပါဘုရား)သေသွားတဲ့အခါကျလို့ရှိရင်ဖြင့်ရေသောက် ပြီးသကာလ တစ်ခါ အဆာပြေလိုက်ရတယ်၊ (မှန်ပါ့ဘုရား)။

ရေသောက်ပြီး တစ်ခါအဆာပြေတော့ ရေသောက်ချင် တဲ့ စိတ် ရေသောက်တဲ့ရုပ်တွေလဲတဲ့ ခဏကလေးနေတော့ ရှိသေးရဲ့လား၊ (မရှိပါဘုရား) ဟာ-တစ်လောင်းသွားပြီ၊ (မှန်လှပါဘုရား) ဘယ့်နှယ်ဆိုကြမလဲ၊ (တစ်လောင်း သွား ပြန်ပါပြီဘုရား)။

တစ်လောင်းသွားပြန်ပြီ ဆိုတဲ့ဥစ္စာလဲ ဉာဏ်နဲ့ကြည့်တော့ မမြင်လား၊ (မြင်ပါတယ်ဘုရား)အဲဒီလိုဉာဏ်နဲ့ကြည့်ရင်မြင်တဲ့

http://www.dhammadownload.com



အခါကျတော့ ခန္ဓာကိုယ်မှာ တစ်နေ့ အသေပေါင်း ဘယ်လောက်ရှိပါလိမ့်မလဲလို့ စာရင်းချုပ်လို့ရှိရင် ချုပ်လို့ကို မပြီးတော့ဘူး၊ (မှန်လှပါဘုရား)။

ဒကာသစ် ပြီးပါ့မလား၊ (မပြီးပါဘုရား) ဦးလှဘူးတို့၊ (မပြီးနိုင်ပါဘုရား) မပြီးနိုင်ဘူးဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲ-ဒါဖြင့် ဒို့ ရထားတာသည်ကား ဆိုရင်ဖြင့် ခဏခဏ သေတဲ့ ခဏခဏ ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာကြီး ရ,ထားတာ၊ (မှန်လှပါဘုရား) ဦးညွန့် ဘာ,ရထားသလဲ၊ (ဒုက္ခသစ္စာကြီး ရ,ထားပါတယ်ဘုရား) ဒုက္ခသစ္စာကြီး ရ,ထားတော့မှ သြော်—ခဏခဏသေတာက ဒုက္ခသစ္စာ ဒကာကြွယ်၊ (မှန်လှပါဘုရား) ခဏခဏသေတာကိုဖြင့် ကိုယ်တိုင်မြင်ပါပေါ့ဆိုတာက မဂ္ဂသစ္စာ၊ (မှန်လှပါဘုရား)။

ခဏခဏသေတာက၊ (ဒုက္ခသစ္စာပါဘုရား)ကိုယ်တိုင်မြင်တာက၊ (မဂ္ဂသစ္စာပါဘုရား) သြော်—မဂ်ဆိုတာ ဆုတောင်းလို့ရတာလား၊ ကိုယ့်အသေကိုယ်မြင်တာ မဂ်ဖြစ်တာလား၊ (ကိုယ့်အသေကိုယ်မြင်တာ မဂ်ဖြစ်တာပါဘုရား)။

ဒီဒကာဒကာမတွေက အချောင် ခပ်ပေါ့ပေါ့နဲ့ လိုချင်တဲ့ ဒကာဒကာမတွေ ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏—တဲ့၊ မရဘူး—စိတ်ချ၊(မှန်လှပါဘုရား) ဘယ်နည်းနှင့်မှ မရဘူးဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကိုယ့်အသေ ကိုယ်မြင်ရင်ဖြင့် ဒကာဒကာမတို့ အဲဒီ မြင်တာဟာ မဂ်ပါပဲ၊ အဲဒီမဂ် ခင်ဗျားတို့ သန္တာန်မှာ ရောက်နေလို့ရပါတယ်၊ (မှန်လှပါ) သဘောပါပလား၊ (ပါ-ပါပြီ)။

http://www.dhammadownload.com



ဒါဖြင့်ဘာအရေးကြီးပါလိမ့်၊ (ကိုယ့်အသေ ကိုယ်မြင်ဖို့ အရေးကြီးပါတယ်ဘုရား) ကိုယ့်အသေ ကိုယ်မြင်ဖို့ အထူး အရေးကြီးပါတယ်ဆိုတာ ပေါ်လာကြပလား၊ (ပေါ်လာ ပါပြီ ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ကိုယ့်အသေသည် ဒုက္ခ သစ္စာ၊ မြင်တာသည် မဂ္ဂသစ္စာ၊ (မှန်လှပါဘုရား)။

ကိုယ့်အသေက၊ (ဒုက္ခသစ္စာပါဘုရား)။

မြင်တာက၊ (မဂ္ဂသစ္စာပါဘုရား)။

ဩော်-ဒါဖြင့် ဒကာဒကာမတို့ မဂ်ဟာ ရှာမှရတာလား အလိုလိုဆုတောင်းထဲပါလာတာလား၊(ရှာမှရတာပါဘုရား) ခင်ဗျားတို့က တောင်းနေလို့တော့ မရဘူး၊ (မှန်ပါ့) ရပါ့ မလား၊(မရပါဘုရား) အို....ကျုပ်တို့တော့ သက်န်းလှူပြီး ဆုတောင်းထားတာပဲ၊မဂ်-ဖိုလ် ရက်တိုတို့နဲ့ရ,ရပါလို၏-တဲ့၊ မရဘူးဟေ့၊(မှန်ပါ့)မဟုတ်ဘူးလား၊(ဟုတ်ပါတယ်ဘုရား) မရပါဘူး၊ ရှာမှ မဂ်ပေါ်တာကိုး၊ (မှန်ပါ့)။

မဂ်ဆိုတာသည်ကားလို့ဆိုရင်ဖြင့် ''သမ္မာဒိဋ္ဌိမဂ္ဂေါစေဝ ဟောတုစ''ဆိုသောကြောင့်ဒီသမ္မာဒိဋ္ဌိဆိုတဲ့ဉစ္စာ အမှန်မြင်တဲ့ မဂ်သည် ဒကာသစ်အသေမြင်မှပေါ်တာ၊(မှန်လှပါဘုရား) အသေမမြင်ရင်၊ (မပေါ်ပါဘုရား) ပေါ်ကို မပေါ်ဘူးဆို တာ ကောင်းကောင်းရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့်ဒကာဒကာမတို့ မဂ်ရချင်ရင် ကိုယ့်အသေကိုယ်ရှု၊ (မှန်လှပါဘုရား)မဂ်ရချင်ရင်၊(ကိုယ့်အသေကိုယ်ရှုရပါမယ် ဘုရား)။

http://www.dhammadownload.com



ကြည့်လိုက်တော့ ပထမတော့ဖြင့် စားချင်တဲ့စိတ်ကြည့်လဲ မရှိပြန်ဘူးသိလိုက်၊ အိပ်ချင်တဲ့စိတ်ကလေး ကြည့်ပြန်ရင်လဲ (မရှိပြန်ဘူးလို့သိရပါမယ်ဘုရား) ဒါ-ကိုယ့်အသေတွေ အိပ်ချင်တဲ့ ရုပ်နာမ် သွားပြန်ပြီ၊ (မှန်လှပါဘုရား)။

တစ်ခါ-နိုးတဲ့အခါကျပြန်တော့ နိုးတဲ့ရုပ်နာမ်နိုးတဲ့စိတ်ကလေးပေါ်လာတယ်၊ နိုးပြီးသကာလ တစ်ခါ အိပ်ရာ ထတော့ ထတဲ့ စိတ်ကလေးပေါ်လာရတယ်၊ (မှန်ပါဘုရား) နိုးတဲ့စိတ်သေသွားပြီ၊ (သေသွားပါပြီ ဘုရား) နိုးတဲ့ စိတ်တစ်ခါသေသွားပြီဒကာကြွယ်ရေ၊ (မှန်ပါဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ထဲမှာ စိတ်တွေ ပြောင်းတိုင်း ပြောင်းတိုင်း အသေပြောင်းတာ မှတ်လိုက်၊ (မှန်လှပါဘုရား) စိတ်တွေ ပြောင်းတိုင်း ပြောင်းတိုင်း (အသေပြောင်းတာ မှတ်လိုက်ရပါမယ်ဘုရား)။

ဒါဖြင့် ပြောင်းတိုင်း ပြောင်းတိုင်း သိနေလို့ရှိရင် ပြောင်းတာ ဒုက္ခသစ္စာ၊ (မှန်ပါ) သိတာက၊ (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာဆိုတော့ ဩော်-ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ ဒိဋ္ဌိလာသေးရဲ့လား၊ (မလာပါဘုရား) မလာရင် ဒိဋ္ဌိ ပြုတ်တာပဲ၊ (မှန်လှပါဘုရား)။

ပြီးတော့ တစ်ခါ ဘုံဘဝလိုချင်တဲ့ တဏှာကော ရှိသေးရဲ့လား၊ (မရှိပါဘုရား)အင်း-ဟင်....ဒါဖြင့် တဏှာသတ်လိုက်တာပဲ၊ (မှန်ပါ) ရိုပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်၊(ကိုယ့်အသေ ကိုယ်မြင်အောင် ကြည့်တာပါဘုရား)။

http://www.dhammadownload.com



မှတ်ထားပါ.ဝိပဿနာဆိုတာခင်ဗျားတို့ကရှုရတယ်ချည်း မှတ်ထားတာ၊ ဘာရှုရမှန်းလဲ မသိဘူး၊ (မှန်လှပါဘုရား) ကိုယ့်အသေ ကိုယ်မြင်အောင်ရှုတာ ဝိပဿနာ၊ (မှန်လှပါ ဘုရား)။

ဒကာကြွယ် ဘာတဲ့၊ (ကိုယ့်အသေ ကိုယ်ရှုတာပါဘုရား) ကိုယ့်အသေကိုယ်ရှုတာ ဝိပဿနာလို့ ယနေ့ရှင်းရှင်းမှတ်လိုက် စမ်းပါ၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ဘုရားဟောတော်မူတာ ကြည့်စမ်းပါလား၊ "သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ"၊(မှန်ပါ့ဘုရား) သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ ဟောပြီးနောက် တစ်ခါဆက်ပြီးဟောတယ်၊သမုဒယဓမ္မာနုပဿီ ဝါ=ဖြစ်တာ ကလေး သိဟော့-တဲ့၊ (မှန်ပါ့) ဝယဓမ္မာနုပဿီ ဝါ=သေ တာလဲ သိဟော့-တဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) အင်း... ဟင်-ဖြစ်လိုက်ပျက်လိုက်ကို သိ-တဲ့၊မဟောဘူးလား၊ (ဟောပါတယ်ဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်-မွေးလိုက်-သေ လိုက်၊မွေးလိုက်-သေလိုက်၊ဖြစ်လိုက်-ပျက်လိုက်၊ မွေးလိုက်- သေလိုက်၊ဖြစ်လိုက်-ပျက်လိုက်ကို၊ဩော်-ဘယ်ကကြည့်ကြည့် ဒကာသစ်က ကြည့်ကြည့်၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့က ကြည့်ကြည့်၊ ဘယ်သူ့အကြောင်း ဘယ်သူသိတာပါလိမ့်၊ (ကိုယ့်အကြောင်း ကိုယ်သိတာပါဘုရား)။

မှန်ပေတယ်၊ ဒကာ ဒကာမတို့ ဘယ်သူ့အကြောင်းသိတာ ပါလိမ့်၊ (ကိုယ့်အကြောင်း ကိုယ်သိတာပါဘုရား) ကိုယ့် အကြောင်း ကိုယ်သိတဲ့တရားဆိုတာ ဝိပဿနာပဲ၊ (မှန်လှပါ

၃

http://www.dhammadownload.com



ဘုရား)အင်း-ဝိပဿနာဆိုတာဘာပါလိမ့်၊(ကိုယ့်အကြောင်း ကိုယ်သိတာပါဘုရား)ကိုယ့်အကြောင်းကိုယ်သိတာဝိပဿနာ လို့ ဒကာကြွယ် သေသေချာချာမှတ်၊ (မှန်လှပါဘုရား)။

နို့မို့လို့ရှိရင်ဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အကြောင်း ကိုယ် မသိလို့ရှိရင်ဖြင့်–တဲ့ ကလေးတွေ ဖြစ်နေတယ်၊ (မှန်လှပါ ဘုရား) ကလေးဟာ မိတ်ပေါက်တာလဲ သူမသိဘူး၊သဘော ကျပလား၊ (ကျပါပြီ) အင်း-ချွဲကြပ်တာကော (မသိပါ ဘုရား) မသိပါဘူး၊ ချွဲကြပ်တဲ့အစာကိုလဲ စားလိုက်တယ်၊ (မှန်ပါဘုရား)။

ဘာဖြစ်လို့ မသိသတုံးမေးတော့ ငယ်သေးလို့ မသိတာ၊ (မှန်လှပါဘုရား) မိုက်သေးလို့၊ (မှန်လှပါ) ဒီမှာလဲ ကိုယ့် အသေကိုယ်မသိသေးလို့ရှိရင် အဝိဇ္ဇာမိုက်-မိုက်သေးလို့ မသိ တာ၊(မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ) ကိုယ့်အသေကိုယ် မသိတာ ဘယ့်နှယ်ကြောင့်ပါလိမ့်၊ (အဝိဇ္ဇာမိုက်-မိုက်သေး လို့ပါဘုရား)။

အဝိဇ္ဇာမိုက်မှုကြောင့် မသိတာဆိုတာလဲ ခင်ဗျားတို့ ဒီ အရွယ် ဒီအချိန်ကျအောင်ပဲ မိုက်လက်စ မသတ်သေးဘူးလား ဆိုတာ ဆရာဘုန်းကြီးကလဲ အပြစ်တင်ရတော့မှာပဲ၊ (မှန်ပါ ဘုရား) မတင်သင့်ဘူးလား၊ (တင်သင့်ပါတယ် ဘုရား) တင်သင့်ပါတယ်–တဲ့။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဝိဇ္ဇာဆိုတဲ့ မိုက်လက်စ မသတ်ပြီဆိုမှုဖြင့် အဝိဇ္ဇာ ဝမ်းထဲ ကိန်းနေတော့ ကိုယ့်အသေ ကိုယ်မမြင်ဘူးဆိုကြပါစို့၊ (မှန်လှပါဘုရား) **မမြင်တာ အဝိဇ္ဇာ၊ မမြင်တာ ဘာတုံး၊ (အဝိဇ္ဇာပါဘုရား)**

http://www.dhammadownload.com



သေချာပလား၊ (သေချာပါပြီ) အဝိဇ္ဇာဟာ သူ့တွင် ရပ်လိမ့်မယ်လို့ ခင်ဗျားတို့က မအောက်မေ့ပါနဲ့၊ အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)။

ဟော - မင်းတို့သန္တာန်မှာကွာ-တဲ့၊ ဒီအဝိဇ္ဇာတစ်ခုကိုသာ မင်းတို့လက်ခံလိုက်လို့ရှိရင်ဖြင့် မင်းတို့ပြုချင်သလိုပြုတဲ့ သင်္ခါရပေါ်ပြီး ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေနေမှုတော့ မင်းတို့ မြေကြီးလက်ဝါးနဲ့ပုတ် မလွဲဘူးကွ၊ ပဋိသန္ဓေနေရတော့မှာပဲ၊ ဇာတိဒုက္ခ ရတော့မှာပဲ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မမြင်တာ အဝိဇ္ဇာ၊ အဲဒီအဝိဇ္ဇာ တစ်လုံးကြောင့် သံသရာမှာ လည်လို့ ပတ်လို့ကို ပြီးသေးရဲ့လား၊ (မပြီးပါဘုရား) အဲဒီတော့ ဒကာ—ဒကာမတို့ ကိုယ့်အသေကိုယ်မမြင်တာဘာပါလိမ့်၊(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါ) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)။

ဝိညာဏံဆိုတာ ဒကာသစ်တို့, ဒကာကြွယ်တို့, မောင်ဘသော်တို့က ရမ်းမရွတ်လိုက်ပါနဲ့၊ ဝိညာဏံဆိုတော့ ဩော်.... ဟိုဟာက အဝိဇ္ဇာသင်္ခါရကြောင့် ဒီဘဝ ပဋိသန္ဓေနေရတာကို ဝိညာဏံလို့ဆိုပါတယ်၊ (မှန်ပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီလိုပုဂ္ဂိုလ်တွေ သေပြီးသည့်ဒုက္ခစမ်းလိုက်ရုံနဲ့ပဋိသန္ဓေနေတဲ့ဒုက္ခ ရတဲ့ပုဂ္ဂိုလ်များဘာကြောင့်ဘဲလိမ့်မတုံးဆိုတော့ ကိုယ့်အသေ ကိုယ်မမြင်တဲ့ အဝိဇ္ဇာကြောင့် ဘဝဆက်တယ်၊ (မှန်လှပါဘုရား) ဒကာကြွယ် ဘာတဲ့ (ကိုယ့်အသေ ကိုယ်မမြင်တဲ့ အဝိဇ္ဇာကြောင့် ဘဝဆက်ပါတယ်ဘုရား) တယ် ကြောက်စရာ ကောင်းပါကလား၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အရှိုးကြေကြေ အရေခြောက်ခြောက်ဆိုသလို ကိုယ့်အသေကိုယ်မြင်တဲ့ ဝိပဿနာကိုဖြင့် မလုပ်ရင်မဖြစ်ပါဘူး၊ ကိုယ့်ဒုက္ခ ကိုယ်ကယ်တင်ရာမှာ အဝိဇ္ဇာ မပါမှသာလျှင် ကယ်တင်လို့ဖြစ်ပါတယ်၊ (မှန်ပါ့) ဝိဇ္ဇာနဲ့မှ ကယ်တင်လို့ဖြစ်ပါတယ်ဆိုတာ ရှင်းသွားပြီ၊ (ရှင်းသွားပါပြီဘုရား) ဒကာကြွယ်-ဘယ်လောက်အဖိုးတန်သတုံး၊ (တန်ပါတယ်ဘုရား)။

ဒကာ-ဒကာမတို့ကို အင်မတန်ကြီးလှစွာသော ကရုဏာကြီးနဲ့၊ ဩော်... ဒကာ-ဒကာမတို့ ခင်ဗျားတို့ ကိုယ့်အသေကိုယ်မမြင်လို့ရှိရင် ကိုယ်ကျိုး နည်းတော့မှာပဲ၊ (မှန်လှပါဘုရား)။

ဘယ်လို ဟောလိုက်သလဲ၊ (ကိုယ့်အသေကိုယ်မမြင်လို့ရှိရင် ကိုယ်ကျိုးနည်းတော့မှာပဲ) ကိုယ်ကျိုးနည်းတော့မှာပဲ ဆိုတော့ သာမညနည်းမှာလား–အကြီးအကျယ်နည်းမှာလား၊ (အကြီးအကျယ်နည်းမှာပါဘုရား) အကြီးအကျယ် နည်းမှာဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ သားနဲ့, သမီးနဲ့, ခင်ပွန်းနဲ့ အရောင်း, အဝယ်နဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်များ ကိုယ့်အသေ ကိုယ်မမြင်ပါဘူး၊ (မှန်လှပါဘုရား)။

မမြင်တော့ ဩော်-ဒီအလုပ်ဟာ ကိုယ့်ကိုယ်ကို မသနားလို့ နောင်တစ်ဖန် အသေရှာတဲ့ အလုပ်–လုပ်နေတာပဲ၊(မှန်လှပါဘုရား) အပြစ်တင်လို့ရှိရင် ခင်ဗျားတို့က ခံကြရတော့မယ်၊ (ခံကြရပါမယ်ဘုရား)။

http://www.dhammadownload.com



အရောင်းနဲ့၊အဝယ်နဲ့၊ အရောင်းကလေးကလဲ ကောင်း၊ အဝယ်ကလေးကလဲ သွက်နေတာနဲ့ ဘုရား-ကိုယ့်အသေ ကိုယ်မြင်တဲ့ ဝိပဿနာအလုပ် မလုပ်ဖြစ်ဘူးဘုရား၊ (မှန်လှပါဘုရား) အင်း–မလုပ်ဖြစ်တာက ကိစ္စမရှိဘူး၊ ကိုယ့်ကိုယ်ကို မကယ်တင်တာက ဆိုးသကွ၊ (မှန်လှပါဘုရား)။

ဒကာသစ် ဘယ်လိုအပြစ်တင်ရမယ်၊ (ကိုယ့်ကိုယ်ကို မကယ်တင်တာက ဆိုးပါတယ်ဘုရား) ကိုယ့်ကိုယ်ကို မကယ်တင်တာက ဆိုးသကွလို့ မပြောထိုက်ဘူးလား၊ (ပြောထိုက်ပါတယ်ဘုရား)။

ပြီးတော့ မောင်ဘကြွယ်တို့ လူစုတွေက ဒကာကြွယ်တို့ လူစုတွေက ဆင်ခြေများ လဲလိုက်သေးတယ်၊ သြော်–တပည့်တော်ပဲ ကျွေးနေရတယ်၊ တပည့်တော်ပဲ မွေးနေရတယ်၊ ဒီ တစ်ပြုံကြီးတွေကို(မှန်လှပါ ဘုရား) အင်း–သူတို့က လေပြေများ ထိုးလိုက်သေးတယ်၊ (မှန်လှပါဘုရား) ပေါ်ကြပြီ၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သား, လင်, ခင်ပွန်းတွေ ခင်ပါတယ် ကြင်နာပါတယ်ဆိုတာ ကိုယ့်ကိုယ်ကို မသနားတဲ့ပုဂ္ဂိုလ်အပြော၊ (မှန်လှပါဘုရား) သား,လင်, ခင်ပွန်းသည် ခင်ပါတယ်၊ ကြင်နာပါတယ်ဆိုတာ ဘာပါလိမ့်၊(ကိုယ့်ကိုယ်ကို မသနားတဲ့ပုဂ္ဂိုလ် အပြောပါဘုရား)။

အင်း-ခင်ဗျားတို့ချင်းကော လောကွတ်ချော်ကြမှာပဲတဲ့၊ အဓိပ္ပာယ်ကတော့ ကိုယ်ကိုယ့်ကိုမသနားတာ သေချာတယ်၊ (မှန်ပါဘုရား) ခင်ဗျားတို့ချင်းမှာတော့ တိုးတိုးပြောပြော၊

http://www.dhammadownload.com



ကျယ်ကျယ်ပြောပြော ပြောချင်တာပြော၊ ကိုယ့်ကိုယ်တော့ မသနားတာအမှန်ပဲ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါကို လင်နဲ့မယား ရန်တိုက်တယ်လို့ ဒကာကြွယ်က မထင်ပါနဲ့တဲ့၊ အခုတရားနာလာလို့ ဒီစကားပြောတာ မဟုတ်ပါဘူး၊ (မှန်လှပါဘုရား)ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဒီလိုမဟုတ်ပါဘူးတဲ့၊ လူတိုင်းမှာ ကိုယ့်ကိုယ်ကို သနားတဲ့လူဟာ ရှာမှရှားတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဆင်ခြေလဲလိုက်တာ၊ ဒကာသစ်ကလဲလဲ၊ မောင်ဘသော်ကလဲလဲ၊ အရှင်ဘုရား၊ အရှင်ဘုရားတို့ ဟောတဲ့တရား ကိုယ့်အသေ ကိုယ်မြင်တဲ့ ဝိပဿနာကို တပည့်တော်တို့ လုပ်ချင်တယ် ဘုရား၊ အရှင်ဘုရား မြင်တဲ့အတိုင်းပဲ ဒီ ဘု၊ စု၊ ခရုတွေဟာ ဘယ့်နှယ်လုပ်မလဲ၊ (မှန်ပါ့) ဒီလိုဆိုတော့ ကိုယ့်အလုပ်ကို ချိတ်ထားမယ်၊ သူများကျွန်ကိုခံမယ်၊ ဒီ အဓိပ္ပာယ် ပါမပါ၊ (ပါ၊ ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ကိုယ်ကိုတော့ မသနားဘူး၊ သူများကျွန်းမာပြီးရော၊ (မှန်လှပါဘုရား) ဒီ အဓိပ္ပာယ် ကောင်းရဲ့လား၊ (မကောင်းပါဘုရား) ပြီးတော့ မေတ္တာပို့တော့ အဟံ အဝေရော ဟောမိ- ငါ အရင်ကျန်းမာပါစေ၊ ကန့်လန့်ကြီးလုပ်တယ်၊ (မှန်ပါ့)မေတ္တာပို့တော့ ကိုယ့်ကိုယ်ကို (ကျန်းမာပါစေ)၊ အရင်ချမ်းသာပါစေတဲ့၊ (မှန်ပါ့)။

လုပ်တော့ သူတစ်ပါးအတွက်၊ ဒါကြော့ ဘယ့်နှယ်လုပ်မလဲ၊ ကိုယ့်အရေးက ဒီလောက်မကြီးဘူး၊ သူတို့အရေးက ကြီးနေတယ်ဆိုတော့ လုပ်တော့တစ်မျိုး မေတ္တာပို့တော့တစ်မျိုး၊

http://www.dhammadownload.com



(မှန်လှပါ) လူတွေဟာ ကန့်လန့်ကြီးလုပ်နေတယ်၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဘာတွေများလုပ်နေသလဲ၊ (ကန့်လန့်ကြီး လုပ်နေကြပါတယ်ဘုရား)။

ဘယ်သူ့ကို ကန့်လန့်လုပ်တာတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ စဉ်းစားဖို့လိုပါတယ်၊ခင်ဗျားတို့ မျက်စိလည်နေတယ်၊ကိုယ့်ကိုယ်ချမ်းသာမှုကဝိပဿနာအလုပ်၊(မှန်လှပါ)။

ဒါကိုပဲ မေတ္တာပို့တော့ကို ကိုယ့်ကို အရင်ပို့ပြီးသကာလ တရားနာလို့ ကိုယ့်ကိုကယ်တင်တဲ့အလုပ်၊ တရားအားထုတ်တဲ့အလုပ်ဟာ ကိုယ့်ကိုကယ်တင်တဲ့အလုပ်၊ ဒါတွေ ဘယ့်နှယ်လုပ်မတုံးဘုရာ့-မကျွေးမွေးရင် တော်ပါ့မလား၊ (မှန်လှပါဘုရား)။

ဒါဖြင့် မေတ္တာလဲမပို့နဲ့တော့ ကျွေးမြဲသာကျွေး ကျွန်သာခံ၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီ)ဒါပဲ အဓိပ္ပာယ်ရတယ်ဆိုတာကော ဒကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မေတ္တာပို့မယ် ကြံလို့ရှိရင် ကိုယ့်ကို အရင်ပို့မယ်ကြံလို့ရှိရင်ဖြင့်-တဲ့၊ ကိုယ့်ကို သနားတဲ့အလုပ်ကို လုပ်ပါ၊ (မှန်လှပါဘုရား) မေတ္တာလဲပို့ပြီးရော ကိုယ့်ကိုသနားတဲ့အလုပ် အရင်လုပ်လိုက်၊ (မှန်ပါ့)။

မေတ္တာလဲပို့လိုက်၊အဟံ အဝေရော ဟောမိ=ငါချမ်းသာရပါလို၏ ဒကာကြွယ်-ပို့ပြီးပြီဆိုပါတော့၊ (မှန်ပါ့) ဟာ-ငါ့ကိုငါ့ သနားလို့ရှိရင်ဖြင့် ငါဟာ အခုထွက်တဲ့စကားနဲ့ ညီအောင် ငါသံသရာမလည်တဲ့အလုပ် အိုဘေး,နာဘေး,သေဘေးနဲ့ မဆက်သွယ်တဲ့အလုပ်ကို ငါလုပ်မယ်ဆိုပြီး ချက်ချင်းထ,လုပ်ပါ၊ (မှန်လှပါ) ရှင်းပလား၊(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



နိုမို့လို့ရှိရင် ခင်ဗျားတို့က အင်း—ဟင်—ကိုယ့်ကိုယ်လဲ မေတ္တာပို့ပြီးပြီ၊ ကိုယ့်သားမယား၊ ဉာတိမိတ္တ အစရှိသည်ကို ပို့ရဦးမယ်၊ ခင်ဗျားတို့က ဟိုဘက်ကူးသွားလိုက်တယ်၊ (ကူးသွားပါတယ်ဘုရား)။

ကူးသွားတော့ ခင်ဗျားတို့ ရှေ့စကားနောက်စကား ညီသေးရဲ့လား၊ (မညီပါဘုရား) မညီတော့ဘူးတဲ့၊ ကိုယ့်ကိုယ် သနားရိုးမှန်ရင် သနားတဲ့အလုပ်ကို အရင်လုပ်လိုက်ပါဦး ဆိုတာ သဘောကျပလား၊ (ကျပါတယ်ဘုရား)။

မယုံရင် စဉ်းစားကြည့်ပါတဲ့၊ ဒကာ ဒကာမတို့ ယောကျ်ားမှာ ဝေဒနာရှိတာ မိန်းမက စစ်ဆေးရုံမှတစ်ပါး ကယ်မှု—ယူမှု ပေးနိုင်သေးရဲ့လား၊ (မပေးနိုင်ပါဘုရား)။

မိန်းမမှာ ဝေဒနာရှိတာကို ယောကျ်ားက ဖြစ်မှဖြစ်ရ ပလေဆိုတဲ့ အသွားမှတစ်ပါး ဒကာသစ်-ဘာတတ်နိုင်သေး သလဲ၊ (ဘာမှမတတ်နိုင်ပါဘုရား) ဒါဖြင့် တစ်ယောက်က တစ်ယောက် မကယ်နိုင်ဘူးဆိုတာ သိပြီ၊(သိပါပြီဘုရား)။

ဒါဖြင့် ကယ်နိုင်တဲ့ တရားအစစ်အမှန် ဖြစ်တာကဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ဘဲ ရှိတယ်၊ (မှန်ပါ့ဘုရား) ကိုယ့် အသေ ကိုယ်မြင်တဲ့ မဂ်ဉာဏ်ဘဲရှိတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)ဘာပါလိမ့်၊ (ကိုယ့်အသေကိုယ်မြင် တဲ့ မဂ်ဉာဏ်ဘဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အသေကိုယ်မြင်တာဆိုတာ ခင်ဗျားတို့ ခန္ဓာကြီးက ဝေဒနာက္ခန္ဓာကြီး၊ (မှန်လှပါ) ဒကာသစ် ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဘာခန္ဓာကြီးတုံး၊ (ဝေဒနာက္ခန္ဓာကြီးပါဘုရား)။

http://www.dhammadownload.com



ဝေဒနာက္ခန္ဓာကြီး သိထားတော့ ဝေဒနာကလေးတွေ ပျက်တိုင်း-ပျက်တိုင်း ဩော်-ဒါဟာ ကိုယ်သေတာပဲ၊ (မှန်လှပါ) တစ်ခါ သွားလိုက်ပါဦး၊ ခင်ဗျားတို့ ခန္ဓာကြီးက ဝိညာဏက္ခန္ဓာကြီးဆိုရင်လဲ မလွဲဘူး၊ (မလွဲပါဘုရား)။

ဝိညာဏက္ခန္ဓာဆိုတော့ စိတ်၊ စိတ်ကလေးတွေ ပျက်ပျက် ပျက်ပျက်နေတာလဲ ကိုယ့်အသေ ကိုယ်မြင်တာ၊ (မှန်လှပါ ဘုရား)ကိုယ့်ခန္ဓာပျက်တာကိုး၊ (မှန်ပါ့) သူများခန္ဓာ ပျက် တာလား၊ (မဟုတ်ပါ ဘုရား) ကိုယ့်ခန္ဓာ ပျက်တာဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေသည် ကိုယ့်အသေ ကိုယ်မြင်ချင်လို့ရှိရင် ဝေဒနာလဲ ရှုပါ၊စိတ်လဲ ရှုပါ့၊(မှန်ပါ့) ဝေဒနာကြိုက်ရင် ဝေဒနာရှုပါ၊ စိတ်ကြိုက်ရင်(စိတ်ရှုပါ)။

ရှုလိုက်လို့ရှိရင်ဖြင့်-တဲ့၊ကဲ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်မှာ ဝေဒ နာက ဖြစ် ပျက် ရှုတာက မဂ်၊(မှန်ပါ့)သေတာက တဏှာ၊ (မှန်ပါ့ တဏှာပစ္စယာ-ဥပါဒါန်လာသေးရဲ့လား (မလာပါ ဘုရား)ဥပါဒါနပစ္စယာ ကမ္မဘဝေါကော(မလာပါဘုရား) ဘဝပစ္စယာဇာတိဆိုတဲ့ နောက်ဘဝကော၊(မလာပါဘုရား)။

အင်း....ဟင်–ဒါဘယ့်နှယ်ကြောင့်မလာပါလိမ့်ဆိုတော့ ကိုယ့်အသေကိုယ်မြင်လို့ မလာတာ၊(မှန်လှပါဘုရား) ဒကာ သစ် - ဘယ့်နှယ်တုံး–(ကိုယ့်အသေကိုယ်မြင်လို့ မလာတာပါ ဘုရား) ကိုယ့်အသေကိုယ်မြင်လို့ မလာတာဆိုတာ ထင်ရှား ပလား၊ (ထင်ရှားပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တဲ့အလုပ်သည်ပဋိစ္စသမုပ္ပါဒ် သံသရာပြတ်တဲ့အလုပ်၊ (မှန်လှပါ)ကိုယ့်အသေ ကိုယ်မြင်တဲ့ အလုပ်ဟာ(ပဋိစ္စသမုပ္ပါဒ်သံသရာပြတ်တဲ့အလုပ်ပါဘုရား)။

ဒါဖြင့် ဒီအလုပ်မှတစ်ပါး သံသရာပြတ် တရားဟာဖြင့် အမြန်ဆုံးပြတ်တဲ့ တရား၊ ဒါပဲရှိတယ်၊ (မှန်လှပါ) ရိပ်မိ ကြပလား၊ (ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်အသေသည်ကားလို့ဆိုရင် အမြဲတမ်းသေနေတာကို အမြဲတမ်း သိပေးလိုက်လို့ ရှိရင်ဖြင့် တပည့်တော်တို့ မပင်ပန်းပေဘူးလားလို့ ခင်ဗျားတို့ မေးချင် မေးလိမ့်မယ်၊ (မှန်လှပါဘုရား)။

မပင်ပန်းပါဘူး ဒကာဒကာမတို့၊ အင်း....ဟင်-သူက ပျက်နေတာ ကိုယ်က စောင့်ကြည့်နေရင် ဒကာ ဒကာမတို့ ရောဝတီစီးနေတယ်၊အထက်ရေတွေ အောက်စီးကျနေတယ်၊ ကြည့်ရတာ ပင်ပန်းသလားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ၊ (မပင်ပန်းပါဘုရား)။

ဒီမှာလဲ ခန္ဓာကို မဂ်ဉာဏ်ကလေးနဲ့ အသေကလေးတွေက သေလိုက်-အစားထိုးလိုက်၊ သေလိုက်-အစားထိုးလိုက် ဆို တာ သိနေရင် မပင်ပန်းဘူး၊ (မှန်လှပါ) ပင်ပန်းသလား၊ (မပင်ပန်းပါဘုရား)။

မပင်ပန်းပါဘူး-တဲ့၊သေတာကိုလဲ မြင်လိုက်၊အစားထိုး တာလဲမြင်လိုက်၊(မှန်ပါ) သေတာလဲမြင်လိုက်၊ (အစားထိုး တာလဲ မြင်လိုက်)အင်း....ဟင်-တစ်စိတ်သေပြီးရင် တစ်စိတ် အစားထိုးတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒီကဲ့သို့ အစားထိုးတာကလေးတွေ သေတာကြည့် လိုက် အစားထိုးတာကြည့်လိုက်၊ အစားထိုးတာ အသေဝင်တာကြည့်လိုက်၊ (မှန်ပါ့)ဒီလိုကြည့်ပြီး ကြည့်ပြီး နေတာကို အလုပ်သင်ပေးနေတာလို့ မှတ်လိုက်၊ (မှန်လှပါဘုရား)။

သေတာလဲ ကြည့်၊ အစားထိုးတာလဲ ကြည့်တာသည် ဒကာဒကာမတို့ ဒါဟာ အလုပ်သင်ပေးနေတယ်၊ (မှန်လှပါ) ဘုန်းကြီးက ဟောနေတာပဲ၊ အလုပ်မသင်ဘူးလို့ ဒီလိုမယူလိုက်ပါနဲ့၊ (မှန်ပါ့)သဘောပါကြပလား၊(ပါ,ပါပြီ)။

အဲဒီကဲ့သို့ သေတာလဲ ကြည့်၊ အစားထိုးတာလဲကြည့် ဆိုတော့မှ အင်းဟင်-ဝယဆိုတဲ့ပျက်တာလဲမြင်တယ်၊ (မှန်ပါ) ဥဒယဆိုတဲ့ အစားထိုးတာလဲ မြင်သွားတယ်၊ (မှန်လှပါ) ဒါဖြင့် ဥဒယဗ္ဗယမြင်တော့ ဒကာ ဒကာမတို့ ဥဒယဗ္ဗယက ခန္ဓာ၊ မြင်တာကပညာ၊ (မှန်လှပါဘုရား) ဥဒယဗ္ဗယက (ခန္ဓာပါဘုရား)မြင်တာက (ပညာပါဘုရား)။

အဲဒါနဲ့နေလိုက်တဲ့အခါကျတော့ ကြာတော့ အင်းဟင်-ဖြစ်တာကလေး၊ ပျက်တာကလေးချည်း မြင်မြင်-မြင်မြင်နေရတော့ ကိုယ့်အသေကို ကိုယ်မုန်းတယ်၊ (မှန်လှပါဘုရား)။ မမုန်းပေဘူးလား၊ (မုန်းပါတယ်ဘုရား)။

ကိုယ့်အသေ ကိုယ်မုန်းလာလို့ရှိရင်လဲ ဒီဝိပဿနာ ရှုတာမလျှော့နဲ့၊(မှန်လှပါ) မုန်းလျက်နဲ့ ပေပြီးသကာလ စိုက်ပြီးသကာလရှုပါ၊(မှန်ပါ့)ရှုလိုက်တဲ့အခါကျတော့ကိုယ့်အသေတွေသည် ဒကာဒကာမတို့ အသေဒုက္ခထက်ကြီးတဲ့ဒုက္ခ မရှိပါကလားလို့နှလုံးသွင်းလိုက်တယ်၊(မှန်ပါ့)အသေဒုက္ခထက်ကြီးတာများ ရှိသေးသလား၊(မရှိပါဘုရား)။

http://www.dhammadownload.com



အဲဒါအသေဒုက္ခထက်ကြီးတာမရှိတော့ဘူးလို့ နှလုံးသွင်းလိုက်တဲ့အခါကျတော့ သေသေချာချာပဲ ဒုက္ခအကြီးဆုံးပဲလို့ ဉာဏ်ထဲမှာလဲ အတိအကျ ဆုံးဖြတ်ချက်ချပါရောတဲ့၊ အသေဟူသမျှ ရှာမတွေ့ဘူး(မှန်လှပါဘုရား)။

ရှုရင်းမတ္တာနဲ့ အသေဟူသမျှဒကာကြွယ် ရှာမတွေ့ဘူး၊ (မှန်လှပါဘုရား) ရှာမတွေ့တော့ အသေလွတ်ရာ နိဗ္ဗာန်ကို သွားမယ်၊(မှန်ပါ့ဘုရား) ရှာမတွေ့တာသည် အသေလွတ်ရာ နိဗ္ဗာန်ပဲ၊ (မှန်ပါ့) ရှာလို့ မတွေ့တာသည်(အသေလွတ်ရာ နိဗ္ဗာန်ပါဘုရား)။

ဩော်.... အဲဒီနိဗ္ဗာန်ကို မဂ်ဉာဏ်က, ရှုနေတဲ့ မဂ်ဉာဏ်က ဒကာသစ် သွားမြင်တယ်၊(မှန်ပါ့) နောက် မဂ်ဉာဏ်ချုပ်ပြီး ဖိုလ်ဉာဏ်က သွားမြင်တယ်၊(မှန်ပါ့ဘုရား)နောက် ပစ္စဝေက္ခဏာဉာဏ်က သွားမြင်တယ်၊ (မှန်လှပါဘုရား)။

အဲဒီလိုမြင်ပြီးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ကိုယ့်အသေကိုယ်မြင်တဲ့ ပုဂ္ဂိုလ်မို့ သောတာပတ္တိမဂ်ဆိုတာ ရလိုက်တဲ့ အတွက် ဒကာဒကာမတွေ သေသေချာချာမှတ်ပါ၊ အပါယ်လေးပါး တံခါးပိတ်တယ်၊(မှန်လှပါဘုရား)။

ဒီဘဝက စုတေတော့လဲ သောတာပန်သေ ဖြစ်သောကြောင့် သုဂတိရောက်ပြီး အထက်မဂ်တွေ တစ်ဆင့်တစ်ဆင့် ရပြီးသကာလ နိဗ္ဗာန်သာ တိုက်ရိုက် ဝင်တော့တယ်ဆိုတာ သေသေချာချာမှတ်ပါ၊(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာဘာပါလိမ့်၊ (ကိုယ့်အသေ ကိုယ်မြင်အောင်ရှုတာပါဘုရား)အမြင်သုံးခု ပြောင်းသွားလို့ ရှိရင် ပြီးပြီအောက်မေ့၊ (မှန်လှပါဘုရား)။

ကိုယ့်အသေကိုယ်မြင်တာ တစ်မျိုး၊ ကိုယ့်အသေ ကိုယ်မြင် လို့ မုန်းညာဏ်တက်တာ တစ်မျိုး၊ ကိုယ့်အသေကို ဒုက္ခသစ္စာ အစစ်ပဲလို့ ဆုံးဖြတ်ချက်ချတဲ့ညာဏ် ရောက်ပြီဆိုရင် သေတာ ပန်တည်ပြီလို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါဘုရား) ရှင်းကြ ပလား (ရှင်းပါပြီဘုရား)။

ဒီနေ့တော့ ရောက်စ, ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

*

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်တောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# သတိပညာနဲ့ ရှုရန် ပဋိစ္စသမုပ္ပါဒ်

# တရားတော်

(၁၆–၁၁–၆၁)

ဒကာ ဒကာမတို့ မိမိတို့ ပဋိစ္စသမုပ္ပါဒ် ကတ်ပြားကို ကြည့်ကြပါ၊ ကြည့်ပြီးသကာလမှ ဘုန်းကြီးက စက်ဝိုင်းပြတဲ့အခါ ဒကာ ဒကာမတွေက ကိုယ့်ကိုယ်ကိုကြည့်ပြီး နားလည်သရွေ့ ကြည့်ရမယ်ဆိုတာ မှတ်ရမယ်၊ (မှန်ပါ့ဘုရား)။

ဒီအတိုင်း ဒီကပြထားတာ ဒကာ ဒကာမတွေက ပဋိစ္စသမုပ္ပါဒ် ကတ်ပြားက မပါခဲ့တော့ ပြောသာနေရတယ် ကိုယ့်အမှတ်သညာတက မမြဲမှာစိုးလို့ နက်ဖြန်ကျတော့ မရသေးတဲ့ ပုဂ္ဂိုလ်တွေပြောတာပေါ့၊ (မှန်ပါ့) ရပြီးသား ပုဂ္ဂိုလ်များကလဲ ပြန်ပြီးသကာလ မှန်သွင်းထားလဲ ပြန်ယူခဲ့၊ ဒီအတိုင်း အလွတ်ထားလဲ ပြန်ယူပြီးသကာလ လေး,ငါးရက်တိုင်တိုင် ဒါကို နားလည်မှု ပြုလိမ့်မယ်၊ (မှန်ပါ့)။

အဲဒီလို ပြုလိုက်တဲ့အခါကျတော့မှ ဩော်–ဒို့အိမ်မှာ ချိတ်ထားတဲ့ ဒီ့ပဋိစ္စသမုပ္ပါဒ်ကတ်ပြားဟာဘယ်လိုကျေးဇူးများ

http://www.dhammadownload.com



ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ကိုယ့်အကြောင်း ကိုယ်သိပြီးသကာလ ကိုယ့်ဒုက္ခလည်ပုံ ကိုယ်သိပြီးသကာလ ကိုယ့်ဒုက္ခဖြစ်နိုင်ပုံကို ကိုယ်ကျင့်ချင်တဲ့စိတ် ပေါ်လာပါလိမ့်မယ်၊ (မှန်ပါ့)။

ဒါကြောင့်ဘုန်းကြီးတို့ဒကာ-ဒကာမတွေကတ်ပြားယူပြီးသကာလ အခုဒကာဦးထွန်းရင်တို့ကပုံစံတွေလုပ်ပြီးသကာလထားတာ လှည့်ပြဖို့ပါပဲ၊ (မှန်ပါ့)။

သို့သော်....နှစ်ယောက် အညီအညွတ်က မရှိကြသေးဘူး၊ (မှန်ပါ့ဘုရား) ဆရာဘုန်းကြီးက, ပြတော့ ဒကာ-ဒကာမတို့ ဒီပုံကြီးကို ကြည့်နေပြီ၊ (မှန်ပါ့) ဒကာ-ဒကာမတွေက ဒီပုံစံလဲကြည့် ကိုယ့်ပုံစံနဲ့လဲ တစ်ထပ်တည်း ဖြစ်နေတော့ ကိုယ် ဒီလိုနေရင် ဒီလိုသံသရာ လည်ရလိမ့်မယ်၊ (မှန်လှပါဘုရား) ဆရာသမားပြောတဲ့အတိုင်း ဖြတ်လမ်းကို အလုပ်,လုပ်လို့ရှိရင် လဲ သံသရာမလည်ဘဲနဲ့ အိုဘေး,နာဘေး,သေဘေးတွေဇာတိ သိမ်းလို့ နိဗ္ဗာန် မဂ်ဖိုလ်ကြီး မျက်မှောက်ပြုနိုင်လိမ့်မယ်ဆိုတာ ကိုလဲ သေသေချာချာ မှတ်ရမယ်၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ—ဒကာမတွေ နက်ဖြန် ကျလို့ရှိရင်ဖြင့် ကိုယ့်ကတ်ပြား ကိုယ်ယူဖြစ်အောင် ယူခဲ့ ကြပါ၊ (မှန်ပါ့ဘုရား) ယူတဲ့အခါမှာလဲ ဒီလို မထိုင်ကြဘဲနဲ့ ကိုယ့်အတန်းနဲ့ကိုယ်ထားပြီး စာရွက်ရှေ့မှာချနိုင်အောင် ဒီလို အစီအစဉ် အတန်းကလေးနဲ့ ထိုင်ကြလို့ရှိရင်လဲ တစ်ယောက်နဲ့ တစ်ယောက်ဖယ်ပါဦး၊ နည်းနည်းကျဉ်းသေးတယ်၊ မြောင်း သေးတယ် အစရှိသည်ဖြင့် ဆိုစရာ မလိုတော့ဘူး၊ (မှန်လှပါ ဘုရား)။

http://www.dhammadownload.com



အဲဒါ ထိုင်ပုံနဲ့တကွတန်းတန်းပြီးသကာလကိုယ့်အတန်းနဲ့ ကိုယ်ထိုင်၊ နောက်တန်းနဲ့ ဥပမာ....လက်မနှစ်ဆယ်လောက် ခွာပြီးသကာလ ထိုင်လိုက်တာပေါ့၊ (မှန်ပါ့) ထိုင်လိုက်တော့ ရှေ့က ကိုယ့်ကတ်ပြား ကိုယ်ချနိုင်တယ်၊ ချပြီးတစ်ခါ ဒီကပြ တာကိုလဲကြည့်၊ဒကာ - ဒကာမတွေကကိုယ့်ပုံထဲလဲ ကိုယ်ကြည့် လိုက်တဲ့အခါကျတော့ သြော်.... သံသရာခရီးကြီးဟာ ဒီလို သွားနေတာပါကလား ဆိုတာ–ပေါ်လာလိမ့်မယ်၊ (မှန်ပါ့ ဘုရား)။

ဒီလိုချည်း သွားနေလို့ရှိရင် ဒုက္ခစက်သာ လည်နေမှာပဲ ဆိုတာ ဒကာကြွယ်တို့ သိမှာပဲ၊ (မှန်ပါ့) အဲဒီ ဒုက္ခစက်ကိုလဲ ယခုအချိန် ဆရာကောင်းသမားကောင်းနဲ့တွေ့တုန်း ထောင် နိုင်တဲ့နားကလဲ ရှိတုန်းမှာမှ မပြတ်လို့ရှိရင် ဒကာသစ်တို့ ဘယ်တော့မှ မပြတ်တော့ဘူး၊ (မှန်ပါ့ဘုရား)။

ပြတ်ဖို့ရာ အချိန်အခါကာလကိုလဲ ဟောနိုင်တဲ့ ပုဂ္ဂိုလ်လဲ ဒကာကြွယ် ကြုံဦးမှနော်၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့ကလဲ ထောင်နိုင်တဲ့နားလဲ ပါဦးမှ၊ (မှန်ပါ) ကျန်းမာရေးကလဲ ပြည့်စုံပါဦးမှ၊ (မှန်ပါ့)။

အဲဒါကြောင့် ယခုအချိန်သည် လာကြတဲ့ ဒကာ-ဒကာမ တွေ အင်း....ငါတို့ တစ်သံသရာလုံး ဒုက္ခပင်လယ် ဝေလာတာ ဟာဖြင့်ဒီတစ်ခါတော့ဇာတ်သိမ်းရတော့မှာပဲဆိုပြီးသကာလ ကိုယ့်ဉာဏ်နဲ့ ကိုယ်သိမ်းဖို့ကို ဘုရားဟောတဲ့အတိုင်း ဘုန်းကြီး က ပြပါမယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီလိုပြတဲ့အခါကျတော့မှ ဘုန်းကြီးတို့ ဒကာဒကာမ တွေကသြော်-ဒီလိုသိမ်းရင် ဒီလိုဖြစ်တယ်ဆိုတာနိဗ္ဗာန်မဝေး ပါကလား ဆိုတာလဲ ဒီစက်ဝိုင်းကြီးကပဲ တာဝန် ခံလိမ့်မယ် ဆိုတာ ဒကာကြွယ် မှတ်ထားရမယ်၊ (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ နည်းက နက်ဖြန်မှပဲ ပြကြပါစို့နော်၊(မှန်ပါဘုရား)ဒီနေ့အရေးကြီးတဲ့အချက်က ဘာပါလိမ့်မလဲလို့ မေးဖို့လိုလာတယ်နော်၊(လိုလာပါတယ် ဘုရား)။

ဒီနေ့အရေးကြီးတဲ့အချက်ကခန္ဓာကိုယ်အသက်တမ်းသည် လိုက်တာပေါ့၊(မှန်ပါ)လေကလေးထုတ်တဲ့စိတ် ပြင်ဘက်ကို သွားပါတယ်၊(မှန်ပါ)ပြန်ရှိုက်တဲ့စိတ်မလာတော့သေတယ် ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ၏အသက်တမ်းသည် စိတ်ကလေးတစ်ခုဖြစ်ပေါ်ပြီးနောက် စိတ်တစ်ခုဖြစ်ပေါ်မှု မရှိရင်ဒကာသစ်ဘယ့်နှယ်ဆိုကြမလဲ၊(သေပါတယ်ဘုရား)။

အဲဒါကြောင့်နက်ဖြန်အသာထားပြီးယနေ့အရေးကြီးတဲ့ အကြောင်းကို ယနေ့သိပြီးသကာလ ယနေ့လုပ်နိုင်တဲ့အလုပ် ကိုပဲ ယနေ့ ဟောရလိမ့်မယ် ဒကာကြွယ်ရေ့၊ (မှန်ပါ)။

ကဲ-ဒါဖြင့် ဒကာဒကာမတို့ ဂရုစိုက်ပြီး သကာလသာ မှတ်ကြ-နားထောင်ကြ၊ (မှန်လှပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အကြိမ်ပေါင်းများ စွာ မှာခဲ့တယ်၊ ဘယ်လိုမှာခဲ့သတုံးလို့ မေးတဲ့အခါကျတော့ "သဘော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရီ၊အယံ ဝေါ အမှာကံ အနုသာသနီ"လို့ပါဠိတော်၌ဆုံးမလိုက်တယ် (မှန်ပါဘုရား)။

http://www.dhammadownload.com



အဓိပ္ပာယ်ကတော့ ဘာပါလိမ့်မတုံး-လို့ မေးတဲ့အခါကျတော့ သတိပညာနဲ့နေကြဟော့၊ (မှန်ပါ့) အဓိပ္ပာယ်က ဘာပါလိမ့်၊ (သတိပညာနဲ့နေကြ)သတိပညာနဲ့ နေကြပါဆိုတာ လေးလေးစားစားကိုယ်တော်မြတ်ကြီး အကြိမ်ပေါင်းများစွာ မှာတယ်လို့ မှတ်ထားပါ။ (မှန်ပါ့)။

ဒါဖြင့် သတိ ပညာနဲ့ ဆိုတာမှာ သတိကဘာတုံး မေးလို့ရှိရင်ဖြင့်....တဲ့၊ ခန္ဓာကိုယ်ဘာဖြစ်နေတယ်ဆိုတာ သတိထားရမယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား) ခန္ဓာကိုယ်ဘာဖြစ်နေသတုံးလို့ခန္ဓာကိုယ်က ပြောတိုင်း ပြောတိုင်း သတိထားရမယ် ဒကာကြွယ်ရေ၊ (မှန်လှပါဘုရား)။

ပညာကဘာလုပ်ရမှာတုံးလို့ မေးတဲ့အခါကျတော့ပညာက နောက်ကနေပြီးသကာလ ဆုံးဖြတ်ချက် ချပေးရမယ်၊ (မှန်ပါ့ဘုရား)။

သတိကပေါ်တိုင်း-ပေါ်တိုင်း ခန္ဓာကိုယ်ကဘယ်လိုပေါ်နေတယ်ဆိုတာ သတိထားရမယ်၊(မှန်လှပါဘုရား)ပညာက ပေါ်နေတဲ့ တရားလေးက ဘယ်သဘောပါလိမ့်မလဲ ဆိုပြီး သကာလ ဆုံးဖြတ်ချက်ချရမယ်၊ (မှန်လှပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ သတိထား၊ ပညာနဲ့ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အကြိမ်ပေါင်းများစွာ သတိထားပြီးခန္ဓာကိုယ်ဉာဏ်နဲ့ဆုံးဖြတ်ချက်ချပါကွာ-လို့ ဆိုတဲ့အကြောင်းကို ဒကာဒကာမတို့ အကြိမ်ပေါင်းများစွာ မှာတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဘယ်လိုပါလိမ့်၊ (သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက်ချပါ)သတိထားပြီး ပညာနဲ့ဆုံးဖြတ်ချက်ချ၊(မှန်လှပါဘုရား) ဒကာ ဒကာမတို့ ဘယ်လိုပါလိမ့်၊ (သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက်ချပါဘုရား)။

ဩော်-သတိထားပြီး ပညာနဲ့ဆုံးဖြတ်ချက် မချတဲ့ပုဂ္ဂိုလ်များကြီးလို့လဲ ကြီးမှန်းမသိ၊ အိုလို့လဲ အိုမှန်းမသိ၊ ပြိုလို့လဲ ပြိုမှန်းမသိ၊ ပျက်လို့လဲပျက်မှန်းမသိဆိုတာဟာ ဒကာဒကာမတို့ အတူနေပြီးသကာလ မသိဆိုးဝါးနေကြတာတွေ များလွန်းလို့ ကိုယ်တော်မြတ်ကြီးက မှာတော်မူတယ်၊ (မှန်ပါဘုရား)။

> ဘိက္ခဝေ ရဟန်းတို့။ သတော၊ သတိရှိသည်ဖြစ်၍။
> သမ္ပဇာနော၊ ပညာအဆင်အခြင်နဲ့ ပြည့်စုံကြကုန်သည်ဖြစ်၍။ ဝိဟရေယျ၊ နေရစ်ကြပါကွာလို့....

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှာတော်မူတယ်၊(မှန်ပါဘုရား) သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက်ချပြီးနေကြပါကွာ၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေက သတိထားပြီး ပညာနဲ့ဆုံးဖြတ်ချက်ချတော့ ခန္ဓာကိုယ်ကြီးက ခဏခဏသူကသတိမထားတဲ့ပုဂ္ဂိုလ်မသိရဘူး၊(မှန်လှပါဘုရား)။

သတိထားတဲ့ပုဂ္ဂိုလ်ကျလို့ရှိရင်ဖြင့် တော်တော်ကြာကျလို့ရှိရင် အခုခဏကလေးကစိတ်တစ်မျိုး၊(မှန်ပါ) နောက်ခဏကျတော့ (စိတ်တစ်မျိုးပါဘုရား)ဟိုဘက်ခဏ ကျပြန်တော့ (စိတ်တစ်မျိုးပါဘုရား)။

http://www.dhammadownload.com



အင်း- သတိထားတဲ့ပုဂ္ဂိုလ်ကျတော့ ဩော်-ဒီစိတ်တွေ ဒီစိတ်တွေဒီလိုတန်းနေပါကလား၊တစ်စိတ်ချုပ်ပြီးမှတစ်စိတ်ဖြစ်တာပါလားဆိုတာ ဒဏကြွယ်-ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ပညာနဲ့ကြည့်လိုက်တဲ့အခါကျတော့ ဩော်—ပထမစိတ်လဲ မခိုင်မြဲပါလား၊ (မှန်ပါ့ဘုရား) ဒုတိယစိတ်လဲ -(မခိုင်မြဲပါဘုရား) တတိယစိတ်လဲ —(မခိုင်မြဲပါဘုရား)။

ဩော်ဒါတွေဟာ ဘာပါလိမ့်မလဲလို့ အားလုံးစစ်ဆေးကြည့်တော့မှ မိမိသေနေတာလို့ မှတ်လိုက်၊(မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (မိမိသေနေတာပါဘုရား )မိမိ သေနေတာလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

ဩော်-ဒါဖြင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မနေ့ကလဲ ပြောခဲ့ပါတယ်၊ကိုယ့်အသေ ကိုယ်မြင်ဖို့ကို သတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက် ချပါ၊ (မှန်လှပါဘုရား) ကိုယ့်အသေ ကိုယ်မြင်ဖို့ကိုသတိထား၊ပညာနဲ့(ဆုံးဖြတ်ချက်ချပါဘုရား)။

ဒါဖြင့်နည်းနည်းကလေး ဒကာဒကာမတို့ ဘယ်တော့မှ ဒီအလုပ်ကို ခင်ဗျားတို့ကမလုပ်ဘူးတော့ ခန္ဓာကိုယ် အိုလို့လဲ အိုမှန်းမသိ၊ (မှန်လှပါဘုရား)ပြိုပျက်နေလို့လဲ (ပြိုပျက်မှန်းမသိပါဘုရား)။

အဲဒါ သတိမထားဘူး၊ (မှန်ပါ့) သတိမထား၊ ပညာနဲ့ မကြည့်မိတဲ့အခါကျလို့ရှိရင်ဖြင့် တဲ့၊ခန္ဓာကိုယ်ကြီးဟာ ဘာဖြစ်နေတယ်လို့ဆိုတာ ဒကာကြွယ် သိပါဦးမလား (မသိပါဘုရား)။

http://www.dhammadownload.com



ဦးလှဘူး မသိဘူးနော်၊ (မှန်လှပါ) အဲဒီတော့ မသိတော့ ဘုန်းကြီးကပြောရတယ်၊ ဒကာဒကာမတို့ မသိတာ အဝိဇ္ဇာပဲ၊ (မှန်ပါ ဘုရား) မသိတာ၊ (အဝိဇ္ဇာပါ ဘုရား) မသိတာ အဝိဇ္ဇာပဲဆိုတာ သေချာသွားပြီ၊(သေချာသွားပါပြီဘုရား)။

ဩော်–မသိတာ အဝိဇ္ဇာဖြင့် အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာ လုပ်ချင်တာလုပ်၊ပြောချင်တာ ပြောလိမ့်မယ်ဆိုတာ သေချာတယ် (သေချာပါတယ်ဘုရား)။

ဒါဖြင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဘက် လှည့်သွားတယ်၊ (လှည့်သွားပါတယ်) မလှည့်ဘူးလား၊(လှည့်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဘက် လှည့်သွားတော့ကို ကျုပ်တို့မှာအိုနာသေမှာလမ်းဆုံးတယ်၊ (မှန်လှပါဘုရား)။

ဩော်....ဘယ့်နှယ်ကြောင့် အိုနာသေတွေ တို့ ခဏခဏ တွေ့နေရပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့မှ ခန္ဓာကိုယ် ကြည့်ပြီး သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက်မချလိုက်တာနဲ့ အဝိဇ္ဇာဆိုတာ မသိမှု၊ မသိမှုအုပ်ချုပ်သွားတာနဲ့ တို့မှာဖြင့်တဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြစ်ပြီး ဇာတိဇရာမရဏဆိုတဲ့ဘက်သို့ ရောက်သွားတယ်၊ (မှန်ပါ) မရောက်ဘူးလား၊ (ရောက်ပါ တယ်ဘုရား)။

ထိုကဲ့သို့ရောက်သွားတဲ့အခါဘာချို့ယွင်းချက်ရှိလို့ဒီအရှုပ် ဆိုးတဲ့ဘက်ရောက်သွားပါလိမ့်မလဲလို့ဒကာကြွယ်မေးတော့မှ ဩော်....သတိထား ပညာနဲ့ဆုံးဖြတ်ချက် မချလို့၊ (မှန်လှပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘယ်လိုကြောင့်ပါလိမ့် (သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက် မချလို့ပါ ဘုရား)။

သတိထားပြီး ပညာနဲ့ ဆုံးဖြတ်ချက် မချလိုက်တဲ့အတွက် ကျုပ်တို့မှာတဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာလာတော့တယ်၊ (မှန်ပါ့ဘုရား) ဇာတိ ဇရာ မရဏတွေကော၊ (လာပါတယ် ဘုရား)။

အင်း–ဘယ့်နှယ်ကြောင့် လာပါလိမ့် ဒကာဒကာမတွေပဲ စဉ်းစားကြည့်၊(သတိထားပြီးပညာနဲ့ဆုံးဖြတ်ချက် မချလို့ပါ ဘုရား)။

ယနေ့ကစပြီး ဘုန်းကြီးတို့ အမိအဖ ဆွေမျိုး ဉာတကာ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ခန္ဓာကိုယ် သတိထားမဟာ၊ သူက ဘယ်လိုပြမလဲဆိုတာ သတိထားမဟာ၊ ပညာနဲ့ ဆုံးဖြတ်ချက် ချမဟာ-ဆိုတဲ့ ဥစ္စာကို အလုပ်မလုပ်ခင် တစ်ခါတည်း သတိ ပညာကလေးနဲ့ ခန္ဓာကိုယ် ဦးတည်ထား လိုက်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘာနဲ့ ဦးတည်မတုံး၊ (သတိပညာနဲ့ ဦးတည်ထားရပါ မယ်ဘုရား)။

သတိပညာနဲ့ဦးတည်ထားရမယ်၊ အောက်မေ့မှုသတိမလစ် စေရဘူးဟ၊ပညာနဲ့လဲ ဆုံးဖြတ်ချက်ချမဟာဆိုလို့ရှိရင်ပညာက ဝိဇ္ဇာ၊ (မှန်လှပါ) ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပညာက ဝိဇ္ဇာဖြစ်နေတော့ အဝိဇ္ဇာက ချုပ်သွားတယ်၊ (မှန်ပါ့) အဝိဇ္ဇာကချုပ်တော့ သင်္ခါရလာနိုင်သေးရဲ့လား၊ (မလာနိုင် ပါဘုရား)။

http://www.dhammadownload.com



မလာနိုင်တော့ အကျိုးဖြစ်တဲ့ ဇာတိ ဇရာ မရဏတွေဒကာ ကြွယ်- လာပါဦးလို့ လာသေးရဲ့လား၊ (မလာပါဘုရား)။

အင်း....ဘယ့်နှယ်ကြောင့် ဒကာ-ဒကာမတွေ အိုဘေး, နာဘေး, သေဘေးတွေ၊ ပဋိသန္ဓေနေဘေးတွေ ကင်းသွားပါ လိမ့်မလဲလို့ သေသေချာချာ စဉ်းစားတော့မှ သတိထားပြီး ခန္ဓာကိုယ် ပညာနဲ့ ဆုံးဖြတ်ချက် ချနေလို့၊ (မှန်ပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ဘယ်လိုထားလို့ပါလိမ့်၊ (သတိထားပြီးပညာနဲ့ ဆုံးဖြတ်ချက် ချလို့ပါဘုရား)။

ဒကာကြွယ်-ဒါကြောင့် မြတ်စွာဘုရားက "သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနကာရီ၊ အယံခေါ အမှာကံ အနုသာသနီ"ဆိုပြီးသကာလ အကြိမ်ပေါင်းများ စွာ ဆုံးမတော်မူခဲ့တယ်၊ (မှန်လှပါဘုရား) အကြိမ်ပေါင်း များစွာကိုယ်တော်မြတ်ကြီးဟောခဲ့တယ်၊ (မှန်လှပါဘုရား)။

ဩြော်—ဘယ့်နှယ်ကြောင့် ကိုယ်တော်ကြီး အပင်ပန်းခံပြီး အကြိမ်ပေါင်းများစွာ ဟောပါလိမ့်မတုံးဆိုတော့ ဟော– မင်းတို့သန္တာန်မှာ သတိထား ပညာနဲ့ကြည့်နေရင် အဝိဇ္ဇာ ချုပ်တယ်ကွ၊(မှန်လှပါဘုရား) အဝိဇ္ဇာချုပ်လို့ရှိရင်ဖြင့် ဝိဇ္ဇာ ဥပပါဒ်ဆိုတာ ပေါ်လာတယ်ကွ (မှန်ပါဘုရား) ဝိဇ္ဇာဉာဏ် ရတဲ့အတွက် အိုဘေး, နာဘေး, သေဘေးတွေဟာ နောက် ကို မတွေ့တော့ဘူးဟေ့၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဒီ သတိထားပညာနဲ့ ဆုံးဖြတ် ချက် ချတဲ့အရေးသည် ဒကာကြွယ်ရေ—အင်မတန် ကြီးတဲ့ အရေးလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) ဒကာကြွယ်—

http://www.dhammadownload.com



ဘာပါလိမ့် ပြောစမ်းပါ (သတိထား ပညာနဲ့ဆုံးဖြတ်ချက် ချတဲ့ အရေးဟာ အကြီးဆုံးအရေးပါဘုရား)။

အင်း.. ဟင်း.... ဘယ်ပေါ်မှာ သတိထားရမှာပါလိမ့်၊ (ခန္ဓာပေါ်မှာ သတိထားရမှာပါ) ခန္ဓာပေါ်မှာ သတိထား တော့ ပညာနဲ့ ခန္ဓာပေါ်မှာပဲ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

အဲဒီလို သတိထားပြီး ခန္ဓာပေါ်၊ သတိထား၊ ခန္ဓာပေါ် ပညာနဲ့ ဆုံးဖြတ်ချက်ချလိုက်တဲ့အချိန်ကျတော့ဒကာကြွယ်ရေ ခန္ဓာက ဘယ်လိုများ သတိထားလိုက်တဲ့အခါပေါ်လာသတုံး ဆိုလို့ရှိရင်ဖြင့် ဥပမာမယ် သူပေါ်ချင်ရာကစပြီး သကာလ ဘယ်လိုပေါ်လာသတုံးလို့ မေးတဲ့အခါကျလို့ရှိရင် ယားတာ ကလေးရင်လဲ ပေါ်လာတယ်၊ (မှန်ပါ့) နာတာ ကလေး ရင်လဲ (ပေါ်လာပါတယ်)၊ ယားတာ ကလေးကလဲ ဒုက္ခ၊ နာတာကလေးကလဲ ဒုက္ခ၊ အင်း....တော်တော်ကြာကျတော့ ယားတာကလေးပျောက်သွားတဲ့ သုခလဲပေါ်တယ်၊(မှန်ပါ့) နာတာကလေး ပျောက်သွားတဲ့ သုခလဲ၊ (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဩော်-ယားတာ ဒုက္ခ၊ ပျောက် သွားတော့ သုခ၊ (မှန်ပါ့) ခန္ဓာကိုယ်ထဲမှာ ဒုက္ခဝေဒနာ သုခဝေဒနာရှိပါသလား၊(မှန်ပါ့ဘုရား)ပေါ်ပလား၊(ပေါ် ပါပြီဘုရား)။

ယားတာက ဒုက္ခဝေဒနာ၊ ပျောက်သွားတော့၊ (သုခဝေ ဒနာပါဘုရား) နာတာ၊ (ဒုက္ခဝေဒနာပါ) ပျောက်သွား တော့၊ (သုခဝေဒနာပါဘုရား) အင်း–ဒို့အထဲ ဝေဒနာ

http://www.dhammadownload.com



နှစ်ခု လှည့်နေပါကလား၊ (မှန်ပါ့ဘုရား) ဒကာကြွယ် ဘာ လှည့်နေသလဲ၊ (ဝေဒနာနှစ်ခု လှည့်နေပါတယ်ဘုရား)။

ဝေဒနာနှစ်ခုလှည့်နေတယ်၊ (မှန်ပါ့)ဝေဒနာနှစ်ခု လှည့် ပြီးနေတော့မှ အင်း-ဒို့အထာတွေဖြင့် အကုန်လွဲကုန်ပြီ၊ သတိ ထား-ပညာနဲ့ကြည့်၊ ကြည့်လိုက်တဲ့အတွက် ဒို့က ငါမိန်းမပဲ၊ ငါယောကျ်ားပဲလို့ ထင်နေတော့ အခု ခန္ဓာကပြတာက ဝေ ဒနာနှစ်ခုလှည့်ပြီး,ဝေဒနာတစ်ခုချုပ်ပြီး ဝေဒနာတစ်ခု ဖြစ် တယ်ဆိုတဲ့အဓိပ္ပာယ် ခန္ဓာက ပြောနေတယ်၊ (မှန်လှပါ ဘုရား)။

ဒကာကြွယ် ခန္ဓာက ဝေဒနာတစ်ခုချုပ်ပြီး ဝေဒနာတစ်ခု အစားထိုးတယ်လို့ မပြောလား၊ (ပြောပါတယ်ဘုရား)။

အင်း-ယောကျ်ား,မိန်းမလို့ ပြောသလား၊ ဝေဒနာတွေ လဲလှယ်နေတယ်လို့ ပြောသလား၊ (ဝေဒနာတွေ လဲလှယ်နေ တယ်လို့ ပြောပါတယ်ဘုရား)။

ဩော်-ဒီတစ်လုံးနဲ့ပဲ ဒကာ-ဒကာမတို့ ယောကျ်ား,မိန်းမ ပျောက်ထွက်သွားတယ်၊ (ပျောက် သွား ပါ တယ် ဘု ရား) ဦးညွန့် ဘာတွေပျောက်သလဲ၊ (ယောကျ်ား,မိန်းမ ပျောက် သွားပါတယ်ဘုရား) အင်း ခန္ဓာကိုယ်သတိထားပြီး ပညာနဲ့ ကြည့်လိုက်တော့ ဝေဒနာတွေလှည့်ပတ်နေတာ တွေ့တယ်၊ (မှန်လှပါဘုရား)။

ကြည့်ပါလား-ဒကာ ဒကာမတို့ ဝေဒနာတွေ လှည့်ပတ် တယ်၊မလှည့်ပတ်တယ်ဆိုတာ စဉ်းစားကြည့်ပါ၊နေကောင်း ရဲ့လား၊ ကောင်းပါတယ်ဆိုတာ သုခဝေဒနာ ပေါ်နေတာ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နေမကောင်းဘူး၊ ခေါင်းကနာ, လည်ကနာ,ရင်ကကြပ်တယ်၊ ဒီလိုဆိုပြန်တော့လဲ အင်း-ဒုက္ခဝေဒနာတွေ လှည့်နေတယ်၊ (မှန်ပါ့ဘုရား)။

သုခ-ဒုက္ခ လှည့်မနေဘူးလား၊ (လှည့်နေပါတယ်ဘုရား) သုခ-ဒုက္ခ လှည့်နေတော့ ဩော်-ယောကျ်ားတွေ ဘာဖြစ်ပါလိမ့်မလဲ၊ မိန်းမတွေ ဘာဖြစ်ပါလိမ့်မလဲလို့ဆိုတဲ့ အဓိပ္ပာယ် ရှင်းပြီးသကာလ ခန္ဓာကိုယ်ထဲ သုခ-ဒုက္ခသာ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ် ပေါ်လာတယ်၊ (ပေါ်ပါတယ်ဘုရား)။

ဘယ်လို ပေါ်လာသလဲ၊ (ခန္ဓာကိုယ်ထဲ ဒုက္ခ-သုခသာ ရှိတယ်လို့ ပေါ်လာတယ်ဘုရား)။

သုခ-ဒုက္ခ ရှိတယ်ဆိုတာ ပေါ်လာတယ် ဒကာကြွယ်၊ (မှန်ပါ့)သုခ-ဒုက္ခ ရှိတယ်ဆိုတာပေါ်လာတော့ ဒါကလေးသာ သတိထား ပညာနဲ့စိုက်ကြည့်နေ၊ တစ်ခါတည်း ယောကျ်ား-မိန်းမ ပျောက်ထွက်သွားတာပဲ၊ (မှန်ပါ့) ဘာတွေ ပျောက်ထွက်သွားသတုံး၊ (ယောကျ်ား-မိန်းမ ပျောက်ထွက်သွားပါတယ်ဘုရား)။

ယောကျ်ားလဲ မဟုတ်ဘူး၊ မိန်းမလဲ မဟုတ်ဘူးဟေ့၊ ဝေဒနာက္ခန္ဓာကြီးဟာ၊ (မှန်ပါ့) သုခဝေဒနာက္ခန္ဓာ၊ ဒုက္ခဝေဒနာက္ခန္ဓာကြီး လှည့်နေတယ် ဆိုတဲ့ဥစ္စာ၊ ဒကာကြွယ် ခန္ဓာက ပြောပါကောလား၊ (ပြောပါတယ်ဘုရား)။

ခန္ဓာကပြောတာကို သတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက်ချလိုက်တော့ သတိထားတာကဝေဒနာပေါ်တယ်လို့သတိထားတော့ ပညာကလဲ ယောကျ်ား-မိန်းမမဟုတ်ဘူး၊ဝေဒနာတွေ

http://www.dhammadownload.com



သာလျှင် လှည့်ပတ်ပြီး ပေါ်နေတယ်လို့ ပညာကလဲ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

အဲဒီကဲ့သို့သတိထား၊ ပညာနဲ့ဆုံးဖြတ်ချက်ချလိုက်သည်နဲ့ တပြိုင်နက်တည်း-တဲ့၊ ဒကာဒကာမတို့ ယောကျ်ား-မိန်းမ ပျောက်-မပျောက်၊ (ပျောက်ပါတယ် ဘုရား) ရှုနေတုန်း ပျောက်တယ်၊(ပျောက်ပါတယ်ဘုရား)ဘာတွေ လှည့်နေပါလိမ့်၊ (ဝေဒနာတွေ လှည့်နေပါတယ်ဘုရား) ဝေဒနာတွေ လှည့်နေတယ်ဆိုတာ အတော်သေချာသွားပြီ၊(သေချာသွားပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝေဒနာတွေလှည့်နေတော့၊ဩော်.... ယောကျ်ားလဲမရှိဘူး၊မိန်းမလဲမရှိဘူး၊ဝေဒနာက္ခန္ဓာတွေသာ ရှိတယ်နော်၊ (မှန်ပါ့ဘုရား)ဘယ်လိုများ ပေါ်လာပါလိမ့်၊ ယောကျ်ားလဲမရှိ၊မိန်းမလဲမရှိ၊(ဝေဒနာက္ခန္ဓာသာ ပေါ်ပါတယ်ဘုရား) နားကြီးကြီးနဲ့ထောင်ကြပါလို့ဆိုတာလဲ သတိပေးရပြန်တယ်၊(မှန်ပါ့ဘုရား)။

ကျုပ်တို့ အမေ အဖေ သင်ထားတာက ဝေဒနာက္ခန္ဓာ၊ ဝေဒနာတွေပါဆိုတာ ဒကာကြွယ် မသင်ခဲ့ဘူးဗျ၊ (မသင်ပါဘုရား)နင့်ကိုယ်နင် ယောကျ်ားမှတ်ထား နင့်ကိုယ်နင်မိန်းမ မှတ်ထား၊မိန်းမ-မိန်းမပီပီနေ၊ ဒါပဲသင်တယ်(မှန်ပါ့ဘုရား) ယောကျ်ားဟာ ယောကျ်ားပီပီနေ၊ယောကျ်ားဟာ မိန်းမသံ ထွက်ရင်မကောင်းဘူး၊ မိန်းမက ယောကျ်ားသံ ထွက်ရင်လဲ မကောင်းဘူး၊(မှန်ပါ့)နေနည်းထိုင်နည်းမှာလဲမိန်းမဆိုတာ ကျို့ကျို့နေရတယ်၊ယောကျ်ားဆိုရင် ယောကျ်ားပီပီကြွား ကြွားရွှားရွှား နေရတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါပဲသင်ထားတော့ တစ်ခါတည်း ဆရာကောင်း သမားကောင်းမတွေ့သရွေ့ကာလပတ်လုံး ငါယောကျ်ားပဲဟ၊ ငါ မိန်းမပဲဟ-ဆိုတဲ့ အမှတ်ကြီးဟာ တစ်ခါတည်း စွဲနေတယ်၊ (စွဲပါတယ်ဘုရား)မစွဲပေဘူးလား၊(စွဲပါတယ်ဘုရား)စွဲသွားတော့ ဒကာကြွယ်-ဝေဒနာတွေ ပျောက်ကုန်တယ်၊ (မှန်ပါ့) ဝေဒနာတွေ ကွယ်ပျောက်သွားတယ်ဆိုတာ သဘောကျပလား၊ (ကျပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဝေဒနာတွေ ကွယ်ပျောက်သွားပါလိမ့်မတုံးဆိုတော့ ဩော်....မအေ မိဘများ တတ်သရွေ့သင်ထားလို့ ပျောက်သွားရတာ၊ (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊(မအေ မိဘတွေ တတ်သရွေ့သင်ထားလို့ ဝေဒနာတွေ ကွယ်ပျောက်သွားပါတယ်ဘုရား) သူတို့က သမုတိသစ္စာ သင်ထားလိုက်တယ်၊ (မှန်ပါ့) ဘုန်းကြီးက ယခု ပရမတ္ထသစ္စာ သင်ရပြန်တယ်၊ (မှန်ပါ့ဘုရား)။

ဒကာကြွယ်—ကိုယ့်အမေ အဖေက ဘာသင်ထားပါလိမ့်၊ (သမုတိသစ္စာသင်ထားပါတယ်ဘုရား) သမုတိသစ္စာ၊ (မှန်ပါ့)သူတို့လဲမှန်တာပဲ တဲ့၊ယောကျ်ားဟာ ယောကျ်ားပေါ့၊ မိန်းမဟာ မိန်းမပေါ့နော်၊(မှန်ပါ့) မှန်တာပဲတဲ့၊သို့သော်လဲ သမုတ်ပြီးမှန်တာ၊ (မှန်ပါ့ဘုရား) သိပြီးမှန်တာ မဟုတ်ဘူး၊ (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊ (သမုတ်ပြီးမှန်တာ့ သိပြီးမှန်တာမဟုတ်ဘူး)သိပြီးမှန်တာမဟုတ်ဘူး၊ သမုတ်တဲ့ သဘောနဲ့တော့ မှန်ပါရဲ့တဲ့၊(မှန်ပါ့)သဘောကျပလား (ကျပါပြီ)။

http://www.dhammadownload.com



သိပြီး မှန်တာလားဆိုတော့၊ (မဟုတ်ပါဘုရား) သိပြီး မှန်တာကတော့ ဝေဒနာတွေ၊ ဝေဒနာတွေ ယားလိုက် ပျောက်သွားလိုက်၊ နာလိုက် ပျောက်သွားလိုက်၊ ကောင်း လိုက်၊ (ပျောက်သွားလိုက်ပါဘုရား) အလတ်စားဖြစ်လိုက်၊ (ပျောက်သွားလိုက်ပါဘုရား) ဟော ဝေဒနာတွေ ပြောင်း လဲနေတာ၊ (မှန်လှပါဘုရား)။

ဝေဒနာတွေ ပြောင်းလဲပြီးသကာလ သတိထားပြီး ပညာ နဲ့ကြည့်တော့ ဝေဒနာသုံးမျိုးဟာပေါ်လာတယ်၊(ပေါ်လာ ပါတယ်ဘုရား) ချမ်းသာတာကလေး ပေါ်လာလိုက်၊ (မှန် ပါ့) ဆင်းရဲတာကလေးကော၊ (ပေါ်လာပါတယ်ဘုရား) အလတ်စားကလေးကော၊(ပေါ်လာပါတယ်ဘုရား) ဒါဖြင့် ဘယ့်နှယ်ကြောင့်ပေါ်လာပါလိမ့်မလဲ၊အကဲခတ်စမ်း၊(သတိ ထားပြီး ပညာနဲ့ ကြည့်လို့ပါဘုရား) သတိထားပြီးပညာနဲ့ ကြည့်လိုက်တော့ ဒကာကြွယ် အရှိတွေတွေ့တယ်၊ (မှန်ပါ ဘုရား)အရှိတွေတွေ့တော့မှ ဩော်-ငါသည်ပရမတ္ထသစ္စာသိ ပြီ၊(မှန်လှပါဘုရား)ဘာသိသတုံး၊(ပရမတ္ထသစ္စာ သိပါတယ် ဘုရား) ပရမတ္ထသစ္စာသိသွားတယ်၊(မှန်ပါ့) ဒကာသစ်ရေ ဘာကိုသိသွားပါလိမ့်(ပရမတ္ထသစ္စာသိသွားပါတယ်ဘုရား) အရင်တုန်းကတော့ သမုတိသစ္စာတွင် ကျုပ်တို့က လမ်းဆုံး နေတယ်၊ (မှန်ပါ့ဘုရား) အခုတော့ဖြင့် သတိထား ပညာ နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ချမ်းသာတာလဲသုခဝေဒနာ၊ နာတာ ကျင်တာ ကိုက်တာ ခဲတာလဲ (ဒုက္ခ ဝေဒနာပါ ဘုရား) အလတ်စားကလေးဖြစ်နေတာက၊ (ဥပေက္ခာဝေဒ နာပါဘုရား) ဥပေက္ခာဝေဒနာနော်၊ (မှန်ပါ့)။

နာတာ ကျင်တာ ယားတာ ကိုက်တာက ဘာတဲ့၊ (ဒုက္ခဝေဒနာပါဘုရား) နာတာ ကျင်တာ ကိုက်တာ ခဲတာတွေ ပျောက်ပြီးနေတဲ့အချိန်ကျတော့ (သုခဝေဒနာပါဘုရား)။

တစ်ခါတလေကျတော့ နာတာ ကျင်တာလဲ မဟုတ်ဘူး ချမ်းသာတာလဲ မဟုတ်ဘူး၊ ဟုတ်လား၊ (မှန်ပါ့) အလတ်စား ဖြစ်နေတဲ့အခါလဲရှိသေးတယ်၊(ရှိပါတယ်ဘုရား)အဲဒါကတော့ (ဥပေက္ခာဝေဒနာပါဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာတွေဟာ တစ်ခုသောဝေဒနာနဲ့ နေရတယ်၊ နောက်တစ်ခု ဝေဒနာနဲ့ နေရတယ်၊ နောက်တစ်ခု ဝေဒနာနဲ့ နေရတယ်ဆိုတော့ ဝေဒနာတွေ လှည့်နေတယ်၊ (မှန်ပါဘုရား) ဒကာဒကာမတို့ ဘာတွေများလှည့်နေပါလိမ့်၊(ဝေဒနာတွေ လှည့်နေပါတယ်ဘုရား) ဒါဖြင့် ဒီခန္ဓာကြီးဟာ ယောကျ်ားလား, မိန်းမလား, ဝေဒနာက္ခန္ဓာလား၊ (ဝေဒနာက္ခန္ဓာပါဘုရား)။

ဝေဒနာက္ခန္ဓာလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေကသိပြီ၊ (မှန်ပါ့) ဝေဒနာက္ခန္ဓာလို့ သိသွားတော့ ကိုင်း ဒီလိုရှိရင် ဒါ ဝေဒနာတွေ ပြောင်းလဲနေတာပဲ၊ နေကောင်းလိုက်, နေမကောင်းလိုက်, နာလိုက်, မနာလိုက်, သဘောကျပလား၊ (ကျပါပြီ) အလတ်စားဖြစ်လိုက်,အလတ်စားပျောက်လိုက်၊ (မှန်ပါ့ဘုရား) ဒီလိုကော မနေဘူးလား၊ (နေပါတယ်ဘုရား)။

အဲဒီလိုနေတော့ ဝေဒနာတွေချည်းပဲပြောင်းလဲပြီးသကာလ နေတော့ ကြော်— ဘာနဲ့ အသက်ရှင်နေကြပါလိမ့်မတုံး

http://www.dhammadownload.com



မေးရင် ဘယ့်နှယ်ဖြေကြမလဲ (ဝေဒနာနဲ့ အသက်ရှင်နေပါတယ်ဘုရား) ဒါကလေး တစ်လုံးဟာ ဒကာကြွယ်.... တယ်အဖိုးတန်တယ်၊ (တန်ပါတယ်ဘုရား) ဒကာဒကာမတွေဘာနဲ့ အသက်ရှင်နေကြသလဲ၊ (ဝေဒနာနဲ့ အသက်ရှင်နေကြပါတယ် ဘုရား)။

တစ်ခါတလေကျတော့ နေကောင်းတယ်ဆိုတော့ဘာဝေဒနာလဲ၊ (သုခဝေဒနာပါဘုရား) အင်း—သူနဲ့ အသက်ရှင်နေတာ၊ (မှန်ပါ့ဘုရား)တစ်ခါတလေကျတော့ နေမကောင်းဘူးဆိုတော့၊ (ဒုက္ခဝေဒနာနဲ့အသက်ရှင်နေတာပါဘုရား)အင်း—သေလဲမသေသေးဘဲကိုး၊ ဒုက္ခဝေဒနာနဲ့ အသက်ရှင်နေတယ်၊ (မှန်ပါ့)။ တစ်ခါတလေကျတော့ အင်း—ကောင်းလှတယ်လဲမဟုတ်ဘူး၊ မကောင်းဘူးလဲ မဟုတ်ဘူး ဒီလိုနေလိုက်ရတာပဲ၊ ဒါကျတော့(ဥပေက္ခာဝေဒနာနဲ့အသက်ရှင်နေတာပါဘုရား) ဩော်....ဒကာ ဒကာမတို့ ဝေဒနာကင်းတဲ့ အချိန်ကလေးများ ပြောကြစမ်းပါ၊ (မရှိပါဘုရား)။

ဉာဏ်နဲ့ကြည့်မှနော်၊ (မှန်ပါ့) သေသေချာချာ ပညာနဲ့ကြည့်လိုက်တော့မှ ဝေဒနာ ကင်းတဲ့ အချိန်ဟာ အပ်ဖျားနဲ့ထောက်လို့မှ တစ်ကိုယ်လုံးမှာ ထောက်စရာနေရာ အကွက်အလက် မပါ့ပါဘူး၊ (မပါ့ပါဘုရား) ပါသေးရဲ့လား၊ (မပါ့ပါဘုရား) အင်း—ဘာခန္ဓာမို့ ပါလိမ့်၊(ဝေဒနာက္ခန္ဓာမို့ပါဘုရား)။

သုခပေါ်လဲ ဝေဒနာက္ခန္ဓာ၊ ဒုက္ခပေါ်လဲ ဝေဒနာက္ခန္ဓာ၊ အလတ်စားဖြစ်တဲ့ ဥပေက္ခာပေါ်လဲ ဝေဒနာက္ခန္ဓာလို့သာမှတ်လိုက်၊ (မှန်ပါ့ဘုရား) ဒကာကြွယ် ဝေဒနာ ကင်းရဲ့လား၊

http://www.dhammadownload.com



(မကင်းပါဘုရား)အားလုံးတရားနာလာကြတဲ့ဒကာဒကာမ တွေကော ဝေဒနာကင်းကြရဲ့လား၊ (မကင်းပါဘုရား)။

အခု ဘာဝေဒနာနဲ့ နာနေကြတာတုံး၊ တရားနာနေကြ သတုံးလို့ မေးတဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့၊ ဘာဝေဒနာနဲ့ တရားနာနေသတုံး ဆိုတော့ ကျန်းမာလို့ နာနိုင်တာပေါ့၊ (မှန်လှပါဘုရား)အင်း.... ဟင်--သုခဝေဒနာနဲ့ နာနေတယ်၊ (မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒီသုခဝေဒနာနဲ့နာနေတဲ့အထဲကပဲတစ်ခါတလေကျတော့ အောက်က အဖိခံရတဲ့အတွက် ဒူးကလေးက နာသလိုလို၊ ခြေ ဖျားကလေးက နာသလိုလို မလာဘူးလား (လာပါတယ် ဘုရား) နာပေမယ့်လဲ လက်အုပ်ချီမပျက်ကြဘူး၊ တရားနား ထောင်တာလဲ မပျက်ကြတော့ ဒကာ ဒကာမတို့ဘာဝေဒနာနဲ့ တရားနာနေကြသလဲ ၊(ဒုက္ခဝေဒနာနဲ့ တရားနာပါတယ် ဘုရား) အင်း--ဒုက္ခဝေဒနာနဲ့ တရားနာတယ်၊ (မှန်ပါ့)။

တစ်ခါတလေကျပြန်တော့လဲ ဘုန်းကြီးပြောတာ အရှင်း ဆုံး ကြားကြရဲ့လားလို့မေးတော့ ကြားပါတယ်ဘုရား၊ (မှန် ပါ့) ကြားတာ ဥပေက္ခာဝေဒနာ၊ (မှန်ပါ့ဘုရား) အင်း.... ဘယ်ဝေဒနာနဲ့ တရားနာသလဲ၊ (ဥပေက္ခာဝေဒနာနဲ့ တရား နာပါတယ်ဘုရား) ဥပေက္ခာဝေဒနာနဲ့ တရားနာနေတယ် ဆိုတာလဲ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်-ဥပေက္ခာဝေဒနာနဲ့ တရား နာနေတယ်ဆိုတော့ တရားနာရင်းမတ္တနဲ့ ဆာလောင်မွတ်သိပ် သလို ဖြစ်လာတယ်၊ (မှန်ပါ့) ဆာလောင် မွတ်သိပ်သလို ဖြစ် လာတော့ အို-ဆာချင်ဆာပေစေ၊တရားပြီးမှပဲစားတော့မယ်

http://www.dhammadownload.com



ဆိုပြီး ဆာလောင်မွတ်သိပ်တာ ကလေးနဲ့ပဲ နာနေရတဲ့အခါ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခဝေဒနာနဲ့နာနေတယ်၊(မှန်လှပါဘုရား)ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား)ဆာလောင်မွတ်သိပ်တာကလေးနဲ့ တရားနာနေကြပြန်တော့(ဒုက္ခဝေဒနာနဲ့နာပါတယ်ဘုရား)

အင်း—ဒါသတိထား၊ ပညာနဲ့ကြည့်တတ်အောင် ဝေဖန်ပြောနေတယ်လို့မှတ်ပါ၊ (မှန်လှပါဘုရား) သတိထား၊ ပညာနဲ့ကြည့်တတ်အောင်လို့(ဝေဖန်ပြောနေပါတယ်ဘုရား) ဒီလိုမှ ဆရာက ဝေဖန်တဲ့အလုပ်ကို မလုပ်ပြန်လို့ရှိရင်လဲ ဒကာကြွယ်— နေရာတိုင်းမသိဘူး၊ (မသိပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒီည ဒါလောက် အသေးစိတ် ပြောနေရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက မေးလို့ရှိရင်လဲ ဒကာဒကာမတို့ တချို့နေရာ ငါဘာဖြစ်ပါလိမ့်မလဲ ဆိုတဲ့ ဒိဋ္ဌိဝင်တိုးမှာစိုးလို့၊(မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်အသေးစိတ်ပြောပါသလဲ၊(ငါဘာဖြစ်လိမ့်မလဲဆိုတဲ့ ဒိဋ္ဌိဝင်တိုးမှာ စိုးလို့ပါဘုရား) ဒိဋ္ဌိဝင်တိုးလိုက်မှာ ကြောက်ရပါတယ်၊(မှန်ပါ့)အဲဒါကြောင့် ဝေဒနာပေါ်တိုင်းပေါ်တိုင်း သတိထားပါ၊ (မှန်ပါ့)။

ထမင်းဆာရင် ဘာဝေဒနာတုံး၊(ဒုက္ခဝေဒနာပါဘုရား) ထမင်း ဝ,သွားပြန်တော့ ဘာဝေဒနာတုံး၊(သုခဝေဒနာပါဘုရား) ဩော်-ဒါဖြင့် ဝ,တာလဲ ဝေဒနာနဲ့ အသက်ရှင်နေတာပဲ၊ ဆာတာကော- (ဝေဒနာနဲ့ အသက်ရှင်နေပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ရှင်းအောင် ဒကာဒကာမတို့ တရားနာပြန်၊ နာလျက်နဲ့ နာလိုက်,ကျင်လိုက်,ကိုက်လိုက်,ခဲလိုက်နဲ့ နာနေကြတယ်၊ (မှန်ပါ့ဘုရား) ဘာဝေဒနာနဲ့လဲ၊ (ဒုက္ခဝေဒနာနဲ့ပါဘုရား)။

တစ်ခါတလေကျတော့ ပျင်းပျင်းရိရိနဲ့ နာနေကြတယ်၊ (မှန်ပါ့)မရှိကြဘူးလား၊(ရှိပါတယ်)ပျင်းပျင်းရိရိနဲ့ နာနေကြတယ်ဆိုတော့ ဒကာ ဒကာမတို့ မှတ်လိုက်၊ ဒေါမနဿဝေဒနာနဲ့ နာနေတယ်၊ (မှန်လှပါဘုရား) ဝေဒနာတော့ မကင်းဘူးနော်၊ (မကင်းပါဘုရား)။

တစ်ခါတလေကျတော့တရားနာရတာသဘောကျလွန်းလို့ ခပ်ပျော်ပျော်ကလေး နာနေတဲ့အချိန်လဲရှိတယ်၊ (ရှိပါတယ်ဘုရား) အဲဒါကျတော့ သောမနဿဝေဒနာနဲ့ နာနေတာ၊ (မှန်လှပါဘုရား)။

ဒါဖြင့် တရားနာရင်း ပျင်းလာတော့ ဘယ်ဝေဒနာနဲ့ နာရသလဲ၊ (ဒေါမနဿဝေဒနာနဲ့ပါဘုရား) တရားနာရင်း ပျင်းရိမှာစိုးရိမ်တယ်၊ ဘာကြောင့်တုံး၊ ကျေးဇူးများလွန်းလို့ ခပ်ပျော်ပျော်ကလေးနာတဲ့ အခါကျတော့ ဘာဝေဒနာပါလိမ့်၊ (သောမနဿ ဝေဒနာပါဘုရား) သောမနဿ ဝေဒနာနဲ့ နာနေတယ်နော်၊ (မှန်ပါ့) သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿနော်၊ (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတို့ ဩော်– ဘယ်အချိန်မဆို ဝေဒနာမကင်းပါကလား၊(မှန်ပါ့ဘုရား) ဒကာကြွယ်-ပေါ်ပြီနော်၊ (ပေါ်ပါပြီဘုရား) ဒကာ-ဒကာမတို့ ဘယ်အချိန် ဝေဒနာကင်းပါလိမ့်၊ (ဘယ်အချိန်မှ မကင်းပါဘုရား)။

http://www.dhammadownload.com



ဘယ်အချိန်မှ ဝေဒနာမကင်းတော့ ဩြော်-ဒီခန္ဓာကြီးဟာ ယောကျ်ားတွေလား, မိန်းမတွေလားလို့ မေးလိုက်ရင် ဘယ့်နှယ်ဖြေကြမလဲ၊ (ဝေဒနာတွေပါဘုရား) ပေါ်လာပြီ၊ (ပေါ်လာပါပြီ) ပေါ်လာပြီဒကာ-ဒကာမတို့၊(မှန်ပါ့)။

ဝေဒနာက္ခန္ဓာအတွက်ဖြင့် အင်း-ဘယ်အချိန်မဆို ဝေဒနာဟာ ဒီ့သိပြီဆိုတဲ့ အကြောင်းကိုဖြင့် ဒကာ-ဒကာမတို့ ယနေ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါဘုရား)။

ဝေဒနာပေါ်တိုင်း သတိထားပြီး ပညာနဲ့ သိနေတာပဲ၊ (မှန်ပါ့)ဝေဒနာပေါ်တိုင်းသိနေတော့ အင်း-ငါ သူတစ်ပါး ယောကျ်ား, မိန်းမ ထင်သေးရဲ့လား ဒကာကြွယ်၊ (မထင်ပါဘုရား) ဩြော်- ဝေဒနာပေါ်တိုင်း သတိထား၊ ပညာနဲ့ သိခြင်းသည် ဒိဋ္ဌိသေပါကလား၊(မှန်ပါ့)ဝေဒနာပေါ်တိုင်း သတိထား၊ပညာနဲ့သိခြင်းသည်(ဒိဋ္ဌိသေပါတယ်ဘုရား)။

ဒိဋ္ဌိသေတယ်၊ ငါဆိုတာ ကြားထိုးစရာမရှိဘူးဟာ၊ ဝေဒနာတွေသာ လှည့်ပတ်ပြီးနေတာပဲ၊ ဝေဒနာငါးမျိုး လှည့်ပတ်နေတယ်၊သုခ,ဒုက္ခ,ဥပေက္ခာ, သောမနဿ, ဒေါမနဿ၊ (မှန်ပါ့ဘုရား)။

ကိုင်း....ဒကာ-ဒကာမတို့ ပျင်းပျင်းနဲ့ တရားနာနေရလို့ ရှိရင် ဘာနဲ့နေရတယ်၊ (ဒေါမနဿဝေဒနာနဲ့ နေရပါတယ်) သဘောကျပြီး နာနေရပြန်တော့၊(သောမနဿ ဝေဒနာပါဘုရား) သောမနဿဝေဒနာနဲ့ တရားနာတယ်၊ (မှန်ပါ့)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဘယ်အချိန်ဝေဒနာကင်းပါလိမ့် (ဘယ်အချိန်မှ မကင်းပါဘုရား) ဘယ်အချိန်မှ ဝေဒနာ မကင်းပါဘူး၊ ဩြော်-ဒါဖြင့် ဒကာ-ဒကာမတို့ ဘယ်အချိန်မှ

http://www.dhammadownload.com



ဝေဒနာမကောင်းဘူးဆိုတာ ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိပြီ နော် (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်အချိန်မှ ဝေဒနာမကောင်းဘူး ဆိုတော့ ဘာသိတာတုံး၊ (ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိ တာပါ)ဘာခန္ဓာကြီးပါလိမ့်၊(ဝေဒနာက္ခန္ဓာကြီးပါဘုရား) အေး-သုံးမျိုးစလုံး-ငါးမျိုးစလုံးဟာ ပေါင်း ခေါ် လိုက် တော့ ခံစားမှုအစု ဝေဒနာက္ခန္ဓာပဲ၊ (မှန်ပါ့)။

ဒါဖြင့် တစ်ကိုယ်လုံးမှာ ဝေဒနာကခံစားမှု၊ ခန္ဓာက အစု၊ (မှန်ပါ့) ဩော်—ယောကျ်ားတွေလား, မိန်းမတွေ လား, ခံစားမှုဝေဒနာအစုကြီးလား၊ (ဝေဒနာအစုကြီးပါ ဘုရား) တော်တော်ကလေး ပေါ်လာပြီ၊ (မှန်ပါ့)ဒကာ ကြွယ်- သိပ်ကျေးဇူးများသွားပြီ (များသွားပါပြီဘုရား) ယောကျ်ားတွေလား,မိန်းမတွေလား, ခံစားမှုဝေဒနာ အစု ကြီးလား၊ (ဝေဒနာအစုကြီးပါဘုရား) အင်း— ဝေဒနာ အစုကြီးဆိုတာတော့ သေချာသွားပါပြီ၊ (မှန်ပါ့ဘုရား)။

အဲဒီဝေဒနာအစုကြီးကို သတိထားလို့ သိပါပြီ၊ (မှန်ပါ့) ကိုင်း-သတိထားလို့ သိလို့ရှိရင်ဖြင့် ပညာနဲ့ ဆုံးဖြတ်ချက် ချကြဦးစို့၊ (မှန်ပါ့) ဒကာကြွယ်— ဘာတဲ့၊ (ပညာနဲ့ ဆုံးဖြတ်ချက် ချကြဦးစို့)။

ပညာနဲ့ ဆုံးဖြတ်ချက်ချပါဆိုတော့ ခုနင်က သတိထား ပြီးမှ သတိပဋ္ဌာန် ဖြစ်ပါတယ်၊ (မှန်ပါ့) ဘုရားက ဒါတင် ဟောတာလား၊ "ဆတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနကာရီ" သတိကလေးနဲ့ မရသေးဘူးကွ၊ ပညာ ထည့်ဦးမှ၊ (မှန်ပါ့ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



သတိကလေးနဲ့ဖြင့်၊ (မရသေးပါဘုရား) သတိကလေးနဲ့ မရတာက ဒိဋ္ဌိ ကွာရုံကလေးရှိတယ်....တဲ့၊ ဒကာကြွယ်ရ၊ (မှန်ပါ့) ပညာပါမှ မဂ်ရမှာ၊ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အားလုံး ဒကာ ဒကာမတွေ ကဲ....သတိ အကြောင်းဖြင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဒါပါပဲ-ဒါပါပဲ ဒါပါပဲလို့ သိနေရင်ဖြင့် သတိထားလို့ သိတာပါပဲ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပညာနဲ့ ဆုံးဖြတ်ချက်ချကြဦးစို့၊ (မှန်ပါ့) ဒကာကြွယ်....ဘာတဲ့တုံး၊ (ပညာနဲ့ဆုံးဖြတ်ချက်ချရမှာပါဘုရား)။

ပညာနဲ့ဆုံးဖြတ်ချက်ချကြဦးစို့၊ (မှန်ပါ့)ပညာနဲ့ဆုံးဖြတ် ချက် ချကြဦးစို့ဆိုတော့ တခြားမဟုတ်ပါဘူး၊ပျင်းပျင်းနဲ့ တရားနာနေတယ်၊(မှန်ပါ့)ဘာဝေဒနာပါလိမ့်၊(ဒေါမနဿ ဝေဒနာပါဘုရား) ဒေါမနဿ ဝေဒနာနဲ့ တရားနာနေတယ်၊ (မှန်ပါ့)။

ဖြတ်ခနဲ ကိုယ်သဘောကျတဲ့အလုံးကလေးဆရာသမားက ပြောလိုက်တဲ့အခါ ပျော်ဦးမှာပဲ၊ (မှန်ပါ့) အင်း....ပျင်း လုံးကလေး ချုပ်သွားတယ်၊ (မှန်ပါ့) ပညာနဲ့ ကြည့်လိုက် တဲ့အခါ ပျင်းတာလဲ မမြဲပါကလား၊ (မမြဲပါဘုရား)ဖြစ်ပြီး ပျက်တာပဲ၊ (မှန်ပါ့) ဖြစ်ပြီးတော့၊ (ပျက်ပါတယ် ဘုရား) ဒကာဒကာမတို့သဘောပါကြပလား၊(ပါ့ပါတယ်ဘုရား)။

ပျင်းတဲ့ ဝေဒနာကလေးကလဲ ဖြစ်ပြီးတော့၊ (ပျက်ပါ တယ်ဘုရား)တစ်ခါပျောက်လာတဲ့ဝေဒနာလေးကပေါ်လာ တော့ အင်း....ပျက်ပြီးသကာလ ပျက်သွားတဲ့ ဥစ္စာကလေး

http://www.dhammadownload.com



ပျင်းတဲ့ ဒကာ ဒကာမ တစ်ယောက်ဖြင့် အနိစ္စ ရောက်ပြီ၊ (ရောက်ပါပြီ ဘုရား) မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ် ဘုရား)။ အခုလိုတရားထဲ တစ်ခါဆက်ပြီး ဆရာဘုန်းကြီးက ထင်ရှားအောင်ပြောလိုက်ပြန်တော့ ကိုယ်နားလည်မှုနဲ့ ကြုံတော့ ဒကာကြွယ်တို့....ဦးလှဘူးတို့ ပျော်လာတယ်၊ (ပျော်လာပါတယ် ဘုရား) အင်း....ဘယ်လို ဝေဒနာနဲ့ပါလိမ့်၊ (သောမနဿ ဝေဒနာနဲ့ပါ ဘုရား)။

အင်း—ပျော်တာကလေးကလဲ ပျော်ပြီးသကာလ နောက်တစ်ခါဒကာဒကာမတွေကပြန်ပြီးနားထောင်တော့ဥပေက္ခာ ဝေဒနာနဲ့ နားထောင်တယ်၊ (မှန်လှပါဘုရား) အင်း....ပျော်တာကလေး ဘယ်ရောက်သွားသလဲ၊ (ပျောက်သွားပါတယ် ဘုရား) အဲ—ပညာက ဒကာ ဒကာမတွေ ဆုံးဖြတ်ချက် ချပေးရမယ်၊ (မှန်လှပါဘုရား) ပျင်းတာလဲ ပျက်တာပဲ၊ ပျော်တာလဲ၊(ပျက်တာပါပဲ) အလတ်စားလဲ (ပျက်တာပါပဲ)။

ဩော်....ဒါဖြင့် ပညာက ဒကာ ဒကာမတို့ သတိထားတော့ဝေဒနာပေါ်တိုင်းသိတယ်၊ပညာနဲ့ဆုံးဖြတ်ချက်ချလိုက်တော့ ပျင်းတာလဲ ဖြစ်ပြီး ပျက်တာပဲ၊ (မှန်ပါ) ပျော်တာလဲ၊ (ဖြစ်ပြီး ပျက်တာပါပဲ) အလတ်စားလဲ (ဖြစ်ပြီး ပျက်တာပါပဲ)။

ဖြစ်ပြီး ပျက်တာပဲ ဆိုတော့ ဒကာကြွယ်ရေ....ဝိပဿနာဉာဏ် ဆိုက်ပြီ၊ (ဆိုက်ပါပြီ ဘုရား) မဆိုက်သေးဘူးလား၊ (ဆိုက်ပါပြီ ဘုရား) ဝိပဿနာဉာဏ် ဒကာ ဒကာမတွေမှာ ဆိုက်သွားတဲ့အတွက်တဲ့၊ အင်း....ဝိပဿနာဉာဏ်က နောက်က ဆက်ဆက်သွားတော့နိဗ္ဗာနသုံးမျိုးကဒီမှာပုံစံကြည့်ပါ (မှန်

http://www.dhammadownload.com



ပါ့)ပျင်းတာကဒေါမနဿဝေဒနာ၊ပျော်တာကသောမနဿဝေဒနာ၊ ကြားတာက ဉပေက္ခာဝေဒနာ၊ (မှန်ပါ့) ရှင်းပြီ၊ (ရှင်းပါပြီ)။

ပျင်းတာက၊ (ဒေါမနဿ ဝေဒနာပါ) ပျော်တာက၊ (သောမနဿဝေဒနာပါ) အင်း....ပျော်နေတုန်းပဲ တစ်မျိုး နားထောင်ရပြန်လို့ ကြားတာကလေးက၊ (ဉပေက္ခာဝေဒနာ ပါဘုရား) သြော်....နားထဲက ဉပေက္ခာ ဝေဒနာပေါ်တယ်၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီဘုရား ။

အဲဒီတော့ သတိထားပြီး ပညာနဲ့ ကြည့်လိုက်၊ သတိထား လိုက်တော့ ဝေဒနာသုံးမျိုး သူ့ဟာနဲ့သူ အကန့်ကန့်နဲ့ပေါ် လာတယ်၊(မှန်ပါ့ဘုရား) ပညာနဲ့ကြည့်လိုက်ပြန်တော့အင်း- တစ်ဝေဒနာချုပ်ပြီးမှ တစ်ဝေဒနာဖြစ်တာ၊ (မှန်ပါ့)။

တစ်ဝေဒနာချုပ်ပြီးမှ၊ (တစ်ဝေဒနာဖြစ်တာပါဘုရား) တစ်ဝေဒနာ ဖြစ်တာပဲလို့ အိမ်ကျ အလုပ်လုပ်ဖို့ ရှင်းနေပြီ နော်၊ (မှန်ပါ့) တစ်ဝေဒနာဖြစ်ပြီး တစ်ဝေဒနာချုပ်လိုက်၊ ဒီ ဝေဒနာကလေးချုပ်သွား ဒီ ဝေဒနာပေါ်တယ်၊(မှန်ပါ့) ဒီ ဝေဒနာချုပ်ပြီး ဒီ ဝေဒနာပေါ်တယ်၊ (ပေါ်ပါတယ် ဘုရား) ဉပေက္ခာဝေဒနာပေါ်တယ်။

တော်တော်ကြာလို့ရှိရင် ဒါကို သူကရင်လဲ ပြန်စ,ချင် စ,မယ်၊ အလယ်ကနေရင်လဲ ပြန်စ,ချင် စ,မယ်၊ ဝေဒနာတွေ ဟာတော့ လှည့်နေမှာပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဝေဒနာတွေ ဘယ်လိုပါလိမ့်၊ (လှည့်နေပါတယ်ဘုရား) ဝေဒနာတွေက လှည့်နေမယ်ဆိုတာ သေချာပလား၊(သေချာ

http://www.dhammadownload.com



ပါပြီ) သြော်....ဒါဖြင့် ဝေဒနာလှည့်ပြီး သကာလ နေပြောင်း သော်လဲ အင်း-တစ်ခုချုပ်ပြီးမှတစ်ခုပျက်ပြီးမှတစ်ခုဖြစ်တာ ပါလား၊(မှန်လှပါဘုရား) ပညာက ဆုံးဖြတ်ချက် ချပါ၊ (မှန်ပါ) တစ်ခုချုပ်ပြီးမှ (တစ်ခုဖြစ်တာပါဘုရား)။

တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တယ်လို့ ပညာကဆုံးဖြတ်ချက် ချလိုက်တော့ တစ်ခုသောတရား၏ ဖြစ်ပျက်ကို မမြင်ပေဘူး လား(မြင်ပါတယ်ဘုရား)နောက်တစ်ခုဖြစ်လာရင်လဲဖြစ်ပြီး ပျက်တာပဲ ဆိုတာကော၊(မြင်ပါတယ်ဘုရား) နောက်တစ်ခု ဖြစ်လာတော့ကော၊ (မြင်ပါတယ်ဘုရား) ဖြစ်ပြီး ပျက် တာပဲလို့ မြင်တာပဲ၊ (မှန်ပါဘုရား)။

အဲဒီကဲ့သို့ မြင်လိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ သေသေချာချာမှတ်စရာကဖြစ်ပြီးပျက် တာကလေးကိုပညာနဲ့ဆုံးဖြတ်ချက် ချလိုက်တဲ့အတွက်တဲ့ပဋိစ္စ သမုပ္ပါဒ် ဒကာသစ် သုံးမျိုးပဲပြတ်တယ်၊ (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်၊(ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပဲပြတ်ပါတယ် ဘုရား)ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပြတ်တယ်ဆိုတော့သံသရာလည် ကြောင်းသုံးမျိုးပြတ်တယ်၊၊ (မှန်လှပါဘုရား) ဘယ်လိုမှတ် ကြမယ်၊(သံသရာလည်ကြောင်းသုံးမျိုးပြတ်ပါတယ်ဘုရား)။

ဟုတ်ပြီ-တဲ့၊သံသရာလည်ကြောင်းသုံးမျိုးပြတ်တာတော့ ဖြင့် ဒကာ, ဒကာမတွေ သြော်-ငါတို့သည် ဝေဒနာကလေး ပေါ်တိုင်းလဲ သတိထားပြီး ဝေဒနာကလေးပျက်၊ပျက်တယ် လို့လဲ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ) တပ်အားသမျှနားလည်မှုကို ဝေဒနာဖြစ်ပျက်ကို အဓိကထားရှုကြ၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



အဘယ့်ကြောင့် အဓိကထား ရှုကြလို့ ဆရာဘုန်းကြီး ပြောရပါလိမ့်မတုံးမေးတဲ့အခါကျတော့ ကိုယ်မသိပေမယ့် သိတဲ့ပုဂ္ဂိုလ်က နည်းပေးရင် သိတဲ့ပုဂ္ဂိုလ်နောက်သာ လိုက်ပေရော့၊ (မှန်လှပါ)။

ကိုယ်က ဒါတွေ မသိ ဘာကိစ္စရှိသတုံးလို့ ကိုယ့်စိတ်ထဲမှာ ထင်တောင်မှ ဩော်–ငါ မသိလို့ပါကလား၊ ဒါတွေကို မသိလို့ ဆရာပြောတာ နားမထောင်လို့ ရှိရင်ဖြင့် ခလုတ်ထိမှ အမိတဆိုသလို အိုဘေး, နာဘေး, သေဘေးတွေ နောက်ထပ်တွေ့ရတော့မှ ဘယ်မည့် ယူမည့်သူ မရှိတော့မှ ဩော်.... ငါသည် အမှားကြီး မှားခဲ့ပါပေါ့လားလို့ နောင်တ တစ်ဖန်ပူပန်ရတတ်တယ်၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် အခု တရားနာနေတဲ့ ဒကာ ဒကာမတွေကို သတိ ပေးလိုက်ပါတယ်၊ (မှန်ပါ့) ဆရာ ပြောတဲ့ ဘုရားဟောတာ, ဘုရားဟောတာကြည့်ပြီး ဆရာသမားက ပြောနေတယ်၊ (မှန်ပါ့)ထိုကဲ့သို့ ပြောနေတော့ ကိုယ်က သဘောကျလဲ လိုက်ပေး၊ (မှန်ပါ့) သဘောမကျလဲ သတိထားပြီး ဉာဏ်နဲ့ကြည့်ရုံပဲ၊ (မှန်ပါ့)။

သဘောကျလဲ လုပ်ပါ၊ သဘောမကျလဲ ဆရာသမားကို ရိုသေကိုင်းညွှတ်၊ ဘုရားကို ရိုသေကိုင်းညွှတ်သောအားဖြင့် ကိုယ့်အရေးရယ်လို့မှတ်ပြီး လုပ်သာလုပ်၊ (မှန်ပါ့ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒီလိုမှ မလုပ်လို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အင်မတန်ဒုက္ခရောက်မှာကို မြင်နေတဲ့အတွက်တဲ့ဘုရားနဲ့ဆရာသမားက ဒကာဒကာမတို့ ခင်ဗျားတို့ ခလုတ်ထိမှ အမိတ,

http://www.dhammadownload.com



နေလဲအပိုပဲနေဘ်၊ခလုတ်မထိအောင်အရေးကြီးတယ်၊(မှန်ပါ့ဘုရား) ဒကာကြွယ် အရေးမကြီးဘူးလား၊ (ကြီးပါတယ်ဘုရား)။

အဲဒါကြောင့်ဒီဆရာကိုအားကိုးအားထား-ထား၊ဘုရားအားကိုးအားထားပြီးသကာလနားမလည်လဲဒီအတိုင်းသတိထားပြီးဉာဏ်နဲ့ကြည့်ရပါတယ်၊ (မှန်ပါ့)နားလည်လဲ(သတိထားပြီးဉာဏ်နဲ့ကြည့်ရပါတယ်)ကိုယ့်ဉာဏ်နဲ့ကြည့်ရမယ်ဆိုတဲ့ ဥစ္စာ ဒကာကြွယ် ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား) ဒကာသစ်တို့ကော၊(ဆုံးဖြတ်ချက် ချပါတယ်ဘုရား)။

ဒါဖြင့် ပြပါတော့မယ် ဒကာဒကာမတို့ ပျင်းတယ်ဆိုတာ ဘာဝေဒနာတုံး၊(ဒေါမနဿဝေဒနာပါဘုရား) ပျော်တယ်ဆိုတာ ဘာဝေဒနာတုံး၊ (သောမနဿဝေဒနာပါ) ပျင်းတယ်လဲမဟုတ်ဘူး၊ပျော်တယ်လဲမဟုတ်ဘူး ဆိုတာကော ဘာဝေဒနာတုံး၊(ဥပေက္ခာဝေဒနာပါဘုရား)။

ဥပေက္ခာဝေဒနာပဲဆိုတာ မှတ်လိုက်တော့ ဒီဝေဒနာတွေကိုပေါ်တိုင်း သတိထားပြီးပညာနဲ့ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် သတိထားလို့ပေါ်တာနဲ့ ဝေဒနာကလေးတွေဟာ ပညာနဲ့ စူးစူးစိုက်စိုက်ကြည့်လိုက်ပြန်တော့ ဝေဒနာ၏ သက်တမ်းကို သွားသိတယ်၊ (မှန်ပါ့)။

ဝေဒနာ၏သက်တမ်းဆိုတာ ဘာပါလိမ့်မတုံးမေးတော့မှ ဩော်-အခုဖြစ်ပြီးအခုပျက်တယ်၊ အသက်တယ်တိုပါကလား (မှန်ပါ့ဘုရား)အခုဖြစ်ပြီး(အခုပျက်ပါတယ်ဘုရား)အသက်တမ်း ဘယ့်နှယ်နေသလဲ၊ (တိုပါတယ်ဘုရား)။

http://www.dhammadownload.com



ဆြော်-သူ့အသက်တမ်းသည်ဖြစ်မှုခဏပျက်မှုခဏကလေး ရှိတယ်၊ (မှန်ပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊ (ဖြစ်မှု ခဏ-ပျက်မှုခဏကလေးပဲ ရှိပါတယ်ဘုရား) ဖြစ်မှုကလဲ ခဏ ကလေး၊ (မှန်ပါ့) ပျက်မှုကကော၊ (ခဏကလေးပါဘုရား)။

ဆြော်-သူခဏပါပဲ၊ ဒါကြောင့် ဒကာဒကာမတို့ ကိုယ့် အသက်တမ်းဟာ ခဏကလေးလို့ဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား) ဒီဝေဒနာနဲ့ အသက်ရှင်နေတာ ကိုး၊ (မှန်လှပါ)။

ဒီဝေဒနာနေရာမှာ နောက်ဝေဒနာမလာရင် သေတယ် ခေါ်ကြတယ်၊ (မှန်ပါ့ဘုရား) ဘာနဲ့ အသက် ရှင်နေသလဲ၊ (ဝေဒနာနဲ့ အသက်ရှင်နေပါတယ်ဘုရား) အင်း....ပထမ ဝေဒနာနဲ့ရှင်ပြီး နောက်ဝေဒနာ မလာတော့ဘူး ဆိုလို့ရှိရင် ဖြင့် သေသွားပြီ၊ (သေသွားပါပြီဘုရား)။

ဒါဖြင့် နောက်ထပ်ဝေဒနာကလေးတစ်ခုက ဝမ်းမြောက် တာလဲ ပေါ်လာတယ်၊ အလတ်စားကလေး ပေါ်လာတယ် ဆိုရင် သူနဲ့ အသက်ရှင်နေတယ်၊ (မှန်ပါ့)။

ဒါကြောင့် ဝေဒနာတစ်ခု၏ အသက်ဟာဒ ကာ ဒကာမ တွေ၏အသက်တမ်းပဲ၊ (မှန်ပါ့ဘုရား) ဝေဒနာ၏အသက်ဟာ (တပည့်တော်တို့၏ အသက်တမ်းပါဘုရား) ဒီ အားလုံးသော ဒကာဒကာမတွေ၏အသက်တမ်းပဲဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ကိုင်း—ဒါဖြင့်ပြပါတော့မယ် ဒကာဒကာမတို့ ပျင်းတာ ဘာဝေဒနာတုံး၊ (ဒေါမနဿဝေဒနာပါ) အင်း....ဒါသတိ ထားလို့သိတာ။ (မှန်ပါ့) ပျင်းတိုင်းပျင်းတိုင်းသိပေးပါနော်

http://www.dhammadownload.com



(မှန်ပါ့ဘုရား)သိရုံကလေးနဲ့ မဖြတ်ပါနဲ့—တဲ့၊ ပျင်းတာက လေးသည်ကားဆိုရင် ဘယ်လောက်ကျအောင် ပျင်းမတုံးလို့ ကြည့်လိုက်တဲ့အခါကျတော့ ပျင်းတဲ့ ဝေဒနာကလေးဟာ ဏကလေးနဲ့ပဲ ပျောက်သွားတယ်၊ (မှန်လှပါ)။

အဲ—ဒါဖြင့် ပညာနဲ့ကြည့်လိုက်တော့ ပျောက်သွားတာ မြင်တယ်၊ (မှန်လှပါဘုရား) ပညာနဲ့ ကြည့်လိုက်တော့၊ (ပျောက်သွားတာ မြင်ပါတယ်ဘုရား)။

ဩော်·ဒါဖြင့် သတိထား-ပညာနဲ့ကြည့်လိုက်တဲ့အခါကျ တော့ ဖြစ်ပျက်မြင်ပါတယ်၊ (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြ မယ်၊(ဖြစ်ပျက်မြင်ပါတယ်ဘုရား)။

ကိုင်း—ဒါဖြင့် ပျင်းတာက ဖြစ်ပျက် (မှန်ပါ့) ရှုတာက၊ (မဂ်ပါဘုရား)မဂ်ဖြစ်သွားပြီ၊ ဩော်—တို့မဂ်ရဖို့အရေးဟာ ဒီလိုပါကလား ၊(မှန်ပါ့)မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့အရေးဟာ ဒီလို လုပ်ရမှာပါကလားဆိုတာ ဦးလှဘူး-ပေါ်သွားပြီ၊ (ပေါ်ပါပြီဘုရား) မပေါ်လာသေးဘူးလား (ပေါ်လာပါ တယ်ဘုရား)။

ဒါကြောင့် ဒီခဏလေးကို ဒကာ ဒကာမတို့ ပျင်းချင်လဲ ပျင်း—ကိစ္စမရှိဘူး၊(မှန်ပါ့) ပျင်းတဲ့စိတ်ကလေးဟာ အဆုံး မှာ ဘယ်ဆုံးပါလိမ့်မတုံး ကြည့်လိုက်တာပေါ့၊(မှန်လှပါ) အပျက်မှာလား(မှန်ပါ့·အပျက်မှာလမ်းဆုံးပါတယ်ဘုရား) ပျင်းတဲ့စိတ်ကလေးဟာ ဘယ်မှာလမ်းဆုံးသလဲ၊(အပျက်မှာ လမ်းဆုံးပါတယ်ဘုရား)။

အဲဒီလမ်းဆုံးတာကလေး ဒကာဒကာမတွေ အင်း-ပျင်း တော့ပျင်းပြီး-ပျင်းတဲ့ စိတ်ကလေးဟာ ဘယ်လမ်းဆုံးမှာလဲ

http://www.dhammadownload.com



လို့ စိုက်ကြည့်ထား၊(မှန်လှပါ ဘုရား) စိုက်ကြည့်ထားတော့ ပျင်းတဲ့ ဒေါမနဿဝေဒနာကလေးဟာ အပျက်မှာ သွား လမ်းဆုံးတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပျင်းတာသည် ဖြစ်တာပဲ၊(မှန်ပါ့) ပျက်တာသည် ကားလို့ ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ချုပ်တာပဲ၊ (မှန်လှပါ ဘုရား) ဒါဖြင့်ဖြစ်ချုပ်သာရှိတယ်၊(မှန်လှပါဘုရား)ဘယ်လို မှတ်ကြမယ်၊ (ဖြစ်ချုပ်သာ ရှိပါတယ်ဘုရား)။

ဒါဖြင့် သတိထား၊ ပညာနဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဒကာကြွယ်ရေ....ဖြစ်ချုပ် သွားမြင်တယ်၊ (မှန်လှပါဘုရား) မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) ဒါဖြင့် ဖြစ်ချုပ်က အနိစ္စ (မှန်ပါ့ဘုရား) ဖြစ်ချုပ်က (အနိစ္စပါ့ဘုရား)သေသေ ချာချာမှတ်ပါ၊ ပျင်းတာ ဖြစ်ချုပ်က (အနိစ္စပါဘုရား) အနိစ္စပဲဆိုတာ သိပြီနော်၊ (မှန်ပါ့ဘုရား)။

သတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက် ချလိုက်တော့ ဘာတွေ့ သတုံး၊ (မဂ္ဂပါဘုရား) ဩော်....ဒါဖြင့် သတိမဂ္ဂင် ပညာ မဂ္ဂင် ပေါ်လာတယ်၊ (မှန်ပါ့) ဘာပေါ်လာသလဲ၊ (သတိ မဂ္ဂင်, ပညာမဂ္ဂင် ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်....ပျင်းတာတွေ့ အဆုံး အစ ဝေဖန်လိုက်တာနဲ့ ပညာမဂ္ဂင် ပေါ်လာတယ်၊ (မှန်ပါ့) မပေါ်လာဘူးလား၊ (ပေါ်လာပါတယ် ဘုရား) ဒါဖြင့် ထုံးစံအတိုင်း ပြောကြပါစို့၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပြီ၊ (မှန်လှပါ) ဖြစ်ပျက်နဲ့၊ (မဂ်နဲ့ ကိုက်ပါပြီဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားပြီဆိုတာ ဒီလိုရှုပါ၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ)တစ်ခါ ပျင်းတာကလေးရှုပြီး

http://www.dhammadownload.com



တော့ ဒကာ ဒကာမတို့က ပျော်တာကလေးတစ်ခု ပေါ်လာတယ်၊ (မှန်ပါ့) ဘာဝေဒနာပါလိမ့်၊ (သောမနဿဝေဒနာပါဘုရား)သောမနဿဝေဒနာဆိုတဲ့ ပျော်တာကလေး ပေါ်လာတယ်၊ (မှန်ပါ့ဘုရား)။

ဒါ သတိထားလိုက်လို့ သိတယ်၊ (မှန်ပါ့) ဟာ....သောမနဿပေါ်ပြီလို့ သတိထားလိုက်လို့ သိတယ်၊ (မှန်ပါ့) သို့သော် ပညာနဲ့အစအဆုံး ကြည့်လိုက်ပါဆိုတော့ ပျော်တာကလေးလဲ ပျက်သွားတယ်၊ (ပျက်သွားပါတယ်ဘုရား) ပျော်တာကလေးကတော့၊ (ပျက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် ပျော်တဲ့သဘောကလေးဟာလဲ ပျော်ပျက်ပဲ၊ (မှန်ပါ့ဘုရား) ဒါဖြင့် သောမနဿဝေဒနာ ကလေးဟာလဲ ဖြစ်ပြီး ပျက်တာပဲ၊ (ပျက်ပါတယ်ဘုရား) ပညာနဲ့ကြည့်လိုက်တော့ ဖြစ်ပျက် သွားတွေ့တယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ) ပညာနဲ့ကြည့်လိုက်တော့၊ (ဖြစ်ပျက် သွားတွေ့ပါတယ် ဘုရား)။

ဒါဖြင့် ဒါလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ပြန်ပြီ၊(မှန်ပါ့ဘုရား) ကိလေသာ ကြားမခိုဘူး၊ (မခိုပါဘုရား) ဖြစ်ပျက်နဲ့ (မဂ်နဲ့ ကိုက်ပါတယ်ဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်သွားပြီ ဆိုတာ ဒကာ ဒကာမတွေ သဘောကျပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပျော်တာကလေး အကြောင်းကလဲ ကောင်းကောင်း သိပြီ၊ ပျော်တာသည်ကားလို့ဆိုရင် ဖြစ်ပြီးပျက်တဲ့ အနိစ္စပဲ၊ (မှန်လှပါဘုရား)သဘောကျပလား၊(ကျပါပြီ) ပျော်တာလဲ၊(ဖြစ်ပြီး ပျက်တဲ့ အနိစ္စပါဘုရား)။

http://www.dhammadownload.com



နောက်က ပြန်ပြောလိုက်စမ်းပါ၊ပျင်းတာကလေးဟာလဲ (ဖြစ်ပြီး ပျက်တဲ့ အနိစ္စပါဘုရား) ပျော်တာ ကလေးဟာလဲ (ဖြစ်ပြီးပျက်တဲ့ အနိစ္စပါဘုရား)။

ကိုင်း-ဒါဖြင့် ပျော်နေတုန်းပဲ၊ တစ်ခါ နားထဲက ကြားပြန်တော့ ဘာဝေဒနာ ပေါ်ပါလိမ့်၊ (ဥပေက္ခာ ဝေဒနာ ပေါ်ပါတယ်ဘုရား)။

ဥပေက္ခာဝေဒနာက ပေါ်လိုက်ပြန်တော့ သတိထားလို့ ဥပေက္ခာဝေဒနာ ပေါ်ပြီလို့သိပြီ၊ (မှန်ပါ့) ပညာနဲ့ ကြည့် လိုက်တော့ ဥပေက္ခာဝေဒနာကလေးဟာလဲ ပျက်တယ်၊(ပျက် ပါတယ်ဘုရား) မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)။

အဲဒီပျက်တာ ကြည့်လိုက်ပြန်တော့ ဩော်– ဥပေက္ခာ ဝေဒနာကလေးဟာလဲ ဖြစ်ပျက်ပဲ၊ (မှန်လှပါဘုရား) သိ တာက မဂ်သွားဖြစ်တယ်၊ (မှန်လှပါ) သိတာက ဘာပါလိမ့်၊ (မဂ်သွားဖြစ်ပါတယ်ဘုရား)။

သိတာက မဂ်သွားပြီးသကာလ ဖြစ်လိုက်ပြန်တော့လဲ ဩော်-မဂ်ဆိုတာသည် ဒို့-မဂ်ဖိုလ် ရ,ရပါလို၏လို့ ဆုတောင်း တာသည် ဒို့ဆုတောင်းတာ တခြားပါကလား၊ သူများက ရော့, အင့်လို့ပေးမည့်သူဆီ သွားတောင်းတာကိုး၊ (မှန်ပါ့ ဘုရား)။

ဒို့ဆုတောင်းပါတယ် ဆိုတာက ပေးမည့်သူဆီ သွား တောင်းတယ်၊(မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီ) တောင်းကြ-တောင်းကြဆိုတဲ့ ဥစ္စာသည် ဒကာကြွယ်-လော ဟာပုံပြင်နဲ့ကြည့်တော့ ပေးမည့်သူဆီ သွားတောင်း တယ်(မှန် ပါ့)။အေး–သွားတောင်းချေကြသွားတောင်းချေဟ-လို့ဆို

http://www.dhammadownload.com



တော့ ဘယ်ပုဂ္ဂိုလ်ဆီတောင်းကြပါလိမ့်၊ (ပေးမည့်ပုဂ္ဂိုလ်ဆီ သွားတောင်းပါတယ်ဘုရား) အဲဒါ ဆုတောင်း ခေါ်တယ်၊ (မှန်ပါ့) တောင်းကြတာ-တောင်းကြတာ ဒီမှာ ပြည့်လို့ပဲ၊ (မှန်ပါ့)။ အဲဒီတော့ မီးသွေးနဲ့ ဖိုတို့ ဆီတို့ ဆန်တို့ စပါးတို့ သား ငါးတို့သေရင်ပေးမယ်ဆိုတဲ့အသွားမျိုးလိုဒကာကြွယ် ဒီအသွားမယူပါနဲ့၊ (မှန်ပါ့)သဘောကျပလား၊(ကျပါပြီ)။

ဒီလို မဟုတ်ပါဘူး၊ ဒီမဂ်ကတော့ တောင်းလို့မရဘူး၊ ကိုယ်ရှုမှကိုယ်ရတယ်. (မှန်ပါ့ဘုရား) တောင်းလို့ ရရဲ့လား၊ (မရပါဘုရား)။

ဒါဖြင့် ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏ အတောင်း သမားသည် မဂ်ပေါ်သလား-တဲ့၊ တောင်းလိုတဲ့ ရချင်တဲ့ တဏှာပဲပေါ်သလား၊ (တဏှာ ပေါ်ပါတယ်ဘုရား) မဂ် မပေါ်တဲ့ပြင် တဏှာပေါ်နေတယ်၊ (မှန်ပါ့ဘုရား) မဂ်- မပေါ်တဲ့ပြင်၊ (တဏှာသာ ပေါ်နေပါတယ်ဘုရား)။

ဩော်.... ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဒကာကြွယ်- ခင်ဗျားလဲ တောင်းခဲ့လှပြီ၊ (တောင်းခဲ့လှပါပြီဘုရား) မဂ် များ ဝမ်းထဲပေါ်ဖူးလား၊ (မပေါ်ပါဘုရား) မတောင်း ပဲနဲ့လဲ သတိထား၊ ပညာနဲ့ကြည့်လိုက်တော့ ဘာတွေ ပေါ် သလဲ၊ (မဂ် ပေါ်လာပါတယ်ဘုရား)။

ဟာ— ဒါက မဂ်ဆိုတာ ရှုမှရတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ) မဂ်ဆိုတာက (ရှုမှရပါတယ် ဘုရား) လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်က တောင်းရင်ရ တယ်၊ (မှန်လှပါဘုရား) မဂ်ကတော့ (ရှုမှရပါတယ်)အဲ- အရနှစ်မျိုးလဲ ခွဲထားပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



လူ့ပြည်,နတ်ပြည်, ဗြဟ္မာ့ပြည်ကို ဒါန, သီလ, သမထ, ဘာဝနာတွေလုပ်ပြီးသကာလတောင်းကြမယ်ဆိုလို့ရှိရင်ဖြင့် တောင်းလို့ရတယ်၊ (မှန်ပါ့ဘုရား) တောင်းလို့ ရပေမယ့်လဲ ဘုန်းကြီးက အဲဒါမတောင်းစေချင်ဘူး၊ (မှန်လှပါဘုရား)။

ဘယ်လိုကြောင့် မတောင်းစေချင်သတုံးမေးတော့ လူ့ပြည်မှာလဲ အိုပွဲ,နာပွဲ,သေပွဲရှိတယ်၊(မှန်ပါ့ဘုရား) မင်းစိုး, သူခိုးရန်တွေကော၊(ရှိပါတယ်ဘုရား) ၉၆-ပါးရန်သူကော၊ (ရှိပါတယ်ဘုရား)။

ဩော်-ဒါဖြင့် မတောင်းကြနဲ့, မတောင်းကြနဲ့၊ ရန်သူတွေထဲ ကျုပ် ဝင်ရပါလို၏ဆိုတာနဲ့ တူနေတယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

နတ်ပြည်လဲ မတောင်းလိုက်ပါနဲ့—တဲ့၊ တောင်းလို့တော့ ရပါတယ်၊ ပန်းတစ်ပွင့်နဲ့တောင်းလဲ ရပါတယ်၊ (မှန်ပါ့ဘုရား)ပန်းတစ်ပွင့်ဘုရားလှူပြီး တပည့်တော် ဤပန်းလှူရတဲ့အတွက် နတ်ပြည်အကြိမ်ကြိမ်ခံစားရပါလို၏လို့ တောင်းရင်မရဘူးလို့ ဆရာဘုန်းကြီးကမဟောဘူး၊ရပါတယ်၊ (မှန်ပါ့ဘုရား) ရပေမယ့် ဒကာဒကာမတွေ မတောင်းစေချင်ဘူး၊ (မှန်ပါ့ဘုရား)။

ဘာကြောင့်တုံးဆိုတော့အစစ်တောင်းမဟုတ်လို့(မှန်ပါ့) ဘယ်လိုပါလိမ့်၊ (အစစ်တောင်းမဟုတ်လို့ပါဘုရား) အစစ်တောင်း ဘေးဖယ်လို့ရှိရင် အိုဘေး, နာဘေး,သေဘေးနဲ့ သိကြားမင်းကြီးလက်အောက်ခံကောမဖြစ်ရဘူးလား၊(ဖြစ်ရပါတယ်)မဟုတ်ဘူးလား၊ (မှန်ပါ့)။

နတ်,နတ်ချင်းမျက်စောင်းထိုးလို့သေပွဲစင်တာတွေအပျော်

http://www.dhammadownload.com



လွန်သွားသည်သေပွဲဝင်တဲ့ကိစ္စတွေလဲအများကြီးပဲ၊ (မှန်ပါဘုရား)။

ဒါကြောင့် အဲဒီနတ်ပြည်သွားပြီးသကာလ ပန်းတစ်ပွင့်နဲ့ တောင်းပြီး နတ်ပြည် သေရပါလို၏လဲ မလုပ်ပါနဲ့တော့ (မှန်ပါဘုရား)။ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တောင်းလို့ရတဲ့ပစ္စည်းက ဒကာဒကာမတွေသည် အိုပွဲ, နာပွဲ, သေပွဲ ရတယ်၊ (မှန်ပါဘုရား) မတောင်းဘဲနဲ့ ရှုပွားယူလို့ ရတဲ့ဉစ္စာက အိုပွဲ,နာပွဲ,သေပွဲ ဇာတ်သိမ်းတယ်၊ (မှန်ပါဘုရား) ရှုလို့ရှိရင်၊ (အိုပွဲ, နာပွဲ, သေပွဲ ဇာတ်သိမ်း ပါတယ်ဘုရား) အိုပွဲ, နာပွဲ, သေပွဲကို ဇာတ်သိမ်းတယ်လို့ ဒကာကြွယ် မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ကြားတဲ့စိတ်ကလေးလဲဥပေက္ခာပဲ (မှန်ပါ) ဖြစ်ပြီးတော့၊ (ပျက်ပါတယ်ဘုရား)အဲဒါ ပညာနဲ့ကြည့်လိုက် တော့ ဘာတွေ့သလဲ၊ (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ပဲ တွေ့ တယ်၊ (မှန်ပါ)ပညာနဲ့ ကြည့်လိုက်တော့၊ (ဖြစ်ပျက် တွေ့ ပါတယ်ဘုရား)။

ဖြစ်ပျက်တွေ့တဲ့ အခါကျလို့ရှိရင်သြော်....ဝေဒနာက္ခန္ဓာ သမားဟာလဲ ဘယ်ဝေဒနာရ,ရ အင်း-ဖြစ်မှုနဲ့ ပျက်မှုရှိတာ ပဲ၊ (မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီ) အဲဒီလို သိထားတော့ ဖြစ်ပျက်နောက်က မဂ်၊ (မှန်ပါ) ဖြစ်ပျက် နောက်က (မဂ်ပါဘုရား)ဒီလိုချည်း သွားတယ်၊ (မှန်ပါ)။

သြော်—ဒါဖြင့် ဒီမဂ်ဟာ ဦးလှဘူးတို့ ဒကာကြွယ်တို့ကလဲ ဝေဖန်ကြည့်တာပေါ့၊ (မှန်ပါ)အလိုလိုပေါ်တာလား၊ သတိ ထား, ပညာနဲ့ကြည့်လို့ပေါ်တာလား၊ (သတိထားပညာနဲ့ ကြည့်လို့ ပေါ်တာပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့်မို့ သတိမဂ္ဂင်ပညာမဂ္ဂင်နေ၁်၊(မှန်လှပါ)သတိမဂ္ဂင်ပါတော့ သမာဓိတို့ ဝီရိယတို့ ပါလာတယ်၊ (မှန်ပါ့ဘုရား)ပညာမဂ္ဂင်ပါတော့သမ္မာသင်္ကပ္ပပါလာတယ်၊(မှန်ပါ့ဘုရား)။

အဲဒီတော့ မဂ္ဂင်ငါးပါးပေါ်လာတယ်၊(မှန်ပါ့)ရှင်းပြီ၊(ရှင်းပါပြီ)ဘာပေါ်လာသလဲ၊ (မဂ္ဂင်ငါးပါးပေါ်လာပါတယ်ဘုရား)မဂ္ဂင်ငါးပါးပေါ်လာတယ်ဆိုတာ ဒကာကြွယ်ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါး ဒကာကြွယ် ဝမ်းထဲမှာ ကိလေသာဖြတ်တဲ့ မဂ္ဂင်ငါးပါး၊ နိဗ္ဗာန်ကိုပို့ဆောင်တဲ့ မဂ္ဂင်ငါးပါးပေါ်တယ်၊(မှန်ပါ့)ဆုတောင်းလို့ပေါ်တာလား၊ ရှုပွားလို့ပေါ်တာလား၊(ရှုပွားလို့ ပေါ်လာတာပါဘုရား)။

ခုမှပဲ သိပေတော့တယ်၊(မှန်ပါ့ဘုရား)ဪ—မဂ်ဆိုတာဆုတောင်းလို့ရတာမဟုတ်ပါကလား၊ ရှုပွားမှရပါကလား၊(မှန်ပါ့ဘုရား) မဂ်ဆိုတာ ရှုပွားမှရပါတယ်၊ ဆုတောင်းလို့(မရပါဘုရား)။

ဆုတောင်းလို့ရတာက လူ့ပြည်,နတ်ပြည်,ဗြဟ္မာပြည်ဗျာ၊(မှန်ပါ့) ရှုပွားလို့ရတာက မဂ္ဂင်၊(မှန်ပါ့)ဦးဘအုန်း မခြားနားဘူးလား၊ (ခြားနားပါတယ်ဘုရား)။

ကိုင်းဒါဖြင့် မဂ်ကိုလိုချင်ရင် ရှုပွားကြပါ၊ (မှန်ပါ့)မဂ်ဉာဏ်လိုချင်ရင် (ရှုပွားကြပါ) ရှုပွားတော့ သတိထားပညာနဲ့ ဆုံးဖြတ်ချက်ချ၊(မှန်ပါ့ဘုရား)။

http://www.dhammadownload.com


ရှုပွားဆိုတာ သတိထား၊ ပညာနဲ့ ဆုံးဖြတ်ချက် ချပါ တော့လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား) သဘောပါကြ ပလား၊ (ပါ,ပါပြီဘုရား)။

တပည့်တော်တို့ ဒီအလုပ်ကိုဖြင့် မလုပ်တော့ပါဘူး၊ ဆရာ ဘုန်းကြီးကတော့ ဟောရှာပါရှဲ၊ တပည့်တော်တို့ကပျင်းတာ လဲမရှုဘူးဘုရား၊ ပျော်တာလဲ မရှုဘူးဘုရား၊ အလတ်စားလဲ မရှုဘူးဘုရားဆိုလို့ ခင်ဗျားတို့ အကုန် အပါယ်သွားရမယ်၊ (မှန်ပါ့ဘုရား) သူတစ်ပါးလဲ မသတ်ဘဲနဲ့ သူ့ ပစ္စည်းလဲ မခိုးဘဲနဲ့ အပါယ်သွားရမယ်၊ (မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ ပျင်းတာဟာ ဒေါသ (မှန်ပါ့) ဒေါသနောက်ကနေပြီး သောကပရိဒေဝနဲ့ ဒါမလိုက်ပါနဲ့ ဆိုလို့မရဘူး၊(မှန်ပါဘုရား)ဒုက္ခဒေါမနဿ အဝိဇ္ဇာကော၊ (လိုက်ပါတယ်ဘုရား)။

ဒါဖြင့် သံသရာ ကူးသွားပြီ၊ (မှန်ပါ့) အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား) ဝိညာဏံဆိုတာ အပါယ်ပဋိသန္ဓေ ဝိညာဉ်ကိုဆိုတာ၊(မှန်ပါ့) မရှုလို့ဖြစ်တာ၊ (မှန်ပါ့ဘုရား)။

တစ်ခါ ပျော်တာကလေး မရှုပြန်ဘူးဆိုတော့ ပျော်တာ ကိုမရှုလိုက်တဲ့အခါကျတော့ ပျော်တာက သောမနဿနော်၊ (မှန်ပါ့)သုခဝေဒနာ၊(မှန်ပါ့) သုခဝေဒနာပစ္စယာ တဏှာ ဥပါဒါန် ကံ၊ (မှန်ပါ့) ကံ–ဘဝကူးပြီ၊ဇာတိ ဇရာ မရဏ မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

ပျော်တာကို ခင်ဗျားတို့ မရှုတဲ့အတွက်လဲ အပါယ်ရောက် သွားတယ်၊ (ရောက်သွားပါတယ် ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့က မရှုမိလို့ရှိရင်ဖြင့် မသိတဲ့ အဝိဇ္ဇာသင်္ခါရ လာတာပဲ၊ (မှန်ပါ့) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား) ဟော– အပါယ်ဝိညာဏ်တွေလာကုန်ပြီ၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒကာကြွယ်ရေ....ပျော်တာမရှုမိလဲ အပြစ်သင့်တာပဲ၊ (မှန်ပါ့) ပျင်းတာမရှုမိလဲ၊ (အပြစ်သင့်ပါတယ်ဘုရား) အလတ်စားမရှုမိလဲ၊ (အပြစ်သင့်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ရှုမှသာလျှင် ပဋိစ္စသမုပ္ပါဒ်ပြတ်မယ်၊ (မှန်ပါ့) မရှုရင်ဖြင့်၊ (မပြတ်ပါဘုရား) သဘောပါကြပလား၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ပျော်ရင် ဘာဝေဒနာ၊ (သောမနဿ ဝေဒနာပါ) ပျင်းရင်၊ (ဒေါမနဿဝေဒနာပါ) အလတ်စားဖြစ်ရင် (ဥပေက္ခာ ဝေဒနာပါဘုရား)။

အဲ-ကိုယ့်သန္တာန်မှာ ဒီသုံးခုလှည့်ပြီး ဖြစ်နေတာပါ၊ သုခ,ဒုက္ခ,ဒေါမနဿ, သောမနဿ, ဥပေက္ခာ, ပေါင်း ငါးခုပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

အဲဒါတွေ လှည့်နေတာကို ဒကာဒကာမတွေက သေသေချာချာ ပညာနဲ့ကြည့်ရင် ဒါဝိပဿနာအလုပ်လို့မှတ်လိုက်ပါ့၊ (မှန်ပါ့ဘုရား)ဝိပဿနာ ဘာကျေးဇူးများသတုံးမေးတော့ ပဋိစ္စသမုပ္ပါဒ်ပြတ်ခြင်း ကျေးဇူးများတယ်၊(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်တော့ကို နောက် ပဋိသန္ဓေနေမှု၊ အိုမှု၊ နာမှု၊သေမှု၊အပါယ်ကျမှုတွေ အကုန်သိမ်းပါတယ်၊ (မှန်ပါ့ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကဲ– ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်

# တရားတော်

# (၁၇–၁၁–၆၁)

ဒကာ ဒကာမတို့ ကိုယ့်စာရွက်ကိုလဲ ကိုယ်ကြည့်ပါ၊ ဒီက ပြတာကိုလဲ ကြည့်ပါနော်၊ (မှန်ပါ့ဘုရား)။

ဒီဘက်က ဒကာ ဒကာမတွေ နံပါတ်မထိုးရသေးလို့ရှိရင် အတိတ်အကြောင်း ငါးပါးဆိုတာက ၁–နံပါတ်ကလေး ထိုးကြပါနော်၊ ကိုယ့်ဟာကိုယ် အခုထိုးလိုက်ပါ၊ ဒီဘက်က ပစ္စုပ္ပန်အကျိုးဆီက ၂–ကလေး ထိုးလိုက်ပါ၊ ဒီဘက်က ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးဆီက ၃–ကလေး ထိုးပါ၊ ဒီက အနာဂတ်အကျိုး အခြင်းအရာ ငါးပါးဆီက ၄–ကလေး နံပါတ် ထိုးလိုက်ပါ၊ (မှန်ပါ့ဘုရား)။

ဒါအခုထိုးရမှာ၊ အခုထိုးရမှာ၊ နောက်မှထိုးလို့မဖြစ်ဘူး၊ တော်တော်ကြာ ၁-၂-၃-၄ နဲ့ပြောတော့ နားမလည်ဘဲ နေမှာစိုးလို့၊ (မှန်လှပါဘုရား) ဒကာကြွယ်-ထိုးနော်၊ (မှန်ပါ့) ၁-၂-၃-၄ ဆိုတာ သူ့အတန်းနဲ့သူထိုးဖို့ ဒီပုံစံကြီးမြင်သဖြင့်

http://www.dhammadownload.com



လဲ ဒီအတိုင်းကြည့်ထိုးလဲ ဒကာကြွယ်တို့ ရပါတယ်၊ (မှန်ပါ့) တရားနာပါ–တရားနာပါ၊ ပြလဲပြမယ်၊ တရားလဲ နာရလိမ့်မယ်နော်၊ (မှန်ပါ့)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘုရား ဖြစ်တယ်ဆိုတာ ဒကာ ဒကာမတွေ ဘုရားအဖြစ်သို့ အရယူ လာခဲ့တယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သိပါပြီ၊ (မှန်ပါ့ဘုရား)။

ဩော်-ကိုယ်တော်မြတ်ကြီးဟာ ဘယ့်နှယ်ကြောင့် အလုံးစုံသိတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး အလုံးစုံဝဋ္ဋဒုက္ခကျွတ်တဲ့ ကိုယ်တော်ကြီး ဖြစ်သွားပါလိမ့်မလဲလို့ **ဒကာ ဒကာမတွေက စဉ်းစားခန်းထုတ်**တော့ကို ပဋိစ္စသမုပ္ပါဒ်ပြတ်သွားလို့ ဘုရား ဖြစ်သွားတယ်လို့ မှတ်ပါနော်၊ (မှန်ပါ့)။

ဘာကြောင့် ဘုရားဖြစ်ပါလိမ့်၊(ပဋိစ္စသမုပ္ပါဒ်ပြတ်သွား လို့ ဘုရားဖြစ်ပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဆိုတဲ့ အဓိပ္ပာယ်နော်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ပြတ်မှုပဲ ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ်သို့ ငါသည်ကားလို့ဆိုရင် **''ဝိမုပယံ တိဋ္ဌတိ မာရ သေနံ သူရိယောဝ ဩဘာသယမန္တလိက္ခံ''**ဆိုပြီး ငါသည် နေဝန်း, လဝန်းကြီးလို ပေါ်ထွန်းပြီးသလာလ ဉာဏ်တော် ယှဉ်ပြီးသကာလ လင်းရတယ်ဆိုဘဲ့ဥစ္စာကိုလဲ ကိုယ်တော်မြတ်ကြီး သူဟာသူ ဝမ်းမြောက်တော်မူတယ်၊(မှန်လှပါဘုရား)။

အဲဒီတော့ ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့လမ်းစဉ်ကို ကျုပ်တို့က ကျင့်ရတော့မယ်ဆိုတော့ သူလို **ဘုရားမဖြစ်ငြား**

http://www.dhammadownload.com



သော်လဲ သူလဲ သောတာပန်ကစ,တော့ ကျုပ်တို့လဲ သော တာပန်က စ,ရမယ်၊ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ သောတာပန်က စ,ရတော့ သောတာပန် ဖြစ်ချင်လဲ ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ဒကာ ဒကာမတို့ ပြတ်ရ လိမ့်မယ်လို့ မှတ်ထားကြပါ၊ (မှန်လှပါဘုရား) ဆိုင်ရာ ပဋိစ္စ သမုပ္ပါဒ်ကို၊ (ပြတ်ရမှာပါဘုရား) မပြတ်ရင် ဖြစ်ကိုမဖြစ် ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲနော်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေထဲမှာတဲ့၊ ဒီ ခန္ဓာကြီးက ဘာခန္ဓာကြီးတုံးလို့ ကိုယ့်ဟာကိုယ်ပဲ ဝေဖန် ကြည့်လိုက်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီးလို့ မှတ်လိုက် စမ်းပါ (မှန်လှပါဘုရား) ဒီခန္ဓာကြီးက ဘာပါလိမ့်၊ (ပဋိစ္စ သမုပ္ပါဒ် ခန္ဓာကြီးပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးဆိုတာ သိနေကြပြီတဲ့၊ ပဋိစ္စ သမုပ္ပါဒ် ခန္ဓာကြီးဟာ ဩော် ခန္ဓာကြီးဟာ ဘဝစက် လည်နေတဲ့ ခန္ဓာကြီးဆိုပြီး ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီး ဒကာ ဒကာမတွေက သိနေတော့ ယခုဘဝပြီးရင် နောက်ဘဝ သွားရမယ်၊ (မှန်ပါ) နောက်ဘဝပြီးသကာလ တစ်ခါ ထပ်ပြီး အနာဂတ်ဘဝသွားရမယ် (မှန်လှပါဘုရား) အနာ ဂတ်ဘဝကနေပြီး ပြန်လှည့်ရမယ်၊ (မှန်လှပါဘုရား)။

ဩော် - ဒါဖြင့် ဒကာဒကာမ တွေ ခန္ဓာကိုယ်ကြီးဟာ ဒီဘဝက စုတိနဲ့ ဟိုဘဝက ပဋိသန္ဓေနဲ့ ဆက်စပ်နေတာလဲ ပဋိစ္စသမုပ္ပါဒ်ပဲ၊ (မှန်လှပါဘုရား) စုတိနဲ့ ပဋိသန္ဓေ ဆက် နေတာလဲ ဘာပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) ကံနဲ့ အကျိုးပေး ဆက်နေတာကော၊ (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

http://www.dhammadownload.com



ကံနဲ့ အကျိုးပေး ဆက်နေတာလဲ ပဋိစ္စသမုပ္ပါဒ်ပဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်ထားတော့ အခု ကျန်တဲ့ အကျိုးပေး ပြတ်သွားလို့ရှိရင်လဲ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်၊ (မှန်လှပါ) စုတိပဋိသန္ဓေ ပြတ်သွားရင်လဲ၊ (ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်သွားတယ်လို့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက မှတ်ထားတော့ ဩော်-ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ပဲလို့လဲ မှတ်လိုက်ပါဦး၊ (မှန်ပါ့ဘုရား)။ ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတာ ဒကာ-ဒကာမတွေ သေသေချာချာ မှတ်ထားတော့ ဩော်-နိဗ္ဗာန်လိုချင်ရင်ဖြင့် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်ရမှာပါကလားလို့ဆိုတဲ့အကျဉ်းချုပ်စကားကလေးမှတ်ထားလိုက်စမ်းပါ (မှန်လှပါဘုရား) နိဗ္ဗာန်လိုချင်ရင် (ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်ရမှာပါဘုရား) အဲ—ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် မပြတ်လို့ရှိရင် နိဗ္ဗာန်မရပါဘူး၊ (မှန်လှပါ) ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်မှသာလျှင် နိဗ္ဗာန်အစစ်ကို အနုပါဒိသေသ နိဗ္ဗာန်ဆိုတာ ရနိုင်ပါတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်ဖို့ အရေးသည် ကျုပ်တို့နိဗ္ဗာန်ရောက်ဖို့ အရေးပဲ(မှန်ပါ့ဘုရား) ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ အရင်ပြတ်ရင် အရင် နိဗ္ဗာန်ရတာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီနေရာမှာခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ပြတ်နည်းကို မသိတာက ဘာလဲလို့ မေးလို့ရှိရင်ဖြင့်—တဲ့၊ ဒကာ-ဒကာမတွေ ယုံမှားသံသယ ရှိနေကြတယ်၊ ဩော်—ဒို့အမေ—ဒို့အဖေ

http://www.dhammadownload.com



မွေးထားလို့ ဒို့သားသမီးဖြစ်လာတယ်လို့ဒီလိုအယူရှိကြတယ်၊ (မှန်ပါ့ဘုရား)။

အဖေ-အမေမွေးလို့ သားသမီးများ ထွန်းကားလာတယ်လို့ ယူကြပါတယ်၊ (မှန်လှပါဘုရား) ထိုကဲ့သို့ ယူကြတော့ အဖေ-အမေသည် သားသမီးတို့ ဖြစ်ခြင်း၏ အကြောင်းလို့ ဒကာ-ဒကာမတွေ ထင်ကြမှာပဲ၊ (မှန်ပါ့) အမေ အဖေသည် သားသမီး၏ ဖြစ်ခြင်း၏ အကြောင်းလို့ ထင်ပါလိမ့်မယ်၊ (မှန်ပါ့)။

သို့သော် ခင်ဗျားတို့ ထင်တာသည်ကား- လို့ ဆိုလို့ရှိရင် တစ်စိတ်တစ်ဒေသမှန်၍ အကုန်မမှန်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ) အကုန်မမှန်ပါဘူး၊ (မှန်ပါ့)။

ဒကာ-ဒကာမတွေ စဉ်းစား ကြည့်ပါ—တဲ့၊ တစ်ချို့မှာ အိမ်ထောင်ရက်သားကျတာ တော်တော်ကြာပြီ၊ သားသမီး တစ်ယောက်မှ မထွန်းကားဘူး၊(မှန်လှပါဘုရား)ဒီလိုဆိုတာ ကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဦးသန်းမောင် ဒါတွေက ရှိတယ်နော်၊ (မှန်လှပါ)။

အဲဒါ အမေ—အဖေနဲ့ မဆက်သွယ်လို့ဆိုတာလဲ ဒီနေရာ ကန့်ကွက်ချက်တစ်ခု ဝင်လိမ့်မယ်ဆို ဝင်ရမှာပဲ၊ (မှန်လှပါ ဘုရား) မဝင်ရပေဘူးလား၊ (ဝင်ရမှာပါ ဘုရား)။

ဒါဖြင့် ဒီဟာလဲ အယူမှန် မဟုတ်သေးဘူး၊ (မှန်လှပါ) သဘောပါပလား၊ (ပါ,ပါပြီ) အမေ-အဖေကြောင့် သားသမီးဖြစ်ရတယ်ဆိုတာ အယူ ဟုတ်မှန်သလား၊ (မဟုတ်ပါ ဘုရား)။

http://www.dhammadownload.com



တစ်ချို့ သားသမီး တစ်ယောက်မှ မထွန်းကားဘူးဆို တာတွေလဲ အမေ အဖေတွေ သေသွားရော၊ သားသမီး မထွန်းကားတာတွေ ထောက်တော့ အမေ အဖေကြောင့်ဆိုတဲ့ စကားဟာ အင်း....မမှန်ဘူးဟေ့ဆိုတာ သိပါတယ်၊ (မှန်ပါ့ သိပါတယ်ဘုရား)။

အဲဒါတော့ ပယ်လိုက်ပြီ၊အမေ အဖေကြောင့်ဆိုတာ ဝေး သော အကြောင်းတော့ ဖြစ်ပါတယ်နော်၊ (မှန်ပါ့ဘုရား) အမေ အဖေကြောင့် သားသမီး ခန္ဓာငါးပါး ဖြစ်လာတယ် ဆိုတဲ့ ဥစ္စာဟာ ဩော်....မမှန်သေးပါကလားဆိုတာလဲ ယနေ့ ဆုံးဖြတ်ချက်ချလိုက်၊ (မှန်ပါ့ဘုရား)။

တစ်ခါ စဉ်းစားတော့လဲ ထာဝရဘုရားက ဖန်ဆင်းတယ် လို့ တစ်ချို့ ခရစ်ယာန် မဟာဗေဒင်ဆိုတဲ့အယူဝါဒတွေမှာ ရှိ သေးတယ်၊ (မှန်လှပါဘုရား) ဘယ်သူ ဖန်ဆင်းသတုံး၊ (ထာဝရဘုရားက ဖန်ဆင်းပါသတဲ့ ဘုရား)။

ထာဝရဘုရားက ဖန်ဆင်းတယ် ဆိုပြီးသကာလ လူတွေ, နတ်တွေ ဗြဟ္မာတွေဟာ ထာဝရဘုရားကဖန်ဆင်းတယ်ဆိုပြီး သကာလ ခရစ်ယာန် မဟာဗေဒင် အစရှိသည်တို့မှာ ယူပြီး သကာလ ထားတယ်၊ (မှန်ပါ့)။

အဲသည်ကဲ့သို့ ဖန်ဆင်းတယ်လို့ ယူထားတဲ့ အခါကျလို့ရှိ ရင်လဲ အကြောင်းကမကုန်ဘဲ ဖြစ်နေတယ်၊ (မှန်ပါ့)ထာဝရ ဘုရားကျတော့ ဘယ်သူက ဖန်ဆင်းသလဲဆိုတဲ့ မေးခွန်းဟာ ထွက်လာတယ်၊ (မှန်ပါ့) မထွက်လာဘူးလား၊ (ထွက်လာ ပါတယ်ဘုရား)။

ဒါကျတော့-တဲ့ သူတို့ မပြောတတ်ပြန်ဘူး၊ (မှန်လှပါ) မပြောတတ်ပြန်တော့ ဖန်ဆင်းတယ်ဆိုတာလဲ မဟုတ်သေးပါဘူး၊ (မှန်လှပါဘုရား)။

အမေ အဖေကြောင့်လဲ မဟုတ်သေး၊ (မှန်လှပါ ဘုရား) ဖန်ဆင်းခြင်းကြောင့်လဲ၊ (မဟုတ်သေးပါ ဘုရား)။

တစ်ခါ ဟိန္ဒူတွေ ကျပြန်တော့လဲ ဒကာ-ဒကာမတွေ မှတ်စရာက ဗြဟ္မာကြီးခြောက်ယောက်ကမွေးတယ်၊လူဆင်းရဲများ၊ (မှန်ပါ့) ဗြဟ္မာကြီး ဝမ်းဗိုက်ထဲက မွေးဖွားတယ်၊ လူချမ်းသာများ၊(မှန်ပါ့) ဗြဟ္မာကြီးဝမ်းထဲကခွဲထွက်တဲ့ပုဂ္ဂိုလ်များ၊ (မှန်ပါ့) ဗြဟ္မာကြီး ဦးခေါင်းက မွေးတဲ့ပုဏ္ဏားများ၊ (မှန်ပါ့) သူတို့က ဒီလိုယူထားတယ်၊ (မှန်လှပါဘုရား)ဗြဟ္မာကြီးကပဲ အကုန်မွေးထုတ်တာပဲ၊ (မှန်ပါ့)။

ဒီလို ဆိုပြန်တော့လဲခုနင်ကအမေးဟာ ထွက်လာဦးမှာပဲ၊ (မှန်ပါ့) ဦးသန်းမောင် ထွက်ရမယ်၊(ထွက်ရပါမယ်ဘုရား)၊ ၎င်း ဗြဟ္မာကြီးကိုတော့ ဘယ်သူက တည်ထောင်သတုံး ဆိုတဲ့ မေးခွန်းထွက်လာတယ်၊ (ထွက်လာပါတယ်ဘုရား) မထွက်လာဘူးလား၊ (ထွက်လာပါတယ်ဘုရား)။

အဲဒီတော့လဲ အဖြေဟာ ပျောက်သွားဦးမှာပဲ၊ (မှန်ပါ့) ဒကာကြွယ်-ဘယ့်နှယ်ဖြေမလဲ၊ (ပျောက်သွားပါမယ်ဘုရား) အဖြေပျောက်သွားလိမ့်မယ်ဆိုတာလဲ ကေန်ပဲဆိုဘာ ယုံကြည်ပလား၊ (ယုံကြည်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာဖြင့် အင်း–ကိုယ့်အမေအဖေတွေးလိုက်ပြန်လဲအကုန်နှံစပ်တဲ့စကားမဟုတ်ဘူး၊ (မှန်လှပါဘုရား) ခရစ်ယာန်ဘာသာကို တွေးလိုက်ပြန်

http://www.dhammadownload.com



တော့လဲ သံသယရှိစရာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်) ဟိန္ဒူဘာသာကို တွေးလိုက်ပြန်တော့လဲ သံသယရှိစရာ ပေါ် လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် သံသယနဲ့ပဲ ဒို့ ဘယ်က လာပါလိမ့်မတုံး ဆိုပြီး သေသွားကြတယ်၊(သေသွားပါတယ်ဘုရား) အင်း—ဒို့ကို ဘယ်သူကလုပ်လိုက်လို့ ဒို့-ယခု ရုပ်နာမ်ခန္ဓာကြီးရနေပါလိမ့် မလဲဆိုတဲ့ ဒကာကြွယ်တို့ ဦးသန်းမောင်တို့ဟာ ကိုယ့်ဟာ ကိုယ် မသိတဲ့သတော မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် သံသယရှိတယ်၊ ငါ ဘယ့်နှယ်ကြောင့် ဒီအဖြစ် ဒီအနေစ်သို့ ရောက်လာပါလိမ့်မတုံးဆိုတဲ့ သံသယ, ဒကာဒကာမတို့ ရှိလာတယ်၊(ရှိပါတယ်ဘုရား)။

အဲဒါတွေကို ဘုရားကလဲမပွင့်, ဆရာကောင်းကလဲမတွေ့ တဲ့အခါကျတော့ ဒီသံသယတွေ ဘယ်သူက ဖျောက်ပေးမလဲ လို့ မေးလို့ရှိရင် ဒကာကြွယ်-ဘယ့်နှယ်ဖြေပါ့မလဲ၊ (ဘယ်သူမှ ဖျောက်မပေးနိုင်ပါဘုရား) နောက်က ဒကာ ဒကာမတွေ ဘယ်သူများဖျောက်ပေးနိုင်သတုံး၊(ဘယ်သူမှဖျောက်မပေး နိုင်ပါဘုရား)။

ဖျောက်မပေးနိုင်တော့ သံသယ ရှိတယ်၊ (မှန်ပါ့ဘုရား) ဩော်....ငါသည်ကားလို့ဆိုရင် ဘယ်လို ငါပါလိမ့်မတုံးဆိုတဲ့ ဝိစိကိစ္ဆာကလဲဝင်လာတယ်(ဝင်လာပါတယ်ဘုရား)ဝိစိကိစ္ဆာ ဝင်လာတော့ ဒိဋ္ဌိကဝင်လာတယ်၊(ဝင်လာပါတယ်)ဦးသန်း မောင်ရေ....ဝိစိကိစ္ဆာ ဝင်တော့ကို ဒိဋ္ဌိလဲ (ဝင်လာပါတယ် ဘုရား)။

ဒိဋ္ဌိကလဲ ငါသည် ဘယ်လိုငါပါလိမ့်မတုံး၊ ဒီရုပ်နာမ်တွေ ဟာ ငါပါလားဆိုတဲ့ ဒိဋ္ဌိတွေဟာ လာမှာပဲ၊ (လာမှာပါပဲ ဘုရား)အဲဒီကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ရှိရင် ဒိဋ္ဌိ ဝိစိကိစ္ဆာနဲ့ သေကြရပါလိမ့်မယ်၊ (မှန်ပါ့ဘုရား)ဘာနဲ့ သေ ကြမလဲ၊ (ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ သေကြပါမယ်ဘုရား)။

ဒါဖြင့် အားလုံး အပါယ် သွားရမယ်၊ (သွားရမှာပါပဲ ဘုရား)ဒကာဒကာမတို့ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ချည်း သေကြရတော့ မယ်ဆိုတော့ အားလုံး အပါယ်သွားရမယ်၊(သွားရပါမယ်) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့ ဘယ့်နှယ်ကြောင့် အပါယ် သွား ဒီလောက် များပါလိမ့်မတုံး ဆိုတော့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး နားမလည်လို့၊(မှန်လှပါဘုရား) ရှင်းကြ ပလား၊ (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် အပါယ်သွား များပါလိမ့်၊ (ပဋိစ္စ သမုပ္ပါဒ် အကြောင်းအကျိုးနားမလည်လို့ပါဘုရား)ဩော်- ဒါဖြင့် အပါယ်လေးပါး တံခါးပိတ်တဲ့ တရားဟာဖြင့် ပဋိစ္စ သမုပ္ပါဒ် နားမလည်မှုဆိုတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာသတ်မှုပဲ၊(မှန်လှပါ ဘုရား)ပေါ်လာပြီလား၊ (ပေါ်လာပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒကာဒကာမတွေ အပါယ်သွား များ ပါလိမ့်မလဲဆိုရင် ဘယ့်နှယ် ဖြေကြမလဲ၊ (ဒိဋ္ဌိ ဝိစိကိစ္ဆာ မသတ်နိုင်လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါ၊ (မှန်ပါ့)ဩော်....ဒါဖြင့် ဒို့ နားမလည်ထိုက်တဲ့တရားတစ်ခု ဟာ ဆရာဘုန်းကြီးက ချီးမြှောက်ရတော့မှာပဲဆိုပြီး ဝမ်း မြောက်ပါတယ်၊(မှန်လှပါဘုရား)။

http://www.dhammadownload.com



အင်မတန် အရေးကြီးပါပြီ—တဲ့၊ ခါတိုင်းတော့ ဒီလို အဝိုင်းနဲ့ မပြဘဲနဲ့ ပုံတန်းတန်းပြီး ပြနေတယ်၊ အခုတော့ဖြင့် ကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ပါလာပြန်တော့ အင်း....စာရွက် တွေဝေကမ်းတဲ့ ဒကာဒကာမတွေကလဲ အားလုံး သိစေချင်တဲ့ သဘောနဲ့ သူတို့ ဝေကြ-ကမ်းကြပြန်တယ်၊ တစ်ခါပုံစံကြီးကို လုပ်ပြီး မောင်ထွန်းရင်တို့လဲပြတော့ သိဖို့ရာ အကြောင်းတွေ ကုသိုလ်ပြုပြန်တော့ ဒကာ ဒကာမတွေမှာ ကံထူးတဲ့ ပုဂ္ဂိုလ် တွေလို့ ဆိုရမယ်၊ (မှန်လှပါဘုရား)။

ဘာ့ကြောင့်တုံး၊ ဘယ်လိုကံထူးပါလိမ့်မတုံးမေးတဲ့အခါ ကျတော့ ဩဝ်-ပဋိစ္စသမုပ္ပါဒ် နားမလည်သောကြောင့် ဒိဋ္ဌိ ဝိစိကိစ္ဆာမသေ,သစ္စာလဲမသိ၊ (မှန်လှပါဘုရား)ဒိဋ္ဌိဝိစိကိစ္ဆာ (မသေပါဘုရား) သစ္စာကော၊ (မသိပါဘုရား) သစ္စာလဲ မသိ၊ဒိဋ္ဌိဝိစိကိစ္ဆာလဲမသေတော့သစ္စာမသိတော့ သံသရာရှည်၊ ဒိဋ္ဌိဝိစိကိစ္ဆာမပယ်နိုင်တော့အပါယ်သွား၊ (မှန်လှပါဘုရား) ဒီလိုမနေဘူးလား၊ (နေပါတယ်ဘုရား)။

အဲဒီကဲ့သို့ နေတဲ့အတွက် ယနေ့သည် ဒါဆက်ပြီး ဒကာ– ဒကာမတွေ တရားပွဲရက် မပျက်အောင်ဘဲ ဂရုစိုက်ကြနော်၊ (မှန်လှပါဘုရား) ကျန်းမာအောင်လဲ နေကြပါလို့၊ **ဒါ—နား လည်လို့ ရှိရင်ဖြင့် နားလည်ကာ မတ္တနဲ့ အပါယ်တံခါးပိတ် တယ်၊** (မှန်လှပါဘုရား) စူဠသောတာပန်ဖြစ်ရင် တစ်ဘဝ, နှစ်ဘဝ အပါယ်တံခါး ပိတ်သွားတယ်၊ (မှန်လှပါဘုရား)။

ဒီအတိုင်းပဲ ဖြတ်လမ်းကို ဘုန်းကြီးကလဲ ဟောလို့ ဖြတ် လမ်းကိုကျင့်လို့ရှိရင် သောတာပန် အမှန် တည်ပါလိမ့်မယ်၊ (မှန်ပါဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမ တွေသည် ဩော်....ငါတို့ဟာ အရေးကြီးတဲ့ အချက်အလက်တွေ အခုအချိန်မှာ ရောက်နေသောကြောင့် သားရေး, သမီးရေး,စီးပွားရေးဆိုတာ ပဋိစ္စ သမုပ္ပါဒ်လည်တဲ့လမ်း၊ (မှန်လှပါဘုရား) ဆရာသမားဆီမှာ ချဉ်းကပ်ပြီးသကာလ ဒီဟာကြည့်ပြီးသကာလ ဒီအဝိုင်းကြီး ကြည့်ပြီးသကာလ ဖြတ်တဲ့နေရာကနေ ဖြတ်လိုက်တဲ့အခါကျ တော့ ဩော်....ဒို့သည်ကားလို့ဆိုရင် အဝိုင်းပြေး ဖြစ်မှာပဲ၊ အခုတော့ဖြင့် အဝိုင်းပြေးအဖြစ်မှ လွတ်ပြီးသကာလ အင်း-တက်စရာထိပ်တန်းတွေတွေ့ပြီလို့ဆိုရလိမ့်မယ်၊(မှန်ပါ့ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခုနင်ကပြောခဲ့တဲ့ ဟိန္ဒူဘာသာဝင်တွေပြောနေတဲ့ အသွားဟာလဲမဟုတ်ဘူးလို့ မှတ်လိုက်ပါ၊ (မှန်လှပါဘုရား) ခရစ်ယာန်တွေပြောတဲ့ ထာဝရက ဖန်ဆင်းတာတွေလဲ မဟုတ်ဘူးလို့ပဲ မှတ်လိုက်၊ (မှန်လှပါဘုရား)အမေ့,အဖေကြောင့်သားသမီးခန္ဓာတွေဖြစ်လာတယ်ဆိုတာလဲတစ်စိတ်တစ်ဒေသသာမှန်၍ အကုန်မမှန်ဘူးလို့ မှတ်လိုက်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အမှန့်အစစ်ကို ရှာကြပါစို့၊ (မှန်လှပါဘုရား) အမှန်အစစ်ကို ရှာကြပါစို့ဆိုတော့ ဒကာ ဒကာမတို့ ဒါဟာ လိုရင်းအချက်ပဲ ဆိုတာ ဒကာကြွယ် - မှတ်ရပေလိမ့်မယ်၊ (မှန်လှပါဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ အခု ရ,ထားတဲ့ တရား ဟောတဲ့ ဘုန်းကြီး၏ ခန္ဓာ၊ တရားနာနေကြတဲ့ ဒကာ ဒကာမ

http://www.dhammadownload.com



တွေ့၏ ခန္ဓာငါးပါး၊ (မှန်ပါ) သဘောကျပလား၊ ကျပါပြီ ဘုရား)။

တရားနာကြတာ, နေကြတာ, ထိုင်ကြတာ ဘယ်သူတွေပါလိမ့်၊ (ခန္ဓာငါးပါးပါဘုရား) ဩော်-ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတွေပဲနော်၊ (မှန်ပါဘုရား)။

ဘယ်သူ တည်ထောင်လို့ ဒီအဖြစ် ဒီနေရာ ရောက်လာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဘယ်သူဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရှာမတွေ့ပါဘူး၊ (မှန်ပါ) ဘယ်သူဆိုတဲ့ ပုဂ္ဂိုလ်ဟာဖြင့်၊ (ရှာမတွေ့ပါဘုရား)။

ဩော်—ဒါဖြင့် ပုဂ္ဂိုလ်မရှိကတည်းက ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့၊ ဓမ္မရှိတယ်လို့မှတ်၊ (မှန်လှပါဘုရား) ပုဂ္ဂိုလ်ကတော့ မဖန်ဆင်းပါဘူး၊(မှန်ပါ)ဓမ္မကတည်ထောင်တယ်လို့ မှတ်လိုက်တာပေါ့၊ (မှန်လှပါဘုရား)ဘယ်လိုမှတ်ကြမယ်၊ (ဓမ္မကတည်ထောင်ပါတယ် ဘုရား)။

ဓမ္မကတည်ထောင်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေချာချာ မှတ်ပါနော်၊(မှန်ပါ)ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်တဲ့နေ့မှာ ဓမ္မက တည်ထောင်တာ ဟောချင်တော့ သူ ဘယ်လို ဓလာသတုံးဆိုတာ ပဋိစ္စသမုပ္ပါဒ် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ လာပါတယ်၊ (မှန်ပါဘုရား)။

ဘယ်လိုလာသတုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ သတ္တဝါတွေ အစ ငါ ရှာမယ်ဆိုပြီး အကာလ အနမတဂ္ဂသံယုတ်များမှာလဲ လာထားတယ်၊ (မှန်ပါဘုရား)။

သတ္တဝါတွေ အစရှာလိုက်တာဥပမာမယ်၊ ဦးသန်းမောင် အစ, ရှေးဘဝက ဦးသန်းမောင်က နတ်ဖြစ်ခဲ့တယ်၊ ဟိုဘက် ဘဝက ဗြဟ္မာဖြစ်ခဲ့တယ်၊ဟိုဘက်ဘဝက တိရစ္ဆာန်တွေဖြစ်ခဲ့ တယ်၊ဒီလိုပုဂ္ဂိုလ် အဖြစ်တွေနဲ့ ရှောက်တွေးလိုက်တာ ဒကာ-ဒကာမတို့ ဘုရားဖြစ်တဲ့အချိန်ကဦးသန်းမောင်အကြောင်းကို တွေး၊အင်မတန်ကြီးကျယ်တဲ့ဉာဏ်ကြီးနဲ့တွေးတာဆုံးကိုမဆုံး နိုင်ဘူး၊ (မှန်လှပါဘုရား) ပုဂ္ဂိုလ် အဖြစ်နဲ့ တွေးယင်ဖြင့်၊ (မဆုံးပါဘုရား)။

မဆုံးနိုင်အောင်ဘဲ အသေတွေ အနေတွေ များခဲ့တယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) မဆုံးနိုင်အောင်ဘဲ၊ (အသေတွေ အနေတွေ များခဲ့ပါတယ်ဘုရား)။

အသေတွေ အနေတွေ များခဲ့တယ်ဆိုတာဖြင့် ဒကာ ဒကာမတို့ ဘုရားတောင်မှ ပုဂ္ဂိုလ်သတ္တဝါ၏ အစ မမြင်ဘူး၊ (မှန်လှပါဘုရား) ပုဂ္ဂိုလ်အစနော်၊ (မှန်လှပါ)ပုဂ္ဂိုလ်ဆိုတာ အထည် စ,လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ)။

ဒီ ခန္ဓာဒြပ်ကြီး အစ ရှောက်တွေးလိုက်တဲ့အခါကျတော့ ဘယ်ခန္ဓာကစ,တယ်ဘယ်ခန္ဓာကစ,တယ်ဆိုတာ ဘုရားဖြစ်တဲ့ နေ့ကတွေး၊ ပရိနိဗ္ဗာန်စံသည့်တိုင်အောင်တွေး၊တစ်ယောက်၏ ဖြစ်ပျက်မှု နောက်ဆုတ် တွေးသွားတာ ဦးသန်းမောင် မကုန် ဘူး၊ (မှန်လှပါဘုရား)။

ဒါဖြင့် ကျုပ်တို့ခန္ဓာတွေ ဘယ်လောက် ရှည်ခဲ့သလဲဆိုရင် ဘယ့်နှယ်ဖြေကြမလဲ၊ (မရေမတွက်နိုင်ပါဘုရား) မရေတွက် နိုင်ဘူး၊ (မှန်လှပါ) ဒကာကြွယ် ရေတွက်နိုင်ရဲ့လား၊ (မရေ

http://www.dhammadownload.com



တွက်နိုင်ပါဘုရား) အသေချင်းတွေဖြင့် စပ်ခဲ့ပေါ့လို့ ဆိုရင်ကော၊ (ဆိုနိုင်ပါတယ် ဘုရား)။

အေး - အသေချင်းစပ်ခဲ့တော့ ဒီမြေတွေဟာ ဘယ်သူ့မြေတွေတုံးလို့ မေးလို့ရှိရင် ကျုပ်တို့ အသားထဲကဖြစ်တဲ့ မြေတွေပဲ (မှန်လှပါ) ဘယ်လောက်များ ကျုပ်တို့ အသေများခဲ့တယ်ဆိုတာ ဒကာ-ဒကာမတွေ ရှင်းကြပလား၊ (ရှင်းပါပြီ ဘုရား) အသေဘယ်လောက် များခဲ့သလဲ၊ (မရေတွက်နိုင်ပါဘုရား)။

ဒီမြေတွေ ဒီရေတွေဟာ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင် ကျုပ်တို့အသားအသွေးတွေကို မြေခံပြီးသကာလ ဖြစ်လာတာ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ)။

ကောင်းပြီ-တဲ့၊ဒကာ-ဒကာမတို့ ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါတွေကဖြင့် ပြေးခဲ့ပြီပေါ့၊ (မှန်ပါ) ပြေးလို့ကို ဆုံးရဲ့လား၊ (မဆုံးပါ)ဦးသန်းမောင်နောက်ဆုတ်ပြေးလိုက်တာဆုံးသေးရဲ့လား၊ (မဆုံးပါဘုရား)။

နောက်က ဒကာ-ဒကာမတွေ နောက်ဆုတ် ပြေးတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အင်မတန် ကြီးကျယ်တဲ့ ဉာဏ်၊ အင်မတန် လျှင်မြန်တဲ့ဉာဏ်နဲ့ ပြေးတာတောင် ပုဂ္ဂိုလ်အဖြစ်နဲ့ပြေးရင် ဆုံးသေးရဲ့လား၊ (မဆုံးပါဘုရား) အဲဒါကြောင့်-

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော
ပုဗ္ဗာကောဋိ နပညာယတိ"

အယံသံသာရော= ဤခန္ဓာ သံသရာကြီးသည်၊ အနမတဂ္ဂေါ=မသိအပ်သော အစရှိ၏၊ ဝါ-မသိပါဘူးကွာ၊ ရှည်

http://www.dhammadownload.com



လိုက်တာလွန်လို့၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

မသိအပ်သော အစ ရှိတယ်၊ မသိအပ်သော အစ ရှိတယ်ဆိုကတည်းက ဒကာ ဒကာမတွေ အစ ရှာမတွေ့ဘူး၊ (မှန်ပါ) ခန္ဓာတွေနဲ့သာ ပြေးလို့ရှိရင် ဦးသန်းမောင် ဘာတဲ့၊ (အစ မရှိပါဘုရား) အစ ရှာမတွေ့ဘူးဆိုတာ ဒကာ ဒကာမတွေ ရှင်းလောက်ပါပြီ၊ (ရှင်းပါပြီဘုရား)။

အင်း....ဟင်း....ဒကာကြွယ်တစ်ယောက်ကိုပဲ နောက်ဆုတ်တွေးလိုက်လို့ရှိရင်ဖြင့် ဘုရားဖြစ်တဲ့နေ့ကတွေး၊ ပရိနိဗ္ဗာန် သာစံရရှိတယ်၊ သူများပြောဟောချိန်လဲ မပေးနိုင်တော့ဘူး၊ ဒါတောင် မဆုံးဘူး၊ (မှန်လှပါဘုရား)။

သတ္တဝါအစ ဘယ်လောက်ရှည်ခဲ့တယ် ဆိုတာဖြင့် ဒကာ ဒကာမတွေ ပြေးကိုပြေးလို့ မဆုံးဘူးဆိုတဲ့ အသေတွေထပ် အနေတွေထပ်ဆိုတာ ပြောဖို့လိုသေးလား၊ (မလိုပါဘုရား) အဲဒါကြောင့် ဒကာ ဒကာမတို့ သံသရာ ရှည်ခဲ့တယ် ဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

သြော်....နောက်ထပ်လဲ ဒကာ ဒကာမတွေ သံသရာရှည်ကြောင်းကိုကြိုးစားနေကြဦးမယ်၊ ထွက်လမ်းကိုမရှာတော့ပါဘူးဆိုရင်ဖြင့် ဒီမြေပေါ် ကိုယ့်အရိုးအသားတွေက ဖြစ်တဲ့မြေပေါ်မှာ ကိုယ့်သစ်ပင်စားသောက်တဲ့ သစ်ပင်တွေစိုက်ပြီး သကာလ ကိုယ့်အသား အရိုးဖြစ်တဲ့ မြေပေါ်မှာ ကိုယ်စားကောင်းတဲ့သစ်ပင်တွေစိုက်ပြီး ဦးသန်းမောင် စားရုံပဲရှိတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒါမှ မြေပိုင်ဖြစ်တယ်၊(မှန်လှပါဘုရား) ကိုယ့်အသားအရိုးကဖြစ်တဲ့မြေ၊ (မှန်ပါဘုရား)ဒါလောက်ရှည်ခဲ့ပါတယ် ဒကာဒကာမတို့၊ (မှန်ပါဘုရား) ဒီမြေတွေဟာ ဘယ်သူကဖြစ်တဲ့မြေလို့ဆိုကြမလဲ၊(ကိုယ့်အသားအရိုးက ဖြစ်တဲ့ မြေပါဘုရား။

ဒီမြေပေါ်မှာပေါက်တာတွေ ဘယ်သူစားနေရသတုံးဆိုတော့ ဒီအသားအရိုးကိုနဂိုရ်ကစွန့်ပစ်ထားခဲ့တဲ့ ကိုယ့်မြေပိုင်လုပ်ပြီးသကာလ စားနေကြတယ် ဆိုရင်ကော လွဲပါ့မလား၊ (မလွဲပါဘုရား)။

ဩော်-ဒို့မှာဖြင့်ကြောက်စရာကြီးပါကလား၊ကိုယ့်အသားအရိုးမြေလုပ်ပြီး ဒီပေါ်မှာ အပင်စိုက်စားပြီးတော့မှစားတဲ့ပုဂ္ဂိုလ်က ဒီအပေါ်မှာမြေဩဇာဖြစ်အောင်ပြန်မြုပ်၊ (မှန်လှပါဘုရား)တစ်ခါဒီအပေါ်မှာပဲ ပြန်ဖြစ်ဆိုတော့ ဦးသန်းမောင်-ဒီမြေဟာမြေကောင်းလား-မြေမကောင်းလား၊(မြေမကောင်းပါဘုရား)။

ဘယ်လိုကမ္ဘဝါဖတ်ဖတ် မကောင်းဘူးဗျ၊ (မှန်လှပါ)ခင်ဗျားတို့က အိမ်ကလေး ဆောက်မယ်ကြံ၊ကမ္ဘဝါလေး ကူပါဦး၊ ဘာလေး ညာလေး အန္တရာယ် ကင်းအောင်၊ သေးရှင်းအောင်လို့ ပြောကြတယ်၊ (မှန်ပါဘုရား) ဒီအသားအရိုးကဖြစ်တဲ့မြေတွေကို ဘယ်တော့မှမင်္ဂလာရှိတဲ့မြေလို့ ဆိုလို့ရမလဲ၊ (မရပါဘုရား)သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် မြေကြီး,ကြီးပွားရေးကိုဖြင့်နောက်ထပ်မလုပ်ပါနဲ့တော့၊(မှန်လှပါဘုရား)ဘယ်လိုအမိန့်ပေးပါလိမ့်၊မြေကြီးကြီးပွားရေးကိုဖြင့် နောက်ထပ် မလုပ်ပါနဲ့တော့ ဦးသန်း

http://www.dhammadownload.com



ငမောင်လူဖြစ်ရပါလို၏၊ လူ့ပြည် အကြိမ်ကြိမ်ခံစားရပါလို၏ ဆိုတာနဲ့မြေကြီး,ကြီးပွားရေးဖြစ်ပါလို၏၊(မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီ)။

လူ့ပြည်အကြိမ်ကြိမ် ဖြစ်ရပါလို၏ဆိုရင် (မြေကြီး ဖြစ်ရပါလို၏) နတ်ပြည် အကြိမ်ကြိမ် ခံစားရပါလို၏ ဆိုရင်ဖြင့် ခဏခဏသေရပါလို၏၊ (မှန်ပါ့)နတ်ကျတော့ အထည်မကျန်ဘဲကိုး၊ (မှန်လှပါ)။

နတ်ပြည် အကြိမ်ကြိမ် ဖြစ်ရပါလို၏-လို့ ဆုတောင်းတဲ့ပုဂ္ဂိုလ်ကျတော့ နတ်ပြည်မှာ အဖန်ဖန် သေခြင်းဆိုးနဲ့ သေရပါလို၏၊ (မှန်ပါ့ဘုရား)ရှင်းပြီလား၊(ရှင်းပါပြီ)။

ဗြဟ္မာ့ပြည်ဖြစ်ရပါလို၏ ဆုတောင်းတော့လဲ ဗြဟ္မာ့ပြည်မှာ သေခြင်းအမျိုးမျိုးနဲ့ပုံပြောင်းပြီး မသာကြီးချ အဖြစ်နဲ့ သေရပါလို၏၊ ((မှန်လှပါ) ဒီလို ဆုတောင်းတာနဲ့ကော ထူးသေးရဲ့လား၊ (မထူးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လူ့ပြည် ဆုတောင်းလဲမြေကြီး,ကြီးပွားရေးပဲ၊ (မှန်ပါ့ဘုရား) နတ်ပြည် ဆုတောင်းတော့ အသေထပ်ဖို့ပဲ၊ (မှန်ပါ့) ဗြဟ္မာ့ပြည် ဆုတောင်းတော့ မသာကြီးချဖို့ပဲ၊(မှန်ပါ့)အထည်ကြီးသေ၊ (မှန်ပါ့) သဘောပါပလား၊(ပါ,ပါတယ်ဘုရား)။

ဒါဖြင့် မြေကြီး,ကြီးပွားရေး ကြိုက်သလား၊ အဖန်ဖန် သေတာကြိုက်သလား၊မသာကြီးချ ကြိုက်သလားလို့မေးရင် ဘယ်နှယ်ဖြေမလဲ၊ (ဘာမှ မကြိုက်ပါဘုရား)။

အင်း-တော်လာပြီ၊တော်လာပြီ၊ဘယ်ဟာမှမကြိုက်တော့ ပါဘူးဆိုတဲ့ဥစ္စာကလေးဟာလဲ ဦးသန်းမောင်တစ်သိတည်း

http://www.dhammadownload.com



ထွက်လာတာ ဘုန်းကြီးတို့ ကျေနပ်ပြီ၊ (မှန်လှပါဘုရား) အသေသည် "မရဏမ္ပိ ဒုက္ခံသစ္စံ" လို့ ဒကာဒကာမတွေ သိတယ်၊ (မှန်ပါဘုရား) သေတာဘာတဲ့တုံး၊ (မရဏမ္ပိ ဒုက္ခသစ္စံပါဘုရား)။

ဩော်....ဒါဖြင့် တပည့်တော်တို့ နောက်ထပ်ဒုက္ခမရောက်ချင်တော့ဘူးဘုရား၊ ဒုက္ခကို အခု ဒီဘဝနဲ့ပဲ သိမ်းချင်တယ်ဆိုတာ တရားတစ်ပွဲလုံး သဘောတူသလား၊ (တူပါတယ်ဘုရား)ကဲသဘောတူလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ကျုပ်တို့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ အရင်သတ်ကြပေတော့၊ (မှန်ပါဘုရား)ဒိဋ္ဌိ ဝိစိကိစ္ဆာ အရင်သတ်ကြပါစို့၊ (မှန်ပါဘုရား)။

ကိုင်း—ဒါဖြင့် ဒကာဒကာမတို့ ဒီပုံစံကြီး ၁—နံပါတ်ကို ကြည့်ရမယ်နော်၊(မှန်ပါ) ၁-နံပါတ်ကြည့်တဲ့အခါကျတော့ ဟောဒီ အတိတ်အကြောင်းခြင်းရာ ငါးပါးဆိုတာ အတိတ်က ဖြစ်ခဲ့တယ်၊ (မှန်ပါဘုရား)။

အတိတ်အကြောင်းခြင်းရာငါးပါးဆိုတာ ဘယ်တုန်းကဖြစ်တာတုံး၊(အတိတ်တုန်းက ဖြစ်ပါတယ်ဘုရား) လွန်ခဲ့တဲ့ ဘဝများစွာက ဖြစ်ခဲ့တယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) ၁-နံပါတ်မှာ ဖတ်လိုက်တော့ ဘာတွေ့သတုံး၊ (အတိတ်အကြောင်းခြင်းရာ ငါးပါးပါဘုရား)။

အင်း....အတိတ် အကြောင်းခြင်းရာ ငါးပါးလို့ ဒကာဒကာမတွေက တွေ့ပါတယ်၊(မှန်ပါဘုရား)အင်း....ဒါဘယ်တုန်းကဖြစ်ခဲ့တာလဲလို့ မေးဖို့လိုသေးလား (မလိုပါဘုရား) မလိုတော့ဘူး ဦးလှဘူး၊ အတိတ်က ဖြစ်ခဲ့တာ၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် အတိတ်က ဖြစ်ခဲ့တယ်ဆိုတဲ့ ၁.နံပါတ်ဒကာဒကာမတွေက မြင်ရပါပြီ၊ (မြင်ရပါပြီဘုရား)ဘယ်သူက အတိတ်တုန်းက ပုဂ္ဂိုလ်သတ္တဝါက တည်ထောင်တာလား မေးရလိမ့်မယ်နော်၊(မှန်ပါ့)ခန္ဓာကိုယ်ကို ဓမ္မက တည်ထောင်တာလားလို့ မေးရလိမ့်မယ်၊ (မှန်လှပါ)။

အဲဒီတော့ ဒကာဒကာမတွေက အဖြေထွက်ပါ၊ကျုပ်ခန္ဓာကြီးကို ပုဂ္ဂိုလ်သတ္တဝါက တည်ထောင်တာမဟုတ်၊ (မှန်လှပါဘုရား)ဓမ္မက တည်ထောင်တာ၊(မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အခုတရားနာနေတဲ့ဒကာဒကာမတွေဆိုတဲ့ ခန္ဓာငါးပါး (မှန်လှပါ) ဘယ်သူ တည်ထောင်တာပါလိမ့်မတုံး၊ (ဓမ္မက တည်ထောင်တာပါဘုရား)။

အဲ ဓမ္မက တည်ထောင်တာလို့ဆိုတော့ ဘယ်တုံးကတုံး မေးတော့မှ အတိတ်က၊(မှန်ပါ့) ဒီမှာ အတိတ် အကြောင်းငါးပါး၊ခင်ဗျားတို့ကိုဖြစ်စေတဲ့အကြောင်းငါးပါး၊ (မှန်လှပါဘုရား)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

အတိတ်အကြောင်းငါးပါးဆိုတာ ဒကာဒကာမတွေဖြစ်စေတဲ့ အကြောင်း ငါးပါး၊ (မှန်လှပါဘုရား) အတိတ်အကြောင်းငါးပါးဆိုတာ ဘာပါလိမ့်၊ (တပည့်တော်တို့ကိုဖြစ်စေတဲ့ အကြောင်းငါးပါးပါဘုရား) အဲဒီ အကြောင်းငါးပါးက ခန္ဓာကိုဖြစ်စေတယ်လို့မှတ်ပါ၊(မှန်လှပါဘုရား) သိကြား ဗြဟ္မာ–ဘုရားကလာပြီး ဖန်ဆင်းတယ်လို့ မယူလိုက်ပါနဲ့၊ (မှန်လှပါဘုရား) ဒကာကြွယ်—သဘော ပါပလား၊(ပါ,ပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါ [ဘယ်သူတိုးလို့ မေးတဲ့အခါကျတော့မှ] ဒကာ ဒကာမတွေ ဒီမှာကြည့်ပါ၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒန်, ဘဝ၊ (မှန်ပါ့ဘုရား) ဒါ သတ္တဝါ တည်ထောင်တဲ့တရား ငါးခုပဲ၊ (မှန်ပါ့ဘုရား) ဘယ်သူပါလိမ့်ဗျာ၊ (အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝပါဘုရား)။

အို-ဒီနေ့ တရားသည် ဒကာဒကာမတို့ အလွန်အဖိုးတန်ပြီ၊ (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံးဆိုတော့ ဆရာပြောသံကြား မဟုတ်ဘူး၊ မျက်မြင်ရော ပြောသံရော တစ်ခါတည်း နှစ်ခုစလုံး အိမ်ရောက်ပါတော့မယ်၊ ငါတို့၏ ဆုတောင်းကိုလဲ ငါတို့သိပြီဆိုတဲ့ဥစ္စာလဲ ဒကာဒကာမတွေ ထင်ထင်ရှားရှားပဲ ညာဏ်ထဲပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ဒကာဒကာမတွေ အတိတ်က ဘာတွေများ ဒကာဒကာမတွေ လုပ်ခဲ့ပါလိမ့်မတုံး မေးတဲ့အခါကျတော့ အတိတ်က အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝတွေ လုပ်ခဲ့တယ်၊(မှန်ပါ့ဘုရား)အတိတ်က ဘာတွေလုပ်ခဲ့သလဲ၊(အဝိဇ္ဇာ,သင်္ခါရ, တဏှာ. ဥပါဒါန်, ဘဝတွေ လုပ်ခဲ့ပါတယ်ဘုရား)။

ဩော်-ဟုတ်ပြီတဲ့၊ဒကာဒကာမတို့ အတိတ်က ဒီငါးမျိုး တည်ထောင်ခဲ့တော့ ဦးသန်းမောင်ရေ ဒီငါးမျိုး၏သဘောကို တည်ထောင်တတ်တဲ့ တရားသဘော ငါးမျိုးကို ဒကာကြွယ် ရှင်းပြဦးမယ်၊ (မှန်လှပါဘုရား)။

အားလုံး ဒကာဒကာမတွေ အတိတ်က တည်ထောင်တတ်တဲ့တရား ဘယ်နှစ်ပါးပါလိမ့်၊ (ငါးပါးပါဘုရား) ဒါဖြင့်

http://www.dhammadownload.com



ဘယ်သူပါလိမ့်ဗျာ၊(အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ ပါဘုရား)။

အို-နေရာကျလိုက်တာ၊ နေရာကျလိုက်တာ၊ဒကာဒကာမ တွေ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတာ ပေါ်လာ တယ်၊(ပေါ်လာပါတယ်ဘုရား) ပေါ်လာတဲ့အခါကျတော့ ဩော်-ဒါတွေဟာ ဒကာဒကာမတွေက ဒီနေ့ ခပ်နွားလည် လည်နဲ့ ခပ်ကြမ်းကြမ်းပြောတဲ့ နေ့လို့မှတ်ပါနော်၊(မှန်လှပါ ဘုရား) တနေ့ထက်တနေ့တော့ စိပ်လာလိမ့်မယ်၊ (မှန်ပါ့)။

အဲဒီ လွန်ခဲ့တဲ့အတိတ်ဘဝက အဝိဇ္ဇာဆိုတာကလဲ ဒကာ ဒကာမတွေ သစ္စာလေးပါးမသိဘူး၊(မှန်ပါ့)အဝိဇ္ဇာဆိုတာ ဘာတုံး၊(သစ္စာလေးပါးမသိတာပါ)ဩော်-အတိတ်ဘဝက ကျုပ်တို့ ခေါင်းဆောင်နေတာ အဝိဇ္ဇာ ခေါင်းဆောင်နေ တာ၊ (မှန်လှပါဘုရား) အင်း-ဟင် သူကလဲ ဘာ မသိတာ တုံး၊ (သစ္စာလေးပါး မသိတာပါဘုရား)။

ဩော်-ဒါဖြင့် ကျုပ်တို့ အလွန်ယုတ်မာတဲ့ခေါင်းဆောင် ကြီးဟာ ကျုပ်တို့သန္တာန်မှာ ကိန်းခဲ့တယ်၊ (မှန်လှပါ ဘုရား)အောင်းခဲ့တယ်ဆိုရင် လွဲပါ့မလား၊(မလွဲပါဘုရား)။

အေး—ဒါကြောင့် အတိတ်ဘဝက ဒကာ ဒကာမတွေ ကျုပ်တို့ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ရှိခဲ့ တယ်။ (မှန်ပါ့)ဝမ်းထဲမှာရှိတဲ့ အခါကျတော့ ကျုပ်တို့က လူ့ဘဝကလေးတစ်ခုကို ဆက်ပြပါမယ် ဒကာဒကာမတို့ နော်၊ (မှန်လှပါဘုရား)။

ကျုပ်တို့က သင်္ခါရဆိုတဲ့ အဝိဇ္ဇာပြီး သင်္ခါရ တွေ့ရဲ့လား၊ (တွေ့ပါတယ်ဘုရား)သင်္ခါရဆိုတာက ပြုပြင်တာလို့မှတ်လိုက်

http://www.dhammadownload.com



ပါ၊ (မှန်လှပါဘုရား) သင်္ခါရဆိုတာ (ပြုပြင်တာပါဘုရား) အဲ-မသိတဲ့တရားက ပြုပြင်ခိုင်းတာနဲ့ ပြုပြင်တယ်။ (မှန်ပါ့) မသိတဲ့တရားက(ပြုပြင်ခိုင်းတာနဲ့ ပြုပြင်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဦးသန်းမောင် မသိတဲ့လူက ပြုပြင်ခိုင်းပြီ၊ (မှန်လှပါဘုရား) မသိတဲ့လူက ပြုပြင်ခိုင်းတယ်လို့ မသိတာက အဝိဇ္ဇာ၊ ပြုပြင်တာက (သင်္ခါရပါဘုရား)အဲဒီသင်္ခါရကလေး ရှင်းပြပါရစေ ဒကာမတို့နော်၊ (မှန်ပါ့ဘုရား)။

ဒီသင်္ခါရကလေးက ဘာပါလိမ့်မလဲ-လို့ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ နားလည်မှုတွေ ရှေ့ထားပြောရလို့ရှိရင်ဖြင့် သင်္ခါရဆိုတာ စေတနာပဲ၊ (မှန်လှပါဘုရား)။

ဥပမာ ဒကာ ဒကာမတွေက ဆရာသမားတွေ ဆွမ်းကျွေး ဘုရားတွေတံမြက်စီးလှဲကြ၊ ဆွမ်းတော်, ပန်းတော်တွေကပ်ကြ၊ကပ်ကြတဲ့အခါကျလို့ရှိရင် ငါသည်နောက်ဘဝ လူချမ်းသာဖြစ်ရပါလို၏(မှန်ပါ့)ကုသိုလ်ပြုလိုက်တယ်နော်(မှန်ပါ့)။

ကုသိုလ်ပြုပြီးသကာလ ကုသိုလ်ပြုတဲ့ စေတနာ လူချမ်းသာ ဖြစ်ချင်တဲ့ တဏှာနဲ့ ဆုတောင်းလိုက်တယ်၊ (မှန်လှပါဘုရား) ဒါဖြင့် ကုသိုလ်သင်္ခါရနဲ့ ဆုတောင်းတဲ့တဏှာ၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အင်း-ပြုတာကလဲ ကုသိုလ်ပြုကြပါတယ်၊(မှန်ပါ့ဘုရား) ဆုတောင်းလိုက်တော့ နောက်ဘဝ လူဖြစ်ရပါလို၏၊(မှန်ပါ့) မတောင်းလိုက်ဘူးလား၊ (တောင်းလိုက်ပါတယ်ဘုရား)။

တောင်းလိုက်တဲ့ အခါကျလို့ရှိရင် ဒကာဒကာမတွေ ဩော်-အဝိဇ္ဇာကမသိတာ၊ ပြုတဲ့ကုသိုလ်ကလဲ သင်္ခါရကုသိုလ် (မှန်လှပါဘုရား)သင်္ခါရကုသိုလ်နဲ့ပြုလိုက်ပြန်တော့ တဏှာနဲ့

http://www.dhammadownload.com



ဆုတောင်းတယ်၊ (မှန်လှပါ)ဉပါဒါန်ကဘဲ ဒကာဒကာမတို့ မရမနေနိုင်ဘူးဆိုတဲ့သဘောလဲပါတယ်(ပါပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကာယကံနဲ့လဲ ရှိခိုးပြီးသကာလ လူ့ဘဝရရပါလို၏၊(မှန်လှပါဘုရား) ကာယကံနဲ့ရှိခိုးတယ်၊ လက်အုပ်ချီလိုက်တယ်၊ (မှန်ပါ့) ဝစီကံနဲ့ ဆုတောင်းပြည့်ပါ ရစေဘုရားဆိုပြီး ဝစီကံနဲ့လဲ ပြုပြင်လိုက်တယ်၊ (မှန်လှပါ ဘုရား) မပြုပြင်ဘူးလား၊ (ပြုပြင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အဲဒီလိုပြုပြင်လိုက်တော့ အဝိဇ္ဇာ က မသိတာ၊ သင်္ခါရက ပြုပြင်တာ၊ တဏှာက ဆုတောင်း တာ၊ ဉပါဒါန်က စွဲလမ်းတာ၊ ဘဝက ကမ္မဘဝကို ဆိုသော ကြောင့် ကာယကံ,ဝစီကံ၊(မှန်ပါ့)သဘောကျပလား၊ (ကျ ပါပြီ) ကာယကံ,ဝစီကံနဲ့ ကျွေးဟယ်-မွေးဟယ်-လုပ်ဟယ်- ပြုဟယ် မေ့ာလို့ပေါ့ဗျာ၊ (မှန်ပါ့)။

အဲဒီ အခုပြောခဲ့တဲ့ သူ့ကို စာဖတ်လို့ရှိရင် အတိုတ် အကြောင်းခြင်းရာ ငါးပါးဆိုတာပေါ် သွားတယ်၊ (ပေါ် သွားပါတယ်ဘုရား) လူ့ဘဝက ခင်ဗျားတို့ မိုက်ပြစ်တွေ ပေါ့ဗျာ၊ (မှန်ပါ့)။

နိဗ္ဗာန်ကိုဆုမတောင်းဘဲနဲ့ နိဗ္ဗာန် ရောက် ကြောင်းကုသိုလ် မလုပ်ဘဲနဲ့ ခင်ဗျားတို့ကုသိုလ်သည် နိဗ္ဗာန်ကိုလဲ ပေးနိုင်တယ်၊ (မှန်လှပါဘုရား) လူ့ဘဝ ,နတ်ဘဝကိုလဲ ပေးနိုင်တယ်၊ (မှန်ပါ့) သို့သော် ခင်ဗျားတို့က အဝိဇ္ဇာက သစ္စာလေးပါး မသိတဲ့တရားက ဒီသင်္ခါရအပေါ်မှာ အုပ်ချုပ်နေတဲ့အတွက် လူချမ်းသာ, နတ်ချမ်းသာ ဖြစ်ရပါလို၏၊ (မှန်ပါ့)ခင်ဗျား တို့ကတောင်းလိုက်တယ်၊(တောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သစ္စာသိတဲ့တရားလား၊မသိတဲ့တရားလား၊(မသိတဲ့ တရားပါဘုရား)သစ္စာမသိတဲ့တရားက အုပ်ချုပ်ခြင်းခံရသောကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ (မှန်လှပါဘုရား) မသိတဲ့တရားကြီးအုပ်ချုပ်ခြင်းခံရသောကြောင့်(အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား)အဝိဇ္ဇာက မသိတာ၊သင်္ခါရာက အုပ်ချုပ်ခြင်းခံရတာ(မှန်ပါ့)ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာကမသိတာ၊ သင်္ခါရာက ခင်ဗျားတို့ နတ်ပြည်ရောက်ကြောင်း၊ ဗြဟ္မာ့ပြည် ရောက်ကြောင်း ကုသိုလ်လုပ်တာ(မှန်ပါ့)တဏှာကမပြည့်-ပြည့်အောင် တောင်းတာ၊ (မှန်ပါ့) ဥပါဒါန်က မရ,ရအောင် စွဲလမ်းတာ၊ (မှန်ပါ့)။

ပြီးတော့မှ ကာယကံ, ဝစီကံတွေနဲ့ ဒကာ ဒကာမတွေက တစ်ခါတည်း လူ့ပြည်ရောက်ကြောင်းကို ကာယကံနဲ့လဲလုပ်တယ်၊ (မှန်ပါ့)ဘုရားရှိခိုးလိုက်တယ်၊ (ရှိခိုးပါတယ်)ဝစီကံနဲ့လဲ ဆုတောင်းလိုက်တယ်၊ သဘောကျပလား၊ (ကျပါပြီဘုရား) ဝစီကံနဲ့လဲ ပြောပြောဆိုဆို ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ လုပ်လိုက်တယ်၊ (လုပ်လိုက်ပါတယ် ဘုရား)။

ကိုင်း....ဒါ-ဘယ်ဘဝက လုပ်ပါလိမ့်ဗျာ၊ (အတိတ်ဘဝကလုပ်ပါတယ်) ဒါကြောင့် အတိတ်ကြောင်းခြင်းရာ ငါးပါးဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီ) ကိုင်း—ဒါဖြင့် ဒကာ ဒကာမတို့ အတိတ်အကြောင်းခြင်းရာ ငါးပါးဟာ ဒါပါပဲ၊(မှန်လှပါဘုရား) ၁-နံပါတ် စက်ဝိုင်းကဟာနော်၊ (မှန်ပါ့)ဒါဘယ်ဘဝကပါလိမ့်၊(အတိတ်ဘဝကပါဘုရား)။

ကောင်းပြီ—ကောင်းပြီ၊ ဒါဖြင့် အောက်ဆုံး ဒီနားမှာ ဝဋ်ကြီးနားမှာ ဘာပါကြသလဲ၊ (သမုဒယသစ္စာပါ)သစ္စ ယ

http://www.dhammadownload.com



သစ္စာ၊ (မှန်ပါ) ဒကာ–ဒကာမတို့ ဘာတဲ့တုံး၊ (သမုဒယ သစ္စာပါဘုရား) ဒီအကွက်ထဲက မချွေ.နဲ့နော်၊ (မှန်ပါ) ဒါ ကလေးဟာ ဘာတဲ့၊ (သမုဒယသစ္စာပါဘုရား)။

ဩော်....ခင်ဗျားတို့အဲဒီငါးပါးစလုံးဟာသမုဒယသစ္စာ ချည်းပဲ၊(မှန်ပါ) ကောင်းကြသေးရဲ့လား၊ (မကောင်းပါ) ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါ) အတိတ်အကြောင်း ငါးပါးဟာ ဘာပါလိမ့်၊ (သမုဒယသစ္စာပါဘုရား)။

သမုဒယဆိုတာက လောဘ၊ သစ္စာက မှန်တာ၊ (မှန်ပါ) သမုဒယဆိုတာက အကြောင်း၊ သစ္စာက (မှန်တာပါ) ဦးသန်းမောင် သမုဒယက၊(အကြောင်းပါ) သစ္စာက (မှန် တာပါ)။

ကောင်းပြီ - တဲ့၊ အကြောင်းမှန်ကြီးကို မင်းတို့လုပ်ထား တဲ့အတွက်–တဲ့၊ မင်းတို့ သည်ကားလို့ ဆိုရင် သမုဒယသစ္စာ အကြောင်းကိုဖြင့် မင်းတို့လုပ်ထားပြီ၊ (မှန်ပါ) ဒါကြောင့် ဘယ်တုန်းက လုပ်တာတုံး မသိမှာစိုးလို့ လွန်လေပြီးသော အတိတ်ကာလက၊(မှန်လှပါ) ပေါ်ကြပလား (ပေါ်ပါပြီ) ဘယ်တုန်းက သမုဒယသစ္စာ လုပ်ပါလိမ့်၊(လွန်လေပြီးသော အတိတ်ကာလကပါဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့ ဒီကြားနဲ့ဒီကြားကို အတိတ် အကြောင်းတစ်လွှာဆိုတာ ပေါ်လာတယ်၊ မပေါ်သေး ဘူးလား၊ (ပေါ်ပါတယ် ဘုရား) အတိတ်အကြောင်း ဘာတဲ့၊ (တစ်လွှာပါဘုရား)။

ဩော်–ဒါဖြင့် ဒကာ ဒကာမတို့ ဒီအခန်းမှာ ရှိသည့် အတိတ်အကြောင်းခြင်းရာငါးပါးဆိုတာ အဝိဇ္ဇာ,သင်္ခါရ,

http://www.dhammadownload.com



တဏှာဥပါဒါန်, ကမ္မဘဝ၊ (မှန်ပါ) ဘယ်ကာလတုန်းလို့ မေးတော့ လွန်လေပြီးသော အတိတ်ကာလက၊ (မှန်ပါ)။

ဒါကြောင့် အတိတ်အကြောင်း တစ်လွှာဆိုတော့ ဒါက တစ်လွှာ၊ ဒါက တစ်လွှာ၊ ဒါက တစ်လွှာ၊ ဒါက တစ်လွှာ မို့ ဒါပထမအလွှာ သွားဖြစ်တယ်၊ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) ဟာ-ဦးသန်းမောင်ကြီး ဒီအတိတ်အကြောင်း တစ်လွှာလို့ဆိုတာ (သဘောကျပါပြီဘုရား) ဘာသစ္စာပါ လိမ့်၊ (သမုဒယသစ္စာပါ)။

ဩော်—ခင်ဗျားတို့ လူတာတန်းတာ ပေးတာ ကမ်းတာ သည်ကားလို့ဆိုရင်ဖြင့် နိဗ္ဗာန်ကိုမသိ၊နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကြီး မလုပ်တတ်တဲ့အတွက် သမုဒယသစ္စာသွားဖြစ် တယ်၊(မှန်လှပါ)ဘာဖြစ်သွားသလဲ၊(သမုဒယသစ္စာ သွား ဖြစ်ပါတယ်ဘုရား) နာလိုက်တာဗျာ၊ (မှန်ပါဘုရား) ဘာ သစ္စာသွားဖြစ်သလဲ၊(သမုဒယသစ္စာသွားဖြစ်ပါတယ်)အား လုံး ဒကာဒကာမတွေ မြင်ကြရဲ့လား၊ (မြင်ပါတယ်ဘုရား)။

ခင်ဗျားတို့နောက်ဘဝက သစ္စာလေးပါးမသိတဲ့အဝိဇ္ဇာ ကြောင့် ကုသိုလ်ကို ပြုလာတယ်၊ လူ့ပြည်ကို တဏှာနဲ့ ဆု တောင်းတယ်၊ ဥပါဒါန်နဲ့ စွဲလမ်းတယ်၊ ကာယကံ ဝစီကံနဲ့ အားထုတ်တယ်၊ (မှန်လှပါ) အဲဒီငါးခုဟာ ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား)။

ဦးသန်းမောင်ရေ-ဒီမှာမပြရင် ဒီလိုမှ ဒကာ ဒကာမတွေ မသိကြလို့ရှိရင် ဒီသမုဒယသစ္စာကြီးကိုပင်လျှင်ကျုပ်ကုသိုလ် ကြီးပဲ၊ ကျုပ်တော့ဖြင့် နိဗ္ဗာန်နဲ့ နီးပေါ့လို့ ဆိုချင်လဲ ဆိုကြ မယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



သို့သော် နိဗ္ဗာန်နီးသလား၊ ဘာသစ္စာ ဖြစ်နေသလဲ၊ (သမုဒယသစ္စာ ဖြစ်နေပါတယ်ဘုရား) နိဗ္ဗာန်နီးရင် မဂ္ဂသစ္စာ ဖြစ်ရမယ်ဗျ (မှန်လှပါ) အခုတော့ ဘာသစ္စာဖြစ်နေသလဲ (သမုဒယသစ္စာ ဖြစ်နေပါတယ်) ကဲ ဦးသန်းမောင်ကြီး ရှင်းသွားပြီ၊(ရှင်းပါပြီဘုရား)ရှင်းပြီနော်၊ (မှန်ပါ့)။

အေး နောက်က ဒကာဒကာမတွေ မသေလို့ ကြားကြရတယ်နော်၊ (မှန်ပါ့) မသေလို့ ကြားကြရတယ်၊ အင်မတန်ဘုန်းကံပါရမီရှိလို့သာလျှင်ဒီအကြောင်းသိရတယ်၊နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့ အခုပြောတဲ့အတိုင်း ဩော်- ဒီဘဝချမ်းသာတာကလဲ မဖြစ်လောက်သေးဘူး၊ နောက်ဘဝချမ်းသာမှုကို အလိုရှိသေးတယ်ဆိုတဲ့ သဘောတွေက ဒကာဒကာမတို့ မလာသေးဘူးလား၊ (လာပါတယ်ဘုရား)။

လာလို့ရှိရင်ဖြင့် ဒီဘဝချမ်းသာတာ နည်းနည်းရှိတယ်၊ နောက်ဘဝချမ်းသာတာ ဒီထက်အရေးကြီးဖို့ လိုမယ်ဆိုတာ မသိလို့ပြုတာ၊ (မှန်ပါ့ဘုရား) မသိလို့မှုပြီးတော့ တောင်းတဲ့တဏှာ၊ (မှန်ပါ့) မရအရ စွဲလမ်းတဲ့ ဥပါဒါန် (မှန်ပါ့) မရမနေနိုင်ဘူးဆိုတဲ့ အားထုတ်တဲ့ကံ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေမှာ ဘာသစ္စာတွေ ကြိုးစားခဲ့သလဲ၊ (သမုဒယသစ္စာတွေ ကြိုးစားပါတယ်) ဩော် သမုဒယသစ္စာတွေ ကြိုးစားခဲ့တယ်နော်၊ (မှန်ပါ့) ဘယ်တုန်းကကြိုးစားတာလဲ၊(အတိတ်ဘဝတုန်းကကြိုးစားတာပါ)။

http://www.dhammadownload.com



ဒီကြည့် လွန်လေပြီးသော အတိတ်ကာလက၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီ) ဘယ်ကာလပါလိမ့်၊(လွန်လေပြီးသော အတိတ်ကာလကပါဘုရား) ဒါ့ကြောင့် ဒီဥစ္စာ အတိတ်အကြောင်းတစ်လွှာ၊ (မှန်ပါ့) ဘာသစ္စာတဲ့လဲ၊ (သမုဒယသစ္စာပါဘုရား)။

ကဲ....ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မသိလို့ လှူတဲ့အလှူဟာ မသိတာက အဝိဇ္ဇာ၊ လှူတာက သင်္ခါရ၊ (မှန်ပါ့) တောင်းတာက၊ (တဏှာပါဘုရား) စွဲလမ်းတာက၊ (ဥပါဒါန်ပါဘုရား) အားထုတ်တဲ့ ကာယကံ, ဝစီကံ၊ (ကမ္မဘဝပါဘုရား)ပေါ်ကြပလား၊(ပေါ်ပါပြီဘုရား) ဘာသစ္စာတွေ ရှေးက လုပ်ခဲ့သလဲ၊ (သမုဒယသစ္စာတွေ ရှေးက လုပ်ခဲ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒကာ-ဒကာမတို့ ဒီသမုဒယသစ္စာတွေသာ ခင်ဗျားတို့ဆရာကလဲ ဖွင့်မပေး၊ ဘုရားကလဲ မဟော၊ ကိုယ့်အရေးအရာနဲ့ ကိုယ့်ဘာသာ နေကြမယ်ဆိုရင်ဖြင့် ခင်ဗျားတို့ သမုဒယသစ္စာပဲ ထပ်လုပ်မယ်၊ (မှန်ပါ့) မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား)ဒါဖြင့် ကြောက်စရာကောင်းလိုက်တာ၊ (ကောင်းပါတယ်ဘုရား) ဒကာ-ဒကာမတို့ သမုဒယသစ္စာ ဆိုတာအကြောင်း၊ ဒုက္ခသစ္စာဆိုတာက၊(အကျိုးပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ဘာအကျိုးများကြပါလိမ့်၊(ဒုက္ခသစ္စာ အကျိုး များပါတယ်ဘုရား) ဟင်....ဦးသန်းမောင် သွားပြီ (မှန်ပါ့) သွားပြီ—သွားပြီ။

http://www.dhammadownload.com



ဒကာ-ဒကာမတွေ သမုဒယ သစ္စာ ဆိုတာ ဘာတဲ့၊ (အကြောင်းပါဘုရား)ဒီအကြောင်းကဘာယ်အကျိုးပေးတတ် ပါလိမ့်၊ (ဒုက္ခသစ္စာ အကျိုးပေးပါတယ်ဘုရား) ဒုက္ခ သစ္စာ အကျိုးပေးတတ်တယ်ဆိုတာသေချာပလား(သေချာပါပြီ)။

ဒါဖြင့်ဦးသန်းမောင်တို့-ဒကာကြွယ်တို့-ဦးလှဘူးတို့ ဘယ် နည်းနှင့်မှ ဒီဥစ္စာသည်ကားလို့ ဆိုလို့ရှိရင် မရွေ့နိုင်တော့ဘူး (မှန်ပါ့) သမုဒယသစ္စာလုပ်ရင် ဒုက္ခရောက်မှာပဲ၊ (မှန်ပါ့) မရောက်ပေဘူးလား၊ (ရောက်ပါတယ်ဘုရား) သမုဒယသစ္စာ လုပ်ရင်၊ (ဒုက္ခရောက်ရပါမယ်ဘုရား) ဒုက္ခရောက်မှာပဲဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဦးသန်းမောင်ရေ— ဒကာကြွယ်ရေ— ခင်ဗျားတို့ အတိတ်ဘဝက ဘာသစ္စာတွေ ကြိုးစားခဲ့သလဲ၊ (သမုဒယ သစ္စာတွေ ကြိုးစားခဲ့ပါတယ်ဘုရား)။

ဒါ့ကြောင့်—တဲ့ ဘုန်းကြီးတို့ ဒကာ—ဒကာမတွေ သမုဒယ သစ္စာကြိုးစားတဲ့အတွက် ဒုက္ခသစ္စာဖြင့် ကျုပ်မယူချင်ဘူးဆို ရင် ရပါ့မလား၊ (မရပါဘုရား) ဘာတွေ ကြိုးစားခဲ့သလဲ၊ (သမုဒယသစ္စာတွေ ကြိုးစားခဲ့ပါတယ်)။

ကောင်းပြီ-ဒါဖြင့် ဒကာ-ဒကာမတွေ ဒီမှာ အဝိဇ္ဇာလဲ သမုဒယသစ္စာ၊ သင်္ခါရကော၊ (သမုဒယသစ္စာပါ ဘုရား) တဏှာကော၊ (သမုဒယသစ္စာပါဘုရား) ဥပါဒါန်ကော၊ (သမုဒယသစ္စာပါဘုရား)၊ ကံတွေကော၊ (သမုဒယသစ္စာပါ ဘုရား) အဝိဇ္ဇာအုပ်ချုပ် တဲ့ ကံတွေ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) ဘယ်သူအုပ်ချုပ်တဲ့ ကံတွေပါလိမ့်၊ (အဝိဇ္ဇာ အုပ်ချုပ်တဲ့ ကံတွေပါဘုရား)။

http://www.dhammadownload.com



က—သွားပါဦး တဏှာအုပ်စု၊ သင်္ခါရကလဲ တဏှာကို ကျေးဇူးပြုတယ်၊ (မှန်ပါ့) တဏှာအုပ်ချုပ်တဲ့ ဥပါဒါန်၊ ဥပါဒါန်အုပ်ချုပ်တဲ့ ကံဆိုတော့ ဒီကံဟာ ကံကောင်းလို့ ဆိုမလား၊ ကံဆိုးလို့ ဆိုမလား၊ (ကံဆိုးပါတယ်ဘုရား)။

သူ့အဘက်တော်ကလဲ တစ်ခုမှမကောင်းဘူး၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီ) သူ့အဘက်တော် တစ်ခုမှ မကောင်းဘူး၊(မှန်ပါ့)ရှင်းကြပလား၊(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ကုသိုလ်လုပ်လို့ရှိရင်လဲ အင်း.... ကုသိုလ်လုပ်ကြပါ ကြိုးစားပြီး၊(မှန်ပါ့)လူ့ဘဝ,နတ်ဘဝ, ဗြဟ္မာ့ဘဝဆိုတဲ့ ဒုက္ခသစ္စာကို မထည့်ပါနဲ့၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) ကုသိုလ်တော့ လုပ်ရမယ် နော်၊(မှန်ပါ့) လူ့ဘဝ ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခကြီးကို ကျွတ်ချင် လွတ်ချင်လို့ တပည့်တော်တို့ ကုသိုလ်လုပ်ပါတယ်ဆိုတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားတယ်၊ (မှန်လှပါဘုရား) အဝိဇ္ဇာက ဘာဖြစ်သွားတယ်၊ (ဝိဇ္ဇာ သွားဖြစ်ပါတယ်ဘုရား)။

ဝိဇ္ဇာသွားဖြစ်တော့လဲ ဒကာဒကာမတို့ တစ်မျိုးပြောင်း ရမှာပဲ၊ (မှန်ပါ့) သို့သော်....အဲဒါ မထည့်သေးပါဘူး တဲ့၊ နောက်ရက်မျှားကျမှ ဒကာဒကာမတွေ ရေရေလည်လည် ဟောပါ့မယ်၊ အခုတော့ဖြင့် ဒို့ဖြစ်စဉ်၊ ဒို့အကြောင်း၊ ဒို့ ကောင်းကောင်းသိဖို့ပဲ အရေးကြီးသေးတယ်ဆိုတာ မှတ်ရ လိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ—ဒါဖြင့် အတိတ်ဘဝက ဘယ်နှစ်မျိုးလုပ်ခဲ့ ကြသလဲ၊ (ငါးမျိုးပါ ဘုရား) အင်း....အတိတ်ဘဝက

http://www.dhammadownload.com



ငါးမျိုး လုပ်ခဲ့ကြတယ်နော်၊ (မှန်ပါ့) ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား)။

ခက်ပြီ—ခင်ဗျားတို့လုပ်တော့အလုပ်လုပ်တာပဲ၊ကောင်း တယ်ထင်လို့ လုပ်တာပဲ၊ သစ္စာထဲသွင်းလိုက်တော့ ဘာသစ္စာ ဖြစ်နေသတုံး၊ (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာ ဖြစ်နေတယ်၊ (မှန်ပါ့) သေသေချာချာ ကြည့်ပါ၊ ၁—နံပါတ်အကွက်က မပြောင်းသေးဘူး၊ (မှန် လှပါ) ၁—နံပါတ်အကွက်က (မပြောင်းသေးပါဘုရား) ဘာသစ္စာတွေ ကြိုးစားကြသလဲ၊ (သမုဒယသစ္စာတွေ ကြိုး စားပါတယ်ဘုရား)။

ကဲ....ဦးသန်းမောင် ကျုပ်တို့ လှူပုံ-ချော်ပုံ၊ (မှန်လှပါ ဘုရား) ဒကာ ဒကာမတွေ လှူပုံ-ချော်ပုံ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) မသိတာက ဘာပါလိမ့်၊ (အဝိဇ္ဇာပါ ဘုရား) အင်း....ဟင်- ပြုလုပ်တဲ့ကုသိုလ်က ဘာပါလိမ့်၊ (သင်္ခါရပါဘုရား) ဆုတောင်းတာက၊ (တဏှာပါဘုရား) စွဲလမ်းတာက (ဥပါဒါန်ပါဘုရား) အားထုတ်တာက၊ (ကမ္မဘဝပါဘုရား) အေး- ကမ္မဘဝတို့ ကံလုပ်ခဲ့လို့နော် (မှန်လှပါ)။

ဒီဘဝကလဲ ဥပပတ္တိဘဝပါ ထည့်မလို့ လုပ်ထားလို့ ကမ္မ ဘဝ ထည့်ပေးပါ၊(မှန်ပါ့ဘုရား)ဒီငါးလုံးစလုံး ဘာသစ္စာ လဲ၊ (သမုဒယသစ္စာပါဘုရား)။

ဦးသန်းမောင်- ဘယ်တုန်းကတုံးဗျ၊(အတိတ်ဘဝကပါ ဘုရား) လွန်လေပြီးသော အတိတ်ကာလက၊(မှန်ပါ့ဘုရား)

http://www.dhammadownload.com



အင်း....ဒါဖြင့် ဒကာ ဒကာမတို့ ဟောဒီ အထက်ဆုံး အပြာတန်းကို သွားလိုက်၊ (မှန်လှပါဘုရား)။

အပြာတန်းသွားလိုက်တော့ ကိလေသဝဋ်သုံးပါး၊ (မှန်ပါ) ဒီဘက်သွားပြန်တော့ (ကမ္မဝဋ်ပါဘုရား) အင်း.... ခင်ဗျားတို့ဟာ နို့—ကိလေသဝဋ် ကမ္မဝဋ် လုပ်တာကိုး၊ (မှန်ပါဘုရား) ဘာလုပ်ပါလိမ့်၊ (ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ပါတယ်ဘုရား) ဘယ်ကောင်းနိုင်စရာ ရှိတော့မလဲ၊ (မကောင်းနိုင်ပါဘုရား) မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)

အံမာလေး....ဒကာ ဒကာမတွေ ဒီတရားမျိုး ဒီလို ထူးထူးခြားခြားပုံစံနဲ့ပြပြီး မနာကြရ, မတွေ့ကြရ, မကြုံကြရလို့ရှိရင်ဖြင့် ခင်ဗျားတို့က ကျုပ်လုပ်တဲ့အလုပ် သာမုခေါ်တော့ တဲ့၊ (မှန်ပါဘုရား) အံမာ....သူကများ သာမုအခေါ်ခိုင်းလိုက်သေးတယ်၊ (မှန်လှပါ ဘုရား) သူ ဘာသစ္စာ လုပ်မလဲ၊ (သမုဒယသစ္စာပါဘုရား)။

ဟာ.... ဦးဃန်းမောင်ကြီးတို့လိုလူက သာမုဗျာ တဲ့၊ ခင်ဗျား သမုဒယသစ္စာလုပ်တဲ့လူ၊ (မှန်ပါဘုရား) ရမ်းပြီး ခေါ်ချလိုက်တာပဲ၊ (မှန်ပါ ရမ်းခေါ်ပါတယ်) ဟိုဖြင့် ဒုက္ခရောက်တော့မယ်- ဒီက သာမုခေါ်လို့ကောင်းတုန်း ရှိသေးတယ်၊ (ကောင်းတုန်း ရှိပါသေးတယ်)။

ဟိုမှာဖြင့် ဘာတုံး၊ (ဒုက္ခရောက်ပါတော့မယ်) ကြည့်လေ....၂ နံပါတ် မပြသေးလို့သာ သူ ဒုက္ခရောက်တော့မှာ၊ (မှန်ပါဘုရား) သမုဒယသစ္စာ လုပ်ထားတဲ့ ပုဂ္ဂိုလ် ဒုက္ခ ရှောင်ချင် ကွင်းချင်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ လွန်လေပြီးသော အတိတ်ကာလက ဘာသစ္စာတွေ လုပ်ခဲ့သလဲ၊ (သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား) ဒါကုသိုလ်လုပ်တာပဲ ဟောသေးတယ်နော်၊ (မှန်ပါ)။

ကုသိုလ်လုပ်တာ ဘုံဘဝကို တောင့်တ, လုပ်တဲ့ကုသိုလ် ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ၊ (မှန်ပါ) ဦးသန်းမောင် စဉ်းစားစမ်း၊ သမုဒယသစ္စာလုပ်ထားတဲ့ပုဂ္ဂိုလ်များဒုက္ခမှထွက်ပြေးလို့လွတ်ပါ့မလား၊ (မလွတ်ပါဘုရား)။ ဒါဖြင့် သမုဒယသစ္စာလုပ်နေတဲ့ ဒကာ ဒကာမတွေ လူ့ဘဝ,နတ်ဘဝရောက်ချင်လို့လုပ်နေတဲ့သခ်ါရကုသိုလ်တွေကို ခင်ဗျားတို့က ဩော်....သူတို့တော့ ကုသိုလ်ပြုရှာတယ်၊ နိဗ္ဗာန်တော့ နီးပေါ့၊ အံ့မာ....ခင်ဗျားတို့က ရမ်းများနီးပေါ့လို့ လေပြေထိုးသေးတယ်၊ (ထိုးပါတယ်ဘုရား)။

နီးပေါ့လို့ ခင်ဗျားတို့က မပြောဘူးလား၊ (ပြောပါတယ်) ပြောပင်ပြောငြားသော်လဲ ခင်ဗျားတို့က ဒီအဝိုင်းတွေ ကြည့်ပါ တဲ့၊ သမုဒယသစ္စာပါ၊ (မှန်ပါဘုရား)။

သမုဒယသစ္စာဆိုတော့ ဦးလှဘူးတို့ ဒကာကြွယ်တို့က ဆုံးဖြတ်ချက်ချ၊ နောင်အကျိုးပေးရင် ဘာသစ္စာအကျိုးပေးမလဲ၊ (ဒုက္ခသစ္စာ အကျိုးပေးပါ့မယ်ဘုရား) နိဗ္ဗာန်လာပါ့မလား၊ (မလာပါဘုရား)။

ဩော်....ဒါဟာ သူ ဒုက္ခရောက်တာကို ဦးသန်းမောင်က သာခုခေါ်တယ်၊ (မှန်လှပါဘုရား) ဘာတဲ့တုံး၊ သူ ဒုက္ခရောက်တာကို သာဓုခေါ်ပါတယ်ဘုရား)သူများဒုက္ခရောက်မှာကို သာခုခေါ်တယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



အင်း....ဝက်တစ်ကောင်ဖြင့် သေတော့မှာပဲ၊သာဓု-သာဓု၊ ဒီလိုဖြစ်နေတယ်၊ ဒကာဒကာမတွေက အင်မတန် မဆိုးဝါး ဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ နက်နက်နဲနဲသိလာတော့မှ ဩော်-ငါတို့ အမှားဟာ အတော်ကျံနေပါကလား၊(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်၊ (အမှားအတော် ကျံနေပါတယ်ဘုရား)အမှားအတော်ကျံနေ ပြီဆိုတာ ဒကာဒကာမတွေ ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ နွတ်သီးကောင်း လျှာပါးနဲ့ ဆွမ်းကလေးလှူလိုက် ကွမ်းကလေးလှူလိုက်ပြီး သကာလဒုက္ခ ဝဋ်မှကျွတ်ရပါလို၏ဆိုတဲ့ နိဗ္ဗာန် မလာဘဲနဲ့ ဒကာကြွယ်တို့က ခေါင်းပေါင်းသာ ထောင်နေတာ၊ (မှန်လှပါဘုရား)။

အင်း - ဟင် ခုဘဝ အသင့်အတင့်နေနိုင်ပြီ၊ ဟိုဘဝဒီထက် အသင့်အတင့်နေနိုင်အောင်လုပ်ဦးမယ်ဟာဆိုပြီးလုပ်လိုက်တော့ ဘာသစ္စာသူလုပ်သလဲ၊ (သမုဒယသစ္စာ လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ ဒုက္ခနည်းတာနဲ့ နောင်ဘဝ ဒုက္ခကြီးကြီး ရအောင် လုပ်တာနဲ့ ဦးသန်းမောင် တူ-မတူ၊ (တူပါတယ် ဘုရား) လုပ်ကောင်းရဲ့လား၊ (မလုပ်ကောင်းပါဘုရား)။

ဒါ့ကြောင့် ကုသိုလ် လုပ်ကြစမ်းပါသို့ ဘုန်းကြီးက တိုက် တွန်းတယ်၊ (မှန်လှပါ)ဒုက္ခသစ္စာမတွေ့တဲ့ကုသိုလ် ဒီဒုက္ခသစ္စာ ကြီးကို မရချင်လို့လှူပါတယ်၊ တန်းပါတယ်၊ ပေးပါတယ် ကမ်းပါတယ်ဘုရား၊ဒုက္ခလွတ်ရာကိုသာ တပည့်တော်တို့ကြိုက် ခြင်းကြောင့် လှူပါတယ်ဆိုရင် ခန္ဓာကိုယ် ပေါင်လှူလို့ ပြော

http://www.dhammadownload.com



တယ်၊ (မှန်လှပါဘုရား) ဒါဖြင့် ပစ္စည်း အကုန် လုပ်ပေါ့ဗျာ၊ (မှန်ပါ့)။

ဒီလိုကျတော့ လူကောင်းပါတယ်၊ (မှန်လှပါဘုရား) နို့မဟုတ်ရင် ဦးသန်းမောင် ဒုက္ခပဲ ပြန်ရောက်မယ်၊ ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကြည့်လေ ဒကာ ဒကာမတို့ ဒီဘဝမှာ ဒကာ ဒကာမတွေ ဟောဒီမြားကလေးက ဒီငါးခုသာလုပ်ရင် ဒီဘက် ဆက်လိမ့်မယ်လို့ပြောတာ၊ (မှန်လှပါဘုရား)။

ဒီမြားကလေးက ဘာပြောသလဲ၊ (ဒီဘက် ဆက်လိမ့်မယ်လို့ပြောပါတယ်) ဆက်လိမ့်မယ်တဲ့၊ ဒီ ငါးခုဟာ မင်း လုပ်လို့ရှိရင် ဟောဒီငါးခုနဲ့ ဆက်လိမ့်မယ်၊(မှန်ပါ့)မပြောဘူးလား၊ (ပြောပါတယ်ဘုရား) ဒီ ငါးခုလုပ်ရင် ဒီငါးခုနဲ့ ဆက်လိမ့်မယ်၊ အေး ၁ ငါးကို လုပ်လို့ရှိရင် ၂-ငါးနဲ့ သွားဆက်မယ်၊ (မှန်လှပါ) ပေါ်ပလား၊ (ပေါ်ပါပြီ)။

ဒါဖြင့် ၁ နံပါတ် ငါးခုကိုလုပ်ရင် ၂-နံပါတ် ရှိတဲ့ ငါးဖြစ်ရမှာပဲ၊ ပေါ်ပြီဗျ၊(မှန်ပါ့—ပေါ်ပါပြီ)ကဲ—ဦးသန်းမောင် ရှင်းပလား၊ (ရှင်းပါပြီ) ဒကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

၂-နံပါတ် ငါးကြည့်လိုက်တော့ ဒကာ ဒကာမတို့ သူ့အတန်းနဲ့သူပဲ ကြည့်ပါ (မှန်ပါ့) သူ့အတန်းနဲ့သူ ကြည့်ပါ ဆိုတော့ ဝိညာဉ်ဆိုတဲ့ ပဋိသန္ဓေ နေပါပြီ၊ (မှန်ပါ့) နာမ်ရုပ် ဆိုတာ ခင်ဗျားတို့ အခု မရဘူးလား၊ (ရပါတယ် ဘုရား) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနကော ရှိပါရဲ့လား၊

http://www.dhammadownload.com



(ရှိပါတယ်ဘုရား) ဖဿကော၊ ရှိပါရဲ့လား၊ (ရှိပါတယ်ဘုရား) ခင်ဗျားတို့မှာ ဝေဒနက္ခန္ဓာကော ဟုတ်ရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် အောက်နား သွားကြည့်လိုက်၊ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဩော် ခင်ဗျားတို့ ဟောဒါ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒုက္ခသစ္စာ၊(မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အတိတ်အကြောင်းငါးပါး ကြိုးစားခဲ့တာနဲ့ ဒကာဒကာမတွေ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါး၊ ဟောဒါပေါင်းလိုက်ရင် ခန္ဓာငါးပါး၊ (မှန်လှပါ) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဟာ....ခင်ဗျားတို့ လူ့ဘဝရ,ရပါလို၏ဆိုပြီး ရည်မှန်း လှူဒါန်းတဲ့ ကုသိုလ်က ဘာသစ္စာကြီး အကျိုးပေးပါလိမ့်၊ (ဒုက္ခသစ္စာကြီး အကျိုးပေးပါတယ်ဘုရား) ဒုက္ခသစ္စာအကျိုးပေးလိုက်တယ်၊ ဒကာ ဒကာမတို့၊ (မှန်လှပါ) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ဘာသစ္စာ အကျိုးပေးသလဲ၊ (ဒုက္ခသစ္စာအကျိုးပေးပါတယ်)။

ဟုတ်သားပဲ၊ ဝိညာဉ်ဆိုတာလဲ ပဋိသန္ဓေစိတ်၊ (မှန်ပါ) ပဋိသန္ဓေသည် ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ)နာမ်ရုပ်ကကော (ဒုက္ခသစ္စာပါဘုရား) စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယစိတ်တွေကကော၊ (ဒုက္ခသစ္စာပါဘုရား) ခင်ဗျားတို့ ခန္ဓာထဲရှိတဲ့ ဟိုတွေ ဒီတွေ ဖဿကကော၊ (ဒုက္ခသစ္စာပါဘုရား) ဝေဒနာ သုံးပါးကကော၊ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဩြော်....ဒါဖြင့်ရင် ဒီဒုက္ခသစ္စာ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၊(မှန်လှပါဘုရား) ဒါပေါင်းလိုက်ရင် ခန္ဓာငါးပါးပဲ (ငါးပါးပါဘုရား) ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)။

ဩြော်....ဒကာ ဒကာမတွေ ဒီဒုက္ခသစ္စာ ဘယ်က လာပါလိမ့်မတုံးမေးတော့ ဒီအဆက်ကလေးကို ကြည့်၊ ဒီငါးခုကို လုပ်မိတဲ့အတွက်တဲ့၊ မင်းတို့ ဒါဆက်ရတယ်၊ (မှန်ပါ့ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အတိတ်အကြောင်းငါးပါး လုပ်မိတဲ့ အတွက်တဲ့၊ ပစ္စုပ္ပန်ယခုဘဝမှာ အကျိုးအခြင်းအရာ ငါးပါးရတယ်၊(ရပါတယ်ဘုရား) ဒီကြည့်လေ၊ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ငါးခု၊ (မှန်ပါ့) ဒါကို ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာဘယ်နှစ်ပါးပါလိမ့်၊ (ငါးပါးပါဘုရား) ဟာ....ဒါဖြင့် လူ့ခန္ဓာငါးပါးကြီးတော့ ပေါ်ရဲ့၊ ဒကာ ဒကာမတို့ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း....ဒကာ ဒကာမတို့၊ သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မင်းကိစ္စ ဟုတ်လား၊(မှန်ပါ့) ၉၆-ပါး ရောဂါကိစ္စ၊ သားကလေး သမီးကလေး ငယ်သေးလို့ ကြည့်ရရှုရတဲ့ ကိစ္စကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

သားမလိမ္မာ၊သမီးမလိမ္မာတွေနဲ့တွေ့ရလို့ စိတ်မချရတဲ့ကိစ္စကြီးကော၊ (ရှိပါတယ်ဘုရား) ဒီအထဲပဲ ဒီကိစ္စတွေတွေးရင်း အိုဘေး, နာဘေးကော သင့်ရဲ့လား၊ (သင့်ပါတယ်ဘုရား) ဒါဖြင့် ဒီလူ့ဘဝကြီးမှာ ဘာသစ္စာ ဖြစ်နေသလဲ၊ ဒုက္ခသစ္စာပါဘုရား။

http://www.dhammadownload.com



ဟာ....ဒါဖြင့် ဦးသန်းမောင် လူ့ခန္ဓာကြီးဟာ ဝိညာဏ် နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ လူ့ခန္ဓာကြီး ဟာ အားလုံး ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အတိတ် အကြောင်း သင်္ခါရမှားမှုကြောင့် အကြောင်း မှားမှုကြောင့် အကျိုးမှားမှု ဒုက္ခသစ္စာ ရလာတယ်၊ (မှန်ပါ့ဘုရား) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

အကြောင်းမှားမှုကြောင့်(အကျိုးမှားမှု ဒုက္ခသစ္စာရလာ ပါတယ်ဘုရား)အကျိုးမှားဒုက္ခသစ္စာ ရတယ်ဆိုတော့ ဘယ် ဘဝရသတုံးဆိုတာ မသိမှာစိုးတဲ့အတွက်တဲ့၊ ဒကာဒကာမတို့ ဒီမှာဖတ်ကြည့်လိုက်၊ (ပစ္စုပ္ပန်ဘဝရပါတယ်ဘုရား)ဩော်- ယခုဘဝရထားပါတယ်၊ ပစ္စုပ္ပန်ဆိုတာ ယခုဘဝ (မှန်လှပါ ဘုရား)။

ဒါဖြင့် ဒါဟာ ဦးသန်းမောင်၏ ခန္ဓာ (မှန်ပါ့) ဒကာ ကြွယ်၏ခန္ဓာငါးပါး၊(မှန်ပါ့)ဒီနေရာမှာ သေပြီး ဒီမှာပေါ် တာပေါ့ဗျာ၊(မှန်ပါ့)ဩော်-ဒါဖြင့်ခန္ဓာငါးပါး ဘာသစ္စာ တရားလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အင်း-ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာက ဒီမှာပေါ်ပါလိမ့် မတုံး၊ခန္ဓာငါးပါးရုပ်နာမ်ဒုက္ခသစ္စာကြီး ပေါ်ပါလိမ့်မတုံး ဆိုတော့ ဟောဒီ အတိတ်ဘဝက သမုဒယသစ္စာ အားထုတ်လို့ ဟောဒီ ဒုက္ခသစ္စာ ဆိုတဲ့ ဒါတွေ ပေါ်လာတယ်၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒကာကြွယ် ကောင်းကောင်း ရှင်းရဲ့လား၊(ရှင်းပါတယ် ဘုရား) သေသေချာချာ ကြည့်ပါ ဒကာဒကာမတို့ ဒီဥစ္စာ ဒီဟာ မပါလို့ရှိရင် တရားဟောနေပေမယ့် အပိုပဲ၊ (မှန်ပါ့)

http://www.dhammadownload.com



တကယ် ကွက်ကွက်ကွင်းကွင်း မြင်မှုဖြစ်မှုမရှိဘူး၊ (မှန်လှပါဘုရား)ကဲ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)အတိတ်ဘဝက ဘာသစ္စာ လုပ်ခဲ့သလဲ၊(သမုဒယသစ္စာ လုပ်ခဲ့ပါတယ်)။

သြော်–ယခုခန္ဓာငါးပါးကြီးကို ရထားတယ်၊(ရ,ထားပါတယ်)ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)ဟာ-ခင်ဗျားတို့လူ့ဘဝဒုက္ခသစ္စာဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား) အသက်ကြီးလေလေ ဒုက္ခတိုးလေလေ ပူစရာ,ဆွေးစရာ များလေလေ ကိလေသာမီး လောင်တာတွေက များလေလေ၊ (မှန်ပါ့) ဘာသစ္စာရသတုံး၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ဒါဖြင့်ဒုက္ခသစ္စာခန္ဓာငါးပါးကြီးဟာဘယ်သူမှဖန်ဆင်းတာမဟုတ်ဘူး၊ (မှန်ပါ့) ထာဝရဘုရားလဲ မဖန်ဆင်းဘူး၊ ဗြဟ္မာလဲမဖန်ဆင်းဘူး၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) အသိုလိုလဲ ဖြစ်တာမဟုတ်ဘူး၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဟောဒီ အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်ကံအတိတ်ဘဝကပြုလုပ်လိုက်တာ၊(မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီ) အတိတ်ဘဝကပြုလုပ်လိုက်တော့ဒါဘာပေါ်သလဲ၊(ပစ္စုပ္ပန်ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါး ဒုက္ခသစ္စာတရား (မှန်ပါ့)။

ခန္ဓာလိုဖွဲ့လိုက်တော့(ခန္ဓာငါးပါးပါဘုရား)သစ္စာသွားလိုက်တော့ (ဒုက္ခသစ္စာပါဘုရား) ကိုင်း- ဒကာဒကာမတို့ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား) ဘာသစ္စာပေါ်သလဲ၊ (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒုက္ခသစ္စာ ယခုရထားတဲ့ ခန္ဓာကြီးသည် ဒကာ ဒကာမတို့ သိကြားက ဖန်ဆင်းတာလား၊ ထာဝရ ဘုရားက ဖန်ဆင်းတာလား၊ မဟာမက်ကဖန်ဆင်းတာလား၊ အလိုလို ပေါ်တာလား၊ဒီခန္ဓာငါးပါးဟာ (မဟုတ်ပါဘုရား) ဘယ် သူ့ပါလိမ့်ဗျာ၊(အတိတ်ဘဝကပါ)အတိတ်ဘဝကဘယ်သူ့ပါ လိမ့်၊(အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကံပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝပေါ့ ဗျာ၊(မှန်ပါ)ရှင်းကြပလား၊ (ရှင်းပါပြီ) ဒါဖြင့် ကျုပ်တို့ ခန္ဓာဖြစ်ကြောင်းကိုဖြင့် ယနေ့ကောင်းကောင်းသိပြီ၊(သိပါ ပြီဘုရား)။

ကျုပ်တို့ ခန္ဓာငါးပါးကြီးဟာ ယခုပစ္စုပ္ပန် ဘဝ်ကိုးဗျ၊ (မှန်ပါ)ဒါဟာခန္ဓာငါးပါးပါပဲ(မှန်ပါ)ဝိညာဏ်,နာမ်ရုပ် သဠာယတန,ဖဿ,ဝေဒနာဟာ ဘာပါလိမ့်၊ (ခန္ဓာငါးပါး ပါ)ခန္ဓာထဲသွင်းလိုက်တော့ခန္ဓာငါးပါးဖြစ်တယ်၊(မှန်ပါ) ပဋိစ္စသမုပ္ပါဒ်အလိုတော့ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ ဝေဒနာပဲ၊ (မှန်ပါ) ဒီခန္ဓာငါးပါးဟာ ဘာသစ္စာတဲ့လဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ခင်ဗျားတို့ ဘာသစ္စာ ရှေးကကြိုးစားခဲ့သလဲ၊ (သမုဒယသစ္စာ ကြိုးစားခဲ့ပါတယ်) အဲဒီ သမုဒယသစ္စာ ဘယ်သူ့ပါလိမ့်မတုံးလို့ စဉ်းစားတော့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ,ဥပါဒါန် ဘဝ,ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အင်း–သမုဒယသစ္စာငါးပါး ကြိုးစားခဲ့တဲ့အတွက်ဒုက္ခ သစ္စါငါးပါးဖြင့်(ရပါပြီဘုရား) ရပြီဆိုတာ ပေါ်လာကြ ပလား (ပေါ်လာပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်ကျုပ်တို့ကိုပြုပြင်လိုက်တဲ့တရားကငါးခု၊(မှန်ပါ့) ပြုပြင်လို့ကျုပ်တို့ အခုခန္ဓာထဲမှာ ခန္ဓာကြီးပါ ရ,ထားတာ က ငါးခု၊(မှန်ပါ့)သဘောကျပလား၊(ကျပါပြီ)အတိတ်က ပြုခဲ့တာက (ငါးခုပါဘုရား) အဲဒီ ငါးခုကြောင့် ပစ္စုပ္ပန် ဘဝမှာ (ငါးခုရပါတယ်ဘုရား)။

ငါးခု ဆိုတာသည် ဒကာဒကာမတို့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ၊ (မှန်ပါ့) ခန္ဓာအလို ဖွဲ့လိုက်ရင် (ငါးပါးပါ) အင်း–ဒီခန္ဓာငါးပါးက ဘာသစ္စာလဲ၊ (ဒုက္ခ သစ္စာပါဘုရား) ဟာ–ဦးသန်းမောင်ရေ အခု ဘာနဲ့နေရ ပါလိမ့်၊ (ဒုက္ခသစ္စာနဲ့ နေရပါတယ်ဘုရား)။

ခင်ဗျားပဲဗျာ·ဒုက္ခသစ္စာကြီးကိုဘယ့်နှယ်ကြောင့်ခင်ဗျား ဒုက္ခသစ္စာကြီးနဲ့နေဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့ တပည့်တော်က အတိတ်ဘဝက သမုဒယသစ္စာငါးပါး ကြိုး စားခဲ့တယ်၊ (မှန်ပါ့ဘုရား)ပေါ်ပြီ၊ (ပေါ်ပါပြီ ဘုရား) သမုဒယသစ္စာငါးပါးက ဘယ်သူပါလိမ့် ဒကာဒကာမတို့၊ (အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဉပါဒါန်, ကမ္မဘဝပါဘုရား)။

အဲ-အဝိဇ္ဇာ,သင်္ခါရ,ဉပါဒါန်,ဘဝဆိုတာသမုဒယသစ္စာ (မှန်လှပါ)အဲဒါ ခင်ဗျားတို့က အတိတ်ဘဝက ကြိုးစား ခဲ့တဲ့အတွက် ယခုကြည့်ပစ္စုပ္ပန်အကျိုးငါးပါးဆိုတာပစ္စုပ္ပန် ဘဝ၊(မှန်ပါ့)ခန္ဓာငါးပါးကြီးပေါ်မလာဘူးလား၊(ပေါ် လာပါတယ်ဘုရား)ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

အဲဒါရှေးဘဝကကုသိုလ်မလုပ်တတ်တာနဲ့ဒုက္ခရောက်တာ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီ) ကုသိုလ်မလုပ် တတ်တာနဲ့ (ဒုက္ခရောက်တာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီနေ့တရားကလဲ နာရီက စေ့နေပြီ၊ အချိန်ကလဲ သိပ်မရဘူး၊ (မှန်ပါ့) ဒကာဒကာမတို့ ကျုပ်တို့ အခု ဒီဘဝ ရောက်ပါပြီ၊ ပစ္စုပ္ပန်ဘဝ ယခု မသေကြသေးပါဘူး(မှန်ပါ့) မသေကြသေးတော့ ခန္ဓာငါးပါးနဲ့ မနေရဘူးလား၊(နေရ ပါတယ်ဘုရား)။

ဩြော်-ကျုပ်တို့ အမေ, အဖေတွေက မွေးတာလား၊ အဝိဇ္ဇာ သင်္ခါရတို့ကလား၊(အဝိဇ္ဇာ, သင်္ခါရတို့ကပါဘုရား) ဏာဝရက ဖန်ဆင်းတာလား၊ အဝိဇ္ဇာ, သင်္ခါရတို့ကလား၊ (အဝိဇ္ဇာ, သင်္ခါရတို့ကပါဘုရား) မဟာမက် ဖန်ဆင်းတာ လား၊အဝိဇ္ဇာသင်္ခါရကလား၊(အဝိဇ္ဇာ,သင်္ခါရကပါဘုရား) အလိုလိုပေါ်တဲ့ ခန္ဓာငါးပါးလား၊အဝိဇ္ဇာ,သင်္ခါရကလား၊ (အဝိဇ္ဇာ,သင်္ခါရကပါဘုရား)။

အဲဒါ ဒိဋ္ဌိဖြုတ်လိုက်ပြီ၊ သဘောကျပလား၊ (ကျပါပြီ) ငါ-ဘယ်က လာပါလိမ့်မတုံးဆိုတာကော သိပြီလား၊ (သိ ပါပြီဘုရား)။

အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်ဘဝကြောင့် ဟောဒီမှာ ခန္ဓာငါးပါးဆိုတဲ့ ငါ ပေါ်လာတယ်၊ (မှန်ပါ့)မပေါ် လာသေးဘူးလား၊ (ပေါ်လာပါတယ်ဘုရား) ဘာသစ္စာ ပေါ်သလဲ၊ (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့၏ အမေ,အဖေဟာ သိပြီ၊ (သိပါပြီ ဘုရား) သဘောကျပလား၊ (ကျပါပြီ) အဝိဇ္ဇာတို့ တဏှာ တို့ပဲ၊(မှန်ပါ့ဘုရား) သူတို့၏ လက်ချက်ကြောင့် ကျုပ်တို့မှာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားရတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



သူတို့က ဘာသစ္စာတုံးလို့ မေးလိုက်တော့ (သမုဒယသစ္စာ ပါဘုရား)ဘယ်ဘဝကပါလိမ့်၊ (အတိတ်ဘဝကပါဘုရား)။

အတိတ်ဘဝက ကျုပ်တို့ သမုဒယသစ္စာ ငါးပါး ကြိုးစား ခဲ့တယ်၊ (မှန်ပါ့) ဒါကြောင့် ဒုက္ခသစ္စာ ငါးပါးဆိုတဲ့ ခန္ဓာ ငါးပါးရပါတယ်၊ (မှန်ပါ့) ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား) ဘယ်ကလာပါလိမ့်၊ (ပစ္စုပ္ပန်ကာလကပါဘုရား)။

ဩော်-ပစ္စုပ္ပန်ကာလမှာ ကျုပ်တို့ ရနေပြီ၊ (မှန်ပါ့) အကြောင်းလား-အကျိုးလားမေးတော့ သူက အကြောင်း၊ (မှန်ပါ့) ဒီမှာကြည့်လေ အကျိုး၊ ဟော-ပစ္စုပ္ပန် အကျိုး ခြင်းရာ ငါးပါးဆိုပြီး ခန္ဓာငါးပါး ပေါ်လာတယ်၊ (မှန် ပါ့ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကဲ— ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု—သာဓု—သာဓု

*

http://www.dhammadownload.com

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူခဲ့သော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# ပဋိစ္စသမုပ္ပါဒ်

# တရားတော် ( ၁ )

## (၁၇–၁၁–၆၁)

ဒကာ ဒကာမတို့ သေသေချာချာကြည့်ပြီး တရားနာကြရလိမ့်မယ်လို့ အောက်မေ့ကြပါနော်၊ (မှန်လှပါဘုရား) ဒီတရား နာမှုသည်ကားလို့ ဆိုလိုရှိရင်ဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ် စာရွက်ကို ဒကာ ဒကာမတွေ ကိုးကွယ်ဖို့ရယ်လို့ ဒီလို အောက်မေ့မနေနဲ့၊ (မှန်လှပါ)။

ကိုယ့်သန္တာန်ဖြစ်စဉ်ကြီးဟာ ဤအတိုင်းပါကလား၊ ဤလိုဖြတ်မှ ပြတ်မှာပါကလားဆိုတာ သိမှုကိုအလိုရှိတဲ့ ပုဂ္ဂိုလ်များကတော့ဖြင့်-တဲ့ ဒီစာရွက်ကို အသူံခံဖို့ပါပဲ၊ (မှန်လှပါဘုရား)။

ဟာ– ကိုးကွယ်ဖို့ဆိုလိုရှိရင်ဖြင့် ဒီဥစ္စာ ကိုးကွယ်စရာ မဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့နော်၊ (မှန်လှပါ)။

တပည့်တော်တို့ သံသရာက ဒီအတိုင်းနေတယ်၊ ဒီသံသရာကြီးကို ဒီလိုအတိုင်းသာ တပည့်တော်တို့မသိမှုနဲ့နေမယ်ဆိုရင် လည်လိမ့်မယ်၊ လည်လို့ရှိရင်ဖြင့် ဒီအထဲမှာပါတဲ့အတိုင်း

http://www.dhammadownload.com



သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်၊(မှန်လှပါဘုရား) ဒုက္ခသစ္စာထဲက သမုဒယသစ္စာတွေ ထပ်ပွား၊ (မှန်ပါ့) ပွားသောကြောင့် နောက် ဒုက္ခသစ္စာတွေ ပြန်ဖြစ်ရမယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့ သမုဒယ–ဒုက္ခ၊သမုဒယ–ဒုက္ခ၊ ဒကာကြွယ် ဒီလိုလှည့်နေလိမ့်မယ်၊ (မှန်လှပါဘုရား) မဂ္ဂသစ္စာ ပါနိုင်ပါ့မလား၊ (မပါနိုင်ပါဘုရား)။

မပါနိုင်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သြော်– ဘယ်လိုဖြတ်မှ၊ အခုလည်နေတာ ငါတို့ ဘယ်လိုကြောင့် လည်နေတယ်၊ ဘယ်လိုဖြတ်မှ ပြတ်မယ်ဆိုတဲ့ဥစ္စာကို ကိုယ့်သန္တာန် ဒုက္ခသစ္စာ၊ ကိုယ့်သန္တာန်ရှိတဲ့ သမုဒယသစ္စာကို ကိုယ်ဖြတ်ဖို့ရာနည်းကို ဒီစာရွက်တွေကို ဒကာ ဒကာမတွေ အားလုံး ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်တဲ့ ပုဂ္ဂိုလ်မှန်က ဒီစာရွက်ကို အလှူခံနိုင်တယ်နော်၊ (မှန်လှပါဘုရား)။

ကိုးကွယ်ဖို့, ဆည်းကပ်ဖို့ မဟုတ်ပါဘူး၊ (မှန်ပါ့ဘုရား) ကိုယ့်ဒုက္ခကိုယ်ပြတ်ချင်တဲ့ဆန္ဒ ရှိပြီးသကာလ သြော်-ဒီစာရွက် ကြည့်ပြီးသကာလ ဆရာဘုန်းကြီးက ပြမယ်၊ ဘယ်နေရာက ဖြတ်လို့ရှိရင် ဘယ်နေရာက ဖြတ်ရမယ်၊ ကိုယ့်ခန္ဓာကြီးဟာ ယခု ၁-ကွက်မှာ နေတယ်၊ ၂-ကွက်မှာ နေတယ်ဆိုတာ သိရလိမ့်မယ်နော်၊ (မှန်လှပါဘုရား)။

အဲဒီ ၂-ကွက်မှာ နေတဲ့အခါကျလို့ရှိရင် သမုဒယသစ္စာကြီး ထပ်ပွားသလား၊ မဂ္ဂသစ္စာပဲ ထပ်ဖြစ်ပွားသလား ဆိုတာ ကိုယ့်ဟာကိုယ်ပဲ ကြည့်ကြပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ကိုယ့်ဟာကိုယ်ကြည့်တဲ့အခါ သမုဒယသစ္စာပွားလို့ရှိရင် အင်း-ငါ ဒီ တတိယ အကွက်ရောက်ပြီ၊ စတုတ္ထအကွက် ဒုက္ခသစ္စာကြီး လှလှကြီး တွေ့ဦးမှာပဲ၊ (မှန်လှပါဘုရား)။

ဟာ-ငါသည်ကားလို့ဆိုရင် ဆရာသမားတရားနဲ့ ယခု စာရွက်ကြီးကို ကြည့်ပြီးသကာလ ငါ့ခန္ဓာကြီး အတိတ်က မကောင်းခဲ့လို့ ပစ္စုပ္ပန် ဒုက္ခသစ္စာကြီး ဖြစ်နေတယ်။ ဒီ ဒုက္ခသစ္စာက သမုဒယသစ္စာ အသီးအပွင့်တွေ ထပ်ပြီး သီးပွင့်ကြဦးမယ်ဆိုရင်လဲ ငါလို အရုပ်ဆိုးတဲ့ပုဂ္ဂိုလ် မရှိဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးကို မှတ်ရမယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယနေ့ မရသေးတဲ့ ပုဂ္ဂိုလ်များပေါ့ဗျာ ပဋိစ္စသမုပ္ပါဒ်စာရွက်ကို ထပ်ပြီးသကာလ အလှူခံနိုင်ပါတယ်၊ (မှန်လှပါဘုရား)။

ဉာဏ်ကတော့ ခုနက ပြောတဲ့အတိုင်း ငါ ဒုက္ခဝဋ်ကျွတ်ချင်လို့ အလှူခံတယ်ဆိုတဲ့ စိတ်ကိုမွေးပါ၊ (မှန်လှပါ) ဘယ်လိုမွေးကြမလဲ၊ (ဒုက္ခဝဋ်ကျွတ်ချင်လို့ အလှူခံပါတယ်) ဒုက္ခဝဋ်ကျွတ်ချင်လို့ ဒီဉာဏ်တွေ ရပြီးသကာလ ဒုက္ခဝဋ်ကျွတ်တဲ့ အလုပ်ကို လုပ်ချင်လို့ဆိုတဲ့စိတ်ထားနဲ့ အလှူခံကြပါဆိုတာကိုလဲ သတိပေးလိုက်ပါတယ်၊ (မှန်လှပါဘုရား)။

ရပြီးသား ပုဂ္ဂိုလ်များကတော့ဖြင့် အကူးအယူ မကမ်းဘဲနဲ့ မရသေးတဲ့ပုဂ္ဂိုလ်၊ အခု တရားပွဲရောက်တဲ့ ပုဂ္ဂိုလ်တွေက မရသေးတာ အမှန်ဖြစ်ပြီးသကာလ ကိုယ့်ဒုက္ခကိုယ် ကယ်တင်ချင်တဲ့ သဘောနဲ့ ဒုက္ခ ကျွတ်လိုလို့ အလှူခံပါတယ်ဆိုတဲ့ သဘော၊ (မှန်ပါ) ဒီကလှူတဲ့ ဒကာကြီးကလဲ သူကိုယ်တိုင် ဒုက္ခကျွတ်စေချင်လို့လှူတာ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒကာ ဒကာမတွေက ဒုက္ခကျွတ်ခြင်းဉာဏ်ကို ရလိုသော ကြောင့် ကိုယ့်ဟာကိုယ် ဒုက္ခကြီးကိုပဲ ချုပ်လို ကျွတ်လိုလို့ ဒီစာရွက်ကို အလှူခံပါတယ်ဆိုပြီး စိတ်ထားမှန်မြတ်စွာနဲ့ လှူတဲ့ပုဂ္ဂိုလ် ဝဋ်ကျွတ်ရအောင်၊(မှန်လှပါ) အလှူခံပုဂ္ဂိုလ်လဲ ဝဋ်ကျွတ်ချင်တဲ့စိတ် ဖြစ်ပေါ်လာအောင် အလှူခံလို့ရှိရင်-တဲ့၊ ဒကာ ဒကာမတို့ နှစ်ဦးနှစ်ဝ ကျေးဇူးများတယ်လို့ မှတ်ပါ၊ (မှန်လှပါဘုရား)။

ကဲ-ဒါဖြင့် ကိုဘစိန်တို့ ဘေးကပုဂ္ဂိုလ်တွေ မရသေးတဲ့ ပုဂ္ဂိုလ်တွေကြည့်ပြီး ဒီတရားပွဲထဲမှာ ထ,ပါလို့ပြောလိုက်ပါ နေဉ်၊ လူလဲ ခပ်ကြဲကြဲ နေရမယ်၊ စာရွက်နဲ့ ထောင်နေလို့ ရှိရင်လဲ မမြင်ရပေဘူး။

ဘုန်းကြီးပြောတာ နားထောင်ပါ၊ ရှေ့ပိုင်းပြောတာ သည်ကားလို့ ဆိုရင်ဖြင့် သတ္တဝါအစ အဝိဇ္ဇာ တဏှာကလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) သတ္တဝါအစဟာ၊ (အဝိဇ္ဇာ တဏှာကပါဘုရား)။

အေး-ဒီလို သတ္တဝါအစ အဝိဇ္ဇာ တဏှာကလို့ သေသေ ချာချာ မှတ်ထားပါ(မှန်လှပါဘုရား)။

သြော်-ငါတို့ ဘယ်ကများ ဘယ်သူလုပ်လို့ ဖြစ်ပေါ်လာ ပါလိမ့်မလဲ၊ ဘယ်ဘုရားဖန်ဆင်းလို့ပါလိမ့်မတုံး၊ ဘယ်နတ် ဖန်ဆင်းလို့ပါလိမ့်မတုံး၊ ဘယ်ဗြဟ္မာ ဖန်ဆင်းလို့ပါလိမ့်မလဲ လို့ တွေးပြီးတော့ မနေပါနဲ့တဲ့၊ (မှန်လှပါဘုရား)။ -

သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ၁-နံပါတ်ဖြစ်တယ် (မှန်ပါ့) အတိတ်ဘဝက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာ

http://www.dhammadownload.com



ကြောင့် ပစ္စုပ္ပန်ခန္ဓာဖြစ်ပါတယ်၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊ (ကျပါပြီဘုရား)။

အနာဂတ် ဘဝတွေကျတော့ ယခုဘဝထဲမှာရှိတဲ့ ဒကာ ဒကာမတွေကိုယ့်ဘဝကလေးကိုယ်နှစ်သက်တဲ့တဏှာကြောင့် နောင်ဘဝကိုလဲ နှစ်သက်လာပြန်တယ်၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် ပစ္စုပ္ပန် တဏှာကြောင့် အနာဂတ်ခန္ဓာဖြစ် တယ်၊(မှန်လှပါ) အတိတ်က အဝိဇ္ဇာကြောင့် ပစ္စုပ္ပန်ခန္ဓာ ဖြစ်တယ်လို့ရှေးပိုင်းကမှတ်ထားကြစမ်းပါ၊(မှန်လှပါဘုရား)

ပစ္စုပ္ပန်ခန္ဓာ ဘယ်သူ့ကြောင့် ဖြစ်သတုံးလို့ မေးလို့ရှိရင် ဒကာဒကာမတွေ ဒါ ပစ္စုပ္ပန်ဘဝဆိုတာ သိထားပြီနော်၊ (မှန်ပါ့)အဝိဇ္ဇာကြောင့် ဒီပစ္စုပ္ပန်ခန္ဓာဖြစ်တာပဲ၊ (မှန်လှပါ ဘုရား)အဝိဇ္ဇာကြောင့် (ပစ္စုပ္ပန်ခန္ဓာဖြစ်ပါတယ် ဘုရား)။

ပစ္စုပ္ပန်ခန္ဓာဖြစ်တယ်ဆိုတာသိတော့ဒီဟာအနာဂတ်ဘဝ အနာဂတ်အကျိုးဆိုတာ ဒကာဒကာမတွေ သိပါပြီ၊(သိပါ ပြီဘုရား)ဒီဟာကျတော့ ပစ္စုပ္ပန်တဏှာကြောင့် အနာဂတ် ဘဝဖြစ်တယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာကြောင့်တော့ ပစ္စုပ္ပန် ခန္ဓာ ဖြစ်တယ်၊ (မှန်ပါ့ဘုရား) ပစ္စုပ္ပန်တဏှာကြောင့် အနာဂတ်ခန္ဓာ ဖြစ် တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာ ဖြစ်ခြင်း၏ အကြောင်းမှာ အဝိဇ္ဇာ ဦးစီးတယ်လို့မှတ်၊ (မှန်လှပါဘုရား) အနာဂတ် ခန္ဓာ ဖြစ် ကြောင်းမှာ တဏှာဦးစီးတယ်လို့မှတ်ပါ၊(မှန်လှပါဘုရား)။

ဒါကြောင့် အလယ်မှာအဝိဇ္ဇာနဲ့တဏှာဆိုပြီး ရေသောက် မြစ်ပြတယ်၊(မှန်လှပါဘုရား)သဘောကျပြီနော်(ကျပါပြီ)။

http://www.dhammadownload.com



မသိလဲဘုန်းကြီးကိုမေး၊(မှန်ပါ့)မြင်ရတယ်မဟုတ်လား၊ (မှန်ပါ့)အားလုံးဒကာဒကာမတွေ ဒီမှာအတိတ်အကြောင်း အခြင်းအရာငါးပါးမှာအဝိဇ္ဇာကစ ပါတယ်(မှန်ပါ့ဘုရား)

အဲဒီသစ္စာလေးပါးမသိတာ အဝိဇ္ဇာကြောင့်ပစ္စုပ္ပန်ခန္ဓာ ငါးပါးဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်ပါတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အခု ရ,ထားတဲ့ဥစ္စာ ဒီခန္ဓာငါး ပါးလို့မှတ်လိုက်ပါ၊ (မှန်ပါ့) ဒီခန္ဓာငါးပါးသည် ဒကာ ဒကာမတို့ အတိတ်ဘဝက ဘယ်သူခေါင်းဆောင်လို့ ဒီခန္ဓာ ကြီးဖြစ်ပါလိမ့်မလဲလို့ တွေးကြည့်ပါနော်၊ (အဝိဇ္ဇာခေါင်း ဆောင်လို့ပါဘုရား)။

အဝိဇ္ဇာခေါင်းဆောင်တယ်၊ (မှန်ပါ့ဘုရား)ရှင်းပြီနော်၊ (ရှင်းပါပြီ)ဒါဖြင့်အဝိဇ္ဇာကို ဒကာဒကာမတွေက စဉ်းစား လိုက်ပါ-တဲ့၊ လွန်လေပြီးသော အတိတ်ကာလ အတိတ် အကြောင်းတစ်လွှာ သမုဒယသစ္စာ၊(မှန်လှပါဘုရား)။

အဝိဇ္ဇာ ဘာသစ္စာလဲ၊(သမုဒယသစ္စာပါဘုရား)သမုဒယ သစ္စာဖြစ်တော့ကိုတဲ့-ယခုခန္ဓာငါးပါးအဝိဇ္ဇာကြောင့် ခန္ဓာ ငါးပါးကျုပ်တို့မှာ အခုရ,ထားပါတယ်၊ (မှန်ပါ့)ရ,ထား ကာ ဘာသစ္စာရသလဲ၊(ဒုက္ခသစ္စာရ,ထားပါတယ်ဘုရား)။

ဩော်–ဒါဖြင့် ဒကာဒကာမတို့ အတိတ်ဘဝက အဝိဇ္ဇာ က ခေါင်းဆောင်ပြီးသကာလ ကျုပ်တို့လှူခဲ့,တန်းခဲ့,ပေးခဲ့, ကမ်းခဲ့ကြတယ်၊အဝိဇ္ဇာခေါင်းဆောင်ပြီး လှူခဲ့,တန်းခဲ့,ပေး ခဲ့,ကမ်းခဲ့ကြတဲ့အတွက် ကျုပ်တို့မှာ သမုဒယခေါင်းဆောင် တယ်ဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



သမုဒယသစ္စာ ခေါင်းဆောင်ခြင်းကြောင့်-တဲ့၊ ဒီဘဝမှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာ ငါးပါးပေါ်လာတယ် (မှန်ပါ့ဘုရား) ဒီခန္ဓာငါးပါးသည် ဘာသစ္စာတုံးလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ (ဒုက္ခသစ္စာပါ ဘုရား)။

ဪ–ဒုက္ခသစ္စာ ဘယ်အခါကာလ၌ ဖြစ်ပါလိမ့်မလဲလို့ မေးနေမှာစိုးလို့ ပစ္စုပ္ပန်အကျိုးတစ်လ္လာ၊ (မှန်လှပါဘုရား) ယခုရှိထားတဲ့ ခန္ဓာပါပဲ-လို့ ပြောလိုက်တယ်၊ (မှန်လှပါ ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ယခု ရှိထားတဲ့ ခန္ဓာကြီးဟာ နောက်ဘဝက ဘယ်သူ ခေါင်းဆောင်ပြီး ပြုလုပ်ခဲ့ပါလိမ့်၊ (အဝိဇ္ဇာခေါင်းဆောင်ပြီး ပြုလုပ်ခဲ့ပါတယ်ဘုရား)။

ဒီလို သိလိုက်တဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေ မှာ ဒို–ခန္ဓာငါးပါးကြီးကို သိကြား-ဗြဟ္မာ-ဘုရားလာပြီး ဖန်ဆင်းတာမဟုတ်ဘူးဆိုတာပေါ်လာတယ်၊ (ပေါ်လာပါ တယ်ဘုရား)။

အဝိဇ္ဇာ၏ စွမ်းရည်သတ္တိကြောင့် ပေါ်လာတယ် ဆိုတာ ဒကာကြွယ်တို့ သေချာပြီ၊ (သေချာပါပြီဘုရား)သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အဝိဇ္ဇာသည်ကျုပ်တို့၏ ပစ္စုပ္ပန်ဘဝ ခန္ဓာငါးပါး၏ ရေ သောက်မြစ်မူလ၊ (မှန်လှပါဘုရား)။

အဝိဇ္ဇာသည်(ပစ္စုပ္ပန်ဘဝခန္ဓာငါးပါး၏ရေသောက်မြစ်) ယခုခန္ဓာငါးပါး၏ ရေသောက်မြစ်ပါလို့ မှတ်လိုက်စမ်းပါ၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ယခု ခန္ဓာငါးပါး၏ (ရေသောက်မြစ်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ နံပါတ် ၁-ကြည့်လိုက်တဲ့အခါကျတော့ ပစ္စုပ္ပန်တဏှာ၊(မှန်လှပါ)အဲဒီတဏှာတည်းဟူသော အကြောင်းကြောင့်၄-နံပါတ်ဖြစ်တဲ့ဝိညာဏ်နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာမပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အနာဂတ်ခန္ဓာကြီးဖြစ်ကြောင်းကတော့ တဏှာခေါင်းဆောင်၊(မှန်လှပါဘုရား)ပစ္စုပ္ပန်ခန္ဓာ ဖြစ်ကြောင်းကတော့၊ (အဝိဇ္ဇာပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့မှာ ဒီ အလယ် ပြထားတာကြည့်၊ ခင်ဗျားတို့ စာရွက်မှာလဲပါတယ်၊ အဝိဇ္ဇာနဲ့တဏှာရေသောက်မြစ်ပဲ၊ (မှန်လှပါဘုရား) မပေါ်သေးဘူးလား၊(ပေါ်ပါပြီဘုရား)။

ဘယ်သူရေသောက်မြစ်ပါလိမ့်၊(အဝိဇ္ဇာနဲ့တဏှာဟာ ရေသောက်မြစ်ပါ)ဩော်-ဒါဖြင့် အဝိဇ္ဇာမချုပ်, တဏှာမချုပ်သရွေကာလပတ်လုံး ရေသောက်မြစ် မပြတ်ပါဘူး၊ (မပြတ်ပါဘုရား)။

မပြတ်လို့ရှိရင်ဖြင့်တဲ့ပစ္စုပ္ပန်ခန္ဓာ ဒုက္ခသစ္စာပေါ်ဦးမှာပဲ၊(ပေါ်မှာပါပဲဘုရား)အနာဂတ်ခန္ဓာဒုက္ခသစ္စာကော၊(ပေါ်ဦးမှာပါပဲဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာဟာ ဘုန်းကြီးတို့ ဒကာဒကာမတွေ သူတို့ကြောင့် ဒုက္ခသစ္စာဖြစ်ရတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



သူတို့ကြောင့် ဒုက္ခသစ္စာ ဖြစ်ရတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ဒီဒုက္ခသစ္စာကို ငြိမ်းချင်လို့ရှိရင်ဖြင့် အကျိုး သတ်ကြမလား၊ အကြောင်းသတ်ကြမလား မေးရင် ဘယ့် နှယ်ဖြေပါ့မယ်၊ (အကြောင်းသတ်ပါမယ်ဘုရား)။

အကြောင်းသတ်လို့ရှိရင်ဖြင့် ပစ္စုပ္ပန်ခန္ဓာ၌ ဒကာ ဒကာမ တွေ အဝိဇ္ဇာက အကြောင်း၊(မှန်လှပါ) ပစ္စုပ္ပန်ခန္ဓာငါးပါး က(အကျိုးပါဘုရား) အကျိုးဆိုတာသေချာပြီ၊ (သေချာပါ ပြီဘုရား)။

ယခု ပစ္စုပ္ပန်ဘဝမှာ ခင်ဗျားတို့က ကိုယ့်ဘဝလေးကိုယ် နှစ်သက်တဲ့ ဘဝတဏှာအကြောင်းကြောင့်ပစ္စုပ္ပန်ဘဝတဏှာ ပေါ့ဗျ၊ (မှန်ပါ့) ဟော.... အနာဂတ်ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်ပြန်တယ်၊ (မှန်လှပါ)။

ဒါ့ကြောင့် အတိတ်ဘဝက ကျုပ်တို့ခန္ဓာ၏ရေသောက်မြစ် ရှာသော် အဝိဇ္ဇာ၊ (မှန်ပါ့) အနာဂတ်ဘဝ သွားရမှာသည် တဏှာရှိနေရင် သွားရမှာပဲ၊(မှန်ပါ့) တဏှာမရှိရင် (မသွားရ ပါဘုရား) မသွားရဘူးဆိုတာ သေချာပလား၊ (သေချာ ပါပြီဘုရား)။

အေး....ဒါကြောင့် ဝိပဿနာလုပ်ကြတယ်၊ ဝိပဿနာလုပ် ကြတယ်ဆိုတာ ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးသန်းမောင်တို့ မှတ်ကြစမ်းပါ၊ အဝိဇ္ဇာနဲ့တဏှာ ချုပ်အောင် ဝိပဿနာလုပ်မှ ရမယ်၊ (မှန်လှပါဘုရား) အဝိဇ္ဇာနဲ့ တဏှာ ချုပ်အောင် (ဝိပဿနာလုပ်ရပါမယ် ဘုရား) ဝိပဿနာလုပ်မှရမယ်ဆိုတာ ကျေကျေနပ်နပ် သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ဒါကြောင့် ဒကာ ဒကာမတို့တို့ သူများပြောလား၊ ကိုယ့်အမြင်လား၊ (ကိုယ့်အမြင်ပါဘုရား) ဩော်-ဒို့အခု တရားနာနေတဲ့ ခန္ဓာငါးပါးကြီးဟာ ခဏခဏအိုဘေးကြီးလဲ သင့်နေတယ်၊ ဟိုပြောင်းရ၊ ဒီပြောင်းရနဲ့ ခန္ဓာကိုယ်ကြီး နာကြရတယ်၊ (မှန်ပါ့) နာဘေးကလဲ သင့်တယ်၊ နာဘေး သင့်ပြီး သကာလ ဒီအတိုင်း နေသလားဆိုတော့ သေဘေး ရှိရာသို့လဲ သွားနေတယ်၊ (မှန်လှပါဘုရား)။

ဩော်-ဒီခန္ဓာကြီးဟာ ဒကာ ဒကာမတို့ အိုဘေးက သင့် နာဘေးကသင့်၊ သေမဘေးရှိရာသို့သွား၊ ယခု ခန္ဓာကြီးဟာ၊ (မှန်လှပါဘုရား) ဘာသစ္စာတွေ ဖြစ်ဖြစ်နေပါလိမ့်၊ (ဒုက္ခသစ္စာတွေ ဖြစ်ဖြစ်နေပါတယ်ဘုရား)။

ဖြစ်ပေမှာပဲ ဒကာ ဒကာမတို့၊ ကျုပ်တို့ အကြောင်းက မကောင်းခဲ့ဘူး၊ (မှန်ပါ့)ကျုပ်တို့အကြောင်းက မကောင်းခဲ့ဘူးဆိုတာက ဒီ အဝိဇ္ဇာ၊ (မှန်ပါ့) အတိတ် အကြောင်းက ဘယ့်နှယ်တုံး၊ (အဝိဇ္ဇာပါဘုရား) ကောင်းတဲ့အကြောင်းလားဆိုးတဲ့အကြောင်းလား၊(ဆိုးတဲ့အကြောင်းပါဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင် ဘုန်းကြီးများတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်-တဲ့၊ ကိုယ့်အကြောင်း ကိုယ်ပြုခဲ့တဲ့ အတွက် ကိုယ့်ဒုက္ခ ကိုယ်ရတယ်၊ (မှန်ပါ) ဒုက္ခသစ္စာကြီး ရတာပေါ့ဗျာ၊ (မှန်လှပါ)။

ဒါ-ကိုယ်ပြုခဲ့တာ၊(မှန်ပါ့)ဘယ်တုန်းကပါလိမ့်၊(အတိတ်ဘဝကပါဘုရား) အဲဒီမှာ မြင်ရဲလား၊ အတိတ်အကြောင်းလို့ ပြထားတယ်၊ (မှန်ပါ့) အတိတ်ဘဝက ပြုခဲ့သောကြောင့်တဲ့၊

http://www.dhammadownload.com



ဒီမှ စုတေပြီးတဲ့အခါကျတော့ အကြောင်းအကျိုးကစပ်သွားပါပြီ၊ (မှန်ပါ့)။

ဒီမှာအစပ်ကလေးက ဟောဒီအကြောင်းနဲ့ဟောဒီအကျိုး စပ်ပါပြီလို့ ပြောလိုက်တယ်၊ (မှန်လှပါ) မပြောဘူးလား၊ (ပြောပါတယ်) ဒါဖြင့် သမုဒယသစ္စာနဲ့ဒုက္ခသစ္စာ ဆက်သွားပြီ၊ (မှန်လှပါဘုရား) မြွားကလေး ပြတယ်၊ (ပြပါတယ်) ဘာသစ္စာနဲ့ ဘာသစ္စာ ဆက်သွားသလဲ၊(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ဆက်သွားပါတယ်ဘုရား) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ဆက်သွားပြီ ဒကာ ဒကာမတို့၊ (မှန်လှပါဘုရား)။

- ဒါဖြင့် သြော်....ဘယ်သူမှ ပြုတာမဟုတ်ဘူးတဲ့ မိမိ မှားမှုကြောင့် မိမိ ဒုက္ခရောက်တာ၊ (မှန်လှပါ ဘုရား) ဦးလှဘူး ဘယ့်နှယ်ဆိုမလဲ၊ (မိမိမှားမှုကြောင့် မိမိ ဒုက္ခရောက်တာပါဘုရား)။

အတိတ်ဘဝက မိမိ အဝိဇ္ဇာ ယာ်ရေတွေ မှားလိုက်တာနဲ့ ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးကြီးကို ကိုယ်ပိုင်ရတယ်၊ (မှန်ပါတယ်ဘုရား)။

ရတော့ အကောင်းလားလို့မေးမှာစိုးတဲ့အတွက် ဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ဆိုတော့ ဒကာ ဒကာမတွေ ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာပါဘုရား) ရချင်လို့ ရတာလားလို့ မေးတဲ့အခါကျတော့ ကံမကောင်းလို့၊အဝိဇ္ဇာ မကောင်းလို့ ဒကာ ဒကာမတို့နော် (မှန်ပါ့) ခင်ဗျားတို့က ဒီတစ်လုံးထဲ စွဲနေတယ်၊ (မှန်ပါ့) ကံက သခ်ါရဆိုတာ ဒါကံပါပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီတစ်လုံးထဲစွဲနေတယ် မဟုတ်ဘူးလား၊ဒီတစ်လုံးပေါ်မှာ အဝိဇ္ဇာက အုပ်ချုပ်နေလို့ လူ့ဘဝရောက်ကြောင်း သင်္ခါရ ကုသိုလ်တွေပြုတယ်၊ (မှန်လှပါ) ပြုပြီးသကာလ တဏှာနဲ့ ဆုတောင်းတယ်၊ ဥပါဒါန်နဲ့က၊ (စွဲလမ်းပါတယ်) ကာယကံ ဝစီကံနဲ့က၊ (ကြိုးစားပါတယ်ဘုရား)။

ကြိုးစားသောကြောင့် သေသည်၏အခြားမဲ့၌ ဒီလိုစပ်ပြီး သကာလ ဟောဒီမှာ ဒုက္ခသစ္စာ ခန္ဓာငါးပါး ပေါ်ပါတယ်၊ (မှန်လှပါဘုရား)ရိပ်မိကြပလား၊ (ရိပ်မိပါပြီ)ဘာသစ္စာတွေ ပေါ်သလဲ၊(ဒုက္ခသစ္စာခန္ဓာငါးပါးပေါ်ပါတယ်) ဩော်.... ဒကာ ဒကာမတို့ အတိတ်ခေါင်းဆောင်ကြီးတော့ မိပါတယ် (မှန်လှပါ) ဘာမိပါလိမ့်၊ (အတိတ်ခေါင်းဆောင်ကြီးမိပါ တယ် ဘုရား) နာမည် ဘယ်သူတဲ့တုံး၊ (အဝိဇ္ဇာပါဘုရား)။

အေး-အတိတ်ခေါင်းဆောင်ကြီးကအဝိဇ္ဇာဆိုတာသိတော့ ဒကာ ဒကာမတို့ ဒီအဝိဇ္ဇာမချုပ်သရွေ့ ခန္ဓာချုပ်ပါ့မလား၊ (မချုပ်ပါဘုရား)အဝိဇ္ဇာဆိုတာ ဘာသစ္စာ၊(သမုဒယသစ္စာ ပါဘုရား) သမုဒယသစ္စာ စာထဲမှာပါတယ်နော်– ဒီမှာ ကြည့်ပါလား၊ (မှန်ပါ့)။

ဒီအဝိဇ္ဇာက ဒီအခန်းထဲမှာပါတော့ ဘာသစ္စာလဲ၊ (သမု ဒယသစ္စာပါဘုရား)အဲဒီ သမုဒယသစ္စာကြောင့်တဲ့၊ ဝိညာဏ် နာမ်ရုပ်ဆိုတဲ့ ခန္ဓာငါးပါးတွေ ပေါ်လာတယ် (ပေါ်လာ ပါတယ်ဘုရား)ဘာသစ္စာတွေ ပေါ်လာသလဲ၊(ဒုက္ခသစ္စာတွေ ပေါ်လာပါတယ်ဘုရား)။

ဒကာကြွယ် မလှူတတ် မတန်းတတ်ရင် ကြောက်စရာကြီး ပါကလား၊ (ကြောက်စရာကြီးပါဘုရား) ဒကာ ဒကာမတို့

http://www.dhammadownload.com



မလှူတတ် မတန်းတတ်လို့ရှိရင် ဘုံဘဝတွေ တောင့်တရင် ဒုက္ခသစ္စာ တောင့်တတယ်၊ (မှန်လှပါဘုရား) ဘုံဘဝတွေ တောင့်တရင်၊ (ဒုက္ခသစ္စာ တောင့်တပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေ တောင့်တတယ်ဆိုတာသူများပြောလား၊ ယခုရထားတဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားက သက်သေခံနေတာလား၊ (သက်သေခံနေပါတယ် ဘုရား)။

ဒီခန္ဓာရတယ်ဆိုကတည်းက ဒကာဒကာမတို့ ဒီခန္ဓာဟာ ဇာတိက စ,တယ်၊ (မှန်ပါ) ဇရာ ဗျာဓိ မရဏကော မပါပေဘူးလား၊ (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့– ဒီခန္ဓာကြီးဟာ ဇာတိ, ဇရာ, ဗျာဓိ, မရဏဆိုတဲ့ ဒုက္ခသစ္စာကြီးရတယ်၊ (ရပါတယ်ဘုရား) ဘာသစ္စာတဲ့တုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးရတယ်၊ (ရပါတယ်ဘုရား)။

ရချင်လို့ရတာလား၊ နောက်ဘဝက မသိသလို လုပ်ခဲ့လို့လား၊ (မသိသလို လုပ်ခဲ့လို့ပါဘုရား) မသိတာက အဝိဇ္ဇာ၊ လုပ်တာက သင်္ခါရ၊ (မှန်လှပါ) မသိတာက (အဝိဇ္ဇာပါဘုရား) လုပ်တာက (သင်္ခါရပါ ဘုရား) ကုသိုလ်လုပ်လဲ သင်္ခါရပဲ၊ (မှန်ပါ) အကုသိုလ်လုပ်လဲ၊ (သင်္ခါရပါပဲဘုရား) သင်္ခါရပဲဆိုတာ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒီနေရာနှစ်ခုခွဲလိုက်ပါ၊ကုသိုလ်လုပ်လို့ကုသိုလ် သင်္ခါရလုပ်မိရင် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာဆိုတာ လူခန္ဓာ နတ်ခန္ဓာ ရပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) ဘာရမယ်ထင်သတုံး၊ (လူခန္ဓာ နတ်ခန္ဓာ ရပါမယ်ဘုရား)။

http://www.dhammadownload.com



အကုသိုလ်သင်္ခါရ ရောင်းရေး ဝယ်ရေးနဲ့ လိမ်လား ကောက်လား၊ ညစ်လားဆိုတဲ့ အကုသိုလ်သင်္ခါရလုပ်မယ် ဆိုတော့ ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟာ အပါယ်လေးပါး ခန္ဓာဖြစ်တယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်လုပ်လဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုက္ခသစ္စာ၊ (မှန်လှပါ) မသိလို့ အကုသိုလ်လုပ်လဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အပါယ်ဒုက္ခသစ္စာ၊ (မှန်ပါ့ဘုရား) ဒုက္ခသစ္စာချင်း **တော့ အတူတူပဲ၊ သို့သော် သုဂတိဒုက္ခသစ္စာ၊ ဒုဂ္ဂတိ၊ (ဒုက္ခ သစ္စာပါဘုရား)** သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာ သဘောကျပလား၊(ကျပါပြီ) အဝိဇ္ဇာရှိမှ ဘုံဘဝတောင့်တ တဲ့ ကုသိုလ်လဲ လုပ်ပါတယ်၊ (မှန်ပါ့) အဝိဇ္ဇာရမှ သားရေး, သမီးရေး, စီးပွားရေး, လိမ်လည်ကောက်ကျစ်တဲ့ အလုပ် တွေလဲ လုပ်ပါတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ အကုသိုလ်သင်္ခါရာ၊ (မှန်လှပါ) **အဝိဇ္ဇာပစ္စယာ** ကုသိုလ်သင်္ခါရာ၊ (မှန်လှပါဘုရား) သင်္ခါရ ဘယ်နှစ်မျိုးရှိသလဲ၊ (နှစ်မျိုးရှိပါတယ်ဘုရား) တစ်မျိုးက အဝိဇ္ဇာပစ္စယာ ကုသိုလ်သင်္ခါရာဆိုတော့ လူ, နတ်, ဗြဟ္မာ သတ္တဝါဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ရတယ်၊ (မှန်လှပါ) ရှင်းပြီနော်၊ (ရှင်းပါပြီ)။

အဝိဇ္ဇာပစ္စယာ အကုသိုလ်သင်္ခါရာဆိုတော့ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဟာ အပါယ်လေးပါးခန္ဓာ

http://www.dhammadownload.com



ကြီး ဖြစ်ပါတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် လူခန္ဓာ, နတ်ခန္ဓာ, ပြဟ္မာခန္ဓာလဲ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) အပါယ်လေးပါးခန္ဓာကော၊ (ဒုက္ခသစ္စာပါဘုရား) ဩော်....ဒါဖြင့် ဒီသင်္ခါရနှစ်ခုသည်ကား လို့ ဆိုလို့ရှိရင်ဖြင့်တဲ့၊ အဝိဇ္ဇာတည်းဟူသော အကြောင်းတရား မကောင်းပါဘူး၊ (မကောင်းပါဘုရား) ဦးသန်းမောင်ကောင်းသေးရဲ့လား၊ (မကောင်းပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ အကုသိုလ်လုပ်လဲ အဝိဇ္ဇာပစ္စယာသင်္ခါရာပဲ၊ (မှန်ပါ့) ဟိုဘဝ ဒီဘဝလိုချင်လို့ နောက်ဘဝ လူချမ်းသာ နတ်ချမ်းသာဖြစ်ချင်လို့ လုပ်တဲ့ကုသိုလ်လဲ ဘာဆိုကြမယ်၊ (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါပဲဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ (မှန်ပါ့)သဘောကျပလား၊(ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာကြွယ်ရေ အဝိဇ္ဇာပစ္စယာသင်္ခါရာသည် နှစ်မျိုးရတယ်၊ (ရပါတယ်ဘုရား) အပါယ်သွားအောင်လုပ်တဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာလဲရှိတယ်၊ (ရှိပါတယ်ဘုရား) လူ, နတ်, ပြဟ္မာဖြစ်အောင်လုပ်တဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာလဲ (ရှိပါတယ်ဘုရား)။

အဲဒီ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ (မှန်ပါ့) ဘာပဲရှိရှိ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုရင် သမုဒယသစ္စာချည်းမှတ်၊ (မှန်လှပါဘုရား) လူ, နတ်, ပြဟ္မာခန္ဓာလဲ (ဒုက္ခသစ္စာပါပဲ ဘုရား) အပါယ်လေးပါးခန္ဓာလဲ(ဒုက္ခသစ္စာပါပဲ) ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတွေ ကျေကျေနပ်နပ်မှတ်ပါ၊ (မှန်ပါ့)။

ဒီနေ့တရားမှာ ဒကာ ဒကာမတို့ ခင်ဗျားတို့အတွက်ဟာ

http://www.dhammadownload.com



ဩော်....အတိတ်အကြောင်းက မကောင်းတော့ ပစ္စုပ္ပန် အကျိုးဆိုတဲ့ ဟောဒီအတိတ်အကြောင်းရှေက ငါးပါးဟာ ရှေးက မကောင်းခဲ့ဘူး၊ (မှန်လှပါ) ကောင်းခဲ့ရဲ့လား၊ (မကောင်းခဲ့ပါဘုရား)။

မကောင်းတော့ ပစ္စုပ္ပန်အကျိုးကလဲ ဟောဒီ ဒုက္ခသစ္စာ မကောင်းကျိုးကို ပေးတယ်၊ (မှန်ပါ့) ဒီက မကောင်း ကြောင်း လုပ်တာကို၊ (မှန်ပါ့) ဒီဟာက မကောင်းတာ ဒီဟာက သမုဒယသစ္စာက အကြောင်း မကောင်းကြောင်း လုပ်တာကို၊ (မှန်လှပါ) ဒါကြောင့် မကောင်းကျိုးဖြစ်တဲ့ ဒုက္ခသစ္စာကိုရတယ်၊ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိ ပါပြီဘုရား)။

မကောင်းကျိုး ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ် ဘုရား) ဘာလုပ်ခဲ့လို့ပါလိမ့်၊ (မကောင်းကြောင်းလုပ်ခဲ့လို့ ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ) မကောင်းကြောင်း သမုဒယသစ္စာလုပ်ခဲ့တဲ့အတွက် မကောင်းကျိုး (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ဒုက္ခသစ္စာပဲ ရတယ်ဆိုတော့ ဒါဖြင့် ဒကာကြွယ် လူတတ် ဖို့အရေးဟာလဲလိုတယ်ဆိုတာ မပေါ်သေးဘူးလား၊ (ပေါ် ပါတယ်ဘုရား) အားလုံး ဒကာ ဒကာမတွေ လူတတ်ဖို့ အရေးကော၊ (လိုပါတယ်ဘုရား) အင်မတန်လိုပါတယ်ဆို တာ ဘုံဘဝက ခင်ဗျားတို့တောင့်တသလိုရှိရင်ဖြင့်တဲ့၊ ဘယ့်နှယ် ကြောင့် တောင့်တပါလိမ့်မတုံးဆိုတော့ ကြည့်-တောင်းတ တာက တဏှာ၊ (မှန်ပါ့) သူ့အရှင်သခင်က အဝိဇ္ဇာ၊ (မှန်ပါ့ ဘုရား) အဝိဇ္ဇာက တောင်းဟဲ့ ဆိုလို့ တဏှာနဲ့ တောင်းတာ၊ ၆

http://www.dhammadownload.com



(မှန်လှပါဘုရား)မရ ရအောင် တောင်းဟဲ့-ဆိုတော့ ဥပါဒါန်နဲ့ တောင်းတာ၊ (မှန်ပါ)။

အဲဒီတော့ကာယကံ-ဝစီကံနဲ့လဲမင်း-အထမြောက်အောင် လုပ်လို့ဆိုပြီး အလုပ် ခိုင်းတာလဲ ဘယ်သူက ပါလိမ့်၊ (အဝိဇ္ဇာကပါဘုရား)ဒါဖြင့် အဝိဇ္ဇာလက်ချက် လွတ်သေးရဲ့လား၊ (မလွတ်ပါဘုရား)။

ဒါဖြင့်ဒကာဒကာမတို့-တဲ့၊ အတိတ်အကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးဘယ်နှစ်ပါးရသလဲ၊ (ငါးပါးရပါတယ်ဘုရား)ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာတွေပဲဆိုတာ သေချာပလား၊(သေချာပါပြီဘုရား)။ ဒါဖြင့်ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ-တဲ့၊ သမုဒယသစ္စာ လုပ်ခဲ့လို့ဒုက္ခသစ္စာရတယ်(မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီ)သမုဒယသစ္စာလုပ်လို့ (ဒုက္ခသစ္စာ ရပါတယ်ဘုရား)ဒုက္ခသစ္စာရတော့တယ်ဆိုတာသဘောကျပလား၊(ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒီအပေါ်ကလေးကြည့်လိုက်၊ ဒီငါးပါးလုပ်ခဲ့တာ ဘာတွေများ သူတို့ လုပ်ပါလိမ့်မလဲ မေးတဲ့ အခါကျတော့ ကိလေသဝဋ်လုပ်ခဲ့လို့ပဲ၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဝိဇ္ဇာရယ်, တဏှာရယ်, ဥပါဒါန်ရယ်, ကိလေသဝဋ်၊ (မှန်ပါ)။

သင်္ခါရရယ်, ဘဝရယ်က ကမ္မဝဋ်၊ (မှန်ပါဘုရား)။

ဒါဖြင့် အတိတ်ဘဝက ဝဋ် ဘယ်နှစ်ပါး လုပ်ခဲ့ပါလိမ့်၊ (နှစ်ပါးလုပ်ခဲ့ပါတယ်ဘုရား)ဝဋ်နှစ်ပါး ဆိုလိုက်ပါတော့၊

http://www.dhammadownload.com



(မှန်ပါ့ဘုရား)ကိလေသဝဋ် ကမ္မဝဋ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊(ရှင်းပါပြီ) တရားကြည့်လိုက်တော့ ကိလေသဝဋ်က ဒကာဒကာမတို့ သုံးပါး၊ (မှန်ပါ့ဘုရား) ကမ္မဝဋ်က၊ (နှစ်ပါးပါဘုရား)။

ကိလေသဝဋ်က အဝိဇ္ဇာ,တဏှာ,ဥပါဒါန်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကမ္မဝဋ်နှစ်ပါးဆိုတော့ (သင်္ခါရနှင့်ဘဝပါဘုရား)ရိပ်မိပလား၊ (ရိပ်မိပါပြီ) သင်္ခါရ၊ (ဘဝပါဘုရား) အဲဒါက ဘာပါလိမ့်၊ (ကမ္မဝဋ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့နောက်တုန်းက ကိလေသဝဋ်နဲ့ကမ္မဝဋ် နှစ်ပါးကိုလုပ်ခဲ့တယ်၊(လုပ်ခဲ့ပါတယ်ဘုရား)ဘာများလုပ်ခဲ့ပါလိမ့်၊(ကိလေသဝဋ်နဲ့ကမ္မဝဋ်လုပ်ခဲ့ပါတယ်) ကဲ–ခင်ဗျားတို့ လုပ်ပုံက အလုပ်ကောင်း မဟုတ်ဘူး၊ (မှန်ပါ့) ဘာဝဋ်လုပ်ခဲ့သလဲ၊(ကိလေသဝဋ်နဲ့ကမ္မဝဋ်လုပ်ခဲ့ကြပါတယ်ဘုရား)

ဒါကို ခင်ဗျားတို့ ဒကာဒကာမတွေက ကျုပ်–ကုသိုလ် လုပ်ခဲ့တယ်လို့ဦးသန်းမောင်တို့ကပြောသေးတယ်၊ (ပြောပါတယ်ဘုရား) အခု သေသေချာချာကြည့်တော့ ဘာဝဋ်တွေ လုပ်ခဲ့ပါလိမ့်၊(ကိလေသဝဋ်နဲ့ကမ္မဝဋ်လုပ်ခဲ့ပါတယ်ဘုရား)။

ဒီငါးပါးကိုခွဲလိုက်တော့ကိလေသဝဋ်နဲ့ကမ္မဝဋ်ဖြစ်သွားတယ်၊(မှန်ပါ့) ဘာဝဋ်ဖြစ်သွားသလဲ၊ (ကိလေသဝဋ်နဲ့ ကမ္မဝဋ် ဖြစ်သွားပါတယ်)ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဖြစ်သွားတယ် ဆိုတာ သဘောကျပလား(ကျပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အတိတ် အကြောင်းငါးပါးကို ခွဲလိုက်တဲ့အခါ ဝဋ်နှစ်ပါး လာဖြစ်

http://www.dhammadownload.com



တယ်၊ (မှန်ပါ့ဘုရား)အတိတ်အကြောင်းငါးပါးကို ခွဲလိုက်တော့၊(ဝဋ်နှစ်ပါး လာဖြစ်ပါတယ် ဘုရား)။

အဝိဇ္ဇာ,တဏှာ,ဥပါဒါန်ကကိလေသဝဋ်၊(မှန်ပါ့)သင်္ခါရနဲ့ ဘဝက၊ (ကမ္မဝဋ်ပါဘုရား) ကမ္မဝဋ်နှစ်ပါး (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီ)။

ဒါဖြင့် ဒကာကြွယ်တို့ ရှေးဘဝက ခင်ဗျားတို့ ဝဋ် ဘယ်နှစ်ပါးကြိုးစားခဲ့သလဲ၊(နှစ်ပါးကြိုးစားခဲ့ပါတယ်ဘုရား) ပေါ်ကြပြီ၊ (ပေါ်ပါပြီ)။

အေး–ဦးသန်းမောင်ကြီး ဘာတွေများ ကြိုးစားခဲ့သလဲ၊(ဝဋ်နှစ်ပါးကြိုးစားခဲ့ပါတယ်)ဘာဝဋ်ပါလိမ့်၊ (ကိလေသဝဋ်နဲ့ကမ္မဝဋ်ပါဘုရား) ကိလေသဝဋ်နဲ့ကမ္မဝဋ် ကြိုးစားခဲ့တယ်၊ (မှန်ပါ့)။

ကိလေသဝဋ်နဲ့ကမ္မဝဋ်ကြိုးစားတဲ့အခါကျတော့ ဒကာဒကာမတို့ ဟောဒါ အကျိုးပေးဝိပါကဝဋ်ဆိုတာလဲ မှန်တာပဲ၊ (မှန်ပါ့ဘုရား)အကျိုးမပေးသေးဘူးလား(ပေးပါတယ်ဘုရား)။

အကျိုးပေးတော့ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿဝေဒနာဆိုတဲ့ခန္ဓာငါးပါးရပါတယ် (မှန်ပါ့)ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်-ကိလေသဝဋ် ကမ္မဝဋ် လုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာခန္ဓာငါးပါးရတယ်၊(မှန်ပါ့)ဘာရသတဲ့လဲ၊(ဒုက္ခသစ္စာခန္ဓာငါးပါးရပါတယ်ဘုရား)၂-နံပါတ်ကြည့်ကြ ဦးသန်းမောင်တို့(မှန်ပါ့) ဘာသစ္စာ ခန္ဓာငါးပါးတုံး (ဒုက္ခသစ္စာ ခန္ဓာငါးပါးပါဘုရား)။

http://www.dhammadownload.com



အင်း—ဒုက္ခသစ္စာ ခန္ဓာငါးပါး ဘယ်ကာလ ရနေပါလိမ့် မလဲလို့မသိမှာစိုးရတယ်၊ပစ္စုပ္ပန် အကျိုးတစ်လှာလို့ မပါဘူး လား၊ (ပါပါတယ်ဘုရား) အဲ...ပစ္စုပ္ပန်ဘဝ ရနေတာ၊ (မှန်လှပါဘုရား)ဒါဖြင့်ဘယ်အခါရနေသလဲ၊ (ပစ္စုပ္ပန်ဘဝ ရနေပါတယ်ဘုရား) ပစ္စုပ္ပန်ဘဝ ရနေတယ်ဆိုတာ သေချာ ကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဩော်—အတိတ် ဘဝက ကိလေသဝဋ်နဲ့ကမ္မဝဋ်ကြိုးစားခဲ့တဲ့အတွက် ဝိပါက ဝဋ်ဆိုတဲ့ ပစ္စုပ္ပန်ဒုက္ခသစ္စာကြီးရတယ်၊(မှန်လှပါဘုရား)ဘာ ရသလဲ(ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခသစ္စာကြီး ရပါတယ် ဘုရား) ဝိပါကဝဋ်ဆိုတဲ့ ဒုက္ခသစ္စာကြီးကို လှလှကြီးရပါတယ်၊ (မှန် ပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့သည် ဝိပါကဝဋ် ကျွတ်ပြီလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ (မကျွတ်သေးပါဘုရား)။

မသေသေးဘူးဗျ၊(မှန်ပါ့)ခင်ဗျားတို့ကတပည့်တော်ဖြင့် လူ့ပြည်မှာ နေပဲမနေချင်တော့ပါဘူးဘုရား....သေမျှားသေ ချင်ပါပေါ့-တဲ့၊အို-အသာနေဦး အကျိုးပေးမကုန်သေးဘူး၊ ကြီးတဲ့ဒုက္ခတွေ ကျန်သေးတယ်၊ (မှန်လှပါ) သဘောပါပ လား၊(ပါ့ပါပြီဘုရား)။

မသေချင်ပါနဲ့ဦး၊ခင်ဗျားတို့လုပ်ထားတဲ့အကြောင်းကုန်မှ သေမှာပါ(မှန်ပါ့)ခင်ဗျားတို့ကနောက်ကဘယ်နှစ်ကြောင်း လုပ်ခဲ့သတုံး(နှစ်ကြောင်းလုပ်ခဲ့ပါတယ်) ကိလေသဝဋ် သုံး ပါး၊ကမ္မဝဋ်က(နှစ်ပါးပါဘုရား)ဟော-ဒီငါးပါးကိုလုပ်ခဲ့

http://www.dhammadownload.com



တယ်၊ (မှန်ပါ့ဘုရား) မလုပ်ခဲ့ဘူးလား၊ (လုပ်ခဲ့ပါတယ်ဘုရား)။

ဒီ ငါးပါးလုပ်ခဲ့တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန် အကျိုးခြင်းရာငါးပါး မရဘူးလား၊ (ရပါတယ်ဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ ဇာတိပိ ဒုက္ခသစ္စာ ပဋိသန္ဓေနေလဲ ဒုက္ခသစ္စာပဲ၊ (မှန်ပါ့) ဇျာဝိပိ၊ (ဒုက္ခသစ္စာပဲ) မရဏမ္ပိ၊ (ဒုက္ခသစ္စာပါဘုရား)။

အခုတော့ အနာန်ိပ်စက်ရုံ ရှိသေးတာပဲ၊ ''မရဏမ္ပိ ဒုက္ခသစ္စံ'' ကျန်သေးတယ်၊ ဒီအကွက်က မထွက်ရသေးဘူး (မှန်ပါ့)ရိပ်မိပလား၊(ရိပ်မိပါပြီ)အံမာ- တယ်ပြီးတော့ မညည်းကြပါနဲ့ဦး၊ အကျိုးပေး ကျန်ပါသေးတယ်၊ (မှန်ပါ့) ဘာကျန်နေသေးသလဲ၊(အကျိုးပေးကျန်ပါသေးတယ်ဘုရား)။

တပည့်တော်တို့ဖြင့် လူ့အကြောင်း တွေးကြည့်ပြီး စက်ဆုပ်တယ်၊ သေမျှား သေချင်တယ်၊အို-နောက် စက်ဆုပ်စရာတွေ ဒီထက်ဆိုးဝါးတာတွေ လာလိမ့်ဦးမယ်နော်၊ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဒီထက်ဆိုးဝါးတာတွေ ဘယ့်နှယ်တုံး(လာပါလိမ့်ဦးမယ်ဘုရား)။

ဘာ ကျန်နေသေးသတုံးဆိုတော့ အခုဟာ ဇာတိဒုက္ခသစ္စာ ရပြီးပြီ၊ (ရပြီးပါပြီဘုရား) ဇရာဒုက္ခသစ္စာလဲ ရဆဲ၊ (ရဆဲပါဘုရား) မရဏဒုက္ခသစ္စာက ကျန်နေသေးတယ်၊ (မှန်ပါ့) ဒကာ ဒကာမတွေ ကိုယ့်အကျိုးပေးကုန်ပြီ လား၊ (မကုန်သေးပါ ဘုရား)။

http://www.dhammadownload.com



မကုန်သေးတော့ လူ့ပြည်မှာ ဘုရား-မင်းဘေးကလဲသင့်၊ သူခိုးဘေးကလဲသင့်၊ မီးဘေးကလဲသင့်၊ ဟုတ်လား၊ (မှန်ပါ့) ဆွေမျိုးဉာတကာ နှိပ်စက်တဲ့ဘေးကလဲ သင့်၊ ကိုယ့်အထဲက ရောဂါတွေကလဲ နှိပ်စက်နဲ့ သေမျှားသေချင်ပြီတဲ့၊ မသေနဲ့ဦး၊ အားပေးရတယ်၊ (မှန်လှပါ) မသေနဲ့ဦး၊ ဒုက္ခတွေမျိုးစုံ မကုန်သေးဘူး၊ (မှန်လှပါ)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်လိုကြောင့်မသေနဲ့ဦးပြောတာတုံး၊ (ဒုက္ခမျိုးစုံ မကုန်သေးလို့ပါဘုရား) ဒုက္ခတွေမကုန်သေးဘူးတဲ့၊ ဒုက္ခသစ္စာက မထွက်နိုင်သေးဘူး၊ (မှန်ပါ့) အခုဟာက ဇာတိဒုက္ခနဲ့ ဇရာဒုက္ခပဲရှိသေးတယ်၊ ဗျာဓိဒုက္ခ-အနာနှိပ်စက်တဲ့ဒုက္ခ ကျန်သေးတယ်၊ မရဏဒုက္ခကော၊ (ကျန်ပါသေးတယ်ဘုရား)သောက ပရိဒေဝဒုက္ခ ဒေါမနဿကော၊ (ကျန်ပါသေးတယ်ဘုရား)။

ဩော်-ဒို့အတွက် အကောင်းတွေ အများကြီးကျန်ပါ သေးကလား၊ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ဘယ်လို မှားဆိုကြမလဲ၊ (ဒုက္ခတွေ အများကြီးကျန်ပါသေးတယ်) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဟာတွေ ဒကာဒကာမတွေမှာ အကြုံကြီး ကြုံရပါလိမ့်မလဲဆိုတော့ ဒကာ ဒကာမတွေ ကံ မကောင်းလို့၊(မှန်ပါ့)ဒီလိုပြောတယ်၊ (ပြောပါတယ်ဘုရား) မဟုတ်ပါဘူးတဲ့၊ သူ့အထက်က ခေါင်းဆောင်ကြည့်ပါ လား၊ ဘယ်သူပါလိမ့်၊ (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာမရှိရင် ကံနဲ့ သင်္ခါရ ဖြစ်ကိုမဖြစ်ဘူး (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒုက္ခ ဒုက္ခမတွေ့ စွဲချက်လွဲတယ်၊ (မှန်ပါ့) တပည့်တော်ဘုရား-ငယ်ငယ်တုန်းကလဲ ဒုက္ခရောက်ခဲ့တာပဲ၊ ကြီးတော့လဲ ဒုက္ခရောက်တာပဲ၊ တပည့်တော်ကံက တယ်ဆိုးတယ်၊ (မှန်ပါဘုရား)။

တပည့်တော်ကံက တယ်ဆိုးတယ်ဆိုတာ အဝိဇ္ဇာက ပြုံးတယ်၊ ငါလုပ်ထားတာ သူတို့က ကံပေါ်သွားချတယ်၊ (မှန်ပါ့) ဘယ်သူကလုပ်တာတုံး၊ (အဝိဇ္ဇာက လုပ်တာပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဝိဇ္ဇာရှိလို့ ခင်ဗျားတို့ လူ့ဘဝရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်သင်္ခါရ လုပ်ဖြစ်တာ၊ (မှန်ပါ့) သင်္ခါရရှိလို့ တဏှာနဲ့ ဆုတောင်းတယ်၊ (မှန်ပါ့) ဥပါဒါန်ကစွဲလမ်းတယ်၊ ဘဝနဲ့ အားထုတ်တယ်၊ အားထုတ်တော့ ဒုက္ခဒုက္ခမတွေ့မှာ အခု ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာ ငါးပါး မရဘူးလား၊ (ရပါဘယ်ဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပေမယ့် လေးမျိုးရှိတယ်၊ (မှန်ပါ့)။

ရှေ့စ ဒုက္ခသစ္စာ၊

ရှေ့လယ် ဒုက္ခသစ္စာ၊

ဆုံးခါနီး ရတဲ့ ဒုက္ခသစ္စာ၊

အဆုံး ဒုက္ခသစ္စာ၊ (မှန်ပါ့)။

အခုဟာ ခင်ဗျားတို့ ဇာတိဒုက္ခတော့ ပြီးခဲ့ပြီ၊ (မှန်ပါ့) အမိဝမ်းခေါင်းထဲက ထွက်ခဲ့ကြပြီ၊ (ထွက်ခဲ့ပါပြီ)အခုတော့ဖြင့် ဇရာဒုက္ခ အိုဘေးဒုက္ခကြီးနဲ့ နေကြရတယ်၊ (မှန်ပါ့) ရှေ့ ကျန်ပါသေးတယ်၊ နာဘေးဒုက္ခကော၊ (ကျန်ပါသေး

http://www.dhammadownload.com



တယ်ဘုရား) သေဘေးဒုက္ခကော၊ (ကျန်ပါသေးတယ်ဘုရား) အဲဒီတော့ ဒီနယ်က မထွက်ရသေးဘူး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ၂-နံပါတ်က ထွက်ရပလား (မထွက်ရသေးပါဘုရား)။

အဲဒီတော့ မညည်းကြနဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားပေးရတယ်၊ တပည့်တော်ဖြင့် ဘုရား ကိုယ်လက် စိတ်ချမ်းချမ်းသာသာနဲ့ အခါရယ်လို့ မရှိပါဘူး၊ ထိတ်ရတာနဲ့၊ လန့်ရတာနဲ့၊ ပူရတာနဲ့၊ ရှာရတာနဲ့ တပည့်တော်ဖြင့် နေပဲမနေချင်ဘူး၊ (မှန်လှပါဘုရား)အိုနေရလိမ့်ဦးမယ်၊ အသက်ရှည်လိမ့်ဦးမယ်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး၊(နေရဦးမယ်) အသက်ရှည်လိမ့်မယ်၊(မှန်ပါ့) ဒုက္ခသစ္စာမကုန်သေးဘဲကိုး၊ (မကုန်သေးလို့ပါဘုရား) အခုဟာက ဇာတိပိဒုက္ခသစ္စာ ရှိသေးတယ်၊ (မှန်ပါ့) နောက်ဘာကျန်သေးသလဲ(ဗျာဓိပိဒုက္ခသစ္စာ ကျန်ပါသေးတယ်ဘုရား) ကုန်ပြီလား-တဲ့၊ (မကုန်သေးပါဘုရား) မကုန်သေးရင် ဘာကျန်သေးသတုံး၊ (မရဏမ္ပိ ဒုက္ခသစ္စ ကျန်ပါသေးတယ်)။

အင်း-ဒါတောင် မကုန်သေးဘူးတဲ့၊သေခါနီး သောကပရိဒေဝ ဒုက္ခ ဒေါမနဿတွေ ရောက်ဦးမယ်ဆိုပါကလား၊ (ရောက်ဦးမှာပါဘုရား) ဘယ့်နှယ်တုံး ဦးသန်းမောင်၊ကိုယ့်အကျိုးပေး စုံပလား၊(မစုံသေးပါ ဘုရား) မစုံသေးဘူးတဲ့၊ (မှန်ပါ့)။

ဒကာဒကာမတို့-ကိုယ့် အကျိုးပေးဟာ စုံခဲ့ပလား၊ (မစုံသေးပါဘုရား) အို့ဖို့ ကျန်သေးတယ်၊ (မှန်ပါ့)နာဖို့ကော၊ (ကျန်ပါသေးတယ်ဘုရား) စိုးရိမ်ပူဆွေးဖို့ကော၊ (ကျန်ပါ

http://www.dhammadownload.com



သေးတယ်ဘုရား) မရှုမလှုသေမှုကြီးကော၊ (ကျန်ပါသေးတယ်ဘုရား)။

အဲဒီတော့မှ ဒီကအကြောင်းတွေ ကုန်လို့ ဒကာ ဒကာမတွေ နောက်ဆုံးပိတ်ဒုက္ခနဲ့ ဇာတ်သိမ်းရမယ်၊(သိမ်းရပါမယ်ဘုရား) အခုတော့ဖြင့် ဒကာ ဒကာမတွေ ဒုတိယ စက်ဝိုင်းပြင်ဘက် မထွက်သေးဘူးလို့ မှတ်ပါ၊ (မှန်လှပါ ဘုရား) ၂-နံပါတ်က ထွက်ကိုမထွက်သေးဘူး၊ (မှန်လှပါဘုရား)။

ဒီဒုက္ခသစ္စာထဲက ဘယ့်နှယ်တုံး ထွက်ကြပလား၊ (မထွက်သေးပါဘုရား)မထွက်သေးပါဘူး၊ဒါဖြင့်ဒို့အကျိုးပေးကျန်သေးတယ်၊ (ကျန်ပါသေးတယ်ဘုရား) ဗေဒင်မမေးနဲ့နော်၊ (မှန်လှပါ) ဗေဒင်က အိုဇာတာကောင်းတယ်ဆိုလဲ မယုံနဲ့၊ (မှန်ပါ) နာဇာတာ ကောင်းတယ်ဆိုရင်ကော၊ (မယုံပါနဲ့) ဟာ—နာဇာတာကောင်းတော့ သူများပြုစရာများတာပေါ့၊ (မှန်ပါ) နာဇာတာကော ဦးလှဘူး—မကောင်းချင်ဘူးလား (မကောင်းချင်ပါဘုရား) နဂိုက နာနေပေါ့ဟာ—ဇာတာမကောင်းတာနဲ့တော့ မရောပါနဲ့တော့၊ (မှန်လှပါ)။

သေဇာတာ ကောင်းတယ်လို့ တချို့က အို....ဒီလိုများသေရင် ကျုပ်တို့သေချင်တယ်ဆိုတော့ မသာပို့များတာများချီးမွမ်းနေတယ်၊(မှန်လှပါဘုရား)တော်တော်ရူးတဲ့လူတွေဗျ (ရူးပါတယ်ဘုရား) တော်တော်ရူးတယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒီလိုများအိုမယ်ဆိုလို့ရှိရင် ဖင်မ,ခေါင်းမနဲ့ အချိအချင်ကျွေးမယ့်လူနဲ့ဆိုရင် ကျုပ် အိုစမ်းချင်သေးတယ်လို့ ကဲ ဦးလှဘူး တောင်းမိသေးသလား၊ (မတောင်းမိပါဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဒီလူမမာကြီးကြည့်ရတာ ဒီလူမမာကလဲ သူဌေးလူမမာပါ၊ (မှန်လှပါ)ဒီလိုဆိုရင်တော့ ကျုပ်တို့မျှားမမာရတောင် တယ်ကိစ္စမရှိဘူးလို့ ဆိုချင်သေးလား၊ (မဆိုချင်ပါဘုရား) မဆိုချင်နဲ့ဗျ - အလကားနေရင်း အားကျမနေနဲ့၊ ဒုက္ခသစ္စာကြီးလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာကြီးပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခသစ္စာ အတိတ်အကြောင်းက ဘယ်နှစ်ပါးပါလိမ့်၊ (ငါးပါးပါဘုရား)အဲဒါတွေဟာဒုက္ခသစ္စာချည်းမှတ်လိုက်၊ (မှန်လှပါ) သမုဒယသစ္စာချည်း မှတ်လိုက်၊ (မှန်လှပါ) အတိတ်အကြောင်း သမုဒယသစ္စာချည်း မှတ်လိုက်၊ (မှန်လှပါဘုရား)။

အဲဒါ သေသည်၏အခြားမဲ့၌ဟောဒီလို စပ်ပါလိမ့်မယ်တဲ့ ဒကာဒကာမတို့ ဝိညာဏ်နာမ်ရုပ်သဠာယတန ဖဿဝေဒနာနဲ့ ဘယ်ကာလမှာရမှာတုံးဆိုတော့ ပစ္စုပ္ပန်ကာလ အကျိုးပေးပြီ-တဲ့၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

ပစ္စုပ္ပန်အကျိုးပေးတာက ခန္ဓာငါးပါး၊ (မှန်ပါ) ခန္ဓာငါးပါးကိုလေးပိုင်း,ပိုင်းလိုက်တော့ဇာတိ,ဇရာ,ဗျာဓိ,မရဏ ဘယ်ဟာကြိုက်သတုံး (ဘယ်ဟာမှမကြိုက်ပါဘုရား)။

ဘယ်ဟာမှ မကြိုက်ဘူး၊ (မှန်လှပါ)သြော်-ခင်ဗျားတို့က ဘယ်ဟာမှမကြိုက်ဘူးဆိုတော့ နောက်ကျသွားပြီ၊ရပြီးသား ဖြစ်နေပြီ၊ (မှန်လှပါဘုရား) ရိပ်မိပလား၊(ရိပ်မိပါပြီ)ဘယ်ဟာမှ မကြိုက်ဘူးဆိုတဲ့စကားဟာ ဘာပါလိမ့်၊ (နောက်ကျ

http://www.dhammadownload.com



သွားပါပြီဘုရား)နောက်ကျသွားပြီ၊ အရ,က စောနေတယ်၊ (မှန်ပါ့-စောနေပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အရစောတော့ ဒကာသစ်ရေ၊ မှိတ်ပြီးသာခံရှုံပဲ ရှိတော့တယ်၊ (မှန်ပါ့ဘုရား) ဒကာဒကာမ တို့ ဒီဟာက အမှား၊ ဒါက ကျွတာ၊ (မှန်ပါ့) ခင်ဗျားတို့ လောကီစကားနဲ့သုံးတော့ အမှားကျွတာ၊ (မှန်လှပါဘုရား) ရိပ်မိပလား၊(ရိပ်မိပါပြီ) ဘာကျွတာတုံး၊ (အမှားကျွတာ ပါဘုရား)။

မှားတာကဘာသစ္စာ (သမုဒယသစ္စာပါဘုရား)ကျွတာက ဘာတုံး၊ (ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခသစ္စာဆိုတော့ ဒီအထဲ ဒကာ ဒကာမတွေကကိုယ်တစ်ယောက်တည်းမမှားချင်တာနဲ့ အိမ်ထောင်ပြုကြ၊ သားသမီးမွေးဖွားကြ ဟုတ်လား၊(မှန်လှ ပါ) ထောင်တန်း အကျခံပြီး ကျွေးကြ-မွေးကြ၊ (မှန်လှပါ ဘုရား)။

ကိုယ်တစ်ယောက်တည်း မှားထားတာကိုက သစ္စာတစ် ပါး၊ (မှန်ပါ့) ဇာတိ-ဒုက္ခသစ္စာလဲ ကိုယ်မှားလို့ရတာ၊ (မှန် ပါ့) ဇရာဒုက္ခသစ္စာကော၊ (ကိုယ်မှားလို့ ရတာပါဘုရား) ဗျာဓိ-ဒုက္ခသစ္စာကော၊ (ကိုယ်မှားလို့ရတာပါပဲ) မရဏ- ဒုက္ခသစ္စာကော၊ (ကိုယ်မှားလို့ ရတာပါဘုရား)။

အို-ငါချည်းမမှားဘူး၊ အမှားပေါ် ထပ်မှားဦးမယ် ဆိုပြီး အိမ်ထောင်ပြုကြတယ်၊ (ပြုကြပါတယ်ဘုရား) အမှား ပေါ်မှာ (ထပ်မှားဦးမယ်ဆိုပြီး) အိမ်ထောင်ပြုကြတော့ သားပူ,သမီးပူ,ဆွေပူ,မျိုးပူ၊ ဒကာကြွယ်ပိုလာသလား၊ မပို လာဘူးလား၊ (ပိုလာပါတယ်ဘုရား) ဝန်ထုပ်တစ်ထုပ်ထမ်း

http://www.dhammadownload.com



ရသလား၊ အထုပ်များစွာ ထမ်းရသလား၊ (အထုပ်များစွာ ထမ်းရပါတယ် ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် နဂိုက ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ ဘုရား) နောက် ထမ်းရတာတွေကကော၊ (သစ္စာသစ္စာပါ ဘုရား) ဒါ့ကြောင့် ခင်ဗျားတို့မှာ ရေးချင်လို့ရှိရင် ဒုက္ခ—သစ္စာလို့ ရေးဖို့ကောင်းတယ်၊ (မှန်လှပါ)။

ဒကာကြွယ်– ဒုက္ခသစ္စာလို့တောင် ရေးဖို့မကောင်းဘူး၊ (မှန်ပါ့) ဘယ်လိုရေးဖို့ကောင်းပါလိမ့်၊ (ဒုက္ခ-ဒုက္ခသစ္စာလို့ ရေးဖို့ကောင်းပါတယ်)ဘာသစ္စာပါလိမ့်၊ (ဒုက္ခ-ဒုက္ခသစ္စာ ပါ ဘုရား)။

ခင်ဗျားတို့ ခန္ဓာကြီးဟာ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား) နောက် တည်ထောင်ကျွေးစရာမွေးစရာတွေလုပ်တာ က၊ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဘယ့်နှယ် နာမည်ပေးကြ သလဲ၊ (ဒုက္ခ–ဒုက္ခသစ္စာပါဘုရား)။

အဲ....နဂိုက မိုက်ပြစ်သင့်ထားတဲ့ အပေါ်မှာ မောင်ဘ သော် တစ်ခါထပ်မိုက်ပြန်တယ်၊ (မှန်လှပါဘုရား) မိုက်ပြစ် သင့်ထားတဲ့အပေါ်မှာ၊ (တစ်ခါ ထပ်မိုက်ပြန်ပါတယ်) တစ် ခါ ထပ်မိုက်တယ်ဆိုတော့ ဘာသစ္စာလဲ၊ (ဒုက္ခ—ဒုက္ခသစ္စာ ဖြစ်ပါတယ်) ဒုက္ခ—ဒုက္ခသစ္စာ ဖြစ်တယ်၊ (မှန်လှပါဘုရား) ဒကာကြွယ် ဘယ့်နှယ်လဲ၊ (ဒုက္ခ—ဒုက္ခသစ္စာ ဖြစ်ပါတယ်) ဒုက္ခ–ဒုက္ခသစ္စာဆိုတာ ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ဖြစ်စဉ်က ယခု စက်ဝိုင်းကြီးနဲ့ပြ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလဲ ခန္ဓာကိုယ် ဤအတိုင်းပဲလို့ ဟောတော်မူလို့ဘုန်းကြီးကလဲဤပုံကြီးချပြီး

http://www.dhammadownload.com



သကာလ မောင်ထွန်းရင်တို့ရေးလို့ သေသေချာချာ ပြရပါတယ်၊ ဦးမာဒင်က ဝေတဲ့ပုံကလဲ ဒကာဒကာမတွေက ဒုက္ခသစ္စာ သိစေချင်လွန်းလို့ ဝေတာပဲ၊ (မှန်လှပါဘုရား)။

အဲဒီတော့ ကိုယ့်အဖြစ်ဆိုးဆိုတဲ့ဥစ္စာ ဦးလှဘူး ပေါ်ပြီလား၊(ပေါ်ပါပြီဘုရား) ကိုယ့်အဖြစ်ဆိုးနော်၊ (မှန်လှပါ) ဒကာ ဒကာမတို့ အခု ၁-ထဲမှာလား၊ ၂-ထဲမှာလား၊ (၂-ထဲမှာပါဘုရား) ၂-ထဲကြည့်လိုက်တော့ ဩော်....ဘယ်ကာလတဲ့တုံး၊ (ပစ္စုပ္ပန်ကာလပါဘုရား)။

ပစ္စုပ္ပန်ကာလဆိုကတည်းက ခင်ဗျားတို့ အခု မသေသေးဘူး (မသေသေးပါ ဘုရား) မသေတဲ့အခါလဲ ဘာနဲ့နေရသတုံး မေးတော့ (ဒုက္ခသစ္စာနဲ့ နေရပါတယ်ဘုရား)။

ဩော်....အကြောင်းလား, အကျိုးလားလို့ မေးမှာစိုးလို့ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ (မှန်လှပါဘုရား) ဒီအကြောင်းတွေ လုပ်ခဲ့တာကိုးဗျ၊ (မှန်လှပါဘုရား)။

ဒါဖြင့် အကြောင်းလား, အကျိုးလား၊ (အကျိုးပါဘုရား) အင်း....ခင်ဗျားတို့က ဒီအကြောင်းတွေ လုပ်ခဲ့ပြီးပြီ၊ (ပြီးခဲ့ပါပြီဘုရား) ဘယ်ဘဝက လုပ်ခဲ့ပါလိမ့်၊ (အတိတ်ဘဝက လုပ်ခဲ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ယခု ပစ္စုပ္ပန်ဘဝမှာ ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)ဒုက္ခသစ္စာ မသိမှာစိုးတဲ့အတွက် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ လို့ ဟောလိုက်တယ်၊ (မှန်လှပါဘုရား)။

ဒီ-ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဟာလဲ ဒကာ ဒကာမတို့ သေသေချာချာတွေး၊ ဇာတိဒုက္ခလဲ ဒီဝါး

http://www.dhammadownload.com



ပါး ပါတာပဲ၊ (ပါ ပါတယ်ဘုရား) ဇရာမှာကော၊ (ပါ ပါတယ်) ဗျာဓိမှာကော၊ (ပါ ပါတယ်) မရဏမှာကော၊ (ပါ ပါတယ်ဘုရား)။

အဲဒီတော့ ပါတာကိုသိတော့ ဒကာကြွယ်က မှတ်လိုက်၊ ဒုက္ခသစ္စာ ဆိုးပလားလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ၊ (မဆိုးသေးပါဘုရား) ဩော်....ဒါဖြင့် ဇာတိနဲ့ ဇရာတော့ ပြီးပြီ၊ (မှန်ပါ့) ဗျာဓိနဲ့ မရဏ (ကျန်ပါသေးတယ် ဘုရား)။

ဒကာ ဒကာမတွေ အဲဒါ ခင်ဗျားတို့ ရမှ ရပါ့မလား၊ အနာနှိပ်စက်တာရယ်,သေပွဲဝင်ရတာရယ်၊ငါတို့ဖြစ်မှဖြစ်ပါ့မလားလို့ မတွေးနဲ့၊ (မှန်လှပါဘုရား) ဒီအကြောင်း ကြည့်၊ အတိတ် အကြောင်းခြင်းရာကြောင့် ပစ္စုပ္ပန်အကျိုးခြင်းရာ ငါးပွါးဖြစ်ရမှာလား၊မဖြစ်ဘူးလား၊(ဖြစ်ရမှာပါဘုရား)။

ဒါဖြင့် အနာနှိပ်စက်မှုကော လာဦးမှာလား၊ (လာမှာပါဘုရား) သေခါနီး မောဟိုက်နေတာကော (လာမှာပါဘုရား) သေလို့ လူတွေက ပြင်ဘက် မြန်မြန်ထုတ်၊ရက်တိုတိုနဲ့ သွားကွဆိုတာကော၊ (လာမှာပါဘုရား) အဲဒါတွေ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတာလား၊ ဒကာ ဒကာမတို့ အတိတ် အဝိဇ္ဇာကြောင့်လား၊ (အတိတ် အဝိဇ္ဇာကြောင့်ပါ ဘုရား) ဒါ့ကြောင့် ပစ္စုပ္ပန်ဘဝ၏ ရေသောက်မြစ် အဝိဇ္ဇာ၊(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒကာ ဒကာမတို့ ပစ္စုပ္ပန်ဘဝ၏ ရေသောက်မြစ်ဟာ ဘယ်သူပါလိမ့်၊ (အဝိဇ္ဇာပါဘုရား) အနာဂတ်ဘဝ၏ ရေ

http://www.dhammadownload.com



သောက်မြစ်က ဒီမှာ တဏှာ၊ (မှန်လှပါ) အနာဂတ်ဘဝ၏ ရေသောက်မြစ်က(တဏှာပါဘုရား)။ သဘောပါကြပလား၊ (ပါ-ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီအတိုင်းပဲ၊ဟော ဒါက သမုဒယသစ္စာ၊ ဟောဒါက ဒုက္ခသစ္စာ၊ (မှန်လှပါ ဘုရား) ဒကာ ဒကာမတို့ အခု ဘယ်ထဲမှာလဲ၊ (ဒုက္ခသစ္စာ ထဲမှာပါ ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ) ဒုက္ခသစ္စာ ဘယ်ကလာပါလိမ့်၊ (ပစ္စုပ္ပန်ကာလကပါ ဘုရား)။

ဩော်....ဒါဖြင့် ယခု တို့ မသေခင်ပါလား၊ (မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ်၊ (မသေခင်ပါဘုရား) မသေခင်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ) မသေခင် ဘယ်နှစ်ပါး ရထား သတုံးဆိုတော့ ငါးပါး၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ငါးပါးဘယ်သူတုံးလို့ မသိမှာစိုးလို့ခင်ဗျားတို့ ပဋိသန္ဓေ စိညာဏ် အခုနာမ်ရုပ်-တဲ့၊(မှန်ပါ့) မျက်စိ, နား,နှာခေါင်း, လျှာ,ကိုယ်,စိတ်တဲ့သဠာယတန၊(မှန်ပါ့)ဖဿ,ဝေဒနာ (မှန် ပါ့)။ဒါဖြင့် ဒကာဒကာမတွေ အခုခန္ဓာဘယ်နှစ်ပါးရသလဲ၊ (ငါးပါး ရပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ငါးပါးပဲ၊ (မှန်ပါ့) ခန္ဓာကို ကြည့်ပြန်တော့လဲ၊ (ငါးပါးပါဘုရား)။

အင်း....ဒီငါးပါးတွေဟာ ဒကာဒကာမတို့ ကံမကောင်း အကြောင်းမသင့်လို့ ရခဲ့တာလား၊ အဝိဇ္ဇာကြောင့် ရတာ လား၊ (အဝိဇ္ဇာကြောင့် ရတာပါဘုရား) ကဲ....ဒီက ရှေးကံ ဖြုတ်ကြစို့၊ (မှန်လှပါဘုရား) ဦးသန်းမောင် ကံဖြုတ်ခတော့ (မှန်ပါ့ဘုရား) ဒီ-ခင်ဗျားတို့ ကုသိုလ်လုပ်ထားတဲ့ အထဲမှာပဲ

http://www.dhammadownload.com



အဝိဇ္ဇာ စ,တယ်၊ (မှန်ပါ့) အဝိဇ္ဇာစ,လို့ ကံ,သင်္ခါရက ဖြစ်တယ်၊ (မှန်ပါ့)

ဒါဖြင့် ဒကာ ဒကာမတို့ ရှေးဘဝက အဝိဇ္ဇာရှိလို့ ဒီဒုက္ခ ဖြစ်ခဲ့ရတယ်၊ (မှန်လှပါဘုရား) ရှေးဘဝက အဝိဇ္ဇာရှိလို့၊ (ဒုက္ခဖြစ်ရပါတယ်ဘုရား) ဒုက္ခဖြစ်ခဲ့ရတယ်ဆိုတာ သဘော ကျပြီလား၊ (ကျပါပြီဘုရား)။

ဒီဘဝမှာ ဒုက္ခမျိုးစုံပလားလို့မေးရင် ဘယ့်နှယ် ပြောကြမလဲ၊ (မစုံသေးပါဘုရား) ခက်ပြီ–ခင်ဗျားတို့၊ဒကာဒကာမ တို့ ဒုက္ခမျိုးစုံကြပလား၊ (မစုံသေးပါဘုရား) ခက်ပြီ၊ အခု ကိုပဲ အတော်ဒုက္ခရောက်နေတာ၊မစုံသေးဘူးဆိုရင်ဖြင့် ဒကာ ကြွယ်-ခက်ပြီ၊ (ခက်ပါပြီဘုရား) စုံကောစုံပြီလား၊ (မစုံ သေးပါဘုရား)အင်း-တရားနာလာနိုင်သေးတယ်၊ (မှန်ပါ့)

ဇာတိဒုက္ခပြီး ဇရာဒုက္ခ၊ ဇရာဒုက္ခပေမယ့်လဲ နာတဲ့ကိစ္စက မပါသေးတော့ တရားနာ လာနိုင်သေးတယ်၊ (မှန်လှပါ ဘုရား) ရှေ့အနာတွေ နှိပ်စက်လို့ တရားမနာနိုင်တဲ့ ဒုက္ခ မကျန်သေးဘူးလား၊ (ကျန်ပါသေးတယ် ဘုရား) သေရ မည့် ဒုက္ခကော (ကျန်ပါသေးတယ်ဘုရား)။

သြော်....တို့ ရှေ့ ဘာများ ဖြစ်မှာပါလိမ့်မတုံး၊ ထီများ ပေါက်ဦးမှာလား၊ (မှန်ပါ့ဘုရား)။

ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဒကာ ဒကာမတို့ ဘာပဲ တွေ့ရမှာတုံး၊ (ဗျာဓိနဲ့ မရဏပဲ တွေ့ရမှာပါဘုရား)ဗျာဓိပိ ဒုက္ခသစ္စ အိပ်ရာထဲလဲတဲ့ဒုက္ခသစ္စာ တွေ့ရမယ်၊ (မှန်လှပါဘုရား) သူတစ်ပါး ရွာပြင်ထုတ်တဲ့ မရဏဒုက္ခသစ္စာကော၊ (တွေ့ရပါမယ် ဘုရား)။

http://www.dhammadownload.com



အဲဒါ အခုတွေ့ရပလား၊ (မတွေ့ရသေးပါဘုရား)အင်း- မတွေ့ရသေးလို့ရှိရင် ဒကာ ဒကာမတို့ ဒီသမုဒယအကြောင်း မကုန်သေးဘူး၊ (မှန်လှပါဘုရား)။

ဒီအကြောင်းလုပ်ခဲ့တာက လေးမျိုးတွေ့ရမှာ၊ (မှန်ပါ့) အခု နှစ်မျိုးပဲ ကျုပ်တို့ဒုက္ခ ခံစားရသေးတယ်၊ (မှန်လှပါ ဘုရား)ဘယ်နှစ်မျိုး ကျန်သေးသလဲ၊(နှစ်မျိုး ကျန်ပါသေး တယ်ဘုရား)။

ဒကာဒကာမတို့ ဒါသံဝေဂ ရအောင် ဟောတာလား တဲ့၊ သစ္စာနဲ့မို့ အမှန်ပြောတာလား၊ (သစ္စာနဲ့မို့ အမှန်ပြော တာပါဘုရား)။

ဒကာဒကာမတို့ ဇာတိ ဒုက္ခသစ္စာ တွေ့ခဲ့ကြပြီ၊ (တွေ့ခဲ့ ကြပါပြီဘုရား) ဇရာ ဒုက္ခသစ္စာကတော့ တွေ့ဆဲ၊(တွေ့ဆဲပါ ဘုရား) ဗျာဓိဒုက္ခသစ္စာ လာမှ လာပါ့မလား၊ (လာပါမယ် ဘုရား)။

ဒါဖြင့် အနာနှိပ်စက်တဲ့ဒုက္ခသစ္စာ ဒကာကြွယ်–လာပါဦး မယ်နော်၊ (လာပါမယ်ဘုရား) မရဏ ဒုက္ခသစ္စာကော၊ (လာပါမယ်ဘုရား)။

လာမှာပဲဆိုတော့ ဩော်–ဒို့ရှေ့ကို ဘယ်လိုများ တွေ့ကြ မလဲ၊ မကောင်း နှစ်ချက်ကတော့ လာဦးမှာပါပဲ၊ (မှန်ပါ့ ဘုရား) ကောင်း နှစ်ချက်များ မြင်သေးလား၊ (မမြင်ပါ ဘုရား) ဘာနှစ်ချက် လာမလဲ၊ (မကောင်းနှစ်ချက် လာပါ မယ်ဘုရား)။

http://www.dhammadownload.com



လာချင်လို့လာတာလား၊ကံမကောင်း အကြောင်းမသင့်လို့လား၊ ရှေးဘဝက အဝိဇ္ဇာ အုပ်ချုပ်ခဲ့လို့လား၊ (အဝိဇ္ဇာ အုပ်ချုပ်ခဲ့လို့ပါဘုရား)ပေါ်ပါပြီ၊ အတိတ်ဘဝက အဝိဇ္ဇာနဲ့ ပြုလုပ်ခဲ့လို့၊ (မှန်လှပါဘုရား)ရှင်းကြပလား၊ (ရှင်းပါပြီ) ဘာနဲ့ ပြုလုပ် ခဲ့ကြပါလိမ့်၊ (အဝိဇ္ဇာနဲ့ ပြုလုပ်ခဲ့ပါတယ် ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့–အဝိဇ္ဇာ ဘာသစ္စာ၊ (သမုဒယ သစ္စာပါဘုရား) ယခု ရထားတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ စုံပလား၊ (မစုံသေးပါ ဘုရား)။

ဩော်–ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာ မစုံသေးလို့ ရှိရင်ဖြင့် ခင်ဗျားတို့ ညည်းမနေနဲ့ဦး၊ (မှန်ပါ့)တပည့်တော် အခု သေရ သေချင်တယ်၊ အို–မသေနဲ့ဦးတဲ့၊ (မှန်လှပါ) အခု သေရ သေချင်တဲ့ လူတွေ ဒီအထဲ အများကြီး ပါတယ်၊ (ပါ,ပါတယ်ဘုရား)။

ဘာလုပ်ရဦးမှာလဲ၊ (အနာ ညှပ်ရဦးမှာပါ) မင့်မှာ ဒီ အတိုင်း သေသွားရင် ပေါ့ပေါ့ တန်တန် ဖြစ်မှာပေါ့၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဘာကလေး ထည့်ရဦးမှာလဲ၊ (အနာကလေး ထည့်ရဦး မယ်)အနာ အကူအညီ ပေးပြီးသကာလ ဩော်–မင်း မချိ မဆန့် သေရမှာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဘယ်လို သေရမှာပါလိမ့်၊ (အနာအကူအညီ ပေးပြီးသကာလ မချိ မဆန့် သေရမှာပါဘုရား) ဒီဥစ္စာ ကိုယ် သေချင်သလို သေရ

http://www.dhammadownload.com



မှာလားလို့ ဒကာဒကာမတွေက မေးလို့ရှိရင် မဟုတ်ပါဘူး၊ ဒီသမုဒယစိမ်သဍ္ဍေခံရမှာပါ (မှန်ပါ့ဘုရား) ဒီသမုဒယသစ္စာ စိမ်သဍ္ဍေ၊ (ခံရမှာပါဘုရား) ဒုက္ခလေးမျိုးနဲ့ ကြုံပြီးတော့မှ သေရမှာ၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဒါဖြင့် ဒကာဒကာမတို့ ဒီနှစ်ကွက်ဟာဖြင့် တော်တော်လည်တယ်၊ (မှန်ပါ့) ဒီ ၂-ကွက် ကျန်သေးတယ်၊ မကျန်ဘူးလား၊ (ကျန်ပါတယ်ဘုရား) အဲဒီ ၂-ကွက်က ဒီလိုလဲ ဆက်နိုင်တယ်၊ ဖြတ်လဲဖြတ်နိုင်တယ်၊ (မှန်လှပါ)။

ဒါကြောင့် ဒီအကွက်ကျလို့ရှိရင်ဖြင့် တတိယအကွက်ကို တော့ဖြင့် အလုပ်နဲ့ပွားယူ၊ (မှန်ပါ့) အလုပ်မရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်လဲ သိရမယ်၊ (မှန်လှပါဘုရား) အလုပ်ရှိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်စဉ်ကော၊ (သိရမှာပဲဘုရား)။

အဲဒါကြောင့် ဒီအချက်မှာ ခင်ဗျားတို့ ဂရုစိုက် နာပါ၊ မမေ့ပါနဲ့၊ (မှန်လှပါဘုရား) အခုတော့ဖြင့် ဒကာဒကာမတို့ ၁–နှင့် ၂–ထဲမှာပဲ ထားပစ်ခဲ့ရသေးတယ်၊ (မှန်ပါ့)ဒီနေရာမှာ ဘုရားပွင့်မယ်နော်၊ (မှန်လှပါ)။

ဒီနေရာမှာ ဘုရားပွင့်မယ်၊ (မှန်လှပါ) ၂–နဲ့ ၃-အကူး ကြားထဲမှာ ဘုရားပွင့်လိမ့်မယ်၊ (မှန်လှပါဘုရား) သဘော ကျပလား၊ (ကျပါပြီ)။

ဘုရားဘယ်နေရာမှာပွင့်ပါလိမ့်၊(၂–နဲ့ ၃–အကူး ကြားမှာ ပွင့်မှာပါဘုရား)၂–နဲ့ ၃-အကူး ကြားထဲမှာ ဘုရားပွင့်မယ်၊ နောက်ထပ် နောက်ခန္ဓာတွေ မလာအောင် သူ လုပ်လိမ့်မယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ခင်ဗျားတို့လဲ သောတာပန် တည်ချင်လို့ရှိရင် ၂-နဲ့ ၃-မကူးဖို့ အင်မတန် အရေးကြီးပါတယ်၊ (အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ၂-နဲ့ ၃-နေရာမှာ ဒုက္ခသစ္စာ ကူးချင်လဲရတယ်၊ (မှန်လှပါ)နိရောဓသစ္စာ ကူးချင်ရင်ကော (ရပါတယ်ဘုရား)။

ဒါဖြင့် ၂-နဲ့၃-ဟာ ၂-လမ်းသွား၊ (မှန်လှပါဘုရား) ၂-ကနေပြီး ဒုက္ခသစ္စာ ကူးချင်လဲ၊ (ရပါတယ်ဘုရား) ၂-ကနေပြီး ဒုက္ခသစ္စာ ချုပ်ရာ ကူးချင်ရင်ကော၊ (ရပါတယ်ဘုရား)။

ဒါဖြင့် ဒီအချက်ဟာ ဒကာဒကာမတို့ အလွန်အရေးမကြီးဘူးလား(ကြီးပါတယ်ဘုရား)။

အဲဒီ အရေးကြီးတာ နက်ဖြန်မှ နာကြ။

သာဓု....သာဓု....သာဓု

*

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
**ပဋိစ္စသမုပ္ပါဒ်**

# တရားတော် ( ၂ )

## (၁၉–၁၁–၆၁)

သိကြားက ဖန်ဆင်းတယ်၊ ဗြဟ္မာက ဖန်ဆင်းတယ်လို့ ယူထားတဲ့ အယူတွေလဲရှိတယ်၊ (မှန်ပါ့)။

အဲဒီ အယူတွေသည်ကားလို့ ဆိုလို့ရှိရင် မှားသော အယူတွေ မိစ္ဆာအယူတွေလို့ မှတ်ပါ၊ (မှန်ပါ့)။

အဲဒီ မိစ္ဆာအယူမှ လွတ်ခြင်း,ကျွတ်ခြင်းကို အလိုရှိကြတဲ့ ဒကာ ဒကာမတွေမှန်က ဘုရားမပွင့်ခင်ကလဲ ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ရှိတယ်လို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ ဘုရား) ဘုရားပွင့်လဲ ရှိတယ်လို့ပဲ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ် အစ,ကိုလဲ သိတော်မူတယ်၊ အဆုံးကိုလဲ သိတော်မူတယ် ဆိုတာလဲ မှတ်ရမယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အစ,သိခြင်းကြောင့်လဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သံဝေဂဉာဏ် ပွားတော်မူတယ်၊ (မှန်ပါ့ဘုရား)။

အဆုံးသိခြင်းကြောင့်လဲဘုရားအဖြစ်ရောက်တော်မူတယ် ဆိုတာ ဒကာကြွယ်—မှတ်ရလိမ့်မယ်၊ (မှန်လှပါ) အစ,သိလို့ သံဝေဂဉာဏ်ပွားတယ်၊ (မှန်ပါ့) အဆုံးသိတာနဲ့ ဘုရား အဖြစ်သို့ ရောက်တော်မူတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ ဒကာ-ဒကာမတွေလဲ ကိုယ့်အတန်းနဲ့ကိုယ် ဆိုသလို အစ,လဲ သိမှ၊ အဆုံးလဲ သိမှ ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းပြီး သကာလ ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်သို့ သက်ဝင်နိုင် ပါတယ်၊ (မှန်လှပါဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာ မကင်းဘဲနဲ့ ဝိပဿနာဉာဏ် သက်ဝင်နေလို့ ရှိရင်ဖြင့် ဝိပဿနာအာပေါက်အောင် အားထုတ်ငြားသော် လဲ ဒိဋ္ဌိဝိစိကိစ္ဆာ မကင်းတဲ့အတွက် မရဘူးလို့မှတ်ပါ၊ (မှန်လှ ပါ ဘုရား)။

ဒါဖြင့် ဝိပဿနာ အားထုတ်ချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းမယ်၊ (မှန်လှပါဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာကင်းပြီး အားထုတ်မှသာလျှင် မဂ်ဉာဏ်, ဖိုလ် ဉာဏ် ရမယ်လို့ မှတ်ကြပါ၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ကိုယ့်အကြောင်း ကိုယ်သိ ရအောင် စဉ်းစားကြစို့၊ (မှန်ပါ့)။

ဘုရားအပေါ်၌လည်း ယုံကြည်၊ဆရာဘုန်းကြီးအပေါ်၌ လည်း ယုံပြီးသကာလ ဒကာ ဒကာမတို့သည် ယခု ၁-နံပါတ် မှာ နေသလား၊ ၂-နံပါတ်ထဲ ရောက်နေကြသလား ဆိုတာ အကဲခတ်ပါ၊ (၂-နံပါတ်ထဲ ရောက်နေပါတယ်ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ၊ ၂-နံပါတ်ထဲ ရောက်နေတယ်ဆိုတော့ ဒကာ ဒကာမတို့ မြင်တဲ့အတိုင်းတဲ့၊ ၂-နံပါတ်ဆိုတာ ဒါပါပဲနော်၊ (မှန်လှပါ) ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ထောက်ပြသည်။

ပစ္စုပ္ပန် အကျိုးခြင်းရာ ငါးပါး၊ ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့ မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား)။

အဲဒါကို ဒကာ ဒကာမတို့ နားလည်တဲ့နည်းနဲ့ ပြောရင် ခန္ဓာငါးပါး၊ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ်လို့ ရေတွက်တဲ့ အခါကျတော့ စာပါအတိုင်းပေါ့ဗျာ၊ (မှန်လှပါဘုရား) ရှင်းပြီ၊ (ရှင်းပါပြီဘုရား)။

ဩော်....ဒကာ ဒကာမတွေ ဒီအထဲမှာ အခု ရောက်နေကြ တယ်၊ အခုပဋိသန္ဓေဝိညာဏ်နဲ့လဲ နေကြတယ်၊ ပဝတ္တိဝိညာဏ် နဲ့လဲ နေကြတယ်၊ (မှန်လှပါဘုရား) ပဋိသန္ဓေဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ကလေးကို ဆိုတယ်၊ (မှန်ပါ့)။

ပဝတ္တိဝိညာဏ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ အိပ်နေတဲ့ အခါကျတော့ မလာအောင် စောင့်ရှောက်နေတဲ့ ဘဝင်စိတ် တွေကိုဆိုတာ၊(မှန်လှပါဘုရား)အခု ပဝတ္တိဝိညာဏ်နဲ့ နေကြ တယ်လို့ မှတ်ပါနော်၊ (မှန်လှပါဘုရား)။

နာမ်ရုပ်တွေကတော့ ရှိပါတယ်၊ သွားချင်တာက နာမ်၊ သွားတာကရုပ်၊အိပ်ချင်တာက နာမ်၊အိပ်တာက ရုပ်ဆိုတော့ နာမ်ရုပ်တွေလဲ အခုခန္ဓာကိုယ်ထဲ မရှိကြဘူးလား (ရှိပါတယ် ဘုရား) သဠာယတနဆိုတာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်တွေကော ဒကာ ဒကာမတွေ ရှိကြရဲ့လား၊ (ရှိပါတယ် ဘုရား)။

http://www.dhammadownload.com



မနဆိုတဲ့စိတ်ကကော၊ (ရှိပါတယ်ဘုရား)။
အာရုံတွေကို တွေ့ထိတဲ့ဖဿကော၊ (ရှိပါတယ်ဘုရား)။
အာရုံတွေကိုခံစားတဲ့ဝေဒနာတွေကော(ရှိပါတယ်ဘုရား)
ဒါဖြင့်ဒကာကြွယ်တို့ကစဉ်းစားပါ၊ဩော် ပဋိစ္စသမုပ္ပါဒ်အလိုတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ခန္ဓာလို ဖွဲ့လိုက်တော့ ခန္ဓာငါးပါး၊ (မှန်လှပါဘုရား)။
အခု ဘယ်သူနဲ့ နေကြသတုံးလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ပစ္စုပ္ပန်အကျိုးခြင်းရာ ငါးပါးကို ၂-နံပါတ်သာကြည့်လိုက်၊ (မှန်ပါ့ဘုရား) ၂-နံပါတ် ကြည့်လိုက်တဲ့အခါကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာနဲ့နေကြရတယ်၊ (မှန်လှပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။
အဲဒါသည်ကား-လို့ဆိုရင်ဖြင့် သစ္စာပိုင်းကို သူနဲ့ဆက်ပြီးကြည့်လိုက်၊ ၂-နဲ့ တည့်တည့် ကြည့်လိုက်တော့ ဘာသစ္စာတွေ့သလဲ၊ (ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)။
ဩော်....ယခု တရားနာနေတဲ့ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ ဘာပဲပေါ်ပေါ်၊ ဦးသန်းမောင် ဒုက္ခသစ္စာသာမှတ်၊ (မှန်လှပါ) ရုပ်ပေါ်လဲ (ဒုက္ခသစ္စာသာမှတ်) နာမ်ပေါ်လဲ (ဒုက္ခသစ္စာသာမှတ်) မျက်လုံး ရုပ်ကလေးပေါ်ရင်လဲ (ဒုက္ခသစ္စာပါဘုရား)။
ဩော်....ဒကာ ဒကာမတို့ သန္တာန်၌၊ ယခုအခါမှာ ဒုက္ခသာ ပင်လယ်ဝေတော့တယ်လို့ ဒကာသစ်-ဒကာကြွယ် မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။
ဒါဖြင့် ဘယ်အခါရှုရှု၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဖြစ်မှုပျက်မှုတွေတာသည် ဒုက္ခသစ္စာချည်း မှတ်လိုက်၊ (မှန်လှ

http://www.dhammadownload.com



ပါဘုရား) အခု ရှ,ထားတာ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ဒီအထဲရှိတာတွေဟူသမျှသည်ကားလို့ဆိုရင် ဖြစ်မှုနဲ့ ပျက်မှုပဲ ရှိမှာပဲ၊ (မှန်ပါ့) အဲဒီ ဖြစ်မှုပျက်မှုတွေက ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ သန္တာန်၌ ခန္ဓာငါးပါး ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတာသည် ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ (မှန်လှပါဘုရား) သစ္စာကျတော့၊ (ဒုက္ခသစ္စာပါဘုရား)သြော်-ဒါဖြင့် လူ့ဘဝ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ)ဦးသန်းမောင် လူ့ဘဝကြီးဟာ၊(ဒုက္ခသစ္စာ ပါဘုရား) ဒုက္ခသစ္စာတဲ့ ဒကာကြွယ်၊ (မှန်လှပါဘုရား)။

ကိုင်း–ဒါဖြင့် လူ့ဘဝ ဒုက္ခသစ္စာဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောတော့ ဓမ္မစကြာ ရပြီးသားပုဂ္ဂိုလ်က "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ခန္ဓာငါးပါး ဟာ ဘာတဲ့၊ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာလို့ ဟောထားတာလဲ ငြင်းစရာမရှိအောင် မှန်နေတယ်၊ (မှန်လှပါဘုရား) ဘာသစ္စာနဲ့ နေကြ–ထိုင်ကြသလဲ၊ (ဒုက္ခသစ္စာနဲ့ နေကြ–ထိုင်ကြပါတယ်ဘုရား)ဖြစ်ဒုက္ခ ပျက်ဒုက္ခနဲ့ နေရတာပဲ၊ (မှန်ပါ့ဘုရား) ဘာနဲ့နေကြရတယ်၊ (ဖြစ်ဒုက္ခ ပျက်ဒုက္ခနဲ့ နေကြရပါတယ်ဘုရား)။

ဖြစ်ဒုက္ခ ပျက်ဒုက္ခနဲ့နေရတော့ ဖြစ်တာလဲဒုက္ခ၊ပျက်တာလဲ ဒုက္ခ၊ ခန္ဓာကိုယ်တစ်ခုလုံးကလဲ ဖြစ်မှုပျက်မှုနဲ့ပဲရှိတော့ ဒုက္ခသစ္စာလို့ဆိုတာ ဦးသန်းမောင်တို့ ဒကာကြွယ်တို့ မငြင်းနဲ့တော့၊(မငြင်းပါဘုရား)ရှင်းသွားပလား၊(ရှင်းသွားပါပြီ)

http://www.dhammadownload.com



ဒါဖြင့် ဒီဒုက္ခသစ္စာကြီးဟာ ဩော်–တပည့်တော်တို့ လူ့ဘဝရအောင် လူ့ဘဝကို တပည့်တော်တို့ရတာ ဒုက္ခသစ္စာ ရတာကိုးဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် လူ့ဘဝရတာ ဘာသစ္စာပါလိမ့်၊(ဒုက္ခသစ္စာရပါ တယ်ဘုရား)ဘယ်မှာတုံးလူချမ်းသာဆိုတာ ပြောကြစမ်းပါ ဦး(မရှိပါဘုရား)ဒကာဒကာမတွေ စဉ်းစားပါ၊ခင်ဗျားတို့ ကို သာမညဟောတော့ လူချမ်းသာလို့ဟောတယ်၊(မှန်ပါ့)။

အခု သေသေချာချာ ဓမ္မစကြာ အကိုးအကားထားပြီး ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ကိုးကားထားလိုက်တော့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၊ (မှန်လှပါဘုရား) မြင်ကြ ပလား၊ (မြင်ကြပါတယ်ဘုရား) ခန္ဓာငါးပါး၊ (ဒုက္ခ သစ္စာတရားပါ ဘုရား)။

ဘယ်မှာတုံး ဒကာကြွယ် လူ့ချမ်းသာ၊(မပါ–ပါဘုရာ) ပေါ်ကြပလား၊ (ပေါ်ပါပြီ) ဒကာဒကာမတို့ လူ့ချမ်းသာ ပါရဲ့လား၊(မပါ—ပါဘုရား) ခင်ဗျားတို့ ၁–ထဲမှာလား၊ ၂–ထဲမှာလား၊(၂–ထဲမှာပါဘုရား) ၂–ထဲမှာ ဘာတွေနဲ့ နေကြတယ်၊ဒီငါးပါးတွေနဲ့နေကြတယ်၊(မှန်လှပါဘုရား)။

ဒီငါးပါးနဲ့နေကြတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ စဉ်းစားကြည့်တော့ ဒီငါးပါး ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါ ဘုရား)အို–ချမ်းသာကို မပါ–ပါလား၊(မပါ–ပါဘုရား) ဒကာဒကာမတွေ ဒါဖြင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာ အကြိမ်ကြိမ် ခံစားပြီး၍ဆိုတာ လွဲမနေ ဘူးလား၊ (လွဲနေပါတယ်ဘုရား။)

http://www.dhammadownload.com



လူ့ချမ်းသာ၊နတ်ချမ်းသာ၊ဗြဟ္မာ့ချမ်းသာ အကြိမ်ကြိမ် ခံစားပြီး၍ဆိုတော့ ဒီအထဲ ထပ်ပြန်တလဲလဲဖြစ်၍ (မှန်လှပါဘုရား) ဒုက္ခသစ္စာထဲ ထပ်ပြန်တလဲလဲဖြစ်၍ တဲ့။

ဟာ–ဦးသန်းမောင်ကြီးတို့ ငါးပါးမှောက်ပြီ၊(မှန်ပါ့) တောင်းထားတဲ့ဆုငါးပါး မှောက်ပြီ၊(မှောက်ပါပြီဘုရား) **အကြိမ်ကြိမ်ခံစားပြီး၍ ဆိုတော့ ဦးလှဘူး ဘယ်နှယ်တုံး၊ (အကြိမ်ကြိမ် ဒုက္ခခံစားရပါလို၏လို့ ဆိုလိုပါတယ်ဘုရား)** အကြိမ်ကြိမ် ၂-နံပါတ်ထဲမှ နေရ၍ (မှန်လှပါ)။

ဘယ့်နှယ်ဆိုကြမယ်၊ (အကြိမ်ကြိမ် ၂—နံပါတ်ထဲမှာနေရ၍) ၂-နံပါတ် ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)ခင်ဗျား တို့ ပါးစပ်မို့ထွက်ရဲပါပေတယ်၊(မှန်လှပါ) ဦးသန်းမောင် ဘယ့်နှယ်လဲ(မသိလို့ပါဘုရား)မသိလို့ထွက်တာနေ၁်(မှန်ပါ့)

ဒကာ ဒကာမတွေ မျက်စိဖွင့်ပေးမည့်သူ မှုရှိလို့ရှိရင် ခင်ဗျားတို့သည် တောင်ဝှေးဆွဲညံ့ရင် ညံ့တဲ့နောက်ပါသွား မှာပဲ၊ (မှန်လှပါဘုရား) တောင်ဝှေးဆွဲ ကောင်းရင်လဲ (ကောင်းတဲ့နောက် ပါသွားမှာပဲ) ကောင်း တဲ့နောက် ပါသွားတော့ တောင်ဝှေးကိုလဲ ဒကာကြွယ် ရွေးဆွဲဦးမှ၊ (မှန်ပါ့ဘုရား)။

ခင်ဗျား တောင်ဝှေးဆွဲမယ်ဆိုရင် ငါ့ဘယ်သူဆွဲဆွဲ လိုက် မယ်ဆိုရင် ချောက်ကျလိမ့်ဦးမယ်၊ (မှန်လှပါဘုရား) မဆို ထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

ကဲ–**ဒါဖြင့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မချမ်းသာ အကြိမ်ကြိမ်ခံစားပြီး၍ဆိုတော့ ၂-နံပါတ် ဒုက္ခသစ္စာ အဖန် ဖန် ဖြစ်ရပြီ ၍၊** (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒကာသစ် ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ဦးသန်းမောင် တို့ကော၊ (ပေါ်ပါပြီဘုရား) ၂–နံပါတ် ဒုက္ခသစ္စာ ဘာတဲ့၊ (အဖန်ဖန်ဖြစ်ရပါလို၏) အဖန်ဖန်ဖြစ်ရ ပါလို၏တဲ့ (မှန်ပါ) တောင်းကောင်း မတောင်းကောင်း၊ ( မတောင်းကောင်းပါဘုရား) တောင်းလေလေ ဆိုးလေလေ ပဲ၊ (မှန်ပါ) တောင်းလေလေ၊ (ဆိုးလေလေပါပဲဘုရား) ဒကာကြွယ် ဒါ သေသေချာချာကြည့်ပါ၊ ဒီစက်ဝိုင်းကလေးကို ကြည့်ပါ၊ ဒါ ခန္ဓာဖြစ်စဉ်ပါ၊ (မှန်ပါဘုရား)။

ခန္ဓာဖြစ်စဉ်ပါ၊ ဘုန်းကြီးက ချုံပြီးသကာလ ပြောနေတဲ့ စကားလို့ ဦးလှဘူးတို့က မဆိုနဲ့တော့ ဘုရားဟောလို့မှတ်၊ (မှန်လှပါဘုရား)။

ကဲ–ဒါဖြင့် ဒကာဒကာမတို့ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ် ခံစားပြီး၍ အဆုံးစွန်သော ဘဝ၌ (မှန်ပါဘုရား)။

အကြိမ်ကြိမ်လဲ ခံစားဦးမယ်တဲ့၊ ဘယ်တော့မှလဲ မဆုံးအောင် ခံစားရမှာ၊ အဆုံးစွန် သူ့ထည့်ချင်လို့ ထည့်တာ မဆုံးဘူး (မှန်လှပါဘုရား) ဆုံးစရာမြင်ရဲ့လား၊ (မမြင်ပါဘုရား) အဲဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုလိုရှိရင် ဖြင့် ၂–နံပါတ်သစ္စာ ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် နောက်ဒီလိုလုပ်၊ တောင်းချင်ကြလို့ရှိရင်ခင်ဗျားတို့ ဤကဲ့သို့လူ့ရတန်းရပေးကမ်းရတဲ့ကုသိုလ်ကံစေတနာတွေ ကြောင့် ဟုတ်လား၊ ဒုက္ခသစ္စာ အကြိမ်ကြိမ်ခံစားရပါလို၏

http://www.dhammadownload.com



(မှန်ပါ့) တောင်းရဲပါ့မလား၊ (မတောင်းရဲပါ ဘုရား) မတောင်းရဲဘူး၊ (မှန်လှပါဘုရား)။

သူများတကာ လူချမ်းသာ,နတ်ချမ်းသာဆိုတာ ခင်ဗျား တို့ကလဲ မျက်စိက စုံလုံးကန်းဖြစ်နေတော့ ရောလိုက်သွား တယ်၊ (မှန်လှပါဘုရား)။

တောင်တွေးဆွဲတဲ့ ပုဂ္ဂိုလ်က လူချမ်းသာဆိုပြီး ဆွဲသွား တော့ ဒကာ ဒကာမတွေက ရောလိုက်သွားတော့ ၂-နံပါတ် ချောက်ကျတာပေါ့၊ (မှန်လှပါဘုရား) ၂-နံပါတ်ဒုက္ခသစ္စာ ချောက်ထဲ ကျနေပြီ (ကျနေပါပြီဘုရား) ဒကာကြွယ်-အခု ဘယ်ချောက်ထဲ ကျနေသလဲ၊ (၂-နံပါတ် ဒုက္ခသစ္စာချောက် ထဲ ကျနေပါတယ်ဘုရား) အံမာလေး သနားစရာကောင်း လိုက်တာ၊ (မှန်လှပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီချောက်ထဲ ဆင်းမိပါလိမ့်မတုံး လို့ မေးတော့ ၁-နံပါတ်ကို ပြန်ကြည့်၊ (မှန်လှပါ) အဝိဇ္ဇာ သည် ဘာကို မသိတာလဲ ဒကာ ဒကာမတို့၊(သစ္စာလေးပါး မသိတာပါ ဘုရား) ဟောဒီ ဒုက္ခသစ္စာမသိလို့၊ (မှန်လှပါ ဘုရား) ဒီဒုက္ခသစ္စာကို ဒီအဝိဇ္ဇာက သိရဲ့လား၊ (မသိပါ ဘုရား) မသိတော့ ဒုက္ခသစ္စာရောက်လိမ့်မယ်ဆိုတာကို မသိ ပါဘူးတဲ့ ဒီအဝိဇ္ဇာက၊ (မှန်လှပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ပြုတဲ့ ဘုံဘဝတွေ လိုချင်တဲ့ကုသိုလ် စေတနာ သင်္ခါရ ခင်ဗျားတို့ ပြုလိုက်တယ်၊ (ပြုပါတယ် ဘုရား) ဘုံဘဝလိုချင်တဲ့ ကုသိုလ်စေတနာ၊ (မှန်ပါ့) လူ ချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာလိုချင်ကြတဲ့ သင်္ခါရ ပြုလိုက်ပါတယ်၊ (မှန်ပါ့) ပြုလုပ်လိုက်တဲ့ အခါကျတော့

http://www.dhammadownload.com



သေသည်၏ အခြားမဲ့ တဲ့၊ ခင်ဗျားတို့ ဒီ ၂-နံပါတ် ပြန်ရတယ်၊ (ရပါတယ် ဘုရား)။

ဒါဟာ သိလို့ရတာလား၊ မသိလို့ ဒုက္ခသစ္စာရတာလား၊ (မသိလို့ ရတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ တောင်းကတည်းကိုက ဒကာကြွယ်ကြီးတို့ ရမ်းတောင်းတယ်၊ (ရမ်းတောင်းပါတယ် ဘုရား) အဝိဇ္ဇာနဲ့ တောင်းတယ်၊ (မှန်လှပါ ဘုရား) ဦးသောင်းတင် ဘာနဲ့တောင်းသလဲ၊ (အဝိဇ္ဇာနဲ့ တောင်းပါတယ် ဘုရား)။

အဝိဇ္ဇာနဲ့မသိလို့ တစ်ခါတည်းသင်္ခါရအလုပ်ဆိုတဲ့ကုသိုလ်ကို လုပ်လိုက်ပါတယ်၊ (မှန်ပါ့) လူချမ်းသာ, နတ်ချမ်းသာ လိုချင်လို့လုပ်တဲ့ ကုသိုလ်ပေါ့ဗျာ၊ (မှန်လှပါဘုရား)။

အဲဒါတွေလဲ လုပ်လိုက်ပါရော-တဲ့၊ တဏှာနဲ့ ဆုတောင်း၊ ဉပါဒါန်နဲ့ စွဲလမ်း၊ ကာယကံ, ဝစီကံနဲ့ ဘုံဘဝရောက်စေတတ်တဲ့ ကုသိုလ်တွေ လုပ်လိုက်ပါတယ်၊ (မှန်လှပါဘုရား)။

လုပ်လိုက်တဲ့အတွက် တဲ့၊ သေသည်၏ အခြားမဲ့၌ ဒီလိုစပ်သွားပြီ၊ (မှန်ပါ့) ဒီကအကြောင်းနဲ့ ဒီကအကျိုးစပ်ပြီကွတဲ့၊ (မှန်လှပါ) မစပ်သေးဘူးလား၊ (စပ်ပါတယ်ဘုရား)။

သေသည်၏ အခြားမဲ့၌ ဘာသစ္စာ ရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်) ပေါ်ကြပြီ(ပေါ်ပါပြီဘုရား) ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား) ဒကာကြွယ်ရေ—ငွေကုန်လူပန်းတော့ဖြစ်ပြီ၊(မှန်ပါ့)မဖြစ်သေးဘူးလား၊(ဖြစ်ပါပြီဘုရား) အံမာလေး—ကြောက်စရာကြီးပါလား၊ (ကြောက်စရာကြီးပါ ဘုရား)။

http://www.dhammadownload.com



ငွေကုန် လူပန်း ဖြစ်တယ်ဆိုတော့ ဒကာဒကာမတွေက မခံချင်ရင်ရှိရမယ်—တဲ့၊ ဟောဒီနေရာမှာ မသိလို့လူချမ်းသာ, နတ်ချမ်းသာလိုချင်တာနဲ့ သင်္ခါရကုသိုလ် လုပ်လိုက်ပါတယ်၊ (မှန်လှပါဘုရား)။

ဒီတစ်ခါတုန်းက မသိဘဲနဲ့ငွေကုန်ခဲ့တယ်၊(ကုန်ခဲ့ပါတယ် ဘုရား)ဟောဒီ ဒုက္ခသစ္စာ လာရတယ်၊ (မှန်ပါ့) ဒီအကွက် တစ်ကွက်လုံးရတာပဲ၊(မှန်ပါ့)ဒီအကွက် တစ်ကွက်လုံးမရဘူး လား (ရပါတယ်ဘုရား) ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

ဒုက္ခသစ္စာဆိုတော့ ဒီမှာ ငွေကုန်လူပန်းလို့ ဒီမှာဒုက္ခသစ္စာ ရတယ်၊ (ရပါတယ်ဘုရား) ဒီမှာ ငွေကုန်ခဲ့တယ်၊ (မှန်ပါ့) ဒီမှာ လူပန်းတယ်၊(မှန်လှပါ) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

အဲဒီလို ဒကာဒကာမတွေမှာ အရှုပ်ဆိုး အကျည်းတန်လို့ ဆရာကောင်းနဲ့တွေ့ရသေးလို့ တော်—တော်သေးတယ်နော်၊ (မှန်လှပါဘုရား) နို့မို့ရင် ငါးပါးမှောက်ပြီ၊ (မှန်ပါ့) မမှောက်သေးဘူးလား၊ (မှောက်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိ တာ ဘာခေါ်ကြမယ်၊ (အဝိဇ္ဇာ ခေါ်ပါတယ် ဘုရား) ကောင်းပြီ၊ ဒါဖြင့် သစ္စာလေးပါး မသိတာ ဘာခေါ်ကြ မယ်၊ (အဝိဇ္ဇာခေါ်ပါတယ်ဘုရား)။

သစ္စာလေးပါး မသိတော့ သူက သင်္ခါရအလုပ် လုပ်ကွာ၊ လူ့ဘဝရအောင်လုပ်ကွ၊ သင်္ခါရ စေတနာတွေ လုပ်ကွ—လို့

http://www.dhammadownload.com



အဝိဇ္ဇာက မသိတော့ တိုက်တွန်းလိုက်တယ်၊ (မှန်ပါ့) တိုက်တွန်းလိုက်တော့ သင်္ခါရအလုပ်တွေလုပ်တယ်၊ (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်လုပ်တာ၊ (မှန်လှပါ) ဘယ်လို ဆိုကြပါ့မယ်၊ (မသိတဲ့ပုဂ္ဂိုလ်တွေ လုပ်တာပါဘုရား) မသိတဲ့ပုဂ္ဂိုလ်ကဲ့သိုလ်လုပ်တာ၊ (မှန်လှပါဘုရား) သိတဲ့ပုဂ္ဂိုလ် ကုသိုလ်လုပ်ရင် ဘုန်းကြီးတို့က အားပေးတယ်၊ (မှန်လှပါဘုရား)။

မသိတဲ့ပုဂ္ဂိုလ် ကုသိုလ်သင်္ခါရ လုပ်လိုက်တဲ့ အတွက်-တဲ့၊ သင်္ခါရပစ္စယာ ဒီမှာကြည့်လိုက်၊ မသိတာက အဝိဇ္ဇာ၊ ကုသိုလ်ပြုလုပ်တာက သင်္ခါရ၊ (မှန်လှပါဘုရား)။

ဟော—သင်္ခါရပစ္စယာ အလယ်ပိုင်း လာကြည့်လိုက်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပြန်ရတယ်(မှန်ပါ့ဘုရား) အလယ်ပိုင်းမှာမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

အလယ်ပိုင်းမှာတဲ့ ဟောဒီအဝိဇ္ဇာသင်္ခါရ မင်းတို့လုပ်ခဲ့တဲ့အတွက် ဟောဒီ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာကို မင်းတို့ရလာတယ်၊ (မှန်လှပါ) ဒကာကြွယ်....တွေ့လိုက်ကဲ့လား၊ (တွေ့ပါတယ်ဘုရား)။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"လို့ဆက်သွားပြီကွ တဲ့၊ (ဆက်သွားပါပြီဘုရား) မဆက်သေးဘူးလား၊ (ဆက်ပါပြီ) ဒါဖြင့် မသိသောပုဂ္ဂိုလ် ဘုံဘဝ တောင့်တ,လို့ လှူတာ သင်္ခါရ၊ (မှန်ပါ့) မသိတာ (အဝိဇ္ဇာပါဘုရား) အင်း....ဟင်-ဘုံဘဝ တောင့်တပြုလုပ်တာက၊ (သင်္ခါရပါဘုရား)။

http://www.dhammadownload.com



ဩော်....အဝိဇ္ဇာနဲ့သင်္ခါရကြော ဟောဒီဝိညာဏ်,နာမ်ရုပ်
သဠာယတန,ဖဿ,ဝေဒနာ ဒုက္ခသစ္စာ၊(မှန်ပါ့)မပေါ်သေး
ဘူးလား၊(ပေါ်ပါပြီဘုရား)ဒကာကြွယ်—အလယ်ပိုင်းကြည့်
မှနော်၊ (မှန်ပါ့) ဒီနေ့ အလယ်ပိုင်းကို ပြောင်းဟောတာ၊
(မှန်ပါ့ ဘုရား) ဦးသန်းမောင် တွေ့ပလား၊ (တွေ့ပါတယ်
ဘုရား)။

အဝိဇ္ဇာသင်္ခါရ၊အနီကွင်းထဲကပေါ့ဗျာ၊(မှန်လှပါဘုရား)
အဝိဇ္ဇာသင်္ခါရနဲ့ဆက်ပြီးသကာလစပ်ပြီးနေပါပြီတဲ့၊ဝိညာဏ်
နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာနဲ့၊(မှန်လှပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာမသိလို့ဒုက္ခရကြောင်းကုသိုလ်လုပ်တယ်။
(လုပ်ပါတယ်ဘုရား)လုပ်ခြင်းကြောင့်သေသည်၏အခြားမဲ့၌
ဟောဒီခန္ဓာငါးပါး ပြန်ရတယ်၊ (မှန်လှပါဘုရား) သဘော
ကျပလား၊ (ကျပါပြီ) ဒီခန္ဓာငါးပါးဟာ ဘာသစ္စာဆိုတာ
မသိမှာစိုးလို့ ဒုက္ခသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား၊
(ရှင်းပါပြီဘုရား)။

ဘယ်ကာလများအကျိုးပေးမှာတုံးဆိုတော့ ဒီကြည့်လိုက်
(ပစ္စုပ္ပန်) ပစ္စုပ္ပန်အကျိုးတစ်လွှာဆိုတော့ ယခု ပစ္စုပ္ပန်ဘဝ
မှာ ရပါတယ်၊ (မှန်ပါ့ဘုရား) မရဘူးလား (ရပါတယ်
ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ယခု အိုဘေး,နာဘေး,သေဘေး
ကော လွတ်ကြရဲ့လား၊ (မလွတ်ပါဘုရား) ဖြစ်,ပျက် ဘေး
တွေကော (မလွတ်ပါဘုရား) ဘာသစ္စာတွေနဲ့ နေကြရသလဲ၊
(ဒုက္ခသစ္စာနဲ့ နေရပါတယ် ဘုရား) ဒုက္ခသစ္စာနဲ့ချည်း နေကြ
ရတယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဩော်....ဒါဖြင့် ဒို့ဒုက္ခသစ္စာခန္ဓာကြီး အဝိဇ္ဇာ သင်္ခါရက ပြုလုပ်လိုက်တာပဲလို့ သိလိုက်ပါတော့၊ (မှန်လှပါဘုရား) ဒုက္ခသစ္စာခန္ဓာကြီးဘယ်သူပြုလုပ်လိုက်သလဲ၊ (အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သိကြား, ဗြဟ္မာ, ဘုရားလာပြီး ဖန်ဆင်းတဲ့ ခန္ဓာမဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား)ဒကာကြွယ်— အဝိဇ္ဇာ သင်္ခါရကြောင့်ဖြစ်ရတာ(မှန်ပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဘယ်သူ့ကြောင့် ဖြစ်ရပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်ရပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီနေ့ အလယ်တန်းကို ဂရုစိုက်ပြီး ကြည့်ပါ၊ (မှန်လှပါဘုရား) ဒကာ ဒကာမတွေ အခု စိတ် ဝိညာဏ်တွေနဲ့ ခန္ဓာ ရုပ်နာမ်တွေနဲ့ မျက်စိ, နား, နှာခေါင်း တွေနဲ့ ဝေဒနာဖဿတွေနဲ့ နေကြတယ်၊ (မှန်ပါ)။

ဩော်....ဒါ ဘယ်သူဖန်ဆင်းလို့ ပေါ်လာတဲ့ ခန္ဓာပါလိမ့်၊ (အဝိဇ္ဇာ, သင်္ခါရ ဖန်ဆင်းလို့ပါဘုရား) ဒီလို သိလိုက်တော့ ဒကာသစ်တို့,ဦးသန်းမောင်တို့ဩော်–ဘယ်သူမှဖန်ဆင်းတာ မဟုတ်ဘူးဟေ့၊ မသိလို့ပြုလုပ်တာ၊ ပြုလုပ်လို့ ပေါ်လာတာပဲ၊ (မှန်လှပါဘုရား) မသိလို့ပြုလုပ်၊ ပြုလုပ်လို့ ပေါ်လာတာသည် ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ကဲ–မသိတဲ့ပုဂ္ဂိုလ်များ လူတာ,တန်းတာ ဦးသန်းမောင် သိပ်ကြောက်စရာကောင်းတယ်၊ (မှန်လှပါဘုရား)ဘာသစ္စာ ရလာသတုံး၊(ဒုက္ခသစ္စာ ရလာပါတယ်ဘုရား) ဒီအထဲမကျေ နပ်လို့ ဒကာ ဒကာမတွေ မသိတဲ့အထဲမှာ ဆိုးဝါးတာ ပိုလာ သေးတယ်၊ (မှန်လှပါ) ဒကာကြွယ်,...ဘာတဲ့တုံး၊ (ဆိုးဝါး

http://www.dhammadownload.com



တာ ပိုလာပါတယ်ဘုရား) မသိတဲ့အထဲ ဆိုးဝါးတာပိုတယ်၊ (မှန်ပါ့ဘုရား)။

မသိတာက လူဟာ ဒုက္ခသစ္စာ၊ နောက်ရမည့် လူချမ်းသာ ဆိုတာ မဟုတ်ပါဘူး၊ ဒုက္ခသစ္စာပါလို့ မသိတာ၊ (မှန်ပါ့) **မသိတဲ့အထဲအကြိမ်ကြိမ်ဖြစ်ရပါလို့၏တဲ့၊မဆိုးဝါးဘူးလား၊** (ဆိုးဝါးပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့မှာ မသိဆိုးဝါးကြီးကို (အကြိမ်ကြိမ် ဖြစ်ရပါလို့၏) ဒကာကြွယ် ဘယ်နှယ်ပါလိမ့်၊ (မသိဆိုးဝါး ကြီးပါဘုရား) မသိဆိုးဝါးကြီးဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အဲဒါ ဒီတရားမျိုးကို မနာဘူးသေးလို့ ဤကဲ့သို့ ခေါင်း ဆောင်ကောင်းနဲ့လဲ မတွေ့သမျှကာလပတ်လုံး ဒကာကြွယ်- ဒီအဝိုင်းကြီး လှည့်ဦးမှာပဲ၊ (မှန်လှပါဘုရား)မလှည့်ပေဘူး လား၊ (လှည့်ပါတယ်ဘုရား)။

ဒါကြောင့် ဒီဒကာဒကာမတွေ ဒီရက်အတွင်းမှာ သာ မည နေမကောင်း ထိုင်မကောင်းရှိလဲ လာဖြစ်အောင်သာ လာကြ၊(မှန်လှပါဘုရား) မလာရင် ဖြစ်ကို မဖြစ်ဘူး(မှန်လှ ပါဘုရား)။

ကဲ-ဒါဖြင့် ဒကာကြွယ် ကိုယ့်အမှားတော်ပုံ ကြီးခဲ့တာ သိပြီလား၊(သိပါပြီဘုရား)ရှေးဘဝက ဒကာကြွယ် ဘာတွေ လုပ်ခဲ့ပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရ လုပ်ခဲ့ပါတယ်ဘုရား)။

အဝိဇ္ဇာက ဒုက္ခသစ္စာ မသိတာ၊ (မှန်ပါ့) အဝိဇ္ဇာက မသိ တော့ သင်္ခါရက ဒါနကုသိုလ် ပြုလိုက်တယ်၊(မှန်ပါ့) အဲဒါ ပုညာဘိ သင်္ခါရလို့ ခေါ်ပါတယ်၊(မှန်ပါ့ဘုရား) ပုညတော့

ပုညပဲ-တဲ့၊ ပုညဆိုတာ ကုသိုလ်ပဲ-တဲ့၊ သို့သော် သင်္ခါရ—တဲ့၊ ပြုပြင်လိမ့်မယ်—တဲ့၊ (မှန်ပါ့ဘုရား)။

ဘာပြုပြင်မှာတုံးမေးတဲ့အခါကျတော့ ဟောဒီဒုက္ခသစ္စာကို ပြုပြင်မယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) အင်း....ဟင် မသိတဲ့ အဝိဇ္ဇာကြောင့် ကျုပ်တို့က ကုသိုလ်, သင်္ခါရတွေ ပြုလိုက်ပါတယ်၊ပြုလိုက်တော့ အကျိုးတရား ပေါ်မလာဘူးလား၊ (လာပါတယ်ဘုရား)ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)။

ဩော်-ဒါဖြင့် မသိလို့ ခင်ဗျားတို့ သည်ကားလို့ဆိုလို ရှိရင်ဖြင့်—တဲ့၊ ပြုချင်သလို ပြုတာပဲ၊ (မှန်ပါ့) ဒါဖြင့် မသိတာ အဝိဇ္ဇာ၊ ဟိုဘဝ တောင့်တလှူတာက သင်္ခါရ (မှန်ပါ့) ရတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုက္ခသစ္စာ၊(မှန်လှပါဘုရား)ပေါ်ကြပလား၊(ပေါ်ပါပြီဘုရား) ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

အခု အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ဒကာကြွယ် မေးမေး၊ ဦးသန်းမောင်တို့ မေးမေး၊ နောက်က ဒကာ ဒကာမတွေပဲ မေးမေး၊ ဒကာဒကာမတို့ နေလို့ထိုင်လို့ ကောင်းကြရဲ့လား၊ စိတ်ကောင်းကောင်းများ ထားနိုင်ကြရဲ့လား၊သားပူ့,သမီးပူ့,ဆွေပူ့,မျိုးပူများ ကင်းကြရဲ့လား၊ မင်းဘေး, စိုးဘေး, သူခိုးဘေး များကော ခင်ဗျားတို့ ကြောင့်ကြ နေကြရသလားဆို မပြောပါနဲ့ဘုရား၊(မှန်ပါ့) အချို့ဖြင့် တန်းကုန်နေတယ်၊(ကုန်ပါတယ်ဘုရား) ဘာသစ္စာနဲ့နေရသလဲ (ဒုက္ခသစ္စာနဲ့ နေရပါတယ်ဘုရား)။

http://www.dhammadownload.com



ဩြော်-ဒုက္ခသစ္စာနဲ့နေခဲ့ရတာဒကာဒကာမတို့ကမကောင်း အကြောင်းမသင့်လို့ မဆိုပါနဲ့-တဲ့၊ မသိတဲ့ အဝိဇ္ဇာနဲ့ ပြုလုပ်တဲ့ ကုသိုလ်ကြောင့် ဒုက္ခမျိုးစုံ အကျိုးပေးပါတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီဘုရား)။

မသိတဲ့ အဝိဇ္ဇာကြောင့် ပြုလုပ်တဲ့သင်္ခါရတွေ ပြုလိုက်တယ်၊ (မှန်ပါ့) သေသည်၏ အခြားမဲ့၌ ဟောဒါနဲ့ စပ်ပြီး သကာလ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒုက္ခသစ္စာ (မှန်လှပါဘုရား)။

ဩြော်-တပည့်တော်ဘယ်အချိန်ရမှာပါလိမ့်မတုံးဆိုတော့ ယခုဟော့-လို့ ဒီဟာက ပြတယ်၊ (ပြပါတယ် ဘုရား) အခုရထားတဲ့ပစ္စုပ္ပန်အကျိုးတစ်လှာ၊ ဦးသန်းမောင် နောက်မှရတာလား၊ အခုရတာလား၊ (အခုရတာပါဘုရား)။

အခုရထားတာက အကြောင်းလား၊အကျိုးလားလို့မေးတဲ့အခါကျတော့ ဒီမှာ ပစ္စုပ္ပန်အကျိုးကွ-တဲ့၊ (မှန်ပါ့) မပြဘူးလား(ပြပါတယ်ဘုရား)အကြောင်းလား၊အကျိုးလား၊ (အကျိုးပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အကျိုးရှိလို့ရှိရင် အကြောင်းကို လိုက်ရှာတော့အဝိဇ္ဇာသင်္ခါရလာတွေ့တယ်၊(မှန်လှပါဘုရား) ဩြော်—သူတို့ လုပ်လိုက်တာပဲ၊ (မှန်လှပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ ဒါက အတိတ်ဘဝက (မှန်ပါ့)အခု ပစ္စုပ္ပန်ဘဝကျတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊(မှန်ပါ့)မပေါ်သေးဘူးလား၊(ပေါ်ပါပြီဘုရား) ဒါဖြင့် ဒါတွေ ဘာသစ္စာတုံး၊(ဒုက္ခ သစ္စာပါ

ဘုရား)နောက်မှပေါ်သလား၊ ယခုပေါ်နေသလား၊ (ယခုပေါ်နေပါတယ်ဘုရား)။

ယခုပေါ်နေတယ်တဲ့၊ ဒါဖြင့် ခင်ဗျားတို့ သစ္စာ မသိတဲ့ အဝိဇ္ဇာဝိမ်သလို သင်္ခါရက ပြုလုပ်တော့ ဒုက္ခသစ္စာကြီး လှလှ ရလာတယ်၊(မှန်လှပါဘုရား)အဝိဇ္ဇာနဲ့သင်္ခါရ ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။

ယခု ရထားတာကြီးက ဘာသစ္စာတုံး၊ (ဒုက္ခ သစ္စာပါဘုရား)ရှင်းပလား၊(ရှင်းပါပြီ)သူများပြောတာလား၊ ယခု ကိုယ်တိုင် မြင်ရတာလား၊ (ကိုယ်တိုင် မြင်ရတာပါ ဘုရား) ဘုန်းကြီး ရေးထားတာလား၊ဘုရားဟောတာလား၊(ဘုရား ဟောတာပါဘုရား)။

ကဲ-ဒကာကြွယ် ငြင်းစရာမလိုဘူး၊ (မလိုပါဘုရား) လို သေးရဲ့လား၊(မလိုပါဘုရား) ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာ ဆိုတာက သစ္စာလေးပါး မသိတာနော်၊ (မှန်ပါ ဘုရား)၊

ကြည့်စမ်း၊ ဒီ အဝိဇ္ဇာက ဒါ ဒုက္ခသစ္စာလို့ သိရဲ့လား၊ (မသိပါဘုရား)မသိတော့ ခင်ဗျားတို့က လွန်ခဲ့တဲ့ အတိတ် ဘဝကနော်၊(မှန်လှပါ)ကုသိုလ်တရားတွေ မပြုပေဘူးလား၊ (ပြုပါတယ်ဘုရား)ဘယ်ကုသိုလ်ပါလိမ့်၊(သင်္ခါရကုသိုလ်ပါ ဘုရား)။

သင်္ခါရကုသိုလ်၊ (ဝါ) ဘုံဘဝလိုချင်လို့ လုပ်တဲ့ကုသိုလ်၊ (မှန်လှပါ);လူ့ဘဝ နတ်ဘဝ လိုချင်လို့ လုပ်တဲ့ ကုသိုလ်ပေါ့ ဗျာ၊(မှန်လှပါ) ကဲ-ဒါ လူ့ဘဝ နတ်ဘဝပါပဲ-တဲ့၊ ဒကာ

http://www.dhammadownload.com



ဒကာမတို့ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတော့ ခင်ဗျားတို့ပဋိသန္ဓေနေဘေးသင့်ပြီးပြီလား၊(သင့်ပြီးပါပြီ) ဟာ–ဒါဖြင့် ဇာတိဒုက္ခ သင့်ပြီးပြီ၊(သင့်ပြီးပါပြီ)အခုဘယ်ထဲရောက်နေပါလိမ့်၊(ဇရာထဲရောက်နေပါတယ်ဘုရား) ဇရာက ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ရှေ့ဘယ်သွားကြမှာတုံး၊(ဗျာဓိ,မရဏသွားမှာပါဘုရား) ဗျာဓိပိ ဒုက္ခသစ္စံသွားမယ်၊(မှန်ပါ့)ရှေ့ဘယ်သွားကြမှာတုံး၊ (မရဏမ္ပိ ဒုက္ခသစ္စံ သွားကြမှာပါဘုရား)။

ဩော်-ဒကာဒကာမတို့ ဒုက္ခလေးချက် တစ်ဆက်တည်းရတယ်၊ (မှန်ပါ့ဘုရား) ဒုက္ခလေးချက် တစ်ဆက်တည်း (ရပါတယ်ဘုရား)။

တစ်ခါတည်းလို့မသိလို့လူလိုက်တဲ့ကုသိုလ်ကြောင့်ဒီထဲမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ ဇာတိလဲရှိတယ်၊ ဇရာကော၊ (ရှိပါတယ် ဘုရား)ဗျာဓိကော၊( ရှိပါတယ်ဘုရား) မရဏကော၊(ရှိပါတယ်ဘုရား)ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာတွေပဲဆိုတာ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့်ခင်ဗျားတို့ဘယ်လိုဖြစ်နေသတုံးဆိုတော့ လူတစ်ယောက်ကိုလူတစ်ယောက်ကပြောလိုက်တယ်၊မင်းဟာ ကွာ-တဲ့၊ ဟောဒီ ကမ်းပါးကြီးပေါ်က ခုန်ချလို့ရှိရင် အောက်ကျလို့ရှိရင် နတ်သမီးရမယ်လို့ လူတစ်ယောက်က ပြောလိုက်တယ်၊ (မှန်လှပါဘုရား) ထိုနတ်သမီး လိုချင်တဲ့

http://www.dhammadownload.com


ပုဂ္ဂိုလ်က ခုန်ချမှာလား၊ မချဘူးလား၊ (ချမှာပါဘုရား) ချတော့ အရိုးတခြား အသားတခြား၊(ဒုက္ခသစ္စာ)ဖြစ်မယ်၊ (ဖြစ်မှာပါဘုရား)။

ဒီမှာလဲ အဝိဇ္ဇာက မင်း-နတ်သမီး လိုချင်လို့ရှိရင်ဖြင့် ဟောဒီ သင်္ခါရလုပ်၊ (မှန်ပါ့ဘုရား) ဟုတ်လား–ဒီသင်္ခါရ လုပ်လို့ရှိရင်ဖြင့် မင်း-ရပါလိမ့်မယ် ဆိုပြီးသကာလ ခုန်ချခိုင်း လိုက်လို့ ဟောဒီ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒုက္ခသစ္စာ၊ (မှန်ပါ့)။

ခင်ဗျားတို့ နတ်သမီးလိုချင်တော့ နတ်ဖြစ်ချင်တယ်၊ (မှန်လှပါ) လူခင်ပွန်းမတွေ့ တွယ်တာတဲ့စိတ်နဲ့ သေသွားပြန် တော့လဲထို့ အတူပဲ၊ဒုက္ခသစ္စာ၊(မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီ)ဒါဖြင့် အဝိဇ္ဇာသင်္ခါရ ဘာသစ္စာတုံး၊(သမုဒယ သစ္စာပါဘုရား) ယခုရ,ထားတာက၊(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကျုပ်တို့ဖြင့် အမှားအကြောင်း ကြောင့်အမှားအကျိုးတော့ဖြင့် ကိုယ်တိုင်တွေ့နေရပြီ၊ (မှန် ပါဘုရား)ဒကာကြွယ်....ပြောစမ်းပါဦး....ဘာတုံး၊ (အမှား အကြောင်းကြောင့် အမှားအကျိုးတွေ့နေရပါပြီ)။

အမှားအကြောင်းကြောင့် အမှားအကျိုးတော့ဖြင့်ကိုယ် တိုင်တွေ့နေရပါပြီ(မှန်ပါဘုရား)ဒကာကြွယ် နောက်တစ်ခါ အမှားအကြောင်းအမှားအကျိုးများလုပ်ချင်သေးသလား၊ (မလုပ်ချင်ပါဘုရား)ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

တရားပွဲထဲမှာဟုတ်တာနော်-ပြင်ဘက်ကျတော့မဟုတ်ဘူး၊ ခင်ဗျားတို့ သိပ်ကြောက်စရာ ကောင်းတဲ့ လူတွေပဲ၊ သိပ် ကြောက်စရာကောင်းပါတယ်-တဲ့၊သို့သော်လဲ ပြင်ပေးရမယ်

http://www.dhammadownload.com



ဒကာ့ကြွယ်ရေ၊ (မှန်လှပါဘုရား) ပြင်ပေးရမယ်–တဲ့၊မှသိလို့ နောက်ထပ် ပြန်လုပ်တာတွေလဲ ရှိသေးတယ်၊ (ရှိပါတယ် ဘုရား)။

အနာကလေးက ပေါက်ပြီးသားဖြစ်နေတယ်၊ဒါကလေး ဒကာကြွယ်တို့က ဆေးတော့ မကုဘူး၊ ကုတ်ဖဲ့လိုက်ပြန်တယ် ဆိုတော့ အနာတိုးတယ်၊ (တိုးပါတယ်ဘုရား)။

ခုတော့ ဒကာကြွယ်တို့ ဖြစ်စဉ်က အင်း ဟင်ရှေးဘဝက အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာနာကြီး ပေါက်နေတယ်၊ (မှန်လှပါ)နောက်ခန္ဓာကြီး ဆုတောင်းပြန်တော့ ကုတ်ဖဲ့တာ နဲ့ တူနေတယ်၊ (မှန်ပါ့) အနာတိုးတယ်၊ (မှန်ပါ့) မတိုးဘူး လား၊ (တိုးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဤကျောင်း,ဤဘုရား,ဤဆွမ်း, ဤဆွမ်းလှူရတဲ့အတွက်ကြောင့် နောက်ဘဝဖြင့်လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ အကြိမ်ကြိမ် ခံစားရပါလို၏ ဆိုတော့ အခု အနာပေါ်မှာ ထပ်ပြီး ဆင့်လိုက် တာပဲ၊ (မှန်ပါ့) အနာပေါ် အနာဆင့်တယ်၊ (မှန်ပါ့) မဆင့်သေး ဘူးလား၊ (ဆင့်ပါတယ်ဘုရား) သဘောပါကြလား၊ (ပါ ပါတယ်ဘုရား)။

ဒီ ဒကာ ဒကာမတွေ ခင်ဗျားတို့ အင်မတန် ကံကောင်း အကြောင်းသင့်ပြီးသကာလ ကလျာဏမိတ္တဆိုတဲ့ ဆရာ ကောင်းနဲ့တွေ့တယ်၊ ခင်ဗျားတို့ ကြိုက်တာ မကြိုက်တာ အပ, ထား၊ ဒီဟာနှစ်ခု ဒီဟာကြောင့် ဒါဖြစ်တယ်ဆိုတာတော့ ယုံပလား၊ (ယုံပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အတိတ်

http://www.dhammadownload.com



အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်တယ်၊(မှန်ပါဘုရား) ဟောဒီ အတိတ်အကြောင်းကြောင့် ဟောဒီ ပစ္စုပ္ပန်အကျိုး မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

ပစ္စုပ္ပန်အကျိုးထဲမှာ ဒကာကြွယ်မဆော့နဲ့တော့၊ ငြိမ်ငြိမ် နေမှ၊(မှန်ပါ)ပစ္စုပ္ပန်အကျိုးထဲနေတုန်း(မဆော့နဲ့၊ ငြိမ်ငြိမ် နေပါဘုရား)။

ဆော့ပြန်လို့ရှိရင်ဖြင့် ဒီဟာတွေ ပြန်လာဦးမယ်၊ (မှန်ပါ ဘုရား) အဝိဇ္ဇာ သင်္ခါရတွေမလာပေဘူးလား၊ (လာပါတယ် ဘုရား) လာလို့ရှိရင် ဒီ ဒုက္ခသစ္စာအကျိုး ပြန်ရလိမ့်မယ်၊ (မှန်ပါ) အဲ–မဇ္ဈိမပဋိပဒါ အလယ်လမ်းဖြစ်တဲ့ ဥစ္စာလိုက်ရ လိမ့်မယ်၊ (လိုက်ရပါမယ်ဘုရား)။

ကိုင်းဒါဖြင့် လူတစ်ယောက်ကို တစ်ယောက်သော ပုဂ္ဂိုလ် က မင်း–ဟောဒီကမ်းပါးပြတ်ပေါ်က ခုန်ချပါ၊ အောက် ကျရင် နတ်သမီးရမယ်လို့ ပြောလိုက်တော့ ဒကာ ဒကာမ တွေ လူမိုက်ဆိုတော့ ခုန်ချတယ်၊ (မှန်ပါ)။

ခုန်ချတဲ့အခါကျလို့ရှိရင်ဖြင့်-တဲ့၊ အဝိဇ္ဇာသင်္ခါရက ခုန်ချ လိုက်တော့ တစ်ခါတည်းဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ ပြန်ရတယ်၊ (ပြန်ရပါတယ် ဘုရား) နတ်သမီးရသလား၊ ဒုက္ခသစ္စာရသလား၊ (ဒုက္ခ သစ္စာရပါတယ် ဘုရား)။

မသိလို့ ခုန်ချလိုက်တယ်၊ (မှန်ပါ) ခုန်ချလိုက်ပြီး ဒုက္ခ ရောက်တယ်၊ (မှန်ပါ) မသိတာက အဝိဇ္ဇာ၊ ခုန်ချတာက– (သင်္ခါရပါဘုရား) ရတာက(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာ ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း—အခု ဘယ်ထဲနေကြသတုံး၊ (ဒုက္ခသစ္စာထဲ နေပါတယ်ဘုရား) ၂-နံပါတ် ဒုက္ခသစ္စာထဲနေကြတယ်၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာသည် အခု ကုသိုလ်သင်္ခါရသာ သူမသိသည်မဟုတ်သေးပါဘူးတဲ့၊ အဝိဇ္ဇာသည် ဒကာ ဒကာမတို့ ဒုက္ခသစ္စာကိုသာ သူမသိတာမဟုတ်သေးပါဘူး၊ သမုဒယသစ္စာလဲမသိဘူး၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာသည် သမုဒယသစ္စာလဲ (သူမသိပါဘုရား)။

သမုဒယသစ္စာလဲ သူမသိသောကြောင့် ဟောဒီမှာ ဒကာ ဒကာမတို့ တဏှာ, ဥပါဒါန်နဲ့ ဆုတောင်းကွ-တဲ့၊ (မှန်ပါ့ဘုရား)မတောင်းကြဘူးလား၊ (တောင်းပါတယ်ဘုရား)။

တောင်းတော့ သမုဒယ သစ္စာကလဲ ဒကာ ဒကာမတို့ ဆုတောင်းလိုက်တဲ့ အခါကျတော့ ဒုတိယဘဝပဲ ပြန်ရတယ်၊ (မှန်ပါ့ဘုရား) ရတော့ ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာသည် ဒုက္ခသစ္စာလဲ မသိ၊ သမုဒယသစ္စာလဲ မသိ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) အင်း-ဟင်—အဝိဇ္ဇာသည် နိရောဓသစ္စာလဲ မသိဘူး၊ (မှန်ပါ့ဘုရား) သိသေးရဲ့လား၊ (မသိပါဘုရား) မသိသို့ပေါ့၊ အဝိဇ္ဇာသင်္ခါရက ဒုက္ခသစ္စာ လုပ်ထားတယ်၊ (မှန်ပါ့ဘုရား) နိရောဓသစ္စာကိုကော သိသေးရဲ့လား၊ (မသိပါဘုရား)။

လူချမ်းသာကို ခင်ဗျားတို့က နိရောဓသစ္စာ ထင်နေတယ်၊ (မှန်ပါ) နတ်ချမ်းသာကို (နိရောဓသစ္စာ ထင်နေပါတယ်)၊ ဗြဟ္မာချမ်းသာကို (နိရောဓသစ္စာ ထင်နေပါတယ်)။

http://www.dhammadownload.com



နိရောဓသစ္စာနိဗ္ဗာန်လို့ ဒီထက် ချမ်းသာတာက မရှိဘူးလို့ ခင်ဗျားတို့ထင်နေတယ်၊ အဲဒါ အဝိဇ္ဇာကတရားဟောထားလို့ ခင်ဗျားတို့ လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာဖြစ်နေတာ(မှန်ပါ့)စင်စစ်တော့ ဘာသစ္စာလဲ(ဒုက္ခသစ္စာပါဘုရား)

အဲ—ဒါဖြင့် အဝိဇ္ဇာသည် နိဗ္ဗာန်လဲ မသိဘူးဆိုတာ ပေါ်သွားပြီ၊ (ပေါ်သွားပါပြီဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) အဝိဇ္ဇာသည်–တဲ့ မဂ္ဂသစ္စာလဲ မသိဘူး၊ (မှန်ပါ့ဘုရား)။

မဂ္ဂသစ္စာ မသိတော့ ဒကာ ဒကာမတို့–တဲ့၊ ဩော်...။ ဒီကုသိုလ်လုပ်လို့ရှိရင်ဖြင့် ဘုံဘဝကို တောင့်တတဲ့ ကုသိုလ်လုပ်လို့ရှိရင်ဖြင့် နေရာကျမှာမဲ၊ နိဗ္ဗာန် ရောက်မှာပဲ ဆိုပြီး သကာလသူ့ အထင်နဲ့သူလုပ်လိုက်တော့ ဒကာ ဒကာမတို့ သူ့ ဒါနစေတနာနဲ့ ဘုံဘဝ တောင့်တလုပ်လိုက်တော့ မဂ္ဂသစ္စာလို့ သူပြုတဲ့ကုသိုလ်ကို နိဗ္ဗာန်ရောက်ကြောင်းလို့ ထင်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

ထင်သာထင်တယ် အကျိုးပေးလာတော့ သင်္ခါရကုသိုလ် လုပ်လိုက်တော့ ဒုက္ခသစ္စာပဲပြန်ရတယ်၊(မှန်ပါ့)ပေါ်ပလား၊ (ပေါ်ပါပြီ) ဒါဖြင့် အဝိဇ္ဇာသည် သစ္စာ ဘယ်နှစ်ချက် မသိပါလိမ့်၊ (သစ္စာလေးချက်လုံး မသိပါဘုရား)။

ဒကာကြွယ်....အဝိဇ္ဇာက အုပ်ချုပ်နေလို့ရှိရင်ဖြင့် သစ္စာလေးချက် မသိတော့ကို ဒုက္ခသစ္စာချည်းပြန်ရမယ်၊(ရပါမယ်ဘုရား) တခြား ဘာရစရာရှိသတုံး၊ (မရှိပါဘုရား) ဘာသစ္စာပဲ ရသလဲ၊ (ဒုက္ခသစ္စာပဲ ရပါတယ်) ဒုက္ခသစ္စာပဲ ရမယ်ဆိုတာ ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါက လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ ပြောပါတယ်၊ (မှန်လှပါ) ဒီ-အဝိဇ္ဇာဟာ–တဲ့ ဒကာ ဒကာမတို့ ဒုက္ခသစ္စာမသိတဲ့ အဝိဇ္ဇာဖြစ်လေသောကြောင့် သားရေး, သမီးရေး, စီးပွားရေးကြောင့် တံငါ မုဆိုး လိမ်လည်ကောက်ကျစ်၍ပေးတာကအပုညာဘိသင်္ခါရ(မှန်ပါ့ဘုရား)

သင်္ခါရပစ္စယာ ဝိညာဏံ နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ အပါယ်လေးပါး ခန္ဓာကြီးလဲ ပေါ်လာတယ်၊ (မှန်ပါ့ဘုရား) ဒါ-လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ မဟုတ်ဘူး၊ (မှန်ပါ့) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သားရေး, သမီးရေး,စီးပွားရေးကြောင့် လိမ်လည်ကောက်ကျစ် ကျွေးမွေးကြတယ်၊ (မှန်ပါ့ဘုရား)

ကျွေးကြတဲ့အတွက် ဒကာ ဒကာမတို့ စုတေမနေ သေလွန်တော့ ဟောဒီ လာကပ်ပါတယ်၊ (ကပ်ပါတယ်ဘုရား) အပါယ်လေးပါးခန္ဓာကြီးပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား)အဲဒါက အကုသိုလ်သင်္ခါရကြောင့်၊(မှန်လှပါဘုရား) ခုနက အဝိဇ္ဇာပစ္စယာ အကုသိုလ်သင်္ခါရာ၊(မှန်လှပါဘုရား)။

ကဲ....တစ်ခါ ကုသိုလ်သင်္ခါရကြောင့် ဒါတွေ လူတွေ နတ်တွေ ဗြဟ္မာတွေ ဖြစ်လာတယ်၊ (မှန်ပါ့) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) ဟော....အဝိဇ္ဇာ မသိပြန်ဘူး၊ သစ္စာလေးပါး မသိတော့ကိုတဲ့၊ မသိတဲ့ပုဂ္ဂိုလ်မို့ သားရေး,သမီးရေး, စီးပွားရေး လိမ်လည် ကောက်ကျစ်ပြီး သကာလ ရောင်းကြ,ဝယ်ကြ ကျွေးကြတဲ့အခါကျတော့ကို-တဲ့၊အဝိဇ္ဇာပစ္စယာ အကုသိုလ်သင်္ခါရာ၊(မှန်လှပါဘုရား)သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)။

အဲဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ လူလား,တိရစ္ဆာန်လား,ပြိတ္တာလား,အသူရကာယ်လား အကဲခတ်စမ်း၊(အပါယ်ပါဘုရား) အပါယ်လေးပါး မပြဘူးလား၊ (ပြပါတယ်ဘုရား)။

ဒါ့ကြောင့် အပါယ်လေးပါးခန္ဓာလား၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟာ၊ (မှန်ပါ့ဘုရား) ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား) ဒါဖြင့် ဓိသင်္ခါရ ဘယ်နှစ်မျိုး ရှိသတုံး၊ (နှစ်မျိုး ရှိပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ ကုသိုလ်သင်္ခါရတစ်မျိုး၊(မှန်ပါ့)အဝိဇ္ဇာပစ္စယာ အကုသိုလ် သင်္ခါရ၊ (တစ်မျိုးပါဘုရား)

အဲဒီနှစ်မျိုး လုပ်ချင်တာလုပ်၊ ဒီ-ဒုက္ခသစ္စာပဲ ရတယ်၊ (မှန်လှပါဘုရား) ဒကာကြွယ်ရေ....သဘောပါပလား၊ (ပါပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ ကုသိုလ်သင်္ခါရ တစ်မျိုး၊ (မှန်ပါ့) သူကလဲဘာရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ အကုသိုလ်သင်္ခါရဆိုရင်ကော ဒါပဲရမှာပဲ၊ (မှန်လှပါဘုရား) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် အဝိဇ္ဇာ မသိလို့လုပ်တဲ့ ကုသိုလ်ဟာလဲ ဒုက္ခသစ္စာမဲ ရပါတယ်၊ (မှန်လှပါ)သဘောကျပလား၊(ကျပါပြီ)မသိလို့ အကုသိုလ် ပြုတာလဲ၊ (ဒုက္ခသစ္စာပဲ ရပါတယ်ဘုရား)။

ဒုက္ခသစ္စာပဲ ရပါတယ် ဆိုတော့ ဒီနေရာမှာ အချို့ ပြောကြတယ်ဟော့၊ ကျောင်းဒကာ ဘုရားဒကာနဲ့ နွားသတ်နေတဲ့လူနဲ့ အတူတူပဲဆိုတာ ဒီအခန်းဝင်လို့ ပြောတာ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဘာဖြစ်လို့တုံးဆို ကျောင်းဒကာကလဲ့ သူ ဒီသင်္ခါရပြုပြီး သကာလ ကုသိုလ်သင်္ခါရ နောက်ဘဝလိုချင်လို့ ကုသိုလ်ပြု တော့ ဒုက္ခသစ္စာပဲရတယ်၊ (ရပါတယ်ဘုရား) နွားသတ်တဲ့ လူကလဲ အဝိဇ္ဇာကြောင့်အကုသိုလ်သင်္ခါရပြုတော့ ဘာသစ္စာ ရသလဲ၊ (ဒုက္ခသစ္စာပဲ ရပါတယ်ဘုရား) သစ္စာမှာ သွားတူ တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) ဘာမှာ သွားတူ သလဲ၊ (သစ္စာမှာ သွားတူပါတယ်ဘုရား)။

ဒါ့ကြောင့် နွားသထ်တဲ့ ပုဂ္ဂိုလ်နဲ့ ကျောင်းဒကာ ဘုရား ဒကာနဲ့ ဘုံဘဝ တောင့်တလုပ်ရင် ဒကာကြွယ်....မထူးပါ ဘူးဆိုတဲ့ စကားကော ဒီသစ္စာမှာသွားတူလို့ ပြောတာ၊(မှန် လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သို့သော် တကယ်မထူးတာလားလို့ မေးတော့ သစ္စာနဲ့ တော့ မထူးပါဘူးတဲ့၊ သူကတော့ ဒကာ ဒကာမတို့ အပါယ် လေးပါး ဒုက္ခသစ္စာ၊ (မှန်လှပါ) ကျောင်းဒကာ ဘုရား ဒကာကတော့ သုဂတိသို့ရောက်တဲ့ ဒုက္ခသစ္စာ၊ (မှန်လှပါ ဘုရား) ဒီလိုတော့ အများကြီး ကွာခြားပါတယ်၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) သစ္စာပေါင်းလိုက်ရင်တော့ မထူး ပါဘူး၊(မှန်လှပါဘုရား) ကျောင်းဒကာ ဘုရားဒကာကလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဘုံဘဝသာ တောင့်တလုပ်၊ ဒုက္ခသစ္စာပဲဟ— နွားသတ် နေတဲ့ လူကလဲ ဒကာ ဒကာမတို့ မတောင့်တဘဲနေလဲ ဘာ သစ္စာရသတုံး၊ (ဒုက္ခသစ္စာပဲရပါတယ်)ပေါ်ပလား၊ (ပေါ် ပါပြီဘုရား)။

**သို့သော်လဲ့ ဒကာကြွယ်တို့....ဒီလိုမှတ်လိုက်ပါ၊ ကျောင်း**

http://www.dhammadownload.com



ဒကာ ဘုရားဒကာက ဘုံဘဝတောင့်တပြီး လုပ်လို့ရှိရင်ဖြင့် သုဂတိ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား)။

သားရေး, သမီးရေး, စီးပွားရေးနဲ့ နွားသတ်၊ ကျွဲသတ် ပြီးသကာလ တံငါလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာကြောင့် အပါယ်လေးပါး ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသူရကာယ် ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

သစ္စာမှာ တူငြားသော်လဲ သုဂတိ ဒုဂ္ဂတိ ခွဲလိုက်ပါဦး၊ (မှန်ပါဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီ) သစ္စာကျတော့၊ (တူပါတယ်ဘုရား)သုဂတိ ဒုဂ္ဂတိကျတော့၊ (မတူပါဘုရား) သဘောကျပလား (ကျပါပြီ)။

သို့သော် သစ္စာက မုန်းဝင်ဖြစ်နေတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဒုက္ခသစ္စာရရင် ဘယ်ဟာမှ မကောင်းဘူးလို့မှတ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒုက္ခသစ္စာသာ ရမယ်ဆိုရင်၊ (ဘယ်ဟာမှ မကောင်းပါဘုရား) ဘယ်ဟာမှ မကောင်းဘူးဆိုတာ ကျေနပ်ပလား၊ (ကျေနပ်ပါပြီ)။

ကိုင်း.... ဒါဖြင့် ဘယ်ဟာမှ မကောင်းဘူး ဆိုတာက အကြောင်းကို ပြန်ကြည့်လိုက်တော့ အဝိဇ္ဇာသင်္ခါရကြောင့် သွားပြီးဖြစ်နေတယ်၊ (မှန်လှပါ) အဝိဇ္ဇာ သင်္ခါရကြောင့် ကျောင်းဒကာ ဘုရားဒကာကလဲ သုဂတိ ဒုက္ခသစ္စာ၊(မှန်လှပါဘုရား) တံငါမုဆိုးကလဲ အဝိဇ္ဇာ သင်္ခါရကြောင့် ဟုတ်လား–ဒုဂ္ဂတိ အပါယ်လေးပါး ဒုက္ခသစ္စာ၊ (မှန်ပါဘုရား) သစ္စာမှာတူတယ် သုဂတိ ဒုဂ္ဂတိမှာကော၊(ကွဲပါတယ်ဘုရား)

http://www.dhammadownload.com



ဒါဖြင့် ဒကာကြွယ်....ဘယ်ဟာ ကြိုက်သလဲ၊ သုဂတိဒုက္ခသစ္စာ ကြိုက်သလား၊ ဒုဂ္ဂတိ ဒုက္ခသစ္စာကြိုက်သလား၊ (ဘယ်ဟာမှ မကြိုက်ပါဘုရား) ဟု...ရိုးရိုးပြော ရိုးရိုးပြော၊ ဒကာကြွယ်....ရိုးရိုးပြောမှ၊ (မှန်ပါဘုရား)။

သုဂတိ ဒုက္ခသစ္စာကြိုက်သလား ဒကာဒကာမတို့၊ ဒုဂ္ဂတိ ဒုက္ခသစ္စာကြိုက်သလား၊ (ဘယ်ဟာမှမကြိုက်ပါဘုရား)သစ္စာကျတော့တူသွားတယ်၊ဒါ့ကြောင့် ဒီတရားမျိုး မနာရလို့ရှိရင် ခင်ဗျားတို့ တစ်ခုကြိုက်ဖြစ်မယ်၊ (မှန်ပါဘုရား)။

ဒီတရားမျိုးကို သေသေချာချာနာရတော့ ဒုက္ခသစ္စာချင်း အတူတူဖြစ်နေတယ်၊ ဘယ်ဒုက္ခမှမကြိုက်ဘူး၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ပွဲကိုင်းတွေ ဘာတွေစားပြီး ဝမ်းလျှောသေတာနဲ့ ဟုတ်လား ဒကာကြွယ်၊ (မှန်ပါ) ဒီပြင် သရက်သီးမျိုးကောင်းတွေစားပြီး ဝမ်းလျှောသေတာနဲ့ ဒကာကြွယ်.... ဘယ်ဟာနဲ့လျှော သေချင်သတုံး၊ (ဘယ်ဟာနဲ့မှ မသေချင်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဝမ်းလျှောသေတာချည်းပဲ ထူးသေးရဲ့လား၊ (မထူးပါဘုရား)။

အဲဒီလို ဝမ်းလျှောသေတာချည်းပဲဆိုတော့ ဘာရသလဲ၊ လူခန္ဓာလဲ ဒုက္ခသစ္စာပဲ၊ (မှန်ပါ) တိရစ္ဆာန်ခန္ဓာတွေကော၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာကြွယ်-ဘယ်ဝမ်းမှမလျှောချင်ပါနဲ့၊ (မှန်ပါဘုရား)ဝမ်းလျှောသေရတာဒုက္ခချည်းပဲ၊သဘောကျပလား၊ (ကျပါပြီ) သုဂတိ ဝမ်းလျှောချင်သလား၊ (မလျှောချင်ပါဘုရား)ဒုဂ္ဂတိ ဝမ်းလျှောချင်သလား၊(မလျှောချင်ပါဘုရား)

http://www.dhammadownload.com



မလျှောချင်ဘူးဆိုလို့ရှိရင်ဖြင့်–တဲ့၊ ဒါ–မြင်လို့ ရပါတယ်' (မှန်လှပါဘုရား)။

ကဲ-ဒကာသစ်တို့၊ ဦးသန်းမောင်တို့ လူ့ ဘဝလဲဒုက္ခသစ္စာ၊ တိရစ္ဆာန်ဘဝကော၊ (ဒုက္ခသစ္စာပါဘုရား)ဘာဖြစ်လို့ ဒီနှစ်ခု တူရပါလိမ့်မတုံး၊ ဟောဒီအဝိဇ္ဇာ သင်္ခါရက လာတူတယ်၊ (မှန်လှပါဘုရား) အကြောင်းက (လာတူပါတယ် ဘုရား) အကြောင်းကလာတူတော့ အကျိုးကျတော့ကော သစ္စာက (တူပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေသည်လွန်လေပြီးသောအတိတ် ကာလ အတိတ်အကြောင်း တစ်လွှာ သမုဒယသစ္စာ လုပ်ခဲ့တဲ့ အတွက် ဒကာ ဒကာမတို့ ယခုပစ္စုပ္ပန်ကာလမှာအကျိုးဖြစ်တဲ့ သစ္စာကြီးနဲ့ ဆက်စပ်ပါပြီ၊ (မှန်လှပါ)။

ဘယ်သူများ ဖန်ဆင်းသတုံး၊ (ဘယ်သူမှ မဖန်ဆင်းပါ ဘုရား) အဝိဇ္ဇာသင်္ခါရက ပြုလုပ်တာပဲ ရှိတယ်၊ (မှန်ပါ့ ဘုရား) သိကြား, ဗြဟ္မာ, ဘုရားကလာပြီး ဖန်ဆင်းလို့ ဒုက္ခ သစ္စာကြီး ရတာလား၊ (မဟုတ်ပါဘုရား) မဟုတ်ပါဘူး-တဲ့၊ အဝိဇ္ဇာသင်္ခါရကြောင့်ပါ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ တခြား ဘာသာတွေ ဒီအကြောင်းနှစ်ခု နား မလည်တဲ့အတွက် သူတို့ကို ထာဝရဘုရား လုပ်ထားတယ်လို့ ယူနေကြတယ်(မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီ)။

သူတို့က ထာဝရဘုရား လုပ်ထားတယ်-တဲ့၊ စင်စစ် ဗုဒ္ဓ ဘာသာမျက်လုံးနဲ့ကြည့်တော့မသိလို့ လူဒါန်းလို့ ဟောဒီ ဒုက္ခ သစ္စာရတယ်၊ (မှန်ပါ့ဘုရား) မသိလို့ အကုသိုလ် လုပ်သော ကြောင့် ဒီဒုက္ခသစ္စာရတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကျုပ်တို့ ခင်ဗျားတို့ဉာဏ်ထဲမှာတော့ ရှင်းတယ်၊ အဝိဇ္ဇာ သင်္ခါရလာတာပဲ၊(မှန်ပါ) ကျုပ်တို့ ခန္ဓာဖြစ်ကြောင်း ဟူသ ရွေ ဘယ်သူကြောင့်ပါလိမ့်၊ (အဝိဇ္ဇာသင်္ခါရကြောင့်ပါ ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဒါဖြင့် ဟုတ်တယ်မဟုတ်တယ် ခင်ဗျားတို့စဉ်းစားကြည့်၊ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်မှာ ဒီသင်္ခါရကပြုတယ်၊(ပြုပါတယ်ဘုရား) ဒကာကြွယ် အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်မှာ(သင်္ခါရပြုပါတယ်ဘုရား)

သင်္ခါရလဲ ဘုံဘဝတောင့်တတဲ့ ကုသိုလ်ကိုလဲ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်မှပြုတယ်၊ (မှန်လှပါဘုရား) မယုံရင်စဉ်းစား၊အဝိဇ္ဇာ က ဟောဒီဒုက္ခသစ္စာ မသိဘူးဗျ၊ (မှန်လှပါဘုရား)။

ဒုက္ခသစ္စာ မသိတော့ သူ ကုသိုလ်ကို ပြုတော့ ပြုတာပဲ၊ သို့သော်လဲ လူ့ဘဝနတ်ဘဝ ရ,ရပါလို၏ဆိုတော့ ဒုက္ခသစ္စာ မသိလို့ လူ့ဘဝနတ်ဘဝကို ဒုက္ခသစ္စာလို့မသိတာ အဝိဇ္ဇာ၊ (မှန်ပါဘုရား) ပြုလုပ်တာက (သင်္ခါရပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ အဝိဇ္ဇာ သင်္ခါရ ပြုလုပ်လိုက်လို့ရှိရင် ဒကာကြွယ်.... ဒုက္ခသစ္စာ ရှုန်းနိုင်သေးရဲ့လား ၊ (မရှုန်းနိုင်ပါဘုရား)လက်ခံ ရမယ်ဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား) အခု ကိုယ်တိုင်ကော ရမထားဘူးလား၊ (ရထားပါတယ် ဘုရား) ပေါ်ကြပြီနော်၊ (ပေါ်ပါပြီဘုရား)။

ကဲ....တစ်ခါ တခြားသော ဘာသာများတဲ့၊ ငါလုပ်လို့ ဘာမှ အပြစ်မရှိဘူး–အစရှိသည်ဖြင့် ဟောဒီ ဒုက္ခသစ္စာ မသိတာနဲ့ အကုသိုလ် အလုပ်တွေ အကုသိုလ် သင်္ခါရတွေ မလုပ်ပေဘူးလား၊ (လုပ်ကြပါတယ်ဘုရား)။

http://www.dhammadownload.com



လုပ်တော့ ဒီသစ္စာတွေ ဒုတိယဘဝမှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ အပါယ်လေးပါးခန္ဓာပေါ် ထိုက်-မပေါ်ထိုက်၊(ပေါ်ထိုက်ပါတယ်ဘုရား) ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ) ဒါဖြင့် မသိလို့ပြုလုပ်တဲ့ဒုက္ခသစ္စာပဲ၊ (မှန်ပါ့) မသိလို့ပြုလုပ်တာဟူသရွေ့ဖြင့် (ဒုက္ခသစ္စာပါဘုရား)။

မသိလို့လုပ်တဲ့ကုသိုလ်ကလဲ ဒုက္ခသစ္စာ အကျိုးပေးတယ်၊ (မှန်ပါ့) မသိလို့လုပ်တဲ့ အကုသိုလ်လဲ (ဒုက္ခသစ္စာပဲ အကျိုးပေးပါတယ်) ဒကာကြွယ် ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဩော်....ဒါဖြင့် ကြောက်စရာကုသိုလ်လဲ ရှိသေးတယ်၊ (ရှိပါတယ်ဘုရား)။

အကုသိုလ်ကိုသာ ကြောက်ရမယ်မဟုတ်ဘူး၊ ဒီကုသိုလ်လဲ (ကြောက်ရပါမယ်ဘုရား)မသိလို့လုပ်တဲ့ကုသိုလ်လဲကြောက်ရမှာပဲ၊ (မှန်ပါ) ပေါ်ကြပလား၊ (ပေါ်ပါပြီ)။

ဒါ့ကြောင့် ဦးသန်းမောင်တို့ ပြောရတယ်၊နေစမ်းပါဦး၊ မလှုပါနဲ့ဦး၊သိပြီးမှလုပ်ပါ၊(မှန်ပါ့)ပြောထိုက် မပြောထိုက်၊ (ပြောထိုက်ပါတယ်ဘုရား)ဒီဒုက္ခသစ္စာရောက်သွားမှာစိုးလို့၊ (မှန်လှပါဘုရား) ၂-နံပါတ် ရောက်သွားမှာ စိုးလို့၊ အကြီးအကျယ်ပဲ ဒကာသစ် ဆုံးမရပါတယ်၊ (မှန်လှပါ) ဒကာကြွယ်....ကျေနပ်ပလား၊ (ကျေနပ်ပါပြီ)။

ကောင်းပြီ၊ဒါက အခုလောကီအတွက်မှာ ပြီးသွားတော့ ကိုမသိတဲ့ပုဂ္ဂိုလ်ဈာန်သမာပတ်တွေအားထုတ်တယ် (မှန်ပါ့) ဟောဒီမှာ ဗြဟ္မာတွေဖြစ်တယ်၊ (မှန်ပါ့)ဗြဟ္မာခန္ဓာငါးပါး လာတယ်၊ (မှန်လှပါဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ

http://www.dhammadownload.com



ဘုရား) ဈာန်လမ်းဟာလဲ ဒုက္ခသစ္စာပဲ ဖြစ်တယ်၊ (မှန်လှပါ ဘုရား)။

ဒီဖြဟ္မာတွေဟာ အင်မတန်ချမ်းသာတယ် ထင်လိုက်တယ်၊ (မှန်လှပါ) မသိလို့ပေါ့ဗျာ၊ (မှန်လှပါ) မသိတော့ ဈာန် သင်္ခါရတွေကြိုးစားတော့ သမထအလုပ်တွေ မလုပ်ပေဘူး လား၊ (လုပ်ပါတယ်ဘုရား)။

လုပ်တော့ သေသည်၏ အခြားမဲ့၌ သမထက အကျိုးပေး လိုက်တော့ ခန္ဓာငါးပါး ပြန်ရတယ်၊ (ပြန်ရပါတယ်ဘုရား) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် အာနဉ္ဇာဘိ သင်္ခါရဆိုပြီး စာမှာဟောပြန် တယ် ဒကာကြွယ်ရေ(မှန်လှပါဘုရား)ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာသည် ပုညာဘိသင်္ခါရလဲ ရှိတယ်၊ (မှန်ပါ့ဘုရား) ကုသိုလ်သင်္ခါရလဲ ရှိတယ်၊ (မှန်ပါ့)။

ဒုက္ခသစ္စာမှ ကျွတ်လိုလို့ လှူပါတယ်ဘုရားဆိုတော့ ဒကာ ဒကာမတွေ နိဗ္ဗာန်အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား) ဒုတိယ အကွက် လာသေးသလား—တဲ့၊ နိဗ္ဗာန်ပဲ လာတော့တယ်၊ (မှန်ပါ့ဘုရား)ဒါက ဒုက္ခသစ္စာသိတဲ့ပုဂ္ဂိုလ်ပေါ့၊ ဒုက္ခသစ္စာ လဲ မတိုးဘူး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ပြုလုပ်တုန်းကလည်း ဒုက္ခသစ္စာသိပြီး လုပ်မယ်ဆိုလို့ရှိရင် ဒုက္ခသစ္စာမှ လွတ်ချင်လို့ လှူပါတယ် တန်းပါတယ် ဘုရား ဆိုတော့ဒုတိယဒုက္ခသစ္စာလာသေးရဲ့လား(မလာပါဘုရား)။

ဘာပြုလို့တုံး — လှူတုန်း ကတည်းက ဒုက္ခ သစ္စာကို ကြောက်ပြီးလုပ်လို့၊ (မှန်လှပါဘုရား) ဒုက္ခသစ္စာ ရသေးရဲ့ လား၊ (မရပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒုက္ခသစ္စာ သူမရလို့ရှိရင် ဒုက္ခချုပ်တာသာ သူ ရမယ်၊ (မှန်လှပါဘုရား) ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)နိဗ္ဗာန်ပဲဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ လှူနည်း,တန်းနည်း, ပေးနည်း, ကမ်းနည်းမှာလဲ ဆရာကောင်း, သမားကောင်း လမ်းမှန်မပြ လို့ရှိရင်ဖြင့် ဒကာကြွယ် လိုတာပဲ၊ (လိုပါတယ်ဘုရား) အား လုံး ဒကာဒကာမတွေ ယနေ့ပြောတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အင်မတန် ကြောက်စရာကောင်းတဲ့ အနေပဲဆိုတာလဲ ကောင်းကောင်း ရှင်းကြပါပြီ၊ (ရှင်းပါပြီဘုရား) ဒါဖြင့် ဒီလို လုပ်ကြစို့၊ ယခု ဒကာဒကာမတွေ ၁-အကြောင်းကို အားထုတ်လို့ ၂- အကျိုးရတယ်၊ (မှန်လှပါ)။

ဒီ ၁-အကြောင်းကို နောက်ထပ် အားထုတ်ဦးမယ်ဆိုလို့ ရှိရင်ဖြင့် ဒကာဒကာမတို့.... ယခု ရ,ထားတဲ့ ခန္ဓာထဲက ဒီအဝိဇ္ဇာတွေ,တဏှာတွေ,ဘဝတွေ, ပြန်လုပ်ကြဦးမယ်ဆိုရင် ဒီအနာဂတ်ဘဝ ရဦးမှာပဲ၊ မရပေဘူးလား၊ (ရပါတယ် ဘုရား)။

ဒကာကြွယ် ၃–သာ ထပ်လုပ်ရင်တော့ ၄-ပြန်ရမယ်၊ (ပြန်ရပါမယ်ဘုရား)၃-သာ ထပ်လုပ်ရင်၊ (၄-ပြန်ရပါမယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ၃-က ဘယ်ထဲက ပေါက်ပွား တာတုံးဆိုတဲ့ အရေးကိုမေးရင် ၂-ထဲက ပေါက်ထွက်တာ၊ (မှန်ပါဘုရား)။

ဥပမာ ဦးသန်းမောင်ကြီးကဒီ ၂ ထဲကနေတုန်းပဲဒီ ၂-ထဲ ဦးသန်းမောင်ကြီးတို့ သွားလို့ လာလို့ ထိုင်လို့ပေါ့လေ၊ (မှန်ပါ) ၂-ထဲရောက်မနေဘူးလား(ရောက်ပါတယ်ဘုရား)။

အဲဒီရောက်နေတုန်းပဲ တစ်ခါတည်း ဒကာဒကာမတွေက ဝိပဿနာအားမထုတ်တော့ သစ္စာမသိပြန်ဘူး၊ (မှန်လှပါ) မသိပြန်တော့ အဝိဇ္ဇာက ပြန်ရောက်တယ်၊ (ရောက်ပါတယ် ဘုရား)။

ရောက်ပြန်တော့ ငါ ဒီဘဝ ချမ်းသာတာနည်းသေးတယ် နောက်ဘဝ ဒီ့ထက်ချမ်းသာတာ လုပ်မယ်ဆိုတဲ့ သင်္ခါရ ပြန် လုပ်တယ်၊ (မှန်လှပါဘုရား)၊

ဒါဖြင့် အဝိဇ္ဇာ သင်္ခါရဘက် ပြန်လှည့်တယ်၊ (လှည့်ပါ တယ်ဘုရား)ပြန်လှည့်တော့ ဘာသစ္စာပြန်လုပ်ပါလိမ့် (သမု ဒယသစ္စာ ပြန်လုပ်ပါတယ်ဘုရား)။

အင်း-ယခု ရ,ထားတာက ဒုက္ခသစ္စာ၊ (မှန်ပါ) ဝမ်းထဲ သမုဒယသစ္စာ မျိုးစေ့က လာပေါက်ပြန်တယ်၊ (မှန်လှပါ ဘုရား) ဒါဖြင့် သေသည်၏ အခြားမဲ့၌ အနာဂတ် ဒုက္ခသစ္စာ ဆိုတာ ရမှ ရပါ့မလား၊ (ရပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဩော်....ဒါဖြင့် ဒကာဒကာမတွေ ဘုန်းကြီး တရားဟော နေတာ ဘယ်အထဲမှာ ဟောနေတာတုံး ဆိုတော့ ၂-က ၂-ထဲ

http://www.dhammadownload.com



မှာပေါ့၊ ၃–တရားမပါ,ပါစေနဲ့၊(မှန်လှပါဘုရား)၂–ထဲမှာ (၃–တရား မပါ,ပါစေနဲ့)။

၃–တရား မပါ,ပါစေနဲ့ ဆိုတာက အဝိဇ္ဇာတို့,သင်္ခါရတို့, တဏှာတို့, ဉပါဒါန်တို့, ဘဝတို့ ဒကာကြွယ် မပါ,ပါစေနဲ့၊ (မှန်လှပါဘုရား) ၂-ထဲက ၃–မပေါက်ပွားပါစေနဲ့၊(မှန်လှပါ)ဘာတဲ့တုံး၊(၂-ထဲက ၃–မပေါက်ပွားပါစေနဲ့)။

ဒါကြောင့် ယခု ပစ္စုပ္ပန်ကာလဆိုတော့ နှစ်ဖက် စပ်ပြတယ်၊(မှန်လှပါဘုရား)ဘာတွေလုပ်သလဲ့ရှိသတုံးလို့ မေးတဲ့ အခါကျတော့ မင်းတို့သည်–တဲ့၊ အဝိဇ္ဇာ, သင်္ခါရ, ဘဝ, တဏှာ, ဉပါဒါန် ပြန်လုပ်ပြန်တယ်၊ (မှန်လှပါဘုရား)။

ဒါ ဘယ်ထဲက လုပ်တာပါလိမ့်၊ ၁–ထဲက လုပ်တာလား၊ ၂-ထဲက လုပ်တာလား၊(၂–ထဲက လုပ်တာပါဘုရား)၂–ထဲက နေပြီးသကာလ ဦးသန်းမောင်တို့, ဒကာကြွယ်တို့ ၂–ထဲမှာ နေတုန်းမှာ ခင်ဗျားတို့တ သစ္စာမသိတဲ့အလုပ် လုပ်ကြတယ်၊ (မှန်လှပါဘုရား)။

အဝိဇ္ဇာ သင်္ခါရ ပြန်မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား) တဏှာ,ဉပါဒါန်ကံတွေကော၊ (လုပ်ပါတယ်ဘုရား) ဟာ.... ဒါဖြင့် ဒုက္ခပင်က အမှုဒယသီး,သီးပြန်ပြီ၊ (မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်၊ (ဒုက္ခပင်က သမုဒယသီး, သီးပြန်ပါပြီဘုရား)။

ဒါကလေးကို သဘောကျအောင် ဒကာဒကာမတို့လေးလေး စားစား ကလေး နားထောင်ပါ၊ (မှန်လှပါဘုရား) ဦးသန်းမောင် ၁–ထဲကနေပြီး ဘာတွေ သီးပြန်သတုံး၊ (သမုဒယသီး,သီးပါတယ်ဘုရား)ဒုက္ခသစ္စာပင်ကြီးကလေဘာသီး

http://www.dhammadownload.com



တွေသီးပြန်လဲ (သမုဒယ အသီးတွေ သီးပါတယ်ဘုရား) ဟာ– ဒီသမုဒယအသီးတွေ မျိုးကျလို့ရှိရင် ဒုက္ခပင်တော့ ပေါက်ဦးမယ်၊ (ပေါက်ဦးမှာပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီသမုဒယသီးတွေ သီးလိုက်တဲ့အတွက် ဟောဒီမှာ **အနာဂတ်** ဒုက္ခပင်ကြီး ပေါက်လာတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ မလာဘူးလား၊ (လာပါတယ်ဘုရား)ဘာသစ္စာတဲ့၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ခင်ဗျားတို့ ၂ နံပါတ် ခန္ဓာ ဒုက္ခပင်ကြီးထဲမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံတွေကို ခင်ဗျားတို့က ကြိုးစားတယ်၊ (ကြိုးစားပါတယ်ဘုရား) ၂ ခန္ဓာပင်ကြီးက ဒကာကြွယ်ရေ–မဟုတ်တဲ့ အဆိပ်သီးတွေ သီးနေတယ်၊ (မှန်လှပါဘုရား) ၂ ခန္ဓာပင်ကြီးက (အဆိပ်သီးတွေ သီးနေပါတယ်ဘုရား)။

အဆိပ်သီးတွေ သီးလာတဲ့အခါကျတော့ ဘယ်သူပါလိမ့်မတုံး–မေးတဲ့အခါကျတော့ ၂–ခန္ဓာထဲက ဒကာဒကာမတို့ ပစ္စုပ္ပန်ဖြစ်ဆဲ ကာလမှာတဲ့ ခင်ဗျားတို့က ဘာတွေလုပ်ပြန်သတုံးဆိုတော့ တဏှာတို့ ဥပါဒါန်တို့ ကံတွေ ပြန်လုပ်ပြန်တယ်၊ (မှန်လှပါဘုရား)။

တစ်ခါ ဒီအာက်လာပြန်တော့ အဝိဇ္ဇာသင်္ခါရဘာဝ ဥပါဒါန် တဏှာတွေ ပြန်လုပ်ပြန်တယ်၊ (လုပ်ပါတယ် ဘုရား) ဒါကြောင့် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါး (မှန်လှပါဘုရား) ခင်ဗျားတို့ ပစ္စုပ္ပန်ဘဝ ထပ်လုပ်ပြန်ပြီ၊(မှန်လှပါ) **သေသေချာချာ မြင်ကြရဲ့နော်၊ (မြင်ပါတယ်ဘုရား)။**

http://www.dhammadownload.com



ဟောဒီ ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါးဆိုတာ ခင်ဗျားတို့ အခုရထားတဲ့ ၂–နံပါတ် ခန္ဓာကိုယ်ထဲက အသီးအပွင့်တွေ ထွက်ထွက်လာတယ်၊ (မှန်လှပါ) အသီးတွေသီးသလား မသီးဘူးလား၊ (သီးပါတယ်ဘုရား) ဟော·စပ်လိမ့်မယ်ကွ·တဲ့၊ ဟောဒီအနာဂတ်တွေနဲ့ မစပ်ပေဘူးလား၊ (စပ်ပါတယ်ဘုရား)။

ဘာတွေရမတုံးဆိုတော့ ဝိညာဏ်နာမ်ရုပ်ဆိုတဲ့ ခန္ဓာငါးပါး ပြန်ရမယ်၊ (မှန်လှပါဘုရား) ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) ဩော်–ကြည့်ပြောကြအုံး၊မဟုတ်ဘူး၊(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကြီး အနာဂတ်ကျောကုန်းကြီးပါနေတာ၊ (မှန်ပါ့ဘုရား) ရှင်းလား၊ (ရှင်းပါပြီ)ဘာတုံး၊ (ဒုက္ခသစ္စာမပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ပစ္စုပ္ပန်ကာလ အကြောင်းတရားငါးပါးကြောင့် အနာဂတ်အကျိုးတွေ လာပြန်တယ်၊ (လာပြန်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒီလို လုပ်ကြစို့ရဲ့၊ အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုး၊ (မှန်လှပါ) ၁–ကြောင့် ၂–ဖြစ်တယ်၊ (မှန်ပါ့) ၂–ထဲကနေပြီးသကာလ ဒကာဒကာမတို့ ၂–နဲ့သဘောတူတာတွေ ပြန်လုပ်တယ်၊ (ပြန်လုပ်ပါတယ်ဘုရား)။

ဒါကြောင့် ၁–နဲ့ သဘောတူတာ ပြန်လုပ်တဲ့အတွက် နံပါတ်လိုတော့ ၃–မဲ၊ (မှန်ပါ့)ဒါဖြင့် ၄–အကျိုးပေးမယ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာထဲက ပေါက်ပွားတာတွေက ဘာသစ္စာတုံး၊ (သမုဒယသစ္စာတွေပါ ဘုရား) အနာဂတ် ခင်ဗျားတို့ရမှာကဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့သည် တစ်ပတ်–ပတ်တယ်၊ (ပတ်ပါတယ်ဘုရား) အတိတ်ကြောင့် ပစ္စုပ္ပန်ဖြစ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ) ပစ္စုပ္ပန်ထဲက ပစ္စုပ္ပန် အကြောင်းတရားတွေ ပြန်လုပ်ပြန်တယ်၊ (လုပ်ပါတယ်ဘုရား)။

ဒါကြောင့် အနာဂတ် အကျိုးတရားတွေ ဘယ့်နှယ်နေသတုံး၊ (ရပါမယ်ဘုရား) အနာဂတ်အကျိုးတရား ဘာသစ္စာတွေ လာမလဲ၊(ဒုက္ခသစ္စာတွေ လာပါမယ်ဘုရား)။

ဒီ အနာဂတ်အကျိုးတရား ဒုက္ခသစ္စာထဲက ဘာတွေများ သီးမယ်ပွင့်မယ် ထင်သေးသတုံး၊ (သမုဒယသစ္စာတွေပါဘုရား)။ ဒါတွေပြန်သီးဦးမယ်၊ (မှန်ပါ့ဘုရား) ဒါတွေ ပြန်သီးရင် ၂–နံပါတ်ပြန်ဖြစ်မယ်၊ (ပြန်ဖြစ်ပါမယ်ဘုရား) ၂–နံပါတ်ထဲက ၃–အသီးတွေ သီးလာပြန်ရင် ၄–နံပါတ်ပဲ၊(မှန်ပါ့)၄–နံပါတ်ထဲက ဒီဟာတွေ သီးဦးမယ်ဆိုလို့ရှိရင် ၁–ပြန်ဖြစ်မယ်၊ (ပြန်ဖြစ်ပါမယ်ဘုရား)။

ဒါဖြင့် ၁–၂–၃–၄၊ ၁–၂–၃–၄ ချည်းပဲ လည်နေမယ်၊ (မှန်ပါ့ဘုရား) ဘယ်လိုလည်ကြမယ် ထင်သလဲ၊ (၁–၂–၃–၄ ချည်းပဲ လည်နေပါမယ်)၁–၂–၃–၄၊ ၁–၂–၃–၄ ချည်းပဲ လည်နေလိမ့်မယ်ဆိုတာ ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သစ္စာဖွဲ့လိုက်တော့ (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) သမုဒယသစ္စာနဲ့–(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သစ္စာဘယ်နှစ်ပါး လှည့်သလဲ၊ (နှစ်ပါးလှည့်ပါတယ်ဘုရား)။

သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်၊ (မှန်ပါ့)ဒုက္ခထဲမှာ သမုဒယ ပေါ်သောကြောင့် အနာဂတ်ဒုက္ခဖြစ်၊(မှန်လှပါဘုရား) ဒီအတိုင်းမနေဘူးလား၊ (နေပါတယ်ဘုရား) ဒကာဒကာမတွေ ရှိတဲ့စာရွက်နဲ့ကိုက်ကဲ့လား၊(ကိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီဥစ္စာ ဒီလိုပဲ လည်နေတော့မလားတဲ့၊ဖြတ်လမ်းရှာရမှာပေါ့၊(ရှာရမှာပါဘုရား)ဖြတ်လမ်းရှာတော့ ဒကာ ဒကာမတွေ ပေါ်ပါလိမ့်မယ်-တဲ့၊ ဟောဒီ အစပ်ဟာ ပစ္စုပ္ပန် ၂-နံပါတ် ခန္ဓာထဲက ၃-နံပါတ်တဏှာတို့ ဥပါဒါန်တို့ ကံတွေ ခင်ဗျားတို့ထပ်လုပ်တယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)။

ဒီတဏှာ, ဥပါဒါန်, ကံတွေ ထပ်လုပ်တော့ကို-တဲ့၊ဝေဒနာ တဏှာစပ်သွားတယ်၊ မစပ်ဘူးလား၊ (စပ်သွားပါတယ်) တဏှာနဲ့ ဥပါဒါန်ကော (စပ်ပါတယ်ဘုရား) ဥပါဒါန်နဲ့ ကံကော၊(စပ်ပါတယ်ဘုရား) ဟာ-စပ်လို့ရှိရင် ဇာတိနဲ့ခွဲချင်လို့ မရတော့ဘူး၊ (မှန်ပါ့) ဇာတိနဲ့ခွဲချင်လို့၊ (မရတော့ဘူး) ဒါဖြင့် ခင်ဗျားတို့ ဒီသုံးခုမလာလို့ရှိရင်ဖြင့် ဇာတိ,ဇရာ,မရဏ လွတ်မယ်၊(မှန်ပါ့ဘုရား) ဒီသုံးခုမလာအောင် ဒကာဒကာမတွေ ဟောဒီအစပ်ကို ဖြုတ်ရမယ်၊ (မှန်ပါ့ဘုရား) ၂-နဲ့ ၃-အစပ်ကို ဦးသန်းမောင် ဘာလုပ်ရမလဲ၊ (ဖြုတ်ရပါမယ်ဘုရား) ၂-နဲ့ ၃-အစပ်ကို(ဖြုတ်ရပါမယ်ဘုရား)အဲဒီ ဖြုတ်နည်း နိဿယည်းဟာဖြင့် ဒကာဒကာမတို့ ထွက်လမ်းမှတ်ပါ၊ (မှန်ပါ့ဘုရား)။

၂-နဲ့ ၃ မစပ်တာသည်(ထွက်လမ်းပါဘုရား) ထွက်လမ်းလို့မှတ်ပါ၊(မှန်လှပါဘုရား)ဒကာကြွယ်-ဘာတဲ့တုံး၊ (၂-နဲ့

http://www.dhammadownload.com



၃-မစပ်တာသည် ထွက်လမ်းပါဘုရား) ၂-ထဲက ၃-မပေါက်ပွားမှ၊ (မှန်လှပါဘုရား)။

၂-ထဲက ၃-မပေါက်ပွားရင်ဖြင့် ဟောဒီအစပ်ပြုတ်တယ်၊ (မှန်လှပါ) နို့မို့ရင် ဒီအစပ်ဘယ်တော့မှမပြုတ်ဘူး၊(မှန်ပါ) ပြုတ်ပါ့မလား၊(မပြုတ်ပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ)။

အဲ....နက်ဖြန်မှ ဒီ အစပ် ဖြတ်ပေးမယ်၊ နာရီစေ့သွားပြီ၊ တော်ကြဦးစို့။

သာဓု·သာဓု·သာဓု

*

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
**ပဋိစ္စသမုပ္ပါဒ်**

# တရားတော် ( ၃ )

(၂၀–၁၁–၆၁)

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကိုလဲ ဒကာ ဒကာမတွေက ကြည့်ရလိမ့်မယ်နော်၊ (မှန်လှပါ ဘုရား) မိမိတို့ ကိုယ်ပိုင် ရှိထားတာကိုလဲ ကြည့်ရလိမ့်မယ်လို့ မှတ်ရလိမ့်မယ်၊ (မှန်လှပါဘုရား)။

မိမိတို့ကိုယ်ပိုင် ရှိထားတဲ့ စက်ဝိုင်းကြီးက ဘာပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် မိမိတို့ ရှေးတုန်းက သံသရာရယ်၊ ယခုရောက်နေတဲ့ သံသရာရယ်၊ နောင်ကိုလဲ သံသရာ မဆက်ချင်ရင် ဘယ်လိုလုပ်ရမယ်၊ သံသရာဆက်ချင် ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဒီစက်ဝိုင်းကနေပြီး ပြနေတယ် လို့ မှတ်သားရမယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာကြွယ်တို့ မှတ်စရာက ၁-နံပါတ် စက်ဝိုင်း ကတော့ လွန်ခဲ့တဲ့ ဘဝဖြစ်စဉ်တွေလို့ မှတ်စမ်းပါ၊ (မှန်လှပါ ဘုရား) ၁-နံပါတ် စက်ဝိုင်းကတော့ ဘာတုံး၊ (လွန်ခဲ့သော ဘဝက ဖြစ်စဉ်တွေပါဘုရား) လွန်ခဲ့တဲ့ ဘဝက ဖြစ်စဉ်လို့

http://www.dhammadownload.com



ဆိုသောကြောင့် အတိတ်အကြောင်းငါးပါးဆိုပြီးသကာလ ရေးထားတယ်၊ (မှန်ပါ့ဘုရား)။

အတိတ်တုန်းက ဒကာ ဒကာမတွေ ဘာတွေများ လုပ်ခဲ့ကြ ကိုင်ခဲ့ကြ နေခဲ့ကြပါလိမ့်မလဲလို့ သေသေချာချာ မေးလို့ရှိရင် အတိတ်တုန်းက ခန္ဓာဖြစ်ပြီးသကာလ အဝိဇ္ဇာနဲ့ နေခဲ့ကြရတယ်၊(မှန်ပါ့) အဝိဇ္ဇာဆိုတာ ဘာတဲ့၊(သစ္စာလေးပါး မသိတာပါဘုရား) သစ္စာလေးပါးမသိတာ၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာဆိုတာ ဘာပါလိမ့်၊ (သစ္စာလေးပါး မသိတာပါ ဘုရား)။

ဩော်....ဒါဖြင့် နောက်တုန်းက ဒကာဒကာမတွေ သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်၊ (မှန်ပါ့ဘုရား) ဘာနဲ့ နေခဲ့ကြသလဲ၊ (သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြပါတယ်ဘုရား) သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်ဆိုတာကို ဒကာ ဒကာမတို့ အတိတ်ဘဝတွေကနော်၊ (မှန်လှပါဘုရား)။

အဲဒီ သစ္စာမသိမှုဟာ-တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ မည်မျှလောက် ဆိုးတယ်ဆိုတာတော့ ပြောဖို့ မလိုပါဘူး၊ (မလိုပါဘုရား)။

သစ္စာမသိပြီ ဆိုမှဖြင့် တဲ့၊ ဒကာ ဒကာမတို့သည် သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် တံငါမုဆိုးလဲ လုပ်ခဲ့တာပါ၊ (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် လုပ်ပါလိမ့်မတုံး မေးပြန်တော့၊ (သစ္စာမသိလို့ပါဘုရား) သစ္စာမသိလို့၊ (မှန်ပါ့)။

ဩော်....တံငါမုဆိုး လုပ်လို့ ရှိရင်ဖြင့် ငါသည် ဒုတိယဘဝမှာ ဒကာ ဒကာမတွေ သိတဲ့အတိုင်း တဲ့၊ ၂-နံပါတ် ဒုက္ခသစ္စာရလိမ့်မယ်ဆိုတဲ့ဉစ္စာကို ဒကာ ဒကာမတွေက မသိ

ကြဘူး (မသိလို့ပါဘုရား) ဘယ့်နှယ်ကြောင့် မသိပါလိမ့် မတုံး၊ (သစ္စာမသိလို့ပါဘုရား)။

အဝိဇ္ဇာဆိုတဲ့တရားက ဒီဒုက္ခသစ္စာ မသိဘူး၊ (မှန်လှပါဘုရား) အဝိဇ္ဇာက ဒုက္ခသစ္စာကို မသိဘူး၊ (မသိပါဘုရား) မသိတော့ တံငါမုဆိုး လုပ်လိုက်တော့ ဒီဘက်မှာ တဲ့၊ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ခန္ဓာငါးပါးရတယ်၊ (ရပါတယ်ဘုရား) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတာ ခန္ဓာငါးပါး၊ (မှန်လှပါ)။

ဒီခန္ဓာငါးပါးကြီးဟာရှေးဘဝကမသိတာကြောင့်တံငါ မုဆိုးလုပ် မုသားတွေပြောနဲ့မကောင်းသောရောင်းဝယ်ခြင်း တွေ ရောင်းဝယ်ကြသောကြောင့် ဒကာကြွယ်ရေ....မသိလို့ လုပ်မိ ကိုင်မိ၊ ပြောဆိုမိကြတယ်၊ (မှန်လှပါဘုရား)။

ဘာမသိသတုံးလို့ မေးတဲ့အခါကျတော့၊ ဒကာဒကာမတို့ ၂-နံပါတ် ဒုက္ခသစ္စာ မသိတာ၊ (မှန်လှပါဘုရား) ဦးသန်းမောင် ဘာမသိတာတုံး၊ (၂-နံပါတ် ဒုက္ခသစ္စာ မသိတာပါဘုရား)။

၂ နံပါတ် ဒုက္ခသစ္စာ မသိတာဆိုတော့၊ ဒကာ ဒကာမတို့ ဒီဥပမာဟာ အင်မတန်မှလဲ ကြမ်းတယ်ဆိုတာကို မှတ်ရမှာပဲ၊ (မှန်လှပါဘုရား) ကလေးငယ်ငယ်လေး တစ်ယောက်ဟာ သူ့ကျင်ကြီးကလေး စွန့်ပြီးသကာလ ကျင်ကြီးကလေး နယ်ဖတ်ပြီး ကစားတယ်၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်ဒီကလေးသည် ကျင်ကြီးနဲ့ကစားနေပါလိမ့်မလဲမေးရင် ဒကာ ဒကာမတွေက အဖြေထွက်ကြမှာပဲ၊ (ထွက်မှာပါပဲဘုရား) ဘယ်လိုမျိုး ထွက်ပါလိမ့် (ကျင်ကြီး

http://www.dhammadownload.com



မှန်း မသိလို့ပါဘုရား) မသိလို့၊ (မှန်ပါ့ဘုရား) မသိတာက ဘယ်သူပါလိမ့်၊ (အဝိဇ္ဇာပါဘုရား)။

အဲဒီ-အဝိဇ္ဇာကြောင့် ဒကာဒကာမတို့ သခ်ါရဆိုတဲ့ ခုနက ပြောခဲ့တဲ့ တံငါမုဆိုးလုပ်ခြင်း၊ မုသား လိမ်လည် ကောက်ကျစ်ပြီးသကာလ စီးပွားရှာမှီးခြင်းဆိုတဲ့ အကုသိုလ် သခ်ါရ လုပ်လိုက်ပါတယ်၊(မှန်ပါ့ဘုရား)ဘာလုပ်ပါလိမ့်(အကုသိုလ် သခ်ါရ လုပ်ပါတယ်ဘုရား)။

မသိလို့ အကုသိုလ်သခ်ါရလုပ်တယ်၊(မှန်ပါ့ဘုရား)မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား) တဏှာ, ဥပါဒါန်တွေနဲ့ သားမယားများလဲ စွဲလမ်းတယ်၊ (စွဲလမ်းပါတယ်ဘုရား)။

ငင်း တဏှာ,ဥပါဒါန်တွေကြောင့် ကာယကံ,ဝစီကံနဲ့လဲ ပြုလိုက်,ပြောလိုက်,ဆိုလိုက်, ငေါက်လိုက်၊ အော်လိုက်, မြည်လိုက်,တွန်လိုက်၊ ဒကာကြွယ်-သားတွေ,မယားတွေရော၊ လုပ်သားတွေကိုရော ကမ္မဘဝ မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား)။

အဲဒီတော့ မသိလို့လုပ်တာပေါ့၊ (မှန်ပါ့ဘုရား) မသိလို့ လုပ်တော့ဒီမှာစုတေသည်၏အခြားမဲ့၌ ကဲဟောဒီအကြောင်းနဲ့ ဟောဒီအကျိုးတွေဟာ ဒကာဒကာမတို့၊ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ-ဆိုတဲ့ ပဋိသန္ဓေသမုပ္ပါဒ် ငါးမျိုးနဲ့ သွားဆက်သွယ်တယ်၊ (မှန်လှပါဘုရား) မဆက်သွယ်ဘူးလား၊ (ဆက်သွယ်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဆက်သွယ်ရသတုံး ဆိုတော့ မသိလို့ ဆက်သွယ်ရတယ်၊(မှန်လှပါဘုရား) မသိလို့ပြုလုပ်၊ ပြုလုပ်လို့ ဒကာ ဒကာမတွေ ဒုက္ခသစ္စာရပါတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် မသိလို့ အဝိဇ္ဇာ, ပြုလုပ်တာ သင်္ခါရ၊ (မှန်ပါ့) အကုသိုလ်တွေ ပြုလုပ်တာ၊ (သင်္ခါရပါဘုရား) အဲ-သင်္ခါရကြောင့်-တဲ့၊ ဒီခန္ဓာငါးပါး မရဘူးလား၊ (ရပါတယ်ဘုရား)ခန္ဓာငါးပါး ဘာသစ္စာတရားလို့ ဆိုကြမလဲ၊ (ဒုက္ခသစ္စာပါ ဘုရား) ဒီမှာ ဒုက္ခသစ္စာလို့ ပြတယ်၊ (မှန်ပါ့)။

ဩော် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေးဘဝကမသိလို့ မသိသလိုပြုလုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီး ဆိုတဲ့ အပါယ်လေးပါး ခန္ဓာရတယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အပါယ်လေးပါး ခန္ဓာမှာလဲ မသိလို့ပြုလုပ်တဲ့ ဒုက္ခသစ္စာရတာပဲ၊(မှန်ပါ့ဘုရား) မသိလို့ပြုလုပ်သောကြောင့် ဒုက္ခသစ္စာရတာပဲ၊ (မှန်ပါ့ဘုရား) ဦးသန်းမောင် – ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တစ်ခါ ကုသိုလ်တွေ ပြုလုပ်ပြန်တော့လဲတဲ့ ဒုက္ခသစ္စာ ဆိုတာ မသိပဲနဲ့ပြုလုပ်သောကြောင့် သင်္ခါရစေတနာတွေကို လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည် ရောက်ကြောင်း လုပ်လိုက်ပြန်တယ်၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်ရောက်ကြောင်းကို ဘုန်းကြီးတို့ ဒကာဒကာမတွေ လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒီအဝိဇ္ဇာက ဒီသင်္ခါရပေါ် အုပ်ချုပ်ထားလေသောကြောင့် ဒီဒုက္ခသစ္စာ မသိဘူး၊ (မသိပါဘုရား) သိသေးရဲ့လား၊ (မသိပါဘုရား)။

ထိုကဲ့သို့ မသိသောကြောင့်-တဲ့၊ဘုန်းကြီးတို့ ဒကာဒကာမ (တွေ ယခု လူ့ဘဝသာဆိုတယ် ဇာတိ,ဇရာ,မရဏနဲ့နေရတယ် နေရပါတယ်ဘုရား) ဒကာကြွယ် ဘာသစ္စာရသလဲ၊ (ဒုက္ခ၊

http://www.dhammadownload.com



သစ္စာ ရပါတယ်ဘုရား) ဒုက္ခသစ္စာ ရ,ထားတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ တစ်ခါ မသိတာနဲ့တဲ ဈာန်သမာပတ်တွေကို အားထုတ်ပြန်တယ်၊(မှန်လှပါဘုရား) (ဝါ)သမထတွေကို အားထုတ်ပြန်တယ်၊(မှန်ပါ့)ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ ဈာန်သမာပတ်ကို အားထုတ်တာက (သင်္ခါရပါဘုရား)နောက်ကျတော့ ဗြဟ္မာခန္ဓာဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ရပြန်တယ်၊ (ရပါတယ် ဘုရား) ရတာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်–ဒါဖြင့် ဘုံသုံးပါးမှာဖြင့် အဝိဇ္ဇာ သင်္ခါရက ချယ်လှယ်နေတယ်လို့ မှတ်လိုက်ပါတော့၊ (မှန်ပါ့ဘုရား) ကာမဘုံလဲ အဝိဇ္ဇာ,သင်္ခါရ ချယ်လှယ်လို့ဖြစ်ရတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေပဲ၊(မှန်လှပါဘုရား)ရူပ အရူပဘုံမှာလဲ အဝိဇ္ဇာ, သင်္ခါရ ချယ်လှယ်လို့ဖြစ်ရတဲ့ ဗြဟ္မာတွေပဲ၊(မှန်ပါ့ဘုရား)။

အပါယ်လေးဘုံမှာလဲ အဝိဇ္ဇာ, သင်္ခါရက ပြုလုပ်လိုက်လို့ အပါယ်လေးပါး ခန္ဓာတွေ ဖြစ်တာပဲ၊ (မှန်ပါ့) ဒါကြောင့်'ဒကာ ဒကာမတို့ အဝိဇ္ဇာ, သင်္ခါရသာ ရှိရင်ဖြင့် သုံးဆယ့်တစ်ဘုံ ခန္ဓာဖြစ်လိမ့်မယ်' (မှန်ပါ့ဘုရား)။

သုံးဆယ့်တစ်ဘုံ ခန္ဓာဖြစ်ရင် ဘာသစ္စာရမတုံး၊ (ဒုက္ခသစ္စာ ရပါမယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)ဒါဖြင့် ဒကာဒကာမတို့ ၁-နံပါတ်လုပ်ရင် ၂-နံပါတ်ရမယ်၊ (မှန်ပါ့ဘုရား) ၁-နံပါတ်လုပ်ရင် (၂-နံပါတ်ရပါမယ်) ၂-နံပါတ်ရမယ်ဆိုတာ ကောင်းကောင်း ကျေနပ်ပလား၊ (ကျေနပ်ပါတယ် ဘုရား)၊ (စက်ဝိုင်းကိုကြည့်ပါ)။

ကောင်းပြီ၊ ၁–နံပါတ်သည် ဘယ်တုန်းက လုပ်ပါလိမ့်မလဲလို့ မေးတော့ လွန်လေပြီးသော အတိတ်ကာလက (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် သူ့ကို အတိတ်အကြောင်းတစ်လှာလို့ရေးလိုက်တယ်၊(မှန်လှပါဘုရား)ဘာသစ္စာတွေ လုပ်ခဲ့ကြပါလိမ့်၊(သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား) ဒကာကြွယ်-စာရွက်ကြည့် သမုဒယသစ္စာပဲလုပ်ခဲ့တယ်၊ (လုပ်ခဲ့ပါတယ်ဘုရား)။

ဒါဖြင့်သမုဒယသစ္စာသည်ဘယ်နှစ်ပါးရှိသတုံးမေးတော့မှ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝငါးပါး၊ (မှန်ပါ့ဘုရား)သမုဒယသစ္စာဘယ်နှစ်ပါးပါလဲ(ငါးပါး,ပါဘုရား)

အဲ-သမုဒယသစ္စာငါးပါး ကြိုးစားခဲ့သောကြောင့် ဒုက္ခသစ္စာ ငါးပါးဆိုတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ ရပါတယ်၊ (မှန်လှပါဘုရား) ဒါဖြင့် အခု တရားနာနေကြတဲ့ ဒကာဒကာမတွေသည် ၁–ထဲမှာလား၊ ၂–ထဲမှာလား (၂–ထဲမှာပါ ဘုရား)။

ရှေးလွန်ခဲ့သော အတိတ်ဘဝက ဒီသမုဒယသစ္စာငါးခု ကြိုးစားခဲ့တဲ့အတွက် ဒီဘဝမှာ ဒုက္ခသစ္စာငါးခု ပြန်ရတယ်၊ (ရပါတယ်ဘုရား) မရဘူးလား၊ (ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီသမုဒယသစ္စ ငါးခုကြောင့် ဒုက္ခသစ္စာဖြစ်တယ်လို့ဆိုတာ သိထားတော့ကို ကိုယ့်စိတ်ထဲက စဉ်းစားရမယ်၊ ငါသည် ဒုက္ခသစ္စာဖြစ်ကြောင်းကိုဖြင့် နောက်ကိုမလုပ်ဘူးဆိုတဲ့စိတ်၊ ဒကာကြွယ် မွေးဖို့ကောင်းတယ်၊ (ကောင်းပါတယ်ဘုရား) ဦးသန်းမောင် မွေးဖို့၊ (ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



အခုဒုက္ခရောက်တာသိသွားပြီ၊ (သိသွားပါပြီဘုရား)အခု ဒုက္ခရောက်တာသိနေတော့ ဒကာ ဒကာမတို့ အခု ဇာတိကိစ္စကတော့ လွန်ခဲ့ပြီနော်၊ (မှန်လှပါဘုရား) ဇရာကိစ္စ အိုဘေးကိစ္စလဲရောက်နေကြပလားမေးရင် ဘယ့်နှယ်ဖြေမလဲ (ရောက်နေပါတယ်ဘုရား)။

နောက်ကို ဒကာ ဒကာမတွေ ဒီကိစ္စနဲ့ ပြီးမှာပဲလား၊ နာဘေးဒုက္ခသစ္စာကြီးနဲ့ကိုယ်တိုင်တွေ့ရဦးမှာလား၊(နာဘေးကိစ္စကြီးနဲ့ ကိုယ်တိုင် တွေ့ရဦးမှာပါဘုရား) တွေ့ရဦးမယ်နော်၊ (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဦးသန်းမောင်ကြီးတို့ ဒကာကြွယ်တို့.... ဒကာသစ်တို့ တွေ့ရပါလိမ့်မလဲလို့ ဆိုတော့ ကံမကောင်း အကြောင်းမသင့်လို့ပေါ့၊ ပြောတာဟုတ်ပါရဲ့လား၊ (မဟုတ်ပါဘုရား)ကြည့်လေ၊ အတိတ်အကြောင်းမှာ ဘာပါ,ပါလိမ့် (အဝိဇ္ဇာ သင်္ခါရပါဘုရား)။

အဂိဇ္ဇာက အုပ်ချုပ်လို့ (မှန်ပါဘုရား) ကံမကောင်း အကြောင်းမသင့်လို့ဆိုတာ မဟုတ်ပါဘူး၊(မဟုတ်ပါဘုရား) မသိလို့ လူ့ဘဝရောက်လိုတဲ့ ဒါနပြုလို့ ဒုက္ခသစ္စာ ရတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကံမကောင်းလို့လား၊ အဝိဇ္ဇာဆိုတဲ့တရား ကိန်းအောင်းလို့လား၊ (အဝိဇ္ဇာ ကိန်းအောင်းလို့ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အဝိဇ္ဇာ မချုပ်သရွေ့ဖြင့် ဒုက္ခသစ္စာပဲ ခင်ဗျားတို့ ပြန်ပြန်ရမှာပဲ၊ (ရမှာပါဘုရား) အဝိဇ္ဇာမချုပ်သရွေ့ (ဒုက္ခသစ္စာပဲ ပြန်ပြန်ရပါတယ်

http://www.dhammadownload.com



ဘုရား) ဒုက္ခသစ္စာပဲပြန်ပြန်ရကြမယ်ဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတွေ ကောင်းကောင်း ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အင်း....ဒီ ဒုက္ခသစ္စာကြီးကိုဖြင့် ကျွတ်ချင်လွတ်ချင်လို့ရှိရင် ဒုက္ခသစ္စာလွတ်ကြောင်း စိတ်ကို မေးကြပါ၊(မှန်ပါ့) ကျွတ်ချင်လွတ်ချင်လို့ရှိရင်ဖြင့် မေးတဲ့ အခါကျတော့ ဒကာ ဒကာမတို့ ဒီလို စဉ်းစားရမယ်၊ ဒီ ၂-နံပါတ်ထဲကို မရောက်ဖို့ရာ သိပ်အရေးကြီးတယ်၊ (မှန်ပါ့ ဘုရား) ဘယ်ထဲမရောက်ဖို့လဲ၊ (၂-နံပါတ်ထဲ မရောက်ဖို့ပါ ဘုရား) ဘာသစ္စာမို့လဲ၊ (ဒုက္ခသစ္စာမို့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ၂-နံပါတ်ထဲရောက်တဲ့ လူချမ်းသာ နတ်ချမ်းသာဗြဟ္မာချမ်းသာဆိုတာအလကားပြောတာ၊ (မှန်ပါ့)ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) အပါယ်လေးပါးဟာလဲ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အဲ....လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, အပါယ်လေးပါးဟာ ဒုက္ခသစ္စာဆိုတဲ့ ၂-နံပါတ်ထဲက ဒကာကြွယ်–ထွက်ကို မထွက်ဘူးနော်၊ (မှန်လှပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ရှေးဘဝက မသိသလိုလှူခဲ့လို့ (မှန်ပါ့) မသိသလို အကုသိုလ်လုပ်ခဲ့လို့၊ (မှန်ပါ့ဘုရား) မသိလို့သမထတွေ ကြိုးစားခဲ့တယ်၊ (ကြိုးစားခဲ့ပါတယ်ဘုရား)။

ဒါကြောင့် ယခုပစ္စုပ္ပန်ဘဝ ဘာသစ္စာတွေ ရကြသလဲ၊ (ဒုက္ခသစ္စာတွေ ရပါတယ်ဘုရား) ဒါဖြင့် ဒါပစ္စုပ္ပန်အကျိုး ငါးပါးဆိုတာ ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား) ဘယ်လိုများ

http://www.dhammadownload.com



ပေါ်ပါလိမ့်၊ (ပစ္စုပ္ပန် အကျိုးငါးပါးလို့ ပေါ်ပါတယ်ဘုရား)။

ပစ္စုပ္ပန်အကျိုး ငါးပါးဆိုတာ ဒကာ ဒကာမတွေ ပေါ်လာတယ်နော်၊ (မှန်ပါ့) ပစ္စုပ္ပန်အကျိုးငါးပါးဆိုတာ ဒီ၂-နံပါတ်တို့ မှတ်လိုက်တာပေါ့၊ (မှန်ပါ့ဘုရား)။

အင်း....ဝိညာဏ် နာမ်ရုပ် သဠာယတနဖဿ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန်အကျိုးငါးပါးရတယ်၊ ဘယ်ကာလ ရပါသတုံး မေးတော့ ဘယ့်နှယ်ဖြေကြမလဲ၊ (ပစ္စုပ္ပန်ကာလပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ယခုအခါသည် ဒကာ ဒကာမတို့ ၁-နံပါတ်ထဲမှာနေသလား၊ ၂-နံပါတ်ထဲမှာ ရောက်နေသလား၊ (၂-နံပါတ်ထဲမှာ ရောက်နေပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ၂-နံပါတ်ထဲမှာ ရောက်နေပါတယ်၊ (မှန်ပါ့)။

ဒကာ ဒကာမတွေ ကိုယ့်စာရွက်ထဲ ကိုယ်ကြည့်ပါ၊ ဘယ်နံပါတ်ထဲရောက်နေပါလိမ့်၊ (၂-နံပါတ်ထဲရောက်နေပါတယ်ဘုရား) ၂-နံပါတ်ထဲရောက်နေတယ်လို့ သေသေချာချာမှတ်ပါ၊ (မှန်ပါ့ဘုရား)။

၂-နံပါတ်ထဲရောက်နေတော့ ယခု ဒကာ ဒကာမတို့.... စားဖို့ရှာတဲ့ အာဟာရ ပရိယေသနဒုက္ခ၊ (မှန်ပါ့) မျိုးဖို့ရှာတဲ့ ပရိယေသန ဒုက္ခ၊ (မှန်ပါ့) ဝတ်ဖို့ရှာရတဲ့ ဒုက္ခ၊ (မှန်ပါ့) နည်းသလား၊ (မနည်းပါဘုရား) မင်းတို့ကို အခွန်ဆောင်ဖို့ ရှာရတဲ့ ဒုက္ခ၊ (မနည်းပါဘုရား) မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



သားတွေ့၊သမီးတွေဆိုးပေကြလို့ပူရ၊ဆွေးရတဲ့ဒုက္ခကော၊ (ရှိပါတယ်ဘုရား) ကိုယ်ခန္ဓာကြီးဟာ မမာမကျန်းတဲ့ ဒုက္ခ ကော၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခပေါင်း ဘယ်လောက်တုံးလို့မေးရင် ဦးသန်း မောင် ဖြေစမ်းဗျာ၊ (မရေတွက်နိုင်ပါဘုရား) ဩော်....ဒီဒုက္ခ ပေါင်း အများကြီးပဲ (မှန်ပါ့) ဘယ်သူကများ ပေးလိုက် ပါလိမ့်ဗျာ၊ (အဝိဇ္ဇာက ပေးလိုက်ပါတယ်ဘုရား)။

အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ ဆိုတဲ့ ငါးခုသောအကြောင်းတွေကပြုလုပ်လိုက်လို့၊(မှန်လှပါ ဘုရား)ခင်ဗျားတို့ ဒုက္ခပင်လယ်ဝေနေတော့တယ်ဆိုတာငြင်း ဖို့မလိုပါဘူး၊ (မလိုပါဘုရား)။

ဒါဖြင့် ဒုက္ခပင်လယ်ဝေနေကြတဲ့အထဲမှာဒုက္ခဖြစ်ကြောင်း ကို အားထုတ်ရမှာလား၊ဒုက္ခလွတ်ကြောင်းကို အားထုတ်ရမှာ လားဆိုတာ ယနေ့ ဝေဖန်ကြပါ၊ (ဒုက္ခလွတ်ကြောင်း အား ထုတ်ရမှာပါ)။

ဒုက္ခရောက်နေတဲ့ အထဲမှာ ဒုက္ခဖြစ်ကြောင်း အားထုတ် ဦးမယ်ဆိုရင် နှစ်ခါမိုက်၊ (မှန်ပါ့ဘုရား) ဒုက္ခရောက်နေတဲ့ အထဲမှာ ဒုက္ခရောက်ကြောင်း အားထုတ်ရင်၊ (နှစ်ခါမိုက်ပါ ဘုရား) နှစ်ခါမိုက် ဖြစ်လိမ့်မယ် ဒကာကြွယ်၊ (မှန်လှပါ) နောက်က ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမယ်၊ (နှစ်ခါ မိုက်ပါဘုရား)။

နှစ်ခါမိုက် ဖြစ်မယ်ဆိုတာ သေချာကြပလား၊ (သေချာ ပါတယ်ဘုရား)ဘယ့်နှယ်ကြောင့်တုံးဗျ၊ဒုက္ခရောက်တဲ့အထဲမှာ

http://www.dhammadownload.com



ဒုက္ခဖြစ်ကြောင်း ကြိုးစားလို့၊ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့-တဲ့၊ ၂-နံပါတ်သည် ဒကာ ဒကာမတို့ ယခုနေရာဌာန ယခုရ,ထားတဲ့ ခန္ဓာကြီးဆိုတာ မှတ်လိုက်ပါ၊ (မှန်ပါ့ဘုရား)။

၂-နံပါတ်ထဲမှာ တဲ့၊ ဒကာ ဒကာမတို့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝဆိုတာ ၂-နံပါတ်ထဲက ထပ်ပြီး မပေါက်ပွားဖို့ သိပ်အရေးကြီးပါတယ်၊ (အရေးကြီးပါတယ် ဘုရား)။

၂-နံပါတ်ထဲကအဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်ဘဝတို့၊ မပေါက်ပွားဖို့ (အရေးကြီးပါတယ်ဘုရား) ဒကာကြွယ်.... သေသေချာချာကြည့်ပါ၊ (မှန်လှပါဘုရား)နောက်က ဒကာ ဒကာမတွေ ဘယ်အထဲက ဘာပေါက်ပွားဖို့ အရေးကြီးပါ လိမ့်၊ (၂-နံပါတ်ထဲက အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ မပေါက်ပွားဖို့ အရေးကြီးပါတယ်ဘုရား)။

၂-နံပါတ်ထဲကအဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်တို့၊ကမ္မဘဝတို့ မပေါက်ပွားဖို့ အရေးမကြီးဘူးလား၊(ကြီးပါတယ် ဘုရား) အခု ဒကာ ဒကာမတွေ-တဲ့၊ ၂-နံပါတ် ရောက်နေ တယ်၊ (ရောက်နေပါတယ် ဘုရား) ၂-နံပါတ်ထဲ ရောက်နေ တော့ ခန္ဓာကိုယ်ကို ဝိပဿနာမရှုကြဘူး၊ မရှုတော့ မသိဘူး၊ (မသိပါဘုရား)မသိတော့ အဝိဇ္ဇာနဲ့နေတယ်၊(မှန်ပါ့ဘုရား)

အင်း... ဦးသန်းမောင် ၂-နံပါတ်ထဲ ဘာတိုးလာပြန်ပါ လိမ့်၊(အဝိဇ္ဇာတိုးလာပါတယ်ဘုရား) ၂-နံပါတ်ထဲ အဝိဇ္ဇာ တိုးလာတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အင်း....ဒါဖြင့် ၂-နံပါတ်ထဲက အဝိဇ္ဇာဆိုတဲ့ မျိုးစေ့ တစ်ခု၊ ၂-နံပါတ် ခန္ဓာပင်ကြီးက သီးပွင့်လာပြန်တယ်ဆိုရင် လဲ မလွဲဘူး၊ (မှန်ပါ့ဘုရား)။

သားတွေ, သမီးတွေ, ဆွေတွေ, မျိုးတွေကော ဒကာ ဒကာမတို့ ခင်ကြ, မင်ကြ, ကြင်နာကြရဲလားလို့ မေးလို့ ရှိရင်ဖြင့် ဒကာကြွယ်....ဘယ့်နှယ်ဖြေမလဲ၊ (ခင်ကြ, မင်ကြ ပါတယ်ဘုရား) ခင်ကြ, မင်ကြ, ကြင်နာကြတယ် ဆိုတာ သေသေချာချာပဲနော်၊ (မှန်လှပါဘုရား)။

ဟ....ဘယ်အထဲကနေကြင်နာတာတုံးဆိုတော့ ၂-နံပါတ် ထဲက ပေါ်လာတာ၊ (မှန်ပါ့) ၂-နံပါတ် ခန္ဓာကြီးထဲက ခင်စိတ် ပေါ်လာတယ်၊ (မှန်လှပါဘုရား) မပေါ်ဘူးလား (ပေါ်လာပါတယ်ဘုရား) ၂-နံပါတ်ခန္ဓာကြီးထဲက စွဲလမ်း စိတ်ကော၊ (ပေါ်လာပါတယ်ဘုရား)။

ကဲ....ဒီသား ဒီသမီးနဲ့ မခွဲရအောင် ကုသိုလ်လုပ်ဦးမှပဲ ဆို တော့ ဒကာ ဒကာမတို့ ကမ္မဘဝ ပေါ်လာတယ်၊ (ပေါ်လာ ပါတယ်ဘုရား) ၂-နံပါတ်ထဲကပဲ ပေါ်လာတယ်၊ (ပေါ် လာပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ၂-နံပါတ်ထဲမှာ အကြောင်းငါးခု ပေါ်လာ ပြန်တယ်၊ (ပေါ်လာပါတယ် ဘုရား) ၂-နံပါတ်ထဲမှာ (အကြောင်းငါးခု ပေါ်လာပါတယ်ဘုရား)။

ဟော.... အတိတ်အကြောင်း ငါးခုလိုပဲ၊ ပစ္စုပ္ပန်ဘဝ အကြောင်းငါးခု ပေါ်လာတယ်လို့ မှတ်ပါ၊ (မှန်လှပါ ဘုရား) အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒီဟာနဲ့အတူတူပဲ၊ ပြောင်းပြန်လှည့်ရေးထားလို့၊(မှန်ပါ့) ငါးခုချင်း ထူးသေးရဲ့လား၊ (မထူးပါဘုရား)အဲဒါ ဒကာ ဒကာမတွေ ယခုလက်ရှိခန္ဓာထဲက ပေါက်ပွားတာ၊ (မှန်ပါ့) ဘယ်အထဲက ပေါက်ပွားသလဲ၊ (ယခုလက်ရှိ ခန္ဓာထဲက ပေါက်ပွားပါတယ်ဘုရား)။

ဩော်....ဦးသန်းမောင်တို့၊ဒကာကြွယ်တို့စဉ်းစားပါဦး၊ လက်ရှိခန္ဓာက ဒုက္ခသစ္စာ၊ (မှန်ပါ့) ဒုက္ခသစ္စာထဲက သမုဒယ သစ္စာဆိုတဲ့ အသီးအပွင့်တွေပေါက်ပွားလာပြန်တယ်၊(မှန်လှ ပါဘုရား) ဒုက္ခသစ္စာထဲက၊ (သမုဒယသစ္စာ အသီးအပွင့် တွေ ပေါက်ပွားလာပါတယ် ဘုရား)။

သမုဒယသစ္စာဆိုတဲ့ဒကာကြွယ်....တွေ့လိုက်ကဲ့လား၊(တွေ့ ပါတယ်ဘုရား) ၃–နံပါတ်တွေ ပေါက်ပွားမလာဘူးလား၊ (ပေါက်ပွားလာပါတယ် ဘုရား)။

၃–နံပါတ်မှာ သေသေချာချာ ကြည့်ပါ၊ အဝိဇ္ဇာ၊ သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝလို့တော့ ပါ,ပါလိမ့် မယ်၊ (ပါ,ပါတယ်ဘုရား)အဲဒါ ယခုပစ္စုပ္ပန်ဘဝ ခန္ဓာထဲက ပေါက်ပွားလာတယ်လို့ မှတ်စမ်းပါ၊ (မှန်လှပါ ဘုရား)။

ပစ္စုပ္ပန်ဘဝ ခန္ဓာထဲက ဒကာ ဒကာမတို့ မြင်တဲ့အတိုင်း အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန် ဘဝ၊ (မှန်လှပါ) ဒါကြောင့် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါး ပေါ်ပြန် တယ်၊ (မှန်ပါ့) ဒကာ ဒကာမတွေ အငြိမ်နေလို့လား၊ ဆော့ လို့လား၊ (ဆော့လို့ပါဘုရား)။

အငြိမ်မနေတတ် ဆော့လွန်းတဲ့အတွက်–တဲ့၊ဒကာဒကာမ တွေမှာ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝတွေပြန်ပေါ်

https://www.dhammadownload.com



တယ်၊ (ပေါ်ပါတယ်ဘုရား) ဦးသန်းမောင်....တွေ့ ရှဲလား၊ (တွေ့ပါတယ်ဘုရား)။

၃–နံပါတ် ဘာတွေပေါ်လာသတုံး၊ (အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝတွေ ပေါ်ပါတယ်ဘုရား) အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ မပေါ်ဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

အင်း....ဘယ်ခန္ဓာထဲကများ၊ ဘယ်ဘဝထဲကများ၊ ဘယ်နံပါတ်ထဲကများ သူ ပေါက်ပွားလာ တာ လို့ ဆိုကြမလဲ၊ (၃–နံပါတ်ထဲက ပေါက်ပွားလာပါတယ်ဘုရား) ဩော်.... ဒုက္ခပင်က ဒုက္ခသီးတွေ သီးပြန်ပါပေါ့လား၊ (မှန်လှပါ ဘုရား) ဒုက္ခပွင့်တွေ ပွင့်ပြန်ပါပေါ့လား ဆိုရင်ကော လွဲပါ့ မလား၊ (မလွဲပါဘုရား) ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

၂–နံပါတ်နဲ့ ဒါ့ကြောင့် ဒကာဒကာမတွေ သတိထားပြီး မှတ်ပါ–တဲ့၊ ဒီ ၂-နံပါတ် ၃–နံပါတ်လဲ စပ်သွားပြန်ပြီ–တဲ့၊ တဏှာ, ဥပါဒါန်, ကမ္မဘဝတွေ ပေါ်လာတယ်၊ (မှန်လှပါ) မပေါ်လာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ၂–နံပါတ်ခန္ဓာကြီး ဒုက္ခပင်ကြီးက သမုဒယသီးတွေ သီးလာတယ်၊ (သီးလာပါတယ် ဘုရား) ဒါ့ကြောင့် သမုဒယသီးတွေ သီးတဲ့အကြောင်းမှာ ၃–နံပါတ် သမုဒယသစ္စာတွေပေါ်လာတယ်၊(ပေါ်လာပါတယ်ဘုရား)

ဒါဖြင့် ၂–နံပါတ် ခန္ဓာထဲကမှ-တဲ့ ယခုပစ္စုပ္ပန်ကာလမှာ ၃–နံပါတ်ဆိုတဲ့ သမုဒယသစ္စာတွေ ပေါက်ပွားလာတယ်၊ (မှန်လှပါဘုရား) ၂–နံပါတ်ထဲက ပေါက်ပွားတာ၊(မှန်ပါ့) ရိပ်မိကြပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



အင်း....ဟင်–ဘယ်က ပေါက်ပွားလာသလဲ၊ (၂-နံပါတ် ထဲက ပေါက်ပွားပါတယ်) ၂-ထဲကပေါက်ပွားပြီးသကာလ လာတော့ ဒကာဒကာမတွေပဲ စဉ်းစားပါတော့တဲ့၊ဩော်.... ဘာသစ္စာတွေ ပေါက်ပွားလာပါလိမ့်၊ (သမုဒယ သစ္စာတွေ ပေါက်ပွားလာပါတယ်ဘုရား)ဟာ....ဒကာကြွယ်လွဲကုန်ပြီ၊ (လွဲပါတယ်ဘုရား)။

၂-နံပါတ် ဒကာကြွယ် ခန္ဓာအခုရနေတဲ့အထဲကဖြစ်ပျက် မသိတဲ့ အဝိဇ္ဇာကလဲ ပေါ်လာပြန်တယ်၊(မှန်ပါ့)ဘုံဘဝရလို မှုဆိုတဲ့ စေတနာကံတွေနဲ့ သင်္ခါရလဲ လုပ်ပြန်တယ်၊ (လုပ်ပါ တယ်ဘုရား)။

အင်း–တဏှာဥပါဒါန်တွေနဲ့လဲသားတွေသမီးတွေစွဲလမ်း ပြန်ပြီ(စွဲလမ်းပါတယ်ဘုရား)ဒီသား,ဒီသမီးတွေနဲ့မခွဲချင်တဲ့ ကာယကံ ဝစီကံတွေကိုလဲ ပြုလိုက် ပြောလိုက် ဆိုလိုက်တာ မနည်းဘူး၊ (မနည်းပါဘုရား) ဒါ-ယခု ခန္ဓာထဲက ပေါက် ပွားတာမှ ဟုတ်ပါရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့်ဒကာကြွယ်တို့ဦးသန်းမောင်တို့မှတ်စမ်းပါ၊အင်း ၂ နံပါတ်ခန္ဓာထဲက ၃-နံပါတ်ဆိုတဲ့ သမုဒယသစ္စာတွေ ပေါက်ပွားတယ်၊(မှန်လှပါဘုရား)၂-နံပါတ်ခန္ဓာထဲက(၃- နံပါတ်ဆိုတဲ့ သမုဒယသစ္စာတွေပေါက်ပွားပါတယ်ဘုရား)။

ဒါကြောင့် ၃–နံပါတ်မှာကြည့်လိုက်တော့သမုဒယသစ္စာ (မှန်လှပါဘုရား)ဘယ်ထဲက ပေါက်ပွားသလဲ၊ (၂–နံပါတ် ထဲက ပေါက်ပွားပါတယ်ဘုရား) ၂–နံပါတ် ခန္ဓာထဲမှာ ဒါတွေ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် ဒီကာလကျတော့ ၂ ဝိုင်းထဲပြတယ်၊(မှန်ပါ့) ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ သဘောကျရဲ့လား၊ (ကျပါတယ်) အင်း....ဟင် ဒီ တဏှာ ဥပါဒါန်တွေ ပြန်လာတယ်၊ (မှန်ပါ့)မလာဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် အခုအသီးအပွင့်တွေပေါ်လာတာကဘယ်ကာလမှာ ပေါ်လာသတုံးလို့မသိဘဲနေမှာစိုးလို့ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးတဲ့၊ ယခုပစ္စုပ္ပန် ခန္ဓာရှိတုန်း ပေါ်နေတာ၊ (မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီ)ဘာသစ္စာလဲ၊ (သမုဒယသစ္စာပါဘုရား)။

ခန္ဓာထဲက ပေါက်ပွားလာတာလေ၊(မှန်ပါ့)ပစ္စုပ္ပန်ခန္ဓာကြီးကပေါက်ပွားလာတာ၊ ဒါက ပစ္စုပ္ပန်ခန္ဓာကိုးဗျ၊ ၂—နံပါတ်(မှန်ပါ့) အဲဒီ ဒုက္ခ သစ္စာထဲက ဟောဒီသမုဒယသစ္စာဆိုတာတွေဟာ ပေါက်ပွားလာတယ်၊ (ပေါက်ပွားလာပါတယ်ဘုရား) မပေါက်ပွားဘူးလား၊ (ပေါက်ပွားပါတယ်ဘုရား)။

ပေါက်ပွားလာတော့ ဒကာဒကာမတွေသည်—တဲ့ဟောဒီနောက်လမည့် ဘာနဲ့ဆက်ပါလိမ့်ဦးမယ်ဆိုပြီး မြားကလေးပြတယ်၊(မှန်လှပါဘုရား)ဆက်မှဆက်ပါ့မလား၊ (ဆက်ပါတယ်ဘုရား) ဆက်မှာပဲဆိုတာ သေချာကြပလား၊ (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒါမပေါက်ပွားလို့ရှိရင်ဖြင့် ဒီအနာဂတ် ဘဝ မဆက်ဘူးပေါ့ဗျာ၊ (မဆက်ပါဘုရား) ဒါ ပေါက်ပွားလို့ ရှိရင်ကော၊ (ဆက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သူ့ကို ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးကို ပေါက်ပွားတဲ့အတွက်–တဲ့၊ သေသည်၏ အခြားမဲ့၌ ဟောဒီ အနာဂတ်ဘဝနဲ့သွားဆက်မယ်၊ (ဆက်မှာပါပဲဘုရား)။

အနာဂတ်အကျိုးတစ်လှာဆိုပြီးသကာလဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပြန်ပေါ်တယ် (ပေါ်ပါတယ်ဘုရား)ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

အင်း.... ဒီဒုက္ခသစ္စာက အလိုလို လာတာလား၊ ပစ္စုပ္ပန် ခန္ဓာထဲကအသီးအပွင့်ဆိုတဲ့တဏှာဥပါဒါန်ကမ္မဘဝကြောင့် လား(ပစ္စုပ္ပန်ဘဝထဲက တဏှာဥပါဒါန်ကမ္မဘဝကြောင့်ပါ ဘုရား)ပေါ်ရဲ့လား ဒကာကြွယ်တို့၊ (ပေါ်ပါတယ်ဘုရား) ဦးသန်းမောင်စာထဲမှာကြည့်ပါပေါ်ရဲ့လား (ပေါ်ပါတယ် ဘုရား) ပစ္စုပ္ပန် ခန္ဓာထဲက တဏှာ ဥပါဒါန် ကမ္မဘဝတွေ မပါဘူးလား၊ (ပါပါတယ်ဘုရား)။

အဲဒီတော့ ပစ္စုပ္ပန်ခန္ဓာကြီးက ဒုက္ခသစ္စာ ခန္ဓာပင်ကြီးက သီးပွင့်လာသောကြောင့် အနာဂတ်ဘဝ၌ဖြင့် ဆက်ပေါ့ဆို ပြီး မြွားပြတယ်၊(မှန်ပါ့ဘုရား) မဆက်ဘူးလား၊ (ဆက်ပါ တယ်ဘုရား) ဆက်တော့ အနာဂတ်ဘဝက ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဟုတ်တယ်–တဲ့၊ဒကာဒကာမတို့ ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏတွေ လာပါလိမ့်မယ်၊ (လာပါတယ်ဘုရား)မလာပေဘူးလား (လာပါမယ်ဘုရား) ဒါတွေက ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့မှာ·တဲ့၊ ဒုက္ခသစ္စာ အခု ဘယ် နှစ်ခါရပြီးပလဲ၊(နှစ်ခါရပြီးပါပြီ) အတိတ်ကြောင့်လဲ ဒုက္ခ

http://www.dhammadownload.com



သစ္စာရပြန်တယ်၊(မှန်ပါ့)ပစ္စုပ္ပန်ကြောင့်ကော၊ (ဒုက္ခသစ္စာ တစ်ခါရပါတယ်)ဒုက္ခသစ္စာ တစ်ခါရတော့ ဒုက္ခ ဘယ်နှစ်ကြိမ် ရှိသွားပြီလဲ၊ (နှစ်ကြိမ် ရှိသွားပါပြီဘုရား)။

အဲ-ဒကာဒကာမတို့ တစ်ဝိုင်းလုံးမှာ နောင်ကိုလဲ လွန်ပြီးသွားက အတိတ်ဖြစ်ပြီးသကာလဒီလိုချည့် ပြန်ပတ်မယ်ဆိုရင် ဒီအဝိုင်းကြီးဟာ လှည့်လို့ ပြီးပါ့မလား၊ (မပြီးပါဘုရား) ဘာသစ္စာတွေသာ လှည့်နေမယ် ထင်ကြသတုံး၊ (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာတွေသာ လှည့်နေကြမယ် ဘုရား) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒီလိုဆိုကြပါစို့၊သမုဒယသစ္စာက လောင်တတ်တဲ့မီး၊(မှန်ပါ့ဘုရား)ဒုက္ခသစ္စာက လောင်စာ၊(မှန်ပါ့ဘုရား) လောင်မီးနဲ့လောင်စာပဲ လှည့်နေတယ်၊ငြိမ်းချမ်းတာ မပါ၊ (မှန်ပါ့ဘုရား)ဘာလှည့်နေသလဲ၊ (လောင်မီးနဲ့လောင်စာပဲ လှည့်နေပါတယ်ဘုရား)။

ဒကာကြွယ်-နောက်တုန်းက ဘယ်လိုနေခဲ့ရတယ်ဆိုတာ ဖြင့် ယနေ့ပေါ်ပါပြီ၊(ပေါ်ပါပြီဘုရား)ဦးသန်းမောင် ဘာတွေလှည့်နေသတုံး(လောင်မီးနဲ့လောင်စာလှည့်နေပါတယ်) ကြည့်လိုက် လောင်မီးက သမုဒယသစ္စာ၊ လောင်စာက ခန္ဓာ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား)။

တော်တော်ကြာ လောင် စာ ထဲ က နေပြီးသကာလ လောင်မီး ပေါ်တယ်၊ (ပေါ်ပါတယ် ဘုရား) လောင်မီး ပေါ်ပြန်တော့ ရှေ့လောင်စာ ဖြစ်ပြန်တယ်၊ (ဖြစ်ပါတယ် ဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်ဘုန်းကြီးတို့ဒကာဒကာမတွေမှာ တစ်သံသရာလုံး တပည့်တော်ဘာများဖြစ်ခဲ့သတုံးလို့ မေးလို့ရှိရင်ဖြင့် လောင်မီးနဲ့လောင်စာပဲ ဖြစ်တယ်ဟေ့....လို့ ဆုံးဖြတ်ချက် ချပါ၊ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ....နောက်က ဘာများ ဖြစ်ခဲ့ကြသလဲ၊ (လောင်မီးနဲ့လောင်စာပဲ ဖြစ်ခဲ့ကြပါတယ်ဘုရား)လောင်မီး တစ်လှည့် လောင်စာတစ်လှည့် ဖြစ်ခဲ့ပါတယ်။

အင်း....ဟင်....ဒီလောင်စာထဲကဘာတွေတောက်လာပြန်သတုံး၊ (လောင်မီးတွေ တောက်လာပါတယ်ဘုရား)လောင်မီးတွေတောက်လာတော့ နောက်ဘာတွေ ပေါ်ပြန်သတုံး၊ (လောင်စာတွေပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာကြွယ် နောက်သံသရာကြီး သိပြီ၊ (မှန်ပါ့) မသိသေးဘူးလား၊ (သိပါတယ်ဘုရား) ဒကာ ဒကာမတို့ ကဲ—ပြန်လှည့်ပြပါမယ်တဲ့၊ဟောဒီအတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးမလာဘူးလား၊ (လာပါတယ်ဘုရား) ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်အကျိုး၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီဘုရား)။

အတိတ်အကြောင်းကြောင့်၊(ပစ္စုပ္ပန်အကျိုးလာပါတယ် ဘုရား) ပစ္စုပ္ပန်အကြောင်းကြောင့်၊ (အနာဂတ်အကျိုးလာ ပါတယ်ဘုရား)အတိတ်အကြောင်းကြောင့်၊(ပစ္စုပ္ပန်အကျိုး လာပါတယ်ဘုရား) ပစ္စုပ္ပန်အကြောင်းကြောင့်၊ (အနာဂတ် အကျိုး လာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ ရှေးတုန်းက ငါ ဘာဖြစ်ခဲ့ ပါလိမ့်မတုံးဆိုတော့ အကြောင်း,အကျိုးပဲ ဖြစ်ခဲ့တယ်၊(မှန်

http://www.dhammadownload.com



လှပါဘုရား) အကြောင်းကြောင့်အကျိုးဖြစ်တာပဲ၊(မှန်ပါ့) ယောကျ်ား, မိန်းမ ပါသေးရဲ့လား၊ (မပါ,ပါဘုရား) အကြောင်းအကျိုးတွေသာ လှည့်နေတယ်ဆိုတာ မပေါ်သေးဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ဩော်....ဒါတွေသိရတော့မှ ငါတို့သည်ကား-လို့ ဆိုလို့ ရှိရင်ဖြင့် သမုဒယနဲ့ဒုက္ခသာလှည့်တယ်၊ (မှန်ပါ့) သစ္စာလေးပါးမှာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ ဘဝများစွာက လုံးလုံး မပါခဲ့ပါလားဆိုတာ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

ဘဝများစွာက ဘယ်သစ္စာ နှစ်ခုနဲ့သာ လှည့်နေသတုံး၊ (သမုဒယသစ္စာ,ဒုက္ခသစ္စာနှစ်ခုနဲ့သာလှည့်နေပါတယ်ဘုရား)

ဒကာကြွယ် မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ ဘယ်အခါမှ မပေါ်ခဲ့ပါဘူး၊ (မပေါ်ပါဘူးဘုရား) ပေါ်ခဲ့ရဲ့လား၊ (မပေါ်ခဲ့ပါဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာပေါ်အောင် ပြောရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

သေသေချာချာ မှတ်ကြပါ၊ ယနေ့ ဘယ်တရားဟောမှာ ပါလိမ့်၊ (မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာတရား ဟောမှာပါဘုရား) မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ ပေါ်အောင် ပြောရမယ်၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့်ဒကာဒကာမတို့ဟှောဒီအောက်ဆုံးမှာ ရှိတဲ့ မြားကလေးကို ကြည့်တာပေါ့ဗျာ....နော်၊ (မှန်ပါ့) ထုံးစံအတိုင်းဆိုတော့ ဒကာ ဒကာမတွေ ရ,ထားတာက "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ

http://www.dhammadownload.com



ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ''ဒီလို လှည့်မသွားဘူးလား၊ (လှည့်သွားပါတယ်ဘုရား)။

အင်း....ဟင်....အတိတ် အကြောင်းက ဒကာ ဒကာမတို့ သိတဲ့အတိုင်း အဝိဇ္ဇာ သင်္ခါရ၊ (မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်အကျိုးက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာ, ဟုတ်လား၊ (မှန်ပါ့)။

ပစ္စုပ္ပန်အကြောင်းက တဏှာ ဥပါဒါန် ကမ္မဘဝ၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အနာဂတ်အကျိုးက ဇာတိ ဇရာ မရဏ၊ (မှန်ပါ့ဘုရား) ဒ့ါပဲရှိတယ်၊(မှန်လှပါဘုရား)ဒီလိုချည်းလှည့်မနေဘူးလား၊ (လှည့်နေပါတယ်ဘုရား)။

အဲဒီကဲ့သို့လှည့်နေတော့ ဒါ ဘယ့်နှယ်ကြောင့် လှည့်သွားပါလိမ့်မတုံးလို့ဆိုတော့ ဒီနေရာမှာ အစပ်ကလေးတွေ မဖြတ်တတ်လို့မှတ်၊ (မှန်လှပါဘုရား) (ဒီအစပ်ကလေးတွေ မဖြတ်တတ်လို့ပါဘုရား) ဦးလှဘူး ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒီအစပ်ကလေးဟာ တာနဲ့တာ စပ်သတုံး ဆိုလို့ရှိရင် ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန်အကြောင်း သွားစပ်တယ်၊ (မှန်ပါ့ဘုရား) ကြည့်လေ....ဒီဘက် ပစ္စုပ္ပန်အကျိုးတရားနဲ့ ပစ္စုပ္ပန်အကြောင်းတရား သွားစပ်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအကြောင်းတရားမပေါ်မှ ကိုက်မယ်၊ (မှန်ပါ့ဘုရား) ၃-နံပါတ်မပေါ်မှကိုက်မယ်၊ (မှန်ပါ့ဘုရား)ဘယ်လိုမှတ်ကြမယ်၊ (၃-နံပါတ် မပေါ်မှ ကိုက်ပါမယ် ဘုရား)

http://www.dhammadownload.com



၃-နံပါတ် မပေါ်မှ သေချာမယ်ဆိုတာ ရှင်းကြပလား၊ (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ၃-နံပါတ် မပေါ်အောင် ဒီအဆက်ကလေးကို ဖြုတ်ရမယ်နော်၊ (မှန်ပါ့) ဒီအဆက်ကလေးကို ဖြုတ်ရအောင်ဆိုတော့ ဝေဒနာပစ္စယာ တဏှာဆိုရင်ဆက်ပြီ၊ (ဆက်ပါပြီဘုရား) ဝေဒနာပစ္စယာ၊ (တဏှာဆိုရင် ဆက်ပါပြီဘုရား)။

ဒါဖြင့် ဒီအောက်နားက ကြည့်လိုက်၊ ဝေဒနာနိရောဓာ၊ တဏှာနိရောဓောဆိုရင်ပြတ်ပြီ၊ (ပြတ်ပါပြီဘုရား) "ဝေဒနာပစ္စယာ တဏှာ"ဆိုရင်၊ (ဆက်ပါတယ်ဘုရား) ဒီဝေဒနာနဲ့ တဏှာဆက်ပြီလို့ မြားက,ပြတယ်၊ (ပြပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အောက်နားကြည့်လိုက်တော့ ဒကာ ဒကာမတွေ စာထဲပဲကြည့်စမ်း၊ ၂-နံပါတ်မှာ ဘယ့်နှယ်ပါသတုံးတဲ့၊ (ဝေဒနာနိရောဓာ, တဏှာနိရောဓောပါဘုရား) "ဝေဒနာနိရောဓာ, တဏှာနိရောဓော"၊ (မှန်ပါ့ဘုရား) ကဲ....ရှင်းကြပလား၊ (ရှင်းပါပြီဘုရား) ဘယ်လိုလဲ၊ (ဝေဒနာ နိရောဓာ တဏှာနိရောဓောပါဘုရား)။

ဒါဖြင့် ဝေဒနာ နိရောဓာ တဏှာနိရောဓောမှ ဒကာ ဒကာမတွေမလုပ်နိုင်လို့ရှိရင် ဒကာ ဒကာမတို့ခက်ပြီ၊ (မှန်ပါ့ဘုရား) ဦးသန်းမောင် ခက်ပြီ၊ (ခက်ပါပြီဘုရား) ဝေဒနာနိရောဓာ, တဏှာနိရောဓောမလုပ်နိုင်ရင်၊(ခက်ပါပြီဘုရား)။

ခင်ဗျားတို့ ဆရာဘုန်းကြီးနဲ့သာ မတွေ့ဘူး၊ တကယ့်သူတော်ကောင်းတွေနဲ့သာ မတွေ့ဘူးဆိုရင်ဖြင့် ဒါ-ထုံးစံပဲ၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ဖဿပစ္စယာ (ဝေဒနာ) ဝေဒနာပစ္စယာ၊ (တဏှာ) ကြည့် မြားကလေး ဘယ့်နှယ်ပြသလဲ၊ (ဝေဒနာနဲ့ တဏှာ ဆက်ပါတယ်ဘုရား)။

ဝေဒနာနဲ့ တဏှာဆက်ပြီး၊ တဏှာပစ္စယာ၊(ဥပါဒါန်ပါ ဘုရား) ဥပါဒါနပစ္စယာ၊(ဘဝပါဘုရား) ကမ္မဘဝပစ္စယာ၊ (ဇာတိပါဘုရား)။

ဟော....ဒကာ ဒကာမတို့ အနာဂတ်အကျိုးနဲ့ သွားဆက်တယ်၊ (ဆက်ပါတယ်ဘုရား) ဇာတိ ဘာသစ္စာ၊ (ဒုက္ခသစ္စာ ပါဘုရား) ဇရာ မရဏကော၊ (ဒုက္ခသစ္စာပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဒုက္ခသစ္စာကြီး တပည့်တော်တို့ တွေ့ရပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ "ဝေဒနာ ပစ္စယာ တဏှာ" ကို ဒကာ ဒကာမတွေက ကြိုးစားလို့၊ (မှန်ပါ) သဘောကျပလား၊(ကျပါပြီ) "ဝေဒနာပစ္စယာတဏှာ"ကို ဒကာကြွယ်တို့က လိုက်စားမိတယ်၊ (လိုက်စားမိပါတယ် ဘုရား) "ဝေဒနာနိရောဓာ တဏှာနိရောဓော"ကို မလိုက်စားမိဘူး၊ (မလိုက်စားမိပါဘုရား)။

အဲဒီမှာ ငါးပါးမှောက်တယ်၊(မှန်လှပါ)ရှင်းကြပလား၊ (ရှင်းပါပြီ) ဒါဖြင့် ဒကာ ဒကာမတို့ ဒါကလေး ဆက်ချင်လို့ရှိရင် ဝေဒနာပစ္စယာ၊ (တဏှာပါဘုရား)။

ဒီအဆက်ကလေး ဒီမြားကလေး ပြတ်ချင်လို့ ရှိရင်ဖြင့် ဒီဘက်သွားရမယ်၊ (ဝေဒနာ နိရောဓာ တဏှာနိရောဓော ပါ ဘုရား)။

ဒါဖြင့် "ဝေဒနာနိရောဓာ တဏှာနိရောဓော"ဟာ သိပ်အရေးကြီးတယ်၊ (ကြီးပါတယ်ဘုရား) ဒကာ ဒကာမတို့

http://www.dhammadownload.com



ဘာအရေးကြီးပါလိမ့် (ဝေဒနာနိရောဓာ တဏှာနိရောဓော အရေးကြီးပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒို့သည်ကားလို ဆိုလို့ရှိရင် ဝေဒနာ ပစ္စယာ တဏှာနဲ့နေတယ်ဆိုပြီးသကာလ ဒီဘက်ကို လှည့်လှည့် မသွားကြဘူးလား၊ (သွားပါတယ်ဘုရား) အဲဒါ ဘယ့်နှယ် ကြောင့် လှည့်ပါလိမ့်မတုံး မေးရင် ဖြေတတ်ကြပလား၊ (ဖြေတတ်ပါတယ် ဘုရား) ဘယ်လိုပါလိမ့်ဗျာ (ဝေဒနာ ပစ္စယာ တဏှာပါဘုရား)။

"ဝေဒနာပစ္စယာတဏှာ"ဆိုလို့ရှိရင် ကမ္မဘဝဇာတိတွေနဲ့ အနာဂတ်ဘဝတွေ ဆက်ရတော့မယ်၊(မှန်ပါ့)ဦးသန်းမောင် မဆက်ပါနဲ့ဆိုလို့၊ (မရပါဘုရား) မရဘူးတဲ့။

ဒါဖြင့် "ဝေဒနာပစ္စယာတဏှာ"ဆိုတဲ့ဥစ္စာသည်၊ ဒကာ ကြွယ် သံသရာ ဆက်လမ်း၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)ဒါ့ကြောင့်"ဝေဒနာပစ္စယာတဏှာ"ဆိုတာ ပဋိစ္စ သမုပ္ပါဒ်လည်လမ်းဆိုတာပေါ်ပလား၊(ပေါ်ပါပြီဘုရား)။

ကဲ... ဒီဘက်ပြထားတဲ့ အကြောင်းကလေးအတိုင်း ဖတ် လိုက်တော့ ဘာတဲ့၊ (ဝေဒနာနိရောဓာ တဏှာနိရောဓောပါ ဘုရား) "ဝေဒနာနိရောဓာ တဏှာနိရောဓော"လို့ ဆိုတာ ဒကာ ဒကာမတွေ ရှင်းသွားပြီ၊ (ရှင်းသွားပါပြီဘုရား)။

ဩော်....ဝေဒနာချုပ်အောင် ပြုနိုင်လို့ရှိရင် တဏှာချုပ် တယ်၊ (မှန်လှပါ) ဒီတဏှာချုပ်လို့ရှိရင် ဥပါဒါန်ကော၊ (ချုပ်ပါတယ်ဘုရား)ကမ္မဘဝ၊ (ချုပ်ပါတယ်ဘုရား) ကမ္မ ဘဝချုပ်တော့ သမုဒယသစ္စာ ချုပ်တယ်၊ (မှန်ပါ့) သမုဒယ

http://www.dhammadownload.com



သစ္စာချုပ်တော့ကိုတဲ့ ဒုက္ခသစ္စာဆိုတဲ့ ဇာတိ ဇရာ မရဏ လာသေးရဲ့လား၊ (မလာပါဘုရား)။

ဒါဖြင့် ဝေဒနာနိရောဓာ တဏှာနိရောဓော ဆိုတာ သမုဒယသစ္စာချုပ်အောင် လုပ်တာ၊ (မှန်လှပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား) ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတာ(သမုဒယသစ္စာချုပ်အောင် လုပ်တာပါဘုရား)။

''ဝေဒနာပစ္စယာ တဏှာလို့ ၃-ကြားမှာ ပါတဲ့ မြားနဲ့အတန်းမှာ ကြည့်လိုက်တော့ ဩော်-ပဋိစ္စသမုပ္ပါဒ်ဆက်တာ၊ (ဆက်တာပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) 'ဝေဒနာနိရောဓာ တဏှာနိရောဓော' ဆိုတဲ့ဟာက ပဋိစ္စသမုပ္ပါဒ်ပြတ်တာ၊ (မှန်လှပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခုပစ္စုပ္ပန်ဘဝမှာပဲ ဒကာ ဒကာမတို့ ဝေဒနာကို ဝိပဿနာ ရှုရမယ်၊ (မှန်လှပါဘုရား) ဒကာကြွယ်.... ဘာလုပ်ရမယ်၊ (ဝေဒနာကို ဝိပဿနာ ရှုရပါမယ်ဘုရား)။

ဝေဒနာကို ဝိပဿနာရှုတော့ ဒကာ ဒကာမတွေက မှတ်ပါတဲ့၊ဒီဝေဒနာကလေးသည် ဝေဒနာပေါ်တိုင်းပေါ်တိုင်း ဝေဒနာက ဒကာ ဒကာမတွေမှာ သင်ထားတာက သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ မဟောဘူးလား၊ (ဟောပါတယ် ဘုရား) သောမနဿဝေဒနာ ဒေါမနဿဝေဒနာလို့လဲ ဝေဒနာငါးမျိုး မဟောဘူးလား၊ (ဟောပါတယ် ဘုရား)။

ပေါ်တိုင်း ပေါ်တိုင်း ဒါပစ္စုပ္ပန်ခန္ဓာထဲမှာ ပေါ်တာပဲ၊ (မှန်ပါ)ပေါ်တိုင်းပေါ်တိုင်း ဒကာ ဒကာမတွေက ဝေဒနာ

http://www.dhammadownload.com



ပေါ်တိုင်း ဝေဒနာဖြစ်ပျက်လို့ ဉာဏ်နဲ့ ရှုရှုပေး၊ (မှန်လှပါ ဘုရား)ဉာဏ်နဲ့ရှုပေးတော့ ဟောဒီ အဆက်ကလေးဟာ ပြတ်သွားတယ်၊ (ပြတ်သွားပါတယ် ဘုရား)။

ဒီအဆက်ကလေးသည် ဒကာဒကာမတို့ ဝေဒနာနဲ့တဏှာ ဆက်တာကို မဂ်က ဒီ မြားကလေးပေါ်မှာ သွားကျတယ်၊ (မှန်လှပါဘုရား) မဂ်က ဒီမြားကလေးပေါ်မှာ သွားကျတော့ကို ဒီ မြားကလေးကို မဂ်က ဖြတ်ပစ်လိုက်တယ်၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် တဏှာလာသေးရဲ့လား၊(မလာပါဘုရား)ဒါဖြင့် ဝေဒနာနိရောဓာ ဒီနေရာမှာ ဖြစ်ပျက်ရှုတဲ့ မဂ်ကလေးသွင်းလိုက်၊ (မှန်လှပါဘုရား) 'တဏှာနိရောဓောတိမဂ္ဂေါကိုဗျ၊ (မှန်ပါ့)တဏှာချုပ်အောင်ရှုနိုင်တာဘယ်သူပါလိမ့်၊(မဂ်ပါဘုရား) အဲ....မဂ်လာတော့ ဒီတဏှာ ဆက်ခွင့်ရသေးရဲ့လား၊ (မရပါဘုရား) ဝေဒနာ ဝေဒနာအတိုင်း ထားမှသာလျှင် တဏှာဉပါဒါန်လာမှာကိုး၊(မှန်ပါ့)ကျုပ်တို့က ဝေဒနာကို ဖြစ်ပျက်တဲ့ အနိစ္စလို့ဆိုပြီး မဂ်ကလေး ဒီကြားထဲ သွင်းလိုက်တယ်၊(မှန်ပါ့) ဒကာကြွယ် ဒီကြားသွင်းလိုက်တော့ စပ်သေးရဲ့လား၊ (မစပ်ပါဘုရား)

ပြတ်သွားတယ်. (မှန်ပါ့) အစပ်က ပြတ်သွားတယ်၊ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ) အစပ်က ဘာတဲ့၊ (အပြတ် ဖြတ်သွားပါတယ်ဘုရား)အစပ်က အပြတ်ဖြတ်သွားတော့ ဘာပြတ်သတုံးလို့ မေးရင် ဒီ အနာဂတ် သံသရာတွေ အကုန်ပြတ်ပါတယ်၊ (မှန်လှပါ)မပြတ်ဘူးလား၊(ပြတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတွေ ရှုနေတဲ့ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ရှုနေတာသည် ဒကာဒကာမတို့သိတဲ့အတိုင်း-တဲ့၊ ပစ္စုပ္ပန်အကြောင်းတရားတွေ ဖြစ်နေတာ၊ (မှန်ပါဘုရား) ဘာတွေ ဖြစ်နေတာလဲ၊ (ပစ္စုပ္ပန် အကြောင်း တရားတွေ ဖြစ်နေတာပါဘုရား)။

ဒါဖြင့်ဒီအလုပ်မလုပ်တဲ့ပုဂ္ဂိုလ်ဟူသရွေ့မှာဖြင့် ဒကာကြွယ် ဆုချည်းတောင်းနေတယ်၊ ဒီလိုတော့ အစပ်ကလေး မဖြတ် ဘူးဆိုလို့ရှိရင်ဖြင့် ပြတ်ပါမလား၊(မပြတ်ပါဘုရား) တကယ့် ကို ငမ်းထဲ မဂ်လာမှနော်၊ (မှန်လှပါ)။

ဒါဖြင့် ပေါ်လာတာလဲ ဝမ်းထဲမှာ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတဲ့ဝေဒနာ၊ (မှန်ပါ)မဂ်ကလဲ ဝမ်းထဲမှာ ပေါ်တဲ့ မဂ်ဆိုလို့ရှိရင်ဖြင့် ပြတ်ပြီ၊ (ပြတ်ပါပြီဘုရား)။

ဟာ-ဒီမဂ်မလာတော့ပါဘူး၊တပည့်တော်တို့ထုံးစံအတိုင်း နဲ့နေပါတော့မယ် ဆိုလို့ရှိရင်ဖြင့် ဝေဒနာပစ္စယာ တဏှာပဲ လာမယ်၊(မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီ)။

ဒါဖြင့်ဒီဝေဒနာကို ဖြစ်ပျက်မြင်ရင်ဖြင့် ကြားထဲကမဂ်က ဒီအဆက်ဖြတ်တယ်၊ (မှန်လှပါ) ဝေဒနာ ဖြစ်ပျက်မြင်ရင် (ကြားထဲကမဂ်က ဒီအဆက် ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအစပ်,စပ်နိုင်သေးရဲ့လား (မစပ်နိုင်ပါဘုရား) ဒီအစပ်မှ မစပ်လို့ရှိရင် ဒီအစပ်က အပိုဖြစ်သွားပြီ၊ (အပိုဖြစ် သွားပါပြီဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့်ဝိပဿနာလုပ်တာသည်ဒကာဒကာမတို့ ၁-နံပါတ် အစပ်၊ ၂-နံပါတ် အစပ်ရှိရာတို့တွင် ဘယ်အစပ် ဖြတ်ပါလိမ့် မတုံး၊ (၂-နံပါတ် အစပ် ဖြတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



သေသေချာချာမှတ်ပါ သေသေချာချာမှတ်ပါ၊ ၂နံပါတ် အစပ်ဖြတ်မယ်၊ (မှန်လှပါ) ဒကာဒကာမတို့ ဝိပဿနာ လုပ်တာသည် ၁-ဖြတ်တာလား၊ ၂-ဖြတ်တာလား(၂-ဖြတ်တာပါဘုရား)။

ဟောဒီ ၂အဆက်ကတော့လွန်ပြီးသားမို့ ဖြတ်လို့မရဘူး (မှန်လှပါ) ၂-အဆက်ကတော့ ယခု ဖြတ်မယ်ဆိုရင် ရသေးတယ်၊(ရပါသေးတယ်ဘုရား) ရိပ်မိပလား၊(ရိပ်မိပါပြီ)၂-အဆက်ကတော့ (ယခုဖြတ်မယ်ဆို ရပါသေးတယ်)ယခုဖြတ်မယ်ဆို သေသေချာချာရပါသေးတယ်၊ (မှန်ပါ့) ဒကာကြွယ် သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ယခု ဘာဝ နိဗ္ဗာန်ရနိုင်-မရနိုင်ဆိုတဲ့ဥစ္စာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ၂-အဆက် ဖြတ်နိုင်ရင် နိဗ္ဗာန်ရမယ်၊ (မှန်လှပါ ၂-အဆက် မဖြတ်နိုင်ရင် (နိဗ္ဗာန် မရပါဘုရား)။

နိဗ္ဗာန် မရဘူးဆိုတော့ ဩော်....ဒါဖြင့် ဆရာသမားနဲ့ ခင်ဗျားတို့က ကဲ တပည့်တော်တို့ဘုရား၊ ၂-နံပါတ်ကို ဖြတ်တတ်တဲ့ မဂ်အလုပ်-လုပ်ပါတော့မယ်လို့ ဒီတရားပွဲမှာ ဒကာဒကာမတွေက တာဝန်ခံလို့ရှိရင်ဖြင့်-တဲ့၊ ဒီအဆက်ကလေးဟာ ဖျက်ပစ်ရမယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီအဆက်ကလေး ဘာလုပ်ရမယ်၊ (ဖျက်ပစ်ရပါမယ်ဘုရား) ဖျက်ပစ်ရမှာပဲ၊ ဒီအဝိုင်းထဲ မထားနိုင်တော့ဘူး၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဝိပဿနာအလုပ် မလုပ်ဘူး၊ ဒါနကလေးလုပ်, သီလကလေးလုပ်၊ တော်ရုံပဲ သွားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်နေတယ်၊ မဂ်ဆိုက်တဲ့အလုပ်ကို မလုပ်တော့ပါဘူး ဆိုတဲ့ ပုဂ္ဂိုလ်အတွက်ကတော့ဖြင့် ဝေဒနာပစ္စယာ တဏှာ ဆိုပြီး ဒီဘက် ပြန်ဆက်ပြန်တယ်၊ (ဆက်ပြန်ပါတယ် ဘုရား)။

ဒုတိယအဆက်နဲ့ဆက်ပြီး တတိယအဆက်နဲ့ပြန်ဆက်တယ် (မှန်လှပါဘုရား)သေသည်၏အခြားမဲ့၌ တတိယကဆက်ပေးလိမ့်မယ်ဆိုပြီး တစ်ခါ ဇာတိ, ဇရာ, မရဏ ပြန်လာတယ်၊ (မှန်ပါ့ မလာဘူးလား၊ (လာပါတယ်ဘုရား)။

အဲဒါက ဘာမလုပ်တဲ့ပုဂ္ဂိုလ်တုံး-ဆိုတာကော ယနေ့ဖြင့် ရှင်းရှင်းကြီး ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား) ဒကာကြွယ်.... ဘယ်လိုပေါ်တာတုံး၊ (ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် ဒကာဒကာမတို့ ဒီအဆက်ဖြတ်နိုင်ပါ့မလား၊ (မဖြတ်နိုင်ပါဘုရား)မဖြတ်ဘူး၊စပ်တယ်သာဖြစ်တယ်၊ (မှန်ပါ့) ဖြတ်လို့ (မဖြစ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကြာလဲကြာပါပြီ၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဆရာသမား ကိုးကွယ် ဆည်းကပ်ပြီး ဒီနည်းနာယူပြီးသကာလ နေ့တိုင်းဖြစ်ပျက်ရှုကြရဲ့လားလို့ ဘုန်းကြီးက မေးတယ်၊ (မှန်ပါ့ဘုရား) မေးတဲ့ အခါကျတော့ ဒကာဒကာမတွေကလဲ ရှုပါတယ်ဘုရားလို့ပဲ အများပဲဖြေကြတယ်၊ (မှန်လှပါဘုရား)။

အများဖြေကြတာဟာ သြော်-ဒို့ဘာကြောင့် ဝိပဿနာရှုရပါလိမ့်မယ်ဆိုတာဖြင့် ယနေ့ ပေါ်လာတယ်-တဲ့၊ ဒကာဒကာမတွေ ၂-နဲ့ ၃-မဆက်မိအောင်၊ (မှန်လှပါဘုရား)

http://www.dhammadownload.com



ရှင်းပလား၊(ရှင်းပါပြီဘုရား)ဘာတဲ့တုံး၊ (၂-နဲ့ ၃-မဆက်မိအောင်ပါဘုရား)။

အင်း....ဟင်-ဒါဖြင့် ကိုယ့်ဟာကိုယ် ဖြတ်နေကြတာကိုး၊ (မှန်ပါ့ဘုရား) အင်း....ဟင် ဘာလုပ်နေကြပါလိမ့်၊ (ကိုယ့်ဟာကိုယ် ဖြတ်နေကြပါတယ်) ကိုယ်ဖြစ်လာမည့် ဒုက္ခတွေကို ဖြတ်နေကြတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝိပဿနာအလုပ်ဆိုတာ သူများအကျိုးငှာ လုပ်တာလား၊ (ကိုယ့်လာမည့် ရှေးဒုက္ခတွေကို ကိုယ်ဖြတ်နေပါတယ်ဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့ မှတ်လိုက်စမ်းပါ၊ ကိုယ်ဖြတ်ရင် ကိုယ်သာပြတ်တယ်၊(မှန်ပါ့)သားသမီးကဖြတ်ရင်(သားသမီးသာပြတ်ပါတယ်ဘုရား)အမေ-အဖေက ဖြတ်ရင်(အမေအဖေသာ ပြတ်ပါတယ်ဘုရား)။

အဲဒါကြောင့်ခင်ဗျားတို့ဒါနတို့-သီလတို့ကို ကိုင်း-ကျုပ် ဒါနလဲလုပ်ပါတယ်၊ သီလလဲဆောက်တည်ပါတယ်၊အားလုံးအမျှယူကြပါဆိုတော့ ထက်ဝက်ရတယ်၊ (မှန်လှပါဘုရား)။

ဒါကတော့ ကိုယ်တိုင်ဖြတ်မှ ကိုယ်ရတာ ဖြစ်လေသောကြောင့်-တဲ့၊မဂ်စစ်သာဆိုရင် အမျှဝေလို့မရဘူး၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)အမျှဝေလို့ဘယ့်နှယ်တုံး၊ (မရပါဘုရား) မရဘူးဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ- ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်သန္တာန်မှာ ဒီနားမင်္ဂဝင်တော့ ကိုယ့်ဝမ်းထဲမှာ မင်္ဂကလေးဝင်လာတယ်၊ ကိုယ့်ဝမ်းထဲက ဝေဒနာကို ကိုယ့်မင်္ဂနဲ့ရှုလိုက်တော့ ဒီအဆက်ကလေး ဘာဖြစ်သွားသလဲ၊(ပြတ်သွားပါတယ်ဘုရား)။

ပြတ်သွားကြောင်းကို ဒီပါဠိတော်ကပြတယ်၊ (မှန်ပါ့) ဘယ့်နှယ်ပြပါသလဲ၊ (ဝေဒနာ နိရောဓာ တဏှာ နိရောဓော ပါ ဘုရား)။

ဟော....ဝေဒနာတွေဟာ ဖြစ်ပျက် ချုပ်သွားတဲ့အတွက် တဲ့၊ မင်္ဂဝင်လာလို့ ဝေဒနာ နိရောဓာ တဏှာ နိရောဓော ဆိုတဲ့ဉစ္စာ တဏှာချုပ်တယ် ဆိုတဲ့ဉစ္စာ ဒီတဏှာ မလာဘူး- တဲ့၊ ဒီနေရာ မင်္ဂကဖြတ်လိုက်လို့၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာဖြစ်ပျက်ရှုရင် ဝေဒနာက ဒါ-ခန္ဓာထဲ ပေါ့ဗျာ၊ (မှန်ပါ့ဘုရား) ဒီဝေဒနာကလေးက ခန္ဓာထဲ ပေါ်တော့ ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တော့ မင်္ဂက ဒီ အဆက်မှာ လာပေါ်တယ်၊ (မှန်လှပါဘုရား)။

မင်္ဂက ဘယ်နေရာက လာပေါ်သလဲ၊ (ဒီအဆက်မှာ လာပေါ်ပါတယ်ဘုရား) ဒါဖြင့် အဆက်ဖြတ်တာ မင်္ဂပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ) အဆက်ဖြတ်တာ (မင်္ဂပါဘုရား) အဆက်ဖြတ်တာ မင်္ဂပဲဆိုတော့ ဒကာဒကာမတွေ ကောင်းကောင်းသဘောပေါက်ရဲ့လား၊ **သဘောပေါက်ပလား၊(သဘောပေါက်ပါပြီဘုရား)။**

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နေ့တိုင်းလိုလိုပဲ ဝိပဿနာလုပ်ကြပါ၊ ဝိပဿနာလုပ်ကြပါဆိုတာ ကိုယ့်ဒုက္ခ ဖြစ်ကြောင်း ကိုယ်ဖြတ်ပါ၊ (မှန်ပါ့ဘုရား) ဘာပါလိမ့်၊ (ကိုယ့်ဒုက္ခဖြစ်ကြောင်း ကိုယ်ဖြတ်ပါ)။

ကိုယ့်ဒုက္ခဖြစ်ကြောင်းကို ကိုယ်ဖြတ်ပါဆိုတဲ့ဥစ္စာ ကျုပ်တော့ဖြင့် ဒကာဒကာမတွေက အင်း–ဝိပဿနာတော့ ကြိုးစားပါတယ်၊ ကြိုးစားပေမယ့် တစ်ခါတလေကျတော့ မကြိုးစားဖြစ်ဘူး၊ ကိစ္စ-ဝိစ္စတွေက များလွန်းလို့ ဒကာဒကာမတွေ ဒီလိုလဲ ပြောတတ်ကြတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီလို ပြောတာသည် ကိုယ့်ဒုက္ခ ကိုယ်မဖြတ်ချင်သေးလို့ ပြောတာ၊ (မှန်လှပါဘုရား)ဘယ်လိုမှတ်ကြမယ်၊ (ကိုယ့်ဒုက္ခ ကိုယ် မဖြတ်ချင်သေးလို့ ပြောတာပါဘုရား)။

ကိုယ့်ဒုက္ခ ကိုယ်မဖြတ်ချင်သေးလို့ ပြောကြတဲ့ ဒကာဒကာမတွေဆိုတော့ ဒီနေ့တော့ဖြင့် ကျုပ် ဝိပဿနာအလုပ်ဟာ မလုပ်ပါဘူး၊ (မှန်လှပါဘုရား)။

ဘာပြုလို့တုံး–လို့ မေးတော့ အို– ကိစ္စတွေကများနေလို့၊ အင်း– ဟင်–တန်ဆောင်မုန်းလလဲ ကထိန်လေးတွေက ခင်းစရာရှိတယ်၊ သွားစရာ-လာစရာလေးတွေကလဲ ရှိတယ်၊ သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ ကလေးတွေကလဲ ရှိတယ်၊ ဒါ့ကြောင့် တပည့်တော်တို့ ဝိပဿနာအလုပ်- မလုပ်ဖြစ်ဘူး၊ (မှန်လှပါဘုရား)။

မင်္ဂမပေါ်ဘူးပေါ့ဗျာ၊ (မှန်လှပါဘုရား) မင်္ဂမပေါ်ရင် ဒါ-ဆက်နေတယ်၊ (မှန်ပါ့) မင်္ဂမပေါ်ရင်၊ (ဆက်နေပါ

http://www.dhammadownload.com



တယ်ဘုရား) ဝေဒနာပစ္စယာ၊ (တဏှာပါဘုရား) တဏှာ ပစ္စယာ (ဥပါဒါန်ပါဘုရား) ဥပါဒါနပစ္စယာ (ကမ္မ ဘဝေါပါဘုရား) ကမ္မဘဝပစ္စယာ၊ (ဇာတိပါဘုရား)။

ဟော– တစ်ခါဘည်း ကမ္မဘဝနဲ့ ဇာတိဆက်ပြီ၊ (ဆက် သွားပါပြီဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဇာတိပစ္စယာ ဇရာ မရဏကော၊ (ဆက်ပါတယ်ဘုရား)။

ကိုင်း–ဒကာဒကာမတို့ ခင်ဗျားတို့ လဲလိုက်တဲ့ ဆင်ခြေ ဟာ၊ ဩော်–တပည့်တော် ဆက်ပါရစေဦး ဒုက္ခနဲ့၊ (မှန်လှ ပါဘုရား) ဘာနဲ့တုံး၊ (ဒုက္ခနဲ့ ဆက်ပါရစေဦးတဲ့) ဒုက္ခနဲ့ ဆက်ပါရစေဦးလို့၊ ဥပမာ-ဆရာသမားပဲ လျှောက်လျှောက် ဒကာကြွယ်ကပေါ့လေ၊ (မှန်ပါ့) ကောင်း ပါ့မ လား၊ (မကောင်းပါဘုရား)။

တပည့်တော်ဖြင့်ဘုရား- ဒီနေ့မအားတာနဲ့ ဝိပဿနာမရှု ဘူးဘုရာ့၊ ဒုက္ခနဲ့ပဲဆက်ရဦးတော့မှာပဲ၊ (မှန်ပါ့ဘုရား)။

ဆက်လို့ကော ကောင်းမလား၊(မကောင်းပါဘုရား)ဒုက္ခ ဆိုတာ ရှောင်ရှားရမှာကို ဆက်ပါရစေဆိုလို့ရှိရင် ဒကာ ကြွယ်– ဒီထက်ဆိုးဝါးတဲ့အလုပ်၊ (မရှိတော့ပါ ဘုရား) သဘောပါကြပလား၊ (ပါ-ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီ့ပြင်ကိစ္စထက် ဒီကိစ္စ အရေးကြီးတယ်၊ ဒီရှုမှတ်တဲ့ကိစ္စအရေးကြီးတယ်ဆိုတာ ဒကာကြွယ် လေးလေး စားစား မှတ်ပါ၊ (မှန်လှပါဘုရား)။

ဒီ့ပြင်ကိစ္စက ဝေဒနာပစ္စယာ တဏှာပဲလာတယ်၊ (မှန် ပါ့) တဏှာမစ္စယာ၊(ဥပါဒါန်) ဥပါဒါနပစ္စယာ (ကမ္မဘဝ

http://www.dhammadownload.com



ပါ) ကမ္မဘဝပစ္စယာ၊ (ဇာတိပါဘုရား) ဟော–ဒကာ ဒကာမတို့ ၃–နဲ့ ၄–သွားပြီးဆက်တယ်၊ (မှန်လှပါ)မဆက်ဘူးလား၊ (ဆက်ပါတယ်ဘုရား)။

၃–နဲ့ ၄-ဆက်တော့ ၃–က ဘာသစ္စာ၊(သမုဒယသစ္စာပါဘုရား) ၄–ကကော၊ (ဒုက္ခသစ္စာပါဘုရား) ဟော–သမုဒယနဲ့ ဒုက္ခသွားဆက်တယ်၊(မှန်ပါ့) ဦးသန်းမောင် သိပ်နာတယ်၊(မှန်လှပါဘုရား)မနာဘူးလား၊(နာပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးများကတော့ဖြင့် သြော်–ခင်ဗျားတို့ လူဆိုတာ သိပ်ကိစ္စများတယ်၊ ဒါ့ကြောင့် ဝိပဿနာလဲ ခင်ဗျားတို့က တစ်ခါတလေ ပျက်ကွက်ပြီးသကာလ သွားတော့ကို လျှော့ဈေး ပြောလိုက်တာဟာ ခင်ဗျားတို့မှာ အင်မတန်မှနာတယ်၊ (မှန်လှပါဘုရား)။

ဒကာကြွယ်– သိပ်နာတယ်၊ (နာပါတယ်ဘုရား) လူဆိုတာ သိပ်–ကိစ္စများတယ်၊ ဒါ့ကြောင့် ဒီအလုပ်-မလုပ်နိုင်တော့ ခင်ဗျားတို့က မလုပ်နိုင်တဲ့ဥစ္စာကိုပဲ ဘုန်းကြီးများ သိပါတယ်၊ သိပင်သိငြားသော်လဲ မလုပ်မဖြစ်ဘူးလို့ပဲ တိုက်တွန်းရတယ်၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် မလုပ်မဖြစ်ဘူးလို့ ဆရာဘုန်းကြီး တိုက်တွန်းပါလိမ့်မလဲဆိုတော့ ၂-နဲ့ ၃-ဆက်ချည်းနေတယ်၊ (မှန်ပါ့) ဒကာကြွယ်-ဘာတဲ့တုံး၊ (၂–နဲ့ ၃ ဆက်ချည်းနေပါတယ်ဘုရား) ဒီ့ပြင် အလုပ်-လုပ်နေတာက ၂-နဲ့ ၃–နဲ့ ဆက်တယ်ဗျ၊(မှန်လှပါ)ဒီ့ပြင်အလုပ်–လုပ်တာက (၂–နဲ့ ၃ ဆက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဝေဒနာနဲ့ တကျကော၊ (ဆက်ပါတယ်ဘုရား) ဖဿနဲ့ တကျကော၊ (ဆက်ပါတယ်ဘုရား) အင်း... ဟင် သင်္ခါ ယတနနဲ့ တကျကော၊ (ဆက်ပါတယ်ဘုရား) နာမ်ရုပ်နဲ့ တကျကော၊(ဆက်ပါတယ်ဘုရား)ဝိညာဏ်နဲ့တကျ၊(ဆက်ပါတယ်ဘုရား)အကုန်ဆက်တယ်၊ (မှန်ပါ့)။

သူတို့က ရှုစရာတွေကိုးဗျ၊(မှန်လှပါ) ရှုစရာတွေကို မရှုမိတော့ ဆက်ကုန်တာပေါ့၊ (မှန်လှပါ) ဒကာကြွယ်....ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အားလုံးဒကာဒကာမတွေ ဘုန်းကြီးများ သတိပေးပါတယ်၊(မှန်လှပါ) ဘယ်လိုသတိပေးပါသတုံးလို့ မေးတဲ့အခါကျတော့ ကိစ္စဝိစ္စတွေ များလွန်းလို့ ဝိပဿနာမရှုမိဘူးဘုရားလို့ဆိုတဲ့ဥစ္စာ ကိစ္စဝိစ္စဆိုတဲ့ဥစ္စာ ဘာတုံး-မေးတော့ ဝေဒနာပစ္စယာ(တကျပါဘုရား)ဖဿပစ္စယာ၊(တကျပါ) သင်္ခါယတနပစ္စယာ၊ (တကျပါဘုရား) နာမရူပ ပစ္စယာ၊ (တကျပါဘုရား)ဝိညာဏပစ္စယာ(တကျပါဘုရား)ဒါဟာ ခင်ဗျားတို့ကိစ္စပဲ၊(မှန်လှပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)

ဒါဖြင့် ၂-နဲ့၃-နဲ့သာ ဆက်မိရင် ၄-တားမရဘူး၊ (မရပါဘုရား)တစ်ခါတည်း ၃-နဲ့၄-လဲဆက်မယ်၊(ဆက်ပါမယ်ဘုရား)ဆက်လို့ရှိရင် ဇာတိ ဒုက္ခသစ္စာ၊ ဇရာ မရဏကော၊ (ဒုက္ခသစ္စာပါဘုရား)။

ကဲ-ခင်ဗျားတို့က ကိစ္စဝိစ္စ များလွန်းလို့ မရှုမိဘူးဆိုတာ အပြောကသာချိုတာ၊အလုပ်သွားကဖြင့်ဒုက္ခတွေသိမ်းပိုက်ရပါပြီ၊(မှန်လှပါ) အလုပ်သွားက ဘာတုံး၊ (ဒုက္ခတွေ သိမ်းပိုက်ရပါတယ်ဘုရား)ဒကာကြွယ်-အပြော လွယ်သလောက်

အခံရ ခက်ပါလိမ့်မယ်၊ (မှန်လှပါ)အပြော လွယ်သလောက် (အခံရခက်ပါတယ်ဘုရား)။

အပြောကတော့ဖြင့်လူလူချင်းပဲပြောပြော၊ဘယ်သူ့ကိုပဲ ပြောပြော စိတ်ထားမှာတော့ဖြင့်ဒီအလုပ်မလုပ်လို့ရှိရင်မဖြစ် ဘူးဆိုတာသိပါတယ်၊(မှန်ပါ့)ဝိပဿနာအလုပ်ကို မလုပ်ရင် မဖြစ်ဘူးဆိုတာသိပါရဲ့၊ သို့သော်လဲ တပည့်တော်တို့ကဘုရား သားနဲ့,မယားနဲ့,ဆွေနဲ့,မျိုးနဲ့, ရပ်နဲ့,ရွာနဲ့နေရတော့ မကောင်း တရားကလေးကရှိနေသေးတယ်ဆိုတော့ ဒါပြောလိုက်တယ် (မှန်ပါ့) တပည့်တော် ဆက်လိုက်ပြီလို့၊ (မှန်လှပါဘုရား)။

မကောင်းတရားကလေးဆိုတာတဏှာ(မှန်ပါ့)ဟောဒီခန္ဓာနဲ့ ဟောဒါနဲ့ မကောင်းဘူးဘုရာ့၊ (မှန်လှပါ)ရိပ်မိပလား ၊ (ရိပ်မိ ပါပြီ) ဒီခန္ဓာနဲ့၊(ဒီတဏှာနဲ့ မကောင်းပါဘုရား)။

ဒါဖြင့် တပည့်တော်တို့ မကောင်းတရားကလေးရှိတော့ ဒီ ဥစ္စာ ချို့ယွင်းချက်ကလေး ရှိသွားတယ် ဘုရား ဆိုတော့ ဩော်....ခင်ဗျားတို့ လူ့ပြည်ဟာ ဒီလိုပဲနေကြတာပဲလို့ ဆရာ သမားများကလဲ အလိုက်သင့်ပြောလိုက်ကြတယ်၊ မှားတယ် (မှားပါတယ်ဘုရား) ဘယ့်နှယ်တုံး၊ (ဆရာသမားများက အလိုက်သင့်ပြောရင် မှားပါတယ်ဘုရား)။

အလိုက်သင့် ပြောရင် မှားတယ်၊ ကိုယ်လုပ်နေတာက ဝေဒနာနဲ့တဏှာနဲ့ ဆက်ပါတယ်၊(မှန်ပါ့) ဖဿနဲ့ (ဆက်ပါ တယ်ဘုရား)ဒါမကောင်းတရားတွေပဲ(မှန်လှပါဘုရား) ဟော ဒါက ဒကာဒကာမတွေခန္ဓာ၊ (မှန်ပါ့)ဒါကလေးကမကောင်း တရား၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တပည့်တော်တို့က ရှိနေတော့ လူကိုယ်တိုင် ထင်ရှားရှိနေတော့ မကင်းတရားကလေးကလဲ ရှိနေတယ်၊ (မှန်ပါ့) သဘောကျပလား' (ကျပါပြီဘုရား)။

ဒါက လူကိုယ်တိုင်၊ ဒါက ဝမ်းထဲက ပေါက်ပွားလာတဲ့ မကင်းတရား၊ (မှန်ပါ့) မကင်းတရားဆိုတာ ဘာပါလိမ့်၊ (တဏှာပါဘုရား) ဒီ ကိုယ့်မျက်စိအောက်မှာ ဖြစ်နေတော့ မကင်းတရားရှိနေတယ်၊(မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါကခန္ဓာကိုယ်မျက်စိအောက်ပေါ့ဗျာ၊ သဋ္ဌာယတန ဆိုတာမျက်စိ၊(မှန်ပါ့) မျက်စိအောက်မှာဖြစ်နေတော့ ဒါတွေကဘာတဲ့၊(မကင်းတရား) မကင်းတရားရှိနေတယ်(မှန်ပါ့)။

အဲဒီတော့ လွတ်ရာပြေးမှပဲ တော်မှာပဲ၊ (မှန်ပါ့) ဒီခန္ဓာကြီးကရှိနေတော့ လူ့ဘဝကလဲ အိမ်မှာနေတော့ သူတို့ကလဲလာပြီး ပြောကြဆိုကြပြန်တော့ သူတို့နဲ့ တပည့်တော် သူတို့နဲ့ ဟုတ်လား၊ သူတို့နဲ့ဆိုတာ ဒီဘက်ကဟာ တပည့်တော်နှင့် မကင်းတရားကလေးကရှိတယ်(မှန်လှပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တပည့်တော်နဲ့ မကင်းတရား မရှိဘူးလား၊ (ရှိပါတယ်ဘုရား) တပည့်တော်နဲ့ ဆိုတာက ခန္ဓာငါးပါး၊ (မှန်ပါ့ဘုရား) မကင်းတရားဆိုတာ၊ (တဏှာပါဘုရား)။

မကင်းတရားက တစ်ခုထဲပေါ်မှာလား၊သူလာရင်တဏှာပစ္စယာ (ဥပါဒါန်ပါဘုရား)ဥပါဒါနပစ္စယာ (ကမ္မဘဝပါဘုရား)အဲဒီအခြေးမဲ့၌ ဘဝပစ္စယာ(ဇာတိပါဘုရား)ဟော- ၂-မဖြတ်နိုင်တဲ့အတွက် ၃-ကျတော့တစ်ခါတည်း–တဲ့၊ ဒကာ

http://www.dhammadownload.com



ဒကာမတို့ အရှုံးပေးလိုက်ရတယ်၊ (အရှုံးပေးလိုက်ရပါတယ် ဘုရား)။

ဆက်သွားတယ်၊(မှန်ပါ့-ဆက်သွားပါတယ်) ဆက်သွားတော့ ဘာသစ္စာနဲ့သွားဆက်သလဲ၊ (ဒုက္ခသစ္စာနဲ့ သွားဆက်ပါတယ်ဘုရား)။

၂–ဒုက္ခသစ္စာ ဒကာဒကာမတို့-တဲ့၊ ၂–ကနေပြီး ၃–ဆက်မိတာနဲ့နော်၊ (မှန်ပါ့ဘုရား) ၂–အဆက် ဆက်မိတာနဲ့ ၃-ဒုက္ခဖြင့် ကိုယ်ပိုင်သိမ်းပိုက်ရပြီ၊ (မှန်လှပါဘုရား)။

ဘယ်လိုဆိုကြမယ် (၂-ဆက်မိတာနဲ့၃-ဒုက္ခကိုယ်ပိုင်သိမ်းပိုက်ရပြီ) ၂–နဲ့၃–ဆက်မိလို့၊ (မှန်လှပါဘုရား)၄–နံပါတ်ဒုက္ခသစ္စာကိုယ်ပိုင်သိမ်းပိုက်ရပြီ၊(မှန်ပါ့ဘုရား)လွတ်အောင်ပြေးနိုင်ပါ့မလား၊ (မပြေးနိုင်ပါဘုရား)။

ကိုင်း–ခင်ဗျားတို့ လေချိုသွေးပြီးသကာလ မြို့သုံးတွေသုံးနေတဲ့မကောင်းတရားဖြင့်ယနေ့ရှင်းပါပြီ(ရှင်းပါပြီဘုရား) ဘယ်သူနဲ့ မကောင်းတာတုံးမေးတော့ ဒါက ဒကာဒကာမတွေခန္ဓာငါးပါး၊ ဟောဒီ မကောင်းတာက တဏှာ၊ (မှန်လှပါဘုရား)ဒကာကြွယ်–ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဒကာကြွယ် သာပြီးသုံးနေသေးတယ်၊ မသုံးဘူးလား၊ (သုံးပါတယ်ဘုရား)။

ဒီဟာက အရေးကြီးတယ်ဘုရား၊အရောင်းအဝယ်ကလေးကလဲ ဆက်နေတယ်၊ (မှန်လှပါ) မကောင်းတရားဖြစ်နေတယ်၊ (မှန်လှပါ)အဲဒီတော့ တပည့်တော် ဒီနေ့တော့ နက်ဖြန်တော့ ဝိပဿနာအလုပ်ကို ရှောင်တန် ရှောင်ရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘာ့ကြောင့်တုံး၊ မကင်းတာက အမေ မိဘ လက်ထက်ကတည်းက မကင်းခဲ့ဘူး၊ (မှန်လှပါဘုရား) သူတို့လက်ထက်ကျအောင် (မကင်းပါဘုရား)။

မကင်းဘူးဆိုတော့ အမေမိဘ ခန္ဓာနဲ့ကလဲ မကင်းခဲ့ဘူး၊ (မကင်းခဲ့ပါဘုရား)တပည့်တော်တို့ ခန္ဓာနဲ့ကကော၊(မကင်းခဲ့ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

မကင်းဘူးဆိုတာ ဘာနဲ့ဘာ ဆက်လိုက်တာလဲ၊ (ခန္ဓာနဲ့ တဏှာ ဆက်လိုက်ပါတယ်) ခန္ဓာနဲ့ တဏှာ ဆက်လိုက်တယ်၊ (မှန်ပါ့) နံပါတ်လို ပြောတော့ (၂-နဲ့ ၃-နဲ့ ဆက်လိုက်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ မကင်းတရားဆိုတဲ့ အမိပ္ပာယ် အားလုံး ဒကာဒကာမတွေ ရှင်းပြီ၊(ရှင်းပါပြီဘုရား)ဘာနဲ့ ဘာ ဆက်လိုက်တာတုံး၊ (၂-နဲ့ ၃-ဆက်လိုက်တာပါဘုရား) ၂-နဲ့ ၃- ဆက်လိုက်လို့ရှိရင်ဖြင့် ဒုက္ခနဲ့ သမုဒယ သွားဆက်တယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီ)၃-နဲ့ ၂ဆက်လိုက်တော့(ဒုက္ခနဲ့သမုဒယသွားဆက်ပါတယ်ဘုရား)

ဒါဖြင့် ဒုက္ခနဲ့ သမုဒယသာ ဆက်လိုက်လို့ရှိရင် ဒီသမုဒယက ဒီဒုက္ခအကျိုးတွေ ပေးတော့မှာပဲ၊ (ပေးပါမယ်ဘုရား) ထိုသတ္တဝါ ဒုက္ခရောက်တော့မှာပဲ၊ (မှန်ပါ့ဘုရား) ဒကာကြွယ်....ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့အသုံးအနှုန်းတွေဟာကော ဘယ်လိုပါလိမ့်မတုံးဆိုတာကော ယခုနေ ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား) ဘယ်လိုမျိုး ရိပ်မိသလဲ၊ (မကင်းတရားပါဘုရား) မကင်း

တရားဟာ ဘာနဲ့ဘာ မကင်းတာတုံး၊(ခန္ဓာနဲ့တဏှာ မကင်းတာပါဘုရား)။

ခန္ဓာနဲ့ သူတို့အပေါ် ခင်တွယ်တဲ့ တဏှာနဲ့ ပြောင်းဆက်တယ်၊ (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာထဲက တဏှာက သူတို့ခန္ဓာနဲ့ သွားဆက်တယ်၊ (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာထဲက တဏှာက (သူတို့ခန္ဓာနဲ့ သွားဆက်ပါတယ် ဘုရား) ဒါ့ကြောင့် ၂-နံပါတ် ဒုက္ခပင်ကြီးက သမုဒယသီးတွေ သီးလာတယ်၊ (သီးလာပါတယ်ဘုရား)။

ကိုင်း....ဒကာ ဒကာမတို့ မကင်းတရား အဓိပ္ပာယ် ယနေ့ ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဒကာကြွယ်....ဘာနဲ့ ဘာ စပ်လိုက်သတုံး၊ (၂-နဲ့ ၃-စပ်လိုက်ပါတယ်ဘုရား) ၂-က ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား) မကင်းတရားက(သမုဒယ သစ္စာပါဘုရား) ဒါဖြင့် ၂-နဲ့ ၃-စပ်လိုက်တဲ့အတွက် ၄-ကို ရှောင်လို့ ရပါ့မလား၊ (မရပါဘုရား)။

ဦးသန်းမောင်....သိပ်ကြောက်စရာ ကောင်းပါကလား၊ (ကောင်းပါတယ်ဘုရား)ဒကာဒကာမတွေကောင်းကောင်း နားလည်ပလား၊ (နားလည်ပါပြီဘုရား)။

ကိုင်း....တပည့်တော်တို့ဖြင့် ဘုရား၊ ဒီနေ့ မကင်းတရား ရှိသောကြောင့် သွားပြီးသကာလ ဆေးရုံသွားမေးလိုက်ဦး မယ် ဟုတ်လား၊ (မှန်ပါ့) ကိုယ့်မိတ်ဆွေပေါ့ဗျာ၊ (မှန်ပါ့) အင်း....ဟင် အသုဘကလေးရှိလို့ သွားပို့လိုက်ဦးမယ်၊မင်္ဂလာ အခမ်းအနားကလေးဖြင့် သွားလိုက်ဦးမယ် ဆို တာ ဘာ့ကြောင့်တုံး၊ မကင်းတရားရှိနေလို့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒကာကြွယ်....ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဦးသန်းမောင် ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ဘာနဲ့ဘာ ဆက်လိုက်မယ်လို့ ပြောတာတုံး၊ (၂-နဲ့ ၃- ဆက်လိုက်မယ်လို့ ပြောတာပါဘုရား) ၂-နဲ့ ၃- ဆက်လိုက်မယ် (မှန်ပါ့) ကဲ....၂-နဲ့ ၃-တော့ နားလည်ပါပြီ၊ သစ္စာ ၂-ပါးနဲ့ ပြောလိုက်စမ်း၊ (ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဆက်တာပါဘုရား)။

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တပည့်တော် ဆက်လိုက်ဦးမယ်ဘုရား၊ (မှန်ပါ့) ဒါမှ တပည့်တော် နောက်ဒုက္ခကို ပွေ့ပိုက်ထားရအောင် ရောက်·မရောက်၊ (ရောက်ပါတယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အဲဒီ အလုပ်တွေဟာ အပို အလုပ်တွေလို့ ဆရာဘုန်းကြီးက ဟောတဲ့အခါကျတော့ ဒကာကြွယ်က သြော်.... ဘုန်းကြီးက ဘုန်းကြီးပြော ပြောတာကိုး လို့ အောက်မေ့မယ်၊ (မှန်ပါ့)။

ဒကာကြွယ်....ဘုန်းကြီးပြော ပြောတာလား-တဲ့၊ ခင်ဗျားတို့ ဒုက္ခနဲ့ သမုဒယဆက်မှုကြောင့် လူတွေဟာ ဒုက္ခရောက်တော့မယ်ဆိုတာ သိလို့ ပြောတာလား၊ (လူတွေ ဒုက္ခရောက်တော့မယ်ဆိုတာ သိလို့ ပြောတာပါ ဘုရား) ဘုန်းကြီးပြော ပြောတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

မဟုတ်ဘူး·တဲ့၊ သို့သော် ဒီ ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပုံ နားမလည်တဲ့ ပုဂ္ဂိုလ်များကျတော့ ဘုန်းကြီးကတော့ ဘုန်းကြီးပြော ပြောလိုက်တာပဲ၊ ဒကာကြွယ်.... ဒီကိစ္စတွေ

http://www.dhammadownload.com



ခင်ဗျား များနေရင် ခင်ဗျား အတော် ဆိုးဝါးနေပြီ၊ မဂ္ဂဌ္ဌာရာယ် ဖြစ်ပြီ၊ (မှန်ပါ)။

မဂ်မရနိုင်တော့ဘူး၊ (မှန်ပါ့) ဘယ်ရနိုင်တော့မလဲ၊ ဝေဒနာနဲ့ တဏှာနဲ့ ဆက်သွားပါတယ်၊ (မှန်ပါ့)မဂ်မရတဲ့အပြင် ဒီဒုက္ခသစ္စာပြန်ရတယ်၊(ရပါတယ်ဘုရား) မဂ်ရသေးရဲ့လား၊ (မရပါ)ဘာသစ္စာပြန်ရသလဲ၊ (ဒုက္ခသစ္စာ ပြန်ရပါတယ်။)

ဒါဖြင့် မကောင်းတရား နှိပ်စက်ခြင်းကြောင့် ဒုက္ခသစ္စာ ရတယ်၊ (ရပါတယ်) မလွဲသာလို့ ပြောရ, ဆိုရသောကြောင့် ကော၊ (ဒုက္ခသစ္စာပဲ ရပါတယ်) မနေသာလို့ သွားရသော ကြောင့်ကော၊ (ဒုက္ခသစ္စာပဲ ရပါတယ်ဘုရား)။

ကဲ....ဒကာကြွယ်တို့·ဒီအလုပ်ပေါင်းတစ်နေ့ဘယ်လောက် လုပ်ရသတုံး၊ (မရေတွက်နိုင်ပါ) တစ်နှစ် စာရင်းချုပ်ထား မယ်ဆိုရင် ဒီကိစ္စမျိုး ဘယ်လောက် များပါလိမ့်၊ (မရေ မတွက်နိုင်ပါဘုရား)။

ဒါဖြင့် ဘာနဲ့ ဘာ ဆက်တာတုံး၊ (ဝေဒနာနဲ့ တဏှာ ဆက်တာပါ) သစ္စာနဲ့ ဝေဖန်လိုက်စမ်း၊ (ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဆက်တာပါ) ဆက်ကောင်း မဆက်ကောင်း၊ (မဆက်ကောင်းပါဘုရား)။

ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ သမုဒယသစ္စာ ရှောင်ရမှာ၊ (ရှောင်ရမှာပါဘုရား) နောက်ဒုက္ခ လာမှာစိုးလို့၊ (မှန်လှပါ ဘုရား)အခုတော့ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်ကဒုက္ခဖြစ်ကြောင်း အားထုတ်ပြန်တယ်၊ (မှန်ပါ့) ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်က (ဒုက္ခဖြစ်ကြောင်း အားထုတ်ပါတယ်) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ဘယ့်နှယ်ဖြစ်သွားသတုံး-လို့ မေးတော့အင်း–ဟင်....စီးပွားတွေ ကြွေးတင်လို့ဒုက္ခရောက်နေတယ်၊(မှန်ပါ့) လူတော့ မသေသေးပါဘူး၊ (မှန်ပါ့)။

စီးပွားတွေ ကြွေးတင်သောကြောင့်လူဘာဖြစ်နေသတုံး၊ (ဒုက္ခရောက်နေပါတယ်) ဒုက္ခရောက်နေတာ ဒီ့ထက် ဒုက္ခ ရှာပြီးသေတာ ကောင်းပါတယ်ဆိုတော့ နောက်ဆုံးပိတ် ဒုက္ခဘက် ကူးလိုက်ဘယ်၊ (မှန်လှပါ)။

ဒါဖြင့် ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကို ရှာပြန်တာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)ခင်ဗျားတို့လဲမကင်း တရားတွေနှိပ်စက်နေတာ ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်က ဘာပြန်ရှာသတုံး၊ (ဒုက္ခရှာပါတယ်) ဒုက္ခဖြစ်ကြောင်းရှာတယ် ရှင်းပလား (ရှင်းပါပြီ) ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်က၊ (ဒုက္ခဖြစ်ကြောင်းရှာပါတယ်) ရှာကောင်း–မရှာကောင်း၊ (မရှာကောင်းပါ) ဒကာကြွယ်–ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဒါဖြင့်ဒုက္ခရောက်တဲ့ပုဂ္ဂိုလ်ဟာဒုက္ခချုပ်ကြောင်းကိုရှာရမယ်၊ (မှန်ပါ့ဘုရား) ဒုက္ခရောက်တဲ့ ပုဂ္ဂိုလ်ဟာ၊ (ဒုက္ခချုပ်ကြောင်းကို ရှာရပါမယ်ဘုရား)။

ဒုက္ခချုပ်ကြောင်း ရှာချင်တော့ ဒီဝေဒနာကို ဖြစ်ပျက်ရှု၊ (မှန်ပါ့) ဖဿကို၊ (ဖြစ်ပျက်ရှု) အင်း....ဟင်....သဠာယတန ဆိုတဲ့ မျက်စိ,နား,နှာခေါင်း,လျှာ,စိတ်ကို၊ ဖြစ်ပျက် ရှုရပါမယ်ဘုရား)နာမ်ကိုသော် လည်းကောင်း၊ ရုပ်ကိုသော်လည်းကောင်း၊(ဖြစ်ပျက်ရှုရပါမယ်)ဝိညာဏ်ခေါ်တဲ့ စိတ်ကိုသော်လည်းကောင်း၊ (ဖြစ်ပျက် ရှုရမယ်ဘုရား)။

ဒါတွေဖြစ်ပျက်ရှုတော့ ဒီနေရာမှာ မဂ်က အဆက်ဖြတ် ဖြတ်ပစ်တယ်၊ (မှန်ပါ့) မဖြတ်ဘူးလား၊ (ဖြတ်ပါတယ် ဘုရား) ဖြတ်တော့ ဒုက္ခဖြစ်ကြောင်းတွေ ပေါ်လာသေးရဲ့ လား၊ (မပေါ်လာပါဘုရား)။

ဒါဖြင့် ဒုက္ခဖြစ်ကြောင်း မပေါ်လာတော့ ဒုက္ခဖြစ်ကျိုး ဆိုတဲ့ ဒုက္ခသစ္စာကော၊ (မပေါ်လာပါဘုရား)ဒါဖြင့်ဒီနေရာ ဖြတ်လိုက်လို့ရှိရင် သမုဒယနဲ့ ဒုက္ခချုပ်တယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)။

အဲဒီတော့ ဝေဒနာ နိရောဓာ၊ (တဏှာနိရောဓော) ရှင်း ပလား၊(ရှင်းပါပြီ)ဒီလိုတဏှာနိရောဓောလုပ်နိုင်တော့ဒကာ ကြွယ်ရေ.... ၂ နဲ့-၃ မဆက်တော့ဘူး၊ (မှန်လှပါဘုရား)။

မဆက်တော့ ၄-အကျိုးပေးကြီးကျုပ်တို့တွေ့ဦးမှာလား၊ (မတွေ့ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု—သာဓု—သာဓု။

——

http://www.dhammadownload.com

အမရပူရမြို့ မဂ်လာ တိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
ပဋိစ္စသမုပ္ပါဒ်

# တရားတော် (၄)

(၂၁–၁၁–၆၁)

ဒကာ ဒကာမတို့ စာလိုတော့ ပဋိစ္စသမုပ္ပါဒ် မြန်မာလို တော့ ခန္ဓာလမ်းစဉ်လို့မှတ်ပါ၊ (မှန်လှပါ) မြန်မာလိုဘယ်လို မှတ်ကြမလဲ၊ (ခန္ဓာ၏လမ်းစဉ်လို့ မှတ်ရပါမယ်ဘုရား)။

ခန္ဓာလမ်းစဉ်၊ ခန္ဓာ ဒီအစဉ်အတိုင်း သွားနေတယ်၊ ဒီအကြောင်းအကျိုးအတိုင်း ဆက်နေတာဆိုတာကိုအားလုံး ဒကာ ဒကာမတွေ မှတ်ကြရမယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်း အတိတ် အကြောင်းငါးပါးထဲမှာ အဝိဇ္ဇာဆိုတာ ပါ,ပါတယ်၊ (ပါ ပါတယ်ဘုရား)။

ဒကာဒကာမတွေ သိထားတာက အဝိဇ္ဇာပစ္စယာသင်္ခါရာ (မှန်လှပါ) ဩော်....ဒါဖြင့် အဝိဇ္ဇာပစ္စယာသင်္ခါရာလို့ဘုရား သခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ကွာ–လူခန္ဓာတွေ၊ နတ် ခန္ဓာတွေဆိုတဲ့ဥစ္စာ အဝိဇ္ဇာ မူတည်ပါပဲလို့ ပြောလိုက်တယ် (မှန်လှပါဘုရား)။

လူခန္ဓာ,နတ်ခန္ဓာတွေဖြစ်ကြောင်းမှာဘယ်ဟာမူတည်ပါ လိမ့်၊ (အဝိဇ္ဇာ မူတည်ပါတယ်ဘုရား)အဝိဇ္ဇာ မူတည်တယ်လို့

ဒကာ ဒကာမတွေ မှတ်ထားကြပါ၊ (မှန်ပါ) အဝိဇ္ဇာမူတည် ဆိုတော့ အဝိဇ္ဇာဆိုတာက ဒကာကြွယ်....ဘာ မသိတာတဲ့တုံး၊ (သစ္စာလေးပါး မသိတာပါဘုရား)။

သစ္စာလေးပါးမသိတာ ဘာခေါ်ကြမယ်၊ (အဝိဇ္ဇာခေါ်ပါတယ်) ဩြော်... ဒါဖြင့်သစ္စာလေးပါးမသိတာ အဝိဇ္ဇာလို့ ဆိုတာ ဩြော်....ငါတို့မှာ အတိတ်က အဝိဇ္ဇာရှိခဲ့တယ် ဆိုတာ မှတ်ပါ၊ (မှန်လှပါဘုရား)။

အတိတ်က ဘာတွေနဲ့ နေခဲ့ ထိုင်ခဲ့ကြရသလဲ၊ (အဝိဇ္ဇာနဲ့ နေခဲ့ ထိုင်ခဲ့ကြရပါတယ်ဘုရား) ဘာမသိတာနဲ့ နေခဲ့ကြပါလိမ့်၊ (သစ္စာလေးပါးမသိတာနဲ့ နေခဲ့ကြပါတယ်ဘုရား) သစ္စာလေးပါး မသိတာနဲ့ နေခဲ့ရတာကို-တဲ့၊ ဒကာ ဒကာမတွေက ကုသိုလ်ပြုကြတယ်၊ (မှန်ပါဘုရား) ဒါ သင်္ခါရဆိုတာ ကုသိုလ်ပါပဲ၊ (မှန်လှပါဘုရား)။

ကုသိုလ်ပင်ပြုငြားသော်လဲဒီဘက်မှာလာစပ်တယ်၊ဝိညာဏ် နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါးပဲပြန်ရတယ်၊ (မှန်လှပါ) ဩြော်....ဒကာ ဒကာမတွေ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနဲ့ ပြုလုပ်လိုက်တဲ့ ကုသိုလ်ဟာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားရတယ်လို့ ဦးသန်းမောင် မှတ်စမ်းပါ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ကုသိုလ်တော့ ပြုတာပဲ၊ ဘာတွေရသတုံး-လို့ မေးတော့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားရတယ်၊ (မှန်လှပါ) ကုသိုလ်ပြုလို့၊ (ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဘယ်နှယ်ကြောင့် ရပါလိမ့်မတုံးလို့ မေးတော့ ဒကာ ဒကာမတွေ အဝိဇ္ဇာက သစ္စာမသိဘူး၊ (မှန်လှပါ) အဝိဇ္ဇာ က သစ္စာမသိတော့ သူခိုင်းတာလုပ်တဲ့ကုသိုလ်ဟာ ဒုက္ခသစ္စာ ရတယ်၊ (မှန်လှပါ)ဦးသန်းမောင် သေသေချာချာ မှတ်စမ်း ပါ၊ဒီဟာ ကြားရ နာရခဲတယ်ဆိုတာ ဒကာဦးလှဘူး ဒကာ ကြွယ် အရေးကြီးတယ်နော်၊ (အရေးကြီးပါတယ်ဘုရား)။

အဲဒါက ဘယ်သူ့ ဟောနေ ပါလိမ့်မလဲလို့ မေးတော့ ဘုန်းကြီးနှင့်တကွ ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ အခု ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးနဲ့ ခွဲကိုမခွဲရသေးဘူး၊(မှန်လှပါ ဘုရား)။

ဒီလိုနေကြရတာဟာ-တဲ့၊ ဘယ်လိုကြောင့် ဒို့ ဒီလိုနေရပါ လိမ့်မတုံးဆိုတော့အတိတ်ကိုပြန်စဉ်းစားပါ၊သစ္စာလေးပါး မသိခဲ့လို့ ကျုပ်တို့ ကုသိုလ်သင်္ခါရလုပ်ခဲ့တယ်(မှန်ပါ့)မလုပ်ခဲ့ ဘူးလား၊(လုပ်ခဲ့ပါတယ်ဘုရား)ဒီကြည့်ပါ သစ္စာလေးပါး မသိတော့ ကုသိုလ်သင်္ခါရ လုပ်ခဲ့တယ်၊(မှန်လှပါ)။

အတိတ်ဘဝက ဘာတွေလုပ်ခဲ့ပါလိမ့်၊ (ကုသိုလ် သင်္ခါရ လုပ်ခဲ့ပါတယ်ဘုရား)၊သိပြီးလုပ်တာလား၊ မသိဘဲနဲ့လုပ်တာ လား၊ (မသိဘဲနဲ့ လုပ်တာပါဘုရား)။

ဩော်-ဘာမသိဘဲနဲ့ လုပ်ပါလိမ့်မတုံး ဒီသင်္ခါရတွေ ဆို တော့ ဟောဒီ ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါးကြီးရမှုကို မသိ ဘဲနဲ့ လုပ်ခဲ့တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးဟာ....ဒကာ ဒကာမတို့ အိုမှု,နာမှု,သေမှု, ကင်းပါ့မလား၊ (မကင်းပါ ဘုရား)။

မကောင်းတဲ့ဒုက္ခသစ္စာကြီးရအောင် ကျုပ်တို့သည်ဘယ့်နှယ် ကြောင့် လုပ်ပါလိမ့်မတုံးဆိုလို့ရှိရင်ဖြင့်–တဲ့၊ မသိတဲ့အဝိဇ္ဇာ နဲ့ ပြုလုပ်တဲ့ ကုသိုလ်သင်္ခါရ၊ (မှန်လှပါဘုရား)။

ဒကာကြွယ် ရိပ်မိပလား၊(ရိပ်မိပါပြီ) မသိတဲ့ အဝိဇ္ဇာနဲ့၊ (ပြုလုပ်တဲ့သင်္ခါရပါဘုရား) ပြုလုပ်တဲ့ သင်္ခါရကြောင့် သုံး ကြောင်း ဒီကြည့် ၁–၂–၃–ဒီ အတန်းကို ဒီနေ့ ဟောလိမ့် မယ်နော်၊ (မှန်ပါ့ဘုရား)။

မသိတာက အဝိဇ္ဇာ၊ မသိတဲ့ပုဂ္ဂိုလ် ပြုလုပ်တဲ့ ကုသိုလ်က သင်္ခါရ၊ဘာသစ္စာတုံး၊(ဒုက္ခသစ္စာနဲ့သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ လုပ်ခဲ့တယ်၊ (မှန်ပါ့) ကိုယ့်စာရွက်ထဲလဲ ကိုယ်ကြည့်ပါ၊ ဘာသစ္စာ လုပ်ခဲ့ကြသလဲ၊ (သမုဒယသစ္စာ လုပ်ခဲ့ပါတယ်ဘုရား)။

ဒကာကြွယ်–ခင်ဗျားကတော့ အကောင်း ထင်နေတယ်၊ (ထင်ခဲ့ပါတယ်ဘုရား) သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာ လုပ်ခဲ့သလဲ၊(သမုဒယသစ္စာ လုပ်ခဲ့ပါတယ်ဘုရား)။

စာရွက်ထဲမှာလဲထောက်ကြည့်ပါဒကာဒကာမတို့အတိတ် အကြောင်းက သမုဒယသစ္စာပဲ၊ ပါ–ပါလိမ့်မယ် ဦးသန်း မောင် (ပါ့ပါတယ်ဘုရား)ဒကာသစ် မတွေ့ဘူးလား (တွေ့ ပါတယ်ဘုရား)။

နောက်က ဒကာဒကာမတွေ ခင်ဗျားတို့သည် မသိတဲ့ အဝိဇ္ဇာအုပ်ချုပ်ပြီး သကာလတဲ့ လှူခဲ့တန်းခဲ့တဲ့ကုသိုလ်သင်္ခါ ရလုပ်ပါတယ်၊ (မှန်လှပါဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာ (မှန်ပါ့)သစ္စာလေးပါး မသိတာနဲ့-တဲ့၊ လူ့ဘဝ နတ်ဘဝ ရောက်ကြောင်း သင်္ခါရ လုပ်ပါတယ်၊ (မှန်လှပါ)။

http://www.dhammadownload.com



ဒါဖြင့် ကုသိုလ်လုပ်ခဲ့တယ် ဆိုငြားသော်လဲ ဒီကုသိုလ်ဟာ ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) ကောင်းကောင်း ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား ကုသိုလ်လဲလုပ်ခဲ့တာပါပဲဘုရား၊ (မှန်ပါ့) ဒီကုသိုလ်က ဘာသစ္စာပါလိမ့်၊ (သမုဒယသစ္စာပါ ဘုရား)။

ကိုင်း ဒါဖြင့် ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးသန်းမောင် တို့ သမုဒယသစ္စာ လုပ်ခဲ့လို့ရှိရင်ကော ဒုက္ခသစ္စာ ကိုယ်ပိုင် ရတော့မှာပဲ၊ (မှန်လှပါဘုရား) ဘာဖြစ်လို့ပါလိမ့်၊ (သမု ဒယသစ္စာလုပ်ခဲ့လို့ ဒုက္ခသစ္စာရတာပါဘုရား) သမုဒယသစ္စာ လုပ်ခဲ့တဲ့အတွက် သေသည်၏အခြားမဲ့၌ ဘာသစ္စာ ရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ ကုသိုလ်လဲပြုသေးရဲ့၊ ဒုက္ခသစ္စာလဲ ရသေးရဲ့၊ (မှန်လှပါဘုရား) ဒီလိုဆိုတော့ ဒကာကြွယ် ရှုံးပြီ၊ (ရှုံးပါပြီဘုရား) ရှုံးပြီ၊ (ရှုံးပါပြီဘုရား) ဦးသန်းမောင်.... ဘယ့်နှယ်လဲ၊ (ရှုံးပါပြီဘုရား)။

ဒါ့ကြောင့် ဒကာရင်း ဆရာရင်းတွေဖြစ်တဲ့ ဒကာဒကာမ တွေကျတော့ပြောရတယ်၊ အလှူနောက်ထားစမ်းပါဦး၊ အသိ ရှေ့ထားပါ၊ (မှန်လှပါဘုရား) ကဲ....ဦးသန်းမောင်....ပြော သင့် မပြောသင့်၊ (ပြောသင့်ပါတယ်ဘုရား)။

အလှူကို နောက်ထားပါဦး ဒကာ ဒကာမတို့ အသိရှေ့ ထားပါ၊ (မှန်လှပါဘုရား) ပြီးမှလှူပါ၊ မှန်ပါ့–ဆိုတော့ ဘုန်းကြီးပြောတာက ဒကာ ဒကာမတွေ အကျိုးရှိအောင်လို့ ပြောတယ်လို့ဆိုတာ ဦးသန်းမောင်တို့ စိတ်ဆိုးဖို့မလိုဘူး၊ (မလိုပါဘုရား)။

http://www.dhammadownload.com



မလူနဲ့လို့ ပြောတာ မဟုတ်ဘူး၊ လူပါ၊ သို့သော်လဲ အလူ နောက်ထားပါဦး၊အသိရှေ့ထားပါ၊(မှန်လှပါဘုရား)ဒကာ ကြွယ်....တောင်းပန်သင့်, မတောင်းပန်သင့်၊ (တောင်းပန် သင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ လုပ်မှာ စိုးလို့၊ (မှန်လှပါဘုရား) အဝိဇ္ဇာပစ္စယာ သင်္ခါရာသည် ဘာ သစ္စာလဲ၊ (သမုဒယသစ္စာပါဘုရား)။

အဝိဇ္ဇာပစ္စယာသင်္ခါရာကြည့်လိုက်တော့ ဒီမှာ ကြည့်လိုက် တော့ သမုဒယသစ္စာ၊ (မှန်လှပါဘုရား) ကဲ....ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခုနကပြောတဲ့စကားကလေးကို ဒကာဒကာမတွေ အားလုံးပေါ့ဗျာ မတိမ်းကြပါနဲ့ အသိ ရှေ့ထားပြီး အလူ နောက်ထားပါ၊ (မှန်လှပါဘုရား)အသိရှေ့ထားပါ၊ အလှူ.... (နောက်ထားပါဘုရား)။

ဘာဖြစ်လို့တုံး ဒကာကြွယ်....လှူတာပဲ မြန်မြန်ဆန်ဆန် အလှူခိုင်းပြီးရော၊ သေလွယ်ရှင်လွယ်ကြီးပဲ၊ သေခါလဲနီးနေ ပြီ၊ ဒါပေမယ့် ဘုန်းကြီးတွေကလဲ နောက်ထားပါဦးဆိုနေ တယ် တပည့်တော်တို့က အသေစောသွား မခက်ဘူးလား၊ (မှန်လှပါဘုရား)။

အို....မင်းတို့အသေစောတာကိစ္စမရှိဘူး၊ နောက်တစ်ဖန် သေမှာစိုးလို့ဟော့၊ (မှန်ပါ့ဘုရား) မသိဘဲနဲ့လှူတော့ နောက် တစ်ဖန် ဒီအအိုအသေ မရပေဘူးလားဗျ၊ (ရပါတယ်ဘုရား) ဒီခန္ဓာငါးပါး ရလာတော့ ဒုက္ခသစ္စာ မရပေဘူးလား၊ (ရပါတယ်)။

http://www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့ ပြောတဲ့ ဆင်ခြေကို ဘုန်းကြီးက မလိုက်နိုင်ဘူး၊ (မှန်ပါ့) မလိုက်နိုင်ပါဘူး ဒကာ ဒကာမတို့၊ (မှန်လှပါဘုရား)။

ဦးသန်းမောင်တို့ အလှူကို လှူတော့မယ်၊ ဒကာကြွယ်က အလှူကြီး လှူတော့မယ်၊ တစ်သက်မှာ တစ်ခါ ဆိုသလိုပဲ အကြောင်းညီညွတ်မှ လှူရ တန်းရ ပေးရ ကမ်းရတာ တပည့်တော် လှူချင်တယ်ဘုရား၊ ဒကာကြွယ်လဲ လျှောက်ဦးမှာပဲ၊ ဦးသန်းမောင်လဲ လျှောက်မှာပဲ၊ (လျှောက်ပါတယ် ဘုရား) လျှောက်ပင် လျှောက်ငြားသော်လဲ ဘုန်းကြီးက ဆိုင်းနေပါဦး၊ (မှန်ပါ့) ကြိုက်ကဲ့လား၊ (မှန်လှပါဘုရား)။

ဘုန်းကြီးက ဒီအလှူ ကန့်ကွက်နေတာလားလို့ ဆိုတော့ အလှူ **ကန့်ကွက်တာ မဟုတ်ပါဘူး**၊ (မှန်လှပါဘုရား) အသိ ကလေး လိုသေးလို့၊(မှန်လှပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ) ဘာ-လိုသေးလို့ပါလိမ့်၊ (အသိ လိုသေးလို့ပါ ဘုရား) အသိလိုသေးလို့ ကန့်ကွက်တယ်လို့ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

အကယ်၍ သူသည် သစ္စာလေးပါး မသိဘဲနဲ့ ဆိုတော့ အဝိဇ္ဇာ ထောက်လိုက်၊ (မှန်လှပါ) လှူခဲ့သော်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သစ္စာမသိဘဲနဲ့ လှူခဲ့သော်-တဲ့၊ ဟောဒီ ဒုက္ခသစ္စာရလိမ့် မယ်၊ (ရပါတယ်ဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) သစ္စာမသိဘဲနဲ့ (လှူခဲ့သော်) ဘာရမလဲ၊ (ဒုက္ခသစ္စာ ရပါ တယ် ဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာရတာပေါ့၊ ဒီမှာ စပ်သွားပြီ၊ အဝိဇ္ဇာသင်္ခါရကြောင့် ဟောဒီမှာဟေ့–သူကျေးဇူးပြုလိုက်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) ၂–နံပါတ်မှာ တွေ့တယ်မဟုတ်လား၊ (တွေ့ပါတယ်ဘုရား)။

အဲဒါ ဘယ်ပုဂ္ဂိုလ်တွေရတဲ့ဒုက္ခသစ္စာလဲဆိုတော့ မသိလှူသမားရတဲ့ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) ဘယ်လိုဆိုကြပါ့မလဲ၊ (မသိလှူသမားရတဲ့ ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဆရာကောင်းမှန်က ကန့်ကွက်ရမယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါတယ်ဘုရား) ဆရာကောင်းမှန်က (ကန့်ကွက်ရပါမယ်ဘုရား)။

ကန့်ကွက်ရမယ်၊ **အသိကို ရှေ့ထားပါဦး၊ သိပြီးပလား၊ သိပြီးရင်** လှူ**တော့**ဟေ့ (မှန်လှပါဘုရား) ဒီကျတော့ တိုက်တွန်းပါတယ်၊ (မှန်လှပါဘုရား) မသိခင်တော့ဖြင့် (ကန့်ကွက်ပါတယ်) ကန့်ကွက်ရမယ်၊ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက (သင်္ခါရပါဘုရား)။

ပြုလုပ်လှူဒါန်းတာက သင်္ခါရ၊ (မှန်ပါ့) ဒီအတိုင်း သူ့အုပ်ချုပ်ပြီး လှူတဲ့ သင်္ခါရသည် ဒကာကြွယ် ၂–နံပါတ်ရမယ်၊ (ရပါတယ်ဘုရား) ၂–နံပါတ် ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ကြည့်ပါ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) ဒါ မသိတဲ့ပုဂ္ဂိုလ် လှူတာ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒကာ ဒကာမတွေ ကိုယ့်စာရွက်လဲ ကိုယ် သေသေချာချာ ကြည့်ပါ၊ (မှန်ပါ့ဘုရား) ဒီကဘုန်းကြီးပြတာနဲ့ ခင်ဗျားတို့ စာရွက်ကြည့်တော့ တစ်ဆက်တည်း မနေဘူးလား၊ (နေပါတယ်ဘုရား)။

မသိတာ ဘယ်သူတုံး၊ (အဝိဇ္ဇာပါ) လှုူတန်းတာက (သင်္ခါရပါ) ဒါဖြင့် ဘာသစ္စာလဲ၊ (သမုဒယသစ္စာပါ) ဟော....ခင်ဗျားတို့ လုပ်တာကိုက သမုဒယသစ္စာဖြစ်တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီတော့ ဒီသမုဒယသစ္စာ သေသည်၏ အခြားမဲ့၌ ဒီက အကျိုးပေးဆက်လိုက်မယ်တဲ့၊အဝိဇ္ဇာသင်္ခါရကမြားပြတယ်၊ (မှန်ပါ့) အကျိုးပေးလိုက်တော့ ခန္ဓာငါးပါး မရဘူးလား၊ (ရပါတယ်) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

မသိလို့လှူခြင်းသည် ခန္ဓာငါးပါး ဒုက္ခသစ္စာရမယ်၊(မှန်ပါ့ဘုရား) ကဲ....ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ (ကြောက်စရာကောင်းပါတယ်) ဦးသန်းမောင် ငွေကုန်ပြီး လူပန်းတယ်၊ (မှန်လှပါ) ဘယ့်နှယ်ဆိုကြမယ်၊ (ငွေကုန်ပြီး လူပန်းပါတယ်ဘုရား)။

ငွေကုန်ပြီး သကာလ လူဒုက္ခသစ္စာ ဖြစ်ရပြန်ချည်သေးတယ်၊ (မှန်လှပါ) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ လူခန္ဓာပဲ၊ (မှန်ပါ့ လူခန္ဓာပါဘုရား) သူ–ဘာသစ္စာ ရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ရပါလိမ့်မလဲလို့ ဦးလှဘူးတို့– ဒကာကြွယ်တို့ မေးပြီ၊ (သမုဒယသစ္စာကြောင့်ပါ ဘုရား) မသိဘဲနဲ့ သမုဒယသစ္စာလုပ်ခဲ့လို့၊ ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



မသိလို့လှူတဲ့သမုဒယသစ္စာလုပ်ခဲ့လို့ ယခုဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ ရမှာဖြင့် ဦးသန်းမောင် ဘုန်းကြီးလဲ မလှူချင်ဘူး၊ ခင်ဗျားလဲ မလှူချင်ဘူး၊ (မှန်လှပါဘုရား) သုခသစ္စာရမယ်ဆိုပြီး ကြိုးစားကြတာ၊(မှန်ပါ့) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတွေ လမ်းညွှန်ကောင်းပြတဲ့ ဆရာသမားမှန်က ဒီဥစ္စာပြရလိမ့်မယ်၊ (မှန်ပါ့) မပြရဘူး လား၊ (ပြရပါမယ်ဘုရား)။

ဘုန်းကြီးက ပြတာလား၊ဘုရားကဟောတာလားဆိုတာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဘုရားက ဟောတာ၊ (မှန်ပါ့ ဘုရားက ဟောတာပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်များ လှူတာ ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်) ရတာက ဒုက္ခသစ္စာ၊ မသိလို့ လှူ တာက (အဝိဇ္ဇာပါဘုရား) ဒကာကြွယ် တော်သေးတယ်၊ ဒကာကြွယ်တို့ မသေနိုင်လို့ ဒါကလေးကို သိလိုက်ရသေး တယ်၊ ဟင် (မှန်လှပါဘုရား)။

နို့မို့ရှိရင်ဖြင့်....ကွာ ပိုလာပဟေ့....လျှံလာပဟေ့....ဒီဘဝ တွင် စားလို့တော့ မတော်ဘူးကွ၊ နောက်ဘဝလဲ ဒီအထုပ် ကလေး ယူသွားဦးမယ်၊ (မှန်ပါ့) ဘဝမပါဘူးလား, ပါ သလား (ပါ့ပါတယ်ဘုရား) နောက်ဘဝ ဆိုကတည်းက ခန္ဓာငါးပါးလို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) သစ္စာဖွဲ့လိုက်၊ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ကိုင်း....မသိလို့လှုတာများ ဒုက္ခသစ္စာရတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဟို....ဦးသန်းမောင်တို့က အလှူပေးရမှာနော်၊အင်မတန်အရေးကြီးနေပြီ၊ကိုယ့်အတွက်မှာဖြင့် အပြည့်အစုံ ဆရာသမားက ပေးလိုက်ပြီဆိုတာ မှတ်ရမယ် (မှတ်ရပါမယ်ဘုရား)။

ကဲ ...ဒါဖြင့် ဒီဥစ္စာ ပြတော့မယ် ဒကာကြွယ်....နော်၊ (မှန်လှပါ)ဒီခန္ဓာကြီးဟာ ဘာသစ္စာပါလိမ့်၊(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာလို့ဆိုတာ သေသေချာချာ ပေါ်နေပြီ၊ (ပေါ်နေပါပြီဘုရား)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ ခန္ဓာငါးပါး ပေါင်းလိုက်ရင် (မှန်ပါ့ဘုရား) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ) ဒါဒုက္ခသစ္စာမှန်း ဒီကနေ သိပေးပါ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့-ဒကာ ဒကာမတွေက ယခုဘဝသိလိုက်ကြတယ်၊ယခုခန္ဓာကြီးဟာ ဘာသစ္စာ(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာဆိုကတည်းက ဦးသန်းမောင် နေရာကျပြီ (မှန်ပါ့) ဝိဇ္ဇာဖြစ်လို့သိတာ (မှန်လှပါဘုရား) အဝိဇ္ဇာက ဘာဖြစ်သွားသလဲ၊ (ဝိဇ္ဇာ ဖြစ်သွားပါတယ်) ဝိဇ္ဇာ ဖြစ်သွားတယ်၊ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာက ဘာဖြစ်သွားသလဲ၊ (ဝိဇ္ဇာဖြစ်သွားပါတယ်) ဒုက္ခသစ္စာ ဦးသန်းမောင် သိပြီ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဒုက္ခသစ္စာကို ဦးသန်းမောင်ကြီး သိထားပြီ၊ ဒကာကြွယ် သိထားပြီ၊ အဝိဇ္ဇာက ဘာဖြစ်သွားသတုံး၊ (ဝိဇ္ဇာဖြစ်သွားပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဝိဇ္ဇာဖြစ်လို့ ရှိရင်တော့ဖြင့် နေရာကျပြီတဲ့၊ ဝိဇ္ဇာ ဘယ်နှယ်ကြောင့် သူ....ဖြစ်သွားပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် လက်ရှိခန္ဓာဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)အင်း....ဘာနဲ့ သိတာပါလိမ့်၊ (ဝိဇ္ဇာနဲ့ သိတာပါဘုရား) ဝိဇ္ဇာဉာဏ်နဲ့ သိတာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ဦးသန်းမောင် ခန္ဓာ ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား) ဘာနဲ့သိပါလိမ့်၊ (ဝိဇ္ဇာနဲ့ သိပါတယ်ဘုရား) ဝိဇ္ဇာနဲ့သိတော့ ဒကာ ဒကာမတွေ သန္တာန်မှာ ယခုဘဝမှာပဲ ဘုန်းကြီးက လက်ရှိခန္ဓာကြီးကို ဒုက္ခသစ္စာလို့ သိအောင်ပြပေးတယ် (မှန်လှပါဘုရား) ပြပေးတော့ ဒီဘဝထဲမှာ ယခု ရထားတဲ့ခန္ဓာကြီးက ဒုက္ခသစ္စာလို့ သိပြီးသကာလ ထားတော့ ယခုဘဝမှာ ဝိဇ္ဇာဉာဏ်ရတယ်၊ (မှန်လှပါဘုရား) ယခုဘဝမှာ(ဝိဇ္ဇာဉာဏ် ရပါတယ်ဘုရား)။

ဝိဇ္ဇာဉာဏ် ရပြီလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်လိုက်ကရော၊ (မှန်ပါ့ဘုရား) ဝိဇ္ဇာဉာဏ်ရတော့ ဟိုဘဝ လိုချင်တဲ့သင်္ခါရဆိုတာလုပ်ဖြစ်ဦးမလား၊မလုပ်ဖြစ်တော့ဘူး လား၊(မလုပ်ဖြစ်တော့ပါဘုရား) ဘာဖြစ်လို့တုံး၊(ဝိဇ္ဇာဉာဏ် ရလို့ပါဘုရား) ဝိဇ္ဇာဉာဏ်ရတော့ ဘာသစ္စာလို့ သိထားသလဲ၊ (ဒုက္ခသစ္စာလို့ သိထားပါတယ်ဘုရား)။

အဲဒီတော့ ဦးသန်းမောင်မှတ်လိုက်၊ဒကာကြွယ်မှတ်လိုက်၊ အဝိဇ္ဇာကလေး ချုပ်ချုပ်သွားတယ်၊ (မှန်ပါ့) ဘုံဘဝ လိုချင်လို့ပြုတဲ့ ကုသိုလ်လဲ အင်း....သင်္ခါရ အလုပ်လဲ မလုပ် တော့ဘူး၊(မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် လူပါတော့၊ (မှန်လှပါ)ဒီဒုက္ခသစ္စာကြီးကိုနောက် ခန္ဓာ ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာမှန်းသိတဲ့ဝိဇ္ဇာနဲ့ ဒီဒုက္ခသစ္စာကြီးကို မလိုချင်, မရချင်လို့ ဒုက္ခလွတ်ရာသာ ရချင်လို့လူဒါန်းပါ၏လို့ပြောင်းလိုက်၊(မှန်လှပါဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား) ဒီဒုက္ခသစ္စာကြီးကို၊ (မလိုချင်လို့) မလိုချင်တာသည် ဝိဇ္ဇာ၊ (ဝိဇ္ဇာပါဘုရား)။

အဲ-ဒုက္ခသစ္စာကြီးကနောက်တစ်ဖန်မရချင်,မလိုချင်ခြင်းကြောင့် တပည့်တော်တို့သည် လူဒါန်းပါ၏ ဆိုတော့ နိဗ္ဗာန်ရတယ်၊ (မှန်လှပါဘုရား) ဒုက္ခသစ္စာရသေးရဲ့လား၊ (မရပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်သစ္စာသိပြီးမှလူပါလို့ဆိုတဲ့စကားသည်ဒကာကြွယ်အင်မတန် မှန်သွားတယ်၊ (မှန်ပါတယ်ဘုရား) သစ္စာမသိတဲ့အဝိဇ္ဇာနဲ့လူခဲ့တဲ့ကျုပ်တို့ကိုယ်ပင်လျှင် ဒုက္ခသစ္စာဖြစ်နေတယ်၊ (မှန်လှပါဘုရား) မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ကျုပ်တို့ ယခု ၁-ထဲမှာလား၊ ၂ ထဲမှာလား၊ (၂-ထဲမှာပါဘုရား)။

ဘယ့်နှယ်ကြောင့် ၂-ထဲ ဒုက္ခသစ္စာကြီးနဲ့ ကြုံဆုံပြီး ခွဲမရခွါမရ ဖြစ်ရပါလိမ့်မလဲလို့ ဒကာသစ် မေးရင် ဒကာဘာစ် တပည့်တော်က ရှေးလွန်ခဲ့သောဘဝကသစ္စာမသိတဲ့အဝိဇ္ဇာနဲ့ အလူ-လူခဲ့တာ၊ (မှန်လှပါ) သစ္စာမသိဘဲနဲ့၊ (လူခဲ့လို့ပါဘုရား) လူခဲ့လို့ ယခု လူခန္ဓာ ဘာသစ္စာ ဖြစ်နေရသလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

သစ္စာမသိဘဲနဲ့လူရင် ဦးသန်းမောင် ဒုက္ခသစ္စာ ရတယ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ) သစ္စာ-အတိတ်ဘာဘာ

http://www.dhammadownload.com



မသိခဲ့ဘဲနဲ့ လူခဲ့သောကြောင့် ဒီဘဝမှာဘာသစ္စာကြီးရသလဲ၊ (ဒုက္ခသစ္စာကြီးရပါတယ်ဘုရား) ဒါဟာလူ့ချမ်းသာလား၊ ဒုက္ခသစ္စာလား၊ (ဒုက္ခသစ္စာပါ)မဂ်ချမ်းသာလား၊ဒုက္ခသစ္စာလား၊ (ဒုက္ခသစ္စာပါ) ရှင်းပြီ၊ (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးက ပြင်ပေးလိုက်သည်၊ ဒကာကြွယ်တို့– ဦးသန်းမောင်တို့ ပြင်လိုက်ကြပါ၊(မှန်လှပါ) နောက်လူချမ်းသာ, နတ်ချမ်းသာကို မလိုချင်ကြပါနဲ့·လို့ ပြောလိုက်တယ်၊ (မှန်လှပါဘုရား) ဘာ သစ္စာပါလိမ့်၊ (ဒုက္ခသစ္စာမို့ပါဘုရား)။

ဒုက္ခသစ္စာမို့ လူ့ဘဝ၊ နတ်ဘဝ၊ဗြဟ္မာဘဝကို ဒုက္ခသစ္စာမှန်းသိ ပြီးသကာလ ဒီဒုက္ခသစ္စာကြီးကို မလိုချင်လို့၊ ရွံလို့၊ မုန်းလို့၊ဒုက္ခလွတ်ရာကိုရောက်လိုလို့ လူဒါန်းပါတယ် ဆိုတော့ ဒါဟာ သစ္စာသိတဲ့ပုဂ္ဂိုလ်၏အလှူလား၊ ဒုက္ခသစ္စာမသိသေးတဲ့ပုဂ္ဂိုလ်၏အလှူလား၊အကဲခတ်ကြစမ်း၊(သစ္စာသိတဲ့ပုဂ္ဂိုလ်၏ အလှူပါဘုရား)။

ဒကာကြွယ် ဒါ....တယ်ရှားတယ်နော်၊ (ရှားပါတယ်) အင်မတန်ပင် ရှားတယ် ဆိုတာဖြင့် ဒကာသစ် ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာကို ဒါကစသိပဲ ရှိသေးတယ်၊ (မှန်ပါ) ဩော်....ဒီခန္ဓာကြီးဟာ-ဒုက္ခသစ္စာပဲလို့ ဆိုတော့ ဦးသန်းမောင်လဲသိပြီ၊ ဒကာကြွယ်လဲသိပြီ၊ စသိပဲ ဖြစ်နေတယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့အလုပ်ကလေးထိုင်ကြည့်လိုက်၊(မှန်ပါ)အလုပ်ကလေး ထိုင်ကြည့်လိုက်တာပေါ့၊ အလုပ်ကလေး ထိုင်ကြည့်

http://www.dhammadownload.com



လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးဟာ ရွေ့ချင်တာနဲ့ ပြောင်းချင်တာနဲ့၊ ယားတာနဲ့ ကိုက်တာနဲ့ ညောင်းတာနဲ့၊ ဦးသန်းမောင် ဒါတွေမလာဘူးလား၊(လာပါတယ်ဘုရား) ဘာသစ္စာမို့ ဘာတွေ ပြပါလိမ့်၊ (ဒုက္ခသစ္စာမို့ ဒုက္ခတွေ ပြပါတယ် ဘုရား)။

အဲ....အဲ ဒီလို မြင်လာပြီးတော့မှ ဩော်....ခန္ဓာဟာ ဒုက္ခသစ္စာ၊ စာသိ မဟုတ်ဘူး၊ ကိုယ်တွေ့ဖြစ်ပြီ၊ (မှန်ပါ့ဘုရား)။

အဲဒီ ကိုယ်တွေ့ဖြစ်တဲ့ အချိန်ကျတော့မှဦးသန်းမောင်တို့ ဒကာကြွယ်တို့က **မဟာဒီ ယခု မြင်သော ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏ဘုရား-ဆိုပြီး သိန်းကုန် သောင်းကုန် လှူကြ၊** (မှန်ပါ့ဘုရား) ယခုမြင်သော ဒုက္ခဝဋ်မှ (ကျွတ်ရပါလို၏ ဆိုပြီး လှူ) သူများပြောလား၊ ဦးသန်းမောင်-ဒကာကြွယ် **ခန္ဓာက** ပြောတာလား၊ (ခန္ဓာက ပြောတာပါဘုရား) **ခန္ဓာက** ပြောတော့ မယုံရှိသေးရဲ့လား၊ (မရှိပါဘုရား)။

မရှိတော့ဘူး၊ခန္ဓာကိုယ်ကထိုင်ပြီးတော့ပြောပြီ၊ညောင်းတာနဲ့, နာတာနဲ့, ကိုက်တာနဲ့, ခဲတာနဲ့၊ (မှန်ပါ့) ဘာသစ္စာတွေချည်း သူကပြသတုံး(ဒုက္ခသစ္စာတွေ ပြပါတယ်ဘုရား)။

အဲဒီအချိန်ကျတော့ ဩော်....ဒါ ဒုက္ခသစ္စာတွေပဲ ဆိုပြီး ဦးသန်းမောင်က ဉာဏ်နဲ့ ကြည့်လိုက်၊ (မှန်ပါ့ဘုရား)။

**ဒီလိုဒုက္ခသစ္စာကြီးကို နောင်တစ်ဖန်မရချင်လို့ဒုက္ခကျွတ်ရာ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ တပည့်တော်တို့ သိန်းကုန်, သောင်းကုန် လှူဒါန်းပါလို၏**-လို့ ပြောင်းပစ်လိုက်ကြ၊ (မှန်ပါ့ဘုရား) ဒါ သာမည အရေးကြီးတဲ့ **စကားလား၊** ဒကာ

http://www.dhammadownload.com



ကြွယ်....အကဲခတ်စမ်း၊ (သာမည အရေးကြီးတဲ့စကားမဟုတ် ပါ ဘုရား)။

အဲဒီတော့ အခု လူဆဲပုဂ္ဂိုလ်တွေ၊ လျှုလတ္တံ့ပုဂ္ဂိုလ်တွေ၊ နက်ဖြန်ဆိုရင်လဲ ဘုံကထိန်ကြီးဆိုတော့ ဒီထဲ ဒကာ ဒကာမ တွေ အကုန်ပဲ ပါကြတယ်၊ (မှန်ပါ့ဘုရား)။

နက်ဖြန်ကျပြန်တော့လဲ သင်္ကန်းကပ်ခါနီးကျတော့ ဒီလိုပဲ ခဏထိုင်ရဦးမှာပဲ၊ (မှန်ပါ့) ခဏထိုင်ပြီး ခဏညာဏ်စိုက်ခိုင်း မှာပဲ (မှန်ပါ့) ဒုက္ခသစ္စာ မြင်တဲ့အချိန်ကျမှ ''ဣမံ ကထိန စီဝရံ သံဃဿ ဒေမ'' လုပ်ရမှာ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဝဋ်တောင့်တ, လှူတာလား၊ ဝဋ်ကို ရှုံမုန်းပြီး လှူတာလား မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ (ဝဋ်ကို ရှုံမုန်းပြီး လှူတာပါဘုရား)။

ဒါဖြင့် ဝဋ်ကျွတ်တဲ့အလှူ၊ (မှန်ပါ့ဘုရား) သဘောပါ ပလား၊ (ပါ-ပါပြီ) ဘာတဲ့တုံး၊ (ဝဋ်ကျွတ်တဲ့ အလှူပါ ဘုရား) ဝဋ်ကျွတ်တဲ့အလှူလို့ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ဆီက ဒကာ ဒကာမတွေ ဘယ်ပဲ သွားလို့ဘယ်ပဲရောက်ရောက် ဘယ်အရပ်သွားပြီးသိမ်ဆောက် ဘုရားတည်တည် ဘုန်းကြီးတို့က မကန့်ကွက်ပါဘူး၊ (မှန်ပါ့) ဒီစိတ်ကလေးကိုဖြင့် လှူခါနီး မွေးဖြစ်အောင် မွေးပါ၊ (မှန်ပါ့) မမွေးသင့်ပါလား၊ (မွေးသင့်ပါတယ်ဘုရား)။

နို့မို့လို့ရှိရင်ဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြစ်တော့ သမု ဒယသစ္စာလုပ်တယ်၊ (မှန်ပါ့ဘုရား) လှူတာလား၊ သမုဒယ

http://www.dhammadownload.com



သစ္စာလား၊(သမုဒယသစ္စာပါဘုရား) ကိုင်း–ဦးသန်းမောင် သိပ်ခွကျတယ်၊ (မှန်ပါ့ဘုရား)။

သစ္စာမသိဘဲနဲ့ လှုုရင် ဘာသစ္စာ၊ (သမုဒယသစ္စာပါ) သမုဒယသစ္စာလုပ်မိရင် ဘာသစ္စာရမယ်၊ (ဒုက္ခသစ္စာ ရပါ့မယ်) အဲ....ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ရမယ်၊ (မှန်ပါ့) မသေချာသေးဘူးလား၊ (သေချာပါတယ်ဘုရား)။

အဲဒီတော့ ဒါ ပွဲမဝင်ခင် အပြင်က ကျင်းပ ဆိုသလို နက်ဖြန် ဒီတရားနာတဲ့ အားလုံး ဒကာ ဒကာမတွေရော၊ လာလတ္တံ့သော ဒကာ ဒကာမတွေရောဟာ ဦးသန်းမောင် ဒါကို သိထားနှင့်တော့ ဩော်....နက်ဖြန် အလှူပွဲကြီးက တော့ဖြင့် ဝဋ်ကျွတ်ပွဲကြီးပဲ၊ (မှန်ပါ့ဘုရား) ဘယ့်နှယ်ဆိုကြမလဲ၊ (ဝဋ်ကျွတ်ပွဲကြီးပါဘုရား)။

ဝဋ်ကျွတ်ပွဲကြီးပဲလို့ဆိုတော့ ဝဋ်ဆိုတာက ၁–ကနေ ၂– သွားမယ်၊ (မှန်ပါ့ဘုရား) ၂–ကနေ ၃–အလုပ် လုပ်မယ်၊ (မှန်ပါ့ဘုရား) လုပ်လို့ ရှိရင်ဖြင့် ၄-မရောက်ပေဘူးလား၊ (ရောက်ပါတယ်ဘုရား) ၄–ထဲကနေပြီး တစ်ခါ ၁-ပြန်မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဒါ ဝဋ်လည်တယ် ခေါ်တယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဝဋ်မလည်ပေဘူးလား၊ (လည်ပါတယ်ဘုရား)။

အဲဒီတော့ သစ္စာသိပြီး လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဝဋ်ကျွတ်တယ်၊ (မှန်ပါဘုရား) သစ္စာသိပြီးလုပ်တဲ့ပုဂ္ဂိုလ်၊ (ဝဋ်ကျွတ်ပါတယ်ဘုရား) ဝဋ်ကျွတ်တယ်လို့ဆိုတာ သေချာကြပလား၊ (သေချာပါတယ် ဘုရား) ဒကာကြွယ်.... ဒီစာရွက် ဘယ်လောက် အဖိုးတန်သတုံး၊ (တန်ပါတယ်ဘုရား)။

http://www.dhammadownload.com



သူ့ သာကိုင်ပြီးသကာလ ဆရာက ပါးစပ်က ဟောတာနဲ့ ကိုယ်က ဆရာကပြောနေတာလဲ စာရွက်ကိုင်ကြည့်လိုက်တော့ ဦးသန်းမောင် ရှုပ်သေးသလား၊ (မရှုပ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ လူတာဟာ မသိတဲ့ ပုဂ္ဂိုလ်လူတာဟာ ဘာသစ္စာလုပ်တာလဲ၊ (သမုဒယသစ္စာ လုပ်တာပါဘုရား) ဩော်....တယ်ခွကျပါလား၊ (မှန်ပါ့) မသိတဲ့ ပုဂ္ဂိုလ်လူတာ ဘာတဲ့၊ (သမုဒယသစ္စာ လုပ်တာပါဘုရား)ဒါဖြင့်မသိတဲ့ပုဂ္ဂိုလ်လူတာသည်သေသည်၏အခြားမဲ့၌ သူသည် ဘာဖြစ်မှာတုံး၊(ဒုက္ခသစ္စာဖြစ်မှာပါဘုရား)ဒုက္ခသစ္စာဖြစ်မယ်၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) သေသည်၏အခြားမဲ့၌ (ဒုက္ခသစ္စာ ဖြစ်ပါမယ်ဘုရား) ဒကာ ကြွယ်....ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဩော်....တော်တော် အရေးကြီးပါကလားဆိုတာ ဒကာ သစ် သေသေချာချာပဲ ပြောနေလို့ အရေးကြီးမှန်းသိတယ်၊ (မှန်ပါ့ဘုရား) ရွှေးတုန်းကတော့ ကုသိုလ်ရတယ်၊ (မှန်လှပါဘုရား) မသိဘဲနဲ့လှူလဲ ကုသိုလ်ရတယ်၊ (မှန်ပါ့) ဒီကုသိုလ်ဟာ ဘာသစ္စာလဲ၊ (သမုဒယသစ္စာပါဘုရား)။

မသိတာက အဝိဇ္ဇာ၊ လှူတာက သင်္ခါရ၊ မသိလို့ လှူတာသည် ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) မသိသော ပုဂ္ဂိုလ် လှူသောကြောင့် ရတာသည် ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ကိုင်း....ဒကာကြွယ်ရှင်းပလား၊ (ရှင်းပါပြီဘုရား) ကိုင်း....ပုံနဲ့ကော ကိုက်ကြရဲ့လား၊ (ကိုက်ပါတယ်ဘုရား)နောက်ကဒကာဒကာမတွေကိုယ့်ဆရာသမားကို ဦးမောင်တို့လှူဒါန်းပေးကမ်းထားတဲ့စာရွက်နဲ့ကောကိုက်ကဲ့လား၊

http://www.dhammadownload.com



(ကိုက်ပါတယ်ဘုရား) ကိုယ့်ဟာကိုယ်လဲ ကြည့်ကြပါနော်။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီနည်းကလေးလဲပြန်ပြောတော့ အခု လက်ရှိခန္ဓာကြီးဟာ ၁-ထဲမှာနေသလား၊ ၂-ထဲမှာနေသလား၊ (၂-ထဲမှာ နေပါတယ် ဘုရား)။

အဲဒါ အတိတ်ဆိုတော့ ဒါပစ္စုပ္ပန်ပေါ့ဗျာ၊ ၂-ထဲရောက်နေတယ်၊ (မှန်ပါ့ဘုရား) ၂-ထဲရောက်တော့ ဒကာကြွယ်.... ဘယ်ကစ,သလဲ၊ ဇာတိကစ,တယ်၊ (မှန်ပါ့) ဇာတိကစ,တော့ ဒီဘဝမှာ ပဋိသန္ဓေက စ,တယ်၊ (မှန်ပါ့ဘုရား)ဒီဘဝကဘယ်က စ,ကြသလဲ၊ (ပဋိသန္ဓေက စ,ပါတယ်ဘုရား)။

အဲဒါကြောင့်ဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ်ကိုဆိုတာ၊ (မှန်လှပါ) ဝိညာဏ်ဆိုတာ၊(ပဋိသန္ဓေဝိညာဏ်ကိုဆိုတာပါ) ဝိညာဏ်ပြီးတော့မှ နာမ်ရုပ်–တဲ့၊ သဘောကျပလား(ကျပါတယ်ဘုရား)။

နာမ်ရုပ်ပြီးမှမျက်စိ,နား,နှာခေါင်း,လျှာ, စိတ်-တဲ့သဠာယတနဆိုတာက၊ (မှန်ပါ့ဘုရား) ပြီးတော့မှ ခန္ဓာကိုယ်ထဲက အာရုံ၊ တွေ့ထိတတ်တဲ့ ဖဿ၊ ကောင်းတာဆိုးတာ ခံစားတတ်တဲ့ ဝေဒနာတဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒါက ဇာတိ၊ (မှန်ပါ့) ဇာတိဟာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒကာကြွယ်ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဝိညာဏ်ဟာ ပဋိသန္ဓေနော်၊ (မှန်ပါ့) ပဋိသန္ဓေဆိုတော့ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

http://www.dhammadownload.com



ပါဠိကို ရွတ်ကြည့်ပါ၊ ဇာတိပိ–ဒုက္ခသစ္စာ၊ (မှန်ပါ့) ဓမ္မစကြာနဲ့ကိုက်ပြီး ကြည့်လိုက် ဇာတိပိ၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ သိထားနေတော့ ဩော်....ငါနှယ်....မသိလို့လူတာ၊ ဒုက္ခသစ္စာဖြစ်တယ်၊ (မှန်ပါ့) မသိလို့လူတာ၊ (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

သိလို့ လူလို့ ရှိရင်ဖြင့်–တဲ့၊ ဒီဒုက္ခသစ္စာ မလာဘူး၊ (မလာပါဘုရား) သိလို့ လူရင် ဟောတာကို ပြောလိုက် မဂ္ဂသစ္စာ၊ ဒီအထဲက နိရောဓသစ္စာ၊ (မှန်ပါ့ဘုရား)ဒါ အထူးပြုပြီ ဒီနေ့ မနေ့ကထက် အထူးပြုပါပြီ၊ (မှန်ပါ့ဘုရား)။

ကဲ....ဦးသန်းမောင်တို့ စာရွက် သေသေချာချာကြည့်ကြစမ်း ဒကာ ဒကာမတို့၊(မှန်ပါ့ဘုရား)ဒီကြည့်ပါ၊ ၃-ကွက်ကိုကြည့်နော်–(၁)(၂)(၃)အဝိုင်းကလေးထဲကြည့်ပါ၊(မှန်ပါ့ဘုရား)မသိလို့ လူတာဟုတ်လား၊ဒုက္ခသစ္စာရတယ်၊ (မှန်ပါ့) မသိလို့လူတာ (ဒုက္ခသစ္စာရပါတယ်ဘုရား) သူက ဒုက္ခသစ္စာရတယ်၊ (မှန်ပါ့)။

ကဲ....သိပြီး လူလို့ရှိရင်ဖြင့်-တဲ့၊ ဒကာ ဒကာမတို့ သုခသစ္စာရမယ်၊ (မှန်ပါ့ဘုရား) မသိလို့လူတာ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)ဟောဒီဘက်ဒုက္ခသစ္စာ ခန္ဓာငါးပါးရတယ် (မှန်ပါ့ဘုရား) ဒီနှစ်ခု အဝိဇ္ဇာက သစ္စာလေးပါးကို မသိဘူး (မှန်ပါ့)။

ကဲ....သိပြီ-တဲ့၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မြို၊ ခန္ဓာကြီးက (ဒုက္ခသစ္စာပါပဲဘုရား)။

ဒါဖြင့် သိပြီးသကာလဒုက္ခသစ္စာ သိပြီးသကာလသိတော့ ဝိဇ္ဇာ မဖြစ်သေးဘူးလား၊ (ဖြစ်ပါတယ်ဘုရား) အဲ....လူ

http://www.dhammadownload.com



လိုက်ပါပြီ-တဲ့၊ ဘာသစ္စာဖြစ်သလဲ၊ (မဂ္ဂသစ္စာ ဖြစ်ပါတယ် ဘုရား)။

ဒါဖြင့်မဂ္ဂသစ္စာ အားထုတ်လိုက်တဲ့အတွက် ဒီဘက်မှာဒုက္ခသစ္စာပေါ်မလား- နိဗ္ဗာန်ပေါ်မလား၊ (နိဗ္ဗာန်ပေါ်ပါမယ် ဘုရား) ဒါဖြင့် သိလို့လူရင် ဟုတ်လား-မဂ္ဂသစ္စာ ဖြစ်တယ်၊ (မှန်ပါ) မဂ္ဂသစ္စာကြောင့်-တဲ့၊ ဒီဘက်က ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့ နိရောဓသစ္စာဖြစ်တယ်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

မသိလို့လူရင်၊ (ဒုက္ခသစ္စာရပါတယ်ဘုရား) မသိလို့လူတာ ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား) လူလို့ရတာက၊ (ဒုက္ခသစ္စာပါဘုရား)။

**သိလို့လူရင် ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား) ရတာက၊ (နိရောဓသစ္စာပါဘုရား)။**

ဟော....ဒီတစ်လုံးပိုင်တာနဲ့ ကျေနပ်ပြီ၊ (မှန်ပါ) ဦးသန်းမောင် သေပျော်ပြီ၊ (မှန်ပါဘုရား) ဒကာကြွယ်....သေပျော်ပလား၊ (သေပျော်ပါပြီဘုရား)။

မသိလို့လူတာဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား)ရတာက၊(ဒုက္ခသစ္စာပါဘုရား) သိလို့လူတာ ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)ရတာက (နိရောဓသစ္စာပါဘုရား)နိဗ္ဗာန်ပေါ့ဗျာ၊ (မှန်ပါ) ကဲ....ဦးသန်းမောင် မကွာဘူးလား၊ (ကွာပါတယ်ဘုရား) ဒကာသစ်- မကွာဘူးလား၊ (ကွာပါတယ်ဘုရား)။

ဒါ....ဒီနေ့ ဒီနှစ်ပိုင်းကလေးတွင်ရှင်းပြီးသကာလပေးနေတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သြော်-တစ်သံသရာ

http://www.dhammadownload.com



လုံးငါတို့မျက်စိလည်လာတဲ့ဥစ္စာ သူများပါးစပ်လမ်းဆုံးပြီး နေတာ၊ ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်း ယခုဆရာဘုန်းကြီးက သံသရာလည်ပုံ-ပြတ်ပုံပြောတဲ့ပုံစံချပြီး ပြောတော့မှ မသိလို့လူတာများ ဒုက္ခသစ္စာရတယ်၊ (မှန်ပါ့ ဘုရား) သိလို့လူတော့ (နိရောဓသစ္စာရပါတယ်ဘုရား)မကွာ ဘူးလားဗျာ၊ (ကွာပါတယ်ဘုရား)။

သိလို့လူပြန်တော့ (မဂ္ဂသစ္စာပါဘုရား)သိတာသည် ဘာ သစ္စာလဲ၊ (မဂ္ဂသစ္စာပါဘုရား) ရတာသည်၊ (နိရောဓသစ္စာ ပါဘုရား) သိလို့လူတော့လဲ နိဗ္ဗာန်ရတယ်၊ (မှန်ပါ့) မသိလို့ လူတော့လဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဒါဖြင့် မသိတာ ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ရတာက၊ (ဒုက္ခသစ္စာပါ ဘုရား) မသိလူသည် သမုဒယသစ္စာ၊ ရတာသည်၊ (ဒုက္ခသစ္စာ ပါဘုရား) သိလူသည်၊ (မဂ္ဂသစ္စာပါဘုရား) ရတာသည်၊ (နိရောဓသစ္စာပါဘုရား) သူ့ဟာနဲ့သူ ရှင်းတယ်၊မရှင်းသေး ဘူးလား၊ (ရှင်းပါတယ်ဘုရား)။

ဟာ....ဒကာကြွယ် သေချင်သေတော့ခင်ဗျားနေရာကျပြီ၊ (မှန်ပါဘုရား)မသေချင်သေးဘူးလား၊ကဲ-(မသေချင်သေး ပါဘုရား) မသေပါရစေနဲ့ဦး၊ ဒီ့ထက် အသိဉာဏ် တိုးချင် ပါသေးတယ်ဆိုပါတော့၊ (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ သို့သော်လဲ အားလုံးနဲ့ မသိတဲ့ပုဂ္ဂိုလ်နဲ့ စာလို့ရှိရင် ဦးသန်းမောင် သေပျော်တယ်၊ (မှန်ပါ့) မသေ ပျော်ဘူးလား၊ (သေပျော်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ....ဒါဖြင့် ယနေ့ ဒကာ ဒကာမတို့ မသိတာ အဝိဇ္ဇာ၊ လူတာသည် (သခ်ါရပါဘုရား) ဘာသစ္စာ လုပ်လိုက်ပါလိမ့်၊ (သမုဒယသစ္စာ လုပ်လိုက်ပါတယ်ဘုရား) ဩော်....ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်များ လူတာ သမုဒယသစ္စာ လုပ်လိုက်တာကိုး၊ (မှန်လှပါဘုရား)။

အင်း–သူကတော့လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာရလိမ့်မယ်ထင်တယ်-တဲ့၊ သေသေချာချာကြည့်၊ လူခန္ဓာ ငါးပါးဟာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) နတ်ခန္ဓာ ငါးပါးကော၊ (ဒုက္ခသစ္စာပါ) ဗြဟ္မာခန္ဓာ ငါးပါးကော၊ (ဒုက္ခသစ္စာပါဘုရား) ဒါချည်းရတယ်၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဦးသန်းမောင်တို့ ပြောရတယ်၊ဒကာကြွယ်တို့ ပြောရတယ်၊ဦးလှဘူးတို့ပြောရတယ်၊ဒီသစ္စာကြီးလူချမ်းသာလို့ ခင်ဗျားတို့ ဘယ်သူက လိမ်ထားထား မယုံနဲ့နော်၊ (မှန်လှပါဘုရား) နတ်ချမ်းသာလို့ ဘယ်သူက လိမ်ထားထား၊ (မယုံနဲ့)။

သစ္စာမျက်လုံးနဲ့ ကြည့်၊(မှန်ပါ့) သစ္စာမျက်လုံးနဲ့ ခန္ဓာကြည့်၊ ငါ့–လူချမ်းသာလို့ ပြောကြတယ်၊ငါသေသေချာချာ ထိုင်ကြည့်ဦးမယ်ဆိုပြီး ထိုင်ကြည့်တော့ ဟိုကယား၊ ဒီကနာ၊ ဟိုကရွေချင်၊ ဒီကပြောင်းချင်၊ (မှန်ပါ့) အငြိမ်နေလို့ကို၊ (မရပါဘုရား) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

အင်း....သူများကတော့ လူချမ်းသာလို့ပြောတယ်၊ ဒီမှာတော့ သေသေချာချာ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်တော့ ဒုက္ခသစ္စာ၊ (မှန်လှပါ)ဒါဖြင့်သူများပြောယုံမလား၊ကိုယ့်ပညာနဲ့သိတာ ယုံမလား၊ (ကိုယ့်ပညာနဲ့သိတာ ယုံပါမယ်ဘုရား)။

http://www.dhammadownload.com



ခန္ဓာကိုယ် ဒုက္ခသစ္စာကြီးဟာ ယားတယ်, နာတယ်, ဆာလောင်မွတ်သိပ်တယ်, အိုက်တယ်, ညောင်းတယ်, ညာတယ်, ကိုက်တယ်, ခဲတယ်၊ (မှန်ပါ့) ခဏခဏ ဖြစ်ပျက် တွေ့ကလဲ ပြတယ်၊ (ပြပါတယ်ဘုရား) ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဪ....ဒါဖြင့် ဒီ ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ တပည့်တော်လှူဒါန်းပါ၏ (မှန်ပါ့)ကျောင်း,သိမ်,ဘုရားအားလုံးသော ပုဂ္ဂိုလ်တို့ မိတ်ဆွေသင်္ဂဟတွေ ခင်ဗျားတို့ဝယ်ထားတဲ့ ပစ္စည်းတွေလှူဒါန်းတာပေါ့ဗျာ၊ (မှန်လှပါ)ဒီဒုက္ခကြီးမတွေ့ချင်လို့ ပေးပါ၏၊ လှူပါ၏၊ကမ်းပါ၏ဆိုတော့ နောက် ဒုက္ခလာစရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဘာ့ကြောင့်တုံး၊ လှူတဲ့ပုဂ္ဂိုလ်ကိုက ဒုက္ခမုန်း, ဒုက္ခရှုံနေတဲ့ ပုဂ္ဂိုလ်မို့ ဒုက္ခမလာဘဲနဲ့ သုခနိဗ္ဗာန်သာ ရတော့မယ်၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် လက်ငင်းရှုပြီးတော့မှ ဒီဉာဏ်ထဲက ခန္ဓာထဲမြင်ပြီး ခန္ဓာဟာ ဒုက္ခသစ္စာ အစစ်ပဲလို့ သေသေချာချာသိပြီး သကာလ နေပြီးတော့မှ ကဲ....**“နိဗ္ဗာနပစ္စယောဟောတု”**ဆိုချင်ဆို၊ (မှန်ပါ့) ယခုမြင်သောဒုက္ခဝဋ်မှ ကျွတ်ရပါလို၏-လို့ ဆိုချင်ဆို၊ ဘာဆိုဆို အကောင်းချည်းပဲ၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒီဟာ ဒကာ ဒကာမတို့ သေးသေးသိမ်သိမ် စကား–လို့ ဒကာကြွယ် မယူနဲ့နော်၊ (မှန်ပါ့) တစ်သံသရာလုံးမှားတယ်၊ (မှားပါတယ်ဘုရား) ဘယ်လိုမှားသလဲ၊ (တစ်သံသရာလုံး မှားပါတယ်ဘုရား)။

http://www.dhammadownload.com



တစ်သံသရာလုံး မွှားလာတာကို ဒကာသစ်တို့ ဒီဥစ္စာကို သုံးခါလောက် ထပ်ပြောတော့ ဘုန်းကြီးကလဲ တရားထပ် နေပြီလို့ ခင်ဗျားတို့ကတော့ ထင်လိမ့်မယ်၊(မထင်ပါဘုရား) ဒါတောင် လူခါနီးကျတော့ ခင်ဗျားတို့ကမေ့ချင်မေ့နေမှာ၊ (မမေ့ပါဘုရား)။

မေ့သေးတာတင် မဟုတ်သေးပါဘူး၊ ဟင်းမှ လောက်ပါ့ မလား၊ထမင်းက ဘယ့်နှယ်နေပါလိမ့်မတုံး–ဖြစ်သေးတယ်၊ (ဖြစ်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီ ထမင်းဟင်းမလောက်လို့ ခင်ဗျားတို့တာဝန် မဟုတ် ဘူး၊ (မှန်ပါ့) မလောက်ရင် မစားရတဲ့သူ ပြန်သွားလိမ့်မယ်၊ ဘာမှဂရုစိုက်မနေနဲ့၊(မှန်ပါ့)ကိုယ့်ဒုက္ခသစ္စာမြင်ပြီးသကာလ သာ နှလုံးသွင်းပြီး ဒီဝဋ်ဒုက္ခမှ ကျွတ်ချင်လို့ စိတ်ထဲကပဲ လှူနေနေ၊ (မှန်ပါ့ဘုရား) သံဃာတွေ မပင့်ရသေးဘူး၊ နောက်မှပဲပင့်ပင့် ဒုက္ခဝဋ်မှ ကျွတ်ချင်လို့ ဒုက္ခတွေမြင်ပြီး လှူနေရင် ပြီးတာပဲ၊ (မှန်ပါ့ဘုရား)။

ဒကာကြွယ်....အရေးမကြီးဘူးလား၊ (မှန်ပါ့....ကြီးပါ တယ်ဘုရား) ကဲ....တစ်ခေါက် ပြန်ပြောပါဦးမယ်၊ ဒကာ ဒကာမတို့နော်၊ (မှန်ပါ့) မသိလို့လှူတာ ဘာသစ္စာ၊ (သမု ဒယသစ္စာပါဘုရား) စာရွက်ထဲကော တွေ့ကြရဲ့လား၊ (တွေ့ ပါတယ်ဘုရား) အဝိဇ္ဇာနဲ့ သင်္ခါရ ဘာသစ္စာလဲ၊ (သမုဒယ သစ္စာပါဘုရား) မြန်မာလို ပြန်လိုက်တော့ မသိလို့လှူတာ၊ (သမုဒယသစ္စာပါဘုရား)။

http://www.dhammadownload.com



မသိလို့ လှူသောကြောင့် ရတာ (ဒုက္ခသစ္စာ ရပါတယ်ဘုရား) ရတာလဲ ခန္ဓာငါးပါးနော်၊ (မှန်ပါ့) သစ္စာဖွဲ့လိုက်တော့ (ဒုက္ခသစ္စာပါဘုရား)။

သိလို့လှူတာဆိုတော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားပြီ၊ (မှန်ပါ့ဘုရား) လှူတာကလဲ သင်္ခါရ မဟုတ်တော့ဘူး၊(မဟုတ်တော့ပါဘုရား) ဘာသစ္စာလဲ၊ (မဂ္ဂသစ္စာပါဘုရား) ရတာက—(နိရောဓသစ္စာပါဘုရား)။

ဟော-တစ်ဘဝထဲနဲ့နိရောဓသစ္စာကူးသွားတယ်၊(မှန်ပါ့) နိဗ္ဗာန်ရတယ်၊(မှန်ပါ့ဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား) မသိလို့လှူတာဘာသစ္စာ၊(သမုဒယသစ္စာပါဘုရား)ရတာက (ဒုက္ခသစ္စာပါ ဘုရား) သိလို့လှူတာ (မဂ္ဂသစ္စာပါ ဘုရား) ရတာက (နိရောဓသစ္စာပါဘုရား)။

အို....ဒကာကြွယ် နေရာကျပြီ၊ (ကျပါပြီဘုရား) ဒီဒကာ ဒကာမတွေ တရားတစ်ပွဲလုံး အားလုံး ဒကာသစ် နေရာကျပြီ၊ (ကျပါပြီဘုရား) လှူတတ်ပါပြီ ထင်ပါရဲ့၊ (လှူတတ်ပါပြီဘုရား)။

လှူတတ်ပါပြီ၊ တပည့်တော်တို့အတွက်တော့ အရှင်ဘုရား စိတ်သာချပါတော့၊ မတိမ်းမစောင်းတော့ပါဘူး ဆိုတာ တရားတစ်ပွဲလုံး တာဝန်ခံတတ်ပလား၊(ခံတတ်ပါပြီဘုရား) အဲ-ဒါကို သေသေချာချာလုပ်ပါ....သေသေချာချာ လုပ်ပါနော်၊ (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် အလှူသည် သံသရာရှည်သလား၊ သံသရာတိုသလားလို့ တချို့က ဒါနသံသရာရှည်တယ်၊သီလ သံသရာရှည်တယ်လို့ ပြောချင်ပြောကြတယ်(ပြောကြပါတယ်ဘုရား)

http://www.dhammadownload.com



မသိလို့ကတော့ ဟုတ်ပါတယ်–တဲ့၊ ၁–၂–၃–၄ အကွက်တွေ လှည့်သွားတယ်၊ (လှည့်သွားပါတယ် ဘုရား) သိလို့က တော့ကို ၁-ပြီးတော့ ၂–ကျတော့ ကိစ္စတုံးတယ်၊ (မှန်လှပါ ဘုရား) ၁-က မဂ္ဂသစ္စာ၊ (မှန်ပါ့) ၂–က၊ (နိရောဓသစ္စာပါ ဘုရား) ပြောင်းပြန် ပြန်မှတ်ရတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သိတာက မဂ္ဂသစ္စာ၊သဘောကျပလား၊(ကျပါပြီဘုရား) သိလို့ လူတာက၊ (မဂ္ဂသစ္စာပါဘုရား) ရတာက (နိရောဓ သစ္စာပါဘုရား) ဘယ်လောက် နေရာကျသလဲ၊ (မှန်လှပါ) နိဗ္ဗာန်ရတယ်၊ (မှန်ပါ့)။

ဒါဖြင့် ဒါန သိလက သံသရာရှည်တာလား၊ သိမှု–မသိမှု ကြောင့် ရှည်တာလား၊(သိမှု–မသိမှုကြောင့် သံသရာရှည်တာ ပါဘုရား) မှတ်ထား၊ နောက် ဒါန သံသရာရှည်တယ်လို့ မသုံးနဲ့၊ (မှန်ပါ့ဘုရား)။

မသိမှုကြောင့်ရှည်တာ၊ (မှန်ပါ့) သိမှုရှိတဲ့ပုဂ္ဂိုလ်ကျတော့ (မရှည်ပါဘုရား)မရှည်ပါဘူး၊၁-ကမဂ္ဂသစ္စာ၊ ၂–ကနိရောဓ သစ္စာ၊ ဒီဘက်သွားသေးရဲ့လား၊ (မသွားပါဘုရား)။

ကိုင်း.... ဒါဖြင့် ဦးသန်းမောင်ကြီး နေရာကျပလား၊ (ကျပါပြီဘုရား) ဒကာသစ် ဘယ့်နှယ် ရေးပေးထားသလဲ၊ မသိလို့ လူတာ ဘာသစ္စာ၊ (သမုဒယသစ္စာပါ ဘုရား)။

ကောင်းပြီ၊ ရတော့ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) သိလို့လူရင် ဘာသစ္စာ၊ (မဂ္ဂသစ္စာပါ ဘုရား) ရတော့ ဘာ သစ္စာ၊ (နိရောဓသစ္စာပါဘုရား) အေး....ဒါနဲ့ ကိုက်အောင် လုပ်ကြ၊ ဒါနဲ့ကိုက်အောင်လုပ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ကဲ....ဒကာကြွယ် နေရာကျပလား၊ (ကျပါပြီ ဘုရား) ဒါ နောက်ကို အားလုံး ပြင်တတ်ကြပလား၊ (ပြင်တတ်ပါပြီ ဘုရား)။

အဲဒါက ဆွမ်းတစ်ဇွန်း ကွမ်းတစ်ရာ လှူစေကာမူ ဒီစိတ်ကလေးတော့ ထားကြပါ၊(မှန်လှပါဘုရား) အကြီးအကျယ်ဆိုရင်ဖြင့် ဆိုစရာမရှိတော့ဘူး၊ အများကြီးပဲ၊ ဒီဥစ္စာကို ခန္ဓာနှလုံးသွင်းကြပါ၊ (မှန်လှပါဘုရား) ခန္ဓာ နှလုံးသွင်းလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်–တဲ့၊ ခန္ဓာက ပြတယ်၊(မှန်လှပါ)

ဒကာကြွယ်....ခန္ဓာက ထိုင်ပြီးရင် ပြတယ်၊ (ပြပါတယ်ဘုရား)တော်တော်ကြာ ကျင်ငယ်စွန့်ချင်လာတယ်၊(လာပါတယ်ဘုရား) ကျင်ကြီး စွန့်ချင်တာကော၊ (လာပါတယ်ဘုရား) အင်း....ဟင် စွန့်ပြီး ပြန်ဆာလောင်မွတ်သိပ်တာက (လာပါတယ်ဘုရား)ဘာသစ္စာချည်းလာသလဲ၊ (ဒုက္ခသစ္စာတွေချည်း လာပါတယ်ဘုရား)။

ဒီအထဲကနေပြီး ယားတယ်, နာတယ်, အောင့်တယ်, ကိုက်တယ်, ခဲတယ်, ကျင်တယ်, ညောင်းတယ်၊ (မှန်ပါ့) ဘာတွေ ပြသလဲ၊ (ဒုက္ခတွေ ပြပါတယ်ဘုရား)။

အဲဒီဒုက္ခသစ္စာတွေကို ဦးသန်းမောင်ကအရင်ကြည့်လိုက်၊ မလှူခင်၊ (မှန်ပါ့ဘုရား) ဒီဒုက္ခမှ လွတ်ရပါလို၏ ဆိုပြီး လှူဒါန်း၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒုက္ခမှ (လွတ်ရပါလို၏ဘုရား)ခင်ဗျားဟာက အလကားပါ၊ (အလှူလုပ် မဏ္ဍပ်တိုင် ပြုပြီး ဟိုပြေး ဒီပြေး၊ မဏ္ဍပ်တိုင် တက်သလို (မှန်ပါဘုရား) ဘယ် ဒါတော့ နှလုံးသွင်းတာ

http://www.dhammadownload.com



မဟုတ်ဘူး၊(မသွင်းပါဘုရား)အသကားထွေရာ ဗျာပါများ နေတာ၊ (များပါတယ်ဘုရား)။

ဒကာကြွယ်....ဗျာပါများနေတော့ သမုဒယသစ္စာလုပ်နေတယ်၊(လုပ်နေပါတယ်ဘုရား) သမုဒယသစ္စာလုပ်တော့ သေသည်၏အခြားမဲ့၌ ဘာသစ္စာရမလဲ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား) ဟာ....အလှူရှင် ဒုက္ခရောက်ပြီ၊ (မှန်ပါ့) ဘယ်သူ ဒုက္ခရောက်သလဲ၊(အလှူရှင်ဒုက္ခရောက်ပါတယ်ဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အလှူရှင် ဒုက္ခမရောက်အောင် ဘယ့်နှယ်လုပ်မတုံးဆိုဘော့ ဦးသန်းမောင်....ခန္ဓာစိုက်လိုက်၊ (မှန်ပါ့) ခန္ဓာညာဏ်နဲ့ စိုက်လိုက်တော့ ဘာတွေ တွေ့သလဲ၊ (ဒုက္ခသစ္စာတွေ တွေ့ပါတယ်ဘုရား)။

ဟင်....အဲဒီထဲက ဒုက္ခသစ္စာတွေ တွေ့တော့ ရှိတာက ဒုက္ခသစ္စာ၊ တွေ့တဲ့ညာဏ်က မဂ္ဂသစ္စာ၊ (မှန်ပါ့)ကိုယ့်ကိုယ်တိုင် တွေ့တာကိုး၊ (မှန်ပါဘုရား) တွေ့တဲ့ညာဏ်က ဘာသစ္စာတုံး၊ (မဂ္ဂသစ္စာပါဘုရား)။

အဲဒီမဂ္ဂသစ္စာနဲ့ လောကီ မဂ္ဂသစ္စာ ဖြစ်ပြီးသကာလ နေတော့ ဒကာဒကာမတို့ ကိုယ်မြင်တဲ့ ဒိဒုက္ခကြီးမှ ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုယ်တိုင်မြင်တဲ့ ဒုက္ခသစ္စာကြီးမှ (ကျွတ်ခြင်းလွတ်ခြင်းကို အလိုရှိ၍ လှူဒါန်းပါ၏) လှူဒါန်းပါ၏ဆိုပြီး သံယာ့လက်ရောက်အောင် ဒကာကြွယ်....လှူလိုက်တာပေါ့၊ (မှန်လှပါ

http://www.dhammadownload.com



ဘုရား) ဘုရားကျောင်းဆောက်လဲ ဘုရားလှူလိုက်တာပေါ့၊ (မှန်လှပါဘုရား)။

ဒီလိုဆိုတော့ ဒုက္ခကြောက်လို့လှူတဲ့အလှူ၊ (မှန်ပါ့ဘုရား) ဒုက္ခစက်ဆုပ်လို့ (လှူတဲ့အလှူပါဘုရား) ဒါဖြင့် မဂ္ဂသစ္စာနဲ့ လှူတာ၊ (မှန်ပါ့ဘုရား) ဒီဘက် ဘာသစ္စာရသလဲ၊ (နိရောဓ သစ္စာ ရပါတယ် ဘုရား) ဒီဘက် သွားစရာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒါဖြင့် အဝိုင်းရပ်ပြီ၊ (ရပ်ပါပြီ) ရပ်သွားပြီဆိုတာဒကာ ကြွယ်....ပေါ်ပြီ၊ (ပေါ်ပါပြီ) ကဲ .. ဦးသန်းမောင် ...ကိုယ် တွေ့ပဲမဟုတ်လား၊ (မှန်ပါ့ဘုရား)။

ကိုယ်တွေ့ပါပဲဆိုတော့ ဩော်....ဒီလိုသိလိုက်ရတဲ့ အသိ ကလေးဟာ ဒကာကြွယ်....ဟို နောက်တုန်းက သိခဲ့ရင်လဲ ဒီဆရာနဲ့ ဒီဒကာ မတွေ့တော့ဘူး၊(မှန်ပါ့)နိဗ္ဗာန် ရောက်သွား မှာပဲ၊ (ရောက်ပါတယ်ဘုရား) သို့သော် မသိတဲ့လူတွေဖြစ်နေ လို့ ပြန်ပြောနေရတဲ့ အဓိပ္ပာယ်ရောက်ပါတယ်၊ (ရောက်ပါ တယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီထက် နက်နက်ကလေး တစ်ခါပြောရဦး မယ်၊ (မှန်ပါ့ဘုရား)ဒီ့ထက် နက်နက်ကလေးက ဘာပါလိမ့် မတုံးဆိုတော့ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာတဲ့၊ သင်္ခါရဆိုတဲ့ စေတ နာတွေ ကုသိုလ်စေတနာတွေလဲ လုပ်တာပဲ၊ အကုသိုလ်စေတ နာတွေလဲ လုပ်တာပဲနော်၊ (မှန်ပါ့) ဘာဖြစ်လို့၊ မသိလို့ မသိ လို့လုပ်တာ၊ (မှန်ပါ့–မသိလို့လုပ်တာပါဘုရား)။

ဒါဖြင့် မသိလို့ ကုသိုလ်လဲလုပ်၊ မသိလို့ အကုသိုလ်လဲ၊ (လုပ်ပါတယ်ဘုရား) မလုပ်ပေဘူးလား(လုပ်ပါတယ်ဘုရား)

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ မသိသော ပုဂ္ဂိုလ်သည် ကားလို့ဆိုရင်ဖြင့် လုပ်ချင်တာ လုပ်တယ်လို့ဆိုတဲ့ စကား မှန်–မမှန်၊ (မှန်ပါတယ်ဘုရား)။

ကုသိုလ်လဲ လုပ်လိုက်တာပဲ၊ အကုသိုလ်ကော…(လုပ်ပါ တယ်ဘုရား) ဒါဘယ်သူလုပ်တာပါလိမ့်၊(မသိတဲ့ပုဂ္ဂိုလ် လုပ် တာပါဘုရား)မသိတဲ့ပုဂ္ဂိုလ်၊(မှန်ပါ့)ဒါဖြင့်အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရတာပဲ၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီ)မသိတဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်လဲ (လုပ်ပါတယ်) အကုသိုလ်ကော၊ (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ကုသိုလ်လဲ သူဟာ ဘုံဘဝဒုက္ခသစ္စာဖြစ်ကြောင်း လုပ်တာပဲ၊အပါယ်လေးပါးရောက်ကြောင်းအကုသိုလ်ကော (လုပ်တာပါပဲဘုရား) ဟာ….ဘာပြုလို့လုပ်တာပါလိမ့်သူဟာ၊ (မသိတဲ့ အဝိဇ္ဇာကြောင့်ပါဘုရား)။

ဟာ….ဒါဖြင့်ဟုတ်ပြီ၊ မသိလို့လုပ်တယ်၊ (မှန်ပါ့) အဝိဇ္ဇာ ပစ္စယာ (သင်္ခါရာပါဘုရား) ဒါဖြင့် မသိတာ (အဝိဇ္ဇာပါ ဘုရား) ပြုလုပ်တာ၊ (သင်္ခါရပါဘုရား)။

အဲ ကဲ–သေကြပေရော့ ဒကာ ဒကာမတို့၊ ဟောဒီမြားက စပ်ပြတယ်၊ ဟောဒီ ပဋိသန္ဓေနေပြီ၊ (မှန်လှပါ) ဘာသစ္စာ ရသလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဇာတိပိ-(ဒုက္ခသစ္စာပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ် ဆိုတော့ ဇာတိပါပဲ၊ (မှန်ပါ့) ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်) ကျေနပ် ပလား၊ (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



ကဲ....ဒါဖြင့် ဒီလိုလုပ်ကြစို့၊ သိလို့ ဒကာ ဒကာမတွေ က လူပြီတဲ့၊ လူချင်လဲလူ၊ (မှန်ပါ့) သိလို့ ဖြစ်ပျက် အားထုတ်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်သိလို့ဖြစ်ပျက်အားထုတ်တာလဲမဂ္ဂသစ္စာ၊(မှန်ပါ့) သိပြီးလူတာလဲ၊ (မဂ္ဂသစ္စာပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) သိလို့အားထုတ်တာလဲ၊ (မဂ္ဂသစ္စာပါဘုရား) အင်း.... ဟင်....သိပြီးသကာလ လူတာကော၊ (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာ အားထုတ်တော့ကို-တဲ့၊ ဒီဘက်ကဘာ သစ္စာရသလဲ၊ (နိရောဓသစ္စာရပါတယ်ဘုရား) ဒါဖြင့် သိလို့ လူတာလဲ နိရောဓသစ္စာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)အင်း....ဟင်....သိလို့ အားထုတ်ပြန်ရင်ကော၊(နိရောဓ သစ္စာပါဘုရား) သဘောပါပလား၊ (ပါ-ပါပြီ)။

ဒါဖြင့်ဒကာဒကာမတို့အင်မတန်နေရာကျပါပြီ၊(မှန်ပါ့)

ဒါဖြင့်ဒီဘက်ကခန္ဓာငါးပါးဟာသိကြား,ဗြဟ္မာ,ဘုရား လာပြီး ဖန်ဆင်းတာလား၊ အဝိဇ္ဇာသင်္ခါရတို့ လုပ်လိုက်တာ လား၊ (အဝိဇ္ဇာသင်္ခါရတို့ လုပ်လိုက်တာပါဘုရား)။

ဒါဖြင့် သိကြား,ဗြဟ္မာ,ဘုရားလာပြီးဖန်ဆင်းတယ်ဆိုတဲ့ အယူမှားကြီး ပယ်လိုက်ပါတော့၊ (မှန်ပါ့ဘုရား)ဒိဋ္ဌိပြုတ်ပြီ၊ (မှန်ပါ့ ပြုတ်ပါပြီ)။

ဒါဖြင့် ဒီခန္ဓာကြီးရနေတာ အခု တရားနာနေတဲ့ ဒကာ ဒကာမတွေ ဒို့ဘယ်ကလာပါလိမ့်မလဲဆိုတာကော သိပလား (သိပါတယ်ဘုရား) ဘယ်ကလာသလဲ၊ (အဝိဇ္ဇာသင်္ခါရက လာပါတယ်ဘုရား)။

http://www.dhammadownload.com



အတိတ်ဘဝ အဝိဇ္ဇာသင်္ခါရက လာတယ်၊(မှန်ပါ့)ဒီဟာ ဘယ်ကမှလာတာ မဟုတ်ဘူး၊ ဘယ်သူ ဖန်ဆင်းတာမှ မဟုတ်ဘူး၊ သဘောကျပလား၊ (ကျပါပြီ) ဘယ်က လာခဲ့သတုံး၊ (အဝိဇ္ဇာသင်္ခါရက လာခဲ့တာပါဘုရား)။

အဝိဇ္ဇာသင်္ခါရက လာတယ်ဆိုတော့ ဘယ်က လာပါလိမ့် မလဲဆိုတဲ့ ဝိစိကိစ္ဆာ ရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒါဖြင့် ဝိစိကိစ္ဆာလဲသေပြီ၊(သေပါပြီဘုရား)ဒီ–ခန္ဓာကြီးသည်ကား လို့ဆိုရင် ဘယ်သူ ပြုလုပ်တာပါလိမ့်၊(အဝိဇ္ဇာ သင်္ခါရ ပြုလုပ်တာပါဘုရား)။

ဟာ-ဒါဖြင့်သူတစ်ပါးဖန်ဆင်းတယ်ဆိုတဲ့အယူတွေကော ရှိသေးရဲ့လား၊(မရှိပါဘုရား)ဒါဖြင့် ဒိဋ္ဌိလဲပြုတ်ပြီ(ပြုတ်ပါပြီဘုရား)။ ဝိစိကိစ္ဆာကော၊ (ပြုတ်ပါပြီဘုရား)။

အဝိဇ္ဇာ သင်္ခါရက ပြုပြင်လိုက်တော့ ဒီဘက်မှာ ပုဂ္ဂိုလ် သတ္တဝါ ပေါ်သလား–တဲ့၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါးပေါ်သလား(ခန္ဓာငါးပါး ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ပြုလုပ်တာလဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊(မှန်ပါ့) ဖြစ်ပေါ်နေတာလဲ (သတ္တဝါ မဟုတ်ပါဘူး) ဒီလိုဆိုတော့ ဒိဋ္ဌိခွာပစ်လိုက်တယ်၊ (မှန်ပါ့) ပြုလုပ်တာလဲ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ (မဟုတ်ပါဘုရား) အဝိဇ္ဇာသင်္ခါရပဲ (မှန်ပါ့)။

ပြုလုပ်လိုက်လို့ အခုခန္ဓာကိုယ်ကြီးပေါ်နေတာလဲ ဘာပါ လိမ့်(ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘုရား)ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ဘူးဆိုတာ မသိဘူးလား၊ (သိပါတယ်ဘုရား) အဲဒါ ပဋိစ္စ သမုပ္ပါဒ် နားလည်တာနဲ့ ဒိဋ္ဌိကွာတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဝိစိကိစ္ဆာကော၊(ကွာပါတယ်ဘုရား)ငါ ဘကယ်လာပါ လိမ့်မတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ၊ (အဝိဇ္ဇာသင်္ခါရက လာပါတယ်ဘုရား)အဝိဇ္ဇာ သင်္ခါရပြုလုပ်လို့ ပေါ်လာတာ၊ (မှန်ပါ့)ဒါဖြင့် အဲသလိုသိလိုက်ပြန်တော့ ဝိစိကိစ္ဆာရှိသေးရဲ့ လား၊ (မရှိတော့ပါဘုရား)။

ဒါဖြင့် ဦးသန်းမောင် ဒိဋ္ဌိဝိစိကိစ္ဆာသည် ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့အတွက် အသိနဲ့မပြုတ်သေးဘူးလား (ပြုတ်ပါ တယ်ဘုရား)အဲ–အသိနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်တော့ စူဠ သော တာပန်တည်ပြီ၊ (မှန်လှပါဘုရား) ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်တော့ (စူဠသောတာပန် တည်ပါတယ်ဘုရား)။

စူဠသောတာပန် တည်ပြီးသကာလမှ ခုနက ပြောခဲ့တဲ့ လှုလိုက်တော့ သောတာပန်အလှူ သွားဖြစ်တယ်၊ (မှန်လှပါ ဘုရား) ကဲ–ဘယ်ကလောက် အဖိုးတန်သလဲ၊ (တန်ပါတယ် ဘုရား)ဘယ်သူ့အလှူ သွားဖြစ်မလဲ၊ (သောတာပန် အလှူ သွားဖြစ်ပါမယ်ဘုရား)။

ဦးသန်းမောင်– အရေးတကြီး ပြောနေတယ်၊ (မှန်ပါ့) ခင်ဗျားတို့မှာ ကိစ္စလက်ငင်းကြုံနေလို့၊ (မှန်ပါ့ဘုရား) ကဲ.... ဒကာကြွယ် ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား)နက်ဖြန် ဆိုရင်ပဲ ဒီဒကာဒကာမတွေက လက်ငင်း ကြုံမယ်၊ (မှန်ပါ့) ကဲ.... ဒကာသစ်တို့ကော.... (ကြုံပါမယ် ဘုရား) ကြုံလို့ ရှိရင်ဖြင့် သြော်–စူဠသောတာပန် ဖြစ်ပြီးမှ လှူရလိမ့်မယ်၊ (မှန်လှပါ ဘုရား)ဖြစ်နေပြီတဲ့၊ ဒကာဒကာမတို့ အကြောင်းတရားကလဲ သိကြား,ဗြဟ္မာလား,အဝိဇ္ဇာသင်္ခါရလား၊ (အဝိဇ္ဇာ သင်္ခါရ

http://www.dhammadownload.com



ပါဘုရား)အကျိုးတရားကလဲ ယောကျ်ား မိန်းမလား၊ ခန္ဓာ ငါးပါးလားတဲ့၊ (ခန္ဓာငါးပါးပါဘုရား)။

ဩော်-အကြောင်းကလဲ ဒကာဒကာမတို့အဝိဇ္ဇာသင်္ခါရ၊ အကျိုးကလဲ ခန္ဓာငါးပါး ဆိုတော့ အကြောင်းအကျိုးပဲ ရှိတယ်ဆိုတာလဲ သေချာပြီ၊ (သေချာပါပြီဘုရား) ပုဂ္ဂိုလ် သတ္တဝါရှိသေးရဲ့လား၊ (မရှိပါဘုရား)ဘာရှိပါလိမ့်၊(ခန္ဓာ ငါးပါးပဲ ရှိပါတယ်ဘုရား)။

ဒီအကြောင်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အကြောင်းက အဝိဇ္ဇာသင်္ခါရ၊အကျိုးက ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿ ဝေဒနာဆိုတော့ပြုလုပ်တဲ့ပုဂ္ဂိုလ်ကောရှိသေးရဲ့လား(မရှိပါ ဘုရား) ပြုလုပ်လို့ပေါ်လာတဲ့ပုဂ္ဂိုလ်ကော၊ (မရှိပါဘုရား)။

မရှိတော့ ပုဂ္ဂိုလ်ပျောက်တယ်၊(မှန်ပါ့) ပုဂ္ဂိုလ် ပျောက် ကတည်းက အကြောင်းလဲ ငါ ဟုတ်ကဲ့လား (မဟုတ်ပါ ဘုရား) အကျိုးကကော၊ (ငါမဟုတ်ပါဘုရား) အဲ-ဒါဖြင့် အကြောင်းအကျိုးမျှသာ ရှိတယ်လို့ဆိုတာ မသိဘူးလား၊ (သိပါတယ်ဘုရား)။

ကဲ-ဒကာကြွယ် ဒီကဲ့သို့သိလိုက်တော့ကို-တဲ့၊ အကြောင်း အကျိုးသာ ရှိပါတယ်၊ ဘယ်သူ ပြုလုပ်တာမှ မဟုတ်ဘူး ဆို ကတည်းက စိစိကိစ္စာသေပြီ။(မှန်ပါ့ဘုရား)အကြောင်းကလဲ ဘာပါလိမ့်၊(အဝိဇ္ဇာသင်္ခါရပါဘုရား) အကျိုး ရ,ထားတာ ကလဲ(ခန္ဓာငါးပါးပါဘုရား)ပုဂ္ဂိုလ်သတ္တဝါပါသေးလား (မပါ,ပါဘုရား) အကြောင်းထဲမှာလဲ မပါဘူး၊ (မှန်ပါ့) အကျိုးထဲမှာကော၊(မပါ,ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ သိနေပြီ-တဲ့၊ ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသွားပြီ၊(မှန်ပါ)ဘယ်လိုပါလိမ့်၊ (ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသွားပါပြီဘုရား)ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းသွား တော့ ဒိဋ္ဌိက ပြုတ်တယ်၊ (မှန်ပါ့ဘုရား)အကြောင်း အကျိုး သိတော့ဝိစိကိစ္ဆာပြုတ်တယ်၊ (မှန်ပါ့ဘုရား)ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတော့ (ဒိဋ္ဌိပြုတ်ပါတယ် ဘုရား)ဘာ သောတာပန် တည်သလဲ၊ (စူဠသောတာပန် တည်ပါတယ်ဘုရား)။

အဲ-စူဠသောတာပန်ဖြစ်သွားတော့မှဒကာဒကာမတွေက လှူလိုက်, တန်းလိုက်,ပေးလိုက်, ကမ်းလိုက်တော့ ဘယ်သူက လှူတာတုံး မေးရင် စူဠသောတာပန်က လှူတာ၊ (မှန်လှပါ ဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား) ဘယ်သူက လှူတာပါ လိမ့်၊ (စူဠသောတာပန်က လှူတာပါဘုရား)။

စူဠသောတာပန်ဆိုတော့ အင်း–သာမညပုဂ္ဂိုလ်လား.... သစ္စာသိတဲ့ပုဂ္ဂိုလ်လား၊(သစ္စာသိတဲ့ပုဂ္ဂိုလ်ပါဘုရား)အင်း- ဟင် ဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးဟာ ဘာ သစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) သိလုံးကလေးကကော၊(မဂ္ဂသစ္စာပါ ဘုရား)။

အဲဒီတော့ခန္ဓာကိုယ်ကဒုက္ခသစ္စာ၊သိလုံးလေးကမဂ္ဂသစ္စာ ဆိုတာကို ကိုယ်တိုင်သိနေတော့ဒီဒုက္ခဝဋ်ကြီးကို တပည့်တော် ကိုယ်တိုင်သိပြီဆိုတော့မဂ်နဲ့သိပြီ(မှန်လှပါဘုရား)ဒီဝဋ်ဒုက္ခမှ ကျွတ်လိုလို့ ဒုက္ခဝဋ်ကျွတ်ရာကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏ ဆိုတော့ ဒကာဒကာမတို့ သစ္စာသိပြီး လှူတာ၊(မှန်လှပါ ဘုရား)ဒုက္ခသစ္စာနဲ့သိပြီး လှူလိုက်တယ်၊(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာကို မလိုချင်, မရချင်လို့၊ (လျှပါတယ်ဘုရား) လျှလိုက်တဲ့အခါကြီးကိုတော့ဒုက္ခသစ္စာရတော့နိရောဓသစ္စာပဲ ကျုပ်တို့ရ,ရမယ်(မှန်လှပါ)ရှင်းပလား၊(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လျှတတ်ပလား၊ (လျှတတ်ပါပြီ ဘုရား) ကဲ....ဒါဖြင့် နိဂုံးချုပ်တော့မယ် ဒကာ ဒကာမတို့.... မသိလို့လျှတာ ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား)သဘော ကျပလား၊ (ကျပါပြီ) လျှလို့ရတော့ကော၊ (ဒုက္ခသစ္စာပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သိလို့လျှတာ ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား) လျှလို့ ရတာ ဘာသစ္စာ၊ (နိရောဓသစ္စာပါဘုရား)။

**ကိုင်း....ဒါနသံသရာ ရှည်သေးသလား၊ မရှည်တော့ဘူး လား၊** (မရှည်ပါဘုရား) မသိ,အသိသာ လိုရင်းဖြစ်တယ်၊ (မှန်ပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ နာရီစေ့ပြီ တော်ကြဦးစို့။

သာဓု–သာဓု–သာဓု

— —

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# ကထိန်ရေစက်ချ တရားတော်

## (၂၂–၁၁–၆၁)

ဒကာ ဒကာမတွေ ဒီအချိန် မုဉ္စစေတနာ အချိန်ဆိုတာ လူတိုင်းသိပါပြီ၊ (မှန်လှပါဘုရား)မုဉ္စစေတနာအချိန်ဆိုတာ လှူဆဲအချိန်ပါနော်၊ (မှန်ပါ့)။

အဲဒီ လှူဆဲအချိန်မှာ လှေနှစ်ခုပြိုင်တဲ့အခါ လမ်းမှာ ဘယ်လိုပင် လှော်ငြားသော်လဲ ပန်းဆွတ်တာ အရေးကြီး–ဆိုတာလို ဒီမှာလဲ ဒကာ ဒကာမတို့ ဟိုက ပုဗ္ဗစေတနာက ဘယ်လိုပဲကောင်းကောင်း မုဉ္စစေတနာ ရာဂ, ဒေါသ, မောဟ, ခြံရံမယ်ဆိုလို့ရှိရင်ဖြင့် အပျက်ကြီးပျက်သွားမှာကိုလဲဆရာသမား စိုးရိမ်တယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နောင်လဲ လှူကြရမယ်၊ ရှေ့လဲ လှူလတ္တံ့–မသေမချင်း၊ ဒီဟာ တော်တော် အရေးကြီးပါကလားဆိုတဲ့စိတ်ကိုဖြင့်ကွက်ကွက်ကွင်းကွင်းပဲ မှတ်ရမယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



အားလုံး အလှူ့ ဒကာ ဒကာမတွေချည်းပဲ ဆိုတာလဲ ငြင်းဖို့ မလိုတော့ပါဘူး၊ (မလိုပါဘုရား) ကထိန်အမ, ကထိန်ဒကာတွေချည်းပဲ ဆိုတဲ့ဥစ္စာကိုလဲ သိပြီးသားဖြစ်ကြပါတယ်၊ (မှန်ပါဘုရား)။

အဲဒီကဲ့သို့ သိပြီးသားဖြစ်နေတော့ ဒါနလှူကြတယ်၊ ဒါနစေတနာကို ထားလိုက်လို့ ဒီစေတနာနဲ့ လှူဒါန်းပေးကမ်းလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် လူ့ပြည်, နတ်ပြည်, စုန်ဆန်ခံစားချင်လို့ လှူလို့ရှိရင် ပုညာဘိသင်္ခါရ ဖြစ်ပါတယ်၊ (မှန်ပါ ဘုရား)။

ဩော်....ဒါဖြင့် ဒီကုသိုလ်က ခင်ဗျားတို့ကို လူချမ်းသာ, နတ်ချမ်းသာဆိုတဲ့ လိမ်လည်ကောက်ကျစ်တဲ့ ချမ်းသာကြီးကို ပြုပြင်အောင်လို့ ခင်ဗျားတို့ပြုလုပ်တဲ့ အဓိပ္ပာယ်ရောက်တယ်၊ (မှန်ပါဘုရား)။

ဒါ့ကြောင့် လူ့ဘဝ, နတ်ဘဝ ချမ်းသာခြင်းအလိုရှိလို့ ပြုခဲ့သော် အဝိဇ္ဇာပစ္စယာ သင်္ခါရာဖြစ်ပါတယ်၊ (မှန်လှပါဘုရား) သင်္ခါရာတွေအများကြီးရှိနေတော့ ပုညာဘိသင်္ခါရာဖြစ်ပါတယ်၊ (မှန်ပါဘုရား) သဘောပါပါလား၊ (ပါ-ပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ ဖြစ်ပါတယ်၊ (မှန်ပါ)။

အဝိဇ္ဇာပစ္စယာ– မသိမှု အဝိဇ္ဇာ လွှမ်းမိုးခြင်းကြောင့်၊ ပုညာဘိသင်္ခါရာ– လူ့ဘဝ,နတ်ဘဝ, ပြုပြင်တတ်တဲ့ သင်္ခါရတရားတွေသည်၊ ဥပ္ပဇ္ဇန္တိ– ဖြစ်ကြလေကုန်၏-လို့ ဆိုသောကြောင့် ဒကာ ဒကာမတွေ သစ္စာမသိဘဲနဲ့ လှူလိုက်လို့ရှိရင် ပုညာဘိသင်္ခါရဖြစ်တယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် မနေ့က ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးလှည့်ပြီး စက်ဝိုင်းကြီး ဘုန်းကြီးကပြတော့ ဒကာသစ်တို့လဲ သိတယ်၊ ဦးသန်းမောင်တို့လဲ သိတယ်၊ ဒကာကြွယ်တို့– ဦးလှဘူးတို့ သိကြပါတယ်(မှန်ပါ့)လူ့ဘဝ, နတ်ဘဝတောင့်တပြီး လှူတဲ့ အလှူဟာ ဘာသစ္စာတဲ့လဲ၊ (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ(မှန်ပါ့) သဘောကျပလား၊(ကျပါတယ်ဘုရား)။

ဩော်....လူ့ဘဝ, နတ်ဘဝ တောင့်တပြီး လှူတဲ့ဥစ္စာ သမုဒယသစ္စာဖြစ်တယ်၊ (မှန်လှပါဘုရား)ထိုကဲ့သို့ သမုဒယသစ္စာ ဖြစ်ပြီဆိုမှဖြင့် အားလုံး ဒကာ ဒကာမတွေ အကြောင်း သမုဒယ ဆိုလို့ရှိရင် စုတေမနေ သေလွန်တော့ကို ဘာသစ္စာ အကျိုးပေးသလဲ၊ (ဒုက္ခသစ္စာ အကျိုးပေးပါတယ်ဘုရား)။

လူခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာခန္ဓာမှာ အကျိုးပေးရတဲ့အတွက် ဘာသစ္စာပါလိမ့်၊(ဒုက္ခသစ္စာပါဘုရား)လူခန္ဓာအစ ဇာတိက (မှန်ပါ့) နတ်ခန္ဓာအစ ဇာတိက၊ (မှန်ပါ့) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) လူခန္ဓာအလယ်ဟာ ဇရာပဲ၊ (မှန်ပါ့) ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)လူခန္ဓာဆုံးခါနီး ဗျာဓိပဲ၊ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)လူ့ခန္ဓာ နောက်ဆုံးပိတ် ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်–ဒါဟာမသိဘဲလှူလို့မသိလှူ၊သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဆိုတဲ့ လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာဘဝကြီးရ,ရတယ်၊ (မှန်လှပါဘုရား) လှူလဲ လှူရသေး၊ ဒုက္ခလဲ မရောက်သေး၊ (မှန်လှပါဘုရား) လှူလဲ လှူရသေး၊ (ဒုက္ခလဲ ရောက်ပါသေးတယ်ဘုရား)ဒါ ဉာဏ်နဲ့စဉ်းစားပြီး ဦးသန်းမောင်တို့ အရေးကြီးတော့တယ်ဆိုတာ မှတ်ရလိမ့်မယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



နောက်က ဒကာ ဒကာမတို့....လူလဲ လူရသေး၊ ဒုက္ခလဲ ရောက်ရသေးဆိုတော့ ဘယ့်နှယ်နေကြသလဲ၊ (ဆိုးဝါးပါတယ်ဘုရား) အင်မတန် ဆိုးဝါးတဲ့ အဓိပ္ပာယ် ရောက်နေတယ်၊ (ရောက်နေပါတယ် ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေသည် အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာ မဖြစ်စေမူ၍ အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော ဖြစ်ရမယ်၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာ နိရောဓာ (သင်္ခါရ နိရောဓောပါဘုရား)အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော-တဒင်္ဂဖြစ်ဖြစ် ဒါ-ဖြစ်ရတော့မယ်၊ (မှန်လှပါဘုရား)။

အဲဒီ တဒင်္ဂဟာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ယခု ခန္ဓာကိုယ်ကြီး ကြည့်လိုက်တဲ့အခါကျတော့ ထိုင်လိုက်, ထလိုက်, ပြောင်းလိုက်, စောင်းလိုက်, ရွဲလိုက်, ရှုလိုက်, ရှိုက်လိုက်, အောင့်လိုက်, နာလိုက် ခန္ဓာကြီးက ပြတယ်၊ (မှန်ပါ့)ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါဘုရား)

သြော်... ခန္ဓာကြီးက ဒုက္ခသစ္စာပဲ၊ လက်တွေ့ ပြောနေပါပေါ့လား ဒကာ ဒကာမတို့၊ (မှန်လှပါဘုရား) ဘာတွေများ ပြောလေ့ ဟောလေ့ ရှိပါလိမ့်၊ (ဒုက္ခသစ္စာလို့ ပြောပါတယ် ဘုရား)။

ဒုက္ခသစ္စာပဲ ပြောလေ့ ဟောလေ့ ရှိနေတော့ သြော်.... ဒါဖြင့် နှလုံးသွင်းလိုက် ဒီသက်နှံးမကပ်ခင်၊ သြော်....ဒီဒုက္ခသစ္စာ ဝိပါကဝဋ်မှ ဒါ-ဝိပါကဝဋ်လို့ ခေါ်တယ်၊ (မှန်ပါ့) ဒုက္ခသစ္စာ ဝိပါကဝဋ်မှ တပည့်တော်တို့ မျက်မြင်အားဖြင့် ကျွတ်လိုပါတယ်ဘုရား၊ (မှန်ပါ့ဘုရား) ဉာဏ်မြင်အားဖြင့်လဲ

http://www.dhammadownload.com



ကျွတ်လိုပါတယ်ဘုရား ဆိုတော့ သစ္စာမြင်တဲ့ ဉာဏ်သည် ဝိပဿနာဉာဏ်ပဲ၊ (မှန်ပါဘုရား)။

ဖြစ်ပျက်ဟာလဲ ဒုက္ခသစ္စာပဲ၊ (မှန်ပါ) ဖြစ်ပျက်မြင်လဲ ဝိပဿနာဉာဏ်ပဲ၊ ဖြစ်ပျက်မြင်လဲ သစ္စာမြင်တဲ့ဉာဏ်ပဲလို့ ဋီကာဆရာများလဲ ပြပါတယ်၊ (မှန်ပါ)။

ဒါကြောင့် ဒကာ ဒကာမတို့ ယခု ၆ဏ သစ္စာမြင်တဲ့ ဉာဏ်ကလေး ဘုန်းကြီးက ဦးတည့်ခိုင်းရမယ်၊ ခန္ဓာ ဦးတည့် ရမယ်နော်၊ (မှန်လှပါ) သစ္စာမြင်တဲ့ ဉာဏ်နဲ့ ခန္ဓာဦးတည့် လိုက်တော့ကို ဘုရားက ဘယ်လိုဟောပါလိမ့်မတုံး ဆိုတော့ အင်္ဂုတ္တိုရ်နိပါတ်အဋ္ဌကထာတော့ ''စိတ္တာလက်ာရစိတ္တပရိက္ခာရ ဒါန မေဝ သေဋ္ဌံ''တဲ့၊ (မှန်ပါ)။

''စိတ္တာလက်ာရ စိတ္တပရိက္ခာရ'' ဆိုတာ တခြား မဟုတ်ပါဘူး၊ သမထဝိပဿနာ စိတ္တာလက်ာရ စိတ္တပရိက္ခာရ ဒါန မေဝ-သမထဝိပဿနာ ခြံရံပြီး ပေးလှူခြင်းသည်၊ သေဋ္ဌံ-အမြတ်ဆုံးလို့ ငါဟောသကွ-တဲ့၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ လှူဆဲအခိုက်ကို ဝိပဿနာ ခြံရံရလိမ့်မယ်၊(မှန်လှပါဘုရား) လှူဆဲအခိုက်အတန့်ကို (ဝိပဿနာခြံရံရပါမယ်ဘုရား)။

ဝိပဿနာခြံရံရမယ်ဆိုတော့ ဒကာဒကာမတွေကစဉ်းစားလိုက်တယ်၊ ဩော်....ဝိပဿနာဆိုတာ 'ဝိသေသေန ပဿတီတိ ဝိပဿနာ' ဆိုတဲ့အတိုင်း ဩော်....အထူးရှုရမှာပါကလား၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဘယ်အချိန် ရှုရမှာပါလိမ့် မတုံးဆိုတော့ မုဉ္စစေတနာ အချိန်မှာ ယန္တေအတွက် ကြုံလာလို့ မုဉ္စစေတနာ အချိန်မှာပဲ ရှုရလိမ့်မယ်၊ (မှန်လှပါဘုရား)။

မုဉ္စစေတနာအချိန် ဒကာဒကာမတွေက ရှုလိုက်တော့ကို ခန္ဓာကြီးကို ဒုက္ခသစ္စာသဘော ဖြစ်,ပျက်ရှုနေကျ ပုဂ္ဂိုလ်က ဖြစ်,ပျက်ရှုပေါ့ဗျာ၊(မှန်ပါ) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကတော့ ဩော်-ဝေဒနာ ဒုက္ခသစ္စာပဲ၊ (မှန်ပါ) အင်း....ဟင်- စိတ် ရှုတဲ့ ပုဂ္ဂိုလ်ကလဲ စိတ် ဖြစ်,ပျက် ကလေးဟာ ဩော်-ဒုက္ခ သစ္စာပဲ၊ (မှန်ပါ)။

ရှုပြီး ဒီ-ဒုက္ခသစ္စာလေးတွေ ဖြစ်ပြီးတော့မှ တပည့်တော် တို့ ယခုအင်မတန်ကြီးကျယ် ခမ်းနားတဲ့ ကထိန်ကြီးကို သံဃာ က ဒါနအဖြစ်နဲ့ လှူဒါန်းရမှာသည်ကားလို့ဆိုရင်ဖြင့် ဒီ-မျက် မြင် ဒုက္ခဝဋ်ကြီးမှ ကျွတ်လိုလို့ လှူဒါန်းချင်တဲ့စိတ် ပေါ်လာ အောင် ရှုရမယ်၊(မှန်ပါဘုရား)။

မျက်မြင်ဒုက္ခဝဋ်မှ ကျွတ်လိုလို့ ဒါကျွတ်ချင်တဲ့ အကူအညီ အထောက်အပံ့အဖြစ်ဖြင့် တပည့်တော်တို့ လှူဒါန်းပါတယ်လို့ ဆိုတဲ့ဥစ္စာကို ခင်ဗျားတို့ အတိအလင်း ခန္ဓာနှလုံးသွင်းရလိမ့် မယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့် အားလုံးသော ဒကာဒကာမတွေကို သတိ ပေးလိုက်ပါတယ်၊သက်န်းမကပ်မီ ရှေးအဖို့ကာလဥ္စသီလ,က ပြည့်စုံပြီးသား၊ (မှန်လှပါ) သမထ, ဝိပဿနာကလေးက ကျန်နေသေးတယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့ စိတ်ကို တန်ဆာမဆင်ဘဲနဲ့ ခင်ဗျားတို့ ရှော့, အင့်-ဆိုပြီး ပေးကမ်းလိုက်လို့ရှိရင် ဒါနရိုးရိုး ဖြစ်မယ်၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ဒါနရှိးရှိး ဖြစ်ခဲ့လို့ရှိရင်ဖြင့် ဒါနရှစ်မျိုး ရှိရာတွင် ရှစ်ခုမြောက်ဒါန အမြတ်ဆုံး ဒါနသို့ မရောက်ပေဘူး၊ (မှန်လှပါ)။

ထိုကဲ့သို့ မရောက်တဲ့ အခါကျတော့ အရင်းတွေ ဘယ်လောက်ပင်များများ အခု ကထိန်ပွဲကြီးမှာ လှူကြ တန်းကြနဲ့ အင်မတန် ကြီးကျယ်ပါတယ်၊ (မှန်လှပါ) အရင်းများပြီး အမြတ် သေးခဲ့သော် ဒီကုန် မကူးကောင်းဘူး၊ (မှန်လှပါဘုရား)အရင်းနည်းပြီး အမြတ်ကြီးခဲ့သော် ကူးကောင်းပါတယ်၊ (မှန်ပါ့)။

အရင်းများပြီး ကြီးသထက် ကြီးလို့ရှိရင်လဲ ဒီကုန်ကိုကူးထိုက်တယ်ဆိုတာ ကုန်သည်သဘောနဲ့လဲသိထားပြီးသား ဖြစ်ပါတယ်၊ (မှန်လှပါဘုရား) ဒါ့ကြောင့် မောင်ထွန်းလှိုင်တို့ လူစု ဒကာကြွယ်တို့ လူစုတွေက ဦးသန်းမောင်တို့ မောင်ဘတုတ်တို့ ဒကာသစ်တို့ လူစုတွေက ဝိပဿနာ ခြံရုံကြဦးစို့၊ (မှန်လှပါဘုရား)။

အိမ်ကျမှခြံရုံမယ်ဆိုတော့ ပရစေတနာမှာသွားခြံရုံတယ်၊ (မှန်လှပါဘုရား) ယခု ခြံရုံလိုက်လို့ရှိရင် မုဥ္စစေတနာမှာ သွားပြီး ခြံရုံတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အဋ္ဌကထာ ဆရာ ... အင်္ဂုတ္တိုရ် ပါဠိတော်ကြီးမှာ ကိုယ်တော်တိုင် ဟောပြီးသကာလ ထားသောကြောင့် "စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ ဒါနမေဝ သေဋ္ဌံ"တဲ့၊ အဋ္ဌကထာဆရာက ဘယ်လိုဖွင့်လိုက်သလဲ၊ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ ဝသေန=သမထ ဝိပဿနာ ခြံရုံသည်၏ အစွမ်းအားဖြင့်၊သမထဝိပဿနာ ခြံရုံ

http://www.dhammadownload.com



ပြီးသကာလ လှုတ့်ဒါနမှာသာလျှင် အမြတ်ဆုံးဒါန ဖြစ်ပါတယ် (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအတိုင်းနေမလား၊ သမထ ဝိပဿနာကလေး ရွေးပြေးပြီးသကာလ ခန္ဓာဝန်,ဒုက္ခဝန်မှ လွတ်လိုလို့ လှူကြမလားလို့ တရားတစ်ပွဲလုံးမေးလိုက်ပါတယ်၊ (ခန္ဓာဝန် ဒုက္ခဝန်မှ ကျွတ်လိုလို့ လှူချင်လို့ လှူကြပါမယ်ဘုရား)။

ခန္ဓာဝန် ကျွတ်လိုလို့ လှူချင်လို့ရှိရင်ဖြင့် ငါးမိနစ် ခန္ဓာကိုယ် နှလုံးသွင်းပါ၊ (မှန်ပါ့ဘုရား) ဘုန်းကြီးက နာရီကြည့်ပြီး စဉ်းစားနေမယ်၊ကဲ-နှလုံးသွင်းကြ၊ အားလုံး ထိုက်တန်သလောက်တော့ မြင်ကြရော့မယ်လို့ ဆရာဘုန်းကြီးက အောက်မေ့နေတယ်နော်၊ (မှန်ပါ့ဘုရား)။

ဒကာကြွယ်တို့ မြင်ရဲ့လား၊ (မြင်ပါတယ်ဘုရား)ဖြစ်ပျက် ဒုက္ခသစ္စာကလေးတွေ မြင်ရဲ့လား၊ (မြင်ပါတယ် ဘုရား) နောက် ဒကာဒကာမတွေ၊ (မြင်ပါတယ် ဘုရား) ထိုကဲ့သို့ မြင်ခဲ့သည်ရှိသော် အဖြစ်အပျက်က ဒုက္ခသစ္စာနော်၊(မှန်ပါ့) မြင်မှုက လောကီ မဂ္ဂသစ္စာ၊ (မှန်ပါ့ဘုရား)။

အဲဒီလောကီ မဂ္ဂသစ္စာနဲ့ မြင်တော့မှ သြော် ...မိမိ မြင်တာ ဒုက္ခသစ္စာဆိုတော့ ဒုက္ခသစ္စာမြင်တော့ သတိ သမာဓိ ဝီရိယဆိုတဲ့ သမာဓိ မဂ္ဂင်သုံးပါး မပါဘဲနဲ့လဲ မဖြစ်နိုင်ဘူး၊ (မှန်လှပါဘုရား)။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး မပါဘဲနဲ့လဲ မမြင်နိုင်တော့ကို—သြော်....သမထ ဝိပဿနာဖြင့် ပြည့်စုံသွားပြီ၊ (မှန်ပါ့ဘုရား) သမထ ဝိပဿနာ ပြည့်စုံပလား၊ (ပြည့်စုံပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီအလှူပွဲကြီး၌ ဒကာဒကာမတို့ ကိုယ်မြင်တဲ့ ဒုက္ခဝဋ်မှ ကိုယ့်ဉာဏ်နဲ့ ကျွတ်ချင် ကြပလား၊ (ကျွတ်ချင်ပါပြီ ဘုရား) ဪ....ဒီခန္ဓာကြီးဟာ ဘယ်လိုထားလို့ ဘယ်လို သိလို့မှမရတဲ့ ခဏခဏ ဖောက်ပြန် ပျက်စီးတဲ့၊ ဖြစ်လိုက် ပျက်လိုက်–ဖြစ်လိုက် ပျက်လိုက်–သင်္ခါရ ဒုက္ခကြီးနဲ့ တွေ့ ကြုံနေရတယ်။

ဒီ ဒုက္ခဝဋ်မှ ကျွတ်လိုတဲ့ ဉာဏ်နဲ့ အားလုံး ဒကာဒကာမ တွေ ဆရာတော် သမားတော်တွေကို သံဃိကသင်္ကန်း ကပ် ကြရလိမ့်မယ်နော်၊ (မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် မျက်မြင် ဝိပဿနာ ဒိဋ္ဌ ဝိပဿနာ ဖြစ်ပြီး သကာလနေတော့ သမထ ဝိပဿနာ မုဉ္စစေတနာမှာ ခြံရံပြီး တော့ ကပ်ရှုပဲ ကျန်ပါတော့တယ်နော်၊ (မှန်ပါ)။

ကိုင်း....ဆရာဘုန်းကြီးက ရှေ့ဆောင်ပြီးတော့ချပေးမယ် ဒကာဒကာမတွေ လိုက်ကြနော်၊ (မှန်ပါဘုရား)။

မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောနတ္ထာယ
သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ....
(၂–ခေါက်ဆို)။

ဘန္တေ=အရှင်ဘုရားတို့၊မယံ=တပည့်တော် တပည့်တော်မ တို့သည်၊ သံသာရဝဋ္ဋဒုက္ခတော=ဖြစ်ပျက်အစဉ် မန္တာသံသရာ ဒုက္ခသစ္စာကြီးမှ ဒုက္ခသစ္စာဝဋ်ကြီးမှ၊ မောစနတ္ထာယ=လျင် လျင်မြန်မြန်မဂ်ဉာဏ်,ဖိုလ်ဉာဏ်အမြင်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ လွတ်မြောက်ခြင်းအကျိုးငှာ၊သပရိဝါရံ=အခြံအရံနှင့် တကွ သော၊ဣမံကထိနစီဝရံ=ဤကထိန်လျာသင်္ကန်းကို၊ သံဃဿ= မဂ်လာတိုက်၌ပုရိမဝါမှ ကောင်းစွာကျွတ်လွတ်တော်မူသော

http://www.dhammadownload.com



သံဃာတော်အရှင်မြတ်အား၊ဒေမ=မအို မသေ အမြဲနေသော နိဗ္ဗာန်ကိုရည်မှန်း၍ သမထ ဝိပဿနာ ခြံရံသောဒါန အဖြစ် ဖြင့် လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

ကဲ–သက်န်းကပ်ကြပေတော့ ဒကာ ဒကာမတွေအားလုံး အလှူပွဲကြီးဖြစ်သောကြောင့် အားလုံးပဲ ရေစက်ချကြပါစို့၊ (မှန်လှပါဘုရား) အားလုံးရေစက်ချကြပါစို့–အလှူပွဲကြီး ကို၊ (မှန်လှပါဘုရား)။

ဝိပဿနာ ခြံရံတဲ့ ဒါနကြီး အကျိုးကျေးဇူးတွေကို ပြပြီး သကာလ ဒကာဒကာမတွေ ကြပ်ကြပ်ဂရုစိုက်ပြီး ဒီအချိန်မှာ အိမ်မှာပြောခဲ့တဲ့စိတ်တွေ၊ အိမ်ပြန်ချင်တဲ့စိတ်တွေ၊ ညောင်း ညာတဲ့စိတ်တွေ၊ညောင်းညာတဲ့ ဒုက္ခသဟဂုတ်ကာယဝိညာဏ် စိတ်တွေ၊ ဒါတွေ ပေါ်လာသည့်ရှိရင်လဲ အလုံးစုံ ဖြစ်ပျက်သာ ရှုပစ်လိုက်၊ (မှန်လှပါဘုရား)။

အကုန်ဖြစ်ပျက်ရှုပြီး ဒကာ ဒကာမတွေက အင်း–အနိစ္စ ခန္ဓာကိုယ်၊ အနိစ္စခန္ဓာကိုယ်ဆိုတာ မြင်ပါလိမ့်မယ်၊ (မြင်ပါ တယ်ဘုရား) ဒုက္ခသစ္စာ ခန္ဓာကိုယ်ဆိုတာ မြင်ပါလိမ့်မယ်၊ (မြင်ပါတယ်ဘုရား)။

အဲဒါကြောင့် ပျင်းတဲ့စိတ်လာလဲ ပျင်းတဲ့စိတ် ဖြစ်ပျက်ရှု၊ (မှန်ပါ့ဘုရား)ငိုက်တဲ့စိတ်လာရင်ကော၊(ငိုက်တဲ့စိတ်ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ကြာတယ်–ဘုန်းကြီး ဟောနေလိုက်တာ ကြာတယ်လို့.... ဒေါသကလေး လာရင်ကော၊ (ဒေါသကလေးဖြစ်ပျက်ရှုရ ပါမယ်) ဒေါသစိတ်ကိုပဲ ဖြစ်ပျက်ရှု၊ (မှန်လှပါ) ဘုန်းကြီး

http://www.dhammadownload.com



ပြောနေတာ ရှည်လိုက်တာဆိုပြီးသကာလ စိတ်ထဲမခံသာလို့ ရှိရင်လဲ ဘာလုပ်ကြမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီ မခံသာတဲ့စိတ်ကို ဖြစ်ပျက်ရှုပါ၊ (မှန်လှပါဘုရား) ''သဒေါသစိတ္တံ သဒေါသစိတ္တန္တိ ပဇာနာတိ'' လုပ်ပါ၊ (မှန်ပါ့ဘုရား) အဲဒီကဲ့သို့လုပ်ပြီး ဝိပဿနာနဲ့ ဒကာဒကာမတွေ နားက ဘုန်းကြီးပြောတာ ထောင်ပါ၊ (မှန်ပါ့) ဉာဏ်က ခန္ဓာကိုယ်လှည့်ပါ၊ (မှန်ပါ့ဘုရား) နားက၊ (ဘုန်းကြီး ပြောတာ ထောင်ပါ) ဉာဏ်က၊ (ခန္ဓာကိုယ်လှည့်ပါဘုရား)။

ခန္ဓာကိုယ် လှည့်ပြီးသကာလ နာလို့ရှိရင် ယခု ဆရာ ဘုန်းကြီး နာရီသုံးမတ်လောက်ဆိုသလိုပဲ ရေစက်ချတရား ပြောပါလိမ့်မယ်နော်၊ (မှန်လှပါဘုရား)။

အဲဒီလို ပြောတဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတွေက ဝိပဿနာဉာဏ် ဦးစီးပြီးသကာလ အင်း–အလှူပွဲမှာ ဝိပဿနာဉာဏ် ဦးစီးနေတယ်ဆိုတဲ့ဥစ္စာ သေချာသွားအောင်လို့ နော်၊ (မှန်လှပါဘုရား)။

ကိုင်း– သေသေချာချာမှတ်ကြပေတော့ ဒကာဒကာမတို့ ဒီဘဝ၊ ဒီဌာန၊ ဒီအချိန်၊ဒီကျောင်းပေါ်ရောက်ပြီးသကာလ ဒီလိုလာကြသည်ကားလို့ ဆိုရင်ဖြင့် အစရှိပါလိမ့်ဦးမယ်၊ သူ ဘယ်ကစ,လို့ ဒီအနားရောက်လာပါလိမ့်မလဲဆိုတာ ဦးသန်း မောင်တို့ တွေးရမယ်၊ (မှန်လှပါဘုရား)။

တွေးရတဲ့အခါကျတော့ တပည့်တော်တို့ဘုရား–အစမှာ ယခုဘဝမှာဖြင့် အမိဝမ်းခေါင်း ကလလ,ရေကြည်က စ,ခဲ့ ပါတယ်ဆိုတာ အားလုံးက အဖြေထွက်ရတယ်၊ (မှန်လှပါ

http://www.dhammadownload.com



ဘုရား)။ ကလလ,ရေကြည်က စ,ခဲ့ပါတယ် ဆိုတာ အားလုံး အဖြေထွက်တော့ ကလလ, ရေကြည်ကလေးဟာ ဒကာ ဒကာမတို့ အင်မတန် သေးငယ်ပါတယ်ဆိုတာလဲ ခဏခဏ ပြောလို့ နားလည်လောက်ပါပြီနော်၊ (မှန်ပါ့ဘုရား)။

ဒါကလေးဟာ ရုပ်၏ဇာတိဆိုရင်လဲ အမှန်ပါပဲ၊ (မှန်လှပါဘုရား) ဒီကလလ,ရေကြည်နဲ့ တွဲနေတဲ့ ဝေဒနာ သညာ သင်္ခါရတွေလဲ နာမ်၏ဇာတိတွေ၊ (မှန်ပါ့ဘုရား) ဩော်.... ဒါကလေးတွေဟာ ဇာတိပိ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်-တပည့်တော်တို့ လာခဲ့ရတာဘုရား-အစကတည်း က ဒုက္ခနဲ့ပါဘုရား (မှန်လှပါဘုရား) အစကတည်းက(ဒုက္ခနဲ့ ပါ ဘုရား)အင်း-ဒီဒုက္ခကြီးကိုလဲ ဒကာဒကာမတွေလူ့ဒါန်း ပေးကမ်းတဲ့ ပုဂ္ဂိုလ်များ နောက်ဇာတိကို လိုချင်လို့ရှိကြရင် လူ့မိုက်အလူ ဒုက္ခပူမှာပဲ၊ (မှန်လှပါဘုရား)။

ဩော်....ဒါဖြင့် ဒကာဒကာမတွေ ကိုယ်လာခဲ့တဲ့ အစ, ကိုယ်မြင်ကြပလား၊ (မြင်ပါတယ်ဘုရား) အမိဝမ်းခေါင်းထဲ ကလလ,ရေကြည်က စ,ခဲ့ရတယ်၊ (မှန်ပါ့) ဘာသစ္စာနဲ့လဲ၊ (ဒုက္ခသစ္စာနဲ့ပါ ဘုရား)။

ဩော်-ဒီဒုက္ခကြီးကိုဖြင့် တပည့်တော် ရှုံမုန်းခြင်း၊ငြီးငွေ့ ခြင်းကို လုံးဝမတွေ့လိုလို့ ဤသံဃိကဒါန ကထိန်အလှူပွဲကြီး ကို ဆင်နွဲပါတယ်၊ ဒုက္ခသစ္စာကြီးကြောက်လွန်းလို့ ဒီကထိန် အလှူပွဲကို သမထဝိပဿနာ ခြံရံပြီး လွတ်ခြင်း, ကျွတ်ခြင်း ဖြစ်တဲ့ အဇာတိဖြစ်တဲ့ ပဋိသန္ဓေမနေရာကိုသာလျှင် ရောက် ခြင်း,ရခြင်း ဆန္ဒပြင်းပြသည်ဖြစ်ပါ၍ ဇာတိရှုံမုန်းပြီး အဇာ

http://www.dhammadownload.com



တိကို တောင့်တတဲ့ဆန္ဒနဲ့ သံဃာတော်များအား လှူဒါန်းပါ၏လို့ ယခုအချိန် စိတ်ပြောင်းလိုက်ပါဦး၊ ပြောင်းလိုက်ပါဦး၊ (မှန်ပါဘုရား)။

တပည့်တော်–တပည့်တော်မတို့သည် တပည့်တော် မတို့၏ ဘဝ ဇာတိဒုက္ခက စ,ကြောင်းကို ကောန်သိ-တကယ် သိသည်ဖြစ်ပါ၍ ဇာတိဒုက္ခကြီးကို ရွံခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊မလိုချင်ခြင်း ရှိသည်ဖြစ်ပါ၍ အဇာတိဟု ဆိုအပ်သော နိဗ္ဗာန်ကိုသာရည်မှန်း၍ သံဃာတော်အရှင်မြတ်တို့အား သံဃိကကထိန်လျှာသင်္ကန်းကို လှူဒါန်းပါ၏အရှင်ဘုရား။

ဩော်–ဇာတိကြောက်ပြီး အဇာတိဆန္ဒပြင်းပြလို့ လှူကြတာပါကလား၊ (မှန်လှပါဘုရား) ဘာကြောက်ပြီး လှူကြသလဲ၊ (ဇာတိကြောက်ပြီး လှူကြပါတယ်ဘုရား) ဇာတိတော့ ကြောက်တယ်၊ (မှန်ပါ) အဇာတိတော့ ရောက်လိုတယ်၊ (မှန်ပါ)ဇာတိကြောက်ပြီး အဇာတိရောက်လိုတဲ့ဆန္ဒနဲ့ လှူဒါန်းပါလို၏လို့ ပြောလိုက်စမ်းပါနော်၊ (မှန်လှပါဘုရား)။

ဒကာကြွယ်-ပေါ့ပေါ့ကလေး မနေလိုက်ပါနဲ့ (မှန်လှပါ) ဦးသန်းမောင်မပေါ့ပါနဲ့၊(မှန်ပါဘုရား)ဒီအရေး အင်မတန်ကြီးတယ်ဆိုတာ ဒကာဒကာမတို့ အိုက်တာ,ပူတာကို ဂရုစိုက်မနေနဲ့၊ (မှန်လှပါ) အိုက်တာ, ပူတာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) လာရင်ရှုပစ်၊ (မှန်လှပါဘုရား) ကိုယ်က ဒုက္ခဝေဒနာပေါ်တယ်၊ဒုက္ခသစ္စာပဲရှုကြ၊(မှန်လှပါဘုရား)။

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စံ" မမေ့ပါနဲ့၊ ဆရာပြောတာ နားထောင်ပြီး ခန္ဓာကပြရင် ရှုလိုက်ပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် ဇာတိ ကြောက်လို့ လှူတဲ့အလှူပါပဲ၊ (မှန်လှပါဘုရား) ယခုဒကာကြွယ်တို့ ဦးလှဘူးတို့ ဦးသန်း မောင်တို့ ဒကာသစ်တို့ မောင်ဘသော်တို့၊ (မှန်ပါ့) ဟော့....မင်းတို့ ဘယ်အခြေအနေ ရောက်လာသတုံး၊ အိုပါပြီ (မှန်လှပါ)၊ ဘုရား။

ယခု ဘာဒုက္ခကြီးနဲ့ နေကြပါလိမ့်၊(ဇရာဒုက္ခနဲ့ပါဘုရား) ဇရာဒုက္ခကြီးနဲ့ နေကြရတယ်၊ (မှန်လှပါ) နောက်က ဒကာ ဒကာမတွေ ပျိုသလား–အိုကြပလား၊ (အိုကြပါပြီဘုရား) အိုတာ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒီဒုက္ခသစ္စာကြီး ဒကာ ဒကာမတို့ နောက်ဘဝက သမထ ဝိပဿနာ မခြံရံတဲ့ ဒါနနဲ့ လုပ်ခဲ့တဲ့အတွက် ယခု အို ခြင်းဆိုးနဲ့ဖြင့်ကိုယ်တိုင်တိုးပါပေါ့လား၊(မှန်လှပါဘုရား)။

အိုခြင်းဆိုးနဲ့ ကိုယ်တိုင်တိုးနေကြတယ်၊(မှန်ပါ့)ရှေ့ဆက် တိုးချင်ကြသေးသလား' (မတိုးချင်ပါဘုရား) နှစ်ခါတော့ မမိုက်ပါနဲ့တော့၊ (မှန်လှပါ) နှစ်ခါတော့ မမိုက်ပါနဲ့တော့ လို့ဆိုတာက ဆရာက တားမြစ်တယ်၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ယခု အိုတဲ့ဒုက္ခကြီးနဲ့ တိုးနေတော့ နေချင် လို့ နေရတာလား၊ သူ့အကျိုးပေးအတိုင်း နေရတာလား၊ (သူ့အကျိုးပေးအတိုင်း နေရတာပါဘုရား)။

ဩော်–မှားချက်သင့်လို့ မှားချက်ခံနေရတယ်၊ (မှန်လှပါ ဘုရား)အဝိဇ္ဇာပစ္စယာသင်္ခါရာလုပ်ခဲ့တဲ့အတွက် အဝိဇ္ဇာနိရော ဓာ သင်္ခါရနိရောဓော မလုပ်ခဲ့တဲ့အတွက် မှားချက်ကြီးဖြင့် သူ့များပေးတာလား ကိုယ့်ကိုယ်တိုင် ခံယူပြီး သကာလ

http://www.dreammandownload.com



တောင်းတတဲ့ဆု ပြည့်တာလား မေးလိုက်ပါတယ်၊(တောင်းတဲ့ဆု ပြည့်တာပါဘုရား) မိုက်ပြစ် သင့်နေတာ၊ (မှန်လှပါဘုရား) မိုက်ပြစ်သင့်နေတာဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

နောက်ဘဝက အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရကြောင့် ခန္ဓာ ဒုက္ခသစ္စာကြီး မရှုမလှ ရ,နေကြတာ၊(မှန်လှပါဘုရား) အိုက်လိုက်, ပူလိုက်တာလဲလွန်လို့ အိုခြင်းဆိုးကြီးကလဲ တွေ့လျက် (မှန်လှပါ) ဘာသစ္စာနဲ့ နေရသလဲ၊ (ဒုက္ခသစ္စာနဲ့ နေရပါတယ် ဘုရား) နောင်တစ်ဖန် ဒီလို နေချင်သေးသလား၊ (မနေချင်ပါဘုရား)။

ဒါဖြင့် ဒီဒုက္ခကြီးဟာ ရှုံစရာ-မုန်းစရာလား သိမ်းပိုက်စရာလား၊ (ရှုံစရာ-မုန်းစရာပါဘုရား)။

**ကဲ - လိုက်ဆိုကြ၊** တပည့်တော် တပည့်တော်မတို့သည် ''အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရ''ကို အလုပ်မှားသည့်အတွက် သမထ ဝိပဿနာ ခြံရံသော အလှူကို မလှူမိသည့်အတွက် ဝိပါကဝဋ်ဒုက္ခကြီးကို ကိုယ်တိုင်တွေ့ရ လှလှကြီးခံနေရသည် ဖြစ်ပါ၏၊ ယခုမြင်သော ဒုက္ခဝဋ်မှ ရှုံခြင်း, မုန်းခြင်း, ပျင်းရိခြင်း,ငြီးငွေ့ခြင်း ရှိသည်ဖြစ်၍ အဇရာဟု ဆိုအပ်သော မအိုရာမှန် ပြည်နိဗ္ဗာန်ကိုသာ ရောက်လိုခြင်း, ရလိုခြင်း ဆန္ဒပြင်းပြသည် ဖြစ်ပါ၍ သံဃိကဒါန ဖြစ်သောအခြံအရံနှင့်တကွ ကထိန်လျာသင်္ကန်းကို ပုဂ္ဂိုလ်မရည်မှန်းဘဲ သံဃာကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



ဦးသန်းမောင် သိပ်အဖိုးတန်တယ်၊ (အဖိုးတန်ပါတယ်ဘုရား) အားလုံး ဒကာဒကာမတွေ ဝမ်းမြောက်ကြရဲ့နော်၊ (မှန်ပါဘုရား) တစ်သက်မှ တစ်ခါ လူရတဲ့ အသဒိသဒါန အလှူနဲ့အတူတူပဲ၊ (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို လမ်းပြကောင်းနဲ့ကြုံပြန်တော့လဲဒကာသစ်ရေ-နောက်လိုက်ကောင်းလိုတယ်၊(မှန်ပါဘုရား)လမ်းပြကောင်း ချို့ယွင်းချက် ရှိနေပြန်တော့လဲ နောက်လိုက်ချော်ကြတယ်၊(မှန်ပါဘုရား)လဲကြကွဲကြပေါ့ဗျာ၊ (မှန်ပါ)။

အဲ—ယခုအချိန်မှာဖြင့် အလွန် အဖိုးတန်သော လမ်းပြကောင်းနဲ့လဲ တွေ့ပြန်၊ နောက်လိုက်တွေကလဲ ချော်မကျဘဲနဲ့ ဖြောင့်ဖြောင့်လိုက်ပြန်သောကြောင့်ငါတို့သည်ဝဋ္ဋဒုက္ခကျွတ်တဲ့ ဝိဝဋ္ဋသံဃိကဒါနအလှူကြီးဖြင့် အထမြောက်ပြီပေါ့ဆိုပြီး သကာသဒ္ဒါဥစ္စာဖြင့် သမထဝိပဿနာခြံရံတဲ့ အလှူကြီး ဖြစ်သောကြောင့်လဲ ဝိဝဋ္ဋအစစ်ဖြစ်ပါတယ်(မှန်လှပါဘုရား)။

အင်္ဂတ္တိုရ်ပါဠိတော်ကြီးမှာဒီအတိုင်းလာတော့လေးလေးစားစားနဲ့၊သြော်-ငါးမူးတစ်ကျပ်ထည့်နိုင်တဲ့ပုဂ္ဂိုလ်တောင်မှလဲ ပစ္စည်းမနည်းဘူး၊ အကျိုးပေး နိဗ္ဗာန်တိုင်တိုင် တစ်ခါတည်း ဉာဏ်အမြင်နဲ့ ရောက်အောင် ဝဋ္ဋကြီးရှုမုန်းပြီး လှူတဲ့ အလှူဖြစ်သောကြောင့် ဝိဝဋ္ဋဖြစ်လေသောကြောင့်လဲ **ဒကာဒကာမတို့ ပစ္စည်းထိုရင်းမဟုတ်ဘူး စိတ်ထားမွန်မြတ်ဖို့လိုရင်းပါပဲ**၊ (မှန်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

အင်း—ဒကာဒကာမတွေ ခန္ဓာကိုယ်ကြီး ရှေ့ဘယ်စခန်းနဲ့ ဘယ်လမ်းမျိုး မြန်းကြဦးမယ်ဆိုတာလဲ ခန္ဓာက သွားလျက် ကိုးဗျ၊(မှန်လှပါဘုရား) အင်း- ခန္ဓာကြီးက ယခုအခါ အို လမ်းကနေပြီး နာလမ်းကိုဖြင့် အရောက်ပြေးနေကြပြီ၊ (မှန် လှပါဘုရား)။

ဒကာဒကာမတို့ အခုအိုလမ်းကနေပြီးဘယ်လမ်းကိုသွား နေကြသတုံး၊ (နာလမ်းသွားနေပါတယ် ဘုရား) တားပါ လားဗျ၊ (မရပါဘုရား)ဘယ်ရမတုံး အဝိဇ္ဇာ ပစ္စယာ ပုညာ ဘိ သင်္ခါရာ လုပ်ခဲ့တာကိုး၊ (မှန်လှပါဘုရား)အဝိဇ္ဇာ ပစ္စယာ (ပုညာဘိသင်္ခါရာ လုပ်ခဲ့ပါတယ်ဘုရား)။

အဲဒီတော့ ပုညာဘိ သင်္ခါရာ အထက်နားက အုပ်ချုပ်နေ တာက အဝိဇ္ဇာပစ္စယာ၊ (မှန်လှပါ) ဩော်—မသိလူ-လူခဲ့ တယ်၊ (မှန်လှပါဘုရား)ဘယ့်နှယ်ဆိုပါ့မလဲ၊ (မသိလူ—လူခဲ့ ပါတယ်ဘုရား)။

မသိတာက အဝိဇ္ဇာ၊ လှူတာက သင်္ခါရဆိုတော့ မသိတာ အုပ်ချုပ်ပြီး လှူလိုက်တဲ့ အတွက်-တဲ့၊ ဒကာဒကာမတွေမှာ ယခုတပည့်တော်တို့ အိုတဲ့အထဲမှာ နာလမ်းပြေးရတော့ ကိုယ် ကျိုးဖြင့် လှလှကြီးနည်းပေါ့ဘုရား၊ (မှန်လှပါဘုရား)။

အိုတဲ့ခန္ဓာကိုယ်ကြီးဟာ ဘယ်ပြေးနေရသလဲ၊ (နာလမ်း ပြေးနေရပါတယ်ဘုရား) နာလမ်းကို ပြေးနေရပြန်တော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အစကလဲ မကောင်း၊ အလယ် မှာလဲ မကောင်းဘဲနဲ့ ကိုယ်ကျိုးနည်းနေကြတယ်၊(မှန်လှပါ ဘုရား)။

http://www.dhammadownload.com



ဘယ့်နှယ်ကြောင့် ကိုယ်ကျိုးနည်းရသလဲ၊ ကံမကောင်း အကြောင်းမသင့်လို့ နည်းရတယ်လို့ သူများက ဆိုလို့ရှိရင် မယုံကြပါနဲ့ (မှန်လှပါ) အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရ၏ ဒဏ်ချက်ပေါ့။ (မှန်လှပါဘုရား)။

ဘယ့်နှယ်မှတ်ကြမယ်၊ (အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရ၏ ဒဏ်ချက်ပါဘုရား)အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ၏ဒဏ်ချက်ကြောင့် ယခုဖြင့် အိုဘေးကြီးထမ်းပြီးသကာလနာဘေးရှိရာ ပြေးရတယ်၊ (မှန်လှပါဘုရား) အိုဘေးကြီး ထမ်းပြီး (နာဘေးရှိရာ ပြေးရပါတယ် ဘုရား) ပြေးချက် ဆိုးလှချည့်လား(ဆိုးပါတယ်ဘုရား)ထမ်းရတာက ဘာဘေးတဲ့လဲ၊(အိုဘေးပါဘုရား)။

အိုဘေးခန္ဓာကြီးနော်၊ (မှန်ပါ) ပြေးလို့ ရောက်မည့်နေရာကဘယ်နေရာတဲ့၊(နာဘေးရှိရာပါဘုရား)နာဘေးစုံနေတဲ့ နေရာ၊(မှန်ပါ)အံမာလေး၊တစ်ချက်မှုလဲမကောင်းပါလား၊ (မကောင်းပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီနာဘေးကြီး ရှိရာဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးလဲ မကယ်နိုင်ဘူး၊ (မှန်လှပါ) ဘာကြောင့်တုံးဆိုတော့ အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရရဲ့ ဒဏ်ချက် သင့်နေတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်သူ့ ဒဏ်ချက်သင့်ပါလိမ့်၊ (အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရ၏ ဒဏ်ချက်သင့်ပါတယ်ဘုရား) ဩော်-နောက်ထပ် အသင့်ဖြင့် မခံကြပါနဲ့၊ လိမ္မာကြပါတော့ဆိုတဲ့အဓိပ္ပာယ်ကို

ဆရာဘုန်းကြီးကသတိပေးလိုက်တယ်၊ (မှန်ပါ့ဘုရား)လိမ္မာတော့မလား ဒါဖြင့်၊ (လိမ္မာပါတော့မယ်ဘုရား)။

လိမ္မာရမယ်၊ (မှန်ပါ့) ယခု အိုဘေး ထမ်းပြီး နာဘေးရှိရာ ပြေးရတော့မယ်ဆိုတော့ ရပ်လို့လဲမရ၊ ဆည်းလို့လဲမရ၊ နောက်ထုံးစံအတိုင်း ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သည် အိုဘေးထမ်းပြီး နာဘေးရှိရာ ပြေးရတော့ အင်း ဒီမီးပုံက သေးတာနဲ့ ဟိုမီးပုံကြီးထဲ ပြေးလိုက်ဦးမယ်ဆိုတဲ့ အခိပ္ပာယ် ရောက်ပါတယ်၊(ရောက်ပါတယ်ဘုရား)။

သြော်-ဉာဏ်နဲ့တွေးကြ၊ ဉာဏ်နဲ့တွေးကြ ဒကာ ဒကာမတို့ ခန္ဓာ့လမ်းစဉ်က ဤလမ်းစဉ်မှတစ်ပါး ဘယ်မှမရွေဘူး၊ (မှန်ပါ့ဘုရား) ရွေ့ကြရဲ့လား၊ (မရွေ့ကြပါဘုရား)။

အခု ဘယ်လမ်း သွားနေကြသလဲ၊ (နာလမ်းသွားနေပါတယ်ဘုရား)ဘာတွေထမ်းသွားကြသလဲ၊(အိုဘေးထမ်းသွားပါတယ်)အိုဘေးထမ်းပြီးနာဘေးရှိရာပြေးတယ်၊(မှန်လှပါ) လွန်လှချည့်လား ဒကာ ဒကာမတို့၊ (မှန်ပါဘုရား)။

ကံမကောင်း အကြောင်းမသင့်လို့လား၊ အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရကြောင့်လား၊ (အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရကြောင့်ပါ ဘုရား) အပုညာဘိ သင်္ခါရကို မဟောရဲသေးဘူး၊ (မှန်လှပါ) ပုညာဘိသင်္ခါရကိုပဲ အတော်ဆိုးနေပြီ၊ (မှန်ပါ-ဆိုးပါတယ်ဘုရား)။

အဝိဇ္ဇာအုပ်ချုပ်တဲ့ကုသိုလ်ကြီး ဒကာကြွယ်တို့က နောက်တုန်းက ခပ်ပြုံးပြုံးကလေးလုပ်ခဲ့တာအခုတော့မဲ့ပြီးခံရတယ်၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ရှေးက ဘယ်လိုလုပ်ခဲ့ပါလိမ့်၊ (ခပ်ပြုံးပြုံး ကလေး လုပ်ခဲ့ပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ ငါ လူ့ချမ်းသာရအောင် လုပ်မဟ–ဆိုပြီးသကာလ ခပ်ပြုံးပြုံးလုပ်ခဲ့တာ အခုတော့ ဒကာကြွယ်ကြီး သွားကျိုး,ဆံဖြူ,မျက်လုံးကလဲ မွဲနဲ့ မွဲနေ ပါပေါ့ကလား၊ (မှန်ပါ့ဘုရား) မမွဲရသေးဘူးလား၊ (မွဲရ ပါတယ်ဘုရား)။

အင်း....ဟင်....ဘယ့်နှယ်ကြောင့် မွဲရပါလိမ့်မတုံး–ဆိုပြီး အကြောင်းရှာတော့ဘာတွေ့ပါလိမ့်(အဝိဇ္ဇာပစ္စယာပုညာဘိ သင်္ခါရာတွေ့ပါတယ်ဘုရား)သေသေချာချာမှတ်ပါ၊ အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာဆိုတာ ဦးသန်းမောင် အတော်ဆိုး တယ်၊ (မှန်လှပါဘုရား) ရှင်းကြပလား၊(ရှင်းပါပြီဘုရား)။

ဒါကြောင့် အိုဘေးထမ်းပြီး နာဘေးရှိရာ ပြေးရတယ် ဆိုတော့ ဒကာ ဒကာမတို့ ထမ်းရတဲ့ ပစ္စည်းကလဲ အရုပ်ဆိုး၊ (မှန်လှပါဘုရား) ရောက်ရမည့် နေရာဌာနက အကြည့်တန် (မှန်ပါ့) အင်း....အရုပ်ဆိုးထမ်းပြီး အကြည့်တန်တဲ့နေရာ သွားရာဖြင့် ခင်ဗျားတို့ဖြင့် မွဲလက်စသတ်စရာ မမြင်ပါဘူး၊ (မမြင်ပါဘုရား)။

ဘယ့်နှယ်နေကြသလဲ၊(မွဲလက်စသတ်စရာမမြင်ပါဘုရား) မောင်ထွန်းလှိုင်....သိပ်ဆိုးပါကလား၊ (ဆိုးပါတယ်ဘုရား) အင်မတန် ဆိုးတယ်ဆိုတာ တရားတစ်ပွဲလုံး ရိပ်မိကြပလား၊ (ရိပ်မိပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် ကား–လို့ ဆိုလို့ရှိရင်ဖြင့် အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာ

http://www.dhammadownload.com



ဒဏ်ချက်ကဖြင့် တပည့်တော်တို့ အခုမှ ကိုယ်ကျိုးနည်းမှန်း သိတယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အိုဘေးထမ်းပြီးသကာလ နာဘေးရှိရာ ပြေးရတဲ့ အလုပ်လောက် ဒုက္ခကြီးတာတော့ တရားတစ်ပွဲလုံး ရှိသေးရဲ့လား၊ (မရှိပါဘုရား) ထော့နင်းထော့နင်းနဲ့ပြေးရတယ်၊ ခြေထောက်ကလဲ နာလိုက်တာ၊ နာလိုက်တာ–နာလိုက်တာနဲ့ ပြေး၊ဟိုနားကျတော့ ခလုတ်တိုက်လဲတော့ဒီ့ ထက်ဆိုး သွားတယ်၊(ဆိုးပါတယ်ဘုရား)ဒီကပြေးရတာကထော့နင်း-ထော့နင်း၊ (မှန်ပါ့) ဟိုနားခလုတ်တိုက်ပြီး ဟပ်ထိုးလဲလိုက်တော့ တစ်ခါတည်းသွားတွေပါ ကျွတ်ကုန်တယ်၊(မှန်လှပါဘုရား)။

ဒါဖြင့် ထော့နင်းသွားတာကြိုက်သလား၊ သွားကျိုးတာကြိုက်သလား၊ (ဘာမှ မကြိုက်ပါဘုရား) ဘာမှမကြိုက်တော့ ဘူး–ဟုတ်လား၊(မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အံမာလေး....အခုတော့ ထော့နင်း-ထော့နင်းသွားတုန်း ရှိသေးတယ်၊တော်တော်ကြာ သွားကျိုး၊ ဆံဖြူ၊ ငယ်မူပျောက်ပြီးသကာလဗျာဓိအနာနှိပ်စက်လို့သွားနာတွေ၊လည်နာတွေ၊ ရင်နာတွေဆိုတာတွေက အားလုံး ဒကာ ဒကာမတွေလာဦး မယ်မဟုတ်လား၊ (လာပါ့မယ်ဘုရား) အဲဒီရောက်တော့မယ် နော်၊ (မှန်ပါ့ဘုရား)။

အင်း–အိုဘေးကြီးထမ်းလို့ဆိုတာ ထော့နင်းသွားရတာ၊ (မှန်ပါ့)သွားတိုင်း–သွားတိုင်းနာလျက်မို့ ထော့နင်းသွားရတယ်၊ (မှန်ပါ့) ထော့နင်းသွားပြီး ဟိုနားကျတော့ တစ်ခါတည်း ဒဏ်ရာ အကြီးအကျယ်ရတယ်၊ လဲကွဲတဲ့နေရာ ရောက်

http://www.dhammadownload.com



ရတယ်၊ (မှန်လှပါ)သူမျှားထူမှထနိုင်တဲ့နေရာရောက်ရတယ်၊ (မှန်ပါ့ဘုရား)။

အင်း....ဇရာက သွားလိုက်တာ ဗျာဓိကိုရောက်သွားတော့ ဘယ်လမ်း ကြိုက်သတုံး၊ (ဘယ်လမ်းမှ မကြိုက်ပါ ဘုရား) ထော့နင်း ကြိုက်သလား–အလဲအကွဲ ကြိုက်သလား (ဘယ်ဟာမှ မကြိုက်ပါဘုရား) တော်လာပြီ–တော်လာပြီ၊ တော်သေးတယ် ဒကာကြွယ်၊ ဒီဉာဏ်ကလေး ပေါက်လာတာ တယ်တော်တယ်၊ (မှန်လှပါဘုရား)။

ကိုင်း....ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒါဖြင့် ဇရာ, ဗျာဓိဆိုတဲ့ ဗျာဓိ ဒုက္ခကြီးဟာလဲ မြေကြီးလက်ခတ်မလွဲဘဲ တွေ့ကြုံကြရဦးမယ်ဆိုတာ ဘာမှ ငြင်းစရာမလိုပါဘူး၊ (မလိုပါဘုရား)။

အေး....ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အိုဘေးထမ်းပြီးသကာလ နာဘေးပွဲ နွှဲရတော့မယ်ဆိုလို့ရှိရင် ဖြင့် ဒကာသစ် ကောင်းပါ့မလား၊ (မကောင်းပါဘုရား)။

ဦးသန်းမောင် အိုဘေးလဲထမ်းသွားရသေးတယ်၊ ထော့နင်းကြီးနဲ့' (မှန်ပါ့ဘုရား) အင်း–ဟင် နာဘေးကိုယ်တိုင်နွှဲရမယ်ဆိုတော့ နွှဲရဲပါ့မလား၊(မနွှဲရဲပါဘုရား)အင်း-သို့သော်လဲ ဒီဘဝဖြင့်မတတ်နိုင်ဘူးနွှဲကြပေဦးတော့၊(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့်နွှဲကြပေဦးတော့လို့ ဆိုရမတုံးလို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့် အဖြေထွက်ကြစမ်းပါ၊ ဘာ့ကြောင့် တုံး၊ (အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရာကြောင့်ပါ ဘုရား) ရှုတ်ရှုတ်၊ နောက် ဒကာ ဒကာမတွေ ဘာတဲ့တုံး၊ (အဝိဇ္ဇာ

http://www.dhammadownload.com



ပစ္စယာ ပုညာဘိ သင်္ခါရာကြောင့်ပါဘုရား) အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရကြောင့်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါ့ကြောင့် သမထဝိပဿနာခြံရံပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကအကြီးအကျယ်ကန့်ကွက်တာ ခင်ဗျားတို့က အဝိဇ္ဇာပစ္စယာပုညာဘိသင်္ခါရာတွေနဲ့ လူ့စည်းစိမ် နတ်စည်းစိမ် လူ့ဘဝ, နတ်ဘဝ အကြိမ်ကြိမ် ရ,ရပါလို၏ ဆိုတော့ အိုခြင်းဆိုးထမ်းပြီးတော့နာခြင်းဆိုးဖြစ်ချင်တာက တယ်ပြီး ခင်ဗျားတို့က ဆတ်ဆော့တာကိုး၊ (မှန်လှပါဘုရား)။

အိုခြင်းဆိုးထမ်းပြီး နာခြင်းဆိုး ဖြစ်ချင်တာလောက် ဆတ်ဆော့တာလောက်ဆိုးတာရှိသေးရဲ့လား (မရှိပါဘုရား) ကလေးနဲ့ ခင်ဗျားတို့နဲ့ သိပ်တူတယ်၊ (မှန်လှပါဘုရား)။

ကလေးကလေးဟာ ခဏခဏ ဟိုဟာကလေးနဲ့ ခြစ်မိ ဒီဟာကလေးနဲ့ ခြစ်မိ သူ့ဒူးမှာ အနာချည်းပဲ၊ (မှန်လှပါ) ဒီအထဲက အပြေးသွားတော့ ဟိုနားဟပ်ထိုးလဲ၊ (မှန်လှပါ)။

ကလေးများ မလိမ္မာလိုက်တာ-နော်၊ အနာ ရှိလျက်နဲ့ ဘာကိုရှာသလဲ၊ (အနာကိုပဲ ရှာပါတယ်ဘုရား) ခင်ဗျား တို့လဲ အိုခြင်း,နာခြင်းရှိလျက်နဲ့ နာခြင်းများရှာတာအံ့ပါရဲ့၊ (မှန်လှပါဘုရား) ဒကာကြွယ်ကြီးတို့ပေါ့ မိုက်ချက်သန်တာ၊ (သန်ပါတယ်ဘုရား) ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား) ဘာသန်တာပါလိမ့်၊ (မိုက်ချက်သန်တာပါဘုရား)။

အဲဒါ အဝိဇ္ဇာပစ္စယာပဲ၊ (မှန်ပါ့) သန်တာက သင်္ခါရ၊ (မှန်ပါ့ဘုရား) မိုက်ချက်က (အဝိဇ္ဇာပစ္စယာပါ ဘုရား) အဝိဇ္ဇာရှိလျက်နဲ့ တစ်ခါတည်း လူချမ်းသာ နတ်ချမ်းသာ ထင်ပြီး၊ လုပ်လိုက်တော့ကို မိုက်ချက်သန်တာ၊ (မှန်ပါ့ဘုရား)

http://www.dhammadownload.com



ရှင်းပလား (ရှင်းပါပြီ) ဘာဖြစ်ကြသလဲ၊ (မိုက်ချက်သန်တာပါဘုရား)ရှေ့ကိုဆက် မိုက်ချင်သေးသလား၊(မမိုက်ချင်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီဘဝ ဇာတ်သိမ်းငြိမ်းရအောင် လုပ်ကြပါစို့နော်၊ (မှန်လှပါဘုရား) ခုနကလဲ သမထ ဝိပဿနာခြံရံပြီး ဖြစ်ပါတယ်၊ (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့အလှူသည်တဲ့ အိုခြင်းဆိုးထမ်းပြီး နာပွဲ မနွဲချင်လို့ လှူတဲ့အလှူ၊ (မှန်ပါ) အိုးခြင်းဆိုးလဲ မထမ်းချင်ပါဘူး၊ (မှန်ပါ) နာပွဲလဲ မနွဲချင်ပါဘူး၊ (မှန်ပါ) ဘာတဲ့၊ (အိုခြင်းဆိုးလဲ မထမ်းချင်ပါ နာပွဲလဲ မနွဲချင်ပါဘုရား)။

နာနာကလေးပြောမှ ဦးသန်းမောင်တို့က နားလည်တာ၊ (မှန်လှပါဘုရား) လျော့လျော့ကလေး ပြောနေလို့ ရှိရင် ခင်ဗျားတို့က အင်း....တော်သေးရဲ့မျှား လာချင်လာတာ၊ ဒီအခြေအနေကလေ နဲ့ ကိုယ့်အခြေအနေကလေးနဲ့ကိုယ့်တိုက်ကိုယ့်တာ ကိုယ့်ရွှေ ကိုယ့်ကားနဲ့ဆိုရင် တော်သေးရဲ့ ဘုရား၊ (မှန်လှပါ)ဒကာကြွယ်ကြီးတို့မျှား ပြုံးမျှားပြုံးမိသေးတယ်၊ (မပြုံးပါဘုရား)။

အိုခြင်းဆိုးထမ်းပြီး နာပွဲသွားတဲ့ဥစ္စာ ပြုံးမျှားသွားတာဆိုရင် ရူးလို့ပဲ၊ (မှန်ပါ) ပြုံးသွားတာက ရူးလို့ သွားတာ၊ (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အိုခြင်းကနေ နာခြင်း သွားတာ လမ်းမှာ ပြုံးသွားတာ ဦးသန်းမောင်–ဒီလူကို အရူးဆိုရမယ်၊ (မှန်လှပါ ဘုရား) အိုခြင်းဆိုးကြီးထမ်းပြီး နာခြင်းဆိုးဆီ သွားနေတော့ လမ်း

http://www.dhammadownload.com



မှာ သွားနဲ့ပြုံး သမီးနဲ့ပြုံး ခင်ပွန်းနဲ့ပြုံးတာ ဒကာသစ် ဘာ ပြုံးတုံး၊ (အရွှးပြုံးပါ ဘုရား)။

အရွှးပြုံးကြီးပဲ၊ (မှန်ပါ့) ဒါကို နောက်က အရွှးတွေက လက်ခုပ်တီးပေးလိုက်တဲ့အခါ မက,တာတမယ် ကျန်တော့ တယ်၊ (မှန်လှပါဘုရား) အတော်မဆိုးဝါးဘူးလား၊ (ဆိုး ဝါးပါတယ် ရာဘုး) အဲဒီလောက် ကျ အောင် အရုပ်ဆိုး အကြည့်တန် မသိမှုကြီး ပွားစီးနေလိုက်တဲ့ ဖြစ်ခြင်းဖြင့် ပြောစရာ မရှိပါဘူး၊ (မရှိပါဘုရား) ရှင်းကြပလား၊ (ရှင်း ပါပြီဘုရား)။

ကိုင်း....ဒါဖြင့်လိုက်ဆိုကြဦး ဒကာဒကာမတို့ ခင်ဗျားတို့ အတွက်ချည်း ရှောကဆောင်ပေးနေရတယ်၊ (မှန်လှပါဘုရား)

**ကဲ....လိုက်ဆိုကြ....**။

တပည့်တော် တပည့်တော်မတို့သည် အိုခြင်းဆိုးကြီး ထမ်း၍ နာခြင်းဆိုးပွဲကိုမနွှဲလိုသောကြောင့် တပည့်တော် တို့သည် သံဃာတော်အရှင်မြတ်တို့အား အိုခြင်းဆိုးမရှိရာ နာပွဲသိမ်းရာ ရောက်ခြင်းဆန္ဒ ပြင်းပြသည်ဖြစ်ပါ၍ အိုပွဲ, နာပွဲ ဒုက္ခသစ္စာဟုအမှန်မြင်သည်ဖြစ်ပါ၍ အိုပွဲ၏သိမ်းရာ နာပွဲ၏ ငြိမ်းရာ၊ နိဗ္ဗာန်တစ်ခုကိုသာ ငြိမ်းအေးသော လက္ခဏာရှိသော နိဗ္ဗာန်ကိုသာ ရည်မှန်း၍ ဤဆရာတော် သံဃာတော်အရှင်မြတ်တို့အား မအို မနာသော နိဗ္ဗာန်ကို သာ ရောက်ခြင်း ရခြင်းဆန္ဒ ပြင်းပြသည်ဖြစ်ပါ၍ အခြံ အရံနှင့်တကွသော ကထိန်လျှာ သင်္ကန်းကို မုဉ္စစေတနာ မြောက် သစ္စာမြင်သောဉာဏ်ဖြင့် လှူဒါန်းပါ၏ အရှင် ဘုရား။

http://www.dhammadownload.com



ရှိးရှိးလှုတာ မဟုတ်ပါဘူး၊ ဒုက္ခသစ္စာမြင်ပြီး ဒုက္ခကျွတ်လိုလို့လှူတာပါ၊ (မှန်ပါ့ဘုရား) အားလုံး နားလည်ကြပြီ၊ (မှန်ပါ့) အိုက်ကြသလား၊ (သိပ်မအိုက်ပါဘုရား) အိုက်ရင် ဝိပဿနာရှု၊ (မှန်ပါ့)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့-ရှေ့နည်းနည်း တစ်ဆင့်တက်ပါဦး၊ သံဃာတော်တွေ ညောင်းမှာလဲစိုးတယ်၊ သံဃာတော်တွေသက်န်းကပ်ပြီး ဒိဋ္ဌိခဏရှေ့ပြီးတော့ဘုန်းကြီးတရားဟောမယ်နော် (မှန်ပါ့ဘုရား)ရှေ့တစ်ချက် သွားပါဦး။

ဒကာဒကာမတို့နာပွဲကြီးနဲ့ရတဲ့အခါကျတော့ နာပွဲနဲ့ရတဲ့ကိစ္စဟာလဲ အတော်ဆိုးဝါးတယ်၊ (ဆိုးဝါးပါတယ်ဘုရား) နာပွဲနဲ့ရတဲ့ ကိစ္စက အဝတ်ကောင်းနဲ့ မတော်ဘူး၊ (မှန်လှပါဘုရား)ဘာပြုလို့တုံး၊ သူ့မှာအနာက အင်မတန် ကြီးတယ်၊ ချွေးတွေ သံတွေ ကျင်ကြီး ကျင်ငယ်တွေကပဲ သူ့ဟာသူသိမ်းနိုင်တာ ဆည်းနိုင်တာ မဟုတ်ဘူး၊ (မှန်ပါ့ဘုရား)။

ဩော်-နာပွဲဆိုတာ အဝတ်ကောင်း ချွတ်တဲ့ပွဲပါကလား (မှန်ပါ့ဘုရား) နာပွဲ ဆိုတာ ဘာပါလိမ့်၊(အဝတ်ကောင်းချွတ်တဲ့ပွဲပါဘုရား) အဝတ်ကောင်းချွတ်တဲ့ပွဲဆိုတာ သေချာပလား၊(သေချာပါတယ်ဘုရား)။

အင်း-နာပွဲဆိုတာ ခင်ဗျားတို့က သာမည ပြောတော့ကို သာမည မှတ်နေတယ်၊ (မှန်ပါ့) အဝတ်ကောင်း ချွတ်တဲ့ပွဲ၊ (မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီဘုရား)။

ဟင်း....ဟွင်- ဒကာ ဒကာမတို့ ဆေးတွေ, အစာတွေကျွေးပြန်တော့လဲ ခင်ဗျားတို့က လူမမာပြုက ဘယ်လိုပင်ပြုစုကောင်းသော်လဲ ခင်ဗျားတို့က အစား စားနိုင်ရဲ့လား၊

http://www.dhammadownload.com



(မစားနိုင်ပါဘုရား) ဘာပြုလို့တုံး၊ နာပွဲကြီး နဲ့နေတယ်၊ (မှန်ပါ) အင်း....ဟင်- ဒါဖြင့် နာပွဲဆိုတာလဲ ဦးလှဘူး.... အငတ်ပွဲပဲ၊(မှန်ပါဘုရား) နာပွဲဆိုတာ အဝတ်ကောင်း ချွတ်တဲ့ ပွဲလဲ ဆိုပါတယ်၊ အငတ်ပွဲလဲ ဆိုပါတယ် (မှန်လှပါဘုရား)။

ဒီ့ပြင် ထည့်လိုက်ပါဦး-တဲ့၊ အို-ဒီ လူမမာ ကြည့်ရတာ ကလဲ နံလိုက်တာ၊စော်လိုက်တာ၊ (မှန်ပါ)မတတ်သာလို့သာ ကျုပ်သွားမေးလိုက်ရတယ်၊လူခင်ချင်းမို့ အပြင်ဘက် အိမ်ထဲ ဝင်သွားရင် ကျုပ်ဖြင့် ပျို့များလာတယ်၊(မှန်ပါ) သို့သော် လူမမာရှေ့မို့ တံတွေး မထွေးခဲ့ဘူး၊ ပြင်ဘက်ကျမှ ထွေးရတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့်နာပွဲဆိုတာသည်-တဲ့၊သူတစ်ပါးတံထွေးထွေးတဲ့ပွဲ (မှန်ပါ)နာပွဲဆိုတာ ဘာပါလိမ့်၊(သူတစ်ပါးတံတွေး ထွေးတဲ့ပွဲပါဘုရား) ခြော်-အတော် ကျက်သရေ ယုတ်တဲ့ ပွဲပါကလား၊ (ယုတ်ပါတယ်ဘုရား)။

အဝတ်ကောင်းနဲ့လဲ ကွဲ၊(ကွဲပါတယ်ဘုရား) သဘောကျပလား၊ (ကျပါတယ်ဘုရား) တံတွေးကလဲ ထွေးပွဲ၊(မှန်ပါ) တံတွေးထွေးတဲ့ပွဲ ဖြစ်နေတယ်၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ) အစာကလဲ ဟိုဟာနဲ့ မတည့်၊ ဒီဟာနဲ့ မတည့်တာနဲ့ အငတ်ပွဲ၊ (မှန်ပါ)။

အင်း-ဘာပွဲတွေ ခင်းပြန်သလဲ အဝတ်မွဲဝတ်ပြီးသကာလ အငတ်ပွဲနဲ့ တံတွေးထွေး ခံရတဲ့ပွဲ၊ (မှန်ပါဘုရား) ဦးသန်းမောင် ဒီပွဲခံချင်သေးသလား၊ (မခံချင်ပါဘုရား) ဒုက္ခကြွယ်ကြီးကော၊ (မခံချင်ပါ ဘုရား)။

http://www.dhammadownload.com



ဟုတ်ရဲ့လား....စဉ်းစားပါဦး....မခံချင်တော့ဘူးလား.... သေချာကြပလား၊ ဒကာ ဒကာမတွေ၊ (သေချာပါတယ်ဘုရား)ဒီပွဲမျိုးခင်ဗျားတို့ ဆုတောင်းပြီးများယူချင်ကြသေးသလား၊ (မယူချင်ပါဘုရား) သို့သော် အခုတော့ဖြင့် ဒီပွဲကို ဒကာသစ်ရေ....မနဲ့မဖြစ်ဘူး၊ (မှန်ပါဘုရား)။

မဖြစ်တာကလဲ သူများပေးလို့ရတာလား၊ကိုယ့်ကိုယ်တိုင် ယူထားတာလား၊ (ကိုယ့်ကိုယ်တိုင် ယူထားတာပါဘုရား) ပါဌ်ရှိတ်, ပါဌ်ရှိတ်ပါ၊(အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာ ပါဘုရား)။

အဲ-ကိုယ်တိုင် ယူထားတာ၊ (မှန်ပါ့)ကိုယ်တိုင် လုပ်ထားတာ အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာ၊ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော - ကုသိုလ်ရှိပါလျက်သားနဲ့ အဝိဇ္ဇာ ပစ္စယာ ပုညာဘိ သင်္ခါရာကို ဆက်ဆောင့်မိတာနဲ့ ယခုတော့ဖြင့် အငတ်ပွဲနဲ့၊ အဝတ်မဲ့နဲ့၊ တံတွေးထွေးပွဲဖြင့် လူ့လှကြီးဖြစ်ရတယ်၊(မှန်ပါ့ဘုရား)တွေ့မှာလား၊မတွေ့ဘူးလား၊ (တွေ့ရမှာပါဘုရား)။

လူတော့ခင်ပါရဲ့ နံလိုက်တာ လွန်ရော၊ (မှန်ပါ့ဘုရား) ပြောကြတယ်၊(ပြောပါတယ်ဘုရား) လူမမာနားမှာ တိုးတိုးတိုးတိုးပြောတာ မရတော့ဘူး ထင်တယ် ပြောတာနော်၊ (မှန်လှပါဘုရား) ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

လူမမာနားမှာ တိုးတိုး တိုးတိုးပြောတာ ဘာထင်သတုံး၊ (မရတော့ဘူးထင်တယ် ပြောတာပါဘုရား) သူ့ရှေ့မို့သာ ကောင်းအောင်ပြောလိုက်ရတယ်၊ကျုပ်မထင်ဘူး (မှန်လှပါ

http://www.dhammadownload.com



ဘုရား)ဒီအသံတွေကော ကျက်သရေရှိတဲ့ အသံလား၊ ကျက်သရေမရှိတဲ့အသံလား၊ (ကျက်သရေမရှိတဲ့ အသံပါဘုရား)။

ဒါကတစ်ယောက်တည်းလား၊မိတ်များ,များသလောက် လူသိခံရတာလား၊ (မိတ်များသလောက် လူသိ ခံရတာပါဘုရား)ဒါဖြင့်အရှက်တကွဲ အကျိုးနည်းပွဲဆိုရင်ကော (ဆိုနိုင်ပါတယ်ဘုရား)သဘောပါပလား(ပါ,ပါပြီဘုရား)နာပွဲဆိုတာ အရှက်တကွဲ အကျိုးနည်းပွဲ၊ (မှန်ပါ့ဘုရား)။

အဲဒါ ခင်ဗျားတို့ လွတ်အောင်ပြေးနိုင်ပါ့မလား၊ ဒီဘဝမှာ (မပြေးနိုင်ပါဘုရား)ဩော်–ဒါက သူများပေးလို့ရတာလား၊ ကိုယ်ကိုယ်တိုင် လုပ်ယူတာလား – အကဲခတ် ကြစမ်းပါဦး၊ (ကိုယ့်ကိုယ်တိုင် လုပ်ယူတာပါဘုရား)။

ကဲ–ပါဠိတော်ရွတ်ပါ၊ (အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရာပါဘုရား) ဟာ–ကြောက်စရာ သိပ်ကောင်းပါကလား.... ခင်ဗျားတို့ဥစ္စာ၊ (မှန်ပါ့ဘုရား)ါ။

"အဝိဇ္ဇာ နိရောဓော သင်္ခါရ နိရောဓော ရှိပါလျက်သားနဲ့ တဒင် နိရောဓောလဲ ရှိတယ်၊ ဝိက္ခမ္ဘန နိရောဓောလဲ ရှိတယ်၊ သမုစ္ဆေဒ နိရောဓောလဲ ရှိတယ်၊ တဒင် နိရောဓောတောင် မလုပ်ခဲ့တဲ့အတွက် တဒင်ကလေး အဝိဇ္ဇာချုပ်အောင် မလုပ်ခဲ့တဲ့အတွက် ဒီပွဲကြီးဖြင့် ဦးသန်းမောင်လှုလှုကြီးနဲ့ပေတော့၊ (မှန်လှပါဘုရား) မနွှဲရပေဘူးလား၊ (နွှဲရပါတယ် ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ–ဒီနာပွဲကြီးကနေပြီး ဒီခန္ဓာကြီးက အိပ်ရင်းသွားလိမ့်မနော်(မှန်ပါ့ဘုရား)အိပ်ရင်းဘယ်သွားမတုံးဆို ကျုပ်တော့ဖြင့် သေသွားလိုက်ဦးမယ်၊ (မှန်ပါ့ဘုရား) ပက်လက်သွား

http://www.dhammadownload.com



တာ ရေထဲပက်လက်ကူးသလို၊ (မှန်ပါ) ရေထဲပက်လက်ကူး တော့ ပက်လက်ပဲ ရေစုန်မှာ မျောရသလို၊ (မျောရမှာပါ ဘုရား)။

ဒီမှာလဲ ဒကာ ဒကာမတို့ ဒီဗျာဓိခန္ဓာကိုယ်ကြီးဟာ မရဏာ ဘက် ပက်လက်မျောတယ်၊(မှန်ပါဘုရား) ကွေးနေတဲ့ပုဂ္ဂိုလ် ဟာ ကွေးရင်း မျောသွားတယ်၊(မှန်ပါ) ဘယ်ဆီမျောသွား သတုံးဆိုတော့ မရဏ ရေထဲ မျောပါတယ်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ ဘယ်ရေထဲ မျောကြမယ် ထင်သတုံး၊ (မရဏာရေထဲ မျောပါမယ်ဘုရား) အင်း...ဒကာ ဒကာမတို့ နဂိုရ်က နာပွဲထက် သေပွဲတိုးတော့မယ်၊(မှန်ပါဘုရား)နာပွဲ ထက် (သေပွဲတိုးပါတော့မယ်ဘုရား)။

အဲဒီ သေပွဲကြီးကတော့ သားတွေ သမီးတွေနဲ့ကွဲ၊ ပစ္စည်း တွေနဲ့ကွဲ၊ ရွာထားတာတွေနဲ့ကွဲ၊ ချစ်မှုခင်မှု ကြင်နာမှုတွေနဲ့ အလုံးစုံအကုန်သပိတ်မှောက်ပြီး ကွဲကြတယ်၊ (မှန်ပါဘုရား) ဉာဏ်ကလဲမပါတော့ မျက်ရည်စက်လက်နဲ့ပွဲကူးတယ်၊(မှန်ပါ ဘုရား)။

နေခြင်းဆိုးနေခဲ့လို့ သေခြင်းဆိုးသေရပြီဆိုတဲ့ ကံကမ္မ နိမိတ် ဂတိနိမိတ် ထင်လာလို့ မျက်ရည်စက်လက်နဲ့ ပွဲကလဲ တွေ့ရဦးမယ်၊(မှန်ပါ–တွေ့ရပါဦးမယ်) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ရှင်းကြည့်တဲ့အခါကျတော့မှ အင်း....ဒီ နာပွဲကြီး မျက်ရည်စက်လက် ကိုယ်ကိုယ်တိုင်ကျပြီး ကံ့ကမ္မ နိမိတ် ဂတိနိမိတ်တွေထင်လို့ ခွေးနက်ကြီးစွဲ၊ ငရဲမီးတို့ကို

http://www.dhammadownload.com



မြင်လာတော့ ဦးသန်းမောင်ရေ–ငါ နေခြင်းဆိုးနေခဲ့တဲ့ အတွက် သေခြင်းဆိုးဟာ ငါပဲဟင်ဆိုပြီး မျက်ရည်ကျတယ်၊ (မှန်လှပါဘုရား) ဘယ်လိုပါလိမ့်၊ (နေခြင်းဆိုးနေလို့ သေခြင်းဆိုးဟာ ငါပဲဆိုပြီး မျက်ရည်ကျပါတယ်ဘုရား)။

ဒကာကြွယ်....နေခြင်းဆိုးနေခဲ့လို့ သေခြင်းဆိုးသေရတာ ကျုပ်ပါပဲဆိုပြီး ခေါင်းအုံးပေါ် မျက်ရည်နှစ်ဘက် စီးကျတယ်၊(မှန်ပါ့ဘုရား) ကံ,ကမ္မနိမိတ် ဂတိနိမိတ်ထင်သကိုးဗျ၊ (မှန်ပါ့ဘုရား) ခွေးနက်ကြီးတို့, တောင်ကြီးတို့, ချောက်ကြီးတွေ, ကျင်းကြီးတွေ, ငရဲမီးတွေ ထင်လာတယ်၊မျက်ရည်တွေ မကျပေဘူးလား၊ (ကျပါတယ်ဘုရား)။

အဲဒီကျတော့မှ သူ့ဟာသူ တွေးလိုက်တယ်၊ ဩော်.... နေခြင်းဆိုး နေခဲ့လို့ သေခြင်းဆိုးဖြင့် ငါကိုယ်တိုင် နွံရပါပေါ့လားဆိုပြီး မျက်ရည်ကျတယ်၊(မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အရင်တော့ သူတစ်ပါးက တံတွေး ထွေးရုံပဲ၊ အခုတော့ ကိုယ့်မျက်ရည်ပွဲနဲ့ပဲ ကိုယ်နွံပြီးသကာလနေရပါပြီ၊(မှန်လှပါဘုရား) ကောင်းကြသေးရဲ့လား၊ (မကောင်းပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီ-မကောင်းတာကြီး ကံမကောင်း အကြောင်းမသင့်လို့ တွေ့ရတာလား ဒကာ ဒကာမတို့၊ကိုယ်ကိုယ်တိုင် အရယူတာလား၊ (ကိုယ်ကိုယ်တိုင် အရယူတာပါဘုရား)။

ဩော်....ဒါဖြင့် ပါဋိတော်ရှုတ်–ပါဋိတော်ရှုတ် (အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရပါဘုရား) မမေ့ဘူး–မမေ့ဘူး၊

http://www.dhammadownload.com



ဒီ ကထိန်ပွဲမှာ ဒီ တစ်လုံးကတော့ မမေ့တော့ဘူး ခင်ဗျား၊ (မှန်ပါ့ဘုရား)။

ဒါ လုပ်ခဲ့တဲ့အတွက် ဤကဲ့သို့ သေပွဲကြီးကို မျက်ရည်စက် လက်နဲ့နဲ့ရခြင်းသည်ဦးသန်းမောင်-သိပ်အရှုပ်ဆိုးပါကလား (ဆိုးပါတယ်ဘုရား) သဘောကျပလား၊ (မှန်ပါ့ဘုရား)။

ကိုင်း—လိုက်ဆိုကြ ဒကာ ဒကာမတို့....

တပည့်တော်....တပည့်တော်မတို့သည် ...သေပွဲကြီးကို ကိုယ် ကိုယ်တိုင် နွဲရမည်ကို မရဏ ဒုက္ခဟု အမှန် သိ တကယ်သိသည်ဖြစ်ပါ၍ ဤဒုက္ခတို့၏လွတ်ရာ အမတ ဆိုသော မသေရာမှန် ပြည်နိဗ္ဗာန်ကိုသာ ရောက်ခြင်း, ရခြင်းဆန္ဒ ပြင်းသည်ဖြစ်ပါ၍ဤကထိန်လျှာသကၤန်း ကို အခြံအရံနှင့်တကွ သံဃာတော် အရှင် သူမြတ်တို့ အား လှူဒါန်းပါ၏ အရှင်ဘုရား။

ဒါဖြင့် ဦးသန်းမောင်—သေပွဲကြောက်လို့ လှူတဲ့ အလှူ၊ (မှန်ပါ့ဘုရား) ဘာအလှူပါလိမ့်၊ (သေပွဲကြောက်လို့ လှူတဲ့ အလှူပါဘုရား)သေပွဲဟာ ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား) အဲ—သေပွဲက ဒုက္ခသစ္စာ၊ ကြောက်တာက မဂ္ဂသစ္စာ၊ (မှန်ပါ့ ဘုရား)။

အဲဒီ ကြောက်ပြီးလှူသောကြောင့် ဝိပဿနာ မဂ်ဉာဏ်နဲ့ သေတာ၊(မှန်ပါ့ဘုရား)ပေါ်ကြပလား၊(ပေါ်ပါပြီဘုရား) အို-ခင်ဗျားတို့ သိပ်အဖိုးတန်ပါကလား၊(မှန်ပါ့ဘုရား)သိပ် အဖိုးတန်တယ်ဆိုတာဖြင့်ရိပ်မိကြပလား(ရိပ်မိပါပြီဘုရား)၊

http://www.dhammadownload.com



ဒါ့ကြောင့် ဘုန်းကြီးကပြောတာ၊ တချို့နေရာ ကထိန်ခင်းသွားကြ၊ကထိန်အလှူ ဒကာကတခြား၊ တော်တော်ကြာ လှည်းနဲ့ ပြန်ပို့လိုက်တယ်၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ခင်း၊ ဘာမှမတတ်နိုင်ဘူးဆိုပြီး၊ (မှန်ပါဘုရား) ဒီလို ရှော်တော်တော်တွေက ဒကာကြွယ် သိပ်ကြောက်စရာ ကောင်းတယ်နော်၊(ကောင်းပါတယ်ဘုရား)။

မုဥ္စစေတနာမှာ အင်မတန် အရေးကြီးနေတာ ရှော်ပစ်လိုက်တာနဲ့ပဲ လမ်းမှာတော့ မဏ္ဍပ်တွေထိုး၊ အငြိမ့်တွေခံပြီး တစ်ခါတည်း ပဒေသာပင်တွေ ပြလိုက်တာလဲစုံလို့၊ (မှန်ပါဘုရား)လိုရင်းကျတော့ မပါတော့ဘူး၊(မှန်ပါဘုရား)။

အဲဒါတွေကိုလဲ ဆိုင်ရာဆိုင်ရာ ဒကာဒကာမတွေမန္တလေးကလဲ ဒီက ရောပါကြတာပဲ၊ပြင်ကြဆင်ကြပါဦး ဆိုတာကိုလဲ ပြောရတယ်နော်၊(မှန်ပါဘုရား) ဝိပဿနာ ခြံရံတဲ့ ဒါနကြီး လုပ်ကြပါဆိုတာ ပြောရတယ်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)-

ကဲ—ဒါဖြင့် ရေစက် တိုတို ချပေးပါမယ်နော်၊ သံဃကိစ္စတွေကလဲ ရှိသေးတယ်၊ (မှန်ပါဘုရား) ဒကာဒကာမတို့.... ယခုရေစက်ချပါတော့မယ်၊မချလဲအထမြောက်ပါပြီ(မှန်ပါ) သို့သော် လူသာစုခေါ်,နတ်သာစုခေါ်၊ သူတစ်ပါးလဲ အမျှပေးချင်သေးတဲ့ အတွက်လဲ ဒကာဒကာမတွေက ပေးဖြစ်အောင်ဆိုပြီးသကာလ ဤကိစ္စကို ဆောင်ရွက်ပေးဦးမယ် ဆိုတာ သဘောကျပလား၊ (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့....ပဋိသန္ဓေနေပြီးသကာလ အိုတဲ့ဘက် ပြေးလိုက်တယ်၊(မှန်ပါ)အိုရာကနေနာတဲ့

http://www.dhammadownload.com



ဘက် ပြေးတယ်၊ (ပြေးပါတယ်) နာတာက (သေတဲ့ဘက် ပြေးပါတယ်ဘုရား)။

သေတဲ့ဘက်က မဂ်ဉာဏ်အားမထုတ်ဘဲနဲ့ ဝိပဿနာခြံရံတဲ့ အလှူဒါနတွေ မဖြစ်ကြဘူးဆိုရင်ဖြင့် ပဋိသန္ဓေဘက် ပြန်လှည့်တယ်၊ (မှန်လှပါဘုရား)ပဋိသန္ဓေ ဘယ်နှစ်ပတ်ရှိသွားပြီလဲ၊ (နှစ်ပတ်ရှိသွားပါတယ်) လာတာက တစ်ပတ်၊ ပြန်ပြီးပတ်တာက (တစ်ပတ်ပါဘုရား)။

ပဋိသန္ဓေနေပြီးတော့ တစ်ခါအိုပြန်တာ၊(မှန်ပါ့) နာပြန်တာ၊ (မှန်ပါ့) သေပြန်တာ၊ (မှန်ပါ့) ပဋိသန္ဓေနေပြန်တာ၊ (မှန်ပါ့) ဩော်....ဒကာ ဒကာမတို့ လမ်းမှားသေးသလား၊ ဒီအပေါ် ထပ်ပြေးနေတာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒီခန္ဓာသံသရာကြီးမှာ ကြောက်ခြင်း,ရွံခြင်း,မုန်းခြင်း ရှိပါတယ်၊ ဒီခန္ဓာ သံသရာကြီး အဝိုင်းပြေး ဒုက္ခဘောင်တွေ ထဲနေ၊ (မှန်ပါ့ဘုရား)။

ဇာတိပေါ်ကနေ ဇရာပေါ် ပြေးတယ်၊ ဇရာပေါ်ကနေ ဗျာဓိပြေးတယ်၊ ဗျာဓိပေါ်ကနေ မရဏ ပြေးတယ်၊ မရဏ ကျလာတော့ သောကပရိဒေဝတွေနဲ့ ဝိုင်းပြီးသကာလ မီးပူတွေလောင်ပြီးသကာလမှ ဇာတိဘက်လှည့်ပြေးတယ်၊ (မှန်လှပါဘုရား) အပြေးအင်မတန် ဆိုးဝါးတယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အဲဒီသံသရာကြီးမှ ရွံခြင်း,မုန်းခြင်း,ပျင်းရိခြင်း,ငြီးငွေ့ခြင်း ရှိသည်ဖြစ်ပါ၍ သံသရာဖြတ်လိုသော တပည့်တော်တို့ - ဝိပဿနာမဂ်ဉာဏ်နဲ့ ဤ သံဃာတော်များအား အရိယာ

http://www.dhammadownload.com



သံဃာတော် ရည်မှတ်၍ တပည့်တော်တို့ ပုထုဇဉ်သံဃာပင် ဖြစ်လင့်ကစား အရိယာမျိုးစေ့တွေ မှန်းပြီးတော့ တပည့်တော်တို့ လှူဒါန်းပါတယ်၊ (မှန်လှပါဘုရား)။

အရိယာ မျိုးစေ့တွေ၊ (မှန်ပါ့) ဒီသံဃာတော်တွေ မေးကြည့်တော့.... အရှင်ဘုရားတို့– အရိယာလားဆိုတော့ သူတို့ တာဝန်မခံပေဘူး၊ (မှန်လှပါဘုရား) မျိုးစေ့လား ဘုရားဆိုတော့ တာဝန်ခံရမယ်၊ မျိုးစေ့တွေပဲ၊ (မှန်လှပါဘုရား)။

ဒါဖြင့် အရိယာ မျိုးစေ့ကလေးတွေ ဖြစ်ပါတယ်လို့ အဋ္ဌကထာဆရာကလဲ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ အသေအချာ ဖွင့်ပါတယ်၊ (မှန်ပါ့ဘုရား)။

တဒဟု ပဗ္ဗဇိတ သာမဏေရဿပိ–တဲ့၊ ယနေ့ ရှင်ပြုတဲ့ သာမဏေကလေးကစ၍၊ ဆဋ္ဌင်္ဂသမ္ဘာဂတံ ဟောတိ=ယနေ့ ပြုတဲ့ သာမဏေကလေး လှူတာတောင် အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့ အလှူဒါန ဖြစ်ပါတယ်၊ (မှန်ပါ့ဘုရား)။

သောဟိ သောတာပတ္တိ မဂ္ဂမေဝ ပဋ္ဌပေတ္ဂာနတော·တဲ့သူလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရချင်လို့ သာမဏေ လုပ်လာတာ–တဲ့၊ (မှန်ပါ့ဘုရား)။

သူလုပ်လာတာလဲ ရိုးရိုး လုပ်လာတာ မဟုတ်ပါဘူးတဲ့၊ (မှန်ပါ့)ကြည့်ပါလား ကိုရင်ကလေး သင်္ကန်းတောင်းတော့ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ အဟံ ပဗ္ဗဇ္ဇံ ယာစာမိ ရယ်လို့ ရဟန်းအဖြစ်ကို တောင်းကြတယ်၊ (မှန်ပါ့ဘုရား) ဟုတ်လား–သာမဏေ၏ အဖြစ်ကိုလဲ မတောင်းကြဘူးလား၊ (တောင်းကြပါတယ်ဘုရား)။

http://www.dhammadownload.com



အင်း-သံသာရဝဋ္ဋဒုက္ခတောဆိုတာပထမသံသရာကိုကျွတ်ရတာ သောတာပတ္တိမဂ်ပဲ၊ (မှန်ပါ့ဘုရား) ဒုတိယ သံသရာကျွတ်ရတာ သကဒါဂါမိမဂ်ဆိုတော့ သူတို့ရည်ရွယ်ချက်ဟာ သောတာပတ္တိ မဂ်၏ မျိုးစေ့ ကလေးတွေ၊ (မှန်ပါ့ဘုရား) သောတာပတ္တိမဂ်၏ (မျိုးစေ့ ကလေးတွေပါဘုရား)။

အဲ-မျိုးစေ့ကလေးတွေပဲ၊ ဒါ့ကြောင့် အဌကထာဆရာက ယနေ့ဝတ်တဲ့ ကိုရင်ကလေးကအစ၊ ရဟန်းကြီးတွေတော့ မဆိုပါနဲ့ကွ၊ ယနေ့ဝတ်တဲ့ သာမဏေကလေးကစပြီး သောတာပန် မျိုးစေ့ကလေးတွေ၊ (မှန်ပါ့ဘုရား) ဒါ့ကြောင့် အရိယာအမျိုးအနွယ်, အရိယာ မျိုးစေ့ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အရိယာမျိုးစေ့တွေကို အရိယာပင်ကြီး သန်သန်ထွားထွား ပေါက်အောင် သက်နှင်းတို့, ခြင်ထောင်တို့ စောင်တို့-ဟုတ်လား၊ (မှန်ပါ့) ဒီ့ပြင်လဲ ထီး, ဖိနပ်တို့ အလုံးစုံပေါ့ဗျာ၊ (မှန်ပါ့) အင်း-ခင်ဗျားတို့ တတ်နိုင်တာတွေ နည်းတာတွေမဟုတ်ပါဘူး၊ (မှန်လှပါဘုရား)။

အဲဒါတွေကိုအရိယာမျိုးစေ့ကအရိယာပင်ပေါက်အောင် တပည့်တော်တို့ကလည်း ရေလောင်းပါ၏၊ အရှင်ဘုရားတို့လည်း သန်သန်ထွားထွား ဖြစ်ပါစေသတည်း၊ (မှန်ပါ့) တပည့်တော်တို့လဲ ရေလောင်းရတဲ့ အကျိုးအားကြောင့် အရိယာ၏အနွယ် အရိယာကို ထောက်ပံ့သော ပုဂ္ဂိုလ်ဖြစ်လေသောကြောင့် တပည့်တော်တို့လဲ အရိယာမျိုးစေ့ကိုပဲ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ရှုပြီး အမြန်ဆုံး ရ,ရပါလို၏ လို့ စိတ်ထဲ ပြောင်းပစ်လိုက်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ရှင်းပလား၊ (ရှင်းပါပြီ) ဒါဖြင့် ဒီနေ့သက်နှံးလူပဲလား၊ အရိယာမျိုးစေ့ကို အညွန့်တွေ ပေါက်အောင်လို့ မြေတောင် မြှောက်ပွဲလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ (အညွန့်တွေ ပေါက်အောင် မြေတောင်မြှောက်ပွဲပါဘုရား)။

အဲဒီတော့ အရှင်ဘုရားများကရော- တပည့်တော်များက ရောဒကာတွေက မြေတောင်မြှောက်၊ တပည့်တော်တို့က အရိယာမျိုးစေ့ အညွန့်အညှောက်တွေ စည်ကားအောင် လုပ်ဖို့ရာ သံဃာ၏ဝတ္တရား၊ (မှန်လှပါဘုရား) မြေတောင်မြှောက်ဖို့ရာက ဒကာ ဒကာမတွေ၏ ဝတ္တရား၊ (မှန်လှပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒါကြောင့်ဒီလိုဆိုလို့ရှိရင်ဖြင့်–တဲ့၊ခင်ဗျားတို့ကလဲအရိယာအလှူဖြစ်လေသောကြောင့် သံဃေဒိန္နံ မဟပ္ဖလံ၊ (မှန်ပါ့) အရိယာသံဃာ မျိုးစေ့ကိုလှူ၊ (မှန်ပါ့ဘုရား) သံဃာထဲမှာလဲ ရိုးရိုးသံဃာလား၊ အရိယာမျိုးစေ့တွေလား ကြည့်ပါဦး၊ (အရိယာမျိုးစေ့တွေပါဘုရား)။

ယော-ဆရာတော်တွေမေးကြည့်၊ ဒီသိမ်ထဲမှာပဲ "သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇ ယာစာမိ" ဆိုပြီးသံသရာမှ လွတ်မြောက်ချင်ပါတယ်ဘုရား၊ ပထမ သံသရာက စပြီး မထွက်မြောက်ရင်လဲ ဒုတိယ သံသရာမှ ထွက်မြောက်နိုင်ပါ့မလား၊ (မထွက်မြောက်နိုင်ပါဘုရား)။

အဲဒီတော့ ပထမသံသရာမှ လွတ်မြောက်တာက သောတာပတ္တိမဂ်၊ (မှန်ပါ့ဘုရား) အပါယ်သံသရာမှ ထွက်မြောက်တာကိုး၊ (မှန်ပါ့ဘုရား) ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါတွေ သိတော့မှ သြော်–ဒီနေ့ အလှူပွဲလား၊ အရိယာမျိုးစေ့ကို မြေတောင်မြှောက်ပွဲလားလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ(အရိယာမျိုးစေ့ကိုမြေတောင်မြှောက်တဲ့ပွဲပါဘုရား)

သြော်... ဒကာ ဒကာမတို့ တောင်းလိုက်တဲ့ ဖြစ်ခြင်း၊ (မှန်ပါ့ဘုရား) တောင်းလိုက်တဲ့ဖြစ်ခြင်း၊ ဒီအသီး ဒီအပွင့်တွေကို အရိယာပုဂ္ဂိုလ်တွေက ဟောတဲ့ ပြောတဲ့ တရားတွေ အသီးအပွင့်တွေကို မြေတောင်မြှောက်တဲ့လူပဲ၊ အညွန့်အဖူးပဲ ခံစားရမယ် ဆိုတာလဲ ပြောဖို့ မလိုတော့ပါဘူး၊ (မလိုပါဘုရား) ရှင်းပြီနော်၊ (မှန်လှပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဆဋ္ဌင်္ဂ သမ္ပန္နာဂတံ–ပြည့်အောင် လုပ်ပါ၊ (မှန်ပါ့) ခင်ဗျားတို့ဘက်က သုံးပါးကလေးကို နည်းနည်းပြောချင်တယ်၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့ဘက် သုံးပါးက....

ပုဗ္ဗေဝ ဒါနာ သုမနော၊
ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊
ဧသာ ပုညဿ သမ္ပဒါ။

လို့ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ ဆဋ္ဌင်္ဂဒါနသုတ် ဆိုပြီး ပုညခေတ္တသုတ်မှာ ပါပါတယ်၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေမှာ ခင်ဗျားတို့ဘက်က မလှူမီ ရှေးအဖို့ကတော့ မင်္ဂလာတိုက်မှာ ဒို့ဆရာရှိတယ်၊ ဒို့ဆရာကို မှီနေတဲ့ သံဃာတွေလဲရှိတယ်၊ ဒါတွေဒို့ကထိန်ခင်းရလိမ့်မယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတို့ ရှေးဦးစွာ

http://www.dhammadownload.com



စေတနာကော ရောက်ကြရဲ့လား၊ (ရောက်ပါတယ် ဘုရား) အဲဒီတုန်းကလဲ ပုဗ္ဗေဝ ဒါနာ သုမနော-ကောင်းသောစိတ် ဖြစ်ခဲ့ပါတယ်၊ (မှန်လှပါဘုရား)။

"ဒဒံ စိတ္တံ ပသာဒယေ"တဲ့၊ ခုနက သင်္ကန်းတွေ ကပ်လှူကြတယ်၊ ဒုက္ခမြင်တဲ့ဉာဏ်နဲ့ သင်္ကန်းတွေကပ်ကြတော့ စိတ်ထဲမှာ ဒကာ ဒကာမတို့ ဝမ်းမြောက် ဝမ်းသာရော ဉာဏ်ရော ပါကြရဲ့လား၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် "ဒဒံ စိတ္တံ ပသာဒယေ" ဒဒံ- လှူဆဲ အခိုက်အတန့်၌၊ စိတ္တံ-စိတ်ကို၊ ပသာဒယေ-ကြည်စေရမယ်ဆိုတော့ နှစ်ချက်မြောက်သွားပြီနော်၊ (မှန်လှပါဘုရား)။

အခုတစ်ခါ လှူပြီးသည်၏ အခြားမဲ့၌ ဆရာဘုန်းကြီးက တရားဓမ္မတွေနဲ့ ရေစက်ချပွဲကို နွှဲနေတဲ့အခါမှာလဲ သြော်.... အလှူပေးရတဲ့ ဒို့အလှူဟာ ရှေးအလှူတွေနဲ့ တယ်ကွာခြားပါလား၊ (မှန်လှပါ ဘုရား) ကိုယ့်ဟာကိုယ် စဉ်းစားတော့ ဘယ့်နှယ်နေသလဲ၊ (ကွာခြားပါတယ်ဘုရား)။

ဒါဖြင့် လှူပြီးလို့ ပြန်ပြောတော့ ပရစေတနာဆိုတဲ့ဥစ္စာ ဝမ်းမြောက်တာ၊ (မှန်လှပါဘုရား) စေတနာ ခင်ဗျားတို့ ဘက်က သုံးချက်ညီပြီ၊ (ညီပါတယ်ဘုရား)။

မလှူမီကလဲ ဝမ်းမြောက်ကြတယ်၊ (မှန်ပါဘုရား)လှူဆဲလဲ (ဝမ်းမြောက်ပါတယ် ဘုရား) လှူပြီးပြန်လဲ (ဝမ်းမြောက်ပါတယ် ဘုရား) သြော်....ခင်ဗျားတို့က သုံးချက်စေ့သွားပြီ၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒါ အလှူပေးပုဂ္ဂိုလ်မှာ ဤ အင်္ဂါသုံးချက် ညီရမယ်ဆိုတာ နေရာတိုင်းမှာ မှတ်ရမယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အလှူခံပုဂ္ဂိုလ်ဘက်ကလဲ တပည့်တော်တို့ ဆရာတော်, သမားတော်တွေဘက်က သုံးချက်ရှိရမယ်၊(မှန်လှပါဘုရား) ဘယ်လို သုံးချက်ရှိရမလဲလို့ မေးတော့ ဒကာ ဒကာမတို့....

ဝီတရာဂေါ ဝီတဒေါသော၊
ဝီတမောဟော အနာသဝေါ။
ခေတ္တံ ယညဿ သမ္ပန္နံ၊
သညတာ ဗြဟ္မစာရယော-တဲ့။

ဘုရားကအသေအချာဟောထားတယ်၊(မှန်လှပါဘုရား)။

အဲဒါဒီ ပုဂ္ဂိုလ်တွေကလဲ ငါတို့သည် အင်း-ဟင်-အရိယာ မျိုးစေ့ ရာဂကင်းအောင် ကျင့်မဟ၊(မှန်လှပါဘုရား)ဒေါသ ကင်းအောင် ကျင့်မဟ၊ (မှန်လှပါ) မောဟကင်းအောင် ကျင့်မဟ၊ (မှန်လှပါ) ဆရာတော်တွေစိတ်က ဒီအတိုင်း ထားရမယ်၊ (မှန်လှပါဘုရား)။

ရာဂကင်းအောင် ငါကျင့်နေမယ်၊(မှန်ပါ) ဒေါသကင်း အောင်၊ (ကျင့်နေမယ်)မောဟကင်းအောင်၊(ကျင့်နေမယ်) အဲဒီစိတ်ထားသုံးခုနဲ့အလှူခံရမယ်၊(မှန်လှပါဘုရား)သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် အလှူခံပုဂ္ဂိုလ်ဘက်က ရာဂကင်းအောင်ကျင့်မယ် ဆိုတဲ့စိတ်ထားနဲ့ အလှူခံရမယ်၊ (မှန်လှပါ) ဒေါသကင်း အောင် ကျင့်မယ်ဆိုတဲ့စိတ်ထားနဲ့၊(အလှူခံရပါမယ်ဘုရား)။

အလှူခံ ပုဂ္ဂိုလ်ဘက်က ဒီစိတ်ထားနဲ့ အလှူခံလို့ ရှိရင် ဖြင့်-တဲ့ အကျိုးပေးဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ....မဟောတော့ဘူး-တဲ့၊ (မှန်လှပါ) ဒကာဘက်ကလဲ

http://www.dhammadownload.com



သုံးချက်ညီ၊ ဆရာဘက်ကလဲ သုံးချက်ညီရင် အကျိုးပေး၊ ငါ မဟောနိုင်တော့ဘူး-တဲ့၊ (မှန်လှပါဘုရား)။

ဘာကြောင့် မဟောနိုင်ပါလိမ့်မလဲလို့ အမေးထုတ်တဲ့ အခါကျတော့ ဒကာ ဒကာမတို့-မဟာသမုဒ္ဒရာ ရေကို ဥပမာ.... ရေနံဆီထည့်တဲ့ ပုံးနဲ့ချိန်ကြည့် ဦးသန်းမောင်၊ ဘယ်နှစ်ပုံးရမယ် ထင်သလဲ၊ (မရေတွက်နိုင်ပါဘုရား) ဘာ ဖြစ်လို့တုံး၊ (အလွန်များလွန်းလို့ပါဘုရား)။

အဲ- အလှူခံပုဂ္ဂိုလ်ဘက်ကလဲ ဤသုံးချက်နဲ့ အလှူခံလို့ အလှူပေးတဲ့ပုဂ္ဂိုလ်ကလဲ သုံးချက်ညီတဲ့စေတနာနဲ့လှူလိုက်မယ် ဆိုရင်ဖြင့် မရေတွက်နိုင်တဲ့ အကျိုးပေးဟာဖြင့် ခင်ဗျားတို့ ကောန်ရ-တကယ်ရလို့ မှတ်လိုက်ပါ၊ (မှန်လှပါဘုရား) "ဆဠင်္ဂ သမ္ပန္နာဂတံ" ဆိုတာ ဒါပါပဲ၊ (မှန်ပါဘုရား)။

ဒီအထဲမှ ဘုန်းကြီးက ဒကာဒကာမတွေ မြင့်သထက်မြင့် မြတ်သထက်မြတ်အောင်ဆိုပြီးသကာလ ခင်ဗျားတို့ ဥပမာ- ဆရာဘုန်းကြီးတော့ ဝိုင်းပြီးကြည်ညိုကြတယ်၊ (မှန်ပါ ဘုရား) ဒီကိုယ်တော်တွေကျတော့ မြင့်ဖူးတဲ့ပုဂ္ဂိုလ်လဲ မြင်ဖူး ကြတယ်၊ မြင်ဖူးတဲ့ပုဂ္ဂိုလ်က များကြတယ်၊ (မှန်ပါဘုရား)။

အင်း-ဟင်-ဒီ လှူဖွယ်ဝတ္ထုတွေဟာ ဒို့ဆရာဘုန်းကြီးဖြင့် လှူမှပဲ, တန်းမှပဲဆိုပြီးသကာလ ရှေးဦးစွာတော့ ဆရာ ဟူသော အမှတ်နဲ့ ခင်းမည်ဟူသော စိတ်ထားကလေးနဲ့တော့ ခင်ဗျားတို့ ပါချင်ပါကြလိမ့်မယ်၊ (ပါကြပါတယ်ဘုရား)။

ထိုကဲ့သို့ ပါငြားသော်လဲ ကထိန်သင်္ကန်း အတွက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ တဏှာ ဒိဋ္ဌိ

http://www.dhammadownload.com



သတ်မကွ ဆိုပြီးသကာလ ခင်ဗျားတို့လူတွဲ သက်န်း ဒီမင်္ဂလာ တိုက်မှာ ဝါတွင်းသုံးလပတ်လုံး ကောင်းစွာနေပြီး ကောင်းစွာ ဝါကျွတ်တဲ့ ပုဂ္ဂိုလ်အား အကုန်လှူပါ၏-အဓိပ္ပါယ်ရတယ်၊ (မှန်လှပါဘုရား)။

ဘုန်းကြီးရသလား-အကုန်ရသလား၊ (အကုန်ရပါတယ်ဘုရား) အကုန်ရတော့ ခင်ဗျားတို့ ညှတ်လာတဲ့တဏှာကို ပယ်လိုက်တယ်၊ (ပယ်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာသတ်ပေါ့ဗျာ၊(မှန်ပါ့ဘုရား) တဏှာသတ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ငါတို့ ဘုန်းကြီးဆိုတဲ့ ဒိဋ္ဌိက ကော၊ (ကွာသွားပါတယ်ဘုရား) ဒိဋ္ဌိလဲ ကွာသွားတယ်၊ (မှန်လှပါဘုရား)။

ဒြော်-ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ''သံဃေ ဒိန္နံ မဟပ္ဖလံ''၊ (မှန်လှပါဘုရား) သံဃာလှူတာ မြတ်သကွဆိုတဲ့အဓိပ္ပါယ်၊ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တဏှာနဲ့ ပုဂ္ဂိုလ် မညှတ်၊ ဒိဋ္ဌိနဲ့ ပုဂ္ဂိုလ် မစွဲ၊ (မှန်လှပါ) ဤကဲ့သို့-အလှူပွဲကြီး ဖြစ်ပါစေတော့ဆိုပြီး ''သံဃေ ဒိန္နံ မဟပ္ဖလံ''ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပရိ ပဏ္ဏာသပါဠိ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဟောပါတယ်၊ (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကဲ- အခု ခင်ဗျားတို့ ဘာအလှူ ဖြစ်သွားသလဲ- တဏှာ ဒိဋ္ဌိသတ်တဲ့ သံဃိကအလှူ ဖြစ်သွားတယ်၊ (မှန်လှပါဘုရား) ဘာဖြစ်သွားသလဲ၊(တဏှာဒိဋ္ဌိသတ်တဲ့ သံဃိကအလှူဖြစ်သွားပါတယ်ဘုရား) တဏှာဒိဋ္ဌိသတ်တဲ့ သံဃိကအလှူ ဖြစ်သွား

http://www.dhammadownload.com



တယ်၊ (မှန်ပါ့ဘုရား) နောက်ကျမှ ဘုန်းကြီးက ဒီအထဲက ဝိနည်းကံအတိုင်း ရွေးရမှာကိုး၊ (မှန်လှပါ)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ သံဃိကဒါနကြီးလှူလိုက်တဲ့အတွက် တဏှာဒိဋ္ဌိကင်းတဲ့အလှူဆိုရင် ဝဋ္ဋဖြစ်မလား၊ဝိဝဋ္ဋဖြစ်မလား၊ (ဝိဝဋ္ဋဖြစ်ပါတယ်ဘုရား) တဏှာ ဒိဋ္ဌိ ခြံရံမှ ဝဋ္ဋကိုးဗျ၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် ဒီအလှူပွဲကြီး ဒကာ ဒကာမတို့ ဆယ်သိန်းမျှ မကပါဘူး၊ အင်မတန်အဖိုးတန်သွားပါတယ်၊ (မှန်ပါ့ဘုရား) ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ တဏှာဒိဋ္ဌိသတ်တဲ့ သံဃိကပွဲ (မှန်ပါ့ဘုရား)။

သံဃိကဆိုတာက သံဃာအများကိုညွှတ်ရတယ်၊ (မှန်ပါ့) ဒီအထဲမှာ ကြည်ညိုဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်လဲပါ တယ်၊ ကြည်ညိုဖွယ်မကောင်းတဲ့ ပုဂ္ဂိုလ်လဲပါတယ်၊ အရုပ်ဆိုးပါတယ်၊ အကြည့်တန်ပါတယ်၊ ပုတာပါတယ်၊ ကွတာပါတယ်၊ ရှေတာပါတယ်၊ (မှန်လှပါဘုရား)။

တဏှာနဲ့ရွေးချင်လို့ရသေးရဲ့လား၊(မရပါဘုရား)ဒါတွေ သံဃာတွေပဲဘုရားဆိုပြီးသကာလ လှူလိုက်တဲ့အတွက် တဏှာက လှမှ,ညွှတ်မှာ၊ (မှန်လှပါ) အရုပ်ဆိုးပေမဲ့ကိုယ်နဲ့ စကားပြော ဇိဝှါဝင်မှညွှတ်မှာ၊(မှန်လှပါ)ဒါတွေကို အကုန်ဖျက်ချတယ်၊(မှန်လှပါဘုရား)၊ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဒါဖြင့် ဒီပွဲကို သံဃိကပွဲလို့ ဆိုကြငြားသော်လဲ သံဃာလှူတာ ကျေးဇူးရှိတယ်ဆိုတဲ့ အစိပ္ပါယ် အဘိဓမ္မာနည်းနဲ့ ဝေဖန်လိုက်တော့မှ တဏှာဒိဋ္ဌိသတ်ပြီးလှူလို့ ကျေးဇူးများတယ်လို့ ဆိုစမ်းပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘယ်လိုမှတ်ကြမယ်၊ (တဏှာဒိဋ္ဌိ သတ်ပြီးလှူလို့ ကျေးဇူးများပါတယ်)တဏှာကင်းတဲ့အလှူ၊ဒိဋ္ဌိကင်းတဲ့အလှူ၊ (မှန်ပါ့ဘုရား)ရိပ်မိပလား၊ (ရိပ်မိပါပြီ) အင်မတန် ကျေးဇူးများတော့တယ်ဆိုတာ ပေါ်ပါပြီ (ပေါ်ပါပြီဘုရား) ရှင်းကြပြီ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မနိုင်းယှဉ်နိုင်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကိုဖြင့် ဒို့ကို အလွယ်တကူ မဂ်က ပူဆောင်ပို့တော့မှာပဲ၊ ဘာကြောင့်တုံး၊ ဒို့က သစ္စာသိပြီး လှူတဲ့ အလှူ၊ (မှန်လှပါဘုရား) ဘာသိပြီး လှူတဲ့အလှူတုံး၊ (သစ္စာသိပြီး လှူတဲ့ အလှူပါဘုရား)။

ဒုက္ခဝဋ်ကြီး ရှုံခြင်း,မုန်းခြင်း,ငြီးငွေ့ခြင်းရှိသည်ဖြစ်ပါ၍ ဒုက္ခဝဋ်မှ ကျွတ်ရာကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏ ဆိုတာက နဂိုကပါခဲ့တယ်၊ (ပါခဲ့ပါတယ်ဘုရား)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အာလုံး ဒကာဒကာမတွေ ရေစက်ချပါတော့မယ်နော်၊ (မှန်ပါ့ဘုရား) တိုတိုပဲချမယ်။

> ဘန္တေ- အရှင် ဘုရား၊ မယံ- အကျွန်ုပ် တို့သည်၊ ရာဂါဒိဟိ-ရာဂ အစရှိ ကုန်သော၊ ကောဒသဂ္ဂိဟိ- တစ်ဆယ့်တစ်ပါးသောမီးတို့ဖြင့်၊ ပရိဗိဋ္ဌိတံ-အလွန်ပင် ညှဉ်းဆဲ နှိပ်စက်၍ နေထသော။

ဒကာဒကာမတွေ ခန္ဓာကိုယ်မှာ တစ်ဆယ့်တစ်မီး လောင်နေတယ်၊ (လောင်နေပါတယ်ဘုရား)။

ဒကာဒကာမတို့....ခင်ဗျားတို့ အကောင်း နေရသလား၊ မီးလောင်ခံ နေရသလား၊ (မီးလောင်ခံနေရပါတယ်ဘုရား) ဇာတိဇရာ မရဏကော၊(ခံရပါတယ်ဘုရား)အင်း-တစ်ဆယ့်

http://www.dhammadownload.com



တစ်မီးပါပဲ၊ (မှန်ပါ့)ဒီမီးက အဝေးမှာရှိသလား၊ခန္ဓာထဲမှာ ရှိသလား၊ (ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာက လောင်စာ၊ မီးက မီး၊ (မှန်ပါ့) ဘာဖြစ်နေကြသလဲ၊ခန္ဓာထဲမှာ (လောင်နေကြပါတယ်) လောင်နေတာပေါ့၊ မီးနဲ့ထင်း တွဲနေပြီ ဒကာ ဒကာမတို့၊ (မှန်ပါ့) ဘာဖြစ်နေကြသလဲ၊ (လောင်နေပါတယ်ဘုရား)။

သြော်–ဒါဖြင့် လူ့ဘဝဆိုတာ မီးလောင်ခံ ဘဝပေါ့၊ (မှန်လှပါ) နတ်ဘဝ ဆိုရင်ကော၊ (မီးလောင်ခံ ဘဝပါ) ဗြဟ္မာဘဝဆိုရင်ကော၊ (မီးလောင်ခံဘဝပါဘုရား)။

> ဘန္တေ–အရှင် ဘုရား၊ မယံ-အကျွန်ုပ်တို့သည်၊ဣမေဟိ ကိလေသေဟိ–ဤ တစ်ဆယ့် တစ်ပါးသော မီးတို့ဖြင့် လောင်၍နေသော ခန္ဓာကိုယ်ကြီးမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရခြင်းအကျိုးငှာ။

ဒကာဒကာမတို့–ဒီမီးလောင်ခြင်းမှ လွတ်ချင်လို့လှူတာ၊ (မှန်ပါ့)မီးက သမုဒယသစ္စာ၊ လောင်စာက(ဒုက္ခသစ္စာပါ) သြော်....ဒီအထဲ ဒကာဒကာမတွေ မီးလောင်ရင်း တရားနာနေကြတယ်၊ (မှန်လှပါဘုရား)အင်း–ဘာနဲ့တရားနာနေကြသလဲ၊ (မီးလောင်ရင်း တရားနာနေကြပါတယ်ဘုရား)။

ဒါဖြင့် မီးလောင်ခံဆဲမှာ တရားပွဲ နွှဲနေကြတယ်၊ (မှန်ပါ့ ဘုရား)မလွတ်လပ်ပါကလားဆိုတာ သေချာတယ်၊ (သေချာပါတယ်ဘုရား)၊ ဒါ့ကြောင့်....

> ဘန္တေ-အရှင် ဘုရား၊ မယံ- အကျွန်ုပ်တို့သည်၊ ရာဂါ ဒီဟိ-ရာဂအစရှိကုန်သော၊ ကောဒသဂ္ဂိဟိ-တစ်ဆယ့်

http://www.dhammadownload.com



တစ်ပါးသောမီးတို့ဖြင့်၊ပရိပီဠိတံ-အလွန်အကဲ ညှဉ်း
ဆဲနှိပ်စက်၍နေထသော၊ သံသာရဘယံ=ခြားရဟတ်
ပမာ ချာချာလည်ပတ်၍နေတဲ့ သံသရာဘေးကြီးကို။

ဩော်....ဒကာဒကာမတို့ ဒီက စုတေပြီးတဲ့အခါ နိဗ္ဗာန်
မရသေးရင် ဘယ်သွားကြမှာပါလိမ့်၊ (ပဋိသန္ဓေပါဘုရား)
ပဋိသန္ဓေသွားနေမယ်၊ (မှန်လှပါဘုရား)။

ဩော်-သေပြီးသကာလသေဆင်းရဲပြီးတော့အနေဆင်းရဲ
သွားကြတယ်၊ (မှန်လှပါဘုရား) အင်း-သေဆင်းရဲပြီးတော့
(နေဆင်းရဲသွားကြပါတယ်ဘုရား) ပဋိသန္ဓေနေတာလဲ ဇာ
တိပိ ဒုက္ခာပဲ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)ဟင်-
ဒါဖြင့် အသေ ဆင်းရဲပြီးသကာလ ပဋိသန္ဓေ အနေဆင်းရဲ
ဘက် ကူးလိုက်တယ်၊ (မှန်ပါ့)။

ဟာ-ဒါဖြင့်ရှေ့ဘယ်သွားကြမှာတုံး၊အိုခြင်း၊ဆင်းရဲဘက်
သွားမယ်၊ (မှန်ပါ့ဘုရား)ပြီးတော့ နာဆင်းရဲ ပြီးတော့သေ
ဆင်းရဲ၊(မှန်လှပါဘုရား)ပြီးတော့တစ်ဖန် ပဋိသန္ဓေနေတယ်၊
(မှန်ပါ့) ဩော်-ဆင်းရဲ စက်ရဟတ် မပြတ် လည်နေပါ
ကလား၊(မှန်လှပါဘုရား)ဘယ်လိုဆိုကြမယ်၊ (ဆင်းရဲ စက်ရ
ဟတ် မပြတ် လည်နေပါတယ်ဘုရား)။

အဲဒီ သံသရာကြီးကို·တဲ့၊ဒကာဒကာမတို့ ဆင်းရဲဒုက္ခမြင်
တဲ့ မဂ်မဝင်သန္တေကာလပတ်လုံး သူမရပ်တော့ဘူး၊ (မှန်လှ
ပါဘုရား) သံသရာထဲဒိုင်းဒိုင်းပြေးလည်နေမှာပဲ၊(မှန်လှပါ)
သဘောကျပလား၊ (ကျပါပြီဘုရား) ဒါ့ကြောင့်....

http://www.dhammadownload.com



သံသာရဘယံ=ခြားရဟတ်ပမာ ချာချာပတ်၍ တစ်ဖြစ်ထဲဖြစ်၍နေသော သံသရာဘေးကြီးကို၊ အတိဘာယိတွာ= အလွန်တရာ ကြောက်ကြပါကုန်သည်ဖြစ်၍၊ တတော=ထိုသံသရာဘေးဘယမှ၊ မုတ္တာ=လွတ်ကြကုန်သည်၊ ဟုတွာ= ဖြစ်၍၊ နိဗ္ဗာနံ=နိဗ္ဗာန်ချမ်းသာ မြတ်ကြီးကို၊ သစ္ဆိကရ—ဏတ္ထာယ=မကြာမတင် ဆောလျင် ကူးမြောက် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဉာဏစက္ခုနာ=ဉာဏပညာစက္ခုဖြင့်၊ ဂဝေသန္တော=ရှာမှီးကြည့်တော်မူသည်ရှိသော်၊ ဘိက္ခဝေ=သံသရာဘေးဘယကို တွေးဆရှုမျှော်လေ့ ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ ပုညံ=သင်တို့ပြုတဲ့ ကောင်းမှုကုသိုလ်ဟူသမျှသည်၊ သုခံ=လူ့,နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကြီးကို၊ ဇနေတိ=ဖြစ်စေတတ်၏။

သူက သုံးတန်တော့ ပေးနိုင်တယ်၊ (မှန်ပါ့) ပေးပေမယ့် ခင်ဗျားတို့က ရွေးရတယ်၊ (မှန်ပါ့) ဒါနစေတနာက သုံးတန်ပေးပေမယ့် ရွေးရတယ်၊ (မှန်လှပါ) ဒါနစေတနာက (သုံးတန် ပေးပေမယ့် ရွေးရပါတယ်ဘုရား)။

လူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာသုံးတန်တော့ ပေးတယ်၊ (မှန်လှပါ) သို့သော် ခင်ဗျားတို့က ရွေးရမယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ကိုင်း-ဒါဖြင့် မရွေးလို့ရှိရင်ဖြင့် သူကပေးတာကို မရွေးဘဲနဲ့ မျက်လုံးမှိတ်ကောက်လို့ရှိရင်လဲ လူချမ်းသာ ဒုက္ခသစ္စာ

http://www.dhammadownload.com



ရမယ်၊ (မှန်လှပါ)နတ်ချမ်းသာ ဒုက္ခသစ္စာကော၊(ရပါမယ် ဘုရား) ဟုတ်လား၊ အရွေးမတတ်လို့၊ (မှန်ပါ့) သဘောကျ ပလား၊ (ကျပါတယ်ဘုရား)။

ဒါ့ကြောင့်ဘုန်းကြီးကပြောရတယ်၊ခင်ဗျားတို့ကသာမည တရားတွေ၊သာမညစာသိ မသိ၊ မြတ်စွာဘုရား ဟောတော်မူ တာလဲ အစုံအလင် မသိတော့ ဒါနသံသရာရှည်သလိုလိုတချို့ ပြောသံကြားကြတယ်၊(မှန်ပါ့ဘုရား) မဟုတ်ပါဘူး၊ ဒါနက ရှည်တာ မဟုတ်ပါဘူး၊ အရွေးမတတ်လို့ ဒုက္ခရောက်တာ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါနက ရှည်တာလား၊ အရွေးမတတ်လို့လား၊ (အရွေး မတတ်လို့ပါဘုရား) ဒါနကတော့ လူ့ချမ်းသာ, နတ်ချမ်း သာ နိဗ္ဗာန်ချမ်းသာ ကျအောင်တော့ဖြင့် ပဋ္ဌာန်းနည်းနဲ့လဲ ပေးတာပါပဲ၊ (မှန်ပါ့ဘုရား)။

သို့သော် ဒကာ ဒကာမတွေက ရွေးတာက ဒုက္ခသစ္စာ သွားရွေးမိတယ်၊ (မှန်ပါ့) လူ့ချမ်းသာကို သွားပြီးလိုချင် တယ်၊ နတ်ချမ်းသာကို လိုချင်တယ်၊ (မှန်လှပါ) နိဗ္ဗာန်ချမ်း သာကိုတော့ ချန်ပစ်ခဲ့တယ်၊ (မှန်လှပါဘုရား)။

ပေးတာက သုံးမျိုး၊ ရွေးတာက နှစ်မျိုး ယူသွားတော့ ဩော်....ဒါဖြင့် နှစ်မျိုးယူသွားတော့ ဒုက္ခသစ္စာနှစ်ခုကို ရွေး ယူသွားတယ်၊ (မှန်ပါ့ဘုရား) သုခသစ္စာဖြစ်တဲ့ နိဗ္ဗာန်ကို မရွေးမိဘူး၊ (မရွေးမိပါဘုရား)။

ဒါဖြင့် ဒါနက ရှည်တာလား၊ အရွေးမတတ်တဲ့ ဖျင်းမှု ကြောင့်လား၊ (အရွေးမတတ်တဲ့ ဖျင်းမှုကြောင့်ပါဘုရား)။

http://www.dhammadownload.com



**အဲဒီတော့ ဒါနကသံသရာမရှည်ပါဘူး၊ အရွေးမတတ်လို့ ခင်ဗျားတို့ရှည်ရခြင်းဖြစ်ပါတယ်ဆိုတာကောပေါ်ကြပလား** (ပေါ်ပါပြီဘုရား) အတော်ဆိုးတဲ့ ဒကာ ဒကာမတွေနော်၊ (မှန်ပါ့ဘုရား)။

ကိုယ်က မသိဘဲနဲ့ ဒါန သံသရာရှည်အလေး ဘာလေးနဲ့ တစ်ဘက်စောင်းကြီး သူများပြောသံကြားနဲ့ခင်ဗျားတို့ပြော ကြဆိုကြတဲ့ပုဂ္ဂိုလ်တွေ ရှိကြလိမ့်မယ်နော်၊ (မှန်လှပါဘုရား) သူရှည်တာ မဟုတ်ဘူး ဒကာကြွယ်၊ ကိုယ်က အရွေးညံ့တာ၊ (မှန်လှပါဘုရား)။

သူကတော့ ပေးမှာပဲတဲ့၊ ဒီအပင် စိုက်လို့ ရှိရင်ဖြင့် သရက်ပင်တစ်ခုစိုက်လိုက်တယ် ဆိုရင် အသီးကင်းကလေးလဲ သီးမှာပဲ၊ (မှန်ပါ့) အသီးလတ်ကလေးလဲ (သီးမှာပါပဲ) အသီးကြီးလဲ သီးမှာပါပဲ၊ (မှန်ပါ့)။

ခင်ဗျားတို့က ငယ်ငယ်ကြိုက်လို့ရှိရင်ဖြင့် ခပ်ဖန်ဖန်စားရမှာပဲ၊ (မှန်ပါ့) အလတ်စားကြိုက်ရင် အချဉ် စားရမှာပဲ၊ (မှန်ပါ့) အကြီးစား ကြိုက်မယ်ဆိုရင် အချိုစားရမှာပဲ၊ (မှန်ပါ့ဘုရား) ကိုယ်က မရွေးတတ်လို့ အချိုမစားရတာ၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါနကရှည်စေတာလား၊အရွေးမတတ်တဲ့ အရည်အသွေး ဖြစ်ချက်လား၊ (အရွေးမတတ်တဲ့ ဖြစ်ချက်ပါဘုရား) အဲဒါ သေသေချာချာမှတ်ပါ၊ဒီတရားတစ်ပွဲလုံးမှာ သေသေချာချာ သတိပေးတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါနက သံသရာရှည်တာလား၊ ကိုယ်က သစ္စာမသိလို့ အရွေးမတတ်လို့ ကိုယ့်အတွက် ရှည်ရတာလား၊ (ကိုယ်က အရွေးမတတ်လို့ ရှည်ရတာပါဘုရား)။

ဒါဖြင့် ကိုယ်အ,ကိုယ်ထူလို့ ရှည်တယ်လို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ၊ (ကိုယ်အ, ကိုယ်ထူလို့ ရှည်တာပါဘုရား) နောက်ဘယ်သူက ပြောပြော မယုံနဲ့နော်၊ (မှန်လှပါ)။

ဒါနက ရှည်တာလား၊ အကျိုးပေး ကိုယ်မရွေးတတ်လို့ ရှည်တာလား၊ (ကိုယ်မရွေးတတ်လို့ ရှည်တာပါဘုရား) ဘယ့်နှယ် လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတော့ ကမ္မံ သတ္တေ ဝိဘဇ္ဇတိဆိုတော့ ကံကတော့ ပေးရမှာပဲ ဒကာကြွယ် ရေ၊ (မှန်လှပါဘုရား)။

ဦးသန်းမောင် ကံကတော့ လူချမ်းသာလဲ ပေးရမှာပဲ၊ နတ်ချမ်းသာကော၊ (ပေးရမှာပါပဲ) ဗြဟ္မာချမ်းသာကော (ပေးရမှာပါပဲ) ကိုယ်က သစ္စာမသိဘဲနဲ့ ယူလိုက်တော့ လူချမ်းသာကြီး ကောက်မိတယ်၊ (မှန်ပါ့) နတ်ချမ်းသာကြီး ကောက်မိတော့ ကိုယ်ကျိုးနည်းတယ်၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ချမ်းသာ မကောက်မိတော့လဲ ဒါနပေးတဲ့အထဲက နိဗ္ဗာန်ချမ်းသာလဲ ဥပနိဿယပစ္စယောထဲပါသားပဲ၊ (မှန်ပါ့) ကိုယ်ကမရွေးတတ်လို့ ဒုက္ခရောက်တာကိုဒါနက ရှည်တယ်လို့ ယူနေကြတယ်၊ (မှန်ပါ့ဘုရား)ရှင်းပလား၊ (ရှင်းပါပြီ)။

ဒီစကားတစ်လုံးကို အသုံးအနှုန်းလဲ့ ကောင်းအမှန်လဲဖြစ် နေတော့ ယောလဲ ယောခဲ့လို့ ဒီသုံးလုံးကို အရွေးမတတ်လို့

http://www.dhammadownload.com



ဖြစ်ရတဲ့ ဖြစ်ထွေလို့ ခင်ဗျားတို့ သေသေချာချာမှတ်ပါ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒါနကရှည်တာလား....အကျိုးပေးမရွေးတတ်တဲ့ ပုဂ္ဂိုလ်ကြောင့် ရှည်တာလား၊ (အကျိုးပေး မရွေးတတ်တဲ့ ပုဂ္ဂိုလ်ကြောင့် ရှည်တာပါဘုရား) ဒါဖြင့် ဒါနအပြစ်လား၊ ကိုယ့်အပြစ်လား၊ (ကိုယ့်အပြစ်ပါဘုရား)။

ဒါနဲ့ ခင်ဗျားတို့ ဒါနသံသရာ ရှည်တယ်တဲ့၊ ဒါနပေါ် ချည်း ဖိချတယ်၊ (မှန်ပါ) ကိုယ့်အပြစ်တော့မသိဘူး၊ (မသိပါဘုရား)အခုတော့ဘာ ပေါ်လာသလဲ၊(ကိုယ့်အပြစ် ပေါ် လာပါတယ်ဘုရား) အဲ-နောက်ကို ကိုယ့်အပြစ်လဲ သိကြပါ တဲ့ ဒါနကိုသွားပြီး မစွဲလိုက်ပါနဲ့နော်၊ (မှန်ပါဘုရား)။

ကြည့်စမ်း သံဃေ ဒိန္နံ မဟပ္ဖလံ ဆိုပြီး ဘုရားက သံဃေ= သံဃာ၌၊ ဒိန္နံ–ပေးလှူခြင်းသည်၊ မဟပ္ဖလံ–များသောအကျိုး ရှိ၏-တဲ့၊ ဒီလိုတောင် ဟောထားတဲ့ဥစ္စာ ဘုရားဟောကို ဖျက် သလိုကျနေတယ်၊ (မှန်လှပါဘုရား)သဘောပါပလား၊ (ပါ ပါတယ်ဘုရား) ကဲ....ဒါဖြင့်....

> ဘန္တေ–အရှင်ဘုရား၊ မယံ–အကျွန်ုပ်တို့သည်၊ ရာဂ ဒီဟိ–ရာဂအစရှိကုန်သော၊ကောဒသဂ္ဂိဟိ–ဆယ့်တစ် ပါးသောမီးတို့ဖြင့်၊ပရိဗီဠိတံ–အလွန်အကဲညှဉ်းဆဲ၍ နေထသော၊ သံသာရဘယံ–ခြားရဟာတ်ပမာ ချာချာ ပတ်၍ တဖြစ်ထဲဖြစ်နေထသော သံသရာဘေးကြီးကို၊ အဘိဘာယိတွာ–အလွန်တရာကြောက်ရွံ့တတ်ပါကုန် သည်ဖြစ်၍၊ တတော–ထိုသံသရာဘေးတို့မှ၊ မုတ္တာ– ကင်းလွတ်ရကုန်သည်။ဟုတွာ၊ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်

http://www.dhammadownload.com



ချမ်းသာမြတ်ကြီးကို။ သစ္စိကရဏတ္ထာယ၊ မကြာမတင် ဆောလျင်ကူးမြောက်အပေါက်ရောက်၍ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ။ ဉာဏစက္ခုနာ၊ ဉာဏ်ပညာစက္ခုဖြင့်။ ဂဝေသန္တော၊ ငါဘုရား ရှာမှီးခဲ့သည်ရှိသော်။ ဘိက္ခဝေ၊ သံသရာဘေးဘယ တွေးဆရှုမြော်လေ့ရှိကြကုန်သော သူတော်ကောင်း အပေါင်းတို့။ ပုညာကောင်းမှုကုသိုလ်ဟူသမျှသည်။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကြီးကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ သုံးလူ့ဆရာ စောသတ္တာသည် ကောင်းစွာဟောကြားအပ်သော စကားရပ်ကို။ မနသိကတွာ၊ နှလုံးနှစ်ချိုက် ပိုက်မိကြကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသီလာနိ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကြီးကို။ သမာဒိယိတွာ ဂဏှိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ပြီး၍၊ ဣမာနိကထိနစီဝရာနိ၊ ဤကထိန်လျာသင်္ကန်းနှင့်တကွ အခြံအရံဖြစ်တဲ့ ပစ္စည်းတွေကို၊ သံဃဿ၊ ပုရိမဝါမှ ထမြောက်တော်မူသော မင်္ဂလာတိုက်၌ ကိန်းအောင်းတဲ့ ပုဂ္ဂိုလ်အား။ ဒေမ၊ မအိုမသေအမြဲနေသော နိဗ္ဗာန်ကိုရည်မှန်း၍ဒုက္ခဝဋ်မှ ကျွတ်လိုသောဉာဏ်ဖြင့် တပည့်တော် ဒကာ ဒကာမ အပေါင်းတို့က လှူဒါန်းပါ၏အရှင်ဘုရား။

လှူပြီးကြပလား၊ (မှန်ပါ–လှူပြီးပါပြီဘုရား) အေး.... မအိုမသေအမြဲနေတဲ့ နိဗ္ဗာန်ကိုရည်မှန်းပြီး လှူဒါန်းပါနော်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ခုနကမြင်ခဲ့တဲ့ ဒုက္ခဝဋ်မှ ကျွတ်တဲ့ စိတ်ထားနဲ့လဲ လှူဒါန်းလိုက်ပါ၊ (မှန်လှပါဘုရား) လှူပြီးကြပြီလား၊ (လှူပြီးပါပြီဘုရား) လှူပြီးပြီ၊ လှူပြီးပြီနော်၊ (မှန်ပါ) ကဲ....ဒါဖြင့်....

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ် တို့သည်။ ဣမိနာဒါနပုညေန၊ဤကဲ့သို့ပေးလှူရသော ကုသိုလ်ကံစေတနာကြောင့်လည်းကောင်း။ဣမိနာသီလပုညေန၊ ဤကဲ့သို့ဆောက်တည်ပြီးသော သီလကုသိုလ်ကံစေတနာကြောင့်လည်းကောင်း။ အညေဟိ၊ တစ်ပါးကုန်သော။ပုညေဟိစ၊ အနမတဂ္ဂသံသရာကစ၍ ယခုဘဝတိုင်ရောက်အောင်ပြုလုပ်ဆည်းပူးခဲ့ကြသောကောင်းမှုကုသိုလ်ကံစေတနာတို့ကြောင့် လည်းကောင်း။မယံ၊ တပည့်တော် တပည့်တော်မတို့သည်။ အဇာတိံ၊ ပဋိသန္ဓေမနေရာ စင်စစ်ဖြစ်သော။ အဇရံ၊ မအိုရာစင်စစ်ဖြစ်သော။ အမတံ၊ မသေရာစင်စစ်ဖြစ်သော။ သိဝံ၊ ဇာတိဇရာ ဗျာဓိ မရဏာစသည့် ထောင်သောင်း ဘေးအပေါင်းတို့၏ ကောင်းကောင်းကြီး ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ဣစ္ဆိတဝရေန၊ အလိုရှိအပ်တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့်၊ သစ္စိကရေယျာမ၊ မငြိုမငြင် ဆောလျင်ကူးမြောက်ပေါက်ရောက်၍ မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား....။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမဿ၊ ဤကောင်းမှု၏။ ဝါ-ကထိန ဒါနကံ၏။ ဘာဂံ၊ အဖို့ကို။ ဂုဏဝိသေသ တရာနံ၊ ဂုဏ်ကျေးဇူး

http://www.dhammadownload.com



အားဖြင့်အထူးကြီးမားလှကုန်သော။မာတာပိတူနှင့် မိခင် ဖခင်တို့အား လည်းကောင်း။ အာစရိယာနှင့်၊ ဆရာသမားတို့အားလည်းကောင်း၊ ဉာမာသံပရိသာနှင့်၊ ယခုစည်းဝေးရောက်လာကြကုန်သော ပရိသတ်တို့အားလည်းကောင်း။ ကေတိ သဘာဝေ၊ သုံးဆယ့်တစ်ဘုံ၌။ စရန္တာနံ၊ ကျွတ်ကို ကင်းလျှောက်သည့်အသွင် ကျင်လည်ပြေးသွား၍ နေကြကုန်သော။ သဗ္ဗ သတ္တာနှင့်၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလည်းကောင်း။ ဘာဇေမ၊ ရေစက်သွန်းချအမျှပေးဝေပါကုန်၏။တေသတ္တာ၊ ထိုသတ္တဝါအပေါင်းတို့သည်။အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ထပ်တူထပ်မျှ။ ပုညဘာဂံ၊ ကုသိုလ်အထူး ကောင်းမှုအဖို့ကို။ လဘိတွာ၊ အတူတကွ အမျှရကြပါကုန်သည်ဖြစ်၍။ သုခိတာ၊ ကိုယ်,စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ ရှိကြကုန်သည်။ မုဒိတာ၊ ပီတိလွှမ်းမောက်၍ ဝမ်းမြောက်သောစိတ် ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အမျှ-အမျှ-အမျှ ယူတော်မူကြပါခင်ဗျား။

သာဓု....သာဓု....သာဓု....။

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
**ပဋိစ္စသမုပ္ပါဒ်**

# တရားတော် (၅)

(၂၄–၁၁–၆၁)

ဒကာစ ဒကာမတို့–ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အစေလက ကဿပအား ဟောတဲ့ဝတ္ထုနဲ့ ပြောပြီးသကာလ ပြလိမ့်မယ်လို့ မှတ်ရလိမ့်မယ်နော်၊ (မှန်ပါ့ဘုရား)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်-တဲ့၊ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးပြီးနေတယ်၊ (မှန်လှပါ) ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးပြီးသကာလ နေတော့ ရာဇဂြိုဟ်ပြည်ထဲမှာပဲ နံနက်မိုးလင်းတော့ ဆွမ်းခံသွားတယ်၊ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ဆွမ်းခံသွားတဲ့ အခါကျတော့ အစေလက ကဿပနဲ့ တွေ့တယ်၊ (မှန်ပါ့) ဆွမ်းခံရင်းတွေ့ကြတဲ့အခါကျတော့ အစေလကကဿပက အဝတ်မပါဘူး၊ ကိုယ်တုံးလုံးပဲ၊ သူတို့လဲ တိတ္ထိထုံးစံအတိုင်းပဲဆွမ်းခံတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဆွမ်းခံတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့တဲ့ အခါကျတော့ သူ့စိတ်ထဲ အကြံပေါ်ပြီးသကာလ လာတယ်၊ မေးချင်တဲ့ပုစ္ဆာကလေးတွေအတွက်ကို၊ (မှန်လှပါ)။

ဤကဲ့သို့မေးချင်တော့ ရှင်ကြီးဂေါတမ–တဲ့၊ အနားကပ်ပြီးသကာလ မေးလိုက်ပါတယ်၊ ဒုက္ခကို မိမိပြုတာလား–လို့ ရှေးဦးစွာမေးလိုက်ပါတယ်၊ ဘုရားက ဒုက္ခကို မိမိပြုတာ မဟုတ်ပါဘူးလို့ ဖြေလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဒုက္ခကို မိမိပြုတာလားလို့ အစေလက ကဿပကမေးတော့ ဘုရားက ဘယ်နှယ်ဖြေပါလိမ့်၊ (ဒုက္ခ မိမိပြုတာ မဟုတ်ပါဘူးတဲ့)ဒုက္ခမိမိပြုတာမဟုတ်ဘူးလို့ ၁-နံ ၂ါတ် ဒကာ ဒကာမ တွေ မှတ်ထားရမယ်၊ (မှန်လှပါဘုရား) ပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက်ပြမယ်၊ (မှန်ပါ့ဘုရား)။

ဒါနဲ့ သူဆက်ပြီးသကာလ မေးပြန်တယ်၊ ဒါဖြင့် ဒုက္ခတွေကို-တဲ့ ရှင်ကြီးဂေါတမ သူတစ်ပါးပြုလို့ မိမိတွေ့ရတာလားလို့ မေးလိုက်ပြန်တယ်၊ (မှန်ပါ့ဘုရား) ဒီလိုလဲ မဟုတ်ပါဘူးကွာလို့ပဲ ဘုရားကဖြေလိုက်တယ်၊(မှန်ပါ့ဘုရား) ဘယ်နှစ်ချက် ရှိသွားပလဲ၊ (နှစ်ချက်ရှိသွားပါပြီ) နှစ်ချက်ရှိသွားပြီတဲ့၊ ဒါဖြင့် ရှင်ကြီးဂေါတမ ဒီသတ္တဝါတွေ ဒုက္ခရောက်တဲ့ ဥစ္စာ အမျိုးမျိုးသော ဒုက္ခတွေနဲ့ ခန္ဓာဝန်ထမ်းရတဲ့ ဒုက္ခတွေ ဖြစ်နေတဲ့ဥစ္စာဟာ မိမိ သူတစ်ပါး နှစ်ဦးသားပြုတာလားလို့ တွဲမေးလိုက်တယ်၊ (မှန်လှပါဘုရား)။

ဒီလိုလဲ မဟုတ်ပါဘူးလို့ ဖြေလိုက်တယ်၊ (မှန်ပါ့ဘုရား) ဘယ်နှစ်မျိုးရှိသွားပလဲ၊ (သုံးမျိုးရှိသွားပါပြီ) သုံးမျိုးရှိသွားပြီလို့ မှတ်ပါနော်၊ (မှန်ပါ့ဘုရား) နောက်တစ်ခါ မေး

http://www.dhammadownload.com



ပြန်တယ်၊ ဒါဖြင့်ဘုရား–တဲ့၊ ရှင်ကြီးဂေါတမ–ဒုက္ခဆိုတာ သည်ကားလို့ ဆိုရင် အလိုလိုပေါ်တာလားလို့ မေးလိုက်တယ်၊ (မှန်လှပါဘုရား)။

ဟဲ့- ဒီလိုလဲမဟုတ်ပါဘူးလို့ ဖြေလိုက်တယ်၊ (မှန်လှပါဘုရား) ဘယ်နှစ်မျိုးရှိသွားပသဲ၊ (လေးမျိုး ရှိသွားပါပြီဘုရား) လေးမျိုးရှိသွားပြီ၊ ဒါနဲ့ မကျေနပ်တော့နဲ့ သူ ဆက်မေးတယ်၊ ဒါဖြင့် ရှင်ကြီးဂေါတမ ဒုက္ခမရှိဘူးလားလို့ မေးလိုက်ပြန်တယ်၊ (မှန်ပါ့ဘုရား)။

ဟာ- ဒုက္ခတွေ ရှိတာပေါ့ကွာလို့ပဲ ဖြေလိုက်ပါတယ်၊ (မှန်ပါ့) ဒုက္ခရှိတာပေါ့လို့ ဖြေလိုက်တယ်နော်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ-ဒုက္ခကို ရှင်ကြီးဂေါတမ မသိဘူးလားလို့ မေးလိုက်ပြန်တယ်၊ (မှန်လှပါဘုရား) ဟာ-ဒုက္ခငါ သိတာပေါ့ကွာလို့ပဲ ဖြေလိုက်တယ်၊ (မှန်လှပါဘုရား)။

နောက်ပုစ္ဆာနှစ်ခုကတော့ အရေးမကြီးလှပါဘူး (မှန်လှပါ) ပဋိစ္စသမုပ္ပါဒ်နဲ့ ဒီလောက်မဆိုင်လှပါဘူး၊ လောကမေး ဖြစ်နေပါတယ်၊ (မှန်ပါ့)။

အဲဒါကြောင့် ပထမ ပုစ္ဆာကလေးပဲ ဒကာ ဒကာမတွေ ပြန်ပြီး စီစစ်ပါဦးမယ်နော်၊ (မှန်ပါ့ဘုရား)ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံလာတဲ့အခါကျတော့ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့တော့ အစေလက ကဿပက ပုစ္ဆာကလေးမေးပါရစေဆိုတော့ ပထမတော့ဖြင့် ဘုရားက ဆွမ်းခံရင်းကွာ မတော်သေးပါဘူးဆိုပြီး ပယ်ဖျက်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒုတိယတစ်ခါဆက်လက်ပြီးရှင်ကြီးဂေါတမပုစ္ဆာကလေး တစ်ခုမေးပါရစေ ဆိုပြန်တော့လဲ ဟ-ဆွမ်းခံရင်းကွာ မမေး ပါနဲ့လို့ပြောလိုက်တယ်၊ (မှန်ပါ့ဘုရား)။

တတိယတစ် ခါမေးပြန်တော့လဲ ကဲ-ရှင်ကြီးဂေါတမ မဖြစ်လောက်ပါဘူး ပုစ္ဆာကလေး မေးပါရစေဆိုတော့ ကဲ ကွာ....အလိုရှိရင်လဲ မေးတာပေါ့—တဲ့၊ (မှန်ပါ့ဘုရား)။

သုံးခါမေးမှ အဖြေထွက်လာတယ်နော်၊ (မှန်ပါ့) ဘာဖြစ် လို့လဲမေးတော့ ဒကာဒကာမတို့ ပုစ္ဆာကို ဖြုန်းကနဲ ဖြေ လိုက်လို့ရှိရင် တိတ္ထိတွေ မလေးစားမှာစိုးလို့၊ (မှန်လှပါ) ဖြုန်းကနဲမဖြေတော့ အတော်မေးရတယ်ဟေ့....၊ဒါကလေး သိဖို့ကို တော်တော့ကို အဖိုးတန်လို့ အင်မတန်ကိုမေးယူရပါ တယ်ဆိုတဲ့အကြောင်းသိအောင်လို့ ဘုရားကသုံးခါမေးကျမှ အဖြေပေးပါတယ်၊ (မှန်လှပါဘုရား)။

ကဲ ၁-နံပါတ် အဖြေကလေး ဒကာဒကာမတွေက မှတ် တာပေါ့၊ (မှန်ပါ့) ရှင်ကြီးဂေါတမ-တဲ့၊ဒုက္ခ မိမိပြုတာ လားလို့ အစေလက ကဿပကမေးတယ်နော်၊(မှန်ပါ့ဘုရား) ဘုရားက ဘယ့်နှယ်ဖြေသလဲ (မဟုတ်ပါဘူး -တဲ့)မဟုတ်ပါ ဘူးလို့ဖြေလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ၊ ဒုက္ခ သူတစ်ပါးပြုတာလားလို့ မေးလိုက်ပြန်တယ်၊ (မဟုတ်ပါဘုရား) မဟုတ်ပါဘူး....တဲ့၊ ဘုရားက ဖြေလိုက်တယ်၊ (မှန်ပါ့) ဘယ်နှစ်ချက်ရှိသွားပလဲ၊ (နှစ်ချက်ရှိသွားပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ဒုက္ခသည်ကားလို့ဆိုရင်မိမိ, သူတစ်ပါး နှစ်ဦးသား ပြုတာလားလို့ မေးလိုက်တယ်နော်.... ဘုရားက

http://www.dhammadownload.com



ဘယ့်နှယ်ဖြေပါလိမ့်၊ (မဟုတ်ပါဘူး....တဲ့) မဟုတ်ပါဘူး ကွာ....လို့ ဖြေလိုက်တယ်၊ သုံးပုစ္ဆာ ရှိသွားပြီ၊ (မှန်လှပါ ဘုရား)။

ဒါနဲ့ မေးပြန်တယ်၊ ရှင်ကြီးဂေါတမ—တဲ့၊ ဒုက္ခ ဆိုတာ အလိုလို ဖြစ်သလားလို့ မေးလိုက်တယ်၊ (မှန်လှပါ)။

ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူးတဲ့)အလိုလို ဖြစ်တာလဲ မဟုတ်ဘူး-တဲ့၊ ဒီလေးချက် မှတ်ထားတာပေါ့၊ (မှန်ပါ့ဘုရား)။

ဥပမာ ဒကာဒကာမတွေ ကတော့ဖြင့် ဒုက္ခမိမိပြုလို့ မိမိ တွေ့ရတာလို့ ထင်ကြတယ်နော်၊ (မှန်လှပါဘုရား) မိမိပြုလို့ မိမိတွေ့ရတာလို့ထင်ကြတော့ အင်မတန်လွဲတယ်လို့ မှတ်လိုက် စမ်းပါ။

ဒုက္ခ သူတစ်ပါးပြုလို့ ကိုယ်ခံရလေခြင်းလို့ ဆိုလို့ရှိရင်လဲ ဒကာဒကာမတို့ ဒါ လွဲတာပဲ၊ (မှန်လှပါ) မိမိ သူတစ်ပါး နှစ်ဦးသားပြုလို့ ခံခဲ့ရတာပဲ ဆိုရင်လဲ (လွဲတာပါပဲဘုရား) အလိုလို ပေါ်လာတာပဲလို့ ထင်ရင်ကော၊ (လွဲတာပါပဲ ဘုရား)။

ကိုင်းဒါဖြင့်အစေလကဿပကမေးတော့ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြေတော်မူတယ်နော်၊ (မှန်ပါ့) ဒုက္ခ မိမိပြုတာလားလို့ အစေလကဿပကမေးလိုက်တယ်၊(မှန် ပါ့ဘုရား) ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူးတဲ့) မဟုတ်ဘူးလို့ ဖြေလိုက်တယ်နော်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ဒီမှာဒကာဒကာမတွေက ပုံစံကြည့်တာပေါ့တဲ့ ဒုက္ခမိမိပြုတာလားလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ

http://www.dhammadownload.com



(မဟုတ်ပါဘူးတဲ့) ဒကာဒကာမတွေ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာနော်၊ (မှန်ပါ့ဘုရား)။

အဲဒီ ဒုက္ခသစ္စာကြီးဟာ မိမိပြုတာလားလို့ အစေလက ကဿပက ဆွမ်းခံရင်းမေးပါတယ်၊ (မှန်ပါ့ဘုရား) ထိုကဲ့သို့ မေးတော့ ဘုရားက မဟုတ်ဘူးကွာ....ဆိုတော့ ဒကာဒကာမ တွေ ဒါဟာ ဘာမေးသတုံးဆိုလို့ရှိရင် ဒုက္ခ မိမိပြုလို့ မိမိခံရ တယ်၊ (မှန်ပါ့ဘုရား)။

ပြုတဲ့ပုဂ္ဂိုလ်လဲမိမိပဲ၊(မှန်ပါ့) ခံရတဲ့ပုဂ္ဂိုလ်လဲ (မိမိပါပဲ) ဒီလိုဆိုတော့ မိမိပြုလို့ မိမိခံရတယ်လို့ ယူရင် သဿတဒိဋ္ဌိ၊ (မှန်လှပါဘုရား) မိမိပြုလို့မိမိခံရတယ်လို့ ယူရင်၊ (သဿတ ဒိဋ္ဌိပါဘုရား)။

ခင်ဗျားတို့ ရ,ထားတာက "ဘယ်သူမပြု-မိမိမှု-တဲ့၊ (မှန် လှပါ)ဒကာကြွယ်တို့ကလေ၊ (ရ,ထားပါတယ်ဘုရား) မိမိပြု လို့ မိမိတွေ့ရတဲ့ ဒုက္ခ-တဲ့၊ ဒီလို မယူကြဘူးလား၊ (ယူကြပါ တယ်ဘုရား)။

အဲဒါ သဿတဒိဋ္ဌိပဲ ဒကာကြွယ်ရေ၊ (မှန်လှပါဘုရား) ဘာဒိဋ္ဌိတုံး၊(သဿတဒိဋ္ဌိပါဘုရား) ပြုတဲ့ပုဂ္ဂိုလ်လဲ မိမိပဲ-တဲ့၊ ရ,တဲ့ပုဂ္ဂိုလ်ကော၊ (မိမိပါပဲဘုရား)။

ဩော်....ဒါဖြင့် မိမိသည်ကား-တစ်ဆက်တည်းနေတယ်၊ (မှန်လှပါ)မိမိတဆက်တည်းနေတော့ဘာဒိဋ္ဌိဖြစ်သွားသလဲ၊ (သဿတဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား)။

သဿတဒိဋ္ဌိဖြစ်သွားတယ်ဆိုတာ အဲဒါ ဒကာကြွယ်တို့ မောင်ဘသော်တို့မှတ်စမ်းပါနော် ပဋိစ္စသမုပ္ပါဒ် နည်းမလည်

http://www.dhammadownload.com



လို့ (မှန်လှပါဘုရား)ဘာဒိဋ္ဌိဖြစ်သွားသလဲ၊(သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်ဘုရား)။

ကြည့်ပါ.... ကြည့်ပါ.... ဒကာဒကာမတို့....တဲ့၊ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ဘုရားဟောထားတာ ရှိသားပဲ၊ သစ္စာလေးပါးမသိတဲ့အဝိဇ္ဇာကြောင့် ပြုချင်တာပြုတဲ့ကုသိုလ်အကုသိုလ်တွေ မလုပ်ကြဘူးလား၊ (လုပ်ကြပါတယ်ဘုရား) ဘုံဘဝရောက်ကြောင်း ကုသိုလ်, အကုသိုလ်တွေကို၊ (လုပ်ကြပါတယ်ဘုရား)ဘာဖြစ်လို့ လုပ်ပါလိမ့်မလဲ၊(သစ္စာမသိလို့ပါဘုရား)။

သစ္စာမသိလို့ (မှန်ပါ့)ဒုက္ခသစ္စာလဲမသိ၊သမုဒယသစ္စာလဲမသိ၊ နိရောဓသစ္စာလဲမသိ၊ မဂ္ဂသစ္စာလဲမသိတဲ့အဝိဇ္ဇာကြောင့် (မှန်လှပါဘုရား) ခင်ဗျားတို့ပြုတဲ့ ကုသိုလ်တွေ ဟုတ်လား၊ ဘုံဘဝ တောင့်တလုပ်တဲ့ ဝဋ္ဋ ကုသိုလ်ပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ပြီးတော့ ခင်ဗျားတို့သားရေး,မယားရေး,စီးပွားရေးနဲ့ပတ်သက်ပြီးသကာလ လိမ်ကြ, ကောက်ကြ, မုသားသုံးကြ, ပရိယာယ်, မာယာတွေ သုံးကြတဲ့ အကုသိုလ်တွေဟာလဲ သင်္ခါရပဲ၊ (မှန်လှပါဘုရား)။

အဲဒီတော့ အဝိဇ္ဇာ ပစ္စယာ၊ (သင်္ခါရာပါဘုရား) အဲ.... သင်္ခါရဆိုတော့ ဒီနှစ်ခုက ဒကာဒကာမတွေအား ဟောဒီဒုက္ခကို ဖြစ်စေတယ်၊ (မှန်ပါ့ဘုရား) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာကြီးကို ဖြစ်စေတယ်၊ (မှန်ပါ့)ဒကာကြွယ် မြင်ရရဲ့လား၊ (မြင်ပါတယ် ဘုရား)။ ဘာသစ္စာဖြစ်သလဲ၊(ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒုက္ခဟာ မိမိပြုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ကြောင့်၊ (မှန်လှပါ) အဝိဇ္ဇာသင်္ခါရကြောင့်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) အင်း–ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရကြောင့်ပါဘုရား) အဝိဇ္ဇာ သင်္ခါရကြောင့်လို့ ခင်ဗျားတို့ ယူထားတဲ့ စာရွက်လဲ ကြည့်စမ်းပါဦး၊ ဒီအတိုင်း ပါ-ပါလိမ့်မယ်၊ (ပါပါတယ်ဘုရား) မပါဘူးလား၊ (ပါ·ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခ မိမိပြုတာလားလို့ ဆိုလို့ရှိရင်ဖြင့် ဒီဟာတွေဟာ မိမိဖြစ်ရတော့မယ်၊ (မှန်ပါ့) မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်) မိမိပြုလို့ မိမိခံရတဲ့ အဓိပ္ပာယ် ရောက်တယ်၊(ရောက်ပါတယ်ဘုရား) ဒီက မိမိဟာ ဒီလိုက် လာတယ်၊ (လိုက်ပါတယ်) လိုက်လာတော့ ဒီမှာ မသေဘဲနဲ့ ဒီလိုက်လာ သဿတဒိဋ္ဌိ ဖြစ်ပါတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ) ဘာဒိဋ္ဌိဖြစ်သလဲ၊ (သဿတဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

အဲဒါ ပဋိစ္စသမုပ္ပါဒ်၊အကြောင်း သမုဒယသစ္စာနဲ့အကျိုး ဒုက္ခသစ္စာကို ဒကာသစ်တို့ မသိလို့ ပြုမိလို့ မိမိ ခံရတာပဲ၊ (မှန်လှပါ) ဘာဒိဋ္ဌိ ယူသုံးလိုက်ပါလိမ့်၊ (သဿတဒိဋ္ဌိ ယူသုံးလိုက်ပါတယ်ဘုရား)။

ဒကာကြွယ်....ဒီသဿတဒိဋ္ဌိ ရှိနေရင်လဲ နိဗ္ဗာန် မဂ်ဖိုလ်ကို ဘယ်လိုပင် ခင်ဗျားတို့ ကျောင်းဆောက်, ဘုရားတည် ဆုတောင်း မရဘူး၊ (မှန်ပါ့) ဒိဋ္ဌိ-ခံနေတဲ့အတွက် ရကို မရနိုင်ဘူးတဲ့၊ (မှန်လှပါဘုရား) ဒီဒိဋ္ဌိကို ပဋိစ္စသမုပ္ပါဒ် နားလည်မှုလဲ ဒီဒိဋ္ဌိက စင်တယ်၊ (မှန်ပါ)။

http://www.dhammadownload.com



အဲဒီတော့ ဒုက္ခ မိမိပြုတာလားလို့ မေးတော့ ဘုရားက ဘယ်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူး) မဟုတ်ပါဘူးကွာ-တဲ့၊ အဝိဇ္ဇာသင်္ခါရကပြုတာတဲ့၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) အဝိဇ္ဇာ သင်္ခါရက၊ (ပြုတာပါဘုရား) ပြုတော့ ဒီမှာ ဘာ သစ္စာပေါ်သလဲ၊ (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရက သမုဒယသစ္စာ၊ (မှန်ပါ့) ဒီသမုဒယ သစ္စာကြောင့် ဘာဖြစ်သတုံး၊ (ဒုက္ခသစ္စာ ပေါ်ပါတယ် ဘုရား) မိမိပြုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရပါဘုရား)။

အဝိဇ္ဇာ သင်္ခါရက ပြုလုပ်လိုက်လို့ ဒကာကြွယ်....ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပေါ် လာတယ်၊ (ပေါ်လာပါတယ်ဘုရား) ကဲ....မိမိပြုတာ ဟုတ် သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

ဒီဟာ မိမိဆိုကြမလား၊ အဝိဇ္ဇာသင်္ခါရပဲ ဆိုကြမလား၊ (အဝိဇ္ဇာ သင်္ခါရပဲ ဆိုကြပါမယ်ဘုရား) ဒီဟာကိုလဲ မိမိ ဆိုမလား ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုမလား၊ (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးပဲ ဖြစ်တာပေါ့၊ (မှန်ပါ့ဘုရား) ဒါဖြင့် မောင်ဘသော်တို့ ကျေနပ်ပလား၊ (ကျေနပ်ပါပြီ ဘုရား) ဒုက္ခ မိမိပြုတာလား၊ (မဟုတ်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာသင်္ခါရကြောင့် ဒကာ ဒကာမတို့ ဒုက္ခပေါ်လာ တယ် (မှန်လှပါဘုရား) အဝိဇ္ဇာသင်္ခါရကြောင့် (ဒုက္ခပေါ်

http://www.dhammadownload.com



လာပါတယ်ဘုရား)"ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာဟာ ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဒီဒုက္ခခန္ဓာကြီး အခု ခန္ဓာထဲမှာ ပေါ်တဲ့ ဒုက္ခဟူသမျှ ခန္ဓာကစ၍ ခန္ဓာလဲ ဒုက္ခသစ္စာ၊ (မှန်လှပါ) ထူးထူးထွေထွေ ပေါ်လာတဲ့ သောကတို့, ပရိဒေဝတို့, ဒုက္ခတို့, ဒေါမနဿတို့လဲ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား)။

အဲဒါ မိမိပြုလို့ မိမိ ဖြစ်တာလားတဲ့၊ အဝိဇ္ဇာ သင်္ခါရ ကြောင့်လား၊ (အဝိဇ္ဇာသင်္ခါရကြောင့်ပါဘုရား)ဒါကြောင့် ဒုက္ခ မိမိပြုတာလား၊အတိတ်က မိမိပြုတာလားလို့ မေးတော့ ဘုရားက ဘယ်လိုဖြေသလဲ၊ (မဟုတ်ပါဘူးတဲ့)။

ဘုရားက မဟုတ်ပါဘူးတဲ့၊ ဘုရားမှာ ရှင်းပြောသော်လဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ရှင်းဖို့ အရေးကြီးပါ တယ်၊(မှန်ပါဘုရား) သဘောပါလား၊(ပါ,ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခ မိမိပြုတာလား၊ ပဋိစ္စသမုပ္ပါဒ်ကြောင့် ပေါ်တာ လား၊ (ပဋိစ္စသမုပ္ပါဒ်ကြောင့် ပေါ်တာပါဘုရား)။

တိုတိုပြောလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်တဲ့အဝိဇ္ဇာသင်္ခါရ ဆိုတဲ့ သမုဒယသစ္စာကြောင့် ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာမပေါ်လာဘူးလား၊ (ပေါ် လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမိမိပြုတာလားလို့ မေးရင်(မဟုတ်ပါဘုရား) တကယ်လို့ မိမိပြုလို့ မိမိ ဒုက္ခရောက်ရတယ်ဆိုရင် ဘာဒိဋ္ဌိလဲ၊ (သဿတဒိဋ္ဌိပါဘုရား)။

ဒကာသစ်....အရင်တုန်းက ဟောထားတဲ့ ဝတ္ထုတွေ ခုမှ ပိုမိုပြီးသကာလ ရှင်းတယ်၊ (မှန်လှပါဘုရား) မရှင်းကြဘူး

http://www.dhammadownload.com



လား၊ (ရှင်းပါတယ်ဘုရား) သေသေချာချာ မှတ်ပါ ဒကာ ဒကာမတို့၊ ဒုက္ခ မိမိပြုတာလား၊ (မဟုတ်ပါဘုရား)။

ဒါဖြင့် ဘယ်သူ ပြုတာပါလိမ့်၊ (အဝိဇ္ဇာသင်္ခါရ ပြုလုပ်တာပါဘုရား) ဒါဖြင့် အဝိဇ္ဇာသင်္ခါရ ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား)။

အို....ဒါဖြင့် သမုဒယသစ္စာက ပြုလုပ်လိုက်လို့ ဒုက္ခသစ္စာ ပေါ်လာပါတယ်၊ (မှန်လှပါဘုရား) မိမိပြုတာလားလို့ မေးရင် ဘယ့်နှယ်ပြောကြမယ်၊ (မဟုတ်ပါဘုရား) ဒကာကြွယ်တို့ မှတ်ထားတာတွေ အကုန်ပြင်ပစ်စမ်းပါ၊ (မှန်လှပါဘုရား)။

ကိုယ်ပြု ကိုယ်ခံပေါ့ကွာ–တဲ့၊ ဒကာကြွယ်တို့က လူကြီးလူကောင်းလုပ်ပြီးသကာလ ဒီကောင် တယ်မိုက်တယ်၊ သူပြုသူခံရမှာပေါ့ကွာ–တဲ့၊ (ပြောခဲ့ပါတယ်ဘုရား)။

သူပြု သူခံရမှာပေါ့ ဆိုတော့ အဝိဇ္ဇာသင်္ခါရကိုလဲ သူလို့ ယူထားတယ်၊ (မှန်ပါ့ဘုရား) ဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဒုက္ခသစ္စာကော၊ (သူလို့ ယူထားပါတယ်ဘုရား)။

ဒါဖြင့် သူ တစ်ဆက်တည်း ဖြစ်နေတယ်၊ ပြုတဲ့လူလဲ သူပဲ၊ ခံတဲ့လူလဲ (သူပါပဲဘုရား) ဘာဒိဋ္ဌိလဲ၊ (သဿတ ဒိဋ္ဌိပါဘုရား) ဒကာကြွယ် ဒီနေ့ဖြင့် တယ်အဖိုးတန်တဲ့နေ့ပဲ၊ (တန်ပါတယ်ဘုရား)။

နဂိုတုန်းက ဒကာကြွယ်တို့ဒကာသစ်တို့မောင်ဘသော်တို့ ဒကာဦးလှဘူးတို့နော်၊ ကိုယ်ပြု ကိုယ်ခံပေါ့ကွာ (ပြောခဲ့ပါတယ်ဘုရား) ဟုတ်ဖူးမလား၊ (မဟုတ်ပါဘုရား)အင်း–ဘာဒိဋ္ဌိနဲ့ပြောကြပါလိမ့်(သဿတဒိဋ္ဌိနဲ့ပြောကြပါတယ်ဘုရား)။

http://www.dhammadownload.com



ဪ... ဒါဖြင့် ဗုဒ္ဓဘာသာ သဿတ ဒိဋ္ဌိ၊ (မှန်လှပါဘုရား) အခေါ်မှာတော့ ဗုဒ္ဓဘာသာ၊ (မှန်လှပါ)အယူမှာ ဒိဋ္ဌိ၊ (ဒိဋ္ဌိပါဘုရား)။

ဒါဖြင့်....ဆိုင်းဘုတ်သာ ကျန်ရစ်တော့တယ်၊ အတွင်းက ဒိဋ္ဌိဖြစ်နေတယ်၊ (မှန်လှပါဘုရား) သဘောပါပလား၊(ပါ, ပါတယ်ဘုရား) ဒီလိုမှ ဘုရားဟောနဲ့မှ ရှင်းမပေးလို့ ရှိရင် ဒကာကြွယ် မြို့ထဲ,ရွာထဲမှာ တစ်ပုံကြီးကျန်သေးတယ်–နော်၊ (ကျန်ပါတယ်ဘုရား)။

ကိုယ်ဖြစ် ကိုယ်ခံပဲ–ကွ၊ ကိုယ်လုပ်ကိုယ်ခံပဲ–ကွ၊ (မှန်ပါ့) အင်း....ဒီတစ်ကိုယ်တည်းလုပ်ပြီး ဒီတစ်ကိုယ်ပဲခံတယ် (မှန်လှပါ) ဒကာကြွယ် ဘာဒိဋ္ဌိတုံး၊ (သဿတဒိဋ္ဌိပါဘုရား) ဒကာ ဒကာမတွေ ယနေ့ကျွတ်ပလား၊ (ကျွတ်ပါပြီဘုရား)။

အင်း....ဟင်....ဒုက္ခ မိခိပြုတာလား၊ (မဟုတ်ပါဘုရား) ဘယ်သူပြုတာပါလိမ့်၊ (အဝိဇ္ဇာနဲ့သင်္ခါရပါဘုရား)အဝိဇ္ဇာနဲ့ သင်္ခါရက ပြုလုပ်လိုက်တယ်၊ (မှန်ပါ့ဘုရား) ပြုလိုက်တဲ့အခါ ကျတော့ ဘာပေါ်လာသတုံးတဲ့၊ (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာလို့ဖွဲ့လိုက်တော့ ဘယ်နှစ်ပါးတဲ့တုံး၊ (ခန္ဓာ ငါးပါးပါဘုရား) အဲ...ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါးထဲက ဘာပဲပေါ်ပေါ် ကိုယ်ပြုတာ မဟုတ်ဘူး၊ (မှန်လှပါဘုရား) နာတာ, ကျင်တာ,ကိုက်တာ, ခဲတာ,ဖျားတာ,နာတာ အလုံးစုံဟူသမျှ အဝိဇ္ဇာသင်္ခါရ

http://www.dhammadownload.com



တည်းဟူသော အကြောင်းကြောင့်—ဒုက္ခသစ္စာ ပေါ်တာ ချည်း မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

ဒါဖြင့်....ဒကာကြွယ်ရေ....အင်မတန် နေရာကျသွားပြီ၊ (ကျသွားပါပြီဘုရား) ကိုယ်ပြုလို့ကိုယ်ခံရတာလား၊ (မဟုတ်ပါဘုရား) အဝိဇ္ဇာသင်္ခါရကပြုတဲ့အကြောင်းတရား၊(မှန်ပါ့) ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) သမုဒယသစ္စာ၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

စာကိုကြည့်ပါ စာကိုကြည့်ပါနော်၊ (မှန်ပါ့) သမုဒယ သစ္စာတည်းဟူသော အကြောင်းတရားကို အားထုတ်တဲ့ အတွက်ဟော ဒီမှာစုတေတဲ့အချိန်မှာဝိညာဏ်,နာမ်ရုပ်,သဠာ ယတန,ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါးကြီးယခုတရားနာနေ တဲ့ခန္ဓာငါးပါး ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ပဋိသန္ဓေကစပြီး ယခုအချိန်ကျအောင် ပေါ်ပါတယ်၊ (ပေါ်ပါတယ်ဘုရား) ဘာသစ္စာတွေပေါ်သလဲ၊ (ဒုက္ခသစ္စာ တွေပေါ်ပါတယ်ဘုရား)ဒါဖြင့် ဒီဒုက္ခသစ္စာ မိမိပြုတာ ဟုတ် သေးရဲ့လား၊ (မဟုတ်ပါဘုရား) ဘယ်သူပြုလုပ်တာပါလိမ့်၊ (အဝိဇ္ဇာသင်္ခါရက ပြုလုပ်တာပါဘုရား) အဝိဇ္ဇာသင်္ခါရက ပြုလုပ်တာ ပဋိစ္စသမုပ္ပါဒ်ကပြုလုပ်တာ၊ (မှန်ပါ့ဘုရား) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်သူ ပြုလုပ်တာပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ် ပြုလုပ်တာ ပါဘုရား)ပဋိစ္စသမုပ္ပါဒ်ကပြုလုပ်တာဆိုရင်လဲပြီးသွားတယ်၊ (မှန်ပါ့ဘုရား)ပေါ်လွှင်ချင်လို့ရှိရင်လဲအဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တာ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် စိမ်ပြုရင် မိမိရတယ်ဆိုတဲ့အသွားဟာ ဘာဒိဋ္ဌိလဲ၊ (သဿတဒိဋ္ဌိပါဘုရား)ကြောက်စရာကောင်းပါလား-ဒကာကြွယ်၊ (ကောင်းပါတယ်ဘုရား)။

ဒီလို ပြောကြားညွှန်ပြ ဆုံးမတဲ့ပုဂ္ဂိုလ်မတွေ့လို့ ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်သေသွားရင် ဒီအယူစွန့်ပါ့မလား၊ (မစွန့်ပါဘုရား) ကိုယ်ပြုကိုယ်ခံရုံပဲဆိုပြီး သူ့စိတ်ထဲ ဒါနဲ့ပဲ သေသွားမှာပဲ၊ (သေသွားမှာပါပဲဘုရား) ကိုယ်ပြုလို့ရှိရင် ကိုယ်ခံရုံပဲဆိုပြီး ဒါနဲ့ပဲ သွားမှာပဲ၊ (သွားမှာပါပဲဘုရား) သွားတော့ သူ့ ဘာမသာလို့ ဆိုမလဲ၊ (ဒိဋ္ဌိမသာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိမသာပေါင်း ဒကာကြွယ် ဘယ်လောက် ပို့ဖူးပလဲ၊ (မရေတွက်နိုင်ပါဘုရား) အင်း ကိုယ်တောင်မှသိသိက လေးလွတ်တယ်၊ (မှန်ပါ့ဘုရား) နို့မို့ရင် ခက်သေးတယ်၊ (ခက်ပါတယ်ဘုရား) ဒကာသစ် တော်တော် အရေးကြီးတယ်–နော်၊ (မှန်ပါ့ဘုရား)။

ဒီအယူကြီးဟာကလဲ....ဘယ်သူကမျှား ပြောလို့ ရှေ့ကို ဘယ်သူကမျှား ဆက်သွယ်ပြီး ဘယ်လိုစကား စလို့, မင်းပြု မင်းခံပေါ့ကွာ....မင်းပြု မင်းစံပေါ့ကွာဆိုတော့ မင်းတစ်ယောက်တည်း ဖြစ်နေတယ်၊ (မှန်လှပါ) မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်) ဒီတစ်ကိုယ်တည်း မင်းပဲ၊ (မှန်ပါ့) အင်း.... ဟင်....စံတဲ့ပုဂ္ဂိုလ်ကော၊ (မင်းပါပဲဘုရား)။

ဒါဖြင့် တစ်ဆက်တည်းမင်းပဲယူထားတော့သေတယ်ဆိုတဲ့ သဘောပါသေးရဲ့လား၊ (မပါ,ပါဘုရား) မပါတော့ဘူးတဲ့ ဒီပြုတဲ့ပုဂ္ဂိုလ်ဟာလဲ ပုဂ္ဂိုလ်သတ္တဝါပါပဲ၊(မှန်ပါ့ဘုရား)ခံတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်လဲ၊ (ပုဂ္ဂိုလ်သတ္တဝါပဲ)ခံတာလဲ ပုဂ္ဂိုလ်သတ္တဝါပါလို့ ယူလိုက်တော့ ဘာဒိဋ္ဌိဖြစ်သွားသလဲ၊ (သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ကိုယ်ပြုကိုယ်ခံဆိုတဲ့ အယူသည် ဘာဒိဋ္ဌိလဲ၊ (သဿတဒိဋ္ဌိပါဘုရား) ကိုယ်ပြုကိုယ်စံဆိုတဲ့ အယူဟာကော၊ (သဿတဒိဋ္ဌိပါဘုရား) အင်း....ဒကာကြွယ် သီသီကလေးလွတ်သွားတယ်၊ ခင်ဗျားအသေမစောလို့ တွေ့တာ၊ (မှန်ပါ) ဒကာ ဒကာမတွေ ဘယ့်နှယ်ကြောင့်လဲ၊ (အသေမစောလို့ တွေ့ရတာပါဘုရား)။

အသေစောတဲ့ ပုဂ္ဂိုလ်များမှာဖြင့် များသောအားဖြင့် ဒကာ ဒကာမတွေ သဿတဒိဋ္ဌိနဲ့ သေသွားတယ်၊ (မှန်ပါ ဘုရား) ဘာနဲ့သေသွားပါလိမ့်၊ (သဿတဒိဋ္ဌိနဲ့ သေသွား ပါတယ်ဘုရား)။

ဒါကြောင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ ပြောရတယ်၊ (မှန်ပါ) **ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဒိဋ္ဌိမပြုတ်ပါဘူးကွ၊** (မှန်လှပါဘုရား) ကဲ....ပြုတ်သေးရဲ့လား၊(မပြုတ်ပါဘုရား) မပြုတ်တော့ဘူး ဒကာ ဒကာမတို့ သေချာနေပြီ ဘာဒိဋ္ဌိဖြစ်နေသလဲ၊ (သဿတဒိဋ္ဌိ ဖြစ်နေပါတယ်ဘုရား)။

ကဲ....ဒါက ကိုယ်ပြု ကိုယ်ခံ ဆိုတာက အကုသိုလ်ဘက် သူပြောလိုက်တာ၊ (မှန်ပါ) ကိုယ်ပြု ကိုယ်စံဆိုတော့ဘာတဲ့၊ (ကုသိုလ်ဘက်က ပြောလိုက်တာပါ) ကုသိုလ်ကို သူ ပြုပင်ပြုငြားသော်လဲ-တဲ့၊ ကိုယ်ပြုရင် ကိုယ်ရမှာပဲ ကိုယ်စံရမှာပဲ ဆိုတာ သဿတဒိဋ္ဌိမပါဘူးလား၊ (ပါ,ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ သည်ဟာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူ့ပြုလို့ရှိရင် သူပဲစံရမှာပဲလို့ ယူဆသောကြောင့် သူ တစ်ခုတည်း ဆက်သွယ်နေတယ်၊ (မှန်လှပါဘုရား)။

အကြောင်းတုန်းကလဲ သူပဲ၊(သူပါပဲဘုရား) အကျိုးကျတော့လဲ (သူပါပဲ ဘုရား) သူပဲဆိုတော့ ပုဂ္ဂိုလ် သတ္တဝါပေါ်နေပြီ၊ (ပေါ်နေပါပြီဘုရား) တစ်ဆက်တည်း ဖြစ်နေတယ်၊ (မှန်ပါ့) ဒါဖြင့် ဘာဒိဋ္ဌိလဲ၊ (သဿတဒိဋ္ဌိပါဘုရား) တယ်လဲ ကြောက်စရာ ကောင်းပါကလား၊ (ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အားလုံး ဒကာဒကာမတွေ အခုပြောနေတဲ့ စကားဟာ အင်မတန်မှ ခင်ဗျားတို့ကျုပ်တို့ သန္တာန်မှာ မဂ်တား, ဖိုလ်တားတဲ့ဒိဋ္ဌိ ခွါပေးနေတာ၊ (မှန်လှပါဘုရား) ဘယ်လို မှတ်ကြမယ်၊(မဂ်တားဖိုလ်တားတဲ့ဒိဋ္ဌိ ခွါပေးနေတာပါဘုရား)။

ဒကာကြွယ် လျှောက်မေးစမ်းပါဦးခင်ဗျား၊မိတ်ဆွေတွေကို၊တောတွေတောင်တွေရှောင်ပြေးပေါ်ရှောဟုတ်လား၊(မှန်လှပါဘုရား) ဒီအသုံးဟာဖြင့် ထင်လဲ ထင်တာပဲ၊ သုံးလဲသုံးတာပဲ၊(ထင်လဲထင်ပါတယ်ဘုရား၊သုံးလဲသုံးပါတယ်ဘုရား) ထင်လဲထင်၊ သုံးလဲသုံးပေါ့ဗျာ၊(မှန်ပါ့ဘုရား)။

ဒါဖြင့် သူတို့ ဘာဒိဋ္ဌိလဲ (သဿတဒိဋ္ဌိပါဘုရား) ဒါဖြင့် ဗုဒ္ဓဘာသာ ဆိုတာက ဆိုင်းဘုတ်ပေါ့၊ (မှန်လှပါဘုရား) အယူက ဘာပါလိမ့်၊(ဒိဋ္ဌိပါဘုရား)။

ဒါဖြင့်ဆိုင်းဘုတ်ဗုဒ္ဓဘာသာမိမိဝမ်းထဲကအယူကကိုယ်ပြုကိုယ်ရဆိုတဲ့ တစ်ကိုယ်တည်းက နေပြီးပြု၊ တစ်ကိုယ်တည်းကနေပြီးရတယ်ဆိုသောကြောင့် သူသည်ဒိဋ္ဌိပဲ–သဿတဒိဋ္ဌိပဲ၊

http://www.dhammadownload.com



(မှန်လှပါ)ရှင်းပလား၊ (ရှင်းပါပြီ) ကိုယ်လုပ်ကိုယ်ရတာ ပေါ့ကွာ၊ ကြိုးစား ကြိုးစား ဒကာကြွယ်တို့ကလဲ လူကြီးပိပိ တော့ ဒီအသုံး သုံးမှာပါပဲ၊ (သုံးပါတယ်ဘုရား) မသုံးဘူး လား၊ (သုံးပါတယ်ဘုရား)။

ဥပမာ ရေအိုးစင်ကလေး တစ်ယောက်ကတည်ပြီး မနက် ကျတော့ တစ်ယောက်က ဖြည့်ပြီးသကာလ ရေခွက်ကလေး နေရာထားပြီး လမ်းဆုံလမ်းခွမှာ ထားကြတယ်၊ (ထားပါ တယ်ဘုရား)ကြိုးစားဟေ့-မင်းပြုမင်းရတာပဲကွ၊ဒကာကြွယ် ကလေချိုမျှားသွေးလိုက်သေးတယ်၊(သွေးပါတယ်ဘုရား)။

ပြီးတော့ သူ့ဥစ္စာ ဒိဋ္ဌိနဲ့ပြောလိုက်တာ၊ (မှန်ပါ့ဘုရား) ဘာနဲ့ပြောလိုက်တာလဲ၊ (ဒိဋ္ဌိနဲ့ပြောတာပါဘုရား) သူကလဲ ဒိဋ္ဌိနဲ့ပြောလိုက်တော့ဟိုပုဂ္ဂိုလ်ကလဲ အင်း-လူကြီးသူမ ပြော တာပဲ၊မှန်မှာပဲဆိုပြီးသကာလ ငါလုပ်ငါရမှာပဲဟေ့၊ ဘယ် သူမှ ဒီရေအိုး လာပြီး မလောင်းကြနဲ့၊ (မှန်ပါ့ဘုရား)။

ငါလုပ် ငါရမှာပေါ့ကွ-ဆိုတော့ ဘာဒိဋ္ဌိနဲ့ဟိုဟာတွေ ယုံ သွားသလဲ၊ (သဿတဒိဋ္ဌိနဲ့ပါဘုရား)။

ပြောတဲ့လူကြီးသူမ့ကလဲဘာနဲ့ပြောလိုက်သလဲ (သဿတ ဒိဋ္ဌိနဲ့ ပြောလိုက်ပါတယ် ဘုရား) ဒကာကြွယ် ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဖြစ်လိုက်တဲ့ ဒိဋ္ဌိ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဘာ နားမလည်လို့ဖြစ်ရသလဲ၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ဖြစ်ရပါတယ်ဘုရား)။

ကဲ-ယနေ့ကောင်းကောင်းရှင်းပလား၊(ရှင်းပါပြီဘုရား) သာမညဆို လို့ရှိရင်ဖြင့် ဒီလောက် ရှင်းရှင်း မပြောလို့ရှိရင်

http://www.dhammadownload.com



မောင်ဘသောဒ်နားလည်မယ်မဟုတ်ပါဘူး(မလည်ပါဘုရား) လည်ကြပါ့မလား၊ (မလည်ပါဘုရား)။

မလည်နိုင်ဘူး–တဲ့၊ မလည်လို့ရှိရင်လဲ မင်းတို့လဲ လူကြီးသူမနောက်က လူတစ်ယောက်ဖြစ်လာတော့ ကိုယ်လုပ်ကိုယ်ရမှာပဲ၊ သား,မယားတွေ မင်းတို့ မလုပ်ချင်နေကွ၊ ငါ့ဟာငါ လုပ်မယ်ကွ၊ (မှန်လှပါဘုရား)။

ငါလုပ်- ငါရမှာပဲဆိုတော့ ဒီဟာလဲ ငါပဲ၊ လုပ်တာလဲ ငါပဲ၊ ရတာလဲ (ငါပါပဲ) ခက်နေပြီ၊ ပုဂ္ဂိုလ် သတ္တဝါတွေ ပေါ်ကုန်ပြီ၊ (ပေါ်ကုန်ပါပြီဘုရား)။

လုပ်တာကလဲအဝိဇ္ဇာသင်္ခါရကလုပ်တာ၊(မှန်ပါ့) အဝိဇ္ဇာသင်္ခါရဆိုတဲ့ သမုဒယ သစ္စာက လုပ်တာ၊ (မှန်လှပါဘုရား) အဝိဇ္ဇာသင်္ခါရ ဘာသစ္စာလဲ၊ (သမုဒယသစ္စာပါ ဘုရား)လွန်လေပြီးသော ဘဝပေါ့ဗျာ၊(မှန်ပါ့)အတိတ်အကြောင်းပေါ့ဗျာ၊ (မှန်ပါ့) အတိတ် အကြောင်းက ပြုခဲ့တာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ အဝိဇ္ဇာသင်္ခါရကပြုလုပ်လို့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ အကျိုးတရားပေါ်ပါတယ် (မှန်လှပါဘုရား)ပစ္စုပ္ပန်အကျိုးတရားမပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)ဒါ–ကိုယ်လုပ်လို့ ကိုယ်ရတာဟုတ်ပါရဲ့လား၊အကြောင်းကလုပ်လို့အကျိုးပေါ်တာမဟုတ်လား၊ (အကြောင်းကလုပ်လို့ အကျိုးပေါ်တာပါ ဘုရား) အကြောင်းက ဘာသစ္စာ၊(သမုဒယသစ္စာပါဘုရား) အကျိုးက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ဒကာကြွယ်.... ပြောရမှာကို မင်းလုပ်-မင်းရမှာပေါ့ဆိုတော့သွားရော(သွားပါရောဘုရား) ငါလုပ်–ငါရမှာပေါ့၊(သွားပါရောဘုရား)။

အဲဒါ လူကြီးတွေ ပါးစပ်မှာဖြင့် အထင်ကလဲ ဒီအတိုင်း၊ အပြောကလဲ ဒီအတိုင်းပါပဲ၊ (မှန်လှပါဘုရား)အထင်ကလဲ ငါလုပ်–ငါရမှာပဲ လာတာပဲ၊ (မှန်ပါ့) အပြောကလဲ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

ငါလုပ်-ငါရမှာပေါ့ကွ၊ မင်းတို့ဟာ မင်းတို့ သွားရယ် မယားရယ်လို့ ယခုဘဝ ပေါင်းသင်း နေကြပေမယ့် မင်းတို့ ကြိုက်သလို မင်းတို့နေ၊ ငါကြိုက်သလို ငါနေမယ်၊ (မှန်ပါ့ ဘုရား) မဟုတ်ဘူးလား၊(ဟုတ်ပါတယ်ဘုရား) ငါလုပ်-ငါ ရမှာပဲ၊ မင်းတို့ မလုပ်ရင် မင်းတို့ မရမှာပဲ၊ (မှန်ပါ့ဘုရား)။

အံမာ–ဒကာကြွယ် အိမ်မှာ မင်းမူနေတာ၊ ဒီ-ဒိဋ္ဌိကြီးပါ လား၊(မှန်ပါ့ဘုရား)ရိပ်မိပလား (ရိပ်မိပါပြီ)အိမ်မှာ မင်းမူ နေတာ ဘယ်သူပါလိမ့်၊ (ဒိဒ္ဓိဋ္ဌိကြီးပါဘုရား)။

ယနေ့ကစပြီး အားလုံး ဒကာဒကာမတွေ ဒီ ဒိဋ္ဌိကြီးကို ဖြုတ်ပါ၊ (ဖြုတ်ပါမယ်ဘုရား) ဖြုတ်ကြပါ–ဖြုတ်ကြပါ၊ ဒိဒ္ဓိဋ္ဌိက ဘာဒိဋ္ဌိတဲ့တုံး၊ (သဿတဒိဋ္ဌိပါဘုရား)။

အင်း– သူရှိနေလို့ရှိရင် ဒကာကြွယ်က ဘုန်းကြီးကလဲ တရားဟောသပေါ့လေ၊ ဖြစ်,ပျက်တွေရှုပါ၊ ဝေဒနာနုပဿ နာ ဖြစ်,ပျက်ရှုပါ၊စိတ္တာနုပဿနာ ဖြစ်,ပျက် ရှုပါလို့ဆိုတော့ ဝိပဿနာဉာဏ်တွေတော့ရမှာပဲ (မှန်ပါ့ဘုရား)မဂ်ဉာဏ်တော့ မရနိုင်ဘူးဟေ့၊(မှန်လှပါ)ဝိပဿနာဉာဏ်တော့ (ရပါတယ် ဘုရား) မဂ်ဉာဏ်တော့ (မရနိုင်ပါဘုရား)။

http://www.dhammadownload.com



သောတာပတ္တိမဂ်ဉာဏ် မရနိုင်ဘူး၊ (မှန်ပါ့ဘုရား) ဒကာကြွယ်.... ဘာကြောင့်တဲ့တုံး၊ (သဿတဒိဋ္ဌိကြီး ခံနေလို့ပါဘုရား) ဒီ ဒိဋ္ဌိကို ဉာဏ်ထဲက ရှင်းထားရမယ်၊ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဩော်....ဒါဖြင့် နားထောင်တဲ့ ပုဂ္ဂိုလ် ရှိကြလို့ ရှိရင်ဖြင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ် စာရွက်ကလေး ကိုယ်ပြလိုက်ပြီးသကာလ အိမ်သူအိမ်သားနှင့်တကွ အိမ်နီးချင်း မိတ်ဆွေသင်္ဂဟတွေ နားထောင်လိုတဲ့ ပုဂ္ဂိုလ်များဖြင့်ကွာ-ကိုယ်ပြု ကိုယ်ရဆိုတာ မဟုတ်ဘူးဟေ့-အဝိဇ္ဇာသင်္ခါရကြောင့် တစ်ခါတည်းဝိညာဏ် နာမ်ရုပ် သဠာယတနနဲ့ ဖဿ ဝေဒနာ ပေါ်လာတာပဲ၊ (မှန်လှပါဘုရား)။

စင်စစ်တော့ဟေ့- အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးပါကွာ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား) ဘာပါလိမ့်၊(အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာနော်၊ (မှန်ပါ့) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟာ ဒုက္ခသစ္စာ၊ (မှန်ပါ့) အစေလက-ကဿပ က မေးလိုက်တယ်၊ ဒုက္ခ မိမိ ပြုတာလားလို့ မေးတယ်၊ (မှန်ပါ့ဘုရား) ဘုရားက ဘယ့်နှယ် ဖြေသလဲ၊ (မဟုတ်ပါဘူးတဲ့ဘုရား) ဘုရားက မဟုတ်ပါဘူး ဖြေမှာပဲ၊ အဝိဇ္ဇာသင်္ခါရ ပြုတာလို့ ပြောရမှာပဲ၊ (မှန်ပါ့ဘုရား) ဒကာကြွယ်ရေ....တော်တော့ကို အရေးကြီးပါတယ်၊(ကြီးပါတယ်ဘုရား)။

http://www.dhammadownload.com



အရင်တုန်းက ဒီဝတ္ထုသက်သက်ကိုထုတ်ပြီး ပုံစံကိုမပြဘဲနဲ့ ဆိုတုန်းကတော့ နားလည်တန်သလောက် နားလည်ပါရဲ့ ... အရှင်းမှာ ခုလောက်မရှင်းပါဘူး၊(မရှင်းပါဘုရား)ခုတော့ ဒကာသစ်တို့ ရှင်းပါပြီ၊ (ရှင်းပါပြီဘုရား)။

ကိုင်း-ဒကာ ဒကာမတို့ အစေလက-ကဿပဝတ္ထုနဲ့ ပုံစံနဲ့ တွဲဟောနေတယ်နော်၊ (မှန်လှပါ)။

ရာဇဂြိုဟ်ပြည်ထဲ ဆွမ်းခံလာတုန်း အစေလက-ကဿပ-က ရှင်ကြီးဂေါတမ-ပုစ္ဆာကလေး မေးပါရစေတဲ့၊(မှန်ပါ့) ဒုက္ခ မိမိပြုတာလားလို့ မေးတော့ ဒီဒုက္ခကို ဆိုတာနော်၊ (မှန်လှပါ) ခန္ဓာငါးပါးက ဘာသစ္စာတုန်း၊ (ဒုက္ခသစ္စာပါဘုရား) အဲ....ဒီခန္ဓာငါးပါးကို မိမိပြုတာလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူးတဲ့ဘုရား)။

ဒါဖြင့်ကျေနပ်ပြီနော်၊(ကျေနပ်ပါပြီဘုရား)မိမိပြုတာကို မဟုတ်ဘူး၊ အဝိဇ္ဇာသင်္ခါရဆိုတဲ့ အကြောင်းတရားက ပြုတာ (မှန်လှပါဘုရား) အကြောင်းတရားကပြုလို့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးကြီး ပေါ်တယ်၊ (မှန်လှပါဘုရား) ဘာသစ္စာပေါ်သလဲ၊ (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခ မိမိပြုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါ ဘုရား)ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာ (မှန်လှပါ)ရှင်းပလား (ရှင်းပါပြီဘုရား) ဒကာကြွယ် ကျေနပ်ပလား၊ (ကျေနပ် ပါပြီဘုရား)။

မကျေနပ်နဲ့ဦး.... ခင်ဗျားအိမ်ကျတော့ မသန်းတို့ လူစု ခင်ခင်တို့လူစုတွေ လက်ထောက်ပြဦး၊ (မှန်ပါ့) ဦးလှဘူးလဲ

http://www.dhammadownload.com



ပြုရလိမ့်မယ်၊ (ပြုမှာပါပဲဘုရား)မပြုလို့ရှိရင် တစ်အိမ်လုံးဟာ ဒုက္ခရောက်ကုန်လိမ့်မယ်၊ (မှန်ပါဘုရား) မရောက်ပေဘူးလား၊ (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီဥစ္စာကို ဩော်....သူတို့လဲ ကောင်းမှုပြုဖော် ပြုဘက်တွေဖြစ်ပြီးသကာလ နေငြားသော်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် တားတဲ့တရား ဝမ်းထဲ အရှိသား ဖြစ်နေတော့ ခေါင်းဆောင်လုပ်တဲ့ ပုဂ္ဂိုလ်က မကယ် မယူလို့ ရှိရင်ဖြင့် ဒီဘဝမှာ ခင်တယ်, ကြင်တယ်, သနားတယ်ဆိုတာ အပိုဖြစ်သွားတယ်၊ (မှန်ပါ) မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ လောကွတ်ပဲဖြစ်မယ်၊(မှန်ပါ)နို့-သူ့သန္တာန် ဒိဋ္ဌိမှဖြုတ်မပေးနိုင်ဘဲကိုး၊ (မှန်လှပါဘုရား)။

ဘာဒိဋ္ဌိပါလိမ့်၊(သဿတဒိဋ္ဌိပါဘုရား) သဿတဒိဋ္ဌိဖြုတ်မပေးနိုင်တဲ့အတွက် ဒကာကြွယ်ဟာ အိမ်ဦးခန်းက နေပြီးသကာလ ကိုယ်နားလည်သလောက်, ကိုယ်ရှင်းသလောက် ကိုယ်သဿတဒိဋ္ဌိ ပြုတ်သလောက် အင်း....ခင်ပွန်းနဲ့ သမီးတွေကို မကယ်တင်ဘူးဆိုလို့ရှိရင်ဖြင့် သူတို့ကနေ့တိုင်းပြုသော်ငြားလဲ ကိုယ်က ကျေးဇူးတုံ့ပြန်ဆပ်ရာ မရောက်ပါဘူး၊ (မရောက်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒီကပြန်ကြတဲ့ဒကာဒကာမတွေအကြောင်း ညီညွတ်လို့ ညဉ့် စကားစမြည် ပြောတော့မယ်ဆိုလို့ရှိရင် ဒီပဋိစ္စသမုပ္ပါဒ်အဝိုင်းချပြီးသကာလ ဒုက္ခ မိမိပြုတာမဟုတ်ပါဘူးကွာ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် အကျိုးဖြစ်တာပါ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အကြောင်းကြောင့်၊ (အကျိုးဖြစ်တာပါဘုရား) ဒီအထဲ အကြောင်းထဲလဲမိမိပါ-ပါရဲ့လား၊(မပါ-ပါဘုရား)အကျိုး ထဲမှာကော၊ (မပါ-ပါဘုရား) ဒါဖြင့် အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးပါပဲ၊ (မှန်လှပါ) မိမိအဖြစ် မပါ-ပါဘူး၊ (မပါ-ပါဘုရား)။

ဒါဖြင့် ကိုယ်ပြု ကိုယ်ခံဆိုတာ ဟုတ်သေးရဲ့လား၊(မဟုတ် ပါဘုရား) ကိုယ်ပြု-ကိုယ်စံဆိုတာကော၊ (မဟုတ်ပါဘုရား) ဒါလဲကိုယ်မဟုတ်ပါဘူး၊အဝိဇ္ဇာသင်္ခါရပါပဲ၊(မှန်ပါ့ဘုရား)

ဒါဖြင့် ကိုယ်ခံဆိုတာလဲ ကိုယ်မဟုတ်ပါဘူး၊ (မဟုတ်ပါ ဘုရား) ခန္ဓာငါးပါးပါပဲ၊ (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဒကာကြွယ် ဒီတစ်လုံးနဲ့ပဲ အများကြီး အဖိုး တန်သွားပြီ (တန်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒုတိယပုစ္ဆာ ပြောင်းတော့မယ်၊ (မှန်လှ ပါ) ဒကာဒကာမတို့ ပထမပုစ္ဆာကို ကျေကျေနပ်နပ်သဘော ကျပလား၊ (ကျပါပြီဘုရား) ကျပြီနော်၊ (မှန်ပါ့ဘုရား)။

ကဲ....တစ်ခါတည်း ရာဇဂြိုဟ်ပြည်ထဲမှာ ဘုရားဆွမ်းခံလာ တော့ ဒုတိယပုစ္ဆာကို သူမေးပြန်တယ်၊ (မှန်ပါ့) ရှင်ကြီး ဂေါတမ ဒုက္ခဟာ သူတစ်ပါးပြုတာလားတဲ့၊(မှန်ပါ့)ဘုရား က ဘယ်လိုဖြေသလဲ၊ (မဟုတ်ပါတဲ့ဘုရား) ပုံစံကို ကြည့် လိုက်ပါလား....သူတစ်ပါးပြုတာကောဟုတ်ကဲ့လား(မဟုတ် ပါဘုရား)။

အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရက ပြုလုပ်လို့ ဒီဘဝမှာ ဒုက္ခသစ္စာ ဖြစ်တာ၊ ဒါကို သူတစ်ပါးလို့ဆိုလို့ ရရဲ့လား၊ (မရပါဘုရား)ဘာပါလိမ့်ဒါဖြင့်(အဝိဇ္ဇာသင်္ခါရပါဘုရား)

http://www.dhammadownload.com



အဝိဇ္ဇာ သင်္ခါရပဲ၊ တစ်နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ပဲ၊ (မှန်ပါ့) တစ်နည်းအားဖြင့် သမုဒယသစ္စာပဲ၊ (မှန်လှပါ) မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)အဝိဇ္ဇာသင်္ခါရပြုလုပ် လိုက်တဲ့အခါကျတော့ကို-တဲ့၊ ဒကာ ဒကာမတို့ဒုက္ခသစ္စာကြီး ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့်သူတစ်ပါးပြုတာကော ဟုတ်သေးရဲ့လား၊(မဟုတ် ပါဘုရား)သူတစ်ပါးပြုလို့သူတစ်ပါးခံဆိုတဲ့အမိပ္ပာယ်ကော၊ (မဟုတ်ပါဘုရား)အင်း–အကြောင်းကြောင့်အကျိုးဖြစ်တာ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ်၊ (အကြောင်းကြောင့် အကျိုးဖြစ်တာပါဘုရား)။

အကြောင်းကြောင့်အကျိုးဖြစ်တာပဲဆိုတာ ဒကာ ဒကာ မတွေ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်လဲ ပြန်ကြည့်ပါ၊ ဒီတရားက အကြောင်းတရား(မှန်ပါ့ဘုရား)ပြုခဲ့တာအတိတ်အကြောင်း ကိုး၊ (မှန်ပါ့) ဒီက ပစ္စုပ္ပန်အကျိုးလို့ မပါဘူးလား (ပါ ပါတယ်ဘုရား)။

အဲဒီတော့အကြောင်းကြောင့်အကျိုးဖြစ်နေတာ (မှန်ပါ့ ဘုရား) အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခဖြစ်တယ်၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ) ဒါဖြင့် ဒုက္ခဟာ သူ တစ်ပါး ပြုတာလား ဒကာကြွယ်၊ (မဟုတ်ပါဘုရား) အကြောင်းကြောင့် (အကျိုးဖြစ်တာပါဘုရား)။

အဲ–အဝိဇ္ဇာသင်္ခါရကြောင့်ဝိညာဏ်,နာမ်ရုပ်,သဠာယတန ဖဿ, ဝေဒနာဖြစ်ပါတယ်၊ (မှန်လှပါ)အခုခန္ဓာငါးပါးဖြစ် ပါတယ်၊ (မှန်ပါ့ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့်ဒုက္ခသူတစ်ပါးပြုတာလဲမဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား)ပဋိစ္စသမုပ္ပါဒ်အကြောင်းကြောင့်(အကျိုးဖြစ်တာပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ) အကြောင်းအကျိုးပဲရှိတာကို မိမိပဲ, သူတစ်ပါးပဲလုပ်နေလို့တော့ဖြစ်မယ်မဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား) သဘောပါကြပလား၊ (ပါ့,ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ပုဏ္ဏာနှစ်ခုစလုံးမှာ ဘယ်လိုစင်ကြယ်သွားသတုံးဆိုတဲ့ ဒကာ ဒကာမတွေ အကျိုးကျေးဇူးခံစားမှုကလေး ပြောပါဦးမယ်၊ (မှန်ပါ့ဘုရား)။

ဒုက္ခ သူတစ်ပါး ပြုတယ်ဆိုတာ ပြုတဲ့လူက တခြား၊ (မှန်ပါ့) ခံတဲ့လူက (တခြားပါဘုရား) ခံတဲ့လူက တခြားသူတစ်ပါးပြုလို့ခံရတာ၊ (မှန်ပါ့) ဒါဖြင့်ပြုတဲ့လူက တခြား၊ (ခံစားရတဲ့လူက တခြားပါဘုရား)။

ဒီလိုဆိုတော့ကို-တဲ့၊ အကြောင်းအကျိုး ပြတ်မသွားဘူးလား၊ (ပြတ်သွားပါတယ်ဘုရား) ပြုတဲ့လူကတခြား၊ ခံတဲ့လူကကော၊ (တခြားပါဘုရား) အကျိုးခံစားတဲ့လူက၊ (တခြားပါဘုရား) ဘာဒိဋ္ဌိဖြစ်သွားသလဲ၊ (ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား)။

ဟော - ဒကာကြွယ် ပေါ်ပလား၊ (ပေါ်ပါပြီ) ဘာဒိဋ္ဌိဖြစ်သွားသလဲ၊ (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ်)ခုနက ကိုယ်ပြုကိုယ်ခံတုန်းက သဿတဒိဋ္ဌိ၊ (မှန်ပါ့)ခုတော့သူတစ်ပါးပြုလို့ကိုယ်ခံရလေခြင်းဆိုတော့၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



ဘယ်ဟုတ်ရမတုံး-တဲ့၊ ခင်ဗျားတို့ဟာ ဥစ္စာဒဒိဋ္ဌိကြီး သူ တစ်ပါးပြုလို့ ကိုယ်ခံရလေခြင်းဆိုတော့ ပြုတဲ့လူကတခြား၊ ခံတဲ့လူက (တခြားပါဘုရား) အဲဒါ ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်လှပါ) ပြုတဲ့ပုဂ္ဂိုလ်က ပြတ်သွားပြီ၊ (မှန်လှပါ) ခံတဲ့ပုဂ္ဂိုလ်ကခံဆဲ (မှန်လှပါဘုရား)။

ဩော်....ပြုတဲ့လူက တစ်ယောက်၊(မှန်လှပါ)ခံရတဲ့လူက (တစ်ယောက်ပါဘုရား) ဘာဒိဋ္ဌိလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) အဲဒါလဲ ပဋိစ္စသမုပ္ပါဒ် နားမလည်မှု၊ (မှန်လှပါ ဘုရား) ရှင်းပလား၊(ရှင်းပါပြီ)ဘာ-နားမလည်မှုလဲ၊(ပဋိစ္စသမုပ္ပါဒ် နားမလည်မှုပါဘုရား)။

သေသေချာချာမှတ်ပါ ဒကာဒကာမတို့၊သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာ တော်တော်အရေးကြီးတယ် ဒကာကြွယ်၊ (မှန်လှပါ ဘုရား) သူတစ်ပါးပြုလို့ ခံရလေခြင်း ဆိုတဲ့ အကြောင်းလဲ ခင်ဗျားတို့ ပြောလေ့ ဆိုလေ့ကော၊ (ပြောကြ ပါတယ်ဘုရား) ပြုကြ, ပြုကြ, နောက်ဘဝ သိကြလိမ့်မယ် တောင် လာသေး၊ (လာပါတယ်ဘုရား)။

အံမာလေး.... ကြောက် စရာ ကောင်း လိုက် တာ ဒကာ ဒကာမတွေ ရင်များထုပြီးသကာလ၊ ထဘီများ ခါးစီးပြီး သကာလ ပြုနိုင်သရွေ့ပြုကြ၊ နောက်ဘဝက ကိုယ်ပြုကိုယ်ခံ ရမှာ (မှန်ပါ) အင်း....ဟင် သူတစ်ပါးပြုလို့ ကျုပ်တို့ ဒီဘဝ ခံရပြားသော်လဲ နောက်ပြုတဲ့ ပုဂ္ဂိုလ် သူလုပ်လို့ သူခံရမှာ ပါပဲ၊ (မှန်လှပါဘုရား)ရန်များတောင် ဖြစ်လိုက်သေးတယ်၊ (ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာကြွယ်....ရန်မျိုးဖြစ်တာကြားဖူးရဲ့လား၊(ကြားဖူးပါတယ်ဘုရား) ကိုယ့်အိမ်, ကိုယ့်သားမယားနဲ့ ရန်ဖြစ်တော့လဲ ဒါတွေဟာ ဒိဋ္ဌိတွေနဲ့ပဲ ရောနေကြတာပဲ၊ (ရောပါတယ်ဘုရား)ရောနေတာပဲ၊မင်းလုပ်လို့ မင်းဖြစ်ရတာကွ၊ငါလုပ်လဲ ငါဖြစ်ရမှာပဲ အစရှိသည်နဲ့-လဲ၊ ခုတော့ နောက်ဒိဋ္ဌိကတော့ ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်လှပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတော့ ဒီအကြောင်းနဲ့ ဒီအကျိုးမဆက်တော့ဘူး၊(မှန်လှပါဘုရား)ဆက်သေးရဲ့လား၊ (မဆက်ပါဘုရား) ကြည့်ပါလား-ဒီအကြောင်းသာ လုပ်ရင် ဟောဒီ မြားက ပြထားတယ်၊ ဒီအကျိုးဆက်ရမယ်၊ (မှန်ပါ့) မဆက်ရပေဘူးလား၊ (ဆက်ရပါတယ်ဘုရား)။

အဲဒါ အကြောင်းနဲ့ အကျိုး ဆက်တာကိုပင်လျှင် ဒကာဒကာမတို့က မဆက်တဲ့အမိပ္ပာယ် ယူထားတယ်၊ (ယူပါတယ်ဘုရား) သူတစ်ပါးပြုလို့ သူတစ်ပါးခံရတယ်၊ (မှန်လှပါဘုရား)ပြုတဲ့ပုဂ္ဂိုလ်ကလဲ သူတစ်ပါး၊ (မှန်ပါ့) ခံတဲ့ပုဂ္ဂိုလ်ကလဲ (သူတစ်ပါးပါဘုရား)။

ဒါဖြင့် သူတစ်ပါးဆိုတော့ ပြုတဲ့ပုဂ္ဂိုလ်က တစ်ယောက်၊ (မှန်ပါ့) ခံတဲ့ ပုဂ္ဂိုလ်က (တစ်ယောက်ပါဘုရား) ဒီတော့ အကြောင်း အကျိုး ဆက်သေးရဲ့လား၊ (မဆက်ပါဘုရား) မဆက်ရင် ဘာဒိဋ္ဌိလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဟော.... ဒကာကြွယ်တို့ ယူထားတာက ဟင်-(မှန်ပါ့) သူတစ်ပါးက ပြုရက်ခြင်းကြောင့် ကိုယ့်မှာ ခံရလေခြင်း (မှန်လှပါဘုရား) သူတစ်ပါး ပြုရက်သောကြောင့်၊ (ကိုယ့်မှာ ခံရလေခြင်း)။

http://www.dhammadownload.com



အင်း-ဒကာကြွယ် ဒီလိုကော သုံးဘူးသလား၊ (သုံးဘူးပါတယ်ဘုရား)ဘာ-ဒိဋ္ဌိတွေတုံး၊(ဥစ္ဆေဒဒိဋ္ဌိတွေပါဘုရား)။ အေး-သူတစ်ပါးကလာပြုတာ ဒို့အိမ်ကခံရတာပဲကွ၊ မတတ်နိုင်ဘူးကွ၊ အဲဒါ ဃည်းသာခံကြပေတော့ကိုး၊ (မှန်လှပါ) ပြုတဲ့လူက သူတစ်ပါး၊(မှန်ပါ့) ခံတဲ့လူက-ဒို့၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အကြောင်းအကျိုးတွေက ဆက်သေးရဲ့လား၊(မဆက်ပါဘုရား)ပြတ်မနေဘူးလား၊ (ပြတ်နေပါတယ်) ဘာ ဒိဋ္ဌိလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)ရှင်းပလား၊(ရှင်းပါပြီ) အဲဒါ ဒကာ ဒကာမတွေက နားမလည်တော့ကို အို-သူတစ်ပါး ပြုလို့ သူတစ်ပါးခံရတယ်၊ (မှန်ပါ့) ပြုတဲ့လူက သူတစ်ပါး၊ခံရတဲ့ လူလဲ၊ (သူတစ်ပါးပါပဲဘုရား)။

တစ်နည်းအားဖြင့်လဲဒကာဒကာမတို့သူတစ်ပါးကပြုတာ ကိုယ်ကခံရလေခြင်း၊ (မှန်လှပါဘုရား)ဒီလိုကော မလာဘူးလား၊(လာပါတယ်ဘုရား)ဆန်ခိုးမမိ-ဖွဲခိုးမိလေခြင်း၊ဤသို့ အစရှိသည်ဖြင့်မလာဘူးလား၊(လာပါတယ်ဘုရား) ဒါဘာ ဒိဋ္ဌိတွေလဲ၊(ဥစ္ဆေဒဒိဋ္ဌိတွေပါဘုရား)။

ဒါကြောင့် ခုတော့ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပါပြီ-တဲ့၊ (မှန်လှပါဘုရား)ဩော်-ဒီသမုဒယသစ္စာ လုပ်လို့ရှိရင်ဖြင့် ဒီဒုက္ခသစ္စာတော့ ပေါ်ရမှာပဲ၊အကြောင်း,အကျိုးဆက်တယ်၊ (မှန်ပါ့) မြားကလေးကဘာပြသလဲ၊ (အကြောင်းအကျိုးဆက်ပုံပြပါတယ်)အကြောင်းနဲ့အကျိုး၊ သမုဒယနဲ့ဒုက္ခသစ္စာဆက်တယ်လို့ ပြတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



သူတစ်ပါးပြုလို့သူတစ်ပါးခံရတာလား–တဲ့၊အကြောင်းကြောင့် အကျိုးပေါ်တာလား၊(အကြောင်းကြောင့်အကျိုးပေါ်တာပါဘုရား) ဒီလို သိသွားတော့ ဘယ်ဒိဋ္ဌိ စင်တယ်၊ (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ကဲ–ဒကာဒကာမတွေ ရှင်ကြီးဂေါတမ-ဒုက္ခ သူတစ်ပါးပြုတာလားလို့ မေးတော့ ဘုရား ဘယ့်နှယ် ဖြေပါလိမ့်၊ (မဟုတ်ပါဘူးတဲ့ဘုရား)ဘုရားကမဟုတ်ပါဘူးလို့ဖြေတာလဲ ဒကာဒကာမတွေက ကျေနပ်ပလား၊ (ကျေနပ်ပါတယ်ဘုရား)ဒုတိယဖြစ်တဲ့ ဒုက္ခသစ္စာ ခန္ဓာကြီး ဘယ်သူပြုတာပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရပါဘုရား)။

အဝိဇ္ဇာ သင်္ခါရတည်းဟူသောအကြောင်းကပြုလုပ်လိုက်တယ်၊ (မှန်ပါ့ဘုရား) ဒီလိုဆိုတော့ သူတစ်ပါးပြုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

ကောင်းပြီ၊ဒါဖြင့် ပထမပုစ္ဆာတွင်ပဲမဟုတ်ကြောင်းသိလို့ရှိရင် သဿတဒိဋ္ဌိ ပြုတ်တယ်၊ (မှန်ပါ့)ဒုတိယပုစ္ဆာ မေးတဲ့အတိုင်း မဟုတ်ပါဘူးလို့ ကိုယ့်ဉာဏ်ထဲမှာ တင်ကြည့်လို့ရှိရင်လဲ ဥစ္ဆေဒဒိဋ္ဌိသေပါတယ်၊(မှန်လှပါဘုရား)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)ဒကာကြွယ်–နေရာကျပလား၊(ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် တတိယ ပုစ္ဆာ ကူးကြပါစို့ ဒကာဒကာမတို့နော်၊ (မှန်လှပါဘုရား) တတိယပုစ္ဆာက ဘယ်လိုမေးသတုံးဆိုတော့ ရှင်ကြီးဂေါတမ–တဲ့၊ ဒုက္ခကို မိမိ သူတစ်ပါး နှစ်ဦးသား ပြုတာလား–လို့မေးလိုက်ပါတယ်၊ (မှန်လှပါဘုရား)ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူး–တဲ့ဘုရား)။

http://www.dhammadownload.com



ဒီဟာ မိမိလဲမဟုတ်ပါဘူး၊(မဟုတ်ပါဘုရား)သူတစ်ပါး ကော (မဟုတ်ပါဘုရား)အဝိဇ္ဇာ သင်္ခါရပဲ(မှန်လှပါဘုရား) (ဝါ)သမုဒယသစ္စာပဲ၊ (မှန်လှပါဘုရား)။

အဝိဇ္ဇာ သင်္ခါရတည်းဟူသောအကြောင်းကြောင့် ဒီဒုက္ခ သစ္စာတည်းဟူသောအကျိုးတရားပေါ်တယ်၊ (မှန်ပါဘုရား) မပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)ဒါဖြင့်မိမိသူတစ်ပါး နှစ်ဦးသားပြုတာကော ဟုတ်သေးရဲ့လား(မဟုတ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်အကြောင်းကြောင့် အကျိုးဖြစ်တာပဲ၊ (မှန်ပါ ဘုရား)။

အဲဒီတော့ ဒကာကြွယ်စဉ်းစား၊ဒကာသစ်တို့လဲစဉ်းစား မောင်ဘသော်တို့လဲ စဉ်းစား၊ ဩော်-ပဋိစ္စသမုပ္ပါဒ်ဟာ ဆရာပြောပြပေမယ့် ကိုယ်ကိုယ်တိုင်က နားမလည်လို့ရှိရင် ဒီ ဒိဋ္ဌိတွေဟာလူတိုင်းရှိနေမှာပဲလို့ဆုံးဖြတ်ချက်ချပါ(မှန်လှပါ ဘုရား) ရှိနေရင်လဲ ဘယ်လိုပဲ ဝိပဿနာ အားထုတ်ထုတ် မဂ်ညဏ်၊ ဖိုလ်ဉာဏ် (မရပါဘုရား) ဒိဋ္ဌိ အပင်းခံနေရတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒါကြောင့်တဲ့ ဒီဥစ္စာကို ဘုန်းကြီးတို့ရှေ့ပိုင်းမှာရှေးက ကတည်းက ဒီဥစ္စာ ပုံစံသာမပြတယ်၊ ဒကာသစ်- အားလုံး ဟောပါတယ်၊ (ဟောပါတယ်ဘုရား) အခုတော့ ပုံစံရပြန် တော့ ဒကာဒကာမတွေက ပိုမိုရှင်းတာပေါ့၊ (ရှင်းပါတယ် ဘုရား)။

ကဲ- ဒါဖြင့် မေးလိုက်တယ် ဒကာ ဒကာမတို့၊ ဒကာ ဒကာမတို့ ခန္ဓာ ဒုက္ခသစ္စာကြီးကို မိမိသူတစ်ပါး နှစ်ဦးသား

http://www.dhammadownload.com



ပြုလုပ်လို့ရတာလား၊ (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့်လဲ (အဝိဇ္ဇာ သင်္ခါရကြောင့်ပါဘုရား)။

အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သမုဒယသစ္စာကြောင့် (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါးဒုက္ခသစ္စာတရားရပါတယ်(မှန်ပါ့ဘုရား)မိမိ–သူတစ်ပါးနှစ်ဦးသားပြုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဒါနဲ့ပဲ၃–နံပါတ်ပုစ္ဆာလဲ ပြေသွားပြီ၊(ပြေသွားပါပြီဘုရား) ၃-ပုစ္ဆာဟာ ဒကာကြွယ်--ဘာဖြစ်သွား၊ (ပြေသွားပါတယ်ဘုရား) ပြေသွားပြီဆိုတာ သဘောကျပလား၊ (ကျပါပြီ)။

ကောင်းပြီ၊ဒါဖြင့် ၄–နံပါတ်ကို သူမေးပြန်တယ် မဟုတ်လား၊ (မှန်ပါ့) ရှင်ကြီးဂေါတမ–ဒုက္ခသည် အလိုလိုဖြစ်တာလားဆိုတော့ အဟောတုက ဒိဋ္ဌိကို မေးတယ်၊ (မှန်လှပါဘုရား)။

ဒုက္ခ အလိုလို ဖြစ်တာလားလို့ မေးလိုက်တော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (မဟုတ်ပါဘူး–တဲ့) ကဲ– ဒကာဒကာမတွေကကော ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒီဒုက္ခသစ္စာအလိုလိုဖြစ်တာလား၊အကြောင်းကြောင့်ဖြစ်တာလား၊ (အကြောင်းကြောင့် ဖြစ်တာပါဘုရား) အလိုလိုဆိုတာကို ရှိရဲ့လား၊ (မရှိပါဘုရား) အဝိဇ္ဇာ သင်္ခါရ–ဆိုတဲ့ သမုဒယသစ္စာကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ပေါ်လာတယ်၊(မှန်ပါ့)ဒကာကြွယ်....နေရာကျပလား၊ (ကျပါပြီဘုရား) ဒါဖြင့် ဒကာကြွယ်တို့ အားလုံး တရားတစ်ပွဲလုံးပဲ မေးပါတယ်။

http://www.dhammadownload.com



ဒကာ ဒကာမတို့ မိမိတို့ ခန္ဓာဟာ ဒုက္ခသစ္စာကြီးနော်၊ (မှန်ပါ) မိမိ သူတစ်ပါး နှစ်ဦးသားပြုခဲ့လို့ ပေါ်ရတာလား လို့ မေးခဲ့ရင် ဘယ့်နှယ်ဖြေမလဲ၊ (မဟုတ်ပါဘုရား) အဝိဇ္ဇာ, သင်္ခါ, မချုပ်လို့ပေါ်တာ၊ (မှန်ပါဘုရား)။

အဝိဇ္ဇာ, သင်္ခါရသာ ချုပ်ကြည့်စမ်းပါလား၊ဒီ ဒုက္ခသစ္စာ ပေါ်ပါဦးမလား၊ (မပေါ်ပါဘုရား) ရှင်းကြပလား၊(ရှင်းပါပြီ)ဒါဖြင့် ပုစ္ဆာလေးခု ဒကာကြွယ်–ပြေပလား၊(ပြေပါပြီ ဘုရား) ဒီဥစ္စာနဲ့ပဲ ဒကာ ဒကာမတို့ ယနေ့တရားနာရခြင်း သည် များစွာအဖိုးတန်ပါတယ်၊(အဖိုးတန်ပါတယ်ဘုရား)။

သဿတဒိဋ္ဌိလဲ၊ (ပြုတ်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိလဲ၊ (ပြုတ်ပါတယ်ဘုရား) အင်း....ဟင်....အဟေတုက ဒိဋ္ဌိကော၊ (ပြုတ်ပါတယ်ဘုရား)ပြုတ်ပြီ၊ ဒိဋ္ဌိဟူသရွေ့ပြုတ်ပြီ၊ (မှန်လှပါ ဘုရား) ဒိဋ္ဌိဟူသရွေ့ ပြုတ်ပါပြီ ဒကာဒကာမတို့၊ (မှန်လှပါ ဘုရား) ကြိုးကြိုးစားစားနဲ့သာ ဖြစ်ပျက်အားထုတ်ပါ၊မဂ်ရ နိုင်ပါတယ်၊ (မှန်လှပါဘုရား)။

ဒိဋ္ဌိမပြုတ်ဘဲနဲ့ အားထုတ်ရင်တော့ဖြင့် တာဝန်မခံနိုင်ဘူး၊ ရလဲ မရဘူး-တဲ့ ဘုရားက၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဉာဏ်ထဲမှာ ဒကာကြွယ်–ဦးလှဘူး ပြုတ်ပြီလား၊(ပြုတ်ပါပြီ)ဒုက္ခမိမိပြုတာကော ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်ဗျာ၊ (အဝိဇ္ဇာ, သင်္ခါရက ပြုတာပါ) အဝိဇ္ဇာ, သင်္ခါရ, ပဋိစ္စသမုပ္ပါဒ်ကြောင့်၊ (မှန်လှ ပါဘုရား)။

http://www.dhammadownload.com



ဒုက္ခဟာ သူတစ်ပါးပြုတာလားမေးမြန်ရင် ကော၊ (မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်ဗျာ၊ (အဝိဇ္ဇာ သင်္ခါရ ပဋိစ္စသမုပ္ပါဒ်ကြောင့်ပါ ဘုရား) ပဋိစ္စသမုပ္ပါဒ် အကြောင်းကြောင့် (မှန်လှပါဘုရား) ဒုက္ခဟာ မိမိ သူတစ်ပါး နှစ်ဦးသား ပြုတာလားလို့ မေးရင်ကော၊ (မဟုတ်ပါဘုရား)။

မေးရင် ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်၊ (အဝိဇ္ဇာ သင်္ခါရ ပဋိစ္စသမုပ္ပါဒ်အကြောင်းကြောင့် ဖြစ်တာပါ)အဲ အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သမုဒယသစ္စာကြောင့်၊ (မှန်လှပါ) ဒုက္ခဟာ အလိုလိုများဖြစ်နေတာလား၊ (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့်ပါလိမ့်(အဝိဇ္ဇာသင်္ခါရဆိုတဲ့ သမုဒယသစ္စာကြောင့်ပါဘုရား)။

အဲ-ဒီအဝိုင်းကြီးက သက်သေခံသွားတယ်၊(မှန်ပါ) ဒါ့ကြောင့် ဒီဒုက္ခတွေပေါ်လာတယ်၊ (ပေါ်လာပါတယ်) ရှင်းပလား၊(ရှင်းပါပြီ) ဒကာကြွယ်-သေပျော်ပြီဗျ၊ (မှန်လှပါ) သေပျော်ပြီတဲ့၊အားလုံး ဒကာဒကာမတွေ အင်မတန် ဝမ်းမြောက်ဝမ်းသာရှိစရာသိပ်ကောင်းတယ်၊ (မှန်လှပါဘုရား)။

ငါတို့သန္တာန်မှာ ဒိဋ္ဌိဖြင့်ပြုတ်ပြီဟေ့-မဂ်ဉာဏ်ရဖို့ ဝိပဿနာအလုပ်သာလုပ်ဘို့ အရေးကြီးတော့တယ်၊ (မှန်ပါဘုရား) ရှေးကတော့ သူခံနေတဲ့အတွက် ဘယ်လိုပဲ လုပ်လုပ် ဘယ်လိုပဲ ဆုတောင်း ဆုတောင်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရနိုင်ဘူး၊ (မရနိုင်ပါ ဘုရား)။

ဒကာကြွယ်-ရနိုင်ပါ့မလား၊ (မရနိုင်ပါဘုရား) ဘာခံနေလို့လဲ၊ (ဒိဋ္ဌိခံနေလို့ပါဘုရား) သဿတဒိဋ္ဌိကခံတယ်၊ ဥစ္ဆေဒဒိဋ္ဌိက ခံတယ်၊ အဟေတုကဒိဋ္ဌိက ခံတယ်၊ (မှန်လှပါဘုရား) မခံဘူးလား၊ (ခံပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒါဖြင့် ဒီနေ့ ဒကာဒကာမတွေမှာ ဒိဋ္ဌိပြုတ်သွားပြီ၊ (ပြုတ်သွားပါပြီဘုရား) သဘောကျပလား၊ (ကျပါတယ်) အင်း....ဘာနားလည်လို့ ပြုတ်သွားသလဲ၊ (ပဋိစ္စသမုပ္ပါဒ်နားလည်လို့ပါ ဘုရား)။

သူ့အကျိုး တယ်ကြီးပါကလား ဒကာကြွယ်၊ (ကြီးပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်နားလည်လို့(မပြုတ်တာနော်၊ (မှန်ပါ) နားမလည်လို့ရှိရင်ဖြင့်၊ (မပြုတ်ပါဘုရား) ဒီအကျိုး တယ်ကြီးပါကလားဆိုတာ ကောင်းကောင်းပေါ်လာပလား၊ (ပေါ်လာပါပြီဘုရား)။

အေး --ဒါကြောင့် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ့်ယာမှာ ထားလို့ရှိရင်ဖြင့် ရှင်းလင်းပြီးလို့ ရှိရင်တော့ ဩော်- ဒီဓမ္မဒေသနာကြောင့် ဒို့ကျွတ်တမ်းဝင်ရတယ်၊ (မှန်လှပါဘုရား)ဒီဓမ္မစက်ဝိုင်းကြီး ကောင်းကောင်း နားလည်မှုကြောင့် ဒို့ ကျွတ်တမ်းဝင်ရတယ်၊ (မှန်လှပါဘုရား)။

ဒို့ ဒုက္ခခပ်သိမ်း ငြိမ်းရတော့မယ်ဆိုတာ ဒကာ ဒကာမတို့ ဦးမာဒင်တို့ကလဲ အတော်ကျေးဇူးတင်ထိုက်ပါတယ်၊ (တင်ထိုက်ပါတယ်ဘုရား) အတော်ပင် ကျေးဇူးတင်စရာကောင်းတယ် (မှန်ပါဘုရား)။

ဘုန်းကြီးက ဘယ်လိုပင် ဒီဥစ္စာ ရေးတဲ့, ချွတ်တဲ့, မှတ်တတ်ငြားသော်လဲ ဒကာတို့ အားကြိုးမာန်တက် လုပ်ဦးမှကိုး၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အားကြိုးမာန်တက် ဒကာတို့ လုပ်ပြန်တော့လဲ ဘုန်းကြီးက အပြမရှင်းပြန်လို့ရှိရင်လဲ ဒီဥစ္စာ မစင်ပြန်ဘူး (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ နှစ်ယောက်ပေါင်းမှ ဒီ တ ရား ပွဲ ကြီး မှာ ကျေးဇူးပိုများတယ်၊ (မှန်ပါ့) ဒီထဲမှာလဲ ဒကာဒကာမတွေကလဲ တစ်ခါ ကျေးဇူးပြန်သေးတယ်၊ (မှန်ပါ့ဘုရား) ဘယ်လိုပြန်ပါသတုံး-ဆိုတော့ ထောင်တတ်တဲ့ နားမပါတဲ့ ပုဂ္ဂိုလ် ဘာပြောနေနေ မသိဘူး၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့က ထောင်တတ်တဲ့နားလဲ ပါလတော့ ကျွတ်တမ်း ဝင်တတ်တဲ့နားက ပါလာတော့ သိပ်ကျေးဇူးများတယ်၊ (များပါတယ်ဘုရား)။

အဲဒီတော့ အရှိသုံးပါးညီတယ်၊(ညီပါတယ်ဘုရား)အလှူပေးပုဂ္ဂိုလ်လဲရှိပါတယ်၊(ရှိပါတယ်ဘုရား) အင်း.... ဟင်း-ဟောတတ် ပြောတတ်တဲ့ပုဂ္ဂိုလ်လဲ၊(ရှိပါတယ်ဘုရား)ထောင်တတ်တဲ့နားကော၊ (ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဩဘ-ငါတို့ ကျွတ်တမ်းဝင်မှ ဝင်ပါ့မလားဆိုတဲ့ ဒကာသစ်‌သံသယဝိစိကိစ္ဆာ အကုန်ရှောင်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)ကဲ-စတုတ္ထပုစ္ဆာလဲ ပြေသွားပြီ၊ (ပြေသွားပါပြီဘုရား)။

အဲဒီတော့ ခြောက်ခုတောင် မေးတာကို၊ မေးပေမဲ့ နှစ်ခုကတော့ အပိုပါပဲ၊(မှန်လှပါ)ဘုရားကို သက်သက် စွပ်စွဲမေးတာပဲ၊ (မှန်ပါ့) ရှင်ကြီးဂေါတမ—တဲ့၊ ဒုက္ခမရှိဘူးလားလို့ မေးတယ်၊(မှန်လှပါဘုရား) ဒကာ ဒကာမတွေက ဘယ့်နှယ်

http://www.dhammadownload.com



ဖြေမလဲ၊ (ရှိပါတယ်ဘုရား) ဒီခန္ဓာကြီး တွေ့နေကတည်းက ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဒီခန္ဓာထဲက ဘာပေါ်ပေါ်-ပေါ်ချင်တာပေါ်ရင်ကော၊ (ဒုက္ခသစ္စာပါဘုရား) ဝေဒနာပေါ်ပေါ်,သညာပေါ်ပေါ်, ခန္ဓာကြီးပေါ်ပေါ်, ဘာပေါ်ပေါ်,ဒုက္ခသစ္စာပဲပေါ်တာပဲ၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီ) ကောင်းပြီ—ဒါဒုက္ခသစ္စာပဲဆိုတာ သေချာပြီ၊ (သေချာပါပြီ)။

ဒါဖြင့် ရှင်ကြီးဂေါတမ–ဒုက္ခ မရှိဘူးလားလို့ ဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (ရှိတယ်လို့ ဖြေပါတယ်ဘုရား) ခင်ဗျားတို့ကောသိပလား၊(သိပါပြီဘုရား)ခင်ဗျားတို့ဒီခန္ဓာကြီးဟာ ရှိသလား၊ ဘာသစ္စာကြီးတုံး၊ (ဒုက္ခသစ္စာကြီးပါဘုရား) ဒုက္ခရှိတာ ကိုယ်-ကိုယ်တိုင်သိပြီ၊ (သိပါပြီဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ရှင်ကြီးဂေါတမ-ဒုက္ခမရှိဘူးလား-လို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (ရှိတယ်လို့ဖြေပါတယ်ဘုရား)ခင်ဗျားတို့ကောဒုက္ခမရှိဘူးလားမေးရင်၊(ရှိပါတယ်ဘုရား)ဘယ်သူပါလိမ့်ဗျာ၊ (ခန္ဓာငါးပါးပါဘုရား) ဒီခန္ဓာကြီးပေါ့၊(မှန်ပါ့) ဒုက္ခမရှိဘူးလား၊ (ရှိပါတယ်ဘုရား) ဘယ်သူ ပါလိမ့်ဗျာ၊ (ခန္ဓာငါးပါးပါပဲဘုရား) ဒီခန္ဓာငါးပါးဗျ၊ (မှန်ပါ့)။

ဒီခန္ဓာငါးပါးကြီးက ပင်ကိုယ်က ဒုက္ခသစ္စာ သူကသီးပွင့်လာတာတွေကော၊ (ဒုက္ခသစ္စာပါပဲဘုရား) ဒုက္ခသစ္စာတွေပဲ သူကအနာပေါက်တယ်၊သူကနေပြီးစိုးရိမ်တယ်၊သူကဗျာပါဒဖြစ်တယ်၊သူကရင်ထုတယ်၊သူကမြေလူးတယ်၊ သူကကျင်းခုန်တယ်(မှန်ပါ့ဘုရား)ဘာဖြစ်သလဲဗျ(ဒုက္ခသစ္စာဖြစ်ပါတယ်)

http://www.dhammadownload.com



သောကပရိဒေဝတွေ ပေါ်လာတာ ဒီခန္ဓာထဲရှိတာ ပေါ်လာတာ၊ (မှန်လှပါ) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခမရှိဘူးလားလို့ မေးတော့ ဘယ့်နှယ်ဖြေမလဲ၊ (ရှိပါတယ်ဘုရား) ခင်ဗျားတို့က ဒကာကြွယ်တို့က ဒီသစ္စာ ဉာဏ်နဲ့ နှလုံးမသွင်းတဲ့ အခါကျတော့ ဒကာသစ်တို့ လူစုက အင်း....ဟင်....ငယ်ငယ်တုန်းကဒုက္ခရောက်တာတွေကြီးတော့ ဒုက္ခမရှိဘူး ပြောချင်ပြောနေမှာ၊ (မှန်ပါဘုရား)။

ငယ်ငယ်တုန်းကဒုက္ခရောက်ခဲ့တယ်၊ဒကာကြွယ်တို့ဒီအခြေအနေမရောက်ခင်တုန်းကဟင်၊ (မှန်ပါဘုရား) အခုတော့ဖြင့် ဒုက္ခမရှိဘူးလို့ဆိုမလား၊ (ဆိုခဲ့ပါတယ်ဘုရား) အဲဒါ ခန္ဓာသစ္စာမသိလို့ ရှင်းပလား၊ (မှန်ပါဘုရား)ငယ်ငယ်တုန်းကလဲ ဘာသစ္စာနဲ့ နေခဲ့သလဲ (ဒုက္ခသစ္စာနဲ့ပါဘုရား)ကြီးတော့လဲ၊ (ဒုက္ခသစ္စာနဲ့ပါဘုရား)။

ဒါကို ဒကာကြွယ်တို့က အလွဲသုံးစား ငယ်ငယ်တုန်းကတော့ ခင်ဗျားတို့မြင်တဲ့အတိုင်း၊ (မှန်ပါ) မပြောဘူးလား၊ (ပြောပါတယ်) လူတိုင်းပြောမှာပဲ၊ (ပြောပါတယ်ဘုရား)။

အခုတော့ဖြင့် နည်းနည်း၊ ကျုပ်တို့ နေနိုင်၊ ထိုင်နိုင်လို့ တော်-တော်သေးရဲ့ဗျာဆိုတော့ အခုတော့ သုခသစ္စာဖြစ်လာတယ်လို့ ပြောချင်ပြောနေတာ၊ (မှန်ပါ) ဂွကျတဲ့လူတွေ၊ (မှန်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ) အခုလဲ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

အရင်တုန်းကငယ်ငယ်တုန်းကတော့ဇာတိဒုက္ခသစ္စာ၊အခုအိုတော့ ဇရာဒုက္ခသစ္စာ၊ (မှန်ပါ) ရှေ့ ဘာသစ္စာနဲ့ တွေ့မလဲ၊ (မရဏ ဒုက္ခသစ္စာနဲ့တွေ့ပါမယ်) အင်း–အိုခြင်းဆိုး၊ ဆိုးလာ

http://www.dhammadownload.com



တာတောင် အခုမှ တော်တယ်ပြောနေသေးတော့ အတော်ရှူးသေးတယ်၊ (ရှူးပါတယ်ဘုရား)။

ဒကာကြွယ်.... ကြီးမှပဲ နေသာထိုင်သာ ရှိလာတယ်၊ ငယ်ငယ်တုန်းကတော့ ဒုက္ခဗျာ၊ (မှန်လှပါ) ကျုပ်ဖြင့် သေသာ သေချင်တာပဲ၊ (မှန်လှပါဘုရား)။

ကြီးမှ သာပြီး ဒုက္ခရောက်သေးတာကိုး၊ ကြီးမှ ပျော်နေတယ်၊ (မှန်ပါ့) သူငယ်မပြန်သင့်တာ ပြန်နေတယ်၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) ပြန်သင့်လို့ ပြန်တာလား၊ မပြန်သင့်ဘဲနဲ့ ပြန်တာလား၊ (မပြန်သင့်ဘဲနဲ့ ပြန်တာပါဘုရား)။

ဇရာဒုက္ခကျမှ အင်း-အခုမှပဲ တော်ပေတော့တယ်ဆိုတော့ ကျုပ်–အိုခြင်းကောင်း ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား) ဝကျလိုက်တာ ဦးလှဘူး၊(ကျပါတယ်ဘုရား)ဒါဟာပဋိစ္စသမုပ္ပါဒ်နံ့ားမလည်လို့၊ (မှန်ပါ့)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒုက္ခမရှိဘူးလား, ရှိသလား၊ (ရှိပါတယ်ဘုရား) ဘာကို လက်ညှိုးညွှန်ကြမယ်၊ (ခန္ဓာငါးပါးပါဘုရား)ဒီခန္ဓာကိုယ်ကြီးဟာအကုန်လုံးဒုက္ခသစ္စာ(မှန်လှပါ)။

မယုံရင် ဉာဏ်နဲ့ကြည့်ပါ၊ ဖြစ်လိုက်–ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ ဒကာကြွယ်–ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား) ကဲ....ဒုက္ခ ဘယ်အချိန် ရပ်သလဲ၊ (ဘယ်အချိန်မှ မရပ်ပါဘုရား)။

ဒါဖြင့် ဒုက္ခမရှိဘူးလား....မေးတော့ ဘယ်နှယ် ဖြေမလဲ (ရှိပါတယ်ဘုရား)ရှိတယ်ဆိုတာသိတော့ဩော်–နေရာကျပြီ၊

http://www.dhammadownload.com



သစ္စာဉာဏ်ရပြီ၊ (မှန်လှပါဘုရား) သဘောကျ ပလား၊ (ကျပါပြီ)။

ဒါနဲ့အစေလက-ကဿပ,ကဆက်မေးတယ်နော်၊(မှန်ပါ့) ရှင်ကြီးဂေါတမ…ဒုက္ခကိုမသိဘူးလားတဲ့၊ (မှန်ပါ) ဟာ-ငါ သိတယ်ကွ-တဲ့၊ (မှန်လှပါဘုရား) ဒုက္ခမသိဘူးလားမေးတော့ ဘယ့်နှယ်ဖြေပါလိမ့် (သိပါတယ်တဲ့-ဘုရား) သိတယ်လို့ပဲ ဘုရားက ဖြေလိုက်တယ်၊ (မှန်ပါ့)။

ကဲ....သိရင်ပြောစမ်းပါတဲ့၊ ဒုက္ခသိလို့ရှိရင် ပြောစမ်းပါ ဆိုတော့ အို....ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရား (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ခန္ဓာငါးပါးရှိလို့ အိုတာ,နာတာကော၊(ရှိပါတယ်ဘုရား)ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား)ဖြစ်မှုက ဒုက္ခသစ္စာ၊ (မှန်ပါ့)သူက ဖောက်-ပြန်လာရင်၊ (ဒုက္ခသစ္စာပါဘုရား) သူက ပျက်စီးရင်ကော၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သူ့မှာဖေါက်ပြန်ပျက်စီးတာတွေ စုနေတာ ဘာ သစ္စာလို့ ဆိုကြမလဲ၊ (ဒုက္ခသစ္စာပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဒါဖြင့် ဒီဒုက္ခသစ္စာကြီး မငြိမ်းသရွေ့ကာလပတ် လုံး ခန္ဓာမသိမ်းသရွေ့ကာလပတ်လုံးဖြင့်ဘယ်တော့မှနိဗ္ဗာန် မရပါဘူး၊ (မရပါဘုရား)။

ခန္ဓာမသိမ်းသရွေ့ကာလပတ်လုံး၊ (ဘယ်တော့မှ နိဗ္ဗာန် မရပါဘုရား) ဘယ်တော့မှ နိဗ္ဗာန်မရဘူးဆိုလာ ဒကာကြွယ် ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ခန္ဓာက ဘာသစ္စာ၊ (ဒုက္ခ သစ္စာပါဘုရား) အဲ သူမသိမ်းသရွေ့ နိဗ္ဗာန်ဖြင့်၊ (မရပါ

http://www.dhammadownload.com



ဘုရား) မရနိုင်ဘူး ဆိုတာ သေချာပလား၊ (သေချာပါပြီ ဘုရား)။

ဒါကြောင့် ဒကာသစ်တို့ ဝိဿပနာရှုတော့၊ ဒကာကြွယ်တို့ ဝိပဿနာရှုတော့၊ ခန္ဓာပျောက်ကဲ့လားဟေ့-တဲ့၊ (မှန်ပါ) ခန္ဓာပျောက်ကဲ့လားဟေ့-လို့ မေးချင်လို့ မဟုတ်ဘူး၊ ဒုက္ခသစ္စာ ပျောက်ကဲ့လားဟေ့-လို့ (မှန်ပါဘုရား) ခန္ဓာက ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြီးချုပ်ပြီးသကာလ နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ကြီး ပေါ်လာမှ ဩော်....ငါသည်ကားလို့ဆိုရင် သောတာပတ္တိမဂ် ရပြီ၊ (မှန်လှပါ) ဒါကြောင့် ခန္ဓာပျောက်ကဲ့လား၊ ခန္ဓာပျောက်ကဲ့လားဆိုတာ ဒုက္ခသစ္စာ ပျောက်ကဲ့လားလို့ မေးတာ၊ (မှန်လှပါ ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) ခန္ဓာပျောက်ကဲ့လားဆိုတာ ဘာပါလိမ့်၊ (ဒုက္ခသစ္စာပျောက်ကဲ့လားလို့ မေးတာပါဘုရား) ဒုက္ခသစ္စာပျောက်ကဲ့လားလို့ မေးတာနော်၊ (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီနေ့ တရားနာရတာ ဒကာ ဒကာမတို့ ဒုက္ခ မသိဘူးလားလို့ အစေလက-ကဿ၂,က မေးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒုက္ခသိတာပေါ့ကွာ-တဲ့၊ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ခန္ဓာကိုယ် တစ်ခုလုံးဟာ ဒုက္ခအစုကြီးကွ-တဲ့၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ခန္ဓာကိုယ်တစ်ခုလုံးဟာ (ဒုက္ခအစုကြီးပါ ဘုရား) ဒုက္ခအစုကြီးပဲဆိုတာ သေချာပလား၊ (သေချာပါပြီ) ဩော်.... ဒါဖြင့် ဒကာဒကာမတို့ ဒုက္ခသိတာပေါ့၊(သိပါတယ်ဘုရား)

http://www.dhammadownload.com



ရှင်ကြီးဂေါတမ–ဒုက္ခမသိဘူးလား မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (သိပါတယ်လို့ ဖြေပါတယ်ဘုရား) နို့– ခင်ဗျားတို့ကော သိပလား၊ (သိပါတယ်ဘုရား)။

ဒါဖြင့် သိလို့ရှိရင်ဖြင့်-တဲ့၊ ခင်ဗျားတို့ ဒုက္ခသိတဲ့အချိန်က စ,ပြီး သစ္စာဉာဏ်ရသောကြောင့် ခန္ဓာဆုံးအောင်သာ လိုက်ကြ (မှန်လှပါဘုရား) ဒီဒုက္ခဆုံးလို့ရှိရင်ဖြင့် နိဗ္ဗာန်ပါပဲ၊(မှန်ပါဘုရား) ဒုက္ခဆုံးလို့ရှိရင် (နိဗ္ဗာန်ပါပဲ)ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဒုက္ခဆုံးရင် (နိဗ္ဗာန်ပါပဲဘုရား)။

ဩော်....နိဗ္ဗာန်ဆိုတာ ဘယ်မှာနေပါလိမ့်၊(ဒုက္ခဆုံးရာမှာ နေပါတယ်ဘုရား) ဒုက္ခအဆုံးမှာ ရှိတယ်၊ (မှန်ပါဘုရား) ဒုက္ခဿအန္တံကရိဿတိ၊ ဒုက္ခဿ= ဒုက္ခ၏၊ အန္တံ= အဆုံးကို၊ ကရိဿတိ= မျက်မှောက်ပြုနိုင်လတ္တံ့၊ (မှန်ပါဘုရား)။

ခင်ဗျားတို့ ဝိပဿနာသာ အားထုတ်ပါတဲ့၊ ဒုက္ခအဆုံးကို မျက်မှောက် ပြုနိုင်တယ်-တဲ့၊ (မှန်ပါ)- သေချာပါတယ်လို့ ဘုရားက သေသေချာချာအရှုဏ္ဏဝတီသုတ်မှာဟောပါတယ်၊ (မှန်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားအားထုတ်တဲ့အခါ ဒုက္ခဆုံးအောင်လိုက်ကြစမ်းပါ၊(မှန်ပါဘုရား) ဖြစ်,ပျက် ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား) အဲဒါ ဆုံးသွားရင် ဘာသစ္စာတုံး၊ (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ပေါ်လာတယ်၊(မှန်ပါ)ရှင်းပလား၊(ရှင်းပါပြီ)

ဒါဖြင့်လဲ ခန္ဓာထဲမှာ ရှိတာတွေကို ခင်ဗျားတို့ ဝေဒနာရှုရင်လဲ စိတ်နှင့်တကွ (အကုန်ပျောက်ပါတယ် ဘုရား) အဲဒီ

http://www.dhammadownload.com



ဒုက္ခတွေ အကုန် ပျောက်သွားရင်လဲ နိဗ္ဗာန်ဟာ ပေါ်လာတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်အချိန်မှပျောက်မလဲလို့မေးတော့ ဒုက္ခရယ်လို့ ကောန်သိ တကယ်သိရင် ပျောက်ပါတယ်၊ (မှန်လှပါဘုရား) မသိသေးလို့ ဒါကြီးရှိနေတာ၊ တော်သေးရဲ့ဆိုပြီး သာယာနေတဲ့ တဏှာရှိရင် ဒကာကြွယ်-ဘယ်တော့မှ မချုပ်ဘူး၊ (မှန်လှပါဘုရား)။

သာယာတဲ့တဏှာလဲကင်းပါရော ဒီဒုက္ခဟာဘာဖြစ်သွားသတုံး၊ (ချုပ်သွားပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ်ကို သူညွှန်ပြတာပဲ၊ (မှန်ပါ့ဘုရား)။

အစေလက ကဿပတဲ့၊ မင်းက ကိုယ်ပြုကိုယ်ခံ ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ် မသိလို့ကွ၊ (မှန်လှပါ) သူများပြုလို့ ကိုယ်ခံရတယ်ဆိုတာကော (ပဋိစ္စသမုပ္ပါဒ် မသိလို့ပါဘုရား)။

ဒုက္ခသည် မိမိ သူတစ်ပါးနှစ်ဦးသားပြုလို့ ပေါ်လာတာလို့ ထင်နေလို့ရှိရင် (ပဋိစ္စသမုပ္ပါဒ် မသိလို့ပါ ဘုရား) ဒုက္ခအလိုလိုဖြစ်တယ်လို့ ထင်ရင်လဲ (ပဋိစ္စသမုပ္ပါဒ် မသိလို့ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခဆိုတာကော သိပလား၊ (သိပါပြီဘုရား) ရှိတာ ရှိတဲ့ရှိတယ်၊ သိလဲသိတယ်၊ (မှန်ပါ့) ရှိလဲ ရှိတာက ခန္ဓာ၊ သိလဲ သိတာက ဉာဏ်၊ (မှန်ပါ့) ရှိလဲရှိတာက (ခန္ဓာပါဘုရား) သိလဲ့ သိတာက (ဉာဏ်ပါဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ ခင်ဗျားတို့သန္တာန်မှာ လောကီသဘောနဲ့ ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား) ဒုက္ခ

http://www.dhammadownload.com



သစ္စာနဲ့ (မဂ္ဂသစ္စာ လောကီသဘောနဲ့ ပေါ်ပါပြီ ဘုရား) လောကီဘက်မှာ အထ,မြောက်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒါ လောကုတ်ဖြစ်အောင်ဆိုတော့ ဒကာသစ်....ပွားယူရင် လောကုတ် ဖြစ်တယ်၊ (မှန်လှပါဘုရား) ပွားယူရင်.... (လောကုတ် ဖြစ်ပါတယ်ဘုရား) လောကုတ်ဖြစ်တယ်ဆိုတာ သေချာကြပလား၊ (သချာပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဒိဋ္ဌိ ဘယ်နှစ်မျိုးစင်ပါလိမ့်၊ (သုံးမျိုးစင်ပါတယ်ဘုရား) သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ **ဒကာမတို့ ဒိဋ္ဌိ စင်ပြီးရင်ဖြင့် ဖြစ်, ပျက် ဝိပဿနာလုပ်ပါတော့၊** (မှန်ပါ့ဘုရား) မရ မရှိပါဘူးဆိုတာ ကိုဖြင့် ဒကာကြွယ်....တာဝန်ခံထားတယ်၊ (မှန်လှပါဘုရား) **ဒိဋ္ဌိမပြုတ်ဘဲနဲ့ ရောက်လာရင် ဖြစ်ပျက်ရှုလုပ်ဟော့၊ အနိစ္စရှုကွ ဆိုရင် ဘယ်တော့မှ မရဘူးလို့ ဆုံးဖြတ်ချက် ချပါ၊** (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် မရပါလိမ့်မတုံး မေးရင်ကော အဖြေထွက်တတ်ပလား၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် နားမလည်သော ကြောင့် ဒိဋ္ဌိကျန်နေတယ်၊ (မှန်ပါ့)ပဋိစ္စသမုပ္ပါဒ်နားမလည် သောကြောင့် (ဒိဋ္ဌိကျန်နေပါတယ်ဘုရား)။

ဒိဋ္ဌိကျန်နေရင် ဘယ်တော့မှ မရလို့မှတ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ ယနေ့ တော်ကြဦးစို့။

သာဓု–သာဓု–သာဓု။

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

**ပဋိစ္စသမုပ္ပါဒ်**

# တရားတော် (၆)

(၂၅–၁၁–၆၁)

ဒကာ ဒကာမတို့...ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အနိစ္စ မြင်အောင် အားထုတ်ပါ၊ ဒုက္ခမြင်အောင် အားထုတ်ပါ၊ အနတ္တမြင်အောင် အားထုတ်ပါ၊ မြင်လဲ မြင်ပါလိမ့်မယ်၊ (မှန်ပါ့)မြင်ပင်မြင်ငြားသော်လဲပဋိစ္စသမုပ္ပါဒ်ကိုနားမလည်၊ နားမလည်လို့ရှိရင် အတ္တဒိဋ္ဌိ ပြန်ကပ်နေတယ်လို့မှတ်ကြပါ၊ (မှန်လှပါဘုရား)။

အနိစ္စ,ဒုက္ခ,အနတ္တ မြင်ငြားသော်လဲ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဘာကပ်နေတာလဲ၊ (အတ္တဒိဋ္ဌိကပ်နေပါတယ် ဘုရား) အတ္တဒိဋ္ဌိ,သဿတဒိဋ္ဌိ ပြန်ကပ်နေတယ်လို့ မှတ်ကြပါ နော်၊ (မှန်လှပါဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သြော်....သိစရာရှိတာ မသိဘဲနဲ့ အနိစ္စ,ဒုက္ခ,အနတ္တ လုပ်နေလို့ရှိရင်ဖြင့် ကုသိုလ်ရရုံ ပဲလို့မှတ်ရမယ်၊ (မှန်လှပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့

http://www.dhammadownload.com



မရဘူး၊ (မှန်လှပါဘုရား) ကုသိုလ်တော့ဖြင့်၊ (ရပါတယ် ဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်ကျတော့၊ (မရပါဘုရား)။

ဒကာကြွယ်-ဘာ့ကြောင့်ပါလိမ့်မတုံးလို့-အားမထုတ်ရင် ဘယ့်နှယ်ဖြေပါ့မလဲ၊ (အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိ ကပ်နေလို့ပါ ဘုရား) အေး.... အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိဆိုတာက မကွာလို့ပေါ့ဗျာ၊ (မှန်လှပါဘုရား)။

ဒီမကွာတာကလဲ ဘာကြောင့်မကွာပါလိမ့်မလဲလို့မေးရင် ဘယ့်နှယ် ဖြေကြပါမယ်၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါ ဘုရား) **ပဋိစ္စသမုပ္ပါဒ် ဆိုတာက ခန္ဓာဖြစ်စဉ်လို့ မှတ်လိုက် စမ်းပါ၊** (မှန်ပါ့ဘုရား)။

အဲ့ဒီ ခန္ဓာဖြစ်စဉ်ကို နားမလည်လို့ရှိရင်ဖြင့်-တဲ့၊ဘုန်းကြီး တို့ ဒကာဒကာမတွေ အနိစ္စ,ဒုက္ခ,အနတ္တတွေကို ခန္ဓာထဲမှာပဲ ဖြတ်ကနဲ ဖြတ်ကနဲ လဲတာကို မြင်စေကာမူ သံသယရှိချင်လဲ ရှိမယ်-တဲ့၊ ဒိဋ္ဌိရှိချင်လဲ ရှိလာမယ်၊ (မှန်လှပါ ဘုရား)ဒါဖြင့် ဝိစိကိစ္ဆာရှိချင်လဲရှိလာမယ်၊ ဒိဋ္ဌိရှိချင်လဲရှိလာမယ် ဆိုတော့ ဒကာကြွယ်ရေ....လုပ်ကျိုး မနပ်ဘူးပေါ့ဗျာ၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် လုပ်ကျိုးနပ်အောင် ဘာနားလည်ရမလဲဆိုတော့ ဒကာ ဒကာမတို့ မလုပ်ခင်က ပဋိစ္စသမုပ္ပါဒ်ကို သဿတဒိဋ္ဌိ မရှိအောင်၊အတ္တဒိဋ္ဌိမရှိအောင်ဒါတွေအရေးကြီးတယ်ဆိုတာ ပေါ်လာတယ်၊ (မှန်လှပါဘုရား) သဘောပါလား၊ (ပါ-ပါတယ်ဘုရား)။

http://www.dhammadownload.com



ဘာအရေးကြီးပါလိမ့်၊ (သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိမရှိအောင် အရေးကြီးပါတယ်ဘုရား) ဘာနားမလည်လို့ သူက လာတာပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ လာတာပါဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ဘဲနဲ့ မိမိ ဉာဏ်ရှိသလောက် စာအုပ်ကလေးကြည့်ပြီး ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့်-တဲ့၊ ပဋိစ္စသမုပ္ပါဒ်က ဗလာကြီး ဖြစ်ပြီးသကာလနေတော့ ဒကာသစ်ရေ-ပင်ပန်းပေမယ့်မရဘူး၊ (မရပါဘုရား)။

ဒါဖြင့် သိသင့် သိထိုက်တာ ရှေ့ထားပြီးသကာလ အလုပ်လုပ်မှသာလျှင် လိုရာခရီး အပြီးတိုင်ရောက်မယ်ဆိုတာ မှတ်ထားရမယ်၊ (မှန်လှပါဘုရား) သိသင့်သိထိုက်တာကိုရှေ့ထားရမယ်၊ ရှေ့ထားရမယ်၊ (မှန်ပါဘုရား) သိသင့်သိထိုက်တာကို (ရှေ့ထားရမှာပါဘုရား)။

ရှေ့ထားလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသဲ ဉာတပရိညာပြီးမှ (ဝေါ)သိမှုပြီးမှ တိရဏပရိညာဆိုတဲ့ ပွားများမှုလုပ်ပါကွာ-လို့ဆိုတဲ့ ဒေသနာ အစဉ်ကလဲ ရှိပြီးသကာလ-နေတော့ မသိဘဲနဲ့ ကျင့်ခြင်းသည် ပင်ပန်းရုံမျှပဲ၊ (မှန်လှပါဘုရား) မသိဘဲနဲ့ကျင့်ရင်၊ (ပင်ပန်းရုံပါပဲဘုရား)။

ပင်ပန်းရုံမျှ၊ ကုသိုလ်ရရုံမျှ ကျေးဇူးများသောကြောင့် ကိုယ်လိုချင်တဲ့ ပန်းတိုင်ဖြစ်တဲ့နိဗ္ဗာန် ကိုယ်တိုင်မရောက်နိုင်ဘူးဆိုတဲ့ဥစ္စာ ဒကာသစ်တို့ မှတ်ဖို့ပါပဲ၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝတ္ထု သက်သေသာဓကတွေများ လုံလုံလောက်လောက် ရှိပါသလားလို့ ဆိုတဲ့အခါကျတော့ ဒကာကြွယ်ရေ-အင်မတန် လုံလောက်ထယ်နေဘ်၊(မှန်လှပါ)။

http://www.dhammadownload.com



ဒါကြောင့် ဒီ-ဒကာ ဒကာမတွေသည် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ရွှေပိုင်းက ပြရမယ်၊ (မှန်လှပါဘုရား)။

ရွှေပိုင်းက ပြတဲ့အခါကျတော့မှ ဩော်–ဒီဥစ္စာတွေသည် ကားလို့ ဆိုလို့ရှိရင်ဖြင့် မမြဲတဲ့တရားတွေပါကလား၊ဆင်းရဲတဲ့ တရားတွေပါကလားလို့ သိရမယ်၊(မှန်လှပါဘုရား) သိရတဲ့ အခါကျလို့ရှိရင်ဖြင့် ဩော်–ဆင်းရဲတဲ့တရား၊ ဆင်းရဲဆိုတာ မမြဲလို့ ဆင်းရဲတာပဲ၊ (မှန်လှပါ)။

မမြဲလို့ဆင်းရဲတာပဲ သိတဲ့အခါကျတော့မှ ဩော်-ဒီတရား တွေဟာ ခိုင်တာ, မြဲတာ မဟုတ်ပါကလားဆိုတာ ပေါ်လာ တယ်၊ (ပေါ်လာပါတယ် ဘုရား) ရှင်းပြီနော်၊(ရှင်းပါပြီ)။

ကဲ–ဒါဖြင့် ဘုရားက သတ္တဝါ,အစသာ ဒကာ ဒကာမတို့ မတွေ့တာ၊ ဖြစ်ကြောင်းကအဝိဇ္ဇာသင်္ခါရဆိုတာသိကြပါပြီ၊ (မှန်လှပါ)ဒီပုံကြီးကိုကြည့်ပါ ဒကာ ဒကာမတို့ သတ္တဝါတွေ ခန္ဓာအစသာ မသိတယ်၊ အဝိဇ္ဇာသင်္ခါရ ဆိုတာတော့ ထင် ရှားပြီ၊ (ထင်ရှားပါပြီဘုရား)။

ဒကာကြွယ်....ပုံစံကြည့်တဲ့ အခါကျတော့ သတ္တဝါအစ ဘယ်က စ,ပါလိမ့် မတိုးဆိုတော့ အဝိဇ္ဇာ သင်္ခါရက သူစ,မှာ ပဲနော်၊ (မှန်လှပါဘုရား) အတိတ်ဘဝက ဘာက စ,သတုံး လို့ မေးလို့ရှိရင် အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိတာ၊ (မှန်ပါ)။

သစ္စာလေးပါး မသိတဲ့ပုဂ္ဂိုလ်များဟာ-တဲ့၊ ဒကာ ဒကာ မတို့ လူပြန်လဲ သစ္စာမသိတဲ့အတွက်–တဲ့၊ ဒုက္ခကို ဆုတောင်း တယ်၊ (မှန်လှပါဘုရား) လူပြန်, တန်းပြန်ရင် ဘာကို ဆု

http://www.dhammadownload.com



တောင် ယူသလဲ၊ (ဒုက္ခကို ဆုတောင်းပါတယ် ဘုရား) ဒီမှာ ကြည့်ပါလား– ဒကာ ဒကာမတို့၊ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုလုပ်တဲ့ ကုသိုလ်သင်္ခါရတွေ ပြုလုပ်လိုက်တယ်၊ (မှန်ပါ)။

ပြုလုပ်တဲ့ ကုသိုလ်သင်္ခါရတွေ ပြုလုပ်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ဘာ-သင်္ခါရတုံးလို့ မေးတော့ ကုသိုလ် သင်္ခါရ၊ ဒီ ကုသိုလ်သင်္ခါရက ဘာတွေ ရချင်လို့တုံး၊ အို....ဒီ ထက် ချမ်းသာတဲ့ လူ့ဘဝရချင်လို့၊(မှန်ပါဘုရား) ဒီ ထက် ချမ်း သာတဲ့ (လူ့ဘဝ ရချင်လို့ပါဘုရား) လူ့ဘဝရတယ်ဆိုတော့ သေသည်၏ အခြားမဲ့၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတာ မရဘူးလား၊ (ရပါတယ်ဘုရား)။

ရတော့ သူသည် အဝိဇ္ဇာ အုပ်ချုပ်ပြီးသကာလ မသိတဲ့ ပုဂ္ဂိုလ် လူဒါန်းပေးကမ်းတဲ့ သင်္ခါရ လုပ်လေသောကြောင့် သူလုပ်ကတည်းကလဲဒကာကြွယ်တို့ကသိတယ်၊သမုဒယသစ္စာ လုပ်ပဟော့၊ (မှန်လှပါဘုရား) မသိသေးဘူးလား၊ (သိပါ တယ်ဘုရား) မသိတဲ့ပုဂ္ဂိုလ် သစ္စာမသိဘူး၊ဒီသစ္စာကိုလှမ်းပြီး သူမမြင်ဘူး၊ (မှန်ပါဘုရား)။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတာ ဒုက္ခသစ္စာ၊ (မှန်ပါ ဒုက္ခသစ္စာပါ) အဲဒါ မသိတော့ကို-တဲ့၊ သူသည် မသိတာက ဘယ်သူတုံးဆိုတော့ (အဝိဇ္ဇာပါ) မသိ လို့၊ ရချင်တာက သင်္ခါရ ကုသိုလ် စေတနာတွေ ပြုလုပ်လိုက် ပါတယ်၊ (မှန်ပါဘုရား) သင်္ခါရကုသိုလ်တွေ မပြုလုပ်လိုက် ဘူးလား၊ (ပြုလုပ်လိုက်ပါတယ်ဘုရား)။

ထိုကဲ့သို့ ပြုလုပ်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့ သေသည်၏ အခြားမဲ့၌ ဟောဒီမှာ လာစပ်

http://www.dhammadownload.com



ပြီးသကာလ ခန္ဓာငါးပါး လာပေါ်တယ်၊ (မှန်ပါ့ဘုရား) သူက ဘာသစ္စာ လုပ်သလဲ၊ (သမုဒယသစ္စာ လုပ်ပါတယ်) သမုဒယသစ္စာလုပ်တော့ သူ-ဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား) ဒုက္ခသစ္စာ ရနေတယ်ဆိုတာ ဒကာ ဒကာမ တွေ မြင်ပါပြီ၊ (မြင်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူကပြုလုပ်တော့ ဒုက္ခသစ္စာရတယ် ထားပါတော့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေတော့ သိပြီ-တဲ့၊ ဩော်....မသိတဲ့ပုဂ္ဂိုလ် လူမှု့တန်းမှုဟာ ဒုက္ခသစ္စာ ရပါ ကလားလို့၊ (မှန်ပါ့ဘုရား) ဦးလှဘူး ဘာရပါလိမ့်၊ (ဒုက္ခ သစ္စာ ရပါတယ်ဘုရား)။

မသိတဲ့ပုဂ္ဂိုလ် လှူဒါန်း ပေးကမ်းတာလေ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား) ဘုံဘဝလိုချင်တာကိုးဗျ၊ (မှန်ပါ့) ဘုံဘဝ ဆိုတာ လူ့ဘုံ-လူ့ဘဝ လိုချင်တာ၊ (မှန်ပါ့ဘုရား) လူ့ဘုံ-လူ့ဘဝဟာ ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

ဒီဘုံဘဝ စကတည်းက သေချာနေပြီ၊ (မှန်ပါ့) ဘုရား ဟောတာက "ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတော့ ဒုက္ခသစ္စာပဲရတယ်၊ (ရပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်း ပါပြီဘုရား) ဟောဒီ ဒုက္ခသစ္စာရမယ်လို့ အဝိဇ္ဇာက ရှေးအဝ က သိရဲ့လား၊ (မသိပါဘုရား)။

မသိတော့ သူဟာ လှူဒါန်းပေးကမ်းတဲ့ သင်္ခါရ အလုပ် လုပ်မယ်၊ (လုပ်ပါတယ်ဘုရား) လုပ်တဲ့အခါကျလို့ ရှိရင်ဖြင့် စုတေမနေ သေလွန်တော့ အကြောင်းအကျိုးဆက်ပြီးသကာ လ ဒုက္ခသစ္စာ ရပြန်တယ်၊ (ရပါတယ်ဘုရား) မရဘူးလား၊ (ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘယ်ကာလရသတုံး ဆိုတော့ ပစ္စုပ္ပန် ကာလ ရတယ်၊ (မှန်ပါ) ဒါဖြင့် အခု ဒကာ ဒကာမတွေ တရားနာ နေတာ ပစ္စုပ္ပန်ကာလကြီးပါပဲ၊ (မှန်ပါဘုရား) မသေကြ သေးပဲကိုး၊(မှန်ပါ)မသေကြသေးတဲ့အတွက် ပစ္စုပ္ပန်ကာလ လို့ မှတ်လိုက်ပါ၊ (မှန်ပါဘုရား) ပစ္စုပ္ပန်ကာလ ဘာသစ္စာ ရသတုံး၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)။

ဒါဖြင့် ဒီဒုက္ခသစ္စာကို ဒကာဒကာမတွေက သိထားတော့ ဒုက္ခသစ္စာဆိုတာဘာပါလိမ့်မတုံးဆိုတော့ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စာ၊ (မှန်ပါဘုရား)။

ဒီထဲမှာ ဝေဒနာကလေး ကြည့်လိုက်ပြန်လဲ တော်တော် ကြာ ဖောက်ပြန်ပျက်စီးတာပဲ၊ (ဖောက်ပြန် ပျက်စီးပါတယ် ဘုရား) ဖဿကြည့်ပြန်ရင်ကော၊ (ဖောက်ပြန်ပျက်စီးပါတယ် ဘုရား)ဒီထဲ မနာယတနဆိုတဲ့စိတ်ကလေးကြည့်ပြန်ရင်ကော၊ (ဖောက်ပြန်ပျက်စီးပါတယ်ဘုရား) ဖောက်ပြန် ပျက်စီးတာ ပါပဲ (မှန်ပါ) ဩော်....ဒီလို ဖောက်ပြန် ပျက်စီးတာတွေကို တွေ့ရတယ်ဆိုတာ သေချာသွားပြီ၊ (သေချာပါပြီဘုရား)။

အဲဒီ ဖောက်ပြန်ပျက်စီးတာကို ကျုပ်တို့ကတော့ဖြင့်ကြည့် လိုက်တဲ့ အခါကျလို့ရှိရင် ဩော်....မမြဲဘူးဆိုတာ ပေါ်လာ တယ်၊(ပေါ်လာပါတယ်ဘုရား)ဩော်....အစိုးမရဘူးဆိုတာ ကော- (ပေါ်လာပါတယ်ဘုရား) မေါ်လာတယ်-တဲ့၊ ဒုက္ခ သစ္စာဆိုတာ ဖောက်ပြန် ပျက်စီးတာချည်းပဲ၊ မမြဲတာရယ်- အစိုးမရတာရယ်-ဆိုတဲ့ဥစ္စာ သေချာတယ်၊ (သေချာပါတယ် ဘုရား) ငါမဟုတ်–ငါ့ဥစ္စာ မဟုတ်တာကော၊ (သေချာပါ တယ်ဘုရား)။

http://www.dhammadownload.com



အေး....ဒါဖြင့် ဒီခန္ဓာငါးပါးကြီးကိုဉာဏ်နဲ့ကြည့်လိုက်ပြီ ဆိုမှဖြင့် ဒကာကြွယ်ရေ- ငါမဟုတ် ငါ့ဥစ္စာ မဟုတ်တာတွေ ဟာ သေချာနေတယ်၊ (သေချာပါတယ်ဘုရား)။

ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက်နဲ့ တောင်းပန် လို့မရ၊ တိုးလျှိုးလို့မရ၊ (မှန်ပါ့) တားလို့ ဆီးလို့ ရကြရဲ့ လား၊ (မရပါဘုရား) မရတော့ ဘာသစ္စာလဲ၊(ဒုက္ခသစ္စာပါ ဘုရား) သြော်....ဒုက္ခသစ္စာတွေလို့ ဒကာ ဒကာမတွေကလဲ ယခု ဆရာသမားကောင်းနဲ့ ကြုံလို့ သိကြပါပြီ၊ (သိကြပါပြီ ဘုရား)။

သိကြတာက ဖြစ်မှု-ပျက်မှုပဲ ရှိတယ်ဆိုတာ အနတ္တတရား တွေပေါ့ဗျာ၊ (မှန်ပါ့) အနိစ္စတရား– ဒုက္ခတရား– အနတ္တ တရားတွေ ဆိုရင် လွဲပါ့မလား၊ (မလွဲပါဘုရား) အဲဒီ အနိစ္စ ဒုက္ခ အနတ္တတွေပဲ ပြန်ရတယ်၊ (မှန်ပါ့)။

အင်း....မသိတဲ့ပုဂ္ဂိုလ်လူလိုက်-တန်းလိုက်တာသည်အနိစ္စ, ဒုက္ခ,အနတ္တ မပိုင်တာတွေ ပြန်ရနေတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ကောင်းပြီ၊ ဒီခန္ဓာကိုယ်ကြီး ရတာသည် အနတ္တခန္ဓာကြီးဆိုရင်လဲ လွဲပါ့မလား၊ (မလွဲပါ ဘုရား)။

ဒါဖြင့် အနတ္တ ခန္ဓာကိုယ်ကြီးကို အခုတော့ဖြင့် ဒုက္ခခန္ဓာ ကိုယ်ကြီး အနတ္တ ခန္ဓာကိုယ်ကြီး ဆိုတာ ဒကာသစ်တို့ ရိပ်မိ ပါပြီ၊ (ရိပ်မိပါပြီဘုရား) ရိပ်မိတော့ကို–တဲ့၊ ပဋိစ္စသမုပ္ပါဒ်၊ သြော်–အကြောင်းတရားကိုက သမုဒယသစ္စာ၊ အကျိုးတရား က ဒုက္ခသစ္စာ၊ အနတ္တ လက္ခဏာတွေပဲ တွေ့ကြရတယ်၊ (မှန် လှပါ )မတွေ့ကြရဘူးလား (တွေ့ကြရ ါတယ်ဘုရား)။

http://www.dhammadownload.com



ထိုကဲ့သို့ တွေ့ကြုံရတာကို ဒကာ ဒကာမတွေက သိနေတော့ကို-တဲ့၊ ဩဇာ-မင်းတို့ရ,ထားတဲ့ ခန္ဓာကိုယ်ကြီးဟာ အကြောင်းကိုကကွာ-တဲ့၊ အနတ္တကြောင်းတွေ ဖြစ်သောကြောင့် အကျိုးဟာလဲ အနတ္တဖြစ်တာပဲ၊ (မှန်လှပါဘုရား) အဝိဇ္ဇာ သင်္ခါရတို့က အနတ္တကိုးဗျ၊(မှန်လှပါဘုရား) အင်း-ရ,ထားတာကြီးကျတော့ ဘယ်နှယ်ဆိုကြမလဲ၊ (အနတ္တပဲရပါတယ်) အနတ္တကပြုလုပ်လို့ ပေါ်လာတော့ အနတ္တပဲ၊ (မှန်လှပါဘုရား)။

လောကီ ဥပမာ-ပြောကြပါစို့ဆိုတော့ အမေ, အဖေက သေတတ်တဲ့အမျိုး၊ (မှန်လှပါ)သူကမွေးထားတဲ့ သားသမီးတွေကျတော့ ဘာမျိုးထဲထည့်ကြမလဲ၊ (သေတတ်တဲ့အမျိုးပဲဖြစ်ပါတယ်ဘုရား)အဲဒီ သားသမီးတွေက ဆက်လက်မွေးပြန်တော့၊ (သေတတ်တဲ့အမျိုးပါပဲဘုရား)။

ဩဇာ-ကျုပ်တို့ အမျိုးသည်ကားလို့ဆိုရင် အမေ, အဖေကိုက သေတတ်တဲ့အမျိုး ဖြစ်လေသောကြောင့် သား,သမီးတွေ တည်တံ့ပါစေ၊ ခိုင်မြဲပါစေဆိုတာ မရနိုင်သလို အဝိဇ္ဇာကိုက အနိစ္စ,ဒုက္ခ, အနတ္တ၊ (မှန်ပါ) သင်္ခါရကလဲ၊ (အနိစ္စ, ဒုက္ခ, အနတ္တပါဘုရား) သူကဖြစ်စေတဲ့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဒုတိယအကွက်ကြီးတစ်ကွက်လုံးကကော၊(အနိစ္စ,ဒုက္ခ,အနတ္တပါဘုရား) အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးက ဒုတိယအကွက်ထဲရောက်နေတော့ ဒကာသစ်- ဒါ အနတ္တတွေပဲ၊ (မှန်လှပါဘုရား) ခန္ဓာကိုယ်ကြီးက ဘယ်အကွက်ထဲ ရောက်နေသလဲ၊(ဒုတိယအကွက်ထဲရောက်နေ

http://www.dhammadownload.com



ပါတယ်ဘုရား) ပစ္စုပ္ပန်ဘဝကိုးဗျ၊ (မှန်လှပါဘုရား) မသေသေးသရွေ့ ပစ္စုပ္ပန်ဆိုတာ ရှင်းကြပါပြီ (ရှင်းပါပြီ) ရှင်းတော့ သူ့ကို ဘယ်နှယ်ဆိုကြမယ်၊ (အနတ္တပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုဘဝ နေသာနေကြရတယ် ဒကာ ဒကာမတွေ ဘယ်သူ့အားကိုးမလဲလို့မေးလို့ရှိရင်ဖြင့် ခန္ဓာကြီး ငါ့ကိုယ်ငါ အားကိုးရမှာပဲဆိုတာလဲ့တယ်၊ (လဲ့ပါတယ်ဘုရား) ငါ့ကိုယ်ကိုက ဘာပါလိမ့် (အနတ္တခန္ဓာကိုယ်ပါဘုရား)အားကိုးခံနိုင်ရဲ့လားလို့မေးလိုက်ရင်၊ (မခံနိုင်ပါဘုရား) အားကိုးမခံနိုင်ဘူးဆိုတာ အတော်သေချာသွားပြီ၊ (သေချာပါပြီဘုရား)။

အားကိုးခံနိုင်မယ်ဆိုတာ ဒကာကြွယ်ရေ-ဒီလို မျက်လုံးမှဲ့မယ်၊ ဒီလို အသွားအလာချို့တဲ့မယ်- ဒီလို အားအင်ဗလချိနဲ့မယ်ဆိုတာ ဖြစ်ရပါ့မလား၊ (မဖြစ်ရပါဘုရား) ခန္ဓာကိုယ်ထဲ ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ လဲနေတဲ့ အနတ္တတွေကော ဖြစ်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် အားကိုးခံနိုင်တဲ့သဘော ရှိရဲ့လား၊(မရှိပါဘုရား) ဘာဖြစ်လို့တုံးဆိုတော့ အကြောင်းကိုက အနတ္တမို့၊(မှန်လှပါဘုရား) အကျိုးဖြစ်တဲ့ ခန္ဓာငါးပါးကလဲ၊(အနတ္တပဲဖြစ်ရပါတယ်) ရှင်းပြီ၊ သူတို့က အနတ္တပဲ၊ သူတို့လဲ ဖြစ်ပြီးပျက်တာပဲ၊ (မှန်လှပါဘုရား) ဒီတရားကကော၊(ဖြစ်ပြီးပျက်တာပါပဲဘုရား)သူကဖြစ်စေတဲ့ အကျိုးတရားတွေကော၊(ဖြစ်ပြီးပျက်တာပါပဲ ဘုရား)။

http://www.dhammadownload.com



သြော်-ဖြစ်ပျက်ကမေ့းတော့ ဖြစ်ပျက်ပဲရတယ်၊ (မှန်လှပါဘုရား) ဖြစ်ပျက်ကမေ့းတော့၊ (ဖြစ်ပျက်ပဲ ရပါတယ်ဘုရား)ဖြစ်ပျက်ပဲရတယ်ဆိုတာပေါ်လာကြပြီ၊(ပေါ်လာပါပြီ)အဲဒါတွေထောက်ကြည့်တော့ သြော်-သဗ္ဗေဓမ္မာအနတ္တာဆိုတာမှန်လိုက်တာ၊(မှန်လှပါဘုရား)သဗ္ဗေဓမ္မာအနတ္တာ ဆိုတာ မှန်လိုက်တာ၊အလုံးစုံသော ခန္ဓာကိုယ်ထဲရှိတဲ့ဓမ္မတွေ ဟာဘာတဲ့(အနတ္တတွေပါဘုရား)သဘောကျပလား၊(ကျပါပြီ)။

ဘာဖြစ်လို့ အနတ္တဖြစ်သတုံး-လို့ မေးတဲ့အခါကျတော့ ဆဆက္ကသုတ်မျာမှာ အကြောင်းကိုက အနတ္တဖြစ်တာနဲ့ အကျိုးဟာလဲ ဘာဖြစ်သလဲ၊ (အနတ္တဖြစ်ရပါတယ်ဘုရား) အကြောင်းအနတ္တမို့၊ (အကျိုးအနတ္တ ဖြစ်ပါတယ်ဘုရား)။

အကျိုးအနတ္တဖြစ်ရတယ်ဆိုတဲ့ဥစ္စာ ဒီအကြောင်းကိုကလဲ အဝိဇ္ဇာဆိုတာ ဖြစ်ပြီးပျက်တဲ့ အနတ္တပဲ၊ (မှန်ပါ) သင်္ခါရကကော၊ (ဖြစ်ပြီးပျက်တဲ့ အနတ္တပါပဲဘုရား)သူတို့ကဖြစ်စေတဲ့ ဆက်ပြီးလုပ်လိုက်တဲ့၊ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေကကော၊(ဖြစ်ပြီးပျက်တဲ့ အနတ္တပါပဲဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ပုဂ္ဂိုလ်ကတော့ အနတ္တမြင်သဖြင့် ထိတ်ခြင်း၊ လန့်ခြင်း ရှိသေးရဲ့လား၊ (မရှိပါဘုရား) ဘယ့်နှယ်ကြောင့် ထိတ်ခြင်း,လန့်ခြင်း မရှိပါလိမ့်မလဲ-လို့ အမေးထုတ်တဲ့အခါကျတော့မှ သြော်- အနတ္တအကြောင်းကြောင့်ဖြစ်တဲ့ အနတ္တအကျိုးကိုး၊(မှန်လှပါဘုရား) ဘယ်လိုဆိုကြပါမယ်၊ (အနတ္တ အကြောင်းကြောင့်ဖြစ်တဲ့ အနတ္တအကျိုးပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါကြောင့် "ဝေဒနာ အနုတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝေဒနာယဥပ္ပါဒါယ သောပိ အနုတ္တာ" ဝေဒနာ အနတ္တာပဲ၊ (မှန်ပါ့) သောပိ ဟေတု-တဲ့၊ သူ့ကိုဖြစ်စေတဲ့ အကြောင်းဟာလဲ အနတ္တာပဲ၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် သူကဖြစ်စေတဲ့အကြောင်း အနတ္တက မွေးထုတ်လိုက်တဲ့ အကြောင်းအကျိုးဆက်ပြီး ဖြစ်ပေါ်လာတဲ့အကျိုးတရားကိုလဲ အနတ္တလို့ဆိုရမှာ၊ (မှန်လှပါဘုရား)။

ဘယ်အတွက်ကြောင့်ပါလိမ့်မတုံး-မေးတော့ အကြောင်း သင်္ခါရကိုက ဘာတုံး၊ (အနတ္တပါဘုရား) အကျိုး ဝိညာဏ် နာမ်ရုပ်တွေကကော၊ (အနတ္တပါဘုရား) ဒါက ဆဆက္ကသုတ်မှာ အင်မတန် အထင်အရှား ပါပါတယ်၊ (မှန်လှပါ) အကြောင်း အနတ္တမို့၊ (အကျိုးအနတ္တပါဘုရား) ခုနက ပြောတဲ့ ဥပမာ မဖျက်ပါနဲ့ ဒကာကြွယ်ရ၊ (မှန်လှပါဘုရား)။

ဒကာကြွယ်တို့ အမေ-အဖေတွေ ဘာဖြစ်သွားသတုံး- ဆိုတော့ အနတ္တရောက်သွားကုန်ပြီ၊ (မှန်လှပါဘုရား) ဒကာကြွယ်တို့ မွေးထုတ်ထားတာ၊ ဒကာကြွယ်တို့ကလဲ ဘာတွေပါလိမ့်မတုံးမေးရင် ဘယ့်နှယ်ဖြေကြပါလိမ့်၊ (အနတ္တတွေပါဘုရား)။

ကိုယ်ကမွေးတာက ဘာတွေများ ဖြစ်မှာပါလိမ့်မတုံး၊ (အနတ္တတွေပါဘုရား) အစိုးမရတဲ့ သူတို့ဟာ သူတို့ စွန့်ပစ်သွားမှာချည်းပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အမေ–အဖေ အနတ္တမို့ သား, သမီး အနတ္တ၊ (မှန်လှပါဘုရား)သား,သမီးက မွေးတာတွေ တစ်ခါ ဆက်လက်ပြီးသကာလ စဉ်းစားပြန်တော့လဲ သူက အနတ္တကမွေးလို့ မြေး, မြစ်တွေလဲ အနတ္တပဲ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးမှာ သဗ္ဗေဓမ္မာ–အနတ္တထဲ ပါရုံပဲရှိမှာပဲ၊ (မှန်လှပါ) ဒီ့ပြင် ဘာပါစရာရှိသေးတုံး၊ (ဘာမှ မရှိပါဘုရား)။

အေး....ဒါ့ကြောင့် တရားတစ်ပွဲလုံးဟာ ပစ္စုပ္ပန်ကာလချည်းဖြစ်နေတော့ ကျုပ်တို့ကအဝိဇ္ဇာသင်္ခါရကတည်ထောင်လိုက်လို့ဖြစ်လာတဲ့ ခန္ဓာငါးပါးကြီး အနတ္တတရားပဲ ဆိုတာဖြင့် ဉာဏ်ထဲမှာ ရှင်းကြပါပြီ၊ (ရှင်းပါပြီဘုရား) မရှင်းကြသေးဘူးလား၊ (ရှင်းကြပါပြီဘုရား)ဘာအနတ္တလဲ၊ (သဗ္ဗေဓမ္မာအနတ္တကြီးပါဘုရား) သဗ္ဗေဓမ္မာ အနတ္တ ခန္ဓာထဲရှိသမျှဟာဘာတဲ့တုံး၊ (အနတ္တပါဘုရား)။

ဒကာကြွယ်–ဘယ့်နှယ်ကြောင့် အနတ္တ ဖြစ်ရပါလိမ့်မတုံးလို့ အကြောင်းရှာစမ်းဆိုတော့ အဝိဇ္ဇာ သင်္ခါရက ဘာဖြစ်နေသလဲ၊ (အနတ္တဖြစ်နေပါတယ်ဘုရား)။

သြော်–အကြောင်း ၁-နံပါတ်ကိုက အနတ္တဖြစ်လေသောကြောင့် အကျိုး ၂-နံပါတ်ဟာလဲ ဘာဖြစ်နေသလဲ၊ (အနတ္တဖြစ်နေပါတယ်ဘုရား) ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား) ဒကာဒကာမတွေလဲ ရှင်းနေပြီ၊ (ရှင်းနေပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်အနတ္တဖြစ်ရပါလိမ့်မတုံးလို့ဆိုတဲ့သံသယဝိစိကိစ္ဆာ လာသေးရဲ့လား၊ (မလာတော့ပါဘုရား)ဘယ့်နှယ်ဘယ်လိုကြောင့် မလာပါလိမ့်၊ အကြောင်း အနတ္တ

http://www.dhammadownload.com



ဖြစ်လို့ပါဘုရား) အကြောင်း အနတ္တက ကျေးဇူး ပြုလုပ်၍ ပေါ်လာသောကြောင့် အကျိုးဖြစ်တဲ့ တရားလဲ အနတ္တပဲ၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့်“ဝိညာဏံ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော” သူလဲ အနတ္တပဲတဲ့နော်၊ (မှန်လှပါဘုရား) ဖြစ်စေတဲ့ အကြောင်းလဲ အနတ္တကိုး၊ (မှန်လှပါဘုရား)။

“အနတ္တသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော အတ္တာ ဘဝိဿတိ”တဲ့ အနတ္တကြောင့်ဖြစ်တဲ့ နောက် အနတ္တသည် အနတ္တကမွေးတဲ့ အနတ္တသည် ဘယ်မှာ အတ္တ–ဖြစ်နိုင်ပါမလဲ–တဲ့၊ (မှန်လှပါ)ဖြစ်နိုင်စရာအကြောင်း ရှိသေးရဲ့လား(မရှိပါဘုရား) သဘောပါပလား၊ (ပါ–ပါပြီဘုရား)။

ကဲ–ဒါဖြင့် ကျုပ်တို့မှာဖြင့် နောက်တုန်းကလဲ အနတ္တပဲ၊ အခုလဲ (အနတ္တပါပဲဘုရား) အနတ္တပဲဆိုတာ သဘောကျပလား၊ (ကျပါပြီ) ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၏ ခန္ဓာကိုယ်ဟာ ကောင်းကောင်းရှင်းလို့ ဝေဒနာကြည့်လိုက်လဲ အနတ္တ၊ စိတ်ကြည့်လိုက်လဲ အနတ္တပဲ၊ (မှန်ပါ့ဘုရား)သဘော ပါပလား၊ (ပါ–ပါပြီဘုရား)။

အဲဒါဒီလိုအနတ္တနားမလည်တဲ့ပုဂ္ဂိုလ်များဟာအကြောင်း အနတ္တမို့ အကျိုးအနတ္တဖြစ်ပါတယ်ဆိုတဲ့ဥစ္စာ နားမလည်တဲ့ ပုဂ္ဂိုလ်များ ဝိပဿနာအားထုတ်မှ အနတ္တဟာ ဘယ့်နှယ် ကြောင့်ဖြစ်တဲ့ အနတ္တပါလိမ့်၊ ကျုပ် မကြိုက်ပါဘူးဆိုတာ လာချင်လာမယ်၊ (မှန်လှပါဘုရား)မလာပေဘူးလား၊ (လာ နိုင်ပါတယ်ဘုရား)။

http://www.dhammadownload.com



အနတ္တဟာ ဘယ့်နှယ်ကြောင့် အနတ္တဖြစ်ပါလိမ့်မလဲ ဆိုတဲ့ ဝိစိကိစ္ဆာလဲမလစပေဘူးလား၊(လာပါတယ်ဘုရား) ဒါဖြင့် ဒီအနတ္တကိုလဲ သဘောမကျတဲ့ သဘောနဲ့ပဲ အားကိုးမဲ့ ဖြစ်သွားတဲ့ သဘောလဲ ရောက်ချင် ရောက်မှာပဲ၊ (ရောက်မှာပါပဲ ဘုရား)။

အကုန်အနတ္တဆိုရင် ဘာအားကိုးမလဲဆိုတဲ့ အားကိုးရာမဲ့လဲ မောင်ဘသော်- ရောက်ချင်ရောက်မယ်၊ (ရောက်ပါတယ် ဘုရား) မရောက်ပေဘူးလား၊(ရောက်ပါတယ်ဘုရား)။

ဒီလိုဆိုတော့ အားကိုး မရှာပေဘူးလား၊ (ရှာပါတယ် ဘုရား)အင်း-ရှာရင်လဲ လွဲတော့မှာပဲ၊(မှန်ပါ့ဘုရား) သဗ္ဗေ ဓမ္မာ အနတ္တထဲ အားကိုးရှာနေလို့ရှိရင် ဒကာကြွယ်—လွဲမလွဲ၊(လွဲပါတယ်ဘုရား)အနတ္တထဲ အားကိုးရှာမတွေ့မှာ သေချာတယ်၊(သေချာပါတယ်ဘုရား)အနတ္တထဲ အားကိုးရှာရင် (မတွေ့မှာသေချာပါတယ်) မတွေ့မှာ သေချာတယ် ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ စတ္တုတစ်ခုထုတ်ကြစို့ရဲ့၊ (မှန်လှပါ)ဒကာဒကာမတွေနာပြီးသား ပါပဲ၊ထိုကဲ့သို့ နာပြီးသားပင်ဖြစ်ငြားသော်လဲ သူဟာအနတ္တ သဘောမကျလို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရဘူး၊ (မှန်ပါ့)။

အနတ္တဖြစ်ကြောင်းကိုသဘောမကျတဲ့အတွက် ဒကာသစ်ရေ-မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရဘူး၊ (မှန်ပါ့ဘုရား)အဲဒါ ဘယ်သူ့ တုံးလို့ မေးတဲ့ အခါကျတော့ ဒကာကြွယ်—ဖွားဘက်တော် ဆန္နသာမှတ်၊ (မှန်ပါ့)။

ဖွားဘက်တော်ဆန္နဆိုတာကြားဖူးကြပါတယ်၊ (မှန်ပါ့) တောထွက်တုန်းက သူပါတယ်၊မပါဘူးလား (ပါ,ပါတယ် ဘုရား) ဘုရားကျေးဇူးဆောင်တဲ့ အထဲမှာဖြင့် သူဟာ ကိုယ် ထိ လက်ရောက်ဆောင်တဲ့ ပုဂ္ဂိုလ်ပဲဆိုရင်ဖြင့် မလွဲဘူး၊ (မလွဲ ပါဘုရား)။

အဲဒီပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘုရားတောထွက် တော်မူလို့လိုက်ပို့ပြီးသကာလ မြင်းကုံးနှီးတွေနဲ့ မြင်းတန်ဆာ ပလာတွေယူပြီး နန်းတော်ပြန်လာရတယ်၊ (မှန်လှပါဘုရား) ပြန်လာပြီးတဲ့နောက် တောထဲ ဘုရားဖြစ်တယ်လို့လဲ ကြားပါ ရော သုဒ္ဓေါဒနမင်းကြီးက ဆန္န-မင်းငါ့သားဘုရားကို သွား ပင့်ရမယ်ဆိုတော့ သွားမပင့်ဘူးလား၊(ပင့်ပါတယ်ဘုရား)။

ပင့်လိုက်တဲ့အခါမှာသူ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဓမ္မတွေ ဟောလိုက်တဲ့အခါကျတော့ ဆန္နသည် ရဟန်း ဖြစ်တယ် (မှန်ပါ့ဘုရား) ပြန်လာသေးရဲ့လား၊ (မလာပါ ဘုရား) မလာတော့ဘူးဆိုတော့ ရဟန်း ဖြစ်သွားတော့တယ် ဆိုတာ သေချာတယ်၊(သေချာပါတယ်ဘုရား)။

အဲဒီ ရဟန်းဖြစ်သွားတဲ့ အခါကျတော့ သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တတွေ အားထုတ်ပါတယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)အနိစ္စ တွေ ဒုက္ခတွေ အနတ္တတွေ သူ အားထုတ်ပါတယ်၊ (မှန်ပါ့ အားထုတ်ပါတယ်) အားထုတ်ပေမယ့်လဲ သောတာပန်, သကဒါဂါမ် အနာဂါမ် ရဟန္တာမဖြစ်ဘူး၊(မှန်ပါ့ဘုရား)။

တစ်ခါစဉ်းစားပါ၊ဖွားဘက်တော်ဆိုတာ အတူတူ၊ပါရမီ ဖြည့်ဘက်မို့ အတူတူဖြစ်လာတယ်၊ အတူတူကျွတ်တမ်းဝင်ဖို့ပဲ ၂၅

http://www.dhammadownload.com



(မှန်လှပါဘုရား)ဒီဘဝမှာ အတူတူ ကျွတ်တမ်းဝင်ဖို့ ဆန္ဒပါပဲ၊ (မှန်လှပါဘုရား)ဒကာသစ်....ဒီဘဝမှာ အတူတူ ကျွတ်တမ်းဝင်ရမယ်နော်' (မှန်လှပါဘုရား)။

သို့သော် သူ့သက်နှီးဝတ်၍ အားထုတ်ပြီးသကာလ နေလိုက်တာ ကျွတ်တမ်းမဝင်လာဘူး ဒကာကြွယ်ရ၊ (မှန်လှပါဘုရား) ဘယ့်နှယ်ကြောင့် ကျွတ်တမ်း မဝင်လာသတုံး-လို့ မေးဖို့ မလိုဘူးလား၊ (လိုပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ်နားမလည်တာနဲ့ကျွတ်တမ်းမဝင်ရရှာတာ၊(မှန်လှပါဘုရား) အဋ္ဌကထာဆရာဒီအတိုင်းဖွင့်ပါတယ်နော်(မှန်လှပါဘုရား)။

ဘယ့်နှယ်ကြောင့်ကျွတ်တမ်းမဝင်သတုံး၊ (ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား)ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့အတွက် အကြောင်းအနတ္တမို့ အကျိုးအနတ္တကို သူသဘောမကျဘူး၊ (မှန်လှပါဘုရား)။

ထိုကဲ့သို့ သဘောမကျတဲ့အတွက်-တဲ့၊ ဘုရား ၄၅-ဝါနေသွားတယ်၊ သူလဲ နှစ်ပေါင်းသုံးလေးဆယ်လောက် ဒီဘုရားတွေကြိုးစားတာပဲ၊ ဘုရားသာ ပရိနိဗ္ဗာန် စံဝင်သွားတယ်၊ ဒကာသစ်-သူဟာ ကျွတ်တမ်းမဝင်ဘူး၊ (မှန်လှပါဘုရား) ဘာလိုနေတာပါလိမ့်(ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ သဿတဒိဋ္ဌိ, အတ္တဒိဋ္ဌိ ခံနေတယ်၊(မှန်လှပါ)ဒကာကြွယ်-ဘာခံနေသလဲ၊ (သဿတဒိဋ္ဌိ, အတ္တဒိဋ္ဌိ ခံနေပါတယ်ဘုရား)။

အဲဒီ သဿတဒိဋ္ဌိကြီး ခံပြီးသကာလနေတော့ နောက်-ဘုရားပရိနိဗ္ဗာန်စံသွားတော့ သူ့ကိုဖြတ်ဖွဲ့ဒဏ်ထား၊ဖြတ်ဖွဲ့ဒဏ်ထားတဲ့အခါကျတော့မှ ဘုရားလဲမရှိလို့ သူ့မှာအားကိုးရာမဲ့

http://www.dhammadownload.com



ဖြစ်တဲ့ အခါကျတော့မှ သူသည် သာဝတ္ထိပြည်မှာနေတော့ ရဟန်းကြီးတွေဆီသွားပြီးတောင်းပန်တယ်(မှန်လှပါဘုရား) အရှင်ဘုရားတို့၊ တပည့်တော်ကို ပစ်မထားကြပါနဲ့၊ တရားများလဲဟောကြပါဦးလို့တောင်းပန်တယ်(မှန်လှပါဘုရား)။

တောင်းပန်တော့ ရဟန်းတွေကလဲ ဟောကြတာပဲ၊ ဆန္ဒ ရေ- ခန္ဓာငါးပါးဟာ အနိစ္စတရားကွ၊ အနိစ္စလို့ မြင်အောင် ကြည့်ကွ၊ အနတ္တလို့ မြင်အောင် ကြည့်ကွ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ-လို့ ဘုရားဟောသကွ၊ သဗ္ဗ ဓမ္မာ အနတ္တာလို့ ဘုရားဟောသကွ၊ဒီခန္ဓာကိုယ်ကြီးမှာအနိစ္စနဲ့အနတ္တပဲရှိတာပါပဲ**ကွာ** ဆိုပြီး ဘုရားသခင်၏တပည့်သားကြီးတွေက ဘုရားပရိနိဗ္ဗာန် စံလို့မကြာခင်ဘဲ ဒကာသစ်-ဟောပါတယ်၊(မှန်လှပါဘုရား)

ထိုကဲ့သို့ ဟောတဲ့အခါကျတော့ သူ့စိတ်ထဲက ဘယ်လို ပေါ်လာသတုံးဆိုတာစဉ်းစားပါနော်၊ (မှန်လှပါ)သူဟာ–တဲ့၊နှစ်ပေါင်းများစွာကြာပါပြီ-တဲ့၊ ဒီအနတ္တတွေအားထုတ်တာ၊ (မှန်လှပါဘုရား)။

ခန္ဓာငါးပါးဆိုတာ အလုံးစုံအနတ္တချည်းပဲဆိုတာ သူသိပါတယ်တဲ့၊(မှန်လှပါဘုရား)သူသိပါတယ်ဆိုတာ သူ–အားထုတ်ထားလို့၊ (မှန်လှပါဘုရား)။

သို့သော်လဲ–တဲ့၊ သူသည် သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာတွေနဲ့ကြိုးစားလိုက်တာဟာနှစ်ပေါင်းလဲကြာပြီတဲ့၊သင်္ခါရချုပ်တဲ့နိဗ္ဗာန် မရောက်ပါဘူးတဲ့၊ (မှန်လှပါ) ဘာတဲ့တုံး၊(သင်္ခါရချုပ်တဲ့နိဗ္ဗာန် မရောက်ပါဘူးတဲ့ဘုရား) သင်္ခါရချုပ်တဲ့နိဗ္ဗာန် မရောက်ပါဘူး၊ ဥပဓိလေးပါးဆိုတဲ့ ခန္ဓာပျောက်တဲ့ နိဗ္ဗာန်လဲ (မရောက်ပါဘုရား)။

http://www.dhammadownload.com



ခန္ဓာပျောက်တဲ့ နိဗ္ဗာန်လဲ မရောက်ပါဘူးလို့ သူ့စိတ်မှာ ဒီကိုယ်တော်တွေ ဟောတဲ့ တရားဟာဖြင့် "သဗ္ဗေ သင်္ခါရာ အနိစ္စာ သဗ္ဗေ ဓမ္မာ အနတ္တာလို့ သူတို့က ဟောကြတယ်၊ (မှန်ပါ့ဘုရား)။

ဟောကြပင် ဟောကြငြားသော်လဲ-တဲ့၊ သူ့မှာဖြင့်အနတ္တ မရပါဘူး-တဲ့၊ စိတ်ထဲမှာ ဘယ်လိုပေါ်လာသတုံးဆိုလို့ရှိရင် အလုံးစုံ အနိစ္စ၊ အလုံးစုံ အနတ္တ ဖြစ်နေလို့ရှိရင်ဖြင့် ဘယ်ဟာကို အားကိုးရမလဲလို့စိတ်ထဲမှာပြန်ပြန်ပေါ်လာတယ်၊ (မှန်လှပါဘုရား)ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား) ဘယ်ဟာကို အားကိုးရမလဲလို့(စိတ်ထဲမှာ ပြန်ပြန် ပေါ်လာပါတယ်)အားလုံး အနတ္တဆိုရင် ဘာမှ အားကိုးရန်မရှိတော့ဘူးလို့ သူ့စိတ်ထဲ ဒီလိုချည်း ပေါ်လာတယ်၊ (မှန်လှပါဘုရား)။

အဲ-မောင်ဘသော်တို့ စဉ်းစားရမယ်၊ ဩော်-သူဟာ အနတ္တဆိုရင်ပဲ ဘာမှအားကိုးရန်မရှိလို့ အားကိုးရာရှာရမည့် အဓိပ္ပါယ်ရောက်ရောက်နေတော့ သူ့ စိတ်ထဲမှာဖြင့်တဲ့၊အနတ္တ တော့ သဘောကျရွဲ၊အကုန်အနတ္တဆိုရင် ဘယ်ဟာအားကိုးရ မတုံးဆိုတဲ့စိတ်က ပြန်ပြန်လာတယ်၊(မှန်လှပါဘုရား)အကုန် အနတ္တဆိုရင် (ဘယ်ဟာ အားကိုးရမတုံးဆိုတဲ့စိတ်က ပြန်ပြန် လာပါတယ်ဘုရား)။

ဒါဖြင့် သူသည်ကား-အတ္တဒိဋ္ဌိ ရှိမရှိ၊ (ရှိပါတယ်ဘုရား) သဿတဒိဋ္ဌိကော၊(ရှိပါတယ်ဘုရား) ရှိပါတယ်-တဲ့၊ ဒါတွေ ပြန်ပြန်,ပြန်ပြန်ပြီးလာတယ်၊(မှန်လှပါ)ဒါဖြင့် သူအနိစ္စတွေ **အနတ္တတွေ အားထုတ်တယ်နော်၊ (မှန်ပါ့ဘုရား)**။

http://www.dhammadownload.com



မြင်လဲမြင်ပါတယ်-တဲ့၊ မြင်ပေမယ့်လဲ ဒါတွေမြင်လိုက်လို့ ရှိရင် အကုန်အနတ္တဆိုရင် ဘယ်ဟာမှ အားကိုးစရာမရှိတော့ ဘူးဆိုတဲ့ စိတ်က ပြန်ပြန် လှည့်လာတယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီဘုရား) အားလုံး အနတ္တဆိုရင် (ဘယ်ဟာအားကိုးရမတုံး-ဆိုတဲ့စိတ်) ဘယ်ဟာ အားကိုးရ မတုံးဆိုတဲ့ အတ္တဒိဋ္ဌိ ပြန်ပြန်လာတယ်၊(မှန်လှပါဘုရား)။

ထိုကဲ့သို့အတ္တဒိဋ္ဌိပြန်ပြန်လာတဲ့အတွက် တဲ့၊ သူ့မှာမဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား၊(မရနိုင်ပါဘုရား) ဒါဖြင့် သဿတ ဒိဋ္ဌိ,အတ္တဒိဋ္ဌိ သူ့ဝမ်းထဲမှာ ခံနေရပြီ၊ (ခံနေပါပြီဘုရား) မခံဘူးလား၊ (ခံပါတယ်ဘုရား)။

ကိုင်း,...ဒကာဒကာမတို့-အနိစ္စ, ဒုက္ခ, အနတ္တ အားထုတ် ငြားသော်လဲပဋိစ္စသမုပ္ပါဒ်နားမလည်တော့အတ္တဒိဋ္ဌိ,သဿတ ဒိဋ္ဌိ ခံနေပြီ၊(ခံနေပါတယ်ဘုရား)ရှင်းပလား၊ (ရှင်းပါတယ် ဘုရား)ဘာခံနေသလဲ၊ (အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ ခံနေပါတယ် ဘုရား) အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ ခံနေတယ်ဆိုတာ ပေါ်လာ ကြပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါနဲ့ သူ့စိတ်ထဲမှာ သခ်ါရချုပ်တဲ့ နိဗ္ဗာန်လဲ သူမမြင်ဘူးတဲ့၊(မှန်လှပါဘုရား) ခန္ဓာပျောက်တဲ့ နိဗ္ဗာန်လဲ (သူမမြင်ပါဘုရား) ဒကာသစ်- ဘာပြုလို့ မမြင်ပါလိမ့်၊ (သဿတဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိခံနေလို့ပါဘုရား)။

အဲ-တိုတို တစ်လုံးထဲပြောကြပါတော့ သဿတဒိဋ္ဌိ ခံနေ တယ်၊ (မှန်လှပါဘုရား)ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)ဘဲဲ ဒိဋ္ဌိခံနေသလဲ၊ (သဿတဒိဋ္ဌိခံနေပါတယ်) ဘယ်ဟာ အား

http://www.dhammadownload.com



ကိုးရမတုံးဆိုတဲ့သဘောမျိုး ပေါ်ပေါ်နေတယ်၊ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ပေါ်နေတဲ့အတွက် သူ့မှာဖြင့် နိဗ္ဗာန်မြင်သေးရဲ့လား၊ (မမြင်ပါဘုရား) သင်္ခါရချုပ်တဲ့နိဗ္ဗာန်၊ (မမြင်ပါဘုရား) ခန္ဓာငါးပါးချုပ်တဲ့ နိဗ္ဗာန်၊ (မမြင်ပါဘုရား) ဘာ့ကြောင့်မမြင်ပါလိမ့်မတုံးဆိုတာ အကဲခတ်ပါ၊ (သဿတဒိဋ္ဌိခံနေလို့ပါဘုရား)။

သဿတဒိဋ္ဌိခံနေတယ်၊ဘယ် အားကိုးရပါ့မလဲ၊ခိုင်မြဲတာမရှိဘူးဆိုရင် ဘယ်ဟာ အားကိုးရပါ့မလဲ ဆိုတဲ့ဥစ္စာ စိတ်ကပြန်ပြန်ပြီးသကာလ သဿတပဲ သဘောကျနေတယ်၊ (မှန်လှပါဘုရား)ခိုင်မြဲတာ အားကိုးမယ်ပေါ့လေ(မှန်လှပါဘုရား)

အဲဒီကဲ့သို့ ဒီစိတ်တွေ ပေါ်လာတော့ ခုနက သာဝတ္ထိပြည်မှာ ကိုယ်တော်တွေက "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" အစရှိသည်ဖြင့် ရုပ်အနိစ္စ-ရုပ်အနတ္တာတွေဟော၊ ဝေဒနာတွေဟောနဲ့ အမျိုးမျိုး အဖုံဖုံ ဒကာသစ် ဟောကြတယ်၊(မှန်လှပါဘုရား)။

ဟောပင် ဟောငြားသော်လဲ သူ့ စိတ်ထဲမှာဖြင့် ဟောလို့ရှုကြည့်လိုက်၊အကုန်အနတ္တာတွေ ဉာဏ်မြင်လိုက်၊ ဘာအားကိုးရမလဲဆိုတဲ့စိတ်က ပြန်လာလိုက်၊ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ပြန်လာတော့ဒိဋ္ဌိပြုတ်ကဲ့လား(မပြုတ်ပါဘုရား) ဒိဋ္ဌိမပြုတ်ဘဲ ဖြစ်နေတယ်၊(မှန်လှပါဘုရား) ဒိဋ္ဌိမပြုတ်ဘဲဖြစ်ပြီးသကာလနေတော့ သူ့ စိတ်ထဲမှာ အားသာထုတ်ရတယ် နိဗ္ဗာန်တော့ မမြင်ဘူး၊ (မှန်ပါ့ဘုရား) အားသာထုတ်ရပါ

http://www.dhammadownload.com



တယ်၊ (နိဗ္ဗာန်တော့ မမြင်ပါဘုရား)နိဗ္ဗာန် မမြင်ဘဲ ဖြစ်နေတယ်ဆိုတာ ဒကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါနဲ့ သူ-ဩဘ်- ဘုရားလဲ ပရိနိဗ္ဗာန် စံသွားပြီ၊ဒီ ကိုယ်တော်တွေ ဟောတဲ့တရားလဲ မိမိအကုန်ပဲ၊ အရင်တုန်းကလဲ အားထုတ်ပါတယ်၊ အားထုတ်ပင် အားထုတ်ငြား သော်လဲ သခ်ါရချုပ်တဲ့နိဗ္ဗာန်ကို မမြင်ပါဘူး၊(မှန်လှပါ)ဥပမိ လေးပါးချုပ်တဲ့ နိဗ္ဗာန်ကော၊ (မမြင်ပါဘုရား)။

အဲဒါ- ဒီကိုယ်တော်တွေနဲ့တော့ အချိုးမကျပါဘူးလေ၊ နိဗ္ဗာန်ရောက်အောင်ဟောနိုင်တဲ့ကိုယ်တော်တွေမဟုတ်ပါဘူး ဆိုပြီး သူ့စိတ်ထဲမှာ စိတ်ပျက်တယ်၊ (မှန်လှပါဘုရား)။

အပြီးသတ်တော့ ကိုယ်တော်တွေ အဟော ညံ့လို့လား၊ သူ့မှာဒိဿဿတဒိဋ္ဌိရှိနေလို့လား၊(သူ့မှာဒိဿဿတဒိဋ္ဌိရှိနေလို့ပါဘုရား) သဿတဒိဋ္ဌိရှိနေလို့ မရတာကို ဒကာသစ်သူများအမြစ် ဆိုနေပါတယ်၊(မှန်ပါ့ဘုရား) ဒါနဲ့ သူသည် ကားလို့ဆိုရင်ဖြင့် ငါ၏မိတ်ဆွေ ရှင်အာနန္ဒာ ဆိုတာတော့ ရှိသေးတယ်၊(မှန်လှပါဘုရား)။

အဲဒီရှင်အာနန္ဒာရှိရာကို သွားပြီးသကာလ ပြောရလို့ရှိရင်ဖြင့် ဖွားဘက်တော်မို့ တစ်ယောက်နှင့် တစ်ယောက် ပြောမနာ ဆိုမနာ ခင်ကြ,မင်ကြ, ကြင်နာကြတယ်၊ ကောသမ္ဗီပြည်မှာ သူရှိတယ်ဆိုပြီးသကာလ-တဲ့၊ရှင်အာနန္ဒာဆီ သွားပါတယ်၊ (မှန်ပါ့)။

သွားပြီးရှင်အာနန္ဒာနဲ့တွေ့တော့အကျိုးအကြောင်းပြောပြတယ်၊ အရှင်ဘုရား-တပည့်တော်ကို ဘုရား ကယ်ပါဦး.... ယူပါဦး၊ တရားဓမ္မများဟောပါဦး.... တပည့်တော်မှာဖြင့်

http://www.dhammadownload.com



သာဝတ္ထိပြည်မှာ ကိုယ်တော်တွေ ဟောလိုက်တဲ့ ရုပ်အနိစ္စ၊ရုပ်အနတ္တ၊ ဝေဒနာအနိစ္စ၊ ဝေဒနာအနတ္တနဲ့ ဟောလိုက်တာလဲ သိနေတယ်၊ နောက်ဆုံးပိတ် သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ-လို့ ဟောလိုက်ကြပါတယ်၊ (မှန်ပါ့ဘုရား)။

တပည့်တော် ဒါတွေသိပြီးတော့ မြင်ပါတယ်၊ ရှုကြည့်တော့ မြင်ပါတယ်၊ အနိစ္စလို့လဲမြင်ပါတယ်၊ အနတ္တလို့လဲ မြင်ပါတယ်၊သို့သော်လဲ တပည့်တော် အကုန်လုံးအနတ္တဖြစ်တော့ ဘာအားကိုးရမတုံးဆိုတဲ့စိတ်က ပြန်ပြန်လာတယ်၊(မှန်လှပါဘုရား)။

ဒိဋ္ဌိ ပြန်ပြန်ဝင်တယ်၊ (မှန်ပါ့) ဘာအားကိုးရမလဲဆိုတဲ့ ဒိဋ္ဌိက ပြန်ပြန်ဝင်ပြီးသကာလ နေတဲ့အတွက်-တဲ့၊တပည့်တော်မှာ ဟိုကိုယ်တော်တွေဟောတဲ့တရားနဲ့ဖြင့် မရပါဘူးဘုရား၊ နိဗ္ဗာန်ကို မမြင်ပါဘူးတဲ့၊ (မှန်လှပါဘုရား)။

ဟို–ကိုယ်တော်တွေ အဟောမှားတာလား၊သူပဲဒိဋ္ဌိမပြုတ်တာလား၊ (သူ ဒိဋ္ဌိမပြုတ်တာပါဘုရား)။

ဒါနဲ့ ဒကာကြွယ်ရေ....အရှင်အာနန္ဒာက အကဲခတ်လိုက်တယ်၊ ဩော်....ငါ့ရှင် သူငယ်ချင်း ဖွားဘက်တော် ဆန္နကို။

ဟို–ကိုယ်တော်တွေ ဟောတာကတော့ အမှန်ပဲ၊သူကပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ တရားအားထုတ်နေလို့ နိဗ္ဗာန်မရတာ (မှန်လှပါဘုရား) ပေါ်ပါပြီနော်၊(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ တရား အားထုတ်နေလို့ နိဗ္ဗာန်မရတာပါ ဘုရား) ဒကာကြွယ်....ဘယ်လောက် အရေးကြီးသတုံး၊ (အရေးကြီးပါတယ် ဘုရား)။

http://www.dhammadownload.com



ဘာအရေးကြီးတယ်ဆိုတာ ပေါ်လာကြပလား၊ (ပေါ်လာပါပြီဘုရား) ဘာအရေးကြီးသတုံး(ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ အရေးကြီးပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ အရေးကြီးပါတယ်၊ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ဒကာ ဒကာမတို့ အားထုတ်နေတဲ့အတွက်–တဲ့၊ သူသည်ကားလို့ ဆိုမှုင်ဖြင့် ဒါ့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရတာ၊ သခ်ါရချုပ်တဲ့ နိဗ္ဗာန်မမြင်၊ဉပဓိလေးပါးချုပ်တဲ့နိဗ္ဗာန်လဲမမြင် (မှန်လှပါဘုရား)

ဩော်.... ငါ့ရှင် ဆန္န.... ပဋိစ္စသမုပ္ပါဒ် မရှင်းလင်းဘဲနဲ့ အားထုတ်နေတာ ကြာသာ ကြာတယ်၊ ဘာမှ အသုံးမကျဘူးလို့ ပြောလိုက်တယ်၊ (မှန်လှပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကြာတော့ ကြာလှပြီနော်၊ (မှန်ပါ့)ဘယ့်နှယ် နှစ်ပေါင်းသုံးလေးဆယ်ရှိပြီ၊ဘုရား ၄၅-ဝါ နေသွားတာပဲ၊(မှန်လှပါဘုရား)သူကလဲ သင်္ကန်းဝတ်နဲ့နေပြီး အားထုတ်တာကြာပြီ၊ (မှန်လှပါဘုရား)။

သို့သော် အနိစ္စ, အနတ္တတွေတော့ မမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား) မြင်ပင်မြင်ငြားသော်လဲ နိဗ္ဗာန်ကိုတော့ သူမြင်ရပါရဲ့လား၊ (မမြင်ရပါဘုရား)။

ကဲ....ဒကာကြွယ်–အရှင်အာနန္ဒာက ဘယ်လို အကဲခတ်လိုက်တယ်ဆိုတာတော့ ပေါ်သွားပြီ၊ (ပေါ်ပါပြီဘုရား)။

ငါ့သူငယ်ချင်း ဆန္နကဖြင့်ကွာ....ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ (ဝါ)ပစ္စယပရိဂ္ဂဟဉာဏ်မပါဘဲနဲ့ သူအားထုတ်နေတဲ့အတွက်

http://www.dhammadownload.com



တဲ့၊ ခုနကပြောတဲ့ သဿတဒိဋ္ဌိ, အတ္တဒိဋ္ဌိက ပြန်ပြန် လှည့်တယ်၊ (မှန်ပါ့ဘုရား)။

အလုံးစုံ အနတ္တဆိုရင် ဘယ်ဟာ အားကိုးရမှာတုံး၊ ဒါကလေးက ပြန်ပြန်လှည့်တယ်၊ (လှည့်ပါတယ်ဘုရား)အလုံးစုံ အနတ္တဆိုရင် (ဘယ်ဟာ အားကိုးရမှာတုံးလို့ ပြန်လှည့်ပါတယ်ဘုရား) ဒီလိုချည်းပဲ ပြန်လှည့်လာတဲ့အတွက် နိဗ္ဗာန်လာသေးရဲ့လား၊ (မလာပါဘုရား)။

ဒါဖြင့် ပဌမမဂ်မှာ နိဗ္ဗာန်၏အန္တရာယ်ဟာဒိဋ္ဌိလို့မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား) နိဗ္ဗာန်ရထိုက်ပါလျက်သားနဲ့ ဒကာဒကာမတို့ နိဗ္ဗာန်မရခြင်း၏အကြောင်းဟာဘာတုံးလို့မေးလို့ရှိရင် ကိုယ့်ဝမ်းထဲမှာ ဒိဋ္ဌိရှိလို့သာမှတ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်(ကိုယ့်ဝမ်းထဲ ဒိဋ္ဌိရှိလို့နိဗ္ဗာန်မရတာပါဘုရား) သဿတဒိဋ္ဌိရှိနေတယ်၊ သူအားကိုးချင်တဲ့ဒိဋ္ဌိက အမြဲတမ်း ရှိနေတယ်၊ (မှန်ပါ့ဘုရား)။

အဲဒါနဲ့ ဒကာကြွယ်....အားထုတ်လို့ ကြာသာ ကြာတယ် ရရှာရဲ့လား၊ (မရရှာပါဘုရား) အရှင်အာနန္ဒာ အကဲခတ်တာ ပေါ်ပါပြီ၊ (ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ ဆန္ဒ အားထုတ်နေတာတဲ့၊ ဒါကြောင့် သူနိဗ္ဗာန်မရတာတဲ့၊ (မှန်ပါ့ဘုရား) သဘောပါပလား၊ (ပါ-ပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်နေတဲ့အတွက်တဲ့၊ သူ နိဗ္ဗာန်မရတာ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တရားတစ်ပွဲလုံးမှာ အားလုံး ဒကာ ဒကာမတွေ သိကြပါပြီ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်နေရင် ဆန္ဒလိုပဲ ဖြစ်မှာပဲ၊ (ဖြစ်ပါမယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်ရင် (ဆန္ဒလိုပဲ ဖြစ်မှာပါပဲဘုရား) အချိန်သာကုန်တယ် လိုရင်းမရောက်ဘူး၊ (မှန်ပါ့ဘုရား) ဒကာသစ်... ဘယ်လိုမှတ်မလဲ၊ (အချိန်သာကုန်တယ် လိုရင်း မရောက်ပါဘုရား)။

အချိန်သာကုန်တယ် ဒကာ ဒကာမတို့၊ လိုရင်းမရောက်ပါဘူး၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာကြွယ်....တို့ ဆရာဟာ တယ်–အရေးကြီးပါကလား၊ (ကြီးပါတယ်ဘုရား) တရားခမ္မ အားထုတ်ချင်တဲ့ ပုဂ္ဂိုလ်ကရောက်လာ၊မင်းကော-အနိစ္စအားထုတ်ကွ၊ဖြစ်ပျက် အားထုတ်ကွာလို့ စ မပေးနဲ့တဲ့၊ (မှန်ပါ့ဘုရား)ပဋိစ္စသမုပ္ပါဒ် နားလည်အောင်ပြောပါ၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘာအရေးကြီးသလဲ၊ (ပဋိစ္စသမုပ္ပါဒ်နားလည်ဖို့ အရေးကြီးပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ်ကိုပြောပြမှခုနကပြောခဲ့တဲ့ ဖြစ်ပျက်အနိစ္စကိုပေးမှကိုက်မှာ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အခု ဆန္ဒမှာ နှစ်ပေါင်း သုံးဆယ်, လေးဆယ်ကြီးဒကာ ကြွယ်ရေ အနိစ္စ, အနတ္တတွေ မမြင်ဘူးလား (မြင်ပါတယ် ဘုရား) မြင်လျက်နဲ့ဘာတုံး၊ (နိဗ္ဗာန်မရ, မဂ်မရပါ) နိဗ္ဗာန်

http://www.dhammadownload.com



မရဘူး (မှန်ပါ့) အနိစ္စ, ဒုက္ခ, အနတ္တတော့၊ (မြင်ပါတယ် ဘုရား) နိဗ္ဗာန်တော့၊ (မရပါဘုရား)။

ဘာ့ကြောင့် မရပါလိမ့်မတုံး၊ (ဒိဋ္ဌိခံနေလို့ပါ) ဘာဒိဋ္ဌိ ခံနေသတုံး၊ (သဿတဒိဋ္ဌိ ခံနေပါတယ်)ဘာအားကိုးရမလဲ ဆိုတဲ့ သဿတဒိဋ္ဌိ-အတ္တဒိဋ္ဌိက ခံပြီးသကာလနေတော့ သူ့မှာ ဒီဒိဋ္ဌိက မြန်ပြန်လာတယ်၊ (မှန်ပါ့ဘုရား)။

အနတ္တ အားထုတ်လိုက် ဒီဒိဋ္ဌိကဝင်တိုးလိုက်၊ အနတ္တ အား ထုတ်လိုက်ဘယ်ဟာအားကိုးရမလဲဆိုတဲ့ ဒိဋ္ဌိကဝင်ပြီးခုလိုက်၊ (မှန်ပါ့ဘုရား)။

ဒီလို ဖြစ်ပြီးသကာလ နေတာနဲ့ နှစ်ပေါင်း သုံးဆယ်- သုံးဆယ့်ငါးတိုင်တိုင် ကိုယ်ပင်ပန်း စိတ်ပင်ပန်းနဲ့သာ ဒကာ ကြွယ် အချိန်ကုန်ခဲ့ရတယ်၊ နိဗ္ဗာန် အာရုံမပြုနိုင်ဘူး၊ (မှန်ပါ့ ဘုရား)။

တယ်နာပါကလား၊ (နာပါတယ်ဘုရား) ဘာကြောင့် ဒီလောက် နာချက်သန်ပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ် နားမလည်လို့၊ (မှန်ပါ့ဘုရား) ဒကာကြွယ် ဘာ့ကြောင့်တုံး၊ (ပဋိစ္စသမုပ္ပါဒ် နားမလည် လို့ပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ ကြည့်စမ်း နှစ်ပေါင်း သုံး ဆယ် သုံးဆယ့်ငါး နောက်တော်က မြင်းနဲ့လိုက်ပို့တဲ့ မောင် ဆန္နမှာ ဒကာကြွယ် အတော်ဒုက္ခရောက်နေတယ်၊ (ရောက်နေ ပါတယ်ဘုရား) မရောက်ဘူးလား၊(ရောက်ပါတယ်ဘုရား)။

အဲ....ဒါဖြင့် ဒကာ ဒကာမတို့....ခင်ဗျားတို့ကကော ဒီ- ရောက်ပြီးသကာလ မနေကြနဲ့၊ ဟောဒီ့ အကြောင်းနှစ်ခု

http://www.dhammadownload.com



ဟာ–တဲ့ ခိုင်သလား မြဲသလား အစိုးမရဘူးလားလို့ မေးရင် ဘယ့်နှယ်ပြောမလဲ၊ (မခိုင်မမြဲ အစိုးမရပါဘုရား)။

ဒီ–သင်္ခါရကော၊ (မခိုင်မမြဲပါဘုရား) အနတ္တတွေ မဟုတ်လား၊ (မှန်ပါ–အနတ္တပါဘုရား) သူကဖြစ်စေတဲ့ခန္ဓာငါးပါး ဟာကော၊ (အနတ္တပါဘုရား)။

ကြည့်.... ဒုက္ခသစ္စာ.... ဒုက္ခသစ္စာ ဒုက္ခရောက်သွားတယ် ဆိုတာ ဘယ်သူပိုင်သေးသလဲ၊ (မပိုင်ပါဘုရား) မပိုင်တော့ ဘာဆိုကြမယ်၊ (အနတ္တပါဘုရား)။

မပိုင်တော့ အနတ္တပဲ ပြန်ဆိုရုံပဲရှိတယ်၊ (မှန်ပါ) အနတ္တပဲ ပြန်နှလုံးသွင်းရုံပဲ၊ (မှန်ပါ) ဒုက္ခရောက်တာသည် အနတ္တပဲ၊ (မှန်ပါ) ရှင်းပြီလား၊ (ရှင်းပါပြီဘုရား)။

အကြောင်းကိုက ဖြစ်စေတဲ့ အကြောင်းကိုက ဘာတဲ့၊ (အနတ္တပါဘုရား) ဒါဖြင့် ဖြစ်ပေါ်လာတဲ့အကျိုးကို ဘယ့်နှယ်ဆိုမလဲ၊ (အနတ္တပါဘုရား)။

ဩော်....ဒါဖြင့် အနတ္တက မွေးထုတ်လိုက်တော့ အနတ္တပဲ ဖြစ်ရမယ်၊ (ဖြစ်ပါမယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)

အဲဒီလိုအကြောင်းနဲ့အကျိုးသိမ်းပြီးသကာလအကြောင်း အနတ္တမို့ အကျိုးအနတ္တ ဖြစ်ရတယ်ဆိုတာကို ဒကာကြွယ်နှင့် တကွ အားလုံး တရားတစ်ပွဲလုံးက ဩော် အနတ္တက မွေးရင် အနတ္တပဲဖြစ်မှာပဲ၊ ဘယ်ဟာမှ အားကိုးစရာ မရှိဘူးဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ဘယ်ဟာမှ အားကိုးစရာ မရှိဘူးဆိုတာကို ကိုယ်ပိုင် သိပလား၊ (သိပါပြီဘုရား) ဘာကြောင့်တုံး၊ ပဋိစ္စသမုပ္ပါဒ် နားလည်ထားလို့၊ (မှန်ပါ့ဘုရား)အကြောင်းကိုက (အနတ္တပါဘုရား) အကျိုးဟာ-(အနတ္တပါဘုရား)။

အနတ္တပဲဆိုတာမပြောပဲနဲ့ရှင်းတယ်(ရှင်းပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ပုဂ္ဂိုလ်များမှာ–(မှန်ပါ့ဘုရား) ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကံကောင်း အကြောင်းသင့်တော့တယ်ဆိုတာဒကာကြွယ်–ဆရာဟာအင် မတန်အရေးကြီးတယ်ဆိုတာ ပေါ်လာတယ် (ပေါ်လာပါ တယ်ဘုရား)အကြောင်းကိုကဘာမို့တုံး(အနတ္တမို့ပါဘုရား)။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတာ အဝိဇ္ဇာကလဲအနတ္တ၊ သူ ဖြစ်စေတဲ့သင်္ခါရကကော (အနတ္တပါဘုရား) အင်း....ဟင်– သင်္ခါရပစ္စယာဝိညာဏံလို့ဆိုလိုက်ပြန်တော့သင်္ခါရက အနတ္တ မို့ ဝိညာဏ်ဟာကော(အနတ္တပါဘုရား)။

ကဲ–ဒါဖြင့် အကုန်အနတ္တတွေ လှည့်သွားမှာပဲ(မှန်လှပါ ဘုရား) မလှည့်ပေဘူးလား (လှည့်ပါတယ်ဘုရား) ဟန်ကျ ကြပလား (ကျပါပြီ) ဒါဖြင့် ခင်ဗျားတို့က ဆန္ဒသဘော ရောက်သေးရဲ့လား(မရောက်ပါဘုရား)။

ဆန္ဒက ပဋိစ္စသမုပ္ပါဒ် အကုန်အနတ္တဆိုခက်ရောက္ခာ၊ဘယ် ဟာ အားကိုးမတုံး -ဒါပဲ(မှန်ပါ့)သူ့ဥစ္စာက "သဗ္ဗေ ဓမ္မာ အနတ္တာ"ဆိုတာက အကုန်အနတ္တ အားကိုးစရာ တစ်ခုမှမရှိ ဘူး (မှန်ပါ့) မဟုတ်ဘူးလား၊ ခန္ဓာနာမ်ရုပ်ဟူသရွေ့ အားကိုးစရာရှိရဲ့လား (မရှိပါဘုရား)။

http://www.dhammadownload.com



ခန္ဓာနာမ်ရုပ် ဟူသရွေ့သည်ကား ဆိုလို့ရှိရင် ဒကာကြွယ် အားကိုးစရာ(မရှိပါဘုရား) အကုန်အနတ္တတွေကိုး (မှန်ပါ ဘုရား) ဒီလိုဆုံးဖြတ်ချက်ချပါ (မှန်ပါ)။

နောက်မကျေနပ်သေးလို့ရှိရင်လဲအကြောင်းက အနတ္တမို့ အကျိုးအနတ္တဖြစ်တယ်လို့ ဆုံးဖြတ်ချက် ပြန်ချပါ (မှန်ပါ) ရှင်းပလား(ရှင်းပါပြီဘုရား)အကြောင်းအနတ္တမို့(အကျိုး အနတ္တပါဘုရား) ဘယ်လိုကြံကြံမတုံး–တဲ့၊ အတ္တဖြစ်အောင် ကြံလို့ရတဲ့အမျိုးကော ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား) အကြောင်းကိုက (အနတ္တမို့)ဖြစ်ပေါ်စေတဲ့ အကျိုးမှာလဲ (အနတ္တပါဘုရား)။

အမေ-အဖေတွေကအနတ္တမို့သေကုန်ပြီဗျ၊သားသမီးတွေ က ခိုင်မြဲချင်လို့ (မရပါဘုရား) မရပါဘူး၊ အနတ္တမျိုးတွေပဲ (မှန်ပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒီလောက်ဆိုလို့ရှိရင်ဖြင့် သြော်-အကြောင်း အနတ္တမို့ အကျိုးအနတ္တပဲ ဆိုတာဖြင့် ဒကာသစ်–ရှင်းပြီ (ရှင်းပါပြီဘုရား) မောင်ဘသော်ကော-(ရှင်းပါပြီဘုရား) ရှင်းပြီနော် (မှန်ပါဘုရား)။

ဒါဖြင့်ကျုပ်တို့ ဒီ-ယခုရထားတဲ့ခန္ဓာကို ဘာခန္ဓာဆိုကြ မလဲ (အနတ္တခန္ဓာပါဘုရား)ဆိုရမှာပဲ၊ သူဖြစ်စေတဲ့ အဝိဇ္ဇာ သင်္ခါရကိုက (အနတ္တပါဘုရား)ဒီတော့ အကြောင်းအနတ္တမို့ (အကျိုးအနတ္တပါဘုရား)။

အကျိုးအနတ္တပဲဆိုတာရှင်းလင်းသွားပြီးတော့ဘယ်ဟာမှ အားကိုးစရာမရှိဘူးဆိုတာပိုင်သွားပြီ(ပိုင်သွားပါပြီဘုရား) ဆန္ဒကတော့ဘယ်ဟာ အားကိုးရမလဲဆိုတဲ့ သဘောကလေး

http://www.dhammadownload.com



ဝင်-ဝင်လာတယ်၊ (မှန်ပါ့ဘုရား) ဆန္ဒမှာ အားထုတ်လိုက်၊ ဒါတွေဝင်လာလိုက်၊ (မှန်လှပါဘုရား) သူက အားကိုး ရှာနေတာကိုး၊ ကျုပ်တို့ကတော့ မရှိဘူးဆိုတာ သိပြီးသားဖြစ်နေတယ်(မှန်ပါ့ဘုရား)သူကတော့ ဘာတုံး၊ (အားကိုးရှာနေပါတယ်ဘုရား)ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါနဲ့ အရှင်အာနန္ဒာနဲ့ တွေ့တယ်၊ အရှင်အာနန္ဒာနဲ့ ကောသမ္ဗီပြည် သွားတွေ့တယ်၊ ခုနက ဆန္ဒဟာလေ (မှန်လှပါဘုရား)။

အရှင်အာနန္ဒာ–သာဝတ္ထိပြည်မှာဟောတဲ့ ကိုယ်တော်တွေကဖြင့် ရုပ်အနိစ္စ, ဝေဒနာအနိစ္စ, ရုပ်အနတ္တ, ဝေဒနာအနတ္တ, သညာအနတ္တတွေနဲ့ စုံလို့ပါပဲ ကိုယ်တော်၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ၊ ဒါ နှလုံးသွင်းရတာပေါ့ကွ-တဲ့တပည့်တော်ဒါတွေနှလုံးသွင်းတယ်၊ (မှန်ပါ့ဘုရား)အလုံးစုံ အနိစ္စ၊ အလုံးစုံ အနတ္တဆိုတာ တပည့်တော် နှလုံးသွင်းပါတယ်၊မြင်လဲမြင်ပါတယ်–တဲ့၊ မြင်ပင်မြင်ငြားသော်လဲ သူတို့ဟောတဲ့တရားကနေရာမကျတော့ အကုန်အနတ္တဆိုရင် ဘာကို အားကိုးရမှာတုံး၊ တပည့်တော် ဒီစိတ်က ပြန်ပြန်လာတယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အကုန် အနတ္တဆိုရင် ဘာအားကိုးရမလဲဆိုတာ (ပြန်ပြန်ဝင်လာပါတယ်ဘုရား)သဘောပါကြပလား၊ (ပါ,ပါတယ်ဘုရား)ခင်ဗျားတို့ကတော့ အကုန်အနတ္တဆိုရင် အို–အနတ္တမို့လို့ အနတ္တယူတာ အထူးအဆန်း မဟုတ်ဘူး၊ (မှန်ပါ့ဘုရား) **အကြောင်းအနတ္တမို့ အကျိုးအနတ္တ** ဖြစ်တာကို ဘာမှ စော

http://www.dhammadownload.com



ကြောစရာမလိုဘူး၊စိစစ်စရာမလိုဘူး (မှန်ပါ့ဘုရား)သဘော ပါပလား၊ (ပါ,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့အတွက်က ရှင်းပြီ၊ဆန္ဒမှာ မရှင်းဘဲ ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား) ဒါနဲ့ ရှင်အာနန္ဒာက ဩော်– ဒီကိုယ်တော်ဟာ တရားတော့ အနိစ္စ, ဒုက္ခ, အနတ္တတွေ အားထုတ်သွားပဲ၊ အတ္တဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိက သူ မပြုတ်ဘူး၊ မပြုတ်တာလဲ တခြားမဟုတ်ဘူး၊ပဋိစ္စသမုပ္ပါဒ်မပါဘဲနဲ့ နား မလည်ဘဲနဲ့ အားထုတ်နေလို့၊ (မှန်ပါ့ဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အရှင်အာနန္ဒာအကဲခတ်လိုက်တာ ဘယ်လို အကဲခတ်ပါ လိမ့်၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်နေလို့ပါ ဘုရား)ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ အားထုတ်နေလို့ လိုရာ မဆိုက်တာဘဲဆိုပြီး အရှင်အာနန္ဒာက ဒကာကြွယ်– ပဋိစ္စ သမုပ္ပါဒ် ပြန်ဟောရတယ်၊ (မှန်ပါ့ဘုရား) ဘာပြန်ဟောရ သလဲ၊ (ပဋိစ္စသမုပ္ပါဒ် ပြန်ဟောရပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြန်ဟောရတယ်၊ အရှင်ဆန္ဒ မပူနဲ့၊ ငါ့ရှင် အားလည်းမငယ်နဲ့၊(မှန်ပါ့) ငါ ပိဋကတ်သုံးပုံ အကုန်ရွေး ဦးမယ်၊ရွေးလိုက်တဲ့ အခါကျလို့ရှိရင် ဘုရားသခင်ကိုယ်တော် မြတ်ကြီးလဲ ပရိနိဗ္ဗာန်စံလို့ ငါအကုန် ပိဋကသုံးပုံဆောင်တဲ့ ပုဂ္ဂိုလ်၊ပိဋကထဲ ငါရွေးလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်-တဲ့၊ ကစ္စာယန အနွယ်ဖြစ်တဲ့ရဟန်းကို ပဋိစ္စသမုပ္ပါဒ်နှင့်တကွ ဒိဋ္ဌိ ဖြုတ်ပုံ ဟောထားတာရှိတယ်၊ အဲဒါကို နားထောင်စမ်း (မှန်ပါ)သဘောကျပလား (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ကစ္စာန အနွယ်ဖြစ်တဲ့ ရဟန်းတစ်ပါးကိုဘုရား ဟောထားတာရှိတယ်၊ (မှန်လှပါဘုရား) ဘယ်လိုဟောထား တုံးဆိုတော့ "ဒွယံ နိဿိတော ခွါယံ ကစ္စာန လောကော ယေ ဘုယျေန အတ္ထိတဉ္စေဝ နတ္ထိတဉ္စ" (သံယုတ်) ကစ္စာန ရဟန်းလောကကြီးထဲမှာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရှိကြတယ် ကွာတဲ့၊ဒီအကြောင်းမနေ့ကလဲရှင်းပြီးခဲ့ပြီ(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ သဿတဒိဋ္ဌိဆိုတာကတော့ဖြင့် ခိုင်တယ် မြဲတယ်လို့ ယူတာပေါ့နော်၊ (မှန်ပါ့) ငါလုပ်လို့ ငါရတယ် ဆိုရင် ဘာဒိဋ္ဌိလဲ၊ (သဿတဒိဋ္ဌိပါဘုရား)ငါလုပ်လို့ သူများ ခံရတယ်ဆိုရင်၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အခုတော့ ဒီလိုရှိသေးရဲ့လား၊ (မရှိပါဘုရား) မရှိပါဘူး၊ ငါလဲမရှိဘူး–သူလဲမရှိဘူး၊ အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဖြစ်တာပဲရှိတယ်၊ (မှန်လှ ပါဘုရား) အဝိဇ္ဇာ သင်္ခါရကြောင့်၊ (ဝိညာဏ် နာမ်ရုပ် သဠာ ယတန ဖဿ ဝေဒနာ ဖြစ်တာပဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းအကျိုးကော မဆက်ဘူးလား၊(ဆက် ပါတယ်ဘုရား)ဆက်ခြင်းကြောင့်-တဲ့၊ဒကာဒကာမတို့ပုဂ္ဂိုလ် သတ္တဝါလဲ မပါသောကြောင့် ငါလုပ်–ငါရ, ဟုတ်သေးရဲ့ လား၊ (မဟုတ်ပါဘုရား)။

ငါလုပ်-ငါရ မဟုတ်တော့ဘူး၊အကြောင်းဖြစ်လို့ အကျိုး ဖြစ်တာပဲရှိတယ်ဆိုသဖြင့် သဿတဒိဋ္ဌိ စင်သွားတယ်၊ (စင်ပါ တယ်ဘုရား)။

အကြောင်းသည် အကျိုးကိုဖြစ်စေတာသိသဖြင့်လဲ သင်္ခါ ရပစ္စယာ ဝိညာဏံ ထောက်လိုက်လို့ရှိရင် ကြည့်စမ်းပါလား

http://www.dhammadownload.com



ဒကာကြွယ်–သင်္ခါရပစ္စယာ ဝိညာဏံ၊ (မှန်ပါ့) အကြောင်း အကျိုး မဆက်ဘူးလား၊ (ဆက်ပါတယ်ဘုရား)။

ဆက်တာမြင်သဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါ ဘုရား) အတိတ်ဘဝက သင်္ခါရနဲ့ ယခုဘဝဝိညာဏ်နဲ့ မဆက် လား၊ (ဆက်ပါတယ်ဘုရား) ပြတ်သေးသလား၊ (မပြတ်ပါ ဘုရား) ထိုကဲ့သို့မပြတ်တော့ ဒကာသစ်.... ဘယ်ဒိဋ္ဌိ စင်သွား သတုံး၊ (ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိ စင် သွားတယ်နော်၊ (မှန်ပါ့ဘုရား)။

ဟိုဘဝက ပုဂ္ဂိုလ်ဟာ ဒီဘဝလိုက်သေးရဲ့လား၊ (မလိုက် ပါဘုရား) အကြောင်းအကျိုး ဆက်ရုံပဲဆိုတာ မသိဘူးလား၊ (သိပါတယ်ဘုရား) ဒီလိုသိတော့ သဿတဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အဲ–ဒါကြောင့် ကစ္စာနအနွယ်ဖြစ်တဲ့ ရဟန်းကို ဘုရားက ဟောတဲ့ အခါကျတော့ "ဒွယံ နိဿိတော ခေါ ကစ္စာန လောကော ယေဘုယျေန အတ္ထိတဉ္စေဝ နတ္ထိတဉ္စ" ဒါက ပါဠိ တော်၊ (မှန်ပါ့)သို့သော် ဒီပါဠိတော်ကို အဓိပ္ပာယ်ရှင်းပေး တော့ဖြင့် လင်းပါလိမ့်မယ်၊ (မှန်လှပါဘုရား)။

ဒီအကြောင်းဖြစ်လို့ရှိရင်ဖြင့် ဒီအကျိုး ဖြစ်ရမှာလား– မဖြစ်ရဘူးလား၊ (ဖြစ်ရမှာပါဘုရား) သဘောကျပလား၊ (ကျပါပြီ) အကြောင်းဖြစ်ရင်၊ (အကျိုးဖြစ်ရမှာပါဘုရား) သင်္ခါရအကြောင်းဖြစ်ရင်–ဝိညာဏ်အကျိုးဟာ (ဖြစ်ရမှာပါ ဘုရား) ဖြစ်ရမှာပဲဆိုသဖြင့်-တဲ့၊ ဒကာ ဒကာမတို့ ဥစ္ဆေဒဒိဋ္ဌိ ရှိသေးလား၊ (မရှိပါဘုရား)။

http://www.dhammadownload.com



သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား၊(မရှိပါဘုရား)သဘောကျပလား၊(ကျပါပြီ) သင်္ခါရနဲ့ဝိညာဏ်နဲ့အကြောင်းအကျိုးဟာပြတ်သလား၊ဆက် သလားမေးရင်၊ (ဆက်ပါတယ်ဘုရား) ဆက်တယ် ဆိုတာ သိသွားတော့ကို ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဟိုက သင်္ခါရတွေဟာ ပစ္စုပ္ပန်ဘဝထဲမှာ သင်္ခါရကိုယ်တိုင် များလိုက်လာသေးသလား၊(မလိုက်ပါဘုရား)အဲ–မလိုက်လို့ ပေါ့–ဒီဘဝအစမှာ ဝိညာဏ်က စ,တယ်၊ (မှန်လှပါဘုရား) ဘယ်က စ,သလဲ၊ (ဝိညာဏ်က စ,ပါတယ်ဘုရား) ဝိညာဏ်က စ,နေတာ ထောက်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်တဲ့ ခိုင်တယ် မြဲတယ်ဆိုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

သင်္ခါရဟာ....သင်္ခါရနယ်က ချုပ်လိုက်တာပဲ....ချုပ်ပြီး သကာလ သင်္ခါရအကြောင်း မကင်းလို့ ဝိညာဏ်ပေါ်တာပဲ ရှိတယ်၊ (မှန်လှပါ) ဒီ့ပြင်ဘာရှိသေးသတုံး၊ (ဘာမှမရှိပါ ဘုရား) ဒီလိုဆိုတော့ ဒကာ ဒကာမတို့ ခိုင်မြဲတဲ့ သဘောကော ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒါဖြင့် သဿတ, ဥစ္ဆေဒ မလွတ်သေးဘူးလား၊(လွတ်ပါ တယ်ဘုရား) သဿတ, ဥစ္ဆေဒ လွတ်လို့ရှိရင်ဖြင့်-တဲ့၊ ဒကာ ဒကာမတို့ အလယ်လမ်း ရောက်ပါပြီ၊ (ရောက်ပါပြီဘုရား) သဿတ, ဥစ္ဆေဒလွတ်ရင်၊ (အလယ်လမ်းရောက်ပါပြီဘုရား) အလယ်လမ်းဆိုတာတခြားလမ်းမှတ်နေတယ်ဒကာဒကာမတို့ သဿတလဲ ခန္ဓာထဲမရှိဘူး၊ (မှန်ပါ့) ဥစ္ဆေဒကော၊ (ခန္ဓာထဲ မရှိပါဘုရား)။

http://www.dhammadownload.com



အဲ-ရှင်ဆန္ဒ,မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရနိဗ္ဗာန်မမြင်တာသဿတ ခံနေ့လို့၊ (မှန်လှပါဘုရား) အကုန် အနတ္တဆိုရင် ဘယ်ဟာ အားကိုးမတုံးတဲ့(မှန်လှပါဘုရား)ဒီလိုဆိုတာသိပြီးသကာလ နေတော့ ဒီဟာသာ သူစွဲလမ်းပြီးသကာလ နေတော့ တဏှာ ဥပါဒါန် ပြန်ပြန်,ပြန်ပြန်ပြီးသကာလ လာတော့ ဒကာကြွယ် ရေ-သခါရချုပ်တဲ့နိဗ္ဗာန်ကိုလဲသူမမြင်ဘူး၊ (မမြင်ပါဘုရား- ဥပဓိချုပ်တဲ့နိဗ္ဗာန်လဲ၊ (မမြင်ပါဘုရား) ဘာဖြစ်နေသလဲ- ဘာအားကိုးရမလဲဆိုတဲ့ အားကိုးလုံးက လာ,လာနေတယ်၊ (လာနေပါတယ်ဘုရား)။

ထိုကဲ့သို့လာနေတဲ့အတွက်-တဲ့ရှင်ဆန္ဒမှာပဋိစ္စသမုပ္ပါဒ်မှာ သဿတကပ်တယ်၊ပဋိစ္စသမုပ္ပါဒ်နားမလည်တော့သဿတဒိဋ္ဌိ ကလဲ မစင်ကြယ်၊ (မစင်ကြယ်ပါဘုရား) ဥစ္ဆေဒဒိဋ္ဌိကော၊ (မစင်ကြယ်ပါဘုရား)။

ထိုကဲ့သို့ ဒိဋ္ဌိတွေမစင်ကြယ်ဘဲ ဖြစ်နေသောကြောင့် ဒကာ ဒကာမတို့-တဲ့၊ ရှင်ဆန္ဒမှာ သဿတမစင်ကြယ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အာရုံမပြုနိုင်၊ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား) နိဗ္ဗာန်ကို၊(အာရုံမပြုနိုင်ပါဘုရား)ဒါဖြင့် နိဗ္ဗာန်မရောက်ဘူးပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

အဲဒီ အခုပြောလိုက်တဲ့ လောကသမုဒယ နားလည်လို့ ရှိရင်လဲတဲ့၊မှတ်လိုက်ပါဥစ္ဆေဒဒိဋ္ဌိမရှိဘူး၊(မှန်ပါ့)လောက၏ နိရောဓကို နားလည်လို့ရှိရင်လဲ သဿတမရှိဘူး၊ (မှန်လှပါ ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ဒါဖြင့်အဝိဇ္ဇာပစ္စယာသင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ အကြောင်းအကျိုး ဆက်-မဆက်၊(ဆက်ပါ တယ်ဘုရား)ဆက်တော့အကြောင်းအကျိုးဆက်ပြီးသကာလ နေသောကြောင့် ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ကြည့်လိုက်ပါဦး၊ အဝိဇ္ဇာ ချုပ်ရင် သင်္ခါရကော (ချုပ်ပါတယ်ဘုရား) သင်္ခါရချုပ်ရင် (ဝိညာဏ်လဲ ချုပ်ပါတယ်ဘုရား)။

ဝိညာဏ်လဲ ချုပ်တယ်ဆိုသဖြင့် ဒကာ ဒကာမတွေ ဒီထဲ မချုပ်တဲ့တရားများလဲ ပါသေးသလား၊ (မပါ-ပါဘုရား) ဒါဖြင့် ခိုင်မြဲတဲ့တရားကော ရှိသေးသလား၊ (မရှိပါဘုရား) ဒါဖြင့် ခိုင်မြဲတဲ့တရားလဲ မရှိဘူးဆိုတာ သိနေပြီနော်၊(သိပါ ပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သဿတကော ရှိသေးသလား၊ (မရှိ ပါ ဘုရား) ဥစ္ဆေဒကော (မရှိပါဘုရား) ဥစ္ဆေဒ-ဆိုတာ အကြောင်းအကျိုးဆက်တာ သိလိုက်ရင်ပဲ ဥစ္ဆေဒဟာ လွတ် သွားတာပဲ၊ (မှန်လှပါဘုရား)ဟိုကအကြောင်းသည် အထည် အဖြစ်နဲ့ မလိုက်ပါဘူး၊ သတ္တိသာ လိုက်ပါတယ် ဆိုသဖြင့်လဲ သဿတမလွတ်ဘူးလား၊ (လွတ်ပါတယ်ဘုရား)။

ဒါဖြင့် သဿတ,ဥစ္ဆေဒ လွတ်ပလား၊(လွတ်ပါပြီဘုရား) ဒါဖြင့် ဒီလိုယူကြပါတော့ ဒကာဒကာမတို့၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေးကဖြစ်တယ်၊(မှန်ပါဘုရား)ဝေဒနာကလေး က ပြီးတော့ ဘာဖြစ်သွားသလဲ၊ (ချုပ်သွားပါပြီ ဘုရား)

http://www.dhammadownload.com



ပျက်ပြီး တစ်ခါ ဝေဒနာလေးက ဘာဖြစ်ပြန်သလဲ (ဖြစ်ပါတယ်ဘုရား) တစ်ခုသော ဝေဒနာပေါ်ပြန်တယ်၊ (မှန်ပါ့ဘုရား)။

အင်း.... ဟင်.... ဒီဝေဒနာကလေးက ပေါ်လာပြန်ပြီးတော့ (ပျက်သွားပါတယ်ဘုရား) ပျက်သွားတာ မြင်သဖြင့် ဒကာ ဒကာမတို့ ဖြစ်တာ မြင်သဖြင့်လဲ-တဲ့၊ သေသေချာချာ မှတ်ပါ-တဲ့၊ အကြောင်းကြောင့်ဖြစ်တယ်ဆိုတာဟာ သေချာပါတယ်၊ (သေချာပါတယ်ဘုရား)။

ဖြစ်တာဟာ အကြောင်းကင်း၍ ဖြစ်ကဲ့လား၊ (မဖြစ်ပါဘုရား) ဒီအထဲက ဥစ္ဆေဒ မစင်သေးဘူးလား၊ (စင်ပါတယ်ဘုရား) ပျက်တာမြင်သဖြင့် ခိုင်မြဲတာရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒါဖြင့် သဿတဒိဋ္ဌိလဲ စင်တယ်၊ (မှန်လှပါဘုရား)။

ဒါဖြင့် တိုတိုမှတ်ပါတော့ ဒကာ ဒကာမတွေ အားထုတ်နေတဲ့ ဖြစ်ပျက်ဟာ အဖြစ်မြင်လေသဖြင့် ဘယ်ဒိဋ္ဌိစင်သတုံး၊ (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ် ဘုရား) အပျက် မြင်လေသဖြင့် (သဿတဒိဋ္ဌိ စင်ပါတယ် ဘုရား)။

အဲဒီတော့ ဒီ-ဒိဋ္ဌိနှစ်ပါး စင်ပြီးသကာလ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များဟာဖြင့် သဿတ, ဥစ္ဆေဒ စင်ပြီးသား၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဝိပဿနာဉာဏ်နဲ့စဉ်းစားလိုက်တော့ ဖြစ်မှုမြင်တော့ဘယ်ဒိဋ္ဌိစင်သတုံး၊ (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား) ဖြစ်မှုမြင်လိုက်တော့ ဥစ္ဆေဒ စင်တာပေါ့၊ ဒကာ ဒကာမတွေရဲ့....၊ သူ့အကြောင်းမပါဘဲနဲ့ ဖြစ်တာမှ မဟုတ်ဘဲ၊ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဖဿ ပစ္စယာ ဝေဒနာ၊ (မှန်ပါ) ဘာတဲ့တုံး၊ (ဖဿ ပစ္စယာ ဝေဒနာပါတဲ့ဘုရား)။

အဲဒါ အကြောင်းကြောင့်ဖြစ်တာ သိလိုက်သဖြင့် ဥစ္ဆေဒ ဒိဋ္ဌိဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘုရား) ဖြစ်ပြီးတဲ့ ဓမ္မကလေး ပျက်သွားတာ မြင်လိုက်တော့ ခိုင်တာ,မြဲတာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)ဘယ်ဒိဋ္ဌိစင်သွားပါလိမ့်၊ (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒါဖြင့် အဖြစ်မြင်ရင် ဥစ္ဆေဒ စင်တယ်၊ အပျက်မြင်ရင်-(သဿတ စင်ပါတယ်ဘုရား) ဒါဖြင့် ဒကာကြွယ်တို့ ရှုနေတဲ့ ဖြစ်ပျက်ဟာဖြင့် ဒိဋ္ဌိနှစ်ပါးစင်တဲ့တရားပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ရှင်ဆန္ဒမှာတော့ ဒကာ ဒကာမတို့ အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိက ရှိပြီးသကာလနေတော့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုအာရုံ မပြုနိုင်ဘူးဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ရှင်ဆန္ဒကို အရှင်အာနန္ဒာက ဒီအတိုင်းကွာတဲ့၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုပြီး ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး လှည့်ပြတယ်၊ (မှန်ပါ)။

ဩြော်....ဒီလိုဆိုလို့ရှိရင်ဘုရား အကြောင်းဖြစ်ရင် အကျိုးဖြစ်တာပဲ၊ အကြောင်းချုပ်ရင် အကျိုးချုပ်တာပဲ၊ လောကကြီးထဲမှာ ဒါပဲ ရှိတာပဲလို့ သူ–ဆုံးဖြတ်ချက် ချလိုက်တယ်၊ (မှန်လှပါဘုရား)။

အကြောင်း ဖြစ်ရင် (အကျိုး ဖြစ်ပါတယ် ဘုရား) အကြောင်းချုပ်ရင် (အကျိုးချုပ်ပါတယ် ဘုရား) အကျိုးချုပ်တယ်လို့ထင်မြင်ပြီး ခန္ဓာကိုယ်ထဲမှာ ဖြစ်မှုကလေး နှလုံး

http://www.dhammadownload.com



သွင်းလိုက်တယ်၊ (မှန်လှပါဘုရား) ပျက်မှုကလေး– (နှလုံးသွင်းလိုက်တယ်)။

အဲဒီ ဖြစ်ပျက်ကို နှလုံးသွင်းလိုက်တော့မှ ဒကာကြွယ်ရေ-ဒိဋ္ဌိစင်ပြီးမှ နှလုံးသွင်းတယ်၊ (မှန်ပါ) အဲဒီကျတော့ ဩော်– ဖြစ်တာနဲ့ပျက်တာ ရှိတာပဲဆိုတာ သူ့စိတ်ထဲ ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချတယ်၊ (မှန်ပါဘုရား)။

အဲဒီတွင် ဉာဏ်စဉ်ရင့်ကျက်ပြီးသကာလ ယထာဘူတဉာဏ်ရပြီး နိဗ္ဗိဒါဉာဏ် တက်လိုက်တယ်၊ (မှန်ပါ) နိဗ္ဗိဒါဉာဏ်အားထုတ်ရင်း တက်သွားတာပေါ့ဗျာ၊ (မှန်ပါ) နောက်ကျတော့ ဒုက္ခဆုံးတဲ့ မဂ်ဉာဏ်ကို တက်မိတာပဲ၊ (မှန်ပါ) အဲ–ဒီမှာ သူ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွားတယ်၊ (မှန်လှပါဘုရား)။

ဟာ... ဒီပုဂ္ဂိုလ် နဂိုက မဖြစ်ခဲ့ဘဲနဲ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံနဲ့ချုပ်ပုံပြလိုက်တာနဲ့ ဘာ့ကြောင့်သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပါလိမ့်မတုံးလို့ အကဲခတ်လိုက်တော့မှ ပဋိစ္စသမုပ္ပါဒ် နားလည်မှုကြောင့်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဘာ-နားလည်မှုကြောင့်– (ပဋိစ္စသမုပ္ပါဒ် နားလည်မှုကြောင့်ပါဘုရား)။

အဲဒါကြောင့် ဒီ-ဒကာ ဒကာမတွေကို ကိုယ့်စာရွက်ကလေးလဲ ကိုယ်ဆောင်ခဲ့ကြပ ၊ (မှန်လှပါ) ဒီမှာလဲ ဆရာပြတာနဲ့ ကိုယ့်စာရွက်နဲ့လဲ ကိုက်ကြည့်ပါ၊ (မှန်လှပါဘုရား)။

ကိုယ့်စာရွက်နဲ့ ကိုက်ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်–တဲ့၊ ဩော်-ဒီလိုသိရင် သဿတ စင်တယ်၊ ဒီလိုသိရင် ဥစ္ဆေဒစင်တယ်ဆိုတာ ရှင်းသွားတယ်၊ (ရှင်းသွားပါတယ်ဘုရား)။

http://www.dhammadownload.com



ရှင်းသွားပြီးမှ အားထုတ်လိုက်တော့ သြော်– တဒင်္ဂဖြင့် အဖြစ်မြင်ရင်ပဲ ဥစ္ဆေဒစင်ပေါ့၊ (မှန်ပါ့) အပျက်မြင်ရင်၊ (သဿတ စင်ပါတယ်ဘုရား) ဝမ်းထဲက ဒီလို စင်ပြီးသွား ဖြစ်နေတော့ သြော်–ခန္ဓာကိုယ်ထဲမှာ ဖြစ်ပြန်ပြီ၊ ပျက်ပြန်ပြီ၊ ဒါပဲ ရှိနေဖို့ပဲ၊ (မှန်ပါ့ဘုရား)။

ဒါပဲရှိပြီးသကာလ ဖြစ်ပျက်မြင်လာပြီး နောက်၊ ဉာဏ်စဉ် အတိုင်း တက်ပြီး ဖြစ်ပျက် မုန်းကြမှာပဲ၊ (မှန်ပါ့) ဉာဏ်ရင့် လာတော့ မမုန်းပေဘူးလား၊ (မုန်းပါတယ်ဘုရား)။

ဒီထက် ဉာဏ်ရင့်လာတော့ ဖြစ်ပျက်တွေ ဆုံးသွားမှာပဲ၊ (မှန်ပါ့)ဒုက္ခလို့ရဲ့ပိုင်းခြားနိုင်ပါရောဆုံးမသွားပေဘူးလား (ဆုံးသွားပါတယ်ဘုရား)ဆုံးသည်နဲ့တစ်ပြိုင်နက်တည်း ဒုက္ခ နိရောဓ နိဗ္ဗာန်ဆိုတာလဲ ပေါ်လာတယ်၊ (ပေါ်လာပါ တယ်ဘုရား) မပေါ်နဲ့ဆိုလို့၊(မရပါဘုရား)။

အဲ-ရှင်ဆန္ဒမှာ အခု နှစ်ပေါင်း သုံးဆယ်, သုံးဆယ့်ငါး ကြာတာဟာ ပဋိစ္စသမုပ္ပါဒ်နားမလည်မှုကြောင့်ဒိဋ္ဌိကပ်တယ် ဒိဋ္ဌိကပ်နေလို့ မရဘဲ ဖြစ်ရတာပဲ၊ သေချာပလား၊ (သေချာ ပါပြီဘုရား)။

ဒါဖြင့် တရားတစ်ပွဲလုံးမှာ ဒကာဒကာမတို့က ဘာ နား လည်မှု အရေးကြီးပါလိမ့်၊(ပဋိစ္စသမုပ္ပါဒ်နားလည်မှုအရေး ကြီးပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက် အရင် အားထုတ်မလား၊ ပဋိစ္စသမုပ္ပါဒ် **နားလည်မှု အရင် အားထုတ်ရမှာလား၊(ပဋိစ္စသမုပ္ပါဒ် နား လည်မှုကို အရင်အားထုတ်ရမှာပါဘုရား)။**

http://www.dhammadownload.com



အဲ- ဘုရား ကိုယ်တိုင်ကလဲ့ ဟောခဲ့တယ်-တဲ့၊ ''ကင်္ခါဝိတရဏ ဝိသုဒ္ဓိ'' ဆိုတာ ပဋိစ္စသမုပ္ပါဒ်ပဲ၊ (မှန်ပါ့) ကင်္ခါဝိတရဏနဲ့အားထုတ်ပြီးတော့မှ သိပြီးတော့မှ''မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ''ဖြစ်တဲ့ အလုပ်ကို လုပ်ပါလို့ ဟောထားတယ်၊ (မှန်ပါ့)။

အဲ့ဒီတော့ ဒကာကြွယ်ရေ- အရမ်းဟောလို့ ရပါ့မလား၊ (မရပါဘုရား)ရောက်လာရင် အနိစ္စ, ဒုက္ခ, အနတ္တ လုပ်ကွာ ဆိုရင် လွဲကုန်ပြီ၊(လွဲပါပြီဘုရား)တရားကလွဲသလားဆိုတော့ အစဉ်လွဲလို့မရဘူး၊(မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ–နာရီစေ့ပြီ ယနေ့ တော်ကြီဦးစို့။

သာဓု....သာဓု....သာဓု

....o....

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းဟွင် သီတင်းသုံး
နေထိုင်တော်မူသော
**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ**
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# အဝိဇ္ဇာမှ ဝိဇ္ဇာဖြစ်နည်း

# တရားတော် (၇)

(၂၆–၁၁–၆၁)

ဒကာ ဒကာမတို့ အဝိဇ္ဇာဆိုတာ သစ္စာလေးပါးမသိတာ အဝိဇ္ဇာလို့ ခေါ်တယ်နော်၊ (မှန်ပါ့ဘုရား)။

"ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါယ အညာဏံ" လို့ဟော တယ် (မှန်ပါ့ဘုရား)

သစ္စာလေးပါးမသိတာ အဝိဇ္ဇာလို့မှတ်လိုက်ပါ၊ (မှန်လှ ပါဘုရား)အဲဒီအဝိဇ္ဇာသည်ဒကာဒကာမတွေသန္တာန်၌မချုပ် သရွေ့ ကာလပတ်လုံး အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ လာမှာပဲ၊ (မှန်ပါ့) သင်္ခါရ ပစ္စယာ၊ (ဝိညာဏံပါဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ စက်ဝိုင်းကြီး ကြည့်ပြီးသိ နေကြနော်၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုတာ သည်သမုဒယသစ္စာ၊သင်္ခါရပစ္စယာ ဝိညာဏံရောက်လာတော့ ဘာသစ္စာဖြစ်သလဲ၊ (ဒုက္ခသစ္စာ ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဩ ဒါဖြင့်ဒို့သည်ကားလို့ဆိုရင် အဝိဇ္ဇာ မချုပ်သရွေ့ ကာလပတ်လုံး ဒီသမုဒယသစ္စာ၊ အဝိဇ္ဇာ မချုပ်သရွေ့ကာလ ပတ်လုံး ဝိညာဏ်ဆိုတဲ့ ဒုက္ခသစ္စာ၊ ငါတို့ အမြဲ တွေ့နေရမှာပဲ ဆိုတာဒကာကြွယ်-မှတ်ရတော့မယ်၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာ မချုပ်သရွေ့ ကာလပတ်လုံးနော်၊ (မှန်ပါ့) ဝိညာဏ် ဆိုတာ လာနေမှာပဲ၊ မလာပေဘူးလား (လာပါတယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ်ဖို့ သိပ်အရေးကြီးတာပေါ့၊(ကြီးပါ တယ်ဘုရား) အဝိဇ္ဇာချုပ်ရင် သမုဒယချုပ်တယ်၊ သမုဒယ ချုပ်ရင် ဝိညာဏ်ကော၊ (ချုပ်ပါတယ်ဘုရား)။

ချုပ်ရမှာပဲဆိုတော့ ဘုန်းကြီးတို့–ဒကာဒကာမတွေ ပဋိစ္စ သမုပ္ပါဒ်အဝိုင်းကြီးမြင်သဖြင့် သိပါပြီ-တဲ့ ဘယ်လိုသိသတုံး လို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ အဝိဇ္ဇာတို့ သင်္ခါရတို့ကို ဒီပုံစံပဲကြည့်လိုက်ပါ၊ သမုဒယသစ္စာ၊ဝိညာဏ်စသည်က ဒုက္ခ သစ္စာ၊ (မှန်ပါ့ဘုရား)။

ဩ-အဝိဇ္ဇာမချုပ်သေးသရွေ့ကာလပတ်လုံးဆိုရင်၁-နဲ့ ၂–ကူးနေဦးမှာပဲ၊(မှန်ပါ့ဘုရား) အဝိဇ္ဇာ မချုပ်သေးရင် (၁–နဲ့ ၂–ကူးနေဦးမှာပါဘုရား) ၁–နဲ့ ၂-ကူးနေဦးမှာပဲဆို တော့ ၁-က သမုဒယသစ္စာ၊ ၂–က၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာ ၂-ကူးမိလို့ရှိရင်ဖြင့် တဲ့၊ ဒကာဒကာမတို့ ဒုက္ခကိုဖြင့်ငါတို့မရချင်ပါဘူး၊မလိုချင်ပါဘူး၊ မပွေ့ချင်ပါ ဘူး၊မပိုက်ချင်ပါဘူး ဆိုငြားသော်လဲ ရ,ရမှာပဲ၊(ရ,ရမှာပါ ဘုရား)။

ဒါဖြင့် ဘာအရေးကြီးတယ်ဆိုတာ ဒကာဒကာမတွေ အကဲခတ်ကြည့်တော့ အဝိဇ္ဇာမချုပ်ရင် ဒုက္ခမချုပ်၊ အဝိဇ္ဇာ

http://www.dhammadownload.com



မချုပ်ရင်(ဒုက္ခမချုပ်ပါဘုရား)ဒုက္ခမချုပ်ဘူးဆိုတာ အထူး တလည် သေချာသွားပြီ၊ (သေချာသွားပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာ သမုဒယသစ္စာမချုပ် သင်္ခါရဝိညာဏ်, နာမ်ရုပ် အစရှိသောဒုက္ခသစ္စာ ဘယ်တော့မှ ချုပ်မှာ မဟုတ်ပါဘူး၊ (မချုပ်ပါဘုရား)။

၁–ကို မလုပ်ရင် ၂–ဟာ ပြုတ်ထွက်သွားတယ်၊ (မှန်ပါ့) ၁–ကိုသာ ကြိုးစားနေကြမယ်ဆိုလို့ရှိရင်ဖြင့် ၂–ဟာ ဒကာ ကြွယ်တို့၊ ဒကာသစ်တို့ ချုပ်စရာမရှိပါဘူး၊(မရှိပါဘုရား)။

ဒါ့ကြောင့် အခုဒကာဒကာမတွေ သြော်— ၁-ထဲ ရောက် နေကြသလား၊ ၂–ထဲရောက်နေကြသလားမေးရင် (၁–ထဲ ရောက်နေပါတယ်ဘုရား) အဖိုးတန်တယ်၊ ဒကာဒကာမတို့ ကိုယ့်အဖြစ်သိပြီ၊(သိပါပြီဘုရား)ကိုယ့်အဖြစ် သိကြပြီ–တဲ့၊ ဒို့ ၂-နံပါတ်ထဲ ရောက်နေတယ်၊ ဒို့ ၂-နံပါတ်ထဲ ရောက်နေ တော့ ဘယ်သစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် ဒီတရားနားနီးတော့လဲ တရားဟောတဲ့ ဘုန်းကြီးရော တရားနာနေတဲ့ ဒကာ ဒကာမတွေရော ဒုက္ခ သစ္စာထဲရောက်နေကြပြီဆိုတော့ဒကာကြွယ် ကိုယ့်အကြောင်း ကိုယ်သိသွားပြီ၊ (သိပါပြီဘုရား) ဒကာကြွယ်.... ၁ ထဲမှာ လား၊ ၂ ထဲမှာလား၊ (၂ ထဲမှာပါဘုရား) ၂ ဟာ ဘာသစ္စာ တုံး(ဒုက္ခသစ္စာပါဘုရား)။

သြော်.... ဒကာဒကာမတို့ နဂိုကတော့ နာမှ, ကျင်မှ, ကိုက်မှ, ခဲမှ, ဖျားမှ, အိုမှ,သေခါနီးမှ ဒုက္ခသစ္စာလို့ ထင်ကြ တယ်၊(မှန်ပါ့)အခုတော့ ရောက်တဲ့အချိန်ကစပြီး ဘာသစ္စာ ပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ရောက်တဲ့ အချိန်ကလဲ ဒကာဒကာမတို့ ဘုန်းကြီး ထပ်ပြောစရာမလိုပါဘူး၊ဒီဥစ္စာဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ်ပါပဲ၊ (မှန်လှပါ)ဒါ ပဋိသန္ဓေစိတ်ကလေး၊ အဲဒီ ပဋိသန္ဓေစိတ်ကလေးဟာ ဇာတိဒုက္ခပဲ၊ (မှန်လှပါဘုရား)

ဒါဖြင့် ရောက်တဲ့အချိန်ကစပြီး ဘာသစ္စာထဲ ရောက်နေသလဲ၊(ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား)ဒါဖြင့် ဒီဘက်ရှောက်ပြီး နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတွေဆိုတော့ ဒကာဒကာမတို့ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်–ဒါဖြင့် ဒီဒုက္ခသစ္စာဆိုတဲ့ဥစ္စာဟာ အားလုံးဒကာဒကာမတို့ အလိုလိုလာတာလား၊ ရှေးဘဝက မသိမှုကိုပူချင်သလိုပူလို့လား၊ (မသိမှုကို ပူချင်သလိုပူလို့ပါဘုရား)မသိမှုရှိပြီး ဒကာကြွယ်....ပူချင်သလိုပူတဲ့သင်္ခါရကြောင့် ကျုပ်တို့ဒုက္ခသစ္စာကြီး ရကြတယ်၊ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဒုက္ခသစ္စာကြီးကို ဒီဒုက္ခသစ္စာထဲမှာ အရေးကြီးတာက ဒီဒုက္ခသစ္စာထဲကနေပြီးသကာလ သမုဒယသစ္စာ နောက်ထပ်မပေါ်ဖို့ အရေးကြီးတယ်၊ ဒီ ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးပေါ့ဗျာ၊ဒီခန္ဓာကြီးရနေတုံးကို သမုဒယသစ္စာသူ့အထဲကမပေါ်ဖို့ အရေးကြီးတယ်၊ အဝိဇ္ဇာ သင်္ခါရ ပြန်မပေါ်ဖို့ အရေးမကြီးဘူးလား၊(ကြီးပါတယ်ဘုရား)။

အားလုံး ဒကာဒကာမတွေ သေသေချာချာ မှတ်စမ်းပါနော်၊ ယခု ဘယ်သစ္စာထဲ ရောက်နေသတုံး၊ (ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား) ဒုက္ခသစ္စာထဲက ကျုပ်တို့ ဘာ

http://www.dhammadownload.com



မပေါ်ဖို့အရေးကြီးပါလိမ့်၊ (သမုဒယသစ္စာမပေါ်လို့ အရေးကြီးပါတယ်ဘုရား)။

အဲ....သမုဒယသစ္စာ မပေါ်ဖို့ဆိုတာက ဒီ အဝိဇ္ဇာသင်္ခါရ ပြန်မပေါ်ဖို့ဘဲ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီ) ဘာပြန် မပေါ်ဖို့ပါလိမ့်၊ (အဝိဇ္ဇာသင်္ခါရ ပြန်မပေါ်ဖို့ပါဘုရား)။

ဩော်....အဝိဇ္ဇာသင်္ခါရပြန်မပေါ်ဖို့ သိပ်အရေးကြီးပါ ကလား၊ (မှန်ပါ့ဘုရား) ဒီဟာသာ ပြန်ပေါ်ပြန်လို့ရှိရင်လဲ ဒုက္ခသစ္စာ လာဦးမှာပဲ၊ မလာပေဘူးလား၊ (လာပါမယ် ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာနေကြ တာလဲ ဒီအထဲကပဲ (မှန်လှပါ) ၂-နံပါတ်ထဲမှာ တရားနာနေ ကြတယ်၊ ဒကာ ဒကာမတွေ ဘယ်အထဲမှာ တရားနာနေကြ သလဲ၊ (၂-နံပါတ်ထဲမှာပါဘုရား)။

အဲဒါဘာဖြစ်လို့ တရားနာနေကြသတုံးလို့ မောင်ဘသော် ကိုမေးလို့ရှိမှင်ဖြင့် တပည့်တော်တို့ သမုဒယသစ္စာ မပေါ်တဲ့ နည်းကိုသိအောင်လို့တရားနာနေတယ်၊ရှင်းပလား၊ (ရှင်းပါ ပြီဘုရား) ဘာမပေါ်တဲ့နည်းပါလိမ့်၊ (သမုဒယသစ္စာမပေါ် တဲ့နည်း သိအောင်လို့ တရားနာနေပါတယ်ဘုရား) သမုဒယ သစ္စာ နောက်ထပ်မလာတဲ့နည်းကို သိအောင်လို့ တရားနာနေ ကြတယ် (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တရားနာနေတဲ့ ကျေးဇူးဟာလဲ ဒကာ ဒကာမတို့ အလွန်အဖိုးတန်တယ်၊ (တန်ပါတယ်ဘုရား) ဘယ် သစ္စာမလာဖို့ပါလိမ့်၊ (သမုဒယသစ္စာမလာဖို့ပါဘုရား) သူက လာတတ်တာက ဒုက္ခသစ္စာထဲကနေပြီးတော့ (သမုဒယသစ္စာ

http://www.dhammadownload.com



ပေါ်လာတတ်တယ်(မှန်လှပါဘုရား)ဒုက္ခသစ္စာခန္ဓာငါးပါး ထဲကနေပြီးသကာလ ဘာပေါ်တတ်ပါလိမ့်၊ (သမုဒယသစ္စာ ပေါ်တတ်ပါတယ်ဘုရား)။

ဒါဖြင့် တရားနာနေကြတာသည် ဒုက္ခသစ္စာနဲ့ နာကြတာ၊ (မှန်ပါ့) ဘယ့်နှယ်ကြောင့်အပင်ပန်းခံပြီး ဒကာ ဒကာမတွေ ကြိုးစားကြပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဒကာကြွယ် ဖြေတတ်ပလား(ဖြေတတ်ပါပြီ)ဘယ်အကျိုးငှာလဲ၊(သမုဒယ သစ္စာ မပေါ်တဲ့နည်း သိအောင်လို့ပါဘုရား) မပေါ်ဖို့နော် (မှန်ပါ့)။

ဒုက္ခသစ္စာထဲမှာ သမုဒယသစ္စာ မပေါ်ဖို့ ဒကာသစ်ရေ.... (မှန်ပါ့) ဒါ့ကြောင့် တရားနာနေကြတယ်၊ မပေါ်တဲ့နည်း ရအောင်လို့တရားနာနေကြတယ်၊(မှန်ပါ့)ဘယ်အကျိုးငှာပါ လိမ့်၊ (သမုဒယသစ္စာ မပေါ်တဲ့နည်းရအောင်လို့ တရားနာ ပါတယ်ဘုရား)။

ဩော်....ဒါဖြင့်ကိုယ်တရားနာတဲ့ဉစ္စာလဲကိုယ်သိကြပါပြီ၊ (သိကြပါပြီဘုရား) ဩော်....ငါတို့ တရားနာနေတာ ရိုးရိုး မဟုတ်ပါလား၊ ဒုက္ခသစ္စာထဲက သမုဒယသစ္စာ မပေါ် ပေါက်ဖို့ ဤအကြောင်းသိအောင် ငါတို့တရားနာနေကြ တယ်၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ တရားနာတာကလဲ ကျေနပ်ပါပြီ၊ အကယ်၍ ဒီ ၂-နံပါတ်ထဲကမှ အဝိဇ္ဇာ သင်္ခါရတွေ, တဏှာတွေ အစရှိ သော သမုဒယသစ္စာတွေမောင်ဘသော်လာနေမယ်ဆိုရင်ဖြင့် ဩော်-ရှေးကလဲဒါကြောင့် ဒုက္ခရောက်ပြီ၊ယခုလဲဒါ-လာပြန် ပြီဆိုရင် ဒုက္ခရောက်ဦးမှာပဲ မရောက်ပေဘူးလား၊ (ရောက်

http://www.dhammadownload.com



ပါတယ်ဘုရား) အဲဒါတွေ အကုန်သိတော့မှ ဪ– ငါတို့ သည်ကားလို့ ဆိုလို့ရှိရင် တော်ပဲ·တော်သေးတယ်၊ (မှန်ပါ့) ဒီလို တရားထူး တရားမြတ် တရားနာမှုမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာကြွယ်ကစဉ်းစား၊ ဒကာသစ်ကစဉ်းစား၊ ရှေ့ထားတာ က ဒုက္ခသစ္စာ၊နေ့တိုင်းပေါက်ပွားနေတာက သမုဒယသစ္စာ၊ (မှန်လှပါဘုရား)။

ရှေ့ထားတာက(ဒုက္ခသစ္စာ)နေ့တိုင်း အလုပ်အကိုင်တွေထဲ က ပေါက်ဖွားနေတာက (သမုဒယသစ္စာပါဘုရား) အဲ....၂- ထဲကနေပြီး သကာလ–တဲ့၊ ၃-နံပါတ် ပေါ်ပေါ်နေတယ်၊ (မှန်လှပါ) ၂–ထဲက ဘာပေါ်သလဲ၊ (၃–နံပါတ် ပေါ်ပါ တယ်ဘုရား) ၂-ထဲက ၃-နံပါတ်ပေါ်တော့ ၄-ဆိုတဲ့နံပါတ် ဟာ ဧကာ ဒကာမတွေ ဖြစ်မှုဖြစ်ရပါ့မလား၊(ဖြစ်ရပါတယ် ဘုရား) ဖြစ်မှာ သေချာသွားပြီ၊ (သေချာပါပြီ)ဒကာကြွယ် မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဒီ-ဆရာကောင်း သမားကောင်းလဲ မကိုးကွယ် မဆည်းကပ်၊မိဘရိုးရာနဲ့ တပည့်တော်တို့ ဖြစ်သလို နေတော့မယ်ဆိုရင်ဖြင့် နေ့တိုင်း နေ့တိုင်း ၂-ထဲက ၃-ပွား နေတယ်၊ (ပွားနေပါတယ်ဘုရား) ဘယ်လိုမှတ်ကြမယ်၊ (၂- ထဲကနေပြီး ၃-ပွားနေပါတယ်ဘုရား)။

၂-နံပါတ်ထဲကနေပြီး ၃-နံပါတ်ဆိုတဲ့အဝိဇ္ဇာသင်္ခါရတွေ ပေါ်ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)တဏှာ ဥပါဒါန်ကံတွေကော၊(ပေါ်လာပါတယ်ဘုရား) အင်း– ၂- ထဲက ဘာတွေများသီးပွင့်လာပါလိမ့်၊ (၃-နံပါတ်တွေ သီး

http://www.dhammadownload.com



ပွင့်လာပါတယ်ဘုရား) ၃-နံပါတ်တွေ သီးပွင့်လာတယ်၊ ၃-နံပါတ်ဟာ ဒကာ ဒကာမတွေကြည့်လိုက်တော့ ဘာသစ္စာလဲ၊ (သမုဒယ သစ္စာပါဘုရား)။

ဩော်-သမုဒယသစ္စာက ဒကာ ဒကာမတို့ ၂-ထဲကသီးပွင့်လာတာက သမုဒယဆိုတဲ့ ၃-နံပါတ် ဖြစ်နေတယ်- မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

၃-နံပါတ် ဖြစ်လာလို့ရှိရင်ဖြင့် ၄-ဖြင့် မရှောင်သာဘဲနဲ့ ဇာတိ ဇရာ မရဏဆိုတဲ့ အိုပွဲ, နာပွဲ, သေပွဲ, ပဋိသန္ဓေပွဲတွေ အပါယ်ပဋိသန္ဓေ ဆိုနိုင်တယ်၊နတ်ပဋိသန္ဓေဆိုနိုင်တယ် ဆိုချင်တာဆို ဒကာကြွယ် ဒုက္ခသစ္စာပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တရားနာတဲ့ကျေးဇူးဟာ တပည့်တော်တို့ဘယ်အကျိုးငှာ တရားနာတယ်ဆိုတာဖြင့် ယနေ့ပေါ်ပလား၊(ပေါ်ပါပြီဘုရား) ၂-ထဲက ၃ မပေါ်ဖို့ ဂရုစိုက်နာကြ၊ (မှန်ပါ့ဘုရား) ၂-ထဲက၊(၃-မပေါ်ဖို့ ဂရုစိုက်နာကြရပါမယ်)၃-မပေါ်ဖို့၊(တပည့်တော်တို့ ဂရုစိုက်ပါမယ်) ၃-ဆိုတာ သမုဒယသစ္စာ၊ ၄-ဆိုတာက၊ (ဒုက္ခသစ္စာပါဘုရား) ၄-ဆိုတာကဒုက္ခသစ္စာဖြစ်နေတော့ ဩော်-ပင်ရင်းပဲ ပြန်ပြန်သွားတယ်၊ မပြန်ဘူးလား၊ (ပြန်ပါတယ်ဘုရား)။

သမုဒယကြောင့် ဒုက္ခဖြစ် ဒုက္ခထဲက သမုဒယပွားပြန်တော့ ၃နံပါတ်ပေါ်လာတယ်၊(ပေါ်လာပါတယ်ဘုရား)၃နံပါတ်ပေါ်လာတော့ ၄နံပါတ်ဒုက္ခသစ္စာဖြစ်တယ်၊ (မှန်ပါ့ဘုရား) အဲဒီဒုက္ခသစ္စာတုန်းကလဲ တစ်ခါ မောင်ဘသော်တို့က စဉ်း

http://www.dhammadownload.com



စားပေါက်ပွားဦးမှာပဲ၊(ပေါက်ပွားဦးမှာပါဘုရား)တရား လဲမနာဘူး၊အားလဲမထုတ်ဘူးဆိုရင် ၄-ထဲကဘာသစ္စာပွား ဦးမလဲ၊ (သမုဒယသစ္စာ ပေါက်ပွားပါဦးမယ်ဘုရား)။

သမုဒယသစ္စာ ပွားလို့ရှိရင်ဖြင့် ၅-ဒုက္ခသစ္စာ လွတ်ပါ့ မလား၊(မလွတ်ပါဘုရား)၅-ဒုက္ခသစ္စာထဲက ဘာတွေပွားဦး မယ်၊ (သမုဒယသစ္စာပွားဦးမယ်)။

ဒါဖြင့် ၆-ဒုက္ခသစ္စာ လာမှလာပါ့မလား၊ (လာပါတယ် ဘုရား)ဒါဖြင့် ဒီအဝိုင်းပေါ် အဝိုင်း ထပ်သွားတယ်၊(မှန်ပါ့ ဘုရား) အဝိုင်းပေါ်၊ (အဝိုင်း ထပ်သွားပါတယ်ဘုရား)။

အင်မတန် ကံကောင်းကြလို့ ဩော်-အဝိုင်းပြေး ဆိုတာ ထပ်ထပ် ပြေးနေတယ်ဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါ တယ်ဘုရား) ဒကာသစ်ရေ-အင်မတန် အဖိုးတန်တယ်ဆိုတာ ဖြင့် ပေါ်သွားပြီ၊ဦးလှဘူး မပေါ်သေးဘူးလား၊ (ပေါ်ပါ ပြီ ဘုရား)။

ခင်ဗျားတို့နောက်က ဒီအဝိုင်းကြီးမျိုးပေါ်မှာ သံသရာ့ စက်ဝိုင်းကြီးပေါ် ဘယ်နှစ်ခါ ပြေးဖူးသလဲလို့မေးရင် ဘယ့် နှယ် ပြောကြမလဲ၊(မရေတွက်နိုင်ပါဘုရား)အေးရောက်သေး သလား-ဒီအထဲပဲ လှည့်ပြေးနေသလား၊ (ဒီအထဲပဲလှည့်ပြေး နေပါတယ်)။

ဒါဖြင့် ခင်ဗျားတို့မှာ ဆီဆုံနွားဖြစ်နေတယ်၊ (မှန်လှပါ ဘုရား)တစ်နေ့လုံးသွားလဲဒီထမ်းပိုးနဲ့ ဒီလမ်းပေါ် လျှောက် တယ်(မှန်ပါ့ဘုရား)နောက်တစ်နေ့သွားပြန်တော့ကော၊ (ဒီ ထမ်းပိုးနဲ့ ဒီလမ်းပါပဲဘုရား) ဘယ်မှာ သူ့ လွတ်ရေး-ကျွတ် ရေးဆိုတာ ပါသေးရဲ့လား၊ (မပါ-ပါဘုရား)။

http://www.dhammadownload.com



အဲဒီအတိုင်း ဖြစ်ပြီးသကာလ ဒကာ ဒကာမတွေ (၁)က လာလိုက်တာ (၂) ၂-ထဲက (၃)တွေပွား၊ (မှန်ပါ့)ပွားလို့ (၄)ဖြစ်၊ ၄-ထဲက တစ်ခါ ဒကာ ဒကာမတွေ သိတဲ့အတိုင်း (၅)ဖြစ်တဲ့သမုဒယသစ္စာ ပွားဦးမှာပဲ၊ (ပွားဦးမှာပါဘုရား) ပွားရင် (၆)ဖြစ်တဲ့ ဒုက္ခသစ္စာ၊ (ရမှာပါဘုရား)။

၆-ထဲကျတော့ တစ်ခါ ဘာဖြစ်ဦးမယ် ထင်ကြသလဲ၊ (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား) သမုဒယသစ္စာတွေ ပေါ် ဦးမှာပဲ၊ (ပေါ်မှာပါပဲဘုရား) ပေါ်ရင် (၇)မဖြစ်ဘူးလား၊ (ဖြစ်ရပါတယ်ဘုရား)။

၇-ထဲက ဘာတွေပွားဦးမယ် (သမုဒယသစ္စာတွေပွားပါ မယ်ဘုရား) သမုဒယတွေပွားရင် ၈-ဒုက္ခသစ္စာ၊ (ရဦးမှာပဲ ဘုရား) ၈–ဒုက္ခသစ္စာထဲက ဘာတွေပွားဦးမယ်၊ (သမုဒယ သစ္စာတွေပွားဦးမှာပါ) ကဲ–ဆုံးကြပါဦးမလား၊ (မဆုံးပါ ဘုရား)။

သံသရာ ရှည်တယ်ဆိုတာ ဒကာ ဒကာမတို့ အတန်းပြေး လား-အဝိုင်းပြေးလား(အဝိုင်းပြေးပါဘုရား)ခင်ဗျားတို့က သာရှည်တယ်ပြောနေတာပုံစံကြည့်တော့အဝိုင်းပြေး၊ (မှန်လှ ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) သံသရာရှည်တာလား၊ အဝိုင်း လှည့်နေတာလား၊ (အဝိုင်း လှည့်နေတာပါ ဘုရား) ဒကာကြွယ် ဒီလိုလှည့်ခဲ့ရတာ ဘယ်လောက်ကြာပလဲ၊ (မရေ တွက်နိုင်ပါဘုရား)။

ဘယ်တော့မျှားထွက်ပေါက်တွေ့ခဲ့သလဲ(မတွေ့ခဲ့ပါဘုရား) သမုဒယဒုက္ခ-သမုဒယဒုက္ခ-သမုဒယဒုက္ခဆိုတော့**သမုဒယကမီး ဒုက္ခက လောင်စာ**၊ (မှန်ပါ့ဘုရား) **မီးနဲ့လောင်စာ လှည့်နေ**

http://www.dhammadownload.com



တာပဲ၊ မီးဖြစ်လိုက်—လောင်စာ ဖြစ်လိုက်၊ မီး ဖြစ် လိုက်–လောင်စာဖြစ်လိုက်၊ မီးဖြစ်လိုက်—လောင်စာဖြစ်လိုက်၊ ဒါပဲရှိတယ်ဆိုတာ ဒကာကြွယ်....ဒီဘဝမှာမှ ထွက်လမ်းမတွေ့လို့ရှိရင်ဖြင့် နေခြင်းဆိုးနဲ့ သေခြင်းဆိုးသာ မှတ်၊ (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (နေခြင်းဆိုးနဲ့ သေခြင်းဆိုးပါဘုရား)။

နေခြင်းဆိုးနဲ့ သေခြင်းဆိုး ဆိုတာ နေခြင်းဆိုးက ဒုက္ခသစ္စာ၊ (မှန်ပါ့) မဟုတ်ဘူးလား၊ (မှန်ပါ့) နေခြင်းဆိုးထဲ နေတော့လဲ ဒုက္ခကြီးနဲ့ နေရတာပဲ၊ သေတော့လဲ အပါယ်သွားရတယ်၊သေခြင်းဆိုးဖြစ်တော့ (မှန်ပါ့ဘုရား) အပါယ်သွားရတာ သမုဒယတွေ ပေါက်ပွားလို့၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တစ်သံသရာလုံး တပည့်တော်တို့ ဘာများဖြစ်ခဲ့ပါလိမ့်မလဲဘုရား–လို့လျှောက်လဲ နေခြင်းဆိုးနဲ့ သေခြင်းဆိုးလှည့်တယ်ကွ၊ (မှန်ပါ့ဘုရား) သဘောပါကြပလား၊ (ပါ–ပါတယ်ဘုရား) တစ်သံသရာလုံး ဘယ်လိုနေခဲ့ရသတုံး၊ (နေခြင်းဆိုးနဲ့ သေခြင်းဆိုး လှည့်ခဲ့ရပါတယ် ဘုရား) နေခြင်းဆိုးကနေပြီး သေခြင်းဆိုး ဖြစ်လိုက်၊ (မှန်ပါ့) သေခြင်းဆိုးကနေပြီး (နေခြင်းဆိုး ဖြစ်လိုက်ပါဘုရား)။

ကိုင်း....ဒကာ ဒကာမတို့ ဒီအဆိုးနှစ်ခု ဘယ်ဟာကြိုက်ကြသတုံး၊(ဘယ်ဟာမှမကြိုက်ပါဘုရား)ဒကာကြွယ်-ပေါ်ပါပြီ (ပေါ်ပါပြီဘုရား) ဩော်·ဒီဘဝမှာမှ ဒီလိုလမ်းပြကောင်းနဲ့ကိုယ်ကလဲ ဖြောင့်ဖြောင့်လိုက်မယ် ဆိုကြလို့ရှိရင်ဖြင့် နေခြင်း

http://www.dhammadownload.com



ဆိုးနဲ့ သေခြင်းဆိုး ဇာတ်သိမ်းပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) နေခြင်းဆိုးနဲ့ သေခြင်းဆိုး၊ (ဇာတ်သိမ်းပါမယ် ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို ကရုဏာ ရှေ့ထားပြီးသကာလ ပြောကြားပါတယ်၊ (မှန်လှပါဘုရား) ဒီတရားမျိုးကိုမနာရတော့ဘူး ဒကာကြွယ်ရေ၊ (မနာရတော့ ပါဘုရား) ဒီတရားမျိုးကိုလဲ နားမလည်ဘူး၊ နာလဲမနာရ တော့ဘူးဆိုတော့ ကိုယ့်အကြောင်း ကိုယ်သိသေးရဲ့လား၊ (မသိပါဘုရား)။

ဒါဖြင့် ကိုယ့်အကြောင်းမှ ကိုယ်မသိတဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက် ဖြစ်ပြီးသကာလနေတော့ သူသည် အို–ဘယ်က လာမှန်းလဲမသိဘူး၊ဘာဖြစ်နေမှန်းလဲ မသိဘူး၊သေတော့လဲ ဘာဖြစ်မှန်းလဲ မသိဘူး၊ (မသိပါဘုရား) တကယ့်လမ်းမှ သွက်ချာပါဒ မီးနဲ့-မစင်နဲ့ကို မထူးအောင် ရှုးတဲ့ အရှုးလို ဖြစ်နေတယ်၊ (မှန်လှပါဘုရား) တယ်-ကြောက်စရာကောင်း ပါကလား၊ (ကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီအချိန်, ဒီအခါကာလကလေး မလွတ် စေနဲ့လို့ ပြောတာများ–ဒကာကြွယ်က ဘုန်းကြီးဘုရား အဖိုး တန်အောင် ပြောနေတယ်ဆိုတာလား၊ ခင်ဗျားတို့ နေခြင်း ဆိုး သေခြင်းဆိုးလွတ်အောင် ပြောတာလား၊(နေခြင်းဆိုး သေခြင်းဆိုး လွတ်အောင် ပြောတာပါဘုရား)။

တရားကတော့ အဖိုးတန်လွန်းလို့ခင်ဗျားတို့ကလဲနေခြင်း ဆိုး သေခြင်းဆိုးကလဲ ကြာခဲ့ကြတယ်၊ (မှန်ပါ့) ထိုကဲ့သို့ ကြာတာကြီးကိုပဲ ဘယ်လိုမှ နေခြင်းဆိုးဖြင့် လွတ်အောင်

http://www.dhammadownload.com



သေခြင်းဆိုးဖြင့် လွတ်အောင်ကိုလဲ ကိုယ့်ဉာဏ်စွမ်းနဲ့၊ ကိုယ့်ကံစွမ်းနဲ့ ဒကာသစ်–စဉ်းစားလို့ ရကိုမရဘူး၊ (မရပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒီဘက်ကျရင် ဉာဏ်စွမ်း, ကံစွမ်းအကုန်တုံးတာပဲ၊(မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ဒီဘက်ကျရင်–(ဉာဏ်စွမ်း, ကံစွမ်း တုံးပါတယ်ဘုရား)ဒါတွေက သဗ္ဗညုတဉာဏ်အရာတွေ၊ (မှန်လှပါဘုရား) ဘုန်းကြီးတို့မှာ အမွေထားပစ်ခဲ့လို့သာ ပြောတတ်တာ၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့အရာလား၊ (မဟုတ်ပါဘုရား) သဗ္ဗညုတဉာဏ်၏ အရာ–(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်ဟာကိုယ်သာ နေကြတော့မယ်ဆိုလို့ရှိရင်ဖြင့်ဟောဒါက အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သမုဒယသစ္စာနဲ့ နေခဲ့တယ်၊ (မှန်ပါ့)ဒီကျတော့ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာရတယ်ဆိုပြီး သေခြင်းဆိုးဖြစ်ရတယ်၊ (မှန်ပါ့ဘုရား)။

ဒါ–ဒီက ကိလေသာမီးတွေနဲ့ နေခဲ့တဲ့အတွက် သေခြင်းဆိုး (မှန်လှပါဘုရား) ဟိုဘက်ကျတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ခန္ဓာငါးပါး ဒုက္ခသစ္စာနဲ့ နေတာက နေခြင်းဆိုး၊ (မှန်လှပါ) ဒီနေခြင်းဆိုးထဲက နေပြီးသကာလတဲ့၊ဒကာ ဒကာမတို့ .. သေခြင်းဆိုးတရား ကြိုးစားဦးမယ်၊ (ကြိုးစားပါတယ်ဘုရား) ၃–နံပါတ် ပြန်ကြိုးစားတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ကြိုးစားပြန်တဲ့ အခါကျတော့ နေခြင်းဆိုး ပြန်ရောက်ဦးမယ်၊ (ရောက်ပါတယ်ဘုရား)မရောက်ပေဘူးလား၊

http://www.dhammadownload.com



(ရောက်ပါတယ်ဘုရား) အဲဒါ နံပါတ်ဆွဲလို့ မောင်ဘသော်၊ လောက်ပါဦးမလား၊ (မလောက်နိုင်ပါဘုရား)ဘယ်လောက် ဆွဲဆွဲ (မလောက်ပါဘုရား) ကြာတော့ ဂဏန်းသာ ကုန်စရာ ရှိတယ်၊ ကျုပ်တို့ ဒီလည်ပတ်နေတာက မဆုံးပါဘူး၊ (မဆုံး ပါဘုရား)။

ဒါ့ကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးကအဝိုင်းပြေး ပြေးပြီး နေခြင်းဆိုး သေခြင်းဆိုး လှည့်ကြည့်တော့ အဝိုင်း ပြေးသမား မြင်ရတော့ ''ကိစ္ဆံ ဝတ အယံလောကော''ကျ လောကကြီး ပင်ပန်းလိုက်တာ၊ တော်တော်ကြာ အိုပြန်ပြီ၊ သေပြန်ပြီ၊ တော်တော်ကြာ ပဋိသန္ဓေနေပြန်ပြီ၊ ဒီ–ပဋိသန္ဓေ နေတဲ့ပုဂ္ဂိုလ် အိုပြန်–သေပြန်သတဲ့၊ ဒါပဲလှည့်တယ်၊ (မှန်လှ ပါ) ဒီ့ပြင် ဘာပါသေးသလဲ၊ (ဘာမှမပါ–ပါ ဘုရား)။

အဲဒီလို ဘာမှမပါတာ မသိတော့ ''ကိစ္ဆံ ဝတ အယံ လောကော''ဆိုပြီး ဘုရားက ပင်ပန်းလိုက်တာကွာ၊ ဘယ် အခါကာလမှ ဒီ ဇရာ, မရဏတို့အကြောင်း သိပါ့မလဲလို့ ရှာတဲ့အခါ ဇရာ,မရဏဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဒီဘက် မှာရှိပါတယ်၊ (ရှိပါတယ်ဘုရား)။

နောက်ဆုတ် ရှောက်ပြီးသကာလ တွေးလို့ရှိရင် သူ့ကို သွားမိတယ်၊ (မှန်လှပါ) ဇရာ,မရဏ၏ လက်သည်က သူပဲ၊ (မှန်ပါ့ဘုရား)ဘယ်သူပါလိမ့်(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာပဲ။

သြော်....သူ့ကြောင့် ဒကာ ဒကာမတို့ မြင်တဲ့အတိုင်း ပတ်ပြီးသကာလ သွားလိုက်တာ နောက်ဆုံးပိတ်ကျတော့ ဇာတိ ဇရာ မရဏ (မှန်လှပါဘုရား)။

http://www.dhammadownload.com



သူလက်သည်ပဲဆိုတာ ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား) ဘယ်သူမါလိမ့်၊ (အဝိဇ္ဇာကြောင့်ပါဘုရား) ဒကာကြွယ် ပေါ်ပြီ (ပေါ်ပါပြီဘုရား)ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကိုဒကာဒကာမတို့ နေ့တိုင်း ဆောင်ပြီးသကာလ ဟောနေတာ ခင်ဗျားတို့ သိစရာတွေက အများကြီး ကျန်သေးတယ်၊ မကျန်ဘူးလား၊ (ကျန်ပါတယ်ဘုရား)။

အဲဒီလိုကျန်လို့ ကိုင်း–ဒကာဒကာမတို့ဟောတာ အိုတာနဲ့ သေတာဘယ်ကလာသတုံး၊ဇာတိကလာတယ်(မှန်ပါ့ဘုရား) ဇာတိဘယ်က‐လာသတုံး၊ ကမ္မဘဝက လာတယ်၊ ဥပါဒါန်က လာတယ်၊ တဏှာကလာတယ်၊ ဝေဒနာကလာတယ်၊(မှန်ပါ့ဘုရား) နောက်ဆုတ် ပေးလိုက်တော့ ဒီ မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့အဖန်ဖန်အို့,အဖန်ဖန်သေတာဘယ်သူ့ကြောင့်ပါလိမ့်၊ (အဝိဇ္ဇာကြောင့်ပါဘုရား) အဖန်ဖန်အို, အဖန်ဖန်သေတာ (အဝိဇ္ဇာကြောင့်ပါဘုရား) အဖန်ဖန်ဆိုတာ, မရေတွက်နိုင်အောင်ပြောတာ၊ (မှန်ပါ့ဘုရား)။

အင်း–သူမချုပ်သရွေ့ **ဒီသမုဒယ သစ္စာနဲ့ အဝိဇ္ဇာ မချုပ်သရွေ့ကာလပတ်လုံး ခင်ဗျားတို့ ကျုပ်တို့မှာဖြင့် အိုသေဟာ ကိုယ်ပိုင်ပစ္စည်း**ပဲ၊(မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီဘုရား)။

ဒီဟာ-ဇရာက အိုတာ၊မရဏက သေတာ၊ (မှန်ပါ့) ဒါ အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်း၊ (မှန်ပါ့ဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား)အိုသေဟာ ဘယ်သူ့ပစ္စည်းပါလိမ့်၊ (အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ပစ္စည်းပါဘုရား)။

http://www.dhammadownload.com



ကဲ-ဒါဖြင့် မောင်ဘသော်တို့ကစဉ်းစား ဒကာသစ်တို့က စဉ်းစားတာပေါ့နော်-ဩော်–အဝိဇ္ဇာချုပ်အောင် မလုပ်နိုင်သေးသရွေ့ ကာလပတ်လုံးဖြင့် အိုဟဲ့– သေဟဲ့– ဆိုတာ ဆုမတောင်းဘဲနဲ့ ပြည့်နေတယ်၊(မှန်ပါ့ဘုရား) အဝိဇ္ဇာ မချုပ်သရွေ့ကာလပတ်လုံး၊ (အိုဟဲ့–သေဟဲ့- ဆိုတာ ဆုမတောင်းဘဲနဲ့ ပြည့်နေပါတယ်ဘုရား)'။

– အိုဟဲ့–သေဟဲ့-ဆိုတာ ဒကာဒကာမတို့ ကိုယ်ပိုင်ပစ္စည်း (မှန်ပါ့)ငါတော့ဖြင့် အိုမှာပဲ၊ (မှန်ပါ့) ငါတော့ဖြင့် မုချသေမှာပဲ၊ (မှန်ပါ့) ဘာ့ကြောင့်တုံး ဆိုရင်တော့ အဝိဇ္ဇာမချုပ်လို့၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဤကဲ့သို့ စဉ်းစားတဲ့ အခါကျတော့ အဝိဇ္ဇာမချုပ်တဲ့ပုဂ္ဂိုလ်၏အဖြစ်ဆိုး၊ဒီအဖြစ်ဆိုးဟာ ဒကာဒကာမတို့ အင်မတန်မှ ကြောက်စရာ ကောင်းပါလား၊ (ကြောက်စရာကောင်းပါတယ်ဘုရား)အိုလိုက်၊သေလိုက်၊ဘယ်သူ့ကြောင့်တုံး၊(အဝိဇ္ဇာကြောင့်ပါဘုရား)ပူလိုက်,ဆွေးလိုက်၊(အဝိဇ္ဇာကြောင့်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မြို့ထဲရွာထဲမှာ ဟိုလူမှာ ကြည့်လိုက်လဲ မျက်စိ မကြည်မသာနဲ့၊ ဒီဘက်လူကြည့်လိုက်တော့လဲ မျက်စိ မကြည်မသာနဲ့(မှန်ပါ့)ဘာဖြစ်နေတာတုံး၊ သောကပရိဒေဝ ဖြစ်နေတာပဲ၊ (မှန်ပါ့)။

ဒီသောက ပရိဒေဝ ဘယ်ကလာပါလိမ့်၊ (အဝိဇ္ဇာကလာပါတယ်ဘုရား)ဒီအဝိဇ္ဇာကချည်း လာတာပဲ၊(မှန်ပါ့ဘုရား) ဒီကိုယ်၏ ဆင်းရဲခြင်းတွေ ဘယ်က လာပါလိမ့်၊ (အဝိဇ္ဇာက

http://www.dhammadownload.com



လာပါတယ်၊ ဒီပူပန်မှုတွေကော၊(အဝိဇ္ဇာက လာပါတယ်) ဒီ အို,သေတွေ၊ (အဝိဇ္ဇာက လာပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာကြွယ်-အဝိဇ္ဇာမချုပ်သရွေ့ဖြင့် ကျုပ်တို့သည်ကားလို့ဆိုရင် အလယ်ဇာတ်လဲမသိမ်း အပူဇာတ်လဲမသိမ်း၊ အသေဇာတ်လဲ၊ (မသိမ်းပါဘုရား)။

မသိမ်းဘူးဆိုတာခင်ဗျားတို့ဝမ်းထဲမှာထားကြပါ၊တော်တော်အရေးကြီးပါကလားဆိုတာမှတ်မိပါပြီ(မှန်ပါ့ဘုရား) အရေးမကြီးဘူးလားဒကာကြွယ်၊ (ကြီးပါတယ် ဘုရား)။

အဲဒီတော့ ယနေ့ ဘုန်းကြီးကဟောပါမယ်–တဲ့၊ အဝိဇ္ဇာချုပ်နည်းကိုဟောပါမယ်၊ (မှန်ပါ့ဘုရား) ဩော်-ဒီအဝိဇ္ဇာသာ ချုပ်ရင်ဖြင့် သမုဒယသစ္စာချုပ်တယ်၊ (မှန်ပါ့ဘုရား) သမုဒယသစ္စာသာချုပ်ရင် ဒီဒုက္ခသစ္စာ(ချုပ်ပါတယ်ဘုရား) ဒီသမုဒယသစ္စာကော ပေါက်ပွားဦးမလား၊ (မပေါက်ပွားပါဘုရား) ဒီဇရာ,မရဏ,ဒုက္ခသစ္စာကော၊(မပေါက်ပွားပါဘုရား)။

ဒါဖြင့် မအိုရာ,မနာရာ နိဗ္ဗာန်ကို ခင်ဗျားတို့ သူချုပ်မှရမယ်၊ (မှန်ပါ့ဘုရား) ဆုတောင်း နေရုံနဲ့တော့ မရဘူး၊ (မရပါ) ရှင်းပလား၊ (ရှင်းပါပြီ) သူမချုပ်ရင် ဒီဘက်သွားတယ်၊ (သွားပါတယ်) ဒီဘက်ပြီးရင် ဒီပြန်လှည့်တယ်၊ (လှည့်ပါတယ်ဘုရား)။

ဒါဖြင့်ဆုတောင်းလို့နိဗ္ဗာန်ရမှာလား၊ဒီတရားချုပ်အောင်လုပ်တဲ့နည်းရမှ နိဗ္ဗာန်ရမှာလားမေးရင် ဖြေကြစမ်းပါ၊ (ဒီတရားချုပ်အောင် လုပ်တဲ့နည်းရမှ နိဗ္ဗာန်ရမှာပါ ဘုရား)။

http://www.dhammadownload.com



ဩြော်....ခင်ဗျားတို့ ဆုတောင်းလို့သာ ရမယ်ဆိုလို့ရှိရင် ခင်ဗျားတို့ တောင်းထားတဲ့ ဆုတွေသည်ကားလို့ ဆိုလို့ရှိရင် မနည်းပါဘူး၊ (မနည်းပါဘုရား) တောင်းတဲ့ဆုကလဲ ဘာနဲ့ တောင်းတုံးလို့ မေးပြန်တော့လဲ....တဲ့၊ အဝိဇ္ဇာနဲ့ပဲ တောင်းတယ်၊ (မှန်ပါဘုရား)။

နောက်ဘဝ လူဖြစ်ရပါလို၏ဆိုတော့ ဒါဟာဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒါဟာ လူပေါ့ဗျာ.... သမုတိသစ္စာနဲ့ ပြောရင်၊ (မှန်ပါ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟာ ဘာပါလိမ့်၊ (လူပါဘုရား) လူဖြစ်ရပါလို၏ - ဆိုတော့ ဒုက္ခသစ္စာမသိတဲ့ အဝိဇ္ဇာ အုပ်ချုပ်ပြီး သခ်ါရနဲ့ တောင်းထားတယ်၊ (မှန်ပါဘုရား) မတောင်း ဘူး လား၊ (တောင်းပါတယ်ဘုရား)။

ကဲ....ဒကာဒကာမတို့ ဒုက္ခငြိမ်းရာ ရှာလိုက်တာ ဒုက္ခပဲ တောင်းယူမိရက် ကြုံတယ်၊ (မှန်ပါဘုရား) ဒါဖြင့် ဒကာ ဒကာမတွေ လူ့ဘဝ,နတ်ဘဝ ဆုတောင်းတာသည် သမုဒယ သစ္စာနဲ့တောင်းတာ၊(မှန်ပါ)ရတော့ဘာရသလဲ၊(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ဒါ ဦးလှဘူးတို့ရှေးက မသိခင်တုန်းကတော့ ကျုပ်ဖြင့် ဗျာ-ဆုတော့ဖြင့် ကောင်းကောင်းတောင်းခဲ့တာ (ပြောခဲ့ပါ တယ်ဘုရား) ဆုကောင်းကောင်း တောင်းခဲ့တာပဲ....တဲ့၊ ဒီ ဘဝ နေရ-ထိုင်ရတာ အချိုးမကျတာနဲ့၊(မှန်ပါ)ဒကာကြွယ် တို့လဲ ဒီအတိုင်း ပြောခဲ့တယ်၊ (ပြောခဲ့ပါတယ်ဘုရား)။

http://www.dhammadownload.com



အင်း–ဘာတွေတောင်း၊ နောင်ဘဝကျလို့ရှိယင် လူချမ်းသာ, နတ်ချမ်းသာ လိုချင်တယ်၊ ဒီအဖြစ်မျိုးဖြင့် မကြုံရပါစေနဲ့၊ မဆုံပါရစေနဲ့၊ ဒီ့ထက်ချမ်းသာတဲ့ လူချမ်းသာ, နတ်ချမ်းသာကိုသာလိုချင်ပါတယ်ဆိုပြီး ကျုပ်တော့ အတောင်းကြီး တောင်းခဲ့တာပဲ၊ (မှန်ပါ့ဘုရား) ဘာနဲ့တောင်းခဲ့သလဲ၊ (အဝိဇ္ဇာနဲ့ တောင်းခဲ့ပါတယ်) ဒီအဝိဇ္ဇာနဲ့မသိလို့ တောင်းခဲ့တာ၊ (မှန်ပါ့) အဝိဇ္ဇာမသိတော့ သင်္ခါရက· (တောင်းခဲ့ပါတယ်ဘုရား)။

သင်္ခါရစေတနာလုပ်ပြီး တောင်းတဲ့တဏှာတွေနဲ့ တောင်းချလိုက်တယ်၊ (မှန်လှပါ) ဒီဘဝဆင်းရဲလို့ တောင်းချ လိုက်တယ်၊ (တောင်းပါတယ်ဘုရား) တောင်းတော့ နောင်ဘဝဘာသစ္စာရသလဲ၊ (ဒုက္ခသစ္စာ ရပါတယ်ဘုရား) မှားလိုက်တဲ့ တောင်းချက်နှယ်၊ (မှားပါတယ်ဘုရား) ဒကာ ဒကာမတွေဘယ်လိုဖြေကြမယ်၊ (တောင်းချက် မှားပါတယ်ဘုရား)။

တောင်းလိုက်တာဖြင့် တစ်ခါတည်း-တဲ့၊နောင်ဘဝ ချမ်းသာဆိုပြီး ကျုပ်တော့ဖြင့် အတင်း အဓမ္မ တောင်းခဲ့တာပဲ၊ ဒီတစ်ခါတော့ သက္ကစ္စလဲ ပါ-ပါတယ်ဗျာ၊တကယ်ပဲ နောက်ဘဝချမ်းသာတော့ လိုချင်ပါတယ်၊နောက်ဘဝပါတယ်နော်၊ (ပါ–ပါတယ်ဘုရား)။

နောက်ဘဝချမ်းသာတော့ ကျုပ်တော့တကယ်တွေ့မှာပဲ၊ ဒါ့ကြောင့် ရှေးတုန်းကတော့ဖြင့် တော်အောင်,ရော်အောင် တောင်းခဲ့ပါတယ်၊ (မှန်ပါ့) အခုတော့ဖြင့် ကျကျနနပဲ တောင်းခဲ့ပါတယ်၊ နောက်ဘဝ ဒီလိုဆင်းရဲထဲကိစ္စ မရှိပါရစေနဲ့ဆိုတာကို ကျုပ်အရေးတကြီးထားပြီး တောင်းခဲ့တယ်၊

http://www.dhammadownload.com



ဒကာကြွယ်-ပြောချင်ပြောမယ်၊ (ပြောခဲ့ပါတယ်ဘုရား)ပြော လို့လွဲတယ်၊(လွဲပါတယ်ဘုရား)၊ဘယ်လိုဆိုကြမယ်၊ (ပြောလို့ လွဲပါတယ်ဘုရား) ပြောတာက သမုဒယသစ္စာ၊ လွဲတာက ဒုက္ခသစ္စာ၊ (မှန်ပါ့)။

ကြုပ်ကြုပ်တောင်းလေ ဒုက္ခသစ္စာရလေပဲ၊ (မှန်ပါ့ဘုရား) ကြုပ်ကြုပ်တောင်းလေ (ဒုက္ခသစ္စာ ရလေပါပဲဘုရား) ဩော်-ဘာဖြစ်လို့တုံးဆိုတော့ မသိလို့တောင်းတာ၊ (မှန်ပါ့ဘုရား) ဘာသစ္စာတုံး၊(သမုဒယသစ္စာပါဘုရား)မသိလို့တောင်းတာ (သမုဒယသစ္စာပါဘုရား) တောင်းလို့ပြည့်တာ၊ (ဒုက္ခသစ္စာ ပါ ဘုရား)။

သွားကြတော့ ခင်ဗျားတို့၊ ခင်ဗျားတို့ ဘုန်းကြီးနဲ့ လာ မတွေ့ယင် အသေပဲ၊ (အသေပါဘုရား)သေလို့ကိုမဆုံးတော့ ဘူး၊ (မှန်လှပါဘုရား)ဆုံးစရာမျှား မြင်သေးရဲ့လား၊(မမြင် ပါ ဘုရား)။

အဲဒါဟာ–တဲ့၊ ဒကာကြွယ်– စကားကြီး ပြောတယ်လို့ မယူနဲ့နော်၊ (မယူပါ ဘုရား) ဒကာကြွယ်တို့ အသိဟာ အင် မတန်မှ ဆိုးဝါးနေတယ်၊ (ဆိုးဝါးပါတယ် ဘုရား) မဆိုး ဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ဘာဖြစ်ဖြစ် ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနား ခင် ဗျားတို့ကကြိုက်တယ်၊ (မှန်ပါ့) မသိလို့ကြိုက်တာပေါ့၊ (မသိ လို့ကြိုက်တာပါ) ကြီးတော့ ငယ်ဒုက္ခလား– ကြီးဒုက္ခလား၊ (ကြီးဒုက္ခပါဘုရား) ဒီ့ထက်ကြီးပြန်တော့ (ဒီ့ထက်ကြီးတဲ့ ဒုက္ခပါဘုရား)။

http://www.dhammadownload.com



အဲဒါ ဒကာကြွယ်တို့က တိုက်လဲကြီးကြီး နေချင်တယ်၊ ကားလဲကြီးကြီး စီးချင်တယ်၊ စိန်လဲကြီးကြီး ဝတ်ချင်တယ် ဆိုတာ ဘာသစ္စာတွေထင်ကြသလဲ၊(ဒုက္ခသစ္စာတွေပါဘုရား)

ဒါ–ဘယ်သူ့ကြောင့် ဒီလောက်တောင် အမိုက်ရဲပါလိမ့် မတုံးလှိုမေးတော့ ဒီက အဝိဇ္ဇာက မသိအောင် လုပ်ထားသို့၊ (မှန်ပါ့)ဒါမိုက်ရူးရဲသာဖြစ်တယ်၊မဖြစ်ဘူးလားဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား) သိပ်ဆိုးပါကလား ဒကာ ဒကာမတို့၊ (ဆိုးပါတယ်ဘုရား)။

ဒကာသစ်ရေ–ဒီတရားမျိုးနဲ့ ဒီအမှန်တရားကို မသိရလို့ ရှိရင်ဖြင့် ဒီ့ထက် ကိုယ်ကျိုးနည်းမရှိပါဘူး၊(မရှိပါဘုရား) ရှိကြသေးရဲ့လား၊ (မရှိပါဘုရား) သေသေချာချာ နားကြီး ကြီးနဲ့ ထောင်တော့မှ ဩော်....ဒို့နေခဲ့ရတာ အလွဲနဲ့အချော် ချည်းပါကလားဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ် ဘုရား) ဘယ်လိုပေါ်လာကြသတုံး၊ (အလွဲနဲ့ အချော်ချည်း ပါဘုရား)။

ခဏလေးနေရတာ၊ (မှန်ပါ) လူ့ဘဝကို စတုမဟာရာဇ် နတ်ပြည်အဖနနဲ့ တွက်မယ်ဆိုလို့ရှိရင် လူ့ပြည်အနှစ်ငါးဆယ် မှ စတုမဟာရာဇ်က တစ်ရက်ရှိသေးတယ်၊ (မှန်ပါ့) သူတို့ တစ်ရက်ခွဲလောက်ဆိုရင် ဒီကသေပြီ၊ (သေပါပြီ)။

ဒါဖြင့် တစ်ရက်ခွဲ အသက်ရှင်တာပေါ့၊ (မှန်ပါ့) ရိပ်မိ ပလား (ရိပ်မိပါပြီ) တစ်ခါ တာဝတိံသာက နေတွက် တော့ တာဝတိံသာက လူ့ပြည်အနှစ်တစ်ရာမှ သူကတစ်ရက် ရှိသေးတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တစ်ရက်အတွင်း မွေး၊ တစ်ရက်အတွင်း သေပေါ့ (မှန်ပါ့ဘုရား) ဘယ်လောက်တိုတယ် ဆိုတာကော၊ (ပြောဖို့မလိုပါဘုရား) အဲဒီ တိုတဲ့အထဲမှာ ခင်ဗျားတို့ကလဲတဲ့၊ ဒီလောက်တိုနေတဲ့အထဲမှာ ဒီမိုက်ပြစ်တွေက ပေါ်သေးတယ်၊ (ပေါ်ပါတယ်) သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်၊ (မှန်ပါ့) ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပြန်လုပ်တယ်၊ (ပြန်လုပ်ပါတယ်ဘုရား)။

ကဲ....ဒီလောက်တိုတဲ့အထဲမှာ မိုက်ဖြစ်အောင် မိုက်သေးတယ်၊ (မှန်ပါ့) ရိုပ်မိပလား၊ (ရိပ်မိပါပြီဘုရား) အသက်တမ်းကလဲ (တိုပါတယ်ဘုရား) တိုတဲ့အထဲမှာ (မိုက်ဖြစ်အောင်လဲ မိုက်ပါသေးတယ်) မတော်—မမိုက်မိရလိုက်မှာ စိုးလို့လား၊ (မဟုတ်ပါဘုရား)။

ဒတာကြွယ်....ဒါပဲ မေးစရာ ရှိတော့တယ်၊ (မှန်လှပါဘုရား) ဒီလောက်တိုတဲ့အထဲမှာ ကပျာကယာ မိုက်လိုက်ရတယ် ဆိုတဲ့ အဓိပ္ပာယ်ကော (ရောက်ပါတယ်ဘုရား)ဒီဒကာဒကာမတွေ ဖြစ်မှဖြစ်ရပလေတယ်၊ (မှန်ပါ့)။

ဒကာသစ်....ဒီအထဲမှာ အခုရောင်းလိုက်, ဝယ်လိုက်, ပြောလိုက်, ဆိုလိုက်, လုပ်လိုက်, ကောက်လိုက်, ညစ်လိုက် ဆိုတဲ့ အသွားတွေလဲ ခင်ဗျားတို့ကလဲ မလွဲသာလို့လုပ်တာပဲ၊ (မှန်ပါ့ဘုရား)။

မလွဲသာဘက်က ဘာဖြစ်လို့ မလွဲသာတာတုံး ဆိုလို့ရှိရင် ဖြင့် အဝိဇ္ဇာကရှိပြီးသကာလနေတော့ ဒါတွေဟာ သားတွေ မယားတွေပဲ ဖြစ်နေတယ်နော်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီဘဝ အဝိဇ္ဇာက ဒါတွေ သားတွေ မယားတွေပဲ-တဲ့၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာတွေကိုဘာတွေလို့ လုပ်ထားသလဲ၊ (သားမယားတွေ လုပ်ထားပါတယ် ဘုရား) သားတွေမယားတွေလို့လုပ်ထားတယ်၊ ငါလို့လုပ်ထားတယ်၊ (မှန်ပါ့ဘုရား) ဒါဘယ်သူက လုပ်ထားပါလိမ့်၊ (အဝိဇ္ဇာက လုပ်ထား ပါတယ်ဘုရား)။

အဝိဇ္ဇာက မသိအောင် တစ်ခါတည်း ဒုက္ခသစ္စာဖုံးထားလိုက်တော့ ဒါတွေဟာသားတွေမယားတွေဟာ ငါ၏ကိုးစားရာ အားထားရာ ငါကျွေး,ငါမွေးမှလှမှာ, ဝမှာတွေ အစရှိသည်ဖြင့် မလာဘူးလား၊(လာပါတယ်ဘုရား)လာတော့တစ်ခါတည်း-တဲ့၊ အချိန် တိုရတဲ့အထဲမှာ လိမ်မကွာ, ကောက်မကွာ,ကျစ်မကွာ, ရောင်းမကွာ, ဝယ်မကွာ ဆိုပြီးသကာလ သမုဒယသစ္စာတွေ ပြန်ပြီးပွားတယ်၊ (ပွားပါတယ်ဘုရား)။

ဒုက္ခရောက်ရတဲ့အထဲကနေပြီး သကာလ မိုက်ပွဲ ဆင်နွဲပြန်တယ်၊(ဆင်နွဲပါတယ်ဘုရား)ဒုက္ခရောက်နေတဲ့အထဲက၊ (မိုက်ပွဲ ဆင်နွဲပါတယ်ဘုရား)။

ဒါက ဒုက္ခသစ္စာကိုး၊ ဒီအထဲကနေပြီး ဒီ သမုဒယသစ္စာတွေဆိုတော့ ဒုက္ခရောက်နေတဲ့ပုဂ္ဂိုလ်ဟာမိုက်ပွဲဆင်တာ (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်၊ (ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ မိုက်ပွဲဆင်တာပါဘုရား)ဒကာကြွယ်တို့မတွေ့ရင် အခက်ကြီးဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒုက္ခရောက်နေတာက ခန္ဓာကြီးမဟုတ်လား (မှန်ပါ့) ၂၊ နံပါတ်ထဲ မရောက်ကြဘူးလား၊(ရောက်ပါတယ်ဘုရား) ဘာသစ္စာထဲ ရောက်နေသလဲ၊ (ဒုက္ခသစ္စာထဲ ရောက်နေပါတယ်)။

http://www.dhammadownload.com



အဲဒီထဲကနေပြီး ခင်ဗျားဟာ ယ်, မင်ဟာယ်, စိုးရိမ်ဟာယ်, ငါ့ကိုယ်ငါ့ဟာတွေလုပ်နေ်တဲ့ သမုဒယတွေ အဝိဇ္ဇာတွေ ဒကာကြွယ်-မလာဘူးလား၊ (လာပါတယ်ဘုရား)ဒါဖြင့် ဒုက္ခထဲမှာ မိုက်ပွဲဆင်တယ်၊ ဘယ်လိုဆိုကြမယ်၊ (ဒုက္ခထဲမှာ မိုက်ပွဲဆင်ပါတယ်ဘုရား)။

ဒုက္ခထဲမှာမိုက်ပွဲဆင်နေတယ်ဆိုတာ ဒကာဒကာမတွေ မြည်တယ်, တွန်တယ်ဆိုတာက ဘုန်းကြီးကပါးစပ်က ထွက်တာ ခင်ဗျားတို့က အလုပ်, လုပ်တဲ့ ပုဂ္ဂိုလ်တွေ၊ မိုက်ပွဲဆင်တာက ခင်ဗျားတို့က အလုပ်, လုပ်တာပဲ၊ (မှန်ပါ့) ဘုန်းကြီးက ပါးစပ်နဲ့ပဲပြောတာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ခင်ဗျားတို့ဒုက္ခထဲမှာ မိုက်ပွဲဆင်နေကြတယ်လို့ပြောတော့ မောင်ဘသော်တို့က နာချင်နာမယ်၊ (မှန်ပါ့ဘုရား) ဒီက အပြောသာရှိတယ်(မှန်ပါ့)ကိုယ်ကအလုပ်ဖြစ်တယ်(မှန်ပါ့)။

အဲ့ဒီတော့–အလုပ်သမားနဲ့ အပြောသမား အပါယ်သွားတော့ကို ဒကာ ဒကာမတို့ အပြော သမားက ဆိုးမတာ၊ (မှန်ပါ့) အလုပ်သမားက အပါယ်သွားရတယ်၊ (သွားရပါတယ်ဘုရား)။

ကဲ–အပြောသမားက ဆိုးသလား၊ အလုပ်သမားက ပိုမိုခရီးရောက်သလား၊ (အလုပ်သမားက ပိုမို ခရီးရောက်ပါတယ်ဘုရား) အပါယ်အရောက်သွားတာ၊ (ရောက်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီတော့ - ခင်ဗျားတို့ ငေါ့ကြ, စောင်းကြ ခဏကလေးနေတဲ့ အထဲမှာပဲ ဟိုနဲ့ မတဲ့ ဒီနဲ့ မတဲ့ ရှုပ်နေတာပဲ၊ (ရှုပ်

http://www.dhammadownload.com



ပါတယ်ဘုရား) ဟာ-ဘာတွေ ပွားနေတာတုံးဆိုတော့ အို… ဒုက္ခထဲ မိုက်ပွဲဆင်တာပါဘုရား၊ (မှန်ပါ့ဘုရား) ဒုက္ခရောက်နေတဲ့အထဲမှာ၊ (မိုက်ပွဲဆင်တာပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့နောက်ဒုက္ခမျှော်ကိုးလို့ပေါ့၊ရိပ်မိပလား၊ (ရိပ်မိပါပြီ)ဘာမျှော်ကြတာလဲ၊ (နောက်ဒုက္ခမျှော်ကိုးတာပါဘုရား)နောက်ဒုက္ခ ဒီ့ထက်ကြီးတာ လာမလား၊ သေးတာ လာမလား၊ (ဒီ့ထက်ကြီးတာလာပါမယ်ဘုရား)။

အံမာလေး- ဒကာ ဒကာမတို့ ခင်ဗျားတို့-ခင်ဗျားတို့-မိုက်ပုံတွေက တူးချစ်နေပြီ၊ (မှန်လှပါဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒကာကြွယ်ကြီးတို့ တော်တော်သေးတယ်၊ နောက်ပိုင်းချိတ်မိတာနော်၊ အသေစောရင် မချိတ်မိဘူးလား အောက်မေ့(မချိတ်မိပါ)ဒကာ ဒကာမတွေကောချိတ်မိနိုင်ပါ့မလား (မချိတ်မိနိုင်ပါဘုရား) အသေစောရင် ဒီထဲ ဒကာ ဒကာမတွေ ဘယ်သူမှ မချိတ်မိနိုင်ဘူး၊ (မချိတ်မိနိုင်ပါဘုရား)။

ယနေ့တော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ရလို့ရှိရင်ဖြင့်- ဒီစက်ဝိုင်းဇာတ်ဖြင့် အစက သိမ်းပဟာလို့မှတ်၊ (မှန်လှပါဘုရား)အဝိဇ္ဇာကဝိဇ္ဇာ ဖြစ်လာရင်လေ၊ (မှန်ပါ့) စက်ဝိုင်းဇာတ် အစက သိမ်းမယ်ဆိုတော့ ဒီအစကိုသိမ်းပေးမှာ၊ ဒီနေ့တရားကနော်၊ (မှန်ပါ့ဘုရား)။

ကိုင်း - ဒကာကြွယ် ဘယ်လောက် အဖိုးတန်မယ် ဆိုတာပေါ်ပလား၊ (ပေါ်ပါပြီဘုရား)နာရီဝက် ကျော်သွားပြီတဲ့ ဒကာ ဒကာမတွေ အပြစ်ပြနေတာ (မှန်ပါ့ဘုရား) အပြစ်ပြနေတာ။

http://www.dhammadownload.com



ကဲဇာတ်သိမ်း အဝိဇ္ဇာတစ်ခုထဲဖြင့် အတော် ဂိုဟ်မေ့တဲ့ တရားပဲ၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာဟာ တော်တော် ဂိုဟ်မေ့ တယ်နော်၊(မှန်ပါ့)သူ့ကြောင့်သမုဒယသစ္စာဖြစ်၊သူ့ကြောင့် ဒုက္ခသစ္စာဖြစ်၊ (မှန်လှပါဘုရား)။

မသိလို့ဒုက္ခသစ္စာဖြစ်၊(မှန်ပါ့)တစ်ခါမသိပြန်လို့ သမုဒယ သစ္စာ၊ (ဖြစ်ပါတယ်ဘုရား) နောက်ကျတော့ အကျိုးဖြစ်ပြန် တော့လဲ ဒုက္ခသစ္စာဖြစ်၊ (မှန်လှပါဘုရား) အင်း-ဟင်–ဒုက္ခ သစ္စာ မသိပြန်တော့၊ (သမုဒယသစ္စာ ဖြစ်ပါတယ်ဘုရား)။

သမုဒယသစ္စာဖြစ်ပြန်တော့နောက်ဘာသစ္စာလာပြန်သတုံး (ဒုက္ခသစ္စာလာပါတယ်ဘုရား)အဲဒီဒုက္ခသစ္စာမသိပြန်ဘူးဗျာ (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား။) ဒါဖြင့်နောက်ဘာရမှာ တုံး၊(ဒုက္ခသစ္စာ ရမှာပါဘုရား) အဲဒီ ရတဲ့ ဒုက္ခသစ္စာမသိပြန် ဘူးဗျာ၊(သမုဒယသစ္စာပါဘုရား)ဆုံးနိုင်ပါ့မလား၊ (မဆုံး နိုင်ပါဘုရား) ဂျာအေး သူ့အမေရိုက်ကလဲ လာသေးတယ်၊ ဒါလဲရကို မရဘူး၊ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့်ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ-တဲ့၊ ဒီဟာ နောက်ဆုံးပိတ် ဘဝထားပြီးတော့ကို ကိုင်း– အဝိဇ္ဇာ ဖြင့် ဒို့ဖမ်းမိပါပြီ၊ မင့်ကြောင့် ဒို့ဒုက္ခဖြစ်တာ၊ မင်းကို ဝိဇ္ဇာ ဖြစ်အောင် ယနေ့ ဒို့ကြိုးစားတော့မယ်၊ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာကဝိဇ္ဇာဖြစ်အောင် ကြိုးစားတော့မယ်ဆိုလို့ရှိရင် ဖြင့် အဝိဇ္ဇာကဝိဇ္ဇာဖြစ်သွားတော့ အဝိဇ္ဇာချုပ်တယ်၊(မှန်ပါ့ ဘုရား)မချုပ်ဘူးလား၊(ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာ ချုပ် သွားလို့ရှိရင် ဒီသခါရ မချုပ်ပါနဲ့ဆိုလို့၊ (မရပါဘုရား)။

http://www.dhammadownload.com



မရတော့ပါဘူး ဒကာ ဒကာမတို့၊ ဒီ-အဝိုင်းဇာတ် အစက ဖြတ်တာပဲ၊(မှန်ပါ့ဘုရား)ဒီအဝိုင်းဇာတ်ကို(အစကဖြတ်တာ ပါပဲဘုရား)။

အစက ဖြတ်တာပဲဆိုတော့ ဒကာကြွယ်....တော်သေချင် သေပေစီ၊ ဒီ-ဖြတ်တဲ့အလုပ် လုပ်ဗျ၊ (မှန်ပါ့ဘုရား) ဒကာ ဒကာမတွေ ဘယ်လိုများ ဆုံးမ ပါလိမ့်၊ (တော်သေချင် သေ ပေစီ၊ ဒီ-ဖြတ်တဲ့အလုပ်ကို လုပ်ပါ) ဒီ-အဝိဇ္ဇာကို ဖြတ်မယ်၊ (မှန်ပါ့ဘုရား)အဝိဇ္ဇာဖြတ်တဲ့ အလုပ်ဆိုတာ ဝိပဿနာအလုပ် ပါပဲ၊ (မှန်ပါ့ဘုရား)။

တော်သေချင်သေပေစေကွာ ဒါလုပ်မယ်၊သူများကအေး- မင်းဒီအလုပ်ချည်း လုပ်နေ တော်သေမယ်၊ အို-တော်သေတာ က အရေးမကြီးဘူး၊ အပါယ်ကျမှာက အရေးကြီးတယ်၊ သဘောကျပလား၊ (ကျပါပြီ)တော်သေတာ ဘာ-အရေးကြီး သတုံး-ဒကာ ဒကာမတွေရဲ့၊ အပါယ် လွတ်သွားလိမ့်မယ်၊ (မှန်ပါ့ဘုရား) ဝ,ပြီးသကာလ သေပြောသော်လဲ အပါယ် မလွတ်လို့ရှိရင် ဒကာကြွယ် ဘယ်-အကောင်းလို့ ဆိုနိုင်ပါ့ မလဲ၊ (မဆိုနိုင်ပါဘုရား)။

ဒါ့ကြောင့် ဒကာသစ်ရေ....တော်သေနဲ့ အပါယ်ကျ ဘယ် ဟာကြိုက်သတုံး၊(တော်သေကြိုက်ပါတယ်ဘုရား)ဒကာကြွယ်- ဒါ-ဆုံးဖြတ်ချက် ကျပလား၊ (ကျပါပြီဘုရား) ဘယ်လိုကျ သလဲ၊ (တော်သေကြိုက်ပါတယ်ဘုရား)တော်သေနဲ့ အပါယ်ကျ ကို ဘယ်ဟာကို ပိုအဓိကထားမလဲ၊ (တော်သေကို အဓိကထား ပါမယ်ဘုရား)။

http://www.dhammadownload.com



ငတ်လဲမသေပါဘူးဗျ၊(မှန်ပါ့ဘုရား)ကိုယ့်အတိတ်ကံတွေ ကလဲ့ရှိပါသေးတယ်၊မဟုတ်ဘူးလား၊ (မှန်ပါ့) အပါယ်ကျ ရှောင်ဖို့ပါပဲ၊ (မှန်ပါ့ဘုရား)သဘောပါပလား၊ (ပါ-ပါပြီ ဘုရား) အပါယ်ဆိုတာတော့ ဘုန်းကြီးဟောကို မဟောချင် တော့ဘူး၊ (မှန်ပါ့ဘုရား)။

ဒကာကြွယ်– ဘယ်လောက်ဆင်းရဲတယ်ဆိုတာတော့ပြော ကိုပြောလို့မဆုံးဘူး၊ (မှန်ပါ့ဘုရား) ဘုန်းကြီးတို့လို အညံ့ စား အသာထားပါ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုက အပါယ်အကြောင်း ငါပြောရမယ်ဆို မဆုံးဘူးဟေ့-တဲ့၊(မှန် လှပါဘုရား) ဘုန်းကြီးတို့လောက် နုတ်လေးတဲ့ပုဂ္ဂိုလ်,ဉာဏ် နှေးတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ပြောကုန်တော့မလဲ၊(မှန်ပါ့ဘုရား)။

ဘုရားဟာ အင်မတန် ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်၊ အပြောကလဲ သွက်ပါဘိနဲ့၊အဲဒါ ဘုရားဖြစ်တဲ့နေ့ကပြော၊ ပရိနိဗ္ဗာန်စံသည် တိုင်အောင် အပါယ်ဒုက္ခတွေ ပြောမယ်ဆိုလို့ရှိရင် ဒကာ ကြွယ်....မဆုံးဘူး၊ (မှန်လှပါ) အဲဒီလောက် ကြီးကျယ်တဲ့ဒုက္ခ ကြီးကို ဒကာ ဒကာမတွေက အပေါ်ယံကလေး မှတ်မနေ လိုက်ပါနဲ့၊(မှန်လှပါဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား)။

ဒါဖြင့် အပါယ်နဲ့ ငတ်သေ ဘယ်ဟာကို ကြိုက်ကြသတုံး၊ (ငတ်သေ ကြိုက်ပါတယ်ဘုရား) ငတ်သေကြိုက်ပါ၊ (မှန်ပါ့ ဘုရား) ဒါ-အကြီးဆုံး အဆုံးအမ,နော်၊ (မှန်ပါ့)။

ငတ်သေတဲ့ကိစ္စသည် ဒကာ ဒကာမတို့ ခင်ဗျားတို့မှာ ကံ တွေပါတဲ့အတွက် ဥပမာ-ဒကာကြွယ်ရှိတယ် ငါ-ဘာမှမလုပ် တော့ဘူးဟေ့၊ အပါယ်ကျမှာကြောက်တယ်ကွာ၊ ဒုက္ခထဲက တော့ သမုဒယမမိုက်ချင်တော့ဘူး၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နဂိုက ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးရ,ထားတဲ့အထဲကတစ်ခါ ဒုက္ခထဲကမိုက်ပွဲဆင်ရတယ်ဆိုတာတော့ဖြင့် ကဲ-မဆင်နိုင်တော့ ဘူးဟေ့....မတတ်နိုင်တော့ဘူး၊ မကျေးချင်လဲ နေကြတော့၊ (မှန်ပါ့)မခေါ်ချင်လဲနေကြတော့၊ ငါတစ်ယောက်မရှိဘူးလို့ ဆုံးဖြတ်ချက်ချထားလို့ မှာထားပါ၊ (မှန်ပါ့ဘုရား) အဲဒါ အကောင်းဆုံးပဲ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ခိုင်းစရာလူလဲ ငါ့မှာမရှိဘူး၊ တိုင်ပင်စရာလဲ မရှိဘူး၊ တိုင်ပင်လို့ရှိရင်လဲ မဟုတ်တာတိုင်ပင်ဦးမှာကိုး၊ (မှန်လှပါ) အဲ....တိုင်ပင်စရာလူလဲမရှိဘူး၊ မောင်ကြွယ်တစ်ယောက်တော့ မရှိတော့ဘူးလို့ မင်းတို့အိမ်သားတွေက မှတ်ထားဟေ့၊ (မှန် လှပါဘုရား)။

ဒီကျအောင် ပြောထားလိုက်ပါ၊ (မှန်ပါ့) နို့မို့လို့ရှိရင် ဒုက္ခထဲက မိုက်ပွဲဆင်လိုက်လိမ့်ဦးမယ်၊ (မှန်ပါ့) ဒုက္ခထဲကနေ သမုဒယပွားလာမှာကိုး၊(ပွားလာမှာပါဘုရား)ပွားလာရင် ဒီဒုက္ခလေးကဘာတုံး (မိုက်ပွဲပါဘုရား)။

မိုက်ပွဲဆင်ဦးမှာ၊ ဒုက္ခရောက်နေတဲ့ အထဲက မိုက်ပွဲဆင်ဆို တော့ ထောင်ကျနေတဲ့ပုဂ္ဂိုလ်က ထောင်ထဲမှာ ရိုက်ပွဲဆင်လို့ နှစ်ထပ်တိုး ပြန်ဖြစ်မှာ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ထောင်ကျနေတာကဒုက္ခရောက်နေတာ၊(မှန်ပါ့)ဒီထဲတွင် မိုက်ပွဲဆင်လိုက်တဲ့အတွက် နှစ်ထပ်တိုး၊ အချင်ဆယ်နှစ်ကျရင် အနှစ်နှစ်ဆယ်ကျမယ်၊ (မှန်လှပါဘုရား) မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ကဲ-ဒကာကြွယ် ဒုက္ခထဲက မိုက်ပွဲဆင်တဲ့

http://www.dhammadownload.com



ကိစ္စအတော်ဆိုးဝါးတယ်၊(ဆိုးဝါးပါတယ်ဘုရား)ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ပြတ်ပြတ်သားသား ဟောနေတယ်လို့ ဒကာကြွယ်က မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)အခု ပြတ်ပြတ်သားသား ဟောတာသည် ခင်ဗျားတို့၏ ပြင်ဆင်မှု၊(မှန်ပါ့) ဒုက္ခခပ်သိမ်း ငြိမ်းမှုပါပဲဆိုတာ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ကဲ–ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား) ဒါဖြင့် ဒုက္ခထဲမှာမိုက်ပွဲဖြင့်မဆင်တော့ပါဘူးဆိုတာဆုံးဖြတ်ချက်ချလိုက်တာပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပလား၊(ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဖြတ်လမ်း ဟောတော့မယ်နော်၊ (မှန်ပါ့ ဘယ်ကနေဖြတ်မှာပါလိမ့်မတုံးလို့မေးလို့ရှိရင် ဒကာ ဒကာမတို့ ဒီအဝိဇ္ဇာတော့ ဖြတ်တော့ဖြတ်မှာပဲ၊ သို့သော် ဒီ-အဝိဇ္ဇာကြောင့် ဒီ-သင်္ခါရကဖြတ်တော့ ဒီအထဲလဲ ကျုပ်တို့ကရောက်နေတယ်၊ (ရောက်ပါတယ်ဘုရား)။

ဒီအထဲမှာ တစ်ခါ ခုနကပြောတဲ့အဝိဇ္ဇာတို့မိုက်ပွဲတွေဟာ ဒီခန္ဓာထဲက ထွက်လာဦးမှာ၊ (မှန်ပါ့) မထွက်ပေဘူးလား၊ (ထွက်ပါတယ်ဘုရား) ထွက်လာလို့ရှိရင် ဒီမှာကြည့်ပါလား၊ သင်္ခါရ, အဝိဇ္ဇာ, ဘဝ,ဥပါဒါန်,တဏှာ,မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

ဒါ-ဘယ်ထဲက လာသလဲ၊ဒီခန္ဓာထဲက ဒုက္ခထဲကပဲ၊ မိုက်ပွဲဆင်တာ (မှန်ပါ့)ဒုက္ခသစ္စာထဲက၊ (မိုက်ပွဲဆင်တာပါဘုရား) အဲ-ဒုက္ခသစ္စာထဲက မိုက်ပွဲဆင်တာသည် ဆိုတော့ ဒါဖြင့် ယခု

http://www.dhammadownload.com



မိုက်တဲ့အဝိဇ္ဇာဟာလဲဒီခန္ဓာထဲက ပေါက်ပွားတာပဲ၊ (ပေါက်ပွားတာပါပဲဘုရား) မပွားဘူးလား၊ (ပွားပါတယ်ဘုရား)။

သူ့ကြည့်ချင်လို့ရှိရင် ဒီအတိုင်းကြည့်လိုက်၊ အဝိဇ္ဇာ ပါ–မပါ(ပါ့ပါတယ်ဘုရား)မပါဘူးလား(ပါ့ပါတယ်ဘုရား) အဝိဇ္ဇာ ပါနေတော့ကို–တဲ့၊ ဒီအဝိဇ္ဇာကို ကျုပ်တို့က ဝိဇ္ဇာ ဖြစ်အောင် လုပ်လိုက်၊ (မှန်ပါ့ဘုရား) ဘယ်လိုမှတ်ကြမယ်၊ (အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ရပါမယ်ဘုရား)။

ကိုင်း-ဒါဖြင့် အဝိဇ္ဇာကဝိဇ္ဇာဖြစ်တဲ့အကြောင်းကိုသံယုတ်ပါဠိတော်-ထုတ်ပါတော့မယ် (မှန်ပါ့ဘုရား)ရဟန်းတစ်ပါးက မေးတယ် ဒကာဒကာမတို့။

"ကထံ ဘန္တေ ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ" အရှင်ဘုရား ... ဘယ်လိုသိတဲ့ ပုဂ္ဂိုလ်များ၊ ဘယ်လိုရှုတဲ့ပုဂ္ဂိုလ်များ၊ ဘယ်လိုမြင်တဲ့ ပုဂ္ဂိုလ်များ၊ အဝိဇ္ဇာ ချုပ်ပြီး ဝိဇ္ဇာများ ဖြစ်ပါလိမ့်မလဲ- သူက မေးလိုက်တယ်၊ (မှန်လှပါဘုရား)၊

အဘယ်ကဲ့သို့သိတဲ့ ပုဂ္ဂိုလ်များ၊ ရှုတဲ့ပုဂ္ဂိုလ်များ၊ မြင်တဲ့ ပုဂ္ဂိုလ်များသည် အဝိဇ္ဇာချုပ်၍ဝိဇ္ဇာဖြစ်သတုံး၊ ဒါ ရဟန်းတစ်ပါးကမေးလိုက်တာ၊(မှန်လှပါ)ပေါ်ပလား၊ပေါ်ပါပြီဘုရား)အဘယ်ကဲ့သို့သိ၍ အဘယ်ကဲ့သို့ရှု၍ အဘယ်ကဲ့သို့မြင်တဲ့ ပုဂ္ဂိုလ်များသည် အဘယ်ကဲ့သို့ မြင်ကြသည် ရှိသော် အဝိဇ္ဇာချုပ်၍ ဝိဇ္ဇာဖြစ်ပါသတုံး (မှန်လှပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒီဒုတိယ ၂ ထဲမှာ အဝိဇ္ဇာချုပ်ဖို့ အရေးကြီးတယ်၊ (မှန်လှပါဘုရား)ဟိုဥစ္စာကတော့ ကျုပ်တို့ ခန္ဓာနဲ့ ကြွေးဆပ်နေရတာ၊ (မှန်ပါ့) ဒကာကြွယ် ရိပ်မိပလား....

http://www.dhammadownload.com



(ရိပ်မိပါပြီဘုရား) အတိတ်အဝိဇ္ဇာ အကြောင်းကြောင့် ယခုခန္ဓာနဲ့ ကြွေးဆပ်နေတာ၊ (ဆပ်နေပါတယ် ဘုရား) ဒီခန္ဓာထဲက အဝိဇ္ဇာမပေါ်ဖို့ အရေးကြီးတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

**ဒါဖြင့် နံပါတ် ၂-ကနေပြီး နံပါတ် ၃-မပွားဖို့အရေးကြီးတယ်ဆိုတာ ပေါ်ပလား၊** (ပေါ်ပါပြီဘုရား) ၂-က ၃-မပွားဖို့၊ (အရေးကြီးပါတယ်ဘုရား) အဲဒီတော့ အရေးကြီးတာက ဒီအထဲမှာ အဝိဇ္ဇာမပေါ်ဖို့ အရေးကြီးတယ်၊ (မှန်လှပါဘုရား)သဘောပါကြပလား၊ (ပါ,ပါတယ်ဘုရား)။

ကောင်းပြီ-တဲ့၊ ဒီလိုလုပ်ပါကွာ-တဲ့၊ **စက္ခုံစ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ....** စက္ခုကို ဖြစ်ပျက်ရှုနိုင်ရင် ရပါတယ်ကွာ-တဲ့၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

**ရူပံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ**-ရူပါရုံ အဆင်းတွေကို ဖြစ်ပျက်ရှုလဲ အဝိဇ္ဇာချုပ်ပြီး ဝိဇ္ဇာဖြစ်တယ်၊(မှန်လှပါ)သဘောကျပလား၊ (ကျပါတယ်)။

**စက္ခု ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ**-ဝိညာဏ်ရှုပေါ့ဗျနော်၊ (မှန်ပါ့)။

ကဲ-ဒါဖြင့် ခင်ဗျားတို့ ကိုယ့်စိတ် ရှုတာပေါ့၊ (မှန်ပါ့) စိတ်တွေရှုတော့ ဒကာဒကာမတို့ ဖြစ်ပျက် မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား) ဖြစ်ပျက် ဘာသစ္စာတုံး။ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



အင်း–ဖြစ်ပျက် ဒုက္ခသစ္စာတွေပြီ၊ (မှန်ပါ့) စိတ်ကလေး တွေရှုရှုပေး၊မြင်ရင် မြင်စိတ်ရှုလိုက်၊ ကြားစိတ်ရှုလိုက်၊ နံစိတ် ရှုလိုက်၊ ကြံစိတ် ရှုလိုက်ပေါ့ဗျာ၊ (မှန်ပါ့ဘုရား) ယားစိတ် ရှုလိုက်၊ ယံစိတ် ရှုလိုက်၊ ကောင်းစိတ် ရှုလိုက်၊ (မှန်လှပါ ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက် တွေ့လိမ့်မယ်၊ (မှန်ပါ့ ဘုရား)ဘာသစ္စာတွေ့မလဲ၊ (ဒုက္ခသစ္စာ တွေ့ပါမယ်ဘုရား) အဲဒီဒုက္ခသစ္စာတွေ့တော့ နဂိုက ဒုက္ခသစ္စာလို့သာ ပြောတယ် မသိဘူး၊ (မသိပါဘုရား)။

အခုတော့ဖြင့် ဩော်–ဒီဖြစ်မှု ပျက်မှုဟာ ဒုက္ခသစ္စာပါ ကလား–လို့ ခန္ဓာထဲမတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား)။

အဲဒါ့ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား)ဟာ– ဒါဖြင့် ၂-နံပါတ်ထဲ ဒကာဒကာမတို့၏ အဝိဇ္ဇာ သင်္ခါရ ပွားသေးရဲ့လား၊(မပွားပါဘုရား)မပွားတော့ဘူး၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ၂-နံပါတ်ထဲမှာ ဒီအဝိဇ္ဇာမပေါ်ဘူး၊ (မပေါ် ပါဘုရား)ပေါ်သေးရဲ့လား၊(မပေါ်ပါဘုရား) သူမှမပေါ် ရင် သင်္ခါရကော(မပေါ်ပါဘုရား) တဏှာ, ဥပါဒါန်, ဘဝ တွေကော၊(မပေါ်ပါဘုရား)မပေါ်ဘူး၊ပေါ်သေးရဲ့လား၊ (မပေါ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကယ်မည့် ယူမည့် သူသည် ဖြစ်ပျက် ရှုတဲ့အလုပ်ပဲ၊ ဝေဒနာကြိုက် ဝေဒနာ၊ စိတ်ကြိုက် စိတ်ရှုကြ၊ ကဲ-ဒီမှာ ကြည့်ပါလား တဲ့ ၊မနာယတန ဆိုတာ စိတ်မဟုတ် လား၊(မှန်ပါ့)ဒါကို ဘာလုပ်ရမလဲ၊ (ဖြစ်ပျက် ရှုရပါမယ်

http://www.dhammadownload.com



ဘုရား) ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဟာ ဘာ သစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား) ကဲ-ဒါနဲ့ကော မကိုက်ဘူး လား၊ (ကိုက်ပါတယ်ဘုရား)။

ဒီထဲမှာပေါ်တဲ့စိတ်ဟာဖြစ်ပျက်ရှုလိုက်တဲ့အခါ ဖြစ်ပျက် ကဘာသစ္စာ၊(ဒုက္ခသစ္စာပါဘုရား)ဟော-ဒီကပြောနေတယ် (မှန်ပါ့) ဒီအထဲမှာ ပေါ်တာတွေသာ ရှု၊ ဒုက္ခသစ္စာ—တဲ့၊ (မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက် ဒုက္ခသစ္စာမြင်တော့ကို ဒကာဒကာမ တို့ ဒီခန္ဓာထဲက ဒီအဝိဇ္ဇာ လာသေးရဲ့လား၊(မလာပါဘုရား) ဒီအဝိဇ္ဇာမှမလာဘဲနဲ့ ဒီသင်္ခါရက ဒီအဝိဇ္ဇာ အကြောင်းရှိမှ သူလာမှာ၊ (မှန်ပါ့ဘုရား) အဝိဇ္ဇာ အကြောင်းရှိမှ တဏှာ ဥပါဒါန်၊ ဘဝတွေလာမှာ၊(မှန်ပါ့ဘုရား)နို့မို့ရင် လာစရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ စိတ်ကို ဖြစ်ပျက်ရှုရင် အဝိဇ္ဇာ ပြုတ်တယ် (မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီ) စိတ်ကို ဖြစ်ပျက်ရှုရင် (အဝိဇ္ဇာပြုတ်ပါတယ်ဘုရား) မြင်စိတ် ဖြစ်ပျက်ရှုရင်၊ (အဝိဇ္ဇာပြုတ်ပါတယ်ဘုရား) ကြားစိတ် ဖြစ် ပျက်ရှုရင်၊ (အဝိဇ္ဇာပြုတ်ပါတယ်ဘုရား)။

အဲ-ဒါဖြင့် စိတ်ဟူသရွေ့ ကိုယ့်သန္တာန်ပေါ် သည့် စိတ်ဟူ သရွေ့ ဖြစ်ပျက်ရှုရင်၊ (အဝိဇ္ဇာပြုတ်ပါတယ်ဘုရား) သဘော ပါပလား၊ (ပါ့ပါတယ်ဘုရား)ဒကာကြွယ်တို့ရှုနေတာတွေ ဘယ်လောက်အဖိုးတန်တယ်ဆိုတာပေါ်ရောပေါ့၊ (ပေါ်ပါ ပြီဘုရား) ဝိဇ္ဇာလုပ်နေတာပါ၊ (မှန်လှပါဘုရား) ဒုက္ခထဲက နေပြီးသကာလ လိမ္မာပွဲ ဆင်နေတာ၊ (မှန်ပါ့ဘုရား) ဒုက္ခ

http://www.dhammadownload.com



ရောက်မှန်းမသိလို့ နောက်ဒုက္ခကြောက်လို့ လိမ္မာပွဲ ဆင်နေတာ၊ (မှန်ပါ့ဘုရား)။

ဘာမှ ဒီတရားမျိုးကို မနာဖူးတဲ့ပုဂ္ဂိုလ်၊ အားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခထဲမှာ မိုက်ပွဲဆင်နေတာ၊ (မှန်ပါ့ဘုရား) ဒီ-ဒကာ ဒကာမတွေကျတော့ ရှုမှတ်ပြီးနေတဲ့ ဒကာ ဒကာမတွေကျတော့ ဒုက္ခထဲက နေပြီးသကာလ လိမ္မာပွဲ ဆင်တယ်။ (မှန်လှပါဘုရား) နောက်ဒုက္ခကို ကြောက်လွန်းလို့၊ ပေါ်ကြပလား၊ (ပေါ်ပါပြီ) ဒကာကြွယ်....သိပ်အဖိုးတန်ပါလား၊ (တန်ပါတယ်ဘုရား)။

ဒါဖြင့်စိတ်တွေဟူသရွေ့ကို ခင်ဗျားတို့သန္တာန်ပေါ် ရှုစိတ်ဖြစ်ဖြစ်-ရှိုက်စိတ်ဖြစ်ဖြစ်၊စားချင်တဲ့စိတ်ဖြစ်ဖြစ်၊အိပ်ချင်တဲ့စိတ်ဖြစ်ဖြစ် ဘာလုပ်ရမတဲ့၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဖြစ်ပျက်ဘာသစ္စာ(ဒုက္ခသစ္စာပါဘုရား)အင်း – ဟင်-ဒုက္ခသစ္စာ၊ မြင်တာကဝိဇ္ဇာ, မဂ္ဂ၊ (မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် စိတ်ဖြစ်ပျက် မြင်လို့ရှိရင်ဖြင့် ဝိဇ္ဇာလဲဖြစ်၊ မဂ်လဲဖြစ်၊ (မှန်လှပါဘုရား) သဘောကျပလား၊(ကျပါပြီ) ဝိဇ္ဇာဖြစ်တယ်ဆိုတာက အဝိဇ္ဇာတွေ မရှိတော့ဘူး၊ (မှန်လှပါဘုရား) မဂ်ဖြစ်တယ်ဆိုတာက ဒီ-ဝိဇ္ဇာသည်ပင်လျှင်မဂ်၊(မှန်လှပါဘုရား) "နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ" ဆိုတဲ့အတိုင်း ဝိဇ္ဇာမဂ်က နိဗ္ဗာန်ပို့တယ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် ဒီအနာဂတ်သွားပါဦးမလား၊ (မသွားပါဘုရား) မသွားတော့ ဒီဘက်ဖြစ်တဲ့ တဏှာ နိရောဓော နိဗ္ဗာန်ဘက် သွားလိမ့်မယ်၊(မှန်ပါ့ဘုရား) မသွားပေဘူးလား၊ (သွားပါတယ်ဘုရား)။

http://www.dhammadownload.com



ဒြေဉ်....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိဇ္ဇာဖြစ်ဖို့ဥစ္စာ အရေးကြီးတယ်၊ (မှန်လှပါဘုရား) ဝိဇ္ဇာမဂ်ဖြစ်ဖို့သာ အရေးကြီးပါတယ်၊ (မှန်ပါ့) နိဗ္ဗာန်ပို့ပေးပါလို့ တောင်းပန်ရဦးမှာလား၊ (မတောင်းပန်ရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကဲ....ဒါတွင်ရှုလို့ ရသလားဆိုတော့ မကသေးပါဘူးကွာ-တဲ့နော်၊ (မှန်ပါ့) "စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ" သံယုတ် ပါဠိတော်မှာ၊ (မှန်ပါ့) ဟောဒီ ဝေဒနာတွေကို ရှုနေလို့ရှိရင် သုခ, ဒုက္ခ, ဥပေက္ခာရှုလို့ရှိရင်လဲ-တဲ့၊ ဒကာဒကာမတို့ ဖြစ်ပျက်တွေ့မယ်၊ (မှန်လှပါဘုရား)ဒီ-ဖြစ်ပျက်ဟာ ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်တွေ့ရင် ဒုက္ခသစ္စာတွေ့မယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဖြစ်ပျက်တွေ့ရင်—(ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)။

အင်း....ဟင်....ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက ဝိဇ္ဇာ မဂ္ဂသစ္စာ၊ (မှန်လှပါ) သိတာက (ဝိဇ္ဇာ မဂ္ဂသစ္စာပါဘုရား)အဝိဇ္ဇာ မချုပ်ဘူးလား-ချုပ်သလား၊(ချုပ်ပါတယ်ဘုရား) ယခု ပစ္စုပ္ပန်ဘဝမှာပေါ်တဲ့ အဝိဇ္ဇာ ဘာဖြစ်သွားသလဲ၊ (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတယ်ဆိုတော့ ဒီဒုက္ခပွဲထဲကနေပြီး မိုက်ပွဲလာသေးရဲ့လား၊(မလာပါဘုရား) မိုက်ပွဲဆိုတာ အဝိဇ္ဇာဖြစ်တာကိုဆိုပါတယ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



အဲဒီတော့ လိမ္မာပဲ့သာ ဖြစ်ပါတော့တယ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ) ဘာပဲ့ဖြစ်သလဲ၊ (လိမ်မာပဲ့သာ ဖြစ်ပါတော့တယ် ဘုရား) လိမ္မာပဲ့, ယဉ်ကျေးပဲ့ပေါ့ဗျာ၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

လိမ္မာပဲ့, ယဉ်ကျေးပဲ့ဖြစ်ပြီးသကာလ နေသောကြောင့် ဒကာ ဒကာမတို့ ဝေဒနာသုံးပါးကိုလှည့်ပြီး ဖြစ်ပျက်သာရှု၊ (မှန်လှပါဘုရား) ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ရှုတာက ဝိဇ္ဇာ မဂ္ဂသစ္စာ၊ သဘောကျပလား၊ (ကျပါပြီ) အဝိဇ္ဇာကလဲ ဘာဖြစ်သွားသလဲ၊ (ဝိဇ္ဇာ ဖြစ်သွားပါတယ်ဘုရား) ဝိဇ္ဇာ သည် မဂ်ကော မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) အဲ—ဝိဇ္ဇာမဂ္ဂ ဖြစ်သွားတယ်၊ (မှန်ပါ့)။

ဝိဇ္ဇာမဂ္ဂ ဖြစ်သွားတော့ကို ဒကာ ဒကာမတို့ အဝိဇ္ဇာက ချုပ်ပြီ၊ (မှန်ပါ့) အဝိဇ္ဇာချုပ်တော့ ဒီထဲမှာ သင်္ခါရကော— (ချုပ်ပါတယ်ဘုရား) တဏှာ, ဥပါဒါန်, ဘဝတွေကော၊ (ချုပ်ပါတယ်ဘုရား) ဒီအဝိုင်းမှာ ကြည့်၊ ဒီဟာ ဆက်နိုင် သေးရဲ့လား၊ (မဆက်နိုင်ပါဘုရား)။

မဆက်နိုင်ဘူး-တဲ့၊ ဒီခန္ဓာထဲပေါ်တဲ့ ဒီတရားတွေ ချုပ်သွားတယ်၊(မှန်ပါ့) ဒီခန္ဓာထဲမှာပေါ်မိတဲ့ ဒီဘက်က တရားတွေ ချုပ်တယ်၊ (မှန်ပါ့ဘုရား) ခုနက ဒီခန္ဓာထဲက မိုက်ပဲ့ဆင်တဲ့သူဟာ ဒါတွေပေါ်စာကိုးဗျ၊ (မှန်ပါ့ဘုရား)။

လိမ္မာပဲ့ဆင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီအစပ်-စပ်နိုင်သေးရဲ့လား (မစပ်နိုင်ပါဘုရား) မစပ်တော့ ဒါ-မဖြစ်တော့ဘူး၊ မဖြစ်ပါဘူး၊ ၃–နံပါတ် ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) ၃-နံပါတ်မှ မဖြစ်လို့ရှိရင် ဒကာသစ် ၄-နံပါတ် ရပါဦး

http://www.dhammadownload.com



မလား၊ (မရပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီ) ၃-နံပါတ်မှ မဖြစ်လို့ရှိရင် (၄-နံပါတ် မရပါဘုရား) ၄-မရဘူး ဆိုသဖြင့် ၄-သည် ဇာတိ, ဇရာ, မရဏ၊ (မှန်ပါ့)။

ဒါဖြင့် ဇာတိ မရှိတာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန် ခေါ်ပါတယ်ဘုရား) ဇရာမရှိတာ (နိဗ္ဗာန် ခေါ်ပါတယ်) မရဏ မရှိတာ၊ (နိဗ္ဗာန်ခေါ်ပါတယ်) ဩော်–ဒါဖြင့် ၂–နံပါတ် ပွဲမှာ လိမ္မာယဉ်ကျေးပွဲဆင်လို့ ဒကာ ဒကာမတို့ ၃-နံပါတ် ပျောက်ပြီးသကာလ ၄-နံပါတ် မပေါ်လာတာပဲ၊ (မှန်ပါ့ဘုရား) ၃-နံပါတ် ပျောက်ပြီးတော့၊ (၄–နံပါတ် မပေါ်လာတာပါဘုရား) ရှင်းကြပြီ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါ-ဘာတရားပါလိမ့်မတုံး–ဆိုတော့ စိတ္တာနုပဿနာ ရှုရင်လဲ ဝိဇ္ဇာဖြစ်တယ်၊ (မှန်ပါ့) ဝေဒနာနုပဿနာရှုရင်ကော၊ (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)ဝိဇ္ဇာ ဖြစ်တယ်ဆိုတာ သဘောကျပလား၊ (ကျပါတယ် ဘုရား)။

ဒါဖြင့် ဒီရှုနည်းကို ဘုန်းကြီးက ပြောချင်တာက ဒကာ ဒကာမတို့ ဘုန်းကြီးသင်လို့ ရှုတာတစ်မျိုး၊ (မှန်ပါ့ဘုရား) ပထမတော့ ဘုန်းကြီးသင်ရမှာပဲ၊ဝေဒနာပေါ်ရင် ဖြစ်ပျက် ရှုဟော့၊ (မှန်ပါ့) စိတ်ပေါ်ရင်လဲ (ဖြစ်ပျက်ရှုပေးရပါမယ်) အဲ - သင်ပေးရမယ်၊ (မှန်ပါ့ဘုရား)။

နောက် သင်ပေးတဲ့အခါကျတော့ဩော်-ဒါကဘုန်းကြီး သင်ပေးလို့ သင်တဲ့အမြင်ကို ဒကာဒကာမတွေက ပထမတော့ ဘုန်းကြီးသင်တဲ့အတိုင်းပဲ ဒကာ ဒကာမတွေရှုကြ၊ (မှန်ပါ့) နောက်ကျတော့ ဒကာ ဒကာမတွေမှာ ဘယ့်နှယ်ဖြစ်လာ သတုံးဆိုတော့ ကိုယ်ပိုင်ဉာဏ်ဆိုတာ ရောက်လာတယ်၊ (မှန်

http://www.dhammadownload.com



လှပါဘုရား) ဘယ်လို ရောက်လာသတုံး၊ (ကိုယ်တိုင် အမြင် ရောက်လာပါတယ်ဘုရား)။

အဲဒီ ကိုယ်တိုင်အမြင် ရောက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ကိစ္စ ပြီးတာပဲ၊ (မှန်ပါဘုရား) ဘုန်းကြီးသင်တဲ့ ဥစ္စာကတော့ သင်ရိုးသာမှတ်၊ (မှန်ပါ) ခင်ဗျားတို့ရှုလို့ ကိုယ်တိုင်မြင်လို့ ရှိရင် ဝိဇ္ဇာအစစ်ဖြစ်တယ်၊(မှန်ပါ)ဖြစ်ပျက်ဟာဒုက္ခသစ္စာပဲ၊ ဖြစ်ပျက်ကလေးတွေချည်းတွေ့နေတယ်၊(မှန်ပါ)တွေ့တာလဲ ဘာတွေ့တာတုံး၊ (ဒုက္ခတွေ့တာပါဘုရား)။

ဒါဖြင့် ဒုက္ခထဲမှာနေလို့ ဒုက္ခသိတယ်၊ (မှန်ပါ) ၂-နံပါတ် မှာ နဂိုက ဒုက္ခရောက်နေတယ်လို့ ခင်ဗျားတို့ မသိပါဘူး၊ (မသိပါဘုရား) ကံကောင်းလို့ လူဖြစ်တယ်လို့ ထင်နေတယ်၊ (မှန်ပါ)။

ကံကောင်းလို့လူဖြစ်တယ်ထင်နေတော့ဒုက္ခသစ္စာပျောက် နေတယ်၊ (မှန်ပါဘုရား) မပျောက်ဘူးလား၊ (ပျောက်ပါ တယ်ဘုရား) ကံကောင်းလို့လူဖြစ်တယ်ထင်တော့၊(ဒုက္ခသစ္စာ လို့ကို မထင်ပါဘုရား)။

အခုတော့ဖြင့် ကံကောင်းလို့ လူဖြစ်တယ်လို့ ထင်သေးရဲ့ လား၊ (မထင်ပါဘုရား) အဲ....ဝိဇ္ဇာဖြစ်လာတယ်၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့- ဒုက္ခသစ္စာထဲကနေပြီး လိမ္မာ ယဉ်ကျေးပွဲဆိုတဲ့ မဂ္ဂင်အလုပ်ကိုလုပ်ကြတယ်၊(မှန်ပါဘုရား) လုပ်ကြတဲ့အခါကျလို့ ရှိရင်ဖြင့်-တဲ့၊ ၂-ထဲက ပေါက်သွားတဲ့ ၃-နံပါတ် ပျောက်တယ်၊(ပျောက်ပါတယ်ဘုရား)၃-နံပါတ် ပျောက်လို့ ၄-နံပါတ် မပေါ်တာ၊ (မှန်ပါဘုရား)၃-နံပါတ်

http://www.dhammadownload.com



ပျောက်လို့(၄-နံပါတ်မပေါ်တာပါဘုရား)၄-နံပါတ်မပေါ် လာဘူးဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခုနက သံယုတ်ပါဠိတော် ရွတ်လိုက်ပါ၊ "ကထံ ဘန္တေ ပန ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ" ဘယ်လိုမှ အဝိဇ္ဇာကိုပယ်ပြီး ဝိဇ္ဇာ ဖြစ်ပါလိမ့်မလဲဘုရားလို့ ရဟန်းက မေးတဲ့အခါကျတော့ကွာ တဲ့၊ စက္ခုဝိညာဏ်တို့၊ ဝိညာဏခေတ်ခြောက်ပါးတို့ပေါ့ဗျာ၊ (မှန်ပါ့) စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်- အဒေါသစိတ် တွေ ဒကာသစ်တို့ သင်ထားတယ်၊ (မှန်ပါ့ဘုရား) အဲဒီစိတ် တွေပင် ပေါ်ရာကို ဖြစ်ပျက်ရှုပါတဲ့၊ (မှန်ပါ့)။

ပေါ်ရာဖြစ်ပျက် ရှုလိုက်လို့ရှိရင် ဒကာ ဒကာမတို့ ဝိဇ္ဇာ ဖြစ်တာပါပဲ၊ (မှန်ပါ့ဘုရား)ပေါ်ရာ ဖြစ်ပျက်ရှုလိုက်၊(ဝိဇ္ဇာ ဖြစ်ပါတယ်ဘုရား) ဒကာကြွယ်-သဘောပါပလား၊ (ပါ-ပါတယ်ဘုရား)ပေါ်ရာရှုရင်၊(ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)ဝိဇ္ဇာ ဖြစ်တယ်ဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝိဇ္ဇာဟာ ဘယ်ထဲမှာ ဖြစ်ရ တာတုံးမေးတော့ ၁-၂ ထဲ ရှာကြစမ်း၊(၂-ထဲမှာပါဘုရား) ၂-ထဲမှာ အားထုတ်ရမယ်၊ (မှန်ပါ့ဘုရား) အားမထုတ်ရင် ၂-ထဲက ၃-တွေ ပွားတော့မယ်၊ (မှန်ပါ့) အားထုတ်ရင် ဒကာ ဒကာမတို့ ၃-မလာဘူး၊ (မလာပါဘုရား) ၂-ထဲမှာပဲ ကျုပ်တို့ ဇာတ်သိမ်းမှာပဲ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ၂-ဟာ ယခုဘဝ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ)ဒါဖြင့် ယခုဘဝ ဇာတ်သိမ်းမယ်၊ (သိမ်းပါတယ်ဘုရား) ဒကာ ဒကာမတွေ ဘယ်ဘဝဇာတ်သိမ်းမယ်၊ (ယခုဘဝ ဇာတ်သိမ်းပါတယ်ဘုရား)။

ယခုဘဝ ဘာသစ္စာနဲ့နေသလဲ၊ (ဒုက္ခသစ္စာနဲ့ နေပါတယ်ဘုရား) ရှုကြည့်တော့ ဘာသစ္စာတွေ တွေ့သလဲ၊ (ဒုက္ခသစ္စာတွေ့ပါတယ်) အဲ–ကိုယ့်ဒုက္ခ ကိုယ်သိတယ်၊ (မှန်ပါ)။

နဂိုက ရမည့်ဒုက္ခမသိလို့ အဝိဇ္ဇာဖြစ်တာ၊ (မှန်ပါ) ယခုတော့ ရတဲ့ဒုက္ခကိုသိလို့ ဝိဇ္ဇာဖြစ်တာ၊ (မှန်ပါ)။

အရင်တော့ ရမည့်ဒုက္ခကို မသိလို့၊(အဝိဇ္ဇာဖြစ်တာပါ)။

အခုတော့ ရတဲ့ဒုက္ခသိလို့၊ (ဝိဇ္ဇာဖြစ်တာပါဘုရား) ဝိဇ္ဇာဖြစ်တယ်ဆိုတော့ ဒကာကြွယ်–သိပ်ရှင်းသွားတယ်၊(ရှင်းပါတယ်ဘုရား) မရှင်းသေးဘူးလား၊ (ရှင်းပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေက ရှင်းရှင်း လင်းလင်း သိတော့ကို-တဲ့၊ ခုနက ပြောချင်တာကလေးက ဆရာသမားဟောထားလို့၊ ပြောထားလို့ သိတဲ့အသိ ကိုယ်တိုင်မြင်တဲ့အသိ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုယ်တိုင် ဖြစ်ပျက်ကလေးတွေ့ ကိုယ့်ခန္ဓာထဲ စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်မတွေ့ဘဲနဲ့ ဖြစ်ပျက်ကလေးတွေ၊ (မှန်ပါဘုရား) ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာ မဟုတ်တော့ပါဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာသာ တွေ့ရပါတယ်ဆိုတဲ့ သိမှုကိုယ်တိုင်ရဖို့၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီကဲ့သို့ ကိုယ်တိုင်ရကြပြီ၊ ဒကာသစ်ကလဲ ရပြီ၊ ဒကာ ကြွယ်ကလဲ ရပြီ၊ မောင်ဘသော်တို့-ဦးလှဘူးတို့ကလဲ ရပြီ ဆိုကြပါစို့၊ (မှန်ပါ့ဘုရား) အဲဒါ တွေ့ာဝတာခေါ် အင်္ဂ ဝေဿန်-အင်္ဂဝေဿနဆိုတဲ့ သစ္စက ပရိဗိုဇ်ကိုဆိုတဲ့ နေရာ များမှာ သတ္ထု သာသန ကရော-တဲ့၊ မြတ်စွာဘုရား အဆုံး အမ သူပြုပဟော့၊ (မှန်ပါ့ဘုရား)။

ကိုယ်တိုင်မြင်ရင် မြတ်စွာဘုရားအဆုံးအမကို သူ ပြုလုပ် နေပြီ၊ (မှန်ပါ့ဘုရား) ကိုယ်တိုင်မြင်ရင်၊ (မြတ်စွာဘုရား အဆုံးအမကို သူ ပြုလုပ်နေပါပြီဘုရား) ဩဝါဒပ္ပဋိကရော- တဲ့၊ အဆုံးအမကို အကုန်လိုက်နာနေပြီတဲ့၊ (မှန်ပါ့ဘုရား)။

ဒီကျတော့မှ ဘုရား၏ တပည့်သား စစ်လာတယ်၊ (မှန်ပါ့ ဘုရား) ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့လဲ သိပါ ရော ဒကာ ဒကာမတို့ ဘုရား၏ အဆုံးအမ ဖြစ်သွားတယ်။

ဘုရား၏ အဆုံးအမကို လိုက်နာတဲ့ ဘုရားတပည့်သား အစစ် ဖြစ်သွားပြီ၊ (မှန်ပါ့ဘုရား)။

တိဏ္ဏ ဝိစိကိစ္ဆော-တဲ့၊ ဝိစိကိစ္ဆာ ရှိသေးရဲ့လား၊ (မရှိပါ ဘုရား)ဒုက္ခသစ္စာဟုတ်မှဟုတ်ကဲ့လား၊(ဟုတ်ပါတယ်ဘုရား)

ဝိဂတကထံကထော-တဲ့၊ ကင်းသော ဝိစိကိစ္ဆာ ဖြစ်သွား ပါပြီ၊ (မှန်ပါ့)။

ဝေသာရဇ္ဇပ္ပတ္တော-တဲ့၊ ရဲရင့်သွားပြီ၊ (မှန်ပါ့ဘုရား)။

အပရပ္ပစ္စယော-တဲ့၊ သူများပြောသံကြားနဲ့ ဒုက္ခသစ္စာ လား-ကိုယ်ကိုယ်တိုင်မြင်တဲ့ ဒုက္ခသစ္စာလား၊(ကိုယ်ကိုယ်တိုင် မြင်တဲ့ ဒုက္ခသစ္စာပါဘုရာ-)။

http://www.dhammadownload.com



သာသနကရော ဟောတိ=ဒီကျတော့မှ၊ သာသနာတွင်းသားဖြစ်ပြီး သောတာပန် တည်ပါတယ်ကွာ—တဲ့၊ (မှန်ပါ့ဘုရား) ဒီကျမှ ဘာပါလိမ့်၊ (သာသနာတွင်းသား ဖြစ်ပြီး သောတာပန် တည်ပါတယ်ဘုရား) သာသနာတွင်းသား ဖြစ်ပြီး သောတာပန် တည်တယ်ကွ အဂ္ဂိဝေဿန-ရ ဆိုပြီး သကာလ သစ္စကပရိဗိုဇ်ကိုဟောတဲ့ နေရာမှာလဲ ဒကာ ဒကာမတို့ ကိုယ်တိုင် မြင်သိပြီ၊ (မှန်ပါ့)။

အပရပ္ပစ္စယော=သူများပြောနဲ့ သိတာ မလိုချင်ဘူး–တဲ့၊ (မှန်ပါ့)သူများပြောကိုနာယူပါ၊နောက်ကိုယ်တိုင်သိအောင် လုပ်ပစ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့မှ တိဏ္ဏဝိစိကိစ္ဆောဆိုတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ ကွာသွားတယ်၊ (ကွာသွားပါတယ်ဘုရား)။

ဝိဂတ ကထံကထော=တဲ့၊ ဒကာ ဒကာမတို့၊ အို–တစ်ခါတည်း သို့လော သို့လော တွေးတာတွေ အကုန်ပျောက်ကုန်တယ်၊ (မှန်ပါ့ဘုရား)။

ဝေသာရဇ္ဇပ္ပတ္တော=တဲ့၊ ဟုတ်ပြီကွ၊ ဒါ ဒုက္ခသစ္စာအစစ်ပဲ ဆိုရင် ဖျတ်ဆို ဒုက္ခချုပ်ပြီး နိဗ္ဗာန်ရောဝပေါ်လာတာပဲ၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အဝိဇ္ဇာ ချုပ်အောင် ဘာလုပ်မှသာလျှင် ချုပ်မလဲဆိုတာ ရိပ်မိကြပလား၊ (ရိပ်မိပါတယ်ဘုရား) ဖြစ်ပျက်ရှုရင် (အဝိဇ္ဇာ ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်ရင် ဘာဖြစ်သတုံး၊ (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဝိဇ္ဇာဖြစ်ကတည်းက သင်္ခါရကော မချုပ်သေးဘူးလား၊ (ချုပ်ပါတယ်ဘုရား)တဏှာ,ဥပါဒါန်တွေကော–(ချုပ်ပါတယ်ဘုရား) ကံတွေကော-(ချုပ်ပါတယ်ဘုရား) အဲဒီတော့ သောတာပတ္တိမဂ် ပယ်နိုင်တဲ့ အဝိဇ္ဇာက အရင်ချုပ်လို့ရှိရင် သောတာပန်ဖြစ်မှာပဲ၊((မှန်လှပါဘုရား)ရိပ်မိပြီ၊(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီနေ့ တရားမှာဖြင့် အဝိဇ္ဇာတည်းဟူသော အပြစ်ဟာ အင်မတန်ကြီးငြားသော်လဲ ၂-နံပါတ်ထဲမှာ အဝိဇ္ဇာမပေါ်အောင်လုပ်ပါ၊ (မှန်ပါ) ၂-နံပါတ်ထဲ အဝိဇ္ဇာမပေါ်အောင်လိုက်လို့ရှိရင်ဖြင့် ဘာဖြစ်မယ်ထင်ကြသလဲ၊ (ဝိဇ္ဇာဖြစ်ပါမယ်ဘုရား) ဝိဇ္ဇာဖြစ်ကတည်းက သင်္ခါရချုပ်၊ တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်ဆိုတော့ ၂-ထဲက ၃-ပွားသေးသလား၊ (မပွားပါဘုရား) ၃-မပွားရင် ၄-ဒုက္ခကုန်ပါတယ်၊ (ကုန်ပါတယ်ဘုရား) မကုန်ဘူးလား၊ (ကုန်ပါတယ်ဘုရား)။

အဲဒီတော့ပါရမီမလိုပါဘူးဆိုတာသေသေချာချာမှတ်ပြီး သကာလ ဒကာ ဒကာမတို့ အခု ၂-ထဲမှာ နေတုန်းမှာ အဝိဇ္ဇာမလာအောင် ဖြစ်-ပျက်သာရှုပါ၊ (မှန်ပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့ —။

သာဓု....သာဓု....သာဓု။

— —

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းဟွင် သီတင်းသုံး
နေထိုင်တော်မူသော
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော

# ပဋိစ္စသမုပ္ပါဒ်

# တရားတော် (၈)

## (၂၇-၁၁-၆၁)

ဒကာ ဒကာမတို့ ဒိဋ္ဌိဖြစ်တတ်တယ်၊ ဝိစိကိစ္ဆာ ဖြစ်တတ်တယ်ဆိုတာ ခဏခဏပြောတယ်နော်၊ (မှန်လှပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်နားမလည်ကြလို့ရှိရင် ဒိဋ္ဌိလဲဖြစ်တတ်တယ်၊ ဝိစိကိစ္ဆာလဲ ဖြစ်တတ်တယ်ဆိုတာ မှတ်ထားကြပါ၊ (မှန်လှပါဘုရား)။

အဲဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိနေလို့ရှိရင်တဲ့ ဘယ်လိုပဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ မရ,ရအောင် လက္ခဏာရေးသုံးပါးဆိုတဲ့အနိစ္စတရား, ဒုက္ခတရား, အနတ္တတရားတွေ ကြိုးစားပြေး သော်လဲ အဟောသိကံပဲ ဖြစ်ပါတယ်၊ (မှန်ပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားလည်မှ မိမိတို့အသိမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာကွာတယ်၊ (မှန်ပါ) ကွာပြီးမှ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပျက်အားထုတ်ရမယ်၊ (မှန်ပါ)။

ဒါဖြင့် ဒီအစဉ်ကိုပဲ ဒကာ ဒကာမတွေ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရမချင်း မှတ်ထားရမယ်၊ (မှန်လှပါဘုရား) ဘာကို

http://www.dhammadownload.com



အရင်သိမှုကို ကြိုးစားရမလဲ၊ (ပဋိစ္စသမုပ္ပါဒ် သိမှုကို အရင် ကြိုးစားရပါမယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်သိမှုကိုကြိုးစားရမယ် နော်....(မှန်ပါ့ဘုရား)။

သူ့ကြိုးစားပြီးတဲ့ အခါကျတော့ ဘာတွေစင်ကြယ်သွား ပါလိမ့် (ဒိဋ္ဌိဝိစိကိစ္ဆာစင်ကြယ်သွားပါတယ်ဘုရား)အဲဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်ကြယ်တယ်လို့ ဒကာကြွယ်ကမှတ်လိုက်၊ (မှန်လှ ပါဘုရား)ဒိဋ္ဌိဝိစိကိစ္ဆာမိမိတို့ အသိဉာဏ်မှာစင်ကြယ်ပြီးသည့် နောက်မှ ဖြစ်-ပျက်ဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အားထုတ်လို့ ရှိရင် မဂ်ဖိုလ်ရနိုင်ဟယ်၊ (မှန်ပါ့ဘုရား)။

ဒီဟာ မစင်ကြယ်ဘဲနဲ့ ဒကာ ဒကာမတွေ အားထုတ်ကြ ဟေ့၊ အနိစ္စ, ဒုက္ခ, အနတ္တမှ တစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရား မရှိဘူးလို့ပြောတဲ့ပုဂ္ဂိုလ်တွေက ပြောငြားသော်လဲ-တဲ့ သုတ်သင်ရှင်းလင်းထိုက်တဲ့ချေးအဖို့တို့ကိုဒကာသစ်နားမလည် ရင်လဲ ပင်ပန်းရုံပဲ၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကျတော့ အနိစ္စ, ဒုက္ခ, အနတ္တ အားမထုတ်ခင် ဘာလုပ်ရမှာပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ် နားလည်အောင်လုပ်ရပါမယ်) ပဋိစ္စသမုပ္ပါဒ် နားလည်အောင် လုပ်ထား၊ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် နားလည်မှ ကိုယ့်ခန္ဓာဖြစ်ကြောင်း, ကိုယ့် ခန္ဓာဖြစ်စဉ် ဒါမှ သိတော့မှာပေါ့၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ပုဂ္ဂိုလ်ကိုယ့်ခန္ဓာဖြစ်ကြောင်း,ကိုယ့်ခန္ဓာဖြစ်စဉ် ကို ဒကာကြွယ်....သိပါ့မလား၊ (မသိပါဘုရား) မသိတော့ ဒီခန္ဓာ ရှုရမှာဖြစ်နေတော့ ဒီခန္ဓာပေါ်မှာ သံသယတို့ ဒိဋ္ဌိတို့ မလာပေဘူးလား၊ (လာပါတယ်ဘုရား)ထိုကဲ့သို့ လာခဲ့သော်

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာဒကာမတွေ အာပေါက်အောင်အားထုတ်ခြေားသော်လဲ ဦးလှဘူးရေ– အချည်းအနှီး ဖြစ်ရပါတယ်၊ (မှန်ပါ့ဘုရား) ဘာနားမလည်လို့လဲ၊ (ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ပါဘုရား)။

အေး–ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဒကာကြွယ်.... တခြားတရားလို့ မှတ်မနေနဲ့၊ ကိုယ့်ခန္ဓာဖြစ်ကြောင်းနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်၊(မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်၊(ကိုယ့်ခန္ဓာဖြစ်ကြောင်းနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်ပါဘုရား)။

ကိုယ့်ခန္ဓာ ဖြစ်ကြောင်းနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ် (မှန်ပါ့) ဖြစ်ကြောင်းဆိုတာက ရှေးက အကြောင်းကို ပြပါတယ် (မှန်ပါ့)ဖြစ်စဉ်ဆိုတာက ဒီအထဲမှာ ယောကျ်ားမပါ၊ မိန်းမမပါဘူး၊ ရုပ်နာမ်တွေသာ တစ်ခုပြီးတစ်ခုပေါ်၊ တစ်ခုပြီးတစ်ခုပေါ်၊ အစဉ်တန်းပြီးဖြစ်တော့တယ်ဆိုတာ သိရတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ပုဂ္ဂိုလ်များမှာကိုယ့်ခန္ဓာဖြစ်ကြောင်းနဲ့ ကိုယ့်ခန္ဓာဖြစ်စဉ် နားလည် ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ပုဂ္ဂိုလ်ဟာ ဘာနားလည်တာပါလိမ့်၊ (ကိုယ့်ခန္ဓာဖြစ်ကြောင်းနဲ့ကိုယ့်ခန္ဓာဖြစ်စဉ်နားလည်ပါတယ်ဘုရား)ဒကာသစ်က ထူးထူးခြားခြားမှတ်ပါ၊ဖြစ်ကြောင်းနဲ့ ဖြစ်စဉ်တခြားစီနော်၊ (မှန်ပါ့) ဖြစ်ကြောင်းလို့ ဆိုတာက ငါသည် ဘယ်သူ့ကြောင့် ခန္ဓာကြီးပေါ်ပါလိမ့်မတုံးလို့သိရတဲ့အကြောင်းဟာ ဖြစ်ကြောင်းခေါ်ပါတယ်၊ (မှန်ပါ့)။

ဖြစ်စဉ်က ကိုယ့်ခန္ဓာကြီးက ယောကျ်ားတွေ ဖြစ်နေတာလား၊ မိန်းမတွေဖြစ်နေတာလား-ဆိုတော့မှ အို–မဟုတ်ပါ

http://www.dhammadownload.com



ဘူး၊ ဝိညာဏ်ဖြစ်နေတာ၊ နာမ်ရုပ်ဖြစ်နေတာ၊ သဠာယတန တွေ ဖြစ်နေတာ၊ ဖဿ ဖြစ်နေတာ၊ ဝေဒနာ ဖြစ်နေတာလို့ သိတော့ ဖြစ်စဉ်ကို သိတယ်၊ (မှန်ပါ့ဘုရား)၊

ဒါဖြင့် ဖြစ်ကြောင်းနဲ့ဖြစ်စဉ်ပေမယ့် တခြားစီလို့မှတ်ပါ၊ (မှန်ပါ့ဘုရား)ဒကာကြွယ်နားလည်ပြီလား၊ (နားလည်ပါပြီ ဘုရား)ကိုယ့်ခန္ဓာဖြစ်ကြောင်းနားလည်တာလဲပဋိစ္စသမုပ္ပါဒ် သိမှ၊ (မှန်ပါ့) ကိုယ့်ခန္ဓာဖြစ်စဉ် သိတာလဲ၊ (ပဋိစ္စသမုပ္ပါဒ် နားလည်မှ သိပါတယ်ဘုရား)။

ဖြစ်ကြောင်းနဲ့ ဖြစ်စဉ်ကိုမသိဘဲနဲ့ ဒကာကြွယ်တို့က ဝေဒနာ–အနိစ္စပဲ၊ စိတ်-အနိစ္စပဲ၊ ရုပ်အနိစ္စပဲလို့ သိငြားသော်လဲ ရှုရင်း-ရှုရင်း ယုံမှား သံသယ ဝင်လာတယ်၊ (မှန်ပါ့ဘုရား) ရှုရင်း ရှုရင်း ဒိဋ္ဌိဝင်လာတာပဲ၊(မှန်ပါ့ဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာ ဝင်လာကတည်းက ဒကာဒကာမတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တားတဲ့တရား၊ (မှန်ပါ့ဘုရား)။

ဘယ်မဂ်ဉာဏ်၊ဘယ်ဖိုလ်ဉာဏ်တားပါလိမ့်မတုံးမေးတော့ အစဆုံး ဖြစ်တဲ့ မဂ်ဉာဏ်ကို တားလိုက်တာပဲ၊ (မှန်လှပါ ဘုရား) အထက် မဂ်ဖိုလ် ရဖို့ဆိုတာ ဝေးရောပေါ့၊ (မှန်ပါ့ ဘုရား)။

အေး-ဒါ့ကြောင့်ဆရာသမားလိုတယ်၊ဆရာသမားလိုတယ် ဆိုတာ ဒကာသစ်တို့-ဒကာကြွယ်တို့ အထူးရိပ်မိဖို့ ကောင်း တယ်၊(ရိပ်မိပါတယ်ဘုရား)လမ်းစဉ်ပြမကောင်းလို့ရှိရင်ဖြင့် ကောင်းကောင်းဒုက္ခဖြစ်တယ်၊ (မှန်ပါ့ဘုရား) ပင်ပန်းငြား သော်လဲ ပင်းပန်းကျိုး နပ်ပါရဲ့လား၊ (မနပ်ပါဘုရား)။

http://www.dhammadownload.com



အေး-ဒါတွေသိတော့ ဩဇာ-ပင်ပန်းငြားသော်လဲပင်ပန်း ကျိုးမနပ်တဲ့ အလုပ်တွေလဲ ရှိပါသေးသလားဆိုတော့ ဒကာ ကြွယ်ရေ-ဆရာဖျင်းလို့-လို့ဆိုရမယ်၊ (မှန်ပါဘုရား)။

ဒကာဒကာမ ဆိုတာတော့ နဂိုက လူရယ်လို့ ဖြစ်လာပြီး ဝမ်းစာ-ဝမ်းကျောင်း ဖြစ်တဲ့ ပညာကလေးတွေ သင်ပြီး သကာလ အိမ်ထောင်ကျ၊ ကြီးလာတဲ့ အခါကျမှ ကိုယ့် ဘာ သာရေး ကိုယ်ကြိုးစားတဲ့အခါ ဆရာကောင်းရှာကြဆိုတော့ ဒကာဒကာမတွေက ဘာမှပါလာတာမှမဟုတ်ဘဲ၊ (မှန်လှပါ ဘုရား)။

အဲဒီမှာ ဆရာသမားဖျင်းနဲ့၊ ဆရာသမားညံ့နဲ့ တွေ့သွားပြီ ဆိုမှဖြင့်-တဲ့၊ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်းကမပြတော့ဘူး၊ (မှန်လှ ပါဘုရား)။

လုပ်ဟော့....ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာဒုက္ခာ၊သဗ္ဗေဓမ္မာ အနတ္တာ" သူ့ဟောထားတယ်ကွ၊ အဲဒီ အနိစ္စ, ဒုက္ခ, အနတ္တဟာ ထွက် ရပ်လမ်း တရားပေါ့ကွာ၊ ဒါပဲ ကြိုးစားစရာရှိတယ်၊ ဒါပဲ ကြိုးစားဆိုပြီး အထက်ပိုင်းကသင်လိုက်တော့အောက်ပိုင်းက ဟာလာဟင်းလင်းဖြစ်သွားတယ်၊ (မှန်လှပါဘုရား) အောက် ပိုင်းက ဟာလာဟင်းလင်းဖြစ်ပြီး သကာလနေတော့ အလုပ် လုပ်လေ ယုံမှား သံသယကဖြစ်လေပဲ၊ (ဖြစ်ပါတယ်ဘုရား) အလုပ်-လုပ်လေ သံသယကလာလေပဲ၊ (လာပါတယ်ဘုရား) အလုပ်-လုပ်လေ ဒိဋ္ဌိက လာလေ၊ (လာပါတယ်ဘုရား)။

ဒိဋ္ဌိဝိစိကိစ္ဆာလာလို့ရှိရင်လဲ သောတာပတ္တိမဂ်ဆိုတဲ့ ပထမ ဆုံး မဂ်တောင် ရနိုင်ဖို့အရေး အင်မတန်ဝေးပါတယ်၊(ဝေး

http://www.dhammadownload.com



ပါတယ်ဘုရား)ကြောက်စရာမကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

အေး-ဒါ့ကြောင့်ဒကာကြွယ်တို့ရေ-ဆရာသမားလိုတယ်၊ ဆရာသမားလိုတယ်ဆိုတဲ့ဥစ္စာလဲ ခဏခဏပြောလို့ ဒကာကြွယ်တို့-ဒကာသစ်တို့ သိလောက်ပါပြီ၊(သိပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် နားမလည်ပြီ ဆိုမှဖြင့် ဒိဋ္ဌိဟာလာတော့မှာပဲ၊ (လာမှာပါပဲဘုရား) ဝိစိကိစ္ဆာလဲ လာတော့မှာပဲ၊ (လာမှာပါပဲဘုရား)ငါသည် ဘယ်ကလာပါလိမ့်မလဲဆိုတာ ဘာပါလိမ့်မလဲ (ဝိစိကိစ္ဆာပါဘုရား) အခု ငါဟာ ဘယ်လိုငါပါလိမ့်မလဲ၊ (ဒိဋ္ဌိပါဘုရား) ဟင့်....အင်း– ဝိစိကိစ္ဆာပဲ၊ (မှန်ပါ့ဘုရား)ဘယ်လိုငါပါလိမ့်မလဲဆိုတာ ဝိစိကိစ္ဆာပဲ လာနေတယ်(မှန်ပါ့-ဝိစိကိစ္ဆာပါဘုရား)ရှေ့ ငါဘာများဖြစ်ရဦးမလဲ၊ (ဝိစိကိစ္ဆာပါဘုရား) ဝိစိကိစ္ဆာပဲ၊(မှန်ပါ့) သူ့ဟာသူ ဆုံးဖြတ်ချက် မချနိုင်တာဟူသရွေ့ ဒကာသစ်-ဝိစိကိစ္ဆာမှတ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ငါဘယ်ကလာမှန်းလဲမသိ ယခုဟာငါဘာဖြစ်နေမှန်းလဲမသိ၊ ရှေ့လဲ ငါ ဘာဖြစ်မှန်းလဲ မသိ၊ ဘာများဖြစ်ရမယ်လို့ မပြောတတ်ပါဘူး အစရှိသည်ဖြင့် ဒကာဒကာမတွေမှာ နေကြတာဟာ ဒါကို ဘာသတ္တိလို့ဆိုကြမလဲ၊ (ဝိစိကိစ္ဆာပါဘုရား)။

တစ်ခါရုပ်တွေ-နာမ်တွေပေါ်နေတာကိုပဲငါစားချင်တယ် ငါဝတ်ချင်တယ်၊ ငါအိပ်ချင်တယ်၊ ငါသည်ကား–လို့ဆိုရင် သွားချင်တယ်၊ငါသည်ကားလို့·ဆိုရင် လာချင်တယ်ဆိုတော့ ရုပ်နာမ်တွေက သွားချင်၊ လာချင်တဲ့ဥစ္စာကို ရုပ်နာမ်တွေကို

http://www.dhammadownload.com



ငါရယ်လို့ စွဲလမ်းလိုက်ပြန်တော့လဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါ၊ ပဋိစ္စသမုပ္ပါဒ် အစဉ်ပေါ်မှာ ဒိဋ္ဌိအကုန် ဝင်နေတယ်၊ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ် အစဉ်ပေါ်မှာ (ဒိဋ္ဌိဝင်နေပါတယ်ဘုရား)။

ဒိဋ္ဌိအကုန်ဝင်နေတဲ့အတွက် ဒါလဲ ပဋိစ္စသမုပ္ပါဒ် အစဉ်ကို နားမလည်လို့ပဲ၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ်အကြောင်း နားမလည်ရင် မိမိဖြစ်ကြောင်း နားမလည်ရင် ယုံမှားဝိစိကိစ္ဆာပဲ၊(မှန်လှပါဘုရား)ပဋိစ္စသမုပ္ပါဒ် အစဉ်ဖြစ်နေတာကို ပုဂ္ဂိုလ် သတ္တဝါ ငါ၊ သူတစ်ပါးထင်ရင် ဒိဋ္ဌိပဲ၊ (မှန်လှပါဘုရား)ဟုတ်ကဲ့လား(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာကြွယ်ရေ–လူဖြစ်တဲ့ဘဝမှာ ဒီဘဝအထူးဆုံးလို့သာ မှတ်ပေတော့ (မှန်လှပါဘုရား) အားလုံး ဒကာ ဒကာမတွေ ဒီတစ်ခါ ဖြစ်ရတာဖြင့်ပေ့–ဒုက္ခခပ်သိမ်းငြိမ်းဖို့ ဖြစ်လာတာပဲဆိုတာ ကိုယ့်ဟာ ကိုယ်ပဲ ဆုံးဖြတ်ချက် ချပါ၊ (မှန်လှပါ)။

ဒီတစ်ခါလူဖြစ်လာတာ ဒကာကြွယ်·ရှေးက ဒါတွေမတွေ့ခဲ့လို့၊ မတွေ့ခဲ့တော့ ဒုက္ခခပ်သိမ်းငြိမ်းဖို့ရာအရေးဟာ ဝေးပါပေါ့ဗျာ (မှန်ပါ့–ဝေးပါတယ်ဘုရား)။

အခုတော့ ဒကာ ဒကာမတွေက ဒါတွေကို အကျိုးနဲ့ အကြောင်းနဲ့ အစနဲ့ အဆုံးနဲ့သိရတော့ ဩော်– လူဖြစ်ကျိုးနပ်ပဟ၊ကိုယ့်အလုပ် ဝတ္တရားကလေး ဝီရိယကလေး မလျော့ဘဲနဲ့ လုပ်လို့ရှိရင်ဖြင့် ဒီဘဝဟာ နောက်ဆုံးပိတ် ဘဝ၊ ဒုက္ခသိမ်းလို့ ငြိမ်းတော့မှာပဲ ဆိုတာ ကိုယ့်ဟာကိုယ် ဝမ်းသာရ

http://www.dhammadownload.com



ပါလိမ့်မယ်၊ (သာရပါမယ်ဘုရား) ရှင်းကြပလား၊(ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့မှာ မိဘရှိးရာများ မှတ်ပြီးသကာလထားတာတွေ အလွဲတွေက မနည်းဘူးနော်၊(မနည်းပါဘုရား)အဲဒီ အလွဲတွေကို ပဋိစ္စသမုပ္ပါဒ်နားမလည်သ့ို့ရှိရင် ဒကာသစ်-ပြင်မရဘူး၊ (ပြင်, မရပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်နားလည်ရင်တော့ဖြင့် သြော်-သူတို့အပြောက အပြောကိုး၊ အဖြစ်ကတော့ ပဋိစ္စသမုပ္ပါဒ်ကိုးလို့-ဆိုပြီးရှင်းသွားတယ်၊ (ရှင်းသွားပါတယ် ဘုရား) ကိုင်း-ဒါဖြင့် ရှေးကကိုက ကဿပသံယုတ်မှာ လာတယ်လို့ ဒကာကြွယ်-မှတ်ရမယ်နော်၊ (မှန်လှပါ)။

အရှင်မဟာကဿပကြီးကလဲ သာဝတ္ထိပြည်မှာသီတင်းသုံးနေတော့ အရှင်သာရိပုတ္တရာကလဲ သွားပြီး သီတင်းသုံးနေတယ်၊ (မှန်ပါဘုရား)။

သီတင်းသုံးပြီးသကာလ တစ်ပါးနဲ့တစ်ပါး တွေ့ကြတဲ့အခါ အလ္လာပ-သလ္လာပဆိုတဲ့ ရှေ့စကား နောက်စကားတွေပြောကြတယ်(မှန်ပါ)ပြောပြီး သည်၌အခြားမဲ့၌အရှင်သာရိပုတ္တရာက မေးလိုက်တယ်၊ အရှင်ဘုရား-တဲ့၊ သတ္တဝါသေရင်ဖြစ်သေးသလားလို့မေးတယ်၊(မှန်ပါဘုရား)သတ္တဝါသေရင်(ဖြစ်သေးသလားလို့မေးပါတယ်)အင်း-ဒါ ဘယ်သူက မေးတာပါလိမ့်၊ (အရှင်သာရိပုတ္တရာက မေးတာပါဘုရား)။

အရှင် သာရိပုတ္တရာက မေးလို့ အရှင် မဟာ ကဿပ,က ဒီဟာမျိုးဘုရားက မဖြေကောင်းဘူး-တဲ့၊ (မှန်လှပါ) ဘာတဲ့တုံး၊ (ဘုရားက ဒီဟာမျိုး မဖြေကောင်းပါဘူး-တဲ့) မဖြေ

http://www.dhammadownload.com



ကောင်းတဲ့ အမေး-တဲ့၊ (မှန်လှပါဘုရား) သတ္တဝါသေရင် ဖြစ်သေးသလားလို့မေးတာဘာတဲ့၊(မဖြေကောင်းတဲ့အမေး ပါဘုရား) မဖြေကောင်းဘူး ဒီဥစ္စာနော်၊ (မှန်လှပါ)။

ကိုင်း–ဒါဖြင့် ဒီပုစ္ဆာကလေး တစ်ခုကို ဒကာကြွယ် နားလည်သွားပြီ(မှန်လှပါ)သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးရင် ဒကာကြွယ်-ဘယ့်နှယ်ဖြေပါ့မလဲ၊ (မဖြေကောင်းတဲ့ အမေးပါဘုရား) သတ္တဝါမှ မရှိဘဲကိုးဗျ၊ (မှန်လှပါဘုရား) မရှိတာမေးတော့ ဒကာကြွယ်-ဖြေရင် ဖြေသလောက် လွဲမှာ ပေါ့၊ (မှန်လှပါဘုရား) ဘာဖြစ်လို့ပါလိမ့်၊ (သတ္တဝါမရှိလို့ ပါဘုရား)။

စဉ်းစားကြည့်ပါလားပဋိစ္စသမုပ္ပါဒ်မှာ ဒကာဒကာမတွေ၊ ဟောဒါ အတိတ်ဘဝက အဝိဇ္ဇာနဲ့သင်္ခါရကပြုလိုက်လို့နော်၊ (မှန်ပါ့)ပြုလုပ်လိုက်တော့ သေသည်၏ အခြားမဲ့၌ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ပေါ်တယ်၊ (မှန်လှပါဘုရား)မပေါ်ဘူးလား(ပေါ်ပါတယ် ဘုရား) အင်း-သတ္တဝါတွေဟုတ်ကဲ့လား(မဟုတ်ပါဘုရား)။

ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးတော့ ဒီဘက်မှာ ဖြစ်တော့တာပဲ သတ္တဝါဟုတ်ကဲ့လား၊ (မဟုတ် ပါဘုရား) ကြည့်ပါဦး– ဘာပါလိမ့် (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာပါဘုရား)။

ကဲ-ဒါဖြင့် ဒီဘက်ကလဲ သတ္တဝါသေတယ်ရှိရဲ့လား၊ (မရှိ ပါဘုရား)-အဝိဇ္ဇာ သင်္ခါရပဲရှိတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်သတ္တဝါသေရင် ဖြစ်သေးသလားလို့ မေးလို့ရှိရင် ဒကာကြွယ်– ဒကာသစ်– တို့က ဘယ့်နှယ်လုပ် ဖြေပါ့မလဲ၊

http://www.dhammadownload.com



(မဖြေကောင်းပါဘုရား) မောင်ဘသော်–မဖြေကောင်းဘူး၊ (မှန်လှပါဘုရာ)အကြောင်းထဲမှာလဲ သတ္တဝါ မပါ, ပါဘူး၊ (မပါ,ပါဘူး) အကျိုးဖြစ်တဲ့ အထဲမှာကော (သတ္တဝါ မပါ,ပါဘုရား)။

ဩော် ဒါကြောင့် ဘုရားက မဖြေကောင်းဘူးလို့ ပြောတာ၊ (မှန်လှပါဘုရား) ဒကာကြွယ်- ဒီအကြောင်းအကျိုး ဒီစကားမျိုး နားမလည်တော့ သတ္တဝါတစ်ယောက်တော့ သေပဟော့၊ ဘယ်များ သွားဖြစ်နေတယ် မပြောတတ်ပါဘူး လို့ မသုံးကြဘူးလား၊ (သုံးကြပါတယ်ဘုရား)။

သုံးကြတော့ သတ္တဝါလဲမရှိဘူး၊ ဘယ်သွား ဖြစ်တယ်လို့ ဖြစ်စရာလဲမရှိဘဲနဲ့ဒကာကြွယ်မှာတဲ့၊သတ္တဝါသေရင်ဖြစ်သေး တယ်ဆိုတဲ့ အမိပ္ပာယ်၊ဘယ်သွားဖြစ်တယ်ဆိုတဲ့အမိပ္ပာယ်ဟာ သဿတဒိဋ္ဌိဖြစ်နေတယ်၊(ဖြစ်ပါတယ်ဘုရား)မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဒကာ ဒကာမတွေ ဉာဏ်နားနဲ့ထောင် ပေးပါ၊ (မှန်ပါ) အကြောင်းထဲမှာလဲ သတ္တဝါပါ,ပါရဲ့ လား၊ (မပါ,ပါဘုရား)။

အင်း....ဟင်-သတ္တဝါလို့ဆိုတာ ဒီနေရာမှာမှပျောက်တယ် နော်၊ (မှန်ပါ)ဒီဘက် ဝိညာဏ်ဆိုတာ ပဋိသန္ဓေ၊နာမ်ရုပ် ဆို တာက ခင်ဗျားတို့ပဋိသန္ဓေနေတော့ နာမ်ရုပ်ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား) မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ် ပေါ်လာတယ်၊ (မှန်ပါ)ဖဿပေါ်တယ်၊ ဝေဒနာ ပေါ်တယ်၊(မှန်လှပါဘုရား)သဘောကျပလား(ကျပါတယ်)

http://www.dhammadownload.com



ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလား-လို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ (မဖြေကောင်းပါဘုရား) ဖြေစရာမရှိဘူး၊ (မှန်လှပါ) ဖြေစရာမရှိပါဘူး ဒကာ ဒကာမတို့၊ (မှန်လှပါ) ဘာဖြစ်လို့တုံး-ဒီအကြောင်းထဲမှာလဲ သတ္တဝါမပါဘူး၊ (မပါ,ပါဘုရား) စုတိသည်၏ အခြားမဲ့၌ ဖြစ်ပေါ်တဲ့အထဲမှာ ကော၊ (မပါ,ပါဘုရား)။

ဒါဖြင့် ဖြေစရာမရှိဘူး ဆိုတာဟာ ပဋိစ္စသမုပ္ပါဒ်သဘောကျလို့ (မှန်ပါ့ဘုရား) ဖြေစရာမရှိဘူးဆိုတာ၊(ပဋိစ္စသမုပ္ပါဒ်သဘောကျလို့ပါ) ပဋိစ္စသမုပ္ပါဒ် သဘောကျတဲ့အတွက်ကြောင့်-သူမေးတဲ့ဥစ္စာဟာ မမေးကောင်းတာမေးလို့ ဖြေစရာမရှိပါဘူးဆိုတာ ဒကာ ဒကာမတွေ ရှင်းသွားတယ်၊ (ရှင်းပါတယ်ဘုရား)။

ဒါ အရှင်သာရိပုတ္တရာမေးလို့ အရှင်မဟာကဿပကြီးက သတ္တဝါသေရင် ဖြစ်သေးသလားလို့ အရှင်သာရိပုတ္တရာက မေးတာဟာ သိလျက်နဲ့မေးတာနော်၊ (မှန်လှပါဘုရား) အင်း-ဒီအဖြေမျိုး မဖြေကောင်းပါဘူးလို့ ဘုရားကဟောထားတယ်၊ (မှန်ပါ့)။

ဒကာဒကာမတွေကော သတ္တဝါသေရင်ဖြစ်သေးသလား (မဖြေကောင်းပါဘုရား) ဘာ့ကြောင့်ပါလိမ့်၊(သတ္တဝါမရှိလို့ပါ) သတ္တဝါရှိကိုမရှိဘူး၊(မှန်ပါ) သတ္တဝါမရှိလို့သတ္တဝါသေလဲမရှိဘူး၊ သတ္တဝါဖြစ်လဲ၊ (မရှိပါဘုရား)။

မရှိဘူး-တဲ့၊ဘာဖြစ်လို့တုံးဆိုတော့ ဒီဘက်ကရုပ်နာမ်တွေချုပ်သွားပြီ၊ ဒီဘက်က ရုပ်နာမ်တွေပေါ်တာပဲ၊ (မှန်ပါ]

http://www.dhammadownload.com



ဘုရား) သဘောကျပလား၊ (ကျပါပြီ) အတိတ်ကရုပ်နာမ် တွေချုပ်ပြီးတော့၊ (ပစ္စုပ္ပန် ရုပ်နာမ်တွေ ပေါ်တာပါပဲ)။

ဒါဖြင့် ပစ္စုပ္ပန်ရုပ်နာမ်တွေချုပ်ပြီးတော့ကော အနာဂတ် ရုပ်နာမ်တွေပေါ်မှာပဲ၊ (မှန်ပါ့) ဒါပဲရှိတယ်၊ (မှန်လှပါ) သတ္တဝါကဖြင့် ပါကို မပါဘူး၊ (မပါ,ပါဘူးရား)။

ကြည့်ပါ-ကြည့်ပါ၊ဒကာဒကာမတွေစာရွက်မှာကြည့်ပါ။ ခင်ဗျားတို့သည်ကား-လို့ ဆိုလို့ရှိရင်ဖြင့် ပြုတဲ့အကြောင်းထဲ မှာလဲသတ္တဝါမပါ,ပါဘူး၊(မပါ,ပါဘုရား)ရတဲ့,အကျိုးထဲ မှာကော၊ (မပါ,ပါဘုရား) မပါတာ ပဋိစ္စသမုပ္ပါဒ်က ရှင်းနေတယ်၊ (မှန်လှပါ) ရှင်းနေတော့ကို-တဲ့၊ သတ္တဝါ သေရင် ဖြစ်သေးသလားလို့ အရှင်သာရိပုတ္တရာက မေးလိုက် တယ်၊ (မှန်ပါ့ဘုရား)။

ဒါမဖြေအပ်တဲ့ပုစ္ဆာတဲ့၊ဘုရားမဖြေဘူးဆိုပြီးအရှင်မဟာ ကဿပကြီးက ရှင်းပြတယ်၊ (မှန်ပါ့ဘုရား) မေးတဲ့ ပုဂ္ဂိုလ်လဲ အရိယာပုဂ္ဂိုလ်ပါ၊ (မှန်ပါ့ဘုရား) ဖြေတဲ့ပုဂ္ဂိုလ် အရိယာ ပုဂ္ဂိုလ်ပါ၊ (မှန်ပါ့) သို့သော် ဘယ့်နှယ်ကြောင့် သူတို့အမေး အဖြေ လုပ်ကြပါလိမ့်မတုံးဆိုတော့ နောက်ပုဂ္ဂိုလ်တွေ ရှင်း လင်းအောင်လို့၊(မှန်လှပါ)ဘယ်အကျိုးငှာပါလိမ့်၊(နောက် ပုဂ္ဂိုလ်တွေရှင်းလင်းအောင်လို့ပါဘုရား)သဘောပါပလား၊ (ပါ,ပါပြီ)။

ကဲ-အားလုံး တရားတစ်ပွဲလုံးကို မေးလိုက်ပါတယ်-တဲ့၊ ပဋိစ္စသမုပ္ပါဒ်နားမလည်တဲ့ ပုဂ္ဂိုလ်မှန်လို့ရှိရင် အဖြေတစ်မျိုး ထွက်မှာပဲ၊(မှန်ပါ့)နားလည်တဲ့ပုဂ္ဂိုလ်ဆိုရင် သတ္တဝါသေရင်

http://www.dhammadownload.com



ဖြစ်သေး သလားလို့ မေးရင်ဖြင့် ဘယ်နှယ် ပြောကြမယ်၊ (မဖြေကောင်းပါဘုရား) ဘာ့ကြောင့် မဖြေကြပါလိမ့်၊ (သတ္တဝါမရှိလို့ပါဘုရား)။

သေစရာသတ္တဝါလဲမရှိဘူး၊ ဖြစ်စရာသတ္တဝါကော၊ (မရှိပါဘုရား) မရှိဘူးတဲ့၊ ဒီအတိတ်အကြောင်းဖြစ်တဲ့ နာမ်ရုပ်ချုပ်လို့ ပစ္စုပ္ပန်အကျိုးဖြစ်တဲ့ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ပေါ်လာတာပဲ၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒီအကြားမှာ သေတယ်ထားပါဦးတော့ ဒီအစပ်ကလေးမှာ၊ (မှန်ပါ) ဒီဘက်က အဝိဇ္ဇာ သင်္ခါရ ဒီမှာလာချုပ်ပြီး အဝိဇ္ဇာသင်္ခါရပြီးတဲ့အခါ ဒီမှာ ဝိညာဏ်, နာမ်ရုပ်ပေါ်တာပဲ၊ (မှန်ပါဘုရား) မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ပထမပုစ္ဆာ မဖြေကောင်းဘူး ဆိုတာ ဩော်-ဒို့ဉာဏ်ထဲမှာလဲ ရှင်းပြီ၊ နဂိုကလဲ သေစရာသတ္တဝါလဲ မရှိ၊ သေတတ်တဲ့သတ္တဝါလဲ မရှိ၊ ဖြစ်တတ်တဲ့သတ္တဝါလဲ မရှိဘူး-တဲ့၊ နာမ်ရုပ်ချုပ်သွားလို့ နာမ်ရုပ် ဖြစ်လာတာပဲ၊ (မှန်ပါဘုရား) ယခု နာမ်ရုပ်ချုပ်သွားတော့ နောက်နာမ်ရုပ် ပေါ်တာပဲ ရှိတယ် (မှန်ပါဘုရား)။

ဒီဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေချုပ်သွားတော့ ဒီဘက် ဇာတိ, ဇရာ, မရဏ ပေါ်တာပဲရှိတယ်၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ကောင်းပြီ၊ ဒါဖြင့် ဇာတိ, ဇရာ, မရဏ ဆိုတာလဲ ရုပ်နာမ်တွေပေါ်တာပဲ၊ (မှန်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် မဖြေကောင်းတဲ့ပုစ္ဆာတွေကို မဖြေဘဲ နေကြခြင်းသည် ဒကာကြွယ်....အသိဉာဏ်ရှိလို့၊ (မှန်လှပါ ဘုရား) မဖြေကောင်းတဲ့ ပုစ္ဆာတွေကို မဖြေဘဲ နေခြင်းသည် ဘာပါလိမ့်၊ (အသိဉာဏ်ရှိလို့ပါဘုရား) ဘယ်သူ့အပေါ်မှာ အသိဉာဏ်ရှိတာပါလိမ့်(ပဋိစ္စသမုပ္ပါဒ်အပေါ်မှာပါဘုရား)။

အင်း–ပဋိစ္စသမုပ္ပါဒ်အပေါ်မှာ အသိဉာဏ်ရှိတယ်၊ (မှန်လှပါ) ခန္ဓာဖြစ်စဉ်မှာ၊ (အသိဉာဏ်ရှိပါတယ်) အဲဒီ ဉာဏ်နှစ်ဉာဏ် ရလိုက်တာဟာ ဒီဉာဏ် နှစ်ဉာဏ်ကို ဒကာကြွယ်က ဒကာသစ်က သာမည ဉာဏ်ပဲလို့ မအောက်မေ့လိုက်ပါနဲ့၊ (မှန်ပါဘုရား)။

ဒီဉာဏ်နှစ်ဉာဏ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်–တဲ့၊ နာမ်ရုပ်သိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ရတယ်၊ (မှန်ပါ) ပစ္စယ ပရိဂ္ဂဟဉာဏ်ဆိုတဲ့အကြောင်းနဲ့အကျိုးဆက်တာသိတဲ့ဉာဏ်လဲရတယ်၊ (မှန်ပါဘုရား) ဒီဉာဏ် နှစ်ဉာဏ်ကို ရသွားတယ်၊ (မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်နားလည်ခဲ့ရင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ ဉာဏ်နှစ်ဉာဏ်ရတယ်၊ (မှန်ပါဘုရား) မဂ်ဉာဏ်၏ အခြေခံတွေရလိုက်တယ်၊ (မှန်ပါ) ဘယ်သူ့ အခြေခံတွေရလိုက်ပါလိမ့်၊ (မဂ်ဉာဏ်၏ အခြေခံတွေရလိုက်ပါတယ်ဘုရား)။ မဂ်ဉာဏ်၏ အခြေခံတွေ ရလိုက်တယ်ဆိုတာဖြင့် ရှင်းသွားတယ်၊ (မှန်ပါဘုရား)။

ဒကာသစ်–ပဋိစ္စသမုပ္ပါဒ်နားလည်ရင်မဂ်ဉာဏ်၏အခြေခံနှစ်ဉာဏ်ရတယ်၊ (မှန်ပါဘုရား) နာမရူပပရိစ္ဆေဒဉာဏ်ရယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရယ်၊ (မှန်ပါ) သဘောပါလား၊ (ပါ၊ပါ

http://www.dhammadownload.com



တယ်ဘုရား) ဒီနှစ်ဉာဏ်ရလိုက်ပါတယ်–တဲ့၊ ဒကာကြွယ်ရေ.... (မှန်ပါဘုရား)။

ကဲ-တစ်ခါဆက်မေးပါဦးမယ်၊အရှင်သာရိပုတ္တရာက ဆက်မေး တယ်နော်– (မှန်ပါ) ဒါဖြင့် အရှင် မဟာကဿပ-တဲ့၊ သတ္တဝါသေရင်မဖြစ်တော့ဘူးလား-လို့ မေးလိုက်တယ်-(မှန်ပါဘုရား)ဒါလဲ ဘုရားက မဖြေကောင်းတဲ့ ပုစ္ဆာဘဲ-တဲ့၊ (မှန်ပါဘုရား)ကဲ-ဒကာ ဒကာမတွေကလဲသဘောကျပလား(ကျပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့် (သတ္တဝါ ပုဂ္ဂိုလ် မရှိလို့ပါဘုရား) သတ္တဝါပုဂ္ဂိုလ် မရှိလို့၊ (မှန်ပါဘုရား။)

ဩော်-ခင်ဗျားတို့ကလဲ အရှင်မဟာကဿပကြီးလိုပဲမဖြေကောင်းတာ မဖြေကောင်းဘူးဆိုတဲ့ သိတဲ့ဉာဏ်ရတာ ပုဂ္ဂိုလ် သတ္တဝါဟာ ကိုယ့်အထင်မှာ မရှိတော့ဘူး၊ (မရှိပါဘုရား)၊

အင်း– ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်စဉ် တ နှ်း နေ တာ တွေ၊ အ ကြောင်းဖြစ်လို့ အကျိုးဖြစ်တာတွေ၊ ဒီအကျိုးတရားလဲ နာမ်ရုပ်တွေဆိုတာ သိပြီးသကာလနေတဲ့အတွက် ဖြေစရာမရှိဘူး–ဆိုတဲ့ဉာဏ် ထွက်လာတယ်၊ (မှန်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့်ဒကာ ဒကာမတို့ ဒီအဖြေထွက်နိုင်ရင်သတ္တဝါသေလို့ရှိရင်ဖြစ် မဖြစ်တော့ဘူးလား မေးတော့ ဘယ့်နှယ်တဲ့ ဒကာ ဒကာမတွေက(မဖြေကောင်းပါဘုရား)မဖြေကောင်းဘူး၊ (မှန်ပါ) ဖြေစရာမရှိဘူး၊ (မှန်လှပါ) သတ္တဝါကိုက ရှိရဲ့လား၊ (မရှိပါဘုရား) သတ္တဝါကိုက မရှိတော့ ဖြစ်-မဖြစ်

http://www.dhammadownload.com



မေးပြောသော်လဲ အပိုပဲ၊ (မှန်လှပါဘုရား) ရှင်းပြီး (ရှင်းပါပြီဘုရား) သတ္တဝါကိုက မရှိတော့(ဖြစ်, မဖြစ် မေးစရာ မလိုတော့ပါဘုရား)။

ဖြစ်-မဖြစ်ဟာ စကားတွေ ချဲ့မနေကြပါနဲ့တော့၊ (မှန်ပါ ဘုရား) ရှိတာပြောရလို့ရှိရင်တော့ ဖြစ်,မဖြစ် ပြောရပါလိမ့်မယ်၊ (မှန်လှပါဘုရား) နဂိုကမရှိတာကို မေးထားတော့ ဖြစ်,မဖြစ် ပြောနေတာအပိုပဲ၊ (အပိုပါပဲဘုရား)သဘောကျပလား (ကျပါပြီ)။

ကိုင်း – ဒါ ဘာနားလည်လို့ ဒီအဓိပ္ပာယ်မျိုးကို မဖြေကောင်းဘူးလို့သိပါလိမ့်မတုံး၊ (ပဋိစ္စသမုပ္ပါဒ် နားလည်လို့ပါဘုရား)အဲ-ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ကျေးဇူး ဒကာသစ်-အလှူနဲ့ကို အဖိုးတန်ပါတယ်၊ (တန်ပါတယ်ဘုရား) ဒကာကြွယ်–သိပ်အဖိုးတန်တယ်နော်၊ (တန်ပါတယ်ဘုရား)။

နောက် ဒကာ ဒကာမတွေ ခင်ဗျားတို့ နို့ မဟုတ်လို့ရှိရင် သတ္တဝါသေလို့ရှိရင်မဖြစ်ဘူးထင်ပါရဲ့၊ လာချင်လာဦးမယ်၊ (လာမှာပါဘုရား)။

သူတို့ဖြင့် ဘာမှဖြစ်စရာမရှိဘူး ဆိုပြန်တော့လဲ သူ ဒိဋ္ဌိထဲ သွားမယ်၊ (မှန်ပါဘုရား) ဥစ္ဆေဒဒိဋ္ဌိထဲ သွားမယ်၊ (မှန်ပါ ဘုရား) မသွားဘူးလား၊ (သွားပါတယ်ဘုရား)။

သတ္တဝါသေရင် ဖြစ်တယ်လို့ယူလို့ရှိရင်လဲ သဿတဒိဋ္ဌိထဲ သွားမယ်၊ (သွားပါတယ်ဘုရား) သတ္တဝါသေရင် မဖြစ်တော့ဘူး ယူရင်လဲ၊ (ဥစ္ဆေဒဒိဋ္ဌိထဲ သွားပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ–ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ ပုဂ္ဂိုလ်မှာ သဿတ သဘော်လည်းကောင်း၊ ဥစ္ဆေဒသဘော်လည်းကောင်း ဒကာသစ်– မလာပေဘူးလား၊ (လာပါတယ်ဘုရား)ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် နားလည်မှု၏ ကျေးဇူးသည် ဒကာ ကြွယ်-တယ်ကြီးပါကလား၊ (ကြီးပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားဘယ်သူ့ကြောင့်ဘုရားဖြစ်ပါလိမ့်မတုံး ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်လို့ဘုရားဖြစ်တယ်၊ (မှန်လှပါ ဘုရား) ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပြီး၊ ပဋိစ္စသမုပ္ပါဒ်ကြီး ပြတ် သွားတော့ ဘုရားဖြစ်တယ်၊ (မှန်လှပါဘုရား) ရှင်းကြပ လား၊ (ရှင်းပါပြီဘုရား)။

အင်း–ဟင် အဲဒ်လို သိလိုက်တဲ့အခါကျတော့မှ ဩဘ်– ငါတို့မှာ အကြုံကြီးကြုံရတဲ့ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဆရာသမားကဟောလို့ အမှန်အကန်တွေသိရပြီး အမှားတွေ အကုန်ပျောက်ရတာ၊ဒီဒီဘဝမှာဖြင့် ဒုက္ခခပ်သိမ်းကင်းငြိမ်း တဲ့ နိဗ္ဗာန်ကြီး အမှန်ရောက်မည့် ပုဂ္ဂိုလ်တွေမို့ ဤကဲ့သို့ အကျိုးအကြောင်း ဆက်ပြီးသကာလ ဉာဏ်ထဲမှာ ရှင်းရှင်း လင်းလင်း လာတွေ့တာပဲဆိုတာ ဒကာကြွယ်– ဝမ်းမြောက် တော့၊ (မှန်ပါ့ဘုရား)။ အင်မတန်ဝမ်းမြောက်စရာ ကောင်း ပါတယ်နော်၊ (မှန်လှပါဘုရား)။

အဲ–ဒါဖြင့် ဒကာ ဒကာမတို့ ပုစ္ဆာနှစ်ခုရှိပြီ (မှန်ပါ့) မဖြေကောင်းတဲ့ ပုစ္ဆာနော် (မှန်ပါ့) အရှင်မဟာကဿပ,က ချည်း ဖြေတယ်၊ (မှန်လှပါဘုရား) အရှင် သာရိပုတ္တရာက အမေး၊အရှင်မဟာကဿပ,က အဖြေလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ကိုင်း–ဒါနဲ့ပဲ ဆက်ပြီး မေးပြန်တယ်၊ အရှင်သာရိပုတ္တရာ မထေရ်က အားလုံးသောပုဂ္ဂိုလ်တွေ ရှင်းသထက် ရှင်းရ အောင်၊ (မှန်ပါ) ပုဂ္ဂိုလ်သတ္တဝါတွေ သေတဲ့အခါ ဖြစ် ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်စီလားဘုရား-လို့ အရှင် မဟာကဿပကို မေးပြန်တယ်၊ (မှန်ပါဘုရား)ဒကာ ဒကာမ တွေက ဘယ်လိုဖြေကြမလဲ၊ (မဖြေကောင်းပါဘုရား) မဖြေ ကောင်းဘူးတဲ့၊ (မှန်ပါဘုရား)။

ပုစ္ဆာနှစ်ခု မဖြေကောင်းတာတွေရှင်းသွားပါပြီ၊ (မှန်ပါ) ၃-နံပါတ်ကို တစ်ခါအရှင်သာရိပုတ္တရာက ရှင်မဟာကဿပ ကြီးကိုမေးပြန်တယ် အရှင်ဘုရား-တဲ့၊ သတ္တဝါသေသွားလို့ရှိ ရင် အချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူးလို့ ဒီလိုမျိုး ယုံရမှာ လားတဲ့၊ (မှန်ပါ) ဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေမလဲ၊ (မဖြေကောင်းပါဘုရား)။

သတ္တဝါမှမရှိပဲ၊ (မှန်ပါ) စုတိစိတ်ပြီးရင် ပဋိသန္ဓေစိတ် ပေါ်တာပဲရှိတယ်၊ (မှန်ပါဘုရား) စုတိစိတ်ကလဲ စိတ်ပဲ ပဋိသန္ဓေစိတ်ကလဲ (စိတ်ပါပဲဘုရား)ဒါဖြင့် တစ်စိတ်ပြီးရင် တစ်စိတ်ပေါ်တာသာရှိတယ်၊ သတ္တဝါတော့မရှိပါဘူး (မရှိ ပါဘုရား)တစ်စိတ်ပြီး တစ်စိတ်ပေါ်တာတော့ရှိပါရဲ့၊သတ္တ ဝါတော့၊ (မရှိပါဘုရား)။

မရှိဘူးဆိုတော့ သတ္တဝါဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည် တစ်လှည့်လားဆိုတော့ အချို့ကျတော့လဲပရိနိဗ္ဗာန်စုတိစိတ် ဖြစ်ပြီးတော့ နိဗ္ဗာန်သွားတယ်၊ (မှန်လှပါဘုရား) ရှင်းပ လား၊ (ရှင်းပါပြီ)ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည် တစ်လှည့် ဆိုတာ ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

http://www.dhammadownload.com



အေး–ဒါတွေသိတော့မှဒိုဘယ့်နှယ်ကြောင့် ဒီအကြောင်းတွေရေရေလည်လည်ကြီး ပုဂ္ဂိုလ်သတ္တဝါပျောက်တဲ့ဉာဏ်တွေရပြီးသိရပါလိမ့်မလဲဆိုတဲ့ဥစ္စာ ကိုယ်တိုင် အကဲခတ်ကြည့်တာပေါ့၊ (မှန်လှပါဘုရား) ဘယ်ဟာကြောင့်ပါလိမ့်၊ (ပဋိစ္စ–သမုပ္ပါဒ်သိလို့ပါဘုရား)။

အဲ-ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း နားလည်မှု၊ ဖြစ်စဉ် နားလည်မှု၊ ဤဖြစ်မှုကြောင့်သာလျှင် ဤကဲ့သို့ အဖြေမှန်ကြီးထွက်လာတယ်၊ (မှန်ပါ့ဘုရား) ဒကာကြွယ်–နေရာကျပလား (ကျပါပြီဘုရား)။

ဒကာဒကာမတွေ-တဲ့၊ ခင်ဗျားတို့ အဖြစ်ဟာ သာမညအဖိုးတန်တဲ့အဖြစ်လို့ မမှတ်လိုက်ကြစမ်းပါနဲ့၊ အလွန် အလွန်ကျေးဇူးများနေတယ်၊ (များပါတယ်ဘုရား) ခင်ဗျားတို့ ထိုရဟန္တာကြီး အရှင်မဟာကဿပ,က မဖြေကောင်းဘူး ဆိုတဲ့အဖြေပြောတယ်၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့မှာ အခု ရဟန္တာ မဖြစ်သေးဘူး ထားပါဦး၊ (မှန်လှပါ)ဒီအသိတော့ရနေတယ်၊ (ရပါတယ်ဘုရား) ရနေတယ်ဆိုတော့ သေးသိမ်တယ်လို့ မောင်ဘသော် ထင်လို့မရဘူး၊ (မရပါဘုရား) အင်မတန် ကျေးဇူးများတယ်ဆိုတာမှတ်ပါ၊ (မှန်လှပါဘုရား) ဒါ အလုပ်-လုပ်ရင် ရဖို့ပဲရှိတော့တယ်၊ (မှန်ပါ့ဘုရား) ရဖို့ပဲရှိတော့တယ်၊ အသိဉာဏ်မှာဖြင့်တော်တော့ကို တူနေပြီဆိုတဲ့အဓိပ္ပါယ် ပေါ်လာတယ်၊(ပေါ်လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါနဲ့အရှင်သာရိပုတ္တရာကဆက်ပြီးသကာလမေးပြန်တယ်၊ အရှင်မဟာ ကဿပ-သတ္တဝါသေလို့ရှိရင် မဖြစ်သည်မဟုတ်၊ ဖြစ်တဲ့သဘောကလေးများကော ရှိသေးသလားလို့မေးတယ်, (မှန်ပါ့ဘုရား) ဒကာဒကာမတွေ ဘယ်လိုအဖြေထွက်မလဲ၊ (မဖြေကောင်းပါဘုရား) မဖြေကောင်းဘူး-တဲ့၊ဘာ့ကြောင့် မဖြေကောင်းပါလိမ့်၊ (ပုဂ္ဂိုလ်သတ္တဝါမရှိလို့ပါဘုရား) သတ္တဝါမရှိဘူး-တဲ့၊ (မှန်ပါ့ဘုရား) သတ္တဝါမှမရှိဘဲနဲ့ သတ္တဝါနဲ့ ဆက်ပြီး မေးနေတဲ့ အလုပ်ဟူသဗ္ဗေသည် ဒိဋ္ဌိ အမေးတွေပဲ၊ (မှန်လှပါဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့ ဒီလေးချက်ကို မဖြေကောင်းတဲ့ဥစ္စာတွေဟာ ဒကာကြွယ် တို့က စကားစပ်ပြော ပြောဦးတော့လဲ အဖြေထုတ်ဖို့ မလိုပါဘူး၊ (မလိုပါဘုရား)။

မသိလို့ပြောတဲ့ ပုဂ္ဂိုလ်က ပြောစေကာမူ ပြောနေကျမို့ ပြောစေကာမူဦးလဲ အဖြေတော့ထွက်ဖို့ မရှိဘူးနော်၊ (မရှိပါဘုရား) ဘာ့ကြောင့်တုံး၊ သေတာလဲ သတ္တဝါလားဆိုတော့ စုတိစိတ်၊ (မှန်ပါ့ဘုရား) ဖြစ်တာလဲ သတ္တဝါလားဆိုတော့ ပဋိသန္ဓေစိတ်၊ (မှန်ပါ့ဘုရား) စုတိပြီး ဘာလာသတုံး၊ (ပဋိသန္ဓေ လာပါတယ်ဘုရား)။

ဟာ-ပဋိသန္ဓေ မလာတဲ့၊ နိဗ္ဗာန်ဝင်သွားတဲ့ ပုဂ္ဂိုလ်များတော့ စုတိပြီး နိဗ္ဗာန် ရောက်လာတာပဲ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) အဲဒါတွေ သေသေချာချာ သိရတော့မှ ဩော်-ဒို့သည်ကား-လို့ဆိုရင် မဖြေကောင်းတာကို မဖြေကောင်းမှန်းသိတာလဲပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး နားလည်လို့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဝိသုဒ္ဓိလို ပြောမယ်ဆိုရင် ယုံမှားခြင်းပျောက်လို့၊ (မှန်ပါ) နာမ်ရုပ်သိလို့ ဒီအဖြေထွက်တာ၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား) ယုံမှားခြင်း ဝိစိကိစ္ဆာ ပျောက်လို့ နာမ်ရုပ်သိလို့ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါကြောင့် ဒီအဖြေမဖြေကောင်းဘူး၊ မဖြေကောင်းဘူး၊ တစ်သံတည်း ထွက်လာခြင်းဟာ ဓကာကြွယ် သေးသိမ်တာ မဟုတ်ပါဘူး၊ (မှန်လှပါဘုရား) သောတာပန် အဖြေတွေ ဖြစ်နေတယ်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ကိုင်း-ဒါနဲ့မဖြေကောင်းတဲ့လေးချက်ပြီးသွားတယ်ဆိုကြပါစို့။ (မှန်ပါဘုရား) ဒါဖြင့် ဒီအဖြေမဖြေတာက ဘယ့်နှယ်ကြောင့်တုံး-တဲ့၊ (မှန်လှပါ) အရှင်မဟာကဿပ,က အရှင်သာရိပုတ္တရာ အမေးကို ဒီအဖြေ မဖြေတာကတော့ တခြားမဟုတ်ပါဘူး တဲ့၊ အကျိုးစီးပွားဆိုလို့ ဘာမှ မရှိဘူး-တဲ့၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ) အကျိုးစီးပွားက၊ (ဘာမှမရှိပါဘုရား)။

အကျိုးစီးပွားကလဲ ဘာမှမရှိဘူး-တဲ့၊ ပြီးတော့နိဗ္ဗိန္ဒာဉာဏ် ဖြစ်ဖို့ကော ပါရဲ့လား၊ (မပါ,ပါဘုရား) ရာဂကင်းဖို့ကော-(မပါ,ပါဘုရား) ကိလေသာ ငြိမ်းဖို့ရာကော၊ (မပါ,ပါဘုရား) နိဗ္ဗာန်ရောက်ဖို့ရာကော (မပါ,ပါဘုရား)။

ဒါ့ကြောင့် ဒီအဖြေတွေ မဖြေတာဟာ-တဲ့၊ အကျိုးလဲ မရှိဘူး၊ ရာဂကင်းဖို့လဲ မမြင်ဘူး၊ (မှန်ပါ) သဘောကျပလား၊

http://www.dhammadownload.com



(ကျပါပြီ)အင်း....ဟင်–နိရောဓသစ္စာ–တဲ့၊ရာဂချုပ်ဖို့လဲ မမြင်ပါဘူး–တဲ့၊(မှန်ပါ့ဘုရား)နိဗ္ဗာန်ရောက်ဖို့လဲ မမြင်ပါဘူးတဲ့၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် ဒီအဖြေကိုမဖြေဘူးတဲ့၊ (မှန်ပါ့) ဘုရားလဲ မဖြေဘူး၊ အရိယာတွေလဲ မဖြေဘူး-တဲ့၊ (မှန်လှပါဘုရား) စဉ်းစားကြည့်စမ်းပါလား၊ အကျိုးစီးပွားကော ရှိရဲ့လား၊ (မရှိပါဘုရား)အကျိုးစီးပွားလဲမရှိဘူး၊ ရာဂ ဒေါသကင်းဖို့ကော၊ (မရှိပါဘုရား) မရှိဘူး၊ ငြိမ်းငွေ့ဖို့ကော (မရှိပါဘုရား)အင်း....ဟင် နိဗ္ဗာန်ရဖို့ကော (မရှိပါဘုရား) ဘာမှ အကျိုးမရှိတဲ့ပုစ္ဆာ၊ (မှန်လှပါဘုရား)။

ဒကာကြွယ်တို့သာ သုံးတန်သုံးနေရမယ်၊ အရိယာတွေက ဖြင့် အကျိုးမရှိတဲ့ပုစ္ဆာ၊ အကျိုးမရှိတဲ့ သဘောတွေပဲတဲ့၊ (မှန်လှပါဘုရား) ရှင်းကြပါပြီ၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အကျိုးရှိအောင် ဘယ်လို မေးမှ ကိုက်မတုံး-တဲ့ ဆိုတော့ ဘယ်ဟာဒုက္ခသစ္စာတုံး–လို့မေးရင် အကျိုးရှိတယ်၊ (မှန်လှပါဘုရား) ဘယ်ဟာ သမုဒယသစ္စာတုံးလို့–မေးရင် (အကျိုးရှိပါတယ်ဘုရား)ဘယ်ဟာနိဗ္ဗာန်တုံး၊ နိရောဓသစ္စာတုံးလို့မေးရင် (အကျိုးရှိပါတယ်ဘုရား) ဘယ်ဟာ မဂ္ဂ–သစ္စာတုံးလို့မေးရင်၊(အကျိုးရှိပါတယ်ဘုရား)။

အဲဒါတွေကတော့-တဲ့၊ မေးရင်းနဲ့ပဲ ဩော်–ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာပဲဆိုလို့ရှိရင် ဒုက္ခသစ္စာဆိုတဲ့ အကျိုးရတယ်၊ (မှန်လှပါဘုရား)ဒုက္ခသစ္စာမှန်းသိတော့ ငြီးငွေ့တယ်၊ (မှန်လှပါ)ငြီးငွေ့တော့ ရာဂကင်းတယ်၊ (မှန်လှပါ) ရာဂကင်းတော့ နိဗ္ဗာန်ရတယ်၊ (မှန်လှပါ)။

http://www.dhammadownload.com



ဒါကြောင့် အကျိုးရှိတဲ့ အမေးကတော့ ဒီလိုမမေးရဘူး၊ (မှန်လှပါဘုရား)ဘယ်ဟာသည် ဒုက္ခသစ္စာတုံးလို့မေးရတယ်၊ (မှန်လှပါဘုရား)။

ကဲ–ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါလား-တဲ့၊ ခုနက အမေးထဲမှာပဲ ကြည့်လိုက်တော့ ဒကာ ဒကာမတို့ အတိတ်က ဘာတွေပြုလုပ်ခဲ့ကြတာနဲ့ ယခုဘဝ ဘာတွေဖြစ်နေကြသတုံး မေးတဲ့အခါ အတိတ်က တပည့်တော်တို့ဘုရား ဟောဒီ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝတွေ လုပ်ခဲ့တယ် ဘုရား၊ (မှန်လှပါဘုရား) ဘာသစ္စာတွေ လုပ်ခဲ့သလဲ၊ (သမုဒယသစ္စာတွေ လုပ်ခဲ့ပါတယ်ဘုရား) ဩော်–ဒီလို မေးလိုက်တော့လဲ ဒါကို အမှန်သိသွားတယ်၊ (မှန်ပါ)။

ဩော် ဒါဖြင့် အတိတ်ဘဝက တပည့်တော်တို့ ဘာများ ဖြစ်ခဲ့သတုံးလို့ မေးတော့ ဟော့-သမုဒယသစ္စာဖြစ်တယ် ဆိုတော့ ဩော်–တယ်မိုက်ခဲ့ပါကလားဆိုတာ ကိုယ့်ဟာကိုယ် သိတယ်၊ (မှန်ပါဘုရား)။

တယ်မိုက်ခဲ့ပါလား၊ တယ်မလိမ္မာခဲ့ပါလားဆိုတဲ့ ၁-နံပါတ်ကို မေးခဲ့တယ်၊ (မှန်ပါဘုရား) ဒကာ ဒကာမတို့ ၁-နံပါတ် ခင်ဗျားတို့စာရွက်ကြည့်ပါ၊ဘာသစ္စာတုံး၊(သမုဒယ သစ္စာပါဘုရား)။

ကြည့်စမ်း-အတိတ်ဘဝက ဒကာဒကာမတွေ လုပ်လာတာ အဝိဇ္ဇာတဲ့၊ သင်္ခါရ-တဲ့၊ တဏှာ-တဲ့၊ ဥပါဒါန်တဲ့၊ ဘဝ-တဲ့၊ (မှန်ပါ)အတိတ်ဘဝက ခင်ဗျားတို့သန္တာန် ဓိတရားတွေပေါ် ခဲ့တယ်၊ (မှန်ပါ) ဘာသစ္စာတွေပေါ်ခဲ့သလဲ၊(သမုဒယသစ္စာ တွေ ပေါ်ခဲ့ပါတယ်ဘုရား)။

http://www.dhammadownload.com



သမုဒယသစ္စာတွေ ပေါ်ခဲ့တယ်ဆိုတာ မောင်ဘသော်-ငြင်းဖို့ လိုသေးသလား၊ (မလိုပါဘုရား) မလိုဘူးတဲ့ အတိတ်ဘဝက ငါ ဘာဖြစ်ခဲ့ပါလိမ့်မတုံးဆိုတာ ရှင်းသွားပြီ၊ (ရှင်းသွားပါပြီဘုရား)။

ငါ–ဘာမှမဖြစ်ဘူး ဒကာ ဒကာမတို့ ဒီ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝတွေ လုပ်ခဲ့တာပဲ၊ (မှန်ပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ) ဘာသစ္စာလဲ (သမုဒယသစ္စာပါဘုရား) ဘယ်ဘဝကပါလိမ့်၊ (အတိတ်ဘဝကပါ ဘုရား) လွန်လေပြီးသော ဘဝက (မှန်ပါဘုရား)။

ဘယ်နှစ်မျိုး လုပ်ခဲ့ပါလိမ့်မတုံး-လို့ မေးတဲ့အခါကျတော့ ဒီငါးပါးပဲ၊ (မှန်ပါ့, ငါးပါးပါဘုရား) သဘောကျပလား (ကျပါပြီ) အတိတ်ဘဝက ဒါနဲ့ချည်း ဒကာ ဒကာမတွေ နေခဲ့တယ်၊ ပုဂ္ဂိုလ်သတ္တဝါနဲ့ နေခဲ့တာ ဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား)။

ဒီကြား တစ်ခါတလေကျတော့ မသိတဲ့ အဝိဇ္ဇာကလေးနဲ့ နေခဲ့တယ်၊ (မှန်ပါ့) တစ်ခါတလေကျတော့ လိုချင်မှု၊ စားချင်မှု အိပ်ချင်မှုနဲ့ တဏှာနဲ့နေခဲ့တယ်၊ (မှန်ပါ့) တစ်ခါတလေကျတော့ သားသမီးကလေးတွေ စွဲလမ်းတဲ့ ဥပါဒါန်နဲ့နေခဲ့တယ်၊ တစ်ခါတလေကျတော့ ကာယကံနဲ့ လုပ်ကိုင်နေလိုက်တာ၊ ဝစီကံနဲ့ ပြောဆိုနေလိုက်တာ၊ မနေခဲ့ဘူးလား၊ (နေခဲ့ပါတယ်ဘုရား)။

ဒါဖြင့် အတိတ်ဘဝက ဘာတွေများကြိုးစားခဲ့ကြပါလိမ့်–ဘယ်လို နေခဲ့ပါလိမ့်မတုံးဆိုတော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ကံတွေနဲ့နေတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) အတိတ်

http://www.dhammadownload.com



ဘဝက ဘာနဲ့နေခဲ့ကြသလဲ၊ (အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံနဲ့ နေခဲ့ကြပါတယ်ဘုရား)။

ဒါနဲ့ နေခဲ့တယ်နော်၊ ဒါကြောင့် လွန်လေပြီးသော အတိတ်ကာလက,တဲ့၊ ဒါ-အတိတ်အကြောင်းတစ်လှာဆိုတာ ဒီတစ်ခုလုံးပေါ့ဗျာ၊ (မှန်ပါ) ဘာသစ္စာတွေများ ကြိုးစားခဲ့ပါလိမ့်၊ (သမုဒယသစ္စာတွေ ကြိုးစားခဲ့ပါတယ်ဘုရား)။

သမုဒယသစ္စာတွေပဲ ကြိုးစားခဲ့တယ်နော်၊(မှန်ပါ့ဘုရား) ဪ- ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ မသိတော့ မကောင်းတာတွေချည်း ဖြစ်နေတယ်၊ (မှန်ပါ့) ဒါတွေ သမုဒယသစ္စာလို့ မသိတော့ကို သမုဒယသစ္စာတွေပဲ ကြိုးစားနေတယ်၊ (မှန်ပါ့) သမုဒယသစ္စာလို့မသိတော့ ဘာပါလိမ့် (သမုဒယသစ္စာတွေပဲ ကြိုးစားနေပါတယ်ဘုရား)။

သမုဒယသစ္စာပဲ ကြိုးစားပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အဝိဇ္ဇာကမသိတော့ သင်္ခါရက ကြိုးစား၊ (မှန်ပါ့) ကမ္မဘဝက ကာယကံ ဝစီကံကလဲ လုပ်ချင်တာ လုပ်တာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အတိတ်က ဘာသစ္စာတွေ ကြိုးစားခဲ့ကြပါလိမ့်၊ (သမုဒယသစ္စာတွေ ကြိုးစားခဲ့ပါတယ်) အဲဒီလိုဆိုတော့ မေးကောင်းတယ်ဟေ့-တဲ့၊ (မှန်ပါ့) အရှင်ဘုရား အတိတ်က ဘာသစ္စာတွေလုပ်ခဲ့သတုံးဆိုလို့ရှိရင် မေးပါ-တဲ့၊ ဖြေပါ့မယ်-တဲ့၊ (မှန်ပါ့) အဲဒီ ဖြေတာကတော့ ကျေးဇူးရှိတယ်၊ အကျိုးရှိတယ်-တဲ့၊ (မှန်ပါ့)။

ဪ-ငါတယ်မိုက်ပါကလား-ဆိုတာလဲကိုယ့်ဟာကိုယ်သိတယ်၊(မှန်လှပါတုရား)မသိဘူးလား၊ (သိပါတယ်ဘုရား)။

http://www.dhammadownload.com



အေး-နိဗ္ဗိန္ဒလဲဖြစ်တယ်-တဲ့၊ ငြီးငွေ့ပါတွေ အခုမလုပ်မှ တော်မယ်၊ (မှန်ပါ့ဘုရား) မလာဘူးလား၊ (လာပါတယ် ဘုရား)။

အဲဒီတော့ ဒီဟာတွေ လုံးဝ မပေါ်စေမှ တော်မယ်ဆိုပြီး ဝိပဿနာတွေ မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား) အဲဒီ ကျတော့ကို-တဲ့၊ ရာဂကင်းတဲ့ မဂ်ဉာဏ်တွေလဲ ပေါ်လာလိမ့် မယ်၊(မှန်ပါ့)မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ဒီလို အကျိုးရှိတယ်တဲ့၊ အဲဒီတော့ မေးချင်ရင် ဒါ-ဘာ သစ္စာတုံးမေးထား၊(မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား) မေးချင်ရင် ဘာသစ္စာတုံးလို့မေးရမယ်၊ (မှန်ပါ့ဘုရား)။

ကဲ-ဒကာဒကာမတို့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတွေ ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) ဒီ အကြွက်ထဲပါလာတော့ သမုဒယသစ္စာချည်း မှတ်ပေတော့၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အင်း-ဒုတိယပိုင်းဖြစ်တဲ့ ယခုဖြစ်နေတာတော့ ယခု တရား နာနေကြတာတော့ ဘာသစ္စာတွေနဲ့ နာနေကြသလဲ၊ (ဒုက္ခ သစ္စာတွေနဲ့ နာနေကြပါတယ်ဘုရား)။

ဟုတ်သားပဲ ဒကာ ဒကာမတို့၊ ဝိညာဏ်တွေနဲ့နာတယ်၊ နာမ်ရုပ်ကောမပါဘူးလား၊ (ပါ,ပါတယ်ဘုရား) မျက်စိ, နား,နှာခေါင်း,လျှာ, ကိုယ်ကော မပါဘူးလား၊ (ပါ, ပါတယ်ဘုရား) စိတ်ကော၊ (ပါ,ပါတယ်ဘုရား) သဠာယ တန ခြောက်ခုလဲပါတယ်၊(ပါ,ပါတယ်ဘုရား) ဖဿကော၊ (ပါ,ပါတယ်ဘုရား) အာရုံနဲ့တွေ့ထိတာကိုး၊ (မှန်ပါ့)။

http://www.dhammadownload.com



ဝေဒနာကလဲ ကောင်းတယ်, ဆိုးတယ်ဆိုတာ ခင်ဗျားတို့ ခံစားလျက်ပါပဲ၊ (မှန်ပါ့ဘုရား) ဒီတရားက ကောင်းတယ်၊ ဒီတရားက ကြောက်စရာကောင်းတယ်၊ ဒီတရားက မှတ်ဖို့ ကောင်းတယ်ဆိုတဲ့ ဝေဒနာလဲ ပါလျက်ပါပဲ၊ (ပါလျက် ပါပဲဘုရား) မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် အခုတရားနာနေကြတဲ့လူတွေဘာသစ္စာလဲ၊ (ဒုက္ခ သစ္စာပါဘုရား) ဒီကပြနေတယ်၊(မှန်ပါ့) အကြောင်းလား၊ အကျိုးလားဆိုတော့ ပစ္စုပ္ပန် အကျိုးတဲ့၊ (မှန်ပါ့ဘုရား) သဘောကျပလား၊(ကျပါပြီ) ဘာသစ္စာတဲ့လဲ၊ (ဒုက္ခသစ္စာ ပါဘုရား) သတ္တဝါပါသေးရဲ့လား၊ (မပါ-ပါဘုရား) မပါ ပါဘူး ဒကာ ဒကာမတို့၊ သတ္တဝါ ပါကိုမပါဘူးဆိုတာ သေချာပါတယ်၊ (သေချာပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် ဒါ-ဒုက္ခသစ္စာနော်၊ (မှန်ပါ့)မေးချင် လို့ရှိရင် ဒါ-ဘာသစ္စာတုံး၊ ဒါ-ဘာသစ္စာတုံး မေးပါတဲ့၊ ဒါဟာ အကျိုးရှိတယ်၊ (မှန်ပါ့)။

ကဲ....ဒါ ဒုက္ခသစ္စာလို့ သိလိုက်တော့ ဟင်-ဒုက္ခသစ္စာဖြင့် ဒို့-တာရှည်အဖြစ်ခံလို့မတော်ဘူး၊ (မှန်ပါ့) တာရှည်အဖြစ်ခံ လို့ မတော်ဘူး၊ သူကိုပိုင်းခြားပြီး ထားပစ်ခဲ့ဖို့ပဲ၊ (မှန်လှ ပါဘုရား)။

သူ-ဒုက္ခရောက်နေတာကြီးကို ကြည့်မိလို့ရှိရင်ဖြင့် ငြီးငွေ့ စရာကော မလာဘူးလား၊(လာပါတယ်ဘုရား) အင်း....ဟင် နိဗ္ဗာန်ရဖို့ အကြံတွေကော (ကြံပါတယ်ဘုရား) ရာဂကင်းတဲ့

http://www.dhammadownload.com



ဉာဏ်တွေကော၊ (လာပါတယ် ဘုရား) ဒါ–ဘာသိလိုလဲ၊ (သစ္စာသိလို့ပါဘုရား) ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာ သိလို့ပါ–တဲ့၊ ဒါ့ကြောင့် မေးချင် သစ္စာမေး ပါတဲ့၊ အဲဒီတော့ အကျိုးရှိပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) သဘောပါပလား၊ (ပါ·ပါတယ်ဘုရား)။

ကဲ....တစ်ခါ ရှေ့သွားပါဦး ဒကာ ဒကာမတို့၊ မေးချင် လို့ရှိရင်လဲ နိရောဓသစ္စာ မေးပါဆိုတော့ ဒကာကြွယ်ရေ ... ကျေးဇူးသိပ်များတယ်နော်၊ (များပါတယ်ဘုရား) ဘယ်လို များတုံး ဆိုလို့ရှိရင် ဒီဒုက္ခတွေချုပ်တာ ဘာသစ္စာ ဆိုကြ မလဲ၊ (နိရောဓသစ္စာပါဘုရား)။

သြော်....ဟုတ်ပြီ–ဟုတ်ပြီ၊ဒကာဒကာမတို့ ဒီခန္ဓာငါးပါး ဆိုတဲ့ ဒီ-ဒုက္ခသစ္စာကြီးဟာ ဒကာ ဒကာမတွေ ရှုရင်းမတ္တန့် ခန္ဓာတွေ ပျောက်သွားတယ်၊ (မှန်ပါ့ဘုရား) ရှုရင်းမတ္တန့် (ခန္ဓာတွေ ပျောက်သွားပါတယ်ဘုရား)အင်း–ဘာတွေများ ပျောက်သွားပါလိမ့်၊(ဒုက္ခတွေပျောက်သွားပါတယ်ဘုရား)

ဒုက္ခတွေ ပျောက်သွားတယ်ဆိုတော့ သြော်....ဒါကတော့ ဘာသစ္စာပါလိမ့်၊ (နိရောဓသစ္စာပါဘုရား) ဒုက္ခတွေ ချုပ် သွားတယ်၊ ဒုက္ခတွေ ပျောက်သွားတယ် ဆိုတာ နိရောဓ သစ္စာပဲဆိုတာ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒကာကြွယ်တို့–ဒကာသစ်တို့ အားလုံး တရားတစ်ပွဲလုံး ဒကာ ဒကာမတွေ အထူးသဖြင့် ကံကောင်းကြတယ်ဆိုတာ သြော်-နိဗ္ဗာန်ဆိုတာ တခြားလား အောက်မေ့တယ်၊ဒုက္ခတွေ

http://www.dhammadownload.com



ပျောက်သွားလို့ရှိရင် နိဗ္ဗာန်ပဲကိုး-လို့ သိရတယ် ဆိုတာ၊ (မှန်ပါ့ဘုရား) ဒုက္ခတွေ ပျောက်သွားလို့ရှိရင် (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ ယခု ဗီဘဝမှာ ဒါတွေနဲ့ နေကြတာပဲ၊ (မှန်ပါ့)။

ဒါတွေကိုတစ်ခုခုဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့သူတို့က တွဲလျက်ဖြစ်သောကြောင့် ကိုယ်ရှုတာ ပျောက်သွားလို့ရှိရင် တွဲလျက်တွေလဲအကုန်ပျောက်တယ် (ပျောက်ပါတယ်ဘုရား)

ပျောက်သွားတဲ့အခါကျတော့ဘာတွေတစ်ပုံကြီးပျောက် သတုံးမေးရင် ဘယ့်နှယ်ပြောကြမလဲ၊ (ဒုက္ခသစ္စာ တစ်ပုံကြီး ပျောက်ပါတယ်ဘုရား) ဒုက္ခတွေ တစ်ပုံကြီး ပျောက်သွား တယ်ဆိုသဖြင့် ဒုက္ခနိရောဓော နိဗ္ဗာန်၊ (မှန်ပါ့ဘုရား)။

အင်း....ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ဒို့ရောက်ပြီ၊ ဒို့တစ်သက်လုံး ဒုက္ခနဲ့ မကင်းခဲ့တာ အခုဖြင့် ဒုက္ခနဲ့ အိုးစားကွဲပြီပေါ့၊ (မှန် ပါ့ဘုရား) မသိရဘူးလား၊ (သိရပါတယ်ဘုရား)။

ဒါ-ဘယ်သစ္စာသိသလဲ၊ (နိရောဓသစ္စာ) နိရောဓသစ္စာ သိတာ၊ (မှန်ပါ့) ရိပ်မိပြီနော်၊ (ရိပ်မိပါပြီဘုရား)။

ဒုက္ခနဲ့ အိုးစားကွဲတာ သိရလို့ရှိရင် (နိရောဓသစ္စာ သိ တာပါ) နိရောဓသစ္စာ သိတာပါဆိုတော့ အင်း-ဒီဒုက္ခတွေ မရှိတာ နိရောဓသစ္စာပဲလို့သိတော့ အကျိုးကောမရှိဘူးလား (ရှိပါတယ်ဘုရား) အကျိုးလဲရှိတယ်ဆိုတာ သေချာသွားပြီ၊ (သေချာသွားပါပြီဘုရား)။

ကောင်းပြီ၊ မေးချင်လို့ရှိရင်တဲ့ ဒါ-ဘာသစ္စာတုံး မေးဖို့ အရေးကြီးတယ်တဲ့၊ (မှန်ပါ့ဘုရား) ဒီလို ဒုက္ခတွေကို ဒကာ

http://www.dhammadownload.com



ဒကာမတွေက ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ ဒါတွေ ရှုရှု-ရှုရှုနေတော့ ရှုတဲ့ ဉာဏ်ဟာ ဘာသစ္စာတုံး၊ (မဂ္ဂသစ္စာပါဘုရား) ရှုတဲ့ဉာဏ်ဟာ မဂ္ဂသစ္စာ၊ (မှန်လှပါဘုရား)။

ဒကာကြွယ် မရှုတဲ့ပုဂ္ဂိုလ် ပေါ်ဖို့ဖြင့် ဝေးပြီနော်၊ (ဝေးပါတယ်ဘုရား) အလုပ်, မလုပ်တဲ့ပုဂ္ဂိုလ် ဒကာကြွယ်- ဘယ်လို စဉ်းစားပါ့မယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါ့မလား၊ (မရနိုင်ပါဘုရား) လုပ်မှပေါ်တဲ့ တရားကိုး၊ ဒကာသစ်ရာ-သူတို့ကလဲ ခက်လိုက်တာ၊ အလွယ်, အချောင်နဲ့လိုချင်တယ်၊ ဝဋ္ဋဘုဝတိုတိုနဲ့ မဂ်ဖိုလ် သူ့ကိုပေးပါလို့ ပြောသွို ပေးနိုင်တဲ့သဘောမျိုးလဲ မဟုတ်ဘူး၊ (မဟုတ်ပါဘုရား)။

စကားလောကွတ်ချော် အာပူတိုက်ပြီးသကာလ လက်ခံတောင်းတာနဲ့ သိပ်တူပါတယ်၊ (မှန်ပါ့ဘုရား) မတူကြဘူးလား၊ (တူပါတယ်ဘုရား) ဒါတွေဉာဏ်နဲ့ သိထားပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်ကြီး နားလည်တော့မှ သြော်-ပဋိစ္စသမုပ္ပါဒ် ပြတ်ဆိုတာ ရှုမှပြတ်တာလား၊ (မှန်ပါ့ဘုရား) ဖြတ်တာသည် မဂ်ကဖြတ်တာပါလား၊ (မှန်ပါ့ဘုရား) ဖြတ်တာသည် ဘာပါလိမ့်၊ (မဂ်က ဖြတ်တာပါဘုရား)။

မဂ်က ဖြတ်တာပဲဆိုတာ ဒကာ ဒကာမတွေ သိတော့မှ သြော်....နေရာကျလိုက်တာဟော့၊ မဂ်ဆိုတာသည်ကား-လို့ဆိုလို့ရှိရင် ကိလေသာ ဖြတ်သကွ၊ (မှန်ပါ့)။

ဒီ-ဝိညာဏ်နဲ့လဲ တဏှာနဲ့ မဆက်တော့ဘူး၊ (မှန်ပါ့) ရုပ်နာမ်ရှုလဲ (တဏှာနဲ့ မဆက်တော့ပါ ဘုရား) ဖဿနဲ့လဲ- တဏှာနဲ့ကော- (မဆက်တော့ပါဘုရား) ဖဿနဲ့ တဏှာနဲ့

http://www.dhammadownload.com



(မဆက်တော့ပါဘုရား)ဝေဒနာလဲ တဏှာနဲ့၊ (မဆက်တော့ပါဘုရား)။

ဘာဖြစ်လို့တုံးဆို– ဒီအစပ်ကို ဒီနေရာက နေပြီး ဒကာ ဒကာမတွေ ဝမ်းတည်းက ဒီနေရာကမဂ်ထားပြီး ဝေဒနာရှု၊ (မှန်လှပါဘုရား)ဖဿရှု (မှန်ပါ့)ရှုရင် ဒီနေရာမှာ မဂ်ပေါ်မယ်၊ (ပေါ်ပါမယ်ဘုရား)။

ဒီမဂ်သည်ကားလို့ဆိုရင် ဒီငါးခုနဲ့ အဆက်ဖြစ်တဲ့ တဏှာကို ဖြတ်ချလိုက်တယ်၊ (ဖြတ်ချလိုက်ပါတယ် ဘုရား) မဖြတ်ဘူးလား၊ (ဖြတ်ပါတယ်ဘုရား) သေချာပလား၊ (သေချာပါတယ်ဘုရား)။

ဩော်–ဒို့လုပ်နေတာ နေ့တိုင်း ဆရာဘုန်းကြီးက ဖြစ်တာပျက်တာ မြင်အောင်ကြည့်ပါ၊ဖြစ်တာ-ပျက်တာ မြင်အောင်ကြည့်ပါလို့ဆိုတော့ မောင်ဘသော်ရေ–ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘာနဲ့ဘာဖြတ်တာလဲ (တဏှာကိုမဂ်နဲ့ဖြတ်ပါတယ်ဘုရား) ဒကာ ဒကာမ-တို့တဲ့၊ ၂-နဲ့၃-မဆက်ရအောင် ဖြတ်နေတယ်၊ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီ) ၂-နဲ့ ၃၊ (မဆက်ရအောင် ဖြတ်ပါတယ်ဘုရား) ၂-နဲ့ ၃-မဆက်ရအောင် ဖြတ်နေတယ်ဆိုတော့ ဝေဒနာနဲ့တဏှာနဲ့မဆက်ရအောင်၊(မှန်ပါ့) ဖဿနဲ့တဏှာနဲ့၊(မဆက်ရအောင် ဖြတ်ပါတယ်ဘုရား) သဠာယတနနဲ့ တဏှာနဲ့၊ (မဆက်ရအောင် ဖြတ်ပါတယ်ဘုရား) အဲ့-ဒီဘက် အကုန်ပေါ့ဗျာ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့– မရှု-မပွားတဲ့ ပုဂ္ဂိုလ်များမှာ ဒကာသစ်တို့– မောင်တသော်တို့က စဉ်းစားပါလား-တဲ့ သူတို့ဝမ်းတည်းမှာ ဖြတ်တတ်တဲ့မဂ် ပေါ်ပါ့မလား၊ (မပေါ်ပါဘုရား) မပေါ်လို့ရှိရင်လဲ ၃-နံပါတ် ပြန်လာမှာပဲ၊(ပြန်လာမှာပါပဲဘုရား)။

တဏှာ,ဥပါဒါန်,ကံတွေမလာပေဘူးလား၊(လာပါတယ်ဘုရား) လာရင် ၄-နံပါတ် ပြေးလို့လွတ်ပါ့မလား၊ (မလွတ်ပါဘုရား) အဲ–ဒါကြောင့် မေးချင်လို့ရှိရင် မဂ္ဂသစ္စာ ဘယ်ဟာတုံးလို့–မေးဖို့ ကောင်းပါတယ်လို့ အရှင်မဟာ ကဿပ, က အရှင်သာရိပုတ္တရာကို ဖြေတယ်၊ (မှန်ပါ့ဘုရား)။

ကဲ....ဖြေပုံကလေး ရှင်းကြပလား၊ (ရှင်းပါပြီဘုရား) ကောင်းပြီ-တဲ့၊ သစ္စာကိုမေးတဲ့အခါကျလို့ရှိရင်ဖြင့် ရှိတာက သစ္စာရှိလို့ သစ္စာမေးမှုကိုက်တယ်၊ (မှန်ပါ့ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါမှမရှိဘဲနဲ့၊ပုဂ္ဂိုလ်သတ္တဝါသေရင် ဖြစ်သေးသလား၊မဖြစ်တော့ဘူးလား၊ ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့်လား၊ မဖြစ်သည် မဟုတ် ဖြစ်သေးသလား ဆိုတဲ့ အသွားတွေကတော့ မရှိမေး–မေးတယ်၊ (မှန်ပါ့) ရှိတဲ့သစ္စာ မေးလို့ရှိရင် ဖြေဖို့ပါပဲ-တဲ့ ဘုရားက၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)ရှိတဲ့သစ္စာ မေးရင်တော့ဖြင့်၊ (ဖြေဖို့ပါပဲဘုရား)။

ကိုင်း....ဒါဖြင့် အခုတော့ဖြင့်ဟော့-ဒီဥစ္စာ အဝိဇ္ဇာ သင်္ခါရတွေ ဒါ ဘာသစ္စာတုံး မေးတော့၊(သမုဒယသစ္စာပါဘုရား) ဝိညာဏ်, နာမ်ရုပ်တွေ ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒီဘက်ကနေ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့ ဘာသစ္စာ

http://www.dhammadownload.com



တုံး (သမုဒယသစ္စာပါဘုရား)ဒီကျတော့ ဇာတိ,ဇရာ,မရဏ တို့ ခန္ဓာငါးပါးတို့ကာ၊(ဒုက္ခသစ္စာပါဘုရား)ဒီလိုရှိတာ မေး လိုက်ပြန်တော့လဲ ဖြေဖို့ချည်းပါပဲ၊ (မှန်ပါ့ဘုရား) ခုနက တော့ မဖြေအာက ဒကာ ဒကာမတွေ ရိပ်မိဖို့ ကောင်းပါ တယ်၊ (ရိပ်မိပါတယ်ဘုရား)။

ဒကာကြွယ်-မရှိတာ မေးထားတော့ဖြေဖို့သင့်ပါသလား (မသင့်ပါဘုရား) ဒါကြောင့် ဘုရား ဘယ်တော့မှ မဖြေတဲ့ အဖြေဆိုတာ ရိပ်မိလား၊ (ရိပ်မိပါပြီဘုရား)။

အဲ-ဒကာ ဒကာမတွေမှာလဲ အဖြေ-မဖြေတော့ဘူးဆိုတဲ့ ဥစ္စာညာဏ်ပါလို့၊ (မှန်ပါ့ဘုရား)မဖြေတာသည်၊ (ညာဏ်ပါလို့ ပါဘုရား)ညာဏ်မပါတဲ့ပုဂ္ဂိုလ်ကျတော့ အိုကျုပ်တို့အိမ်က လူ တစ်ယောက်ပျက်စီးသွားတယ်၊အလိမ်မာညာဏ်ကလဲ ကင်းပါ ဘိသနဲ့၊ဘယ်ရောက်သွားပါလိမ့်မတုံး၊(မှန်လှပါဘုရား) အို- ငရဲသွားဖြစ်မှာပေါ့၊ ဒီပုဂ္ဂိုလ်ကတော့ငရဲဖြစ်မှာပေါ့ (မှန်လှ ပါ)အမေးကလဲ ပုဂ္ဂိုလ်နဲ့၊အဖြေကလဲ၊(ပုဂ္ဂိုလ်နဲ့ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိနှစ်ယောက် တွဲပြီးသကာလ နေကြပြန်ပြီ (မှန် လှပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ မရှိဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါနဲ့ ဖြေ နေတော့ အမေးသမားကလဲ ပုဂ္ဂိုလ်သတ္တဝါနဲ့မေး၊(မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါနဲ့မေးတော့ ဒိဋ္ဌိရှိပြီ၊ (ရှိပါတယ်ဘုရား) ဖြေ တဲ့လူကလဲ ဒီကောင်တော့ကွာ-တစ်လမ်းသွားပါ၊ ခုလောက် ဆို ငရဲရောက်နေပြီ၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဖြေတာလဲ၊ (ဒိဋ္ဌိနဲ့ ဖြေပါတယ်ဘုရား) ပုဂ္ဂိုလ် သတ္တဝါနဲ့ဖြေတော့ ဒိဋ္ဌိနဲ့ဖြေတာပဲ၊ (မှန်ပါ့) အဲဒီလိုချည်းပဲ

http://www.dhammadownload.com



ဒကာကြွယ်-ဗုဒ္ဓဘာသာတွေမှာပြောဆိုနေကြတာ ပြောရုံတွင်ပဲလား၊အထင်ကော ဒီအတိုင်း ပါသလား၊ (ပါ-ပါတယ်ဘုရား)အထင် ဒီအတိုင်းပါရင် သဿတဒိဋ္ဌိချည်းပဲ၊ (မှန်ပါ့ဘုရား)၊ အထင်ဒီအတိုင်းပါရင်ဘယ့်နှယ်ဆိုကြမလဲ၊ (သဿတ ဒိဋ္ဌိပါဘုရား)။

သဿတဒိဋ္ဌိတွေဆိုတာ ဒကာသစ်- ရှင်းပြီ၊ (ရှင်းပါပြီဘုရား) အင်း.... မောင်ဘသော်တို့ ကြောက်စရာ ပါလား (ကြောက်စရာပါဘုရား) ဒီပုဂ္ဂိုလ်တွေလုပ်တဲ့ ကုသိုလ်ဟာ နိဗ္ဗာန်မရောက်ဘူး၊ (မှန်ပါ့)။

သူတို့လုပ်တဲ့ ကုသိုလ်ဟာ နတ်ရွာသုဂတိပဲ ရောက်မယ်- နိဗ္ဗာန်မရောက်ဘူး၊ (မှန်ပါ့ဘုရား) ဒကာကြွယ်-ဒိဋ္ဌိ တန်းလန်းနဲ့ လုပ်တာကိုးဗျ ၊(မှန်ပါ့ဘုရား)။ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒိဋ္ဌိတန်းလန်းနဲ့လုပ်တဲ့ ကုသိုလ်ဟာ၊(နိဗ္ဗာန်မရောက်ပါဘုရား) နတ်ရွာသုဂတိတော့ (ရောက်ပါတယ်ဘုရား)။

နတ်ရွာသုဂတိတော့ရောက်ပါတယ်-တဲ့၊သူတို့ ဘယ်လိုပဲ နိဗ္ဗာန်လိုချင်လို့ လုပ်ငြားသော်လဲမရပါ (မရပါဘုရား)။

ဘာဖြစ်လို့တုံး-လို့ မေးရင် ဒကာသစ်- ဒိဋ္ဌိတန်းလန်း၊ ဝိစိကိစ္ဆာတန်းလန်းနဲ့လုပ်လို့၊။(မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဝဋ္ဋဒါန၊ ဝဋ္ဋသီလပဲ ဒကာကြွယ်... အသက်ရှည်စေလိုလို့ သီလဆောက်တည်တာ ဝဋ္ဋသီလပဲ၊ (မှန်ပါ့ဘုရား) အန္တရာယ်ကင်းအောင်လို့ ဆောက်တည် တာကော၊ (ဝဋ္ဋသီလပါပဲ ဘုရား)။

http://www.dhammadownload.com



ဒီအိမ်မှာဟော့-ဂြိုဟ်တွေ ဝင်နေထင်ပါရဲ့၊ ဆွမ်းကလေး ကျွေးပြီး ပရိတ်ကလေးလဲ ရွတ်ကြဦးစို့၊ နို့မဟုတ်ရင် ဒီလူ တွေဟာခက်ကုန်လိမ့်မယ်ဆိုတော့ပုဂ္ဂိုလ်သတ္တဝါဝင်ပြီးဆွမ်း ကျွေးကြတယ်၊(မှန်ပါ့) ဒါဟာ ဝဋ္ဋဒါနပဲ၊(မှန်ပါ့ဘုရား)။

ဒါမျိုးတွေကကောမများဘူးလား(များပါတယ်ဘုရား) အဲ–ဘုရားကိုးဆူပူဇော်သည့် သွား၊ရောပေါ့၊ (မှန်လှပါဘုရား) ဒီအထဲ သွားတော့မှာပဲ၊ (သွားမှာပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဂြိုဟ်ပြေနံ့ပြေပူဇော်သည့်ကဖြင့်ဝဋ္ဋချည်းမှတ်(မှန်ပါ့ဘုရား) ဒကာကြွယ်-ဘုရားကိုးဆူများပူဇော်ဖူးသေးသလား(ပူဇော် ဖူးပါတယ်ဘုရား) အံမာလေး- ဖြစ်မှ ဖြစ်ရပလေဗျာ၊ဘုရား ကိုးဆူလဲမကပါဘူးဗျာ၊ ဂဂ်ါဝါဠု သဲစုမကပါ၊ (မှန်ပါ့) ခင်ဗျားတို့က ကိုးဆူသွားပြီး မျက်နှာကြီးများ လိုက်နေကြ သလား မပြောတတ်ပါဘူး၊ရိပ်မိပလားဒကာကြွယ်၊ (ရိပ်မိ ပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ ခန္ဓာငဲ့တာတွေ သိပ်ပါတယ်၊ မပါဘူးလား၊ (ပါ့,ပါတယ်ဘုရား)။

ဒီခန္ဓာ အန္တရာယ်ကင်းဖို့၊ ဒီခန္ဓာ ဘေးရှင်းဖို့၊ ဒီခန္ဓာ အသက်ရှည်ဖို့ဆိုတော့ ဒီအယူ-ဒီသီလတွေဟာ ဝဋ္ဋဒါန၊ ဝဋ္ဋ သီလ (မှန်လှပါဘုရား)ဘာဖြစ်လို့တုံးဆိုတော့ ခန္ဓာတည်းဟူ သောဒုက္ခဝဋ်ရှိလိုလဲ ဒုက္ခဝဋ်ရှည်အောင်၊(မှန်ပါ့)သဘောကျ ပလား၊(ကျပါပြီ) ဒုက္ခဝဋ်ဆက်အောင်၊(မှန်ပါ့) ဒါကိုပဲ ကြိုးစားတဲ့အတွက် ဒကာကြွယ်- ဝဋ်မှတစ်ပါး ဘာဆိုစရာ ရှိသေးသလဲ၊ (မရှိပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒီကရှေ့ဖြင့် မပြင်ရင် မကောင်းတဲ့အချက်ဟာ ဒီအချက်ပဲ၊(မှန်လှပါဘုရား) နဂိုက ဝဋ်ရှိနေတာကို သိလို့ ရှိရင် အရှည်ကိုပယ်ဖို့ သိပ်ကောင်းတယ်၊ (မှန်လှပါဘုရား) အခုတော့ ဝဋ်ရှိနေတာလဲ ဝဋ်မှန်းလဲမသိတော့ ဒီဝဋ်ကိုလဲ ရှည်ချင်တယ် (မှန်လှပါဘုရား)နောက်ဝဋ်နဲ့လဲတွေ့ချင်တယ်၊ (မှန်လှပါဘုရား) ဖြစ်မှဖြစ်ရလေဗျာ၊ ဒကာကြွယ်—သိပ်ဆိုး ပါကလား၊ (ဆိုးပါတယ်ဘုရား)။

ဒီလိုလူ ဘယ်လောက်များသတုံး-လို့မေးမယ်ဆိုလို့ရှိရင်လဲ တရားထူး တရားမြတ် သစ္စာဉာဏ် မရသေးတော့ ခုနက မေး လုံးတွေကိုဖြေနေတဲ့ ပုဂ္ဂိုလ်ဟူသရွေ့ဟာဖြင့် ဝဋ်ချည်းလုပ် မှာပဲ၊(မှန်လှပါဘုရား)။

ခုနက မေးလုံးတွေဖြေနေတဲ့ ပုဂ္ဂိုလ်ဟာလေ၊(ဝဋ္ဋချည်း လုပ်မှာပါဘုရား) ဝဋ္ဋချည်း လုပ်မှာပဲဆိုတာ ဒကာကြွယ်- သေချာတယ်၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် စင်စစ် ဗုဒ္ဓဘာသာဟာ ဒကာကြွယ်—တယ်ရှား ပါလား၊ (ရှားပါတယ်ဘုရား) သဿတဒိဋ္ဌိ သိပ်များတယ်၊ (များပါတယ်) သဘောကျပလား၊ (ကျပါပြီ)။

နောက်ဘဝ ကောင်းစားရေးဟော့၊နောက်ဘဝ ငါလုပ် ငါရမှာပဲဆိုတဲ့ သဿတဒိဋ္ဌိသမားကလဲ ဒကာသစ်ရေ-သိပ် များတာပဲ (များပါတယ်ဘုရား)မများဘူးလား၊ (များပါ တယ်ဘုရား)။

အင်းဟင်-ဒီဘဝလဲ ငါမရှိဘူး၊နောက်ဘဝလဲ ငါမရှိဘူး ဆိုတာ မဖြေကောင်းတာချည်းကို သူ့မှာဖြေပြီး လုပ်နေတာ

http://www.dhammadownload.com



ပဲ၊(မှန်ပါ့ဘုရား)သိပ်ကြောက်စရာကောင်းပါလားဦးလှဘူး ရေ၊ (ကောင်းပါတယ်ဘုရား) အတော် ဆိုးဝါးပြီဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဒီကရှေ့မှာဖြင့်-တဲ့ အပြောသာရှိပါစေ ဒကာကြွယ်တို့ အထင်မရှိစေနဲ့၊ (မှန်လှပါဘုရား) ဒကာ ဒကာမတို့၊ အပြောသာရှိပါစေ၊ အထင်မရှိစေနဲ့ အင်း.... ဟင်– ဟိုအိမ်က မောင်ဘယ်သူဖြင့် သေရှာပြီ၊ ပြောတော့ ပြောတာပေါ့၊ (မှန်လှပါ)တကယ်သေတာတော့ မဟုတ်ပါ ဘူး၊ စုတိစိတ်ချုပ်တာ၊ (မှန်ပါ့ဘုရား)။

တစ်ယောက်တော့သွားပြီဟေ့-ဘယ်ဘဝများဖြစ်ပါလိမ့် မတုံးလို့ ဒီလိုလုပ်မနေနဲ့၊ အင်း-စုတိပြီးရင် သံသရာခရီးမဆုံး သေးက ပဋိသန္ဓေစိတ် ပေါ်နေမှာပဲ၊ (မှန်ပါ့ဘုရား). ဒါ အမှန်ပဲ၊ (မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီဘုရား)

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လူများစုထဲကမှ လူနည်းစုခွဲထုတ်ရတာ ဒကာကြွယ် မလွယ်ပါလား၊ (မလွယ် ပါဘုရား)ဒါ့ကြောင့်ဘုရားတွေ ဂင်္ဂါဝါဠုသဲစုမကပွင့်သွား ကြငြား သော်လဲခေါ်ဆောင်ပြီးယူနိုင်တာတွေကလက်သည်း ပေါ်တင်တဲ့မြေမှုန့်လောက် ယူနိုင်တာ၊(မှန်ပါ့ဘုရား)ကျန် နေရစ်တာတွေက အောက်မြေကြီး ပမာဏလောက် ရှိတယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့်ဘုရားတော့များလိုက်တာကျွတ်တဲ့ပုဂ္ဂိုလ်တွေ ကုန်ဖို့ကောင်းပြီလို့ မတွေးကြပါနဲ့၊ (မတွေးပါဘုရား)အခု တရားပွဲမှာပဲ မန္တလေးမြို့နဲ့လဲချိန်၊ အမရပူရမြို့နဲ့လဲချိန် ၊ချိန်

http://www.dhammadownload.com



ကြည့်လို့ရှိရင်ဖြင့် လက်သည်းပေါ် တင်တဲ့ မြေမှုန့်မရှိသေးဘူး (မှန်ပါ့ဘုရား) ရှိပါ့မလား၊ (မရှိပါဘုရား)။

ဘယ်ရှိမလဲ-တဲ့၊ ဒါလောက်ပဲ ဥပမာ ကျွတ်တမ်းဝင်မယ်ဆိုတော့ ရေ့နိုင်ပါ့မလား၊ (မရေ့နိုင်ပါဘုရား)မရေ့နိုင်ဘူးဆိုတာ နောက်တစ်ပါးကလဲဒီလိုပဲသစ္စာတရားတွေဟောချတ်လို့ ရေ့ပါ့မလား၊ (မရေ့ပါဘုရား) မရေ့သေးဘူးဆိုတဲ့ ဥစ္စာတွေကတော့ဖြင့် သေချာပါတယ်၊ (သေချာပါတယ်ဘုရား)။

ဒကာကြွယ်-အဲဒီတော့ သားတွေ, မယားတွေ, ဆွေတွေ, မျိုးတွေ အမျိုးမျိုးအဖုံဖုံ ရှိကြငြားသော်လဲ နားထောင်နိုင်ရင် ဟောဖို့ပဲ၊ (မှန်ပါ့ဘုရား) မထောင်နိုင်ရင် ကမ္မဿကာထားဖို့ပဲ(မှန်ပါ့ဘုရား)သဘောကျပလား၊ (ကျပါပြီ)မိမိတို့ကိုယ်တော့ဖြင့် မရောနိုင်ဘူးဆိုတဲ့ စိတ်ကတော့ မွေးကြရလိမ့်မယ်၊ (မွေးရပါမယ်ဘုရား)။

ရောရင်တော့ဖြင့် ခင်ဗျားတို့ အပါယ် ရောက်ကြမှာပဲ၊ (မှန်ပါ့ဘုရား)သူတို့ကတော့ အပြောရော အထင်ရော၊ (မှန်ပါ့ဘုရား)ဒီက တရားနာထားတဲ့ ဒကာဒကာ့မတွေကတော့ အပြောသာရှိတယ်၊ အထင်မရှိဘူး၊ (မှန်လှပါဘုရား) ဒါဖြင့် ဒီကတော့ဖြင့်ဝစီကံသာရှိတယ်၊မနောကံမလိုက်ဘူး၊ (မှန်ပါ့ဘုရား)သူတို့ကတော့ဝစီကံရော မနောကံရော ဒကာသစ်ရေ၊ (မှန်ပါ့ဘုရား) ဒီလို ဆိုးဝါးမသွားဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာသစ်ရေ-အင်မတန် ဒီဥစ္စာ အရေးကြီးတဲ့ ''''**သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ**'' ဆိုတာ အလှန် ရခဲတဲ့

http://www.dhammadownload.com



တရား၊ နာရခဲ့တဲ့တရား၊ နာဖို့ရာ အလွန်ခဲယဉ်းတယ်ဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)မပေါ်လာသေးဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

အေး....ဘာ့ကြောင့်တုံးဆိုလို့ရှိရင် ရာဂ, ဒေါသ, မောဟတွေထဲမှာ မျှောနေတဲ့ပုဂ္ဂိုလ်တွေကသာ ဒကာသစ်များတယ်၊ (များပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အမြုပ်သမားနဲ့ အမျှောသမားတွေသာ များသနော်၊ (မှန်ပါ့) ကမ်းတင်, သောင်တင်ပုဂ္ဂိုလ်က (နည်းပါတယ်ဘုရား) နည်းတယ်–ဘဲ့၊ အမြုပ်သမားနဲ့ အမျှောသမားသာ များ၍ ကမ်းတင် သောင်တင်ပုဂ္ဂိုလ်က ရှားမှရှားဖြစ်နေတယ်၊ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာကြွယ်ဖြေရမည့်ပုစ္ဆာလေးခုကောသိပြီလား၊ (သိပါပြီဘုရား)။

(၁) သတ္တဝါသေရင်ဖြစ်သေးသလား၊ (မဖြေကောင်းပါဘုရား)။

(၂) သတ္တဝါသေရင် မဖြစ်တော့ဘူးလား၊ (မဖြေကောင်းပါဘုရား)။

(၃) သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့်,မဖြစ်ချည်တစ်လှည့်လား၊ (မဖြေကောင်းပါဘုရား)။

(၄) သတ္တဝါသေရင်မဖြစ်သည်မဟုတ်၊ ဖြစ်သယောင်ယောင်လား၊ (မဖြေကောင်းပါဘုရား)။

သတ္တဝါမရှိလို့ မဖြေကောင်းဘူး၊ (မှန်ပါ့) ဘယ်သူကသက်သေခံပါလိမ့်၊ (သတ္တဝါမဟုတ်ပါဘုရား၊ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ပါ) ရမ်းပြောလို့မရဘူး၊ ကိုယ့်လေ့ကျင့်ထားတာရှိရမယ်၊ (မှန်ပါဘုရား)။

ဘယ်သူက သက်သေခံပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ်ကပါ ဘုရား) ပဋိစ္စသမုပ္ပါဒ်က ခန္ဓာဖြစ်စဉ်ပါလို့ဆိုပေါ့၊ (မှန်ပါ ဘုရား) ပဋိစ္စသမုပ္ပါဒ်က ခန္ဓာဖြစ်စဉ်လို့ဆိုထားတော့ သူ့ထဲ မှာမှ မပါဘဲနဲ့ ခင်ဗျားတို့ကလောကွတ်ချော် ထည့်ချင်လို့ တော့ မရဘူး၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ခန္ဓာဖြစ်စဉ်ပါ၊ ခန္ဓာထဲမှာသာ ကြည့်ပါ၊ ခန္ဓာထဲပါယင် တော့ရှိလို့ပြောတာပေါ့၊(မှန်ပါဘုရား)ဒီခန္ဓာထဲမှာမပါဘဲနဲ့ ဥစ္စာ ဒီခန္ဓာရှိတဲ့ဥစ္စာဒီခန္ဓာထဲမှာမှပုဂ္ဂိုလ်သတ္တဝါ မပါတာကို ကိုယ်က အထူးလုပ်ပြီးသကာလ ပြောသံကြားနဲ့ အမှန်ယူဆ နေရင် လွဲကုန်ပါလိမ့်မယ်၊(မှန်လှပါဘုရား)မလွဲပေဘူးလား (လွဲပါတယ်ဘုရား)။

အဲဒါကြောင့်ပုဂ္ဂိုလ်သတ္တဝါမရှိကြောင်း ဘယ်သူကပြော သတုံး (ပဋိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်စဉ်က ပြောပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် ဓါအဝိုင်းကြီးကပြောတာလား–ခင်ဗျားတို့ခန္ဓာ ထဲက ပြောတာလား၊ (ခန္ဓာထဲက ပြောတာပါဘုရား)။

အဲ–ဒီအဝိုင်းကြီးက မှတ်တမ်းပါ၊ (မှန်ပါ–မှတ်တမ်းပါ) ခင်ဗျားလဲ ခန္ဓာထဲမှာ ဒီတရားတွေ လှည့်နေတယ်လို့ပြောတာ ပါ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့က အဝိုင်းကြီးနဲ့ ပြထားလို့ နားလည် နေပါပြီ ဆိုငြားသော်လဲ ခန္ဓာထဲနားလည်ဖို့ ဒီကနေပုံစံပေး တယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



တော်တော်ကြာကွယ်ရာကျတော့ ခင်ဗျားတို့ဘုန်းကြီးက ဒီစက်ဝိုင်းကြီးနဲ့ပြလို့ ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်တော့ နားလည်ပါပြီ၊ (မှန်ပါ့ဘုရား) အင်း....ဒါအလကား နားလည်တာ၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးနဲ့ နားလည်တာက အလကား နားလည်တာ၊ (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာ စက်ဝိုင်းကိုမှ နားလည်မှ ပဋိစ္စသမုပ္ပါဒ်ကို နားလည်တာလို့မှတ်ပါ၊ (မှန်ပါ့ဘုရား)။

ဒီဟာက ရှေ့ပိုင်းက ခင်ဗျားတို့မှာ ပုံစံအဖြစ်နဲ့ ဒီလိုလည်နေပါတယ်ဆိုပြီး ခန္ဓာကြည့်တော့ ဒီလိုမြင်ဖို့၊ (မှန်ပါ့ဘုရား) မလည်ချင်ရင် ဒီလိုပြတ်အောင်လုပ်ဖို့၊ (မှန်ပါ့)။

ဒါကို အရေးကြီးပြီး ဒီစက်ဝိုင်းကို အခုလို လုပ်ကြတာ၊ (မှန်ပါ့) ရှင်းကြပလား၊(ရှင်းပါပြီဘုရား) တော်တော်ကြာ ကိုယ်က အပြောမတတ် အဆိုမတတ်နဲ့ဖြစ်ပြီးကျုပ်တို့စက်ဝိုင်းကြီးနဲ့ပြောလို့ ပဋိစ္စသမုပ္ပါဒ်တော့ နားလည်နေပြီ (မှန်ပါ့) အင်း စက်ဝိုင်းထဲနားလည်နေတယ်၊(မှန်ပါ့)ဘယ်နားလည်တာလဲ၊ (စက်ဝိုင်းထဲ နားလည်တာပါဘုရား)။

ဟာ-ဒါဖြင့် ကလေးတွေကို မြထားလဲ နားလည်တာပဲ၊ (မှန်ပါ့)ရှင်းပလား၊(ရှင်းပါပြီဘုရား)ရှုကြည့်လိုက်တဲ့အခါ ခန္ဓာထဲနားလည်ရမယ် (မှန်ပါ့ဘုရား) ရှုကြည့်တဲ့အခါမှာ– (ခန္ဓာထဲ နားလည်ရပါမယ်ဘုရား)။

အင်း....ခန္ဓာထဲနားလည်တော့မှ ဘယ်လိုနားလည်သတုံးဆိုတော့တစ်ခုသောဝေဒနာကလေးသုခဝေဒနာပေါ်တယ်၊ ဒကာဒကာမတွေက ဖြစ်ပျက်ရှုလိုက်တယ်၊(မှန်ပါ့) ဖြစ်ပျက်

http://www.dhammadownload.com



ရှုလိုက်တော့ ဩော်....ဝေဒနာကဖြစ်ပျက်၊ ရှုတာကမဂ်ဆို တော့ ဒို့-သန္တာန် ခန္ဓာထဲမှာ ဝေဒနာ ပစ္စယာ, တဏှာ မလာ ဘူး၊ (မှန်ပါ့) ဒို့-ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပြတ်သွားတယ်၊ (ပြတ် ပါတယ်ဘုရား)။

ဒါ-အဝိုင်းထဲက ပြတ်သလား၊ ခန္ဓာထဲက ပြတ်တာလား၊ (ခန္ဓာထဲကပြတ်တာပါဘုရား)ရှုတော့ဘယ်ရှုရသလဲ၊(ခန္ဓာထဲ ရှုရပါတယ်ဘုရား) မဂ်က ဘယ်မှာပေါ်သလဲ၊ (ခန္ဓာထဲပေါ် ပါတယ်ဘုရား) အေး....ဒါ့ကြောင့် ဒီအဝိုင်းဟာ နမူနာပဲ မှတ်ပါ၊ (မှန်ပါ့ဘုရား)။

အဝိုင်းဟာ ဘာခေါ်ကြမယ်၊ (နမူနာပါဘုရား) နမူနာ ကိုလဲ သူ့အထဲမှာ နားလည်ပြီးတော့ ကိုယ့်အထဲ နားမလည် သေးရင် အလုပ်နဲ့မညီဘူး၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုယ့်ထဲ နားမလည် သူ့ထဲမှာ နားလည်ပြီးပြောသော်လဲ ခန္ဓာထဲမှာ ကြည့်ဖို့အရေး ကျန်သေးတယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်မှာ ကြည့်ဖို့အရေး ကျန်သေးသလဲ၊ (ခန္ဓာထဲကြည့်ဖို့ အရေးကျန်ပါသေးတယ်ဘုရား)အဲ-ခန္ဓာထဲမှာကြည့်ဖို့အရေး ကျန်တော့မှ အင်း....ဟင် သဠာယတနရှုလိုက်တယ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယတွေ, မာနတွေ, စိတ်တွေပေါ့၊ (မှန်ပါ့)ဖြစ်ပျက်ရှုလိုက်တယ်ဆိုရင် ဒီမဂ်က ဒီကြားပေါ်မှာ၊ (မှန်ပါ့) ဘယ်ရှုရှု မဂ်က ဒီကြားပေါ်မှာ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဘယ်သူနဲ့ ဘယ်သူ ပြတ်သွားသတုံးဆို တကျာပြတ်တယ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် တကျာနိုရောေခါနိဗ္ဗာနံဆိုပြီး ဒီဘက်ကို ဒို့လည်သွားပြီ၊ အလယ်ပစ္စုပ္ပန်အခြင်းအရာ ငါးပါးတွေတော့ အကြောင်းအခြင်းအရာ ငါးပါးတွေတော့ မပေါ်တော့ဘူး၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်... ဒို့– အနာဂတ်ခန္ဓာကြီးတော့ ပြတ်တော့မှာပဲ၊ (မှန်ပါ့ဘုရား) ဆိုပြီး ကိုယ့်ခန္ဓာထဲမှာ ပြတ်ပြီး ကိုယ့်ခန္ဓာနောက်ထပ်မလာမှာကို သိရမယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ အဝိုင်းကိုကြည့်ပြီး အခုဝေထားတဲ့ အဝိုင်းတွေကြည့်ပြီး ကိုယ့်ခန္ဓာနဲ့ ပြန်ဟပ်ရမှာ၊ (မှန်ပါ့ဘုရား) ဘာလုပ်ရမတုံး၊ (ခန္ဓာနဲ့ ပြန်ဟပ်ရမှာပါဘုရား) ဒကာကြွယ်ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) **ခေါင်းရင်းချိတ်ပြီးသကာလ ရှိခိုးပူဇော်နေဖို့မဟုတ်ပါဘူး**၊ (မဟုတ်ပါဘုရား)။

ကိုယ့်ခန္ဓာနဲ့ကိုယ် ပြန်ဟပ်ပြီးသကာလ ဩော်....ခန္ဓာထဲရှိတာကို ဒီမှတ်တိုင်ထားပြီး ဒီအမှတ်အတိုင်းကြည့်တယ်ဆိုပြီး ပေါ်တိုင်းပေါ်တိုင်း ဒီလိုပဲ ဝိုင်းတော့မှာလား၊ ငါပြတ်နေသလား၊ ဝိုင်းပြီးလည်နေသလား၊ ကိုယ့်ခန္ဓာထဲကဖြစ်စဥ်တွေပြတ်နေသလား၊ လည်နေသလား၊ ဒါကို အမြဲကြည့်ရမယ်၊ (မှန်ပါ့ဘုရား) လည်နေလို့ရှိရင် သံသရာ့ခရီးသည်၊ (မှန်ပါ့) မလည်တော့ပါဘူး၊ တပည့်တော် အလုပ်လုပ်နေလို့ ပြတ်ပြတ်

http://www.dhammadownload.com



–သွားပါတယ်ဘုရား၊ ၂–က ၃–မဆက်ဘူးဆိုရင် သံသရာခရီးဆုံးတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်လှည့်နေရင် သံသရာခရီးသည်၊ (မှန်ပါ့)ပြတ်သွားရင် (သံသရာခရီး ဆုံးပါတယ်ဘုရား) သံသရာခရီးဆုံးဆိုတာ သေသေချာချာမှတ်ပါ၊ (မှန်ပါ့ဘုရား)ရှင်းကြပလား၊(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

---

http://www.dhammadownload.com

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်းတွင် သီတင်းသုံး
နေထိုင်တော်မူသော
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
ပဋိစ္စသမုပ္ပါဒ်

# တရားတော် (၉)

(၂၇-၁၁-၆၁)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တောင်းပန်လို့ဟောတဲ့တရားတွေလဲရှိတယ်၊ (မှန်ပါဘုရား) တစ်ပါးသော ပုဂ္ဂိုလ်များက တောင်းပန်လို့ ဟောတဲ့တရားလဲ ရှိတယ်…၊ မတောင်းပန်ဘဲနဲ့ အကြောင်းတိုက်ဆိုင်လို့ ဟောတဲ့ တရားလဲ ရှိတယ်၊ (မှန်လှပါဘုရား)။

မတောင်းပန်ဘဲနဲ့ အကြောင်းတိုက်ဆိုင်လို့ ဟောတဲ့တရားလဲ ရှိတယ်လို့မှတ်ရမယ်နော်၊ (မှန်လှပါဘုရား)။

ယခုဟောမည့်တရားကတော့ ဒီလိုမမှတ်ပါနဲ့တဲ့၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်ဒီအကြောင်းကလဲတိုက်ဆိုင်လို့မဟုတ်ဘူး၊တောင်းပန်မည့်ပုဂ္ဂိုလ်လဲရှိသည်မဟုတ်ဘူး သက်သက် မဟာကရုဏာတော်ကြီးနဲ့ပဲ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းပဲဟောမယ်ဆိုပြီး ဟောပါတယ်၊ မည်သူတစ်ဦးတစ်ယောက်မှ တောင်းပန်တာ မဟုတ်ပါဘူး၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



မည်သည့်အကြောင်းနဲ့မှဆက်သွယ်ပြီးသကာလဟောရတဲ့ တရားမျိုးလဲ မယုတ်ပါဘူးတဲ့၊ ငါ ဒီနေ့ဟောမည့်တရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ရယ်၊ နိဗ္ဗာန်ရောက်ကြောင်းရယ်၊ ဒီနှစ်မျိုး ဟောမယ်ကွာလို့ ပြောလိုက်တယ်နော်၊ (မှန်လှပါဘုရား)။

ဒီနေ့ ဘာဟောမှာပါလိမ့်၊ (နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းဟောမှာပါဘုရား) နိဗ္ဗာန်ရယ်, နိဗ္ဗာန်ရောက်ကြောင်းရယ်လို့ ဒကာ ဒကာမတွေက နှစ်ခု မှတ်တာပေါ့နော်၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာဘာလဲ၊နိဗ္ဗာန်ရောက်ကြောင်းဆိုတာဘာလဲဆိုတဲ့ဥစ္စာကို ကိုယ်တော်မြတ်ကြီးသည် အရေးတကြီး သိစေလိုတဲ့ဆန္ဒပြင်းပြပြီး သကာလ ဒကာကြွယ်....ဒကာသစ်တို့.... ဟောနေတယ်လို့ မှတ်ရမယ်နော်၊ (မှန်လှပါဘုရား)။

> ''နိဗ္ဗာနဥ္စ ဘိက္ခဝေ ဒေသေဿာမိ နိဗ္ဗာနဂါမိဥ္စမဂ္ဂံ''
> ဘိက္ခဝေ=ရဟန်းတို့၊အဟံ=ငါဘုရားသည်၊နိဗ္ဗာနဥ္စ= နိဗ္ဗာန်ကိုလည်း၊ ဒေသေဿာမိ=ဟောအံ့၊ နိဗ္ဗာနဂါမိမဂ္ဂံ=နိဗ္ဗာန်သို့ ရောက်တဲ့ လမ်းခရီးကို လည်း၊ ဒေသေဿာမိ=ဟောအံ့။

နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်စေတဲ့ လမ်းကိုတော့ကွာ-ရှင်းရှင်းလင်းလင်း ငါ ယနေ့ မင်းတို့ကို ပြမယ်၊ (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ အလိုရှိတာက နိဗ္ဗာန်၊ အဲဒီ အလိုရှိတဲ့ နိဗ္ဗာန်ကို ဒကာ ဒကာမတို့ လမ်းမပြလို့ရှိရင်လဲ မသွားတတ်

http://www.dhammadownload.com



သောကြောင့် ''နိဗ္ဗာနံ ဂါမိဉ္စ မဂ္ဂံ''ဆိုပြီး နိဗ္ဗာန်သို့ရောက်တဲ့ ခရီးကိုလဲ ငါ-သေသေချာချာ ဟောမယ်လို့ ပြောတယ်နော်၊ (မှန်လှပါ)။

ကတမဉ္စ ဘိက္ခဝေ နိဗ္ဗာနံ၊ ယော ခေါ ဘိက္ခု၊
ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။

ဩြော်– နိဗ္ဗာန်ဆိုတာ မင်းတို့ တခြား မှတ်မနေပါနဲ့ကွာ တဲ့၊ မင်းတို့ခန္ဓာမှာရှိတဲ့ ရာဂ, ဒေါသ, မောဟ ကုန်လို့ရှိရင် နိဗ္ဗာန်ပါပဲ၊ (မှန်လှပါဘုရား) ရာဂ,ဒေါသ, မောဟကုန်လို့ ရှိရင် (နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာ တခြားလား အောက်မေ့နေတယ်တဲ့၊ ရာဂ, ဒေါသ, မောဟကုန် တာကို နိဗ္ဗာန်လို့ခေါ်တယ်၊ (မှန်လှပါ) ရာဂ,ဒေါသ, မောဟကုန် တာကို (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)။

ရာဂ–ဆိုတာ တပ်နှစ်သက်မှု၊ ဒေါသ-ဆိုတာ ပြစ်မှားမှု၊ မောဟ-ဆိုတာ မသိမှု၊ (မှန်လှပါဘုရား) ဤအမှုသုံးခု တပ် နှစ်သက်မှု၊ ပြစ်မှားမှု၊ မသိမှု၊ (မှန်ပါ့) ဘယ်နှစ်ခုပါလိမ့်၊ (သုံးခုပါဘုရား) တပ်နှစ်သက်မှုရယ်, ပြစ်မှားမှုရယ်, မသိမှု ရယ် ,ဒီသုံးခုလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်စမ်း ပါနော်၊ (မှန်လှပါဘုရား)။

အာရုံတွေ တပ်နှစ်သက်မှုကို ရာဂ–လို့ခေါ်တယ်၊ (မှန်ပါ့) အာရုံတွေတွေ့တဲ့ အခါကျလို့ရှိရင် ပြစ်မှားမှုကို စိတ်တွေ ဘာတွေ မခံသာမှု ပေါ်ပေါ်လာတာသည် ဒေါသ-လို့ ခေါ် ပါတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



အာရုံတွေ တွေ့တိုင်း တွေ့တိုင်း အနိစ္စလဲ မသိ၊ ဒုက္ခလဲ မသိ၊ အနတ္တလဲမသိ၊ ဒုက္ခသစ္စာလဲမသိ အာရုံတွေဟူသမျှကလဲ နိဗ္ဗာန်မှတစ်ပါး ကျန်တာတွေဟာ ဒုက္ခသစ္စာတွေချည်းပဲ၊ အဲ-ဒါတွေမသိမှုဟာလဲတဲ့ မောဟလို့ မှတ်ပါ၊ (မှန်လှပါဘုရား) အဲဒီမသိမှုကုန်တာသည်နိဗ္ဗာန်ပဲ၊ (မှန်လှပါ) မသိမှုကုန်အောင် လုပ်နိုင်လို့ရှိရင် (နိဗ္ဗာန်ပါ ဘုရား) နိဗ္ဗာန်ပဲလို့ ဒကာ ဒကာမတွေက မှတ်ထားရမယ်နော်၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းကတော့ ဘာတုံး လို့မေးတဲ့အခါကျလို့ရှိရင်ဖြင့် ''ကတမော စ ဘိက္ခဝေ နိဗ္ဗာန ဂါမိနိပဋိပဒါ''လို့ ဆိုတော့ သမ္မာဒိဋ္ဌိ၊ (မှန်ပါ့) သမ္မာက မှန် ကန်တာ၊ ဒိဋ္ဌိက မြင်တာပေါ့ဗျာ၊ (မှန်လှပါဘုရား) အမှန် အကန်မြင်လို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းပါပဲတဲ့၊ (မှန်ပါ့ ဘုရား)။

အနိစ္စကို အမှန်အကန်မြင်၊ ဒုက္ခကိုအမှန်အကန်မြင်၊ အနတ္တ ကို အမှန်အကန်မြင်လို့ရှိရင်ဖြင့် ဒုက္ခသစ္စာ အမှန်အကန်မြင်လို့ ရှိရင်ဖြင့် အဲဒါ နိဗ္ဗာန် ရောက်ကြောင်းပါပဲတဲ့၊ (မှန်လှပါ ဘုရား) ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းက ဒကာ ဒကာမတို့ မှတ်တာပေါ့၊ အမှန်အကန်မြင်မှုဟာ နိဗ္ဗာန်ရောက်ကြောင်း၊ (မှန်လှပါဘုရား)။

နိဗ္ဗာန် အမှန်အကန်မြင်လို့ ဒီတရားအပေါ်၌မြင်တဲ့တရား အပေါ်၌ ရာဂ, ဒေါသ, မောဟတို့နှင့်တပ်နှစ်သက်မှု ဖြစ်မှား မှု မသိမှုတွေ ကုန်သွားလို့ရှိရင် နိဗ္ဗာန်၊ (မှန်လှပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ရာဂ, ဒေါသ, မောဟ ကုန်တာလို့ ဒကာကြွယ်က မှတ်လိုက်၊ (မှန်လှပါဘုရား) နိဗ္ဗာန် ရောက်

http://www.dhammadownload.com



ကြောင်းက အမှန်အကန်သိတဲ့ သမ္မာဒိဋ္ဌိလို့ မှတ်လိုက်၊ (မှန်လှပါဘုရား)။

သံယုတ်ပါဠိတော်ကြီးမှာ ဒီလိုလာပြီးသကာလ နေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒကာဒကာမတို့ မည်သူ့ကိုမှအကြောင်းပြုဟောတာမဟုတ်ပါဘူး၊ နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းကိုဖြင့် သိစေလိုသောကြောင့် ဟောတယ်လို့-သေသေချာချာ ဦးလှဘူး-မှတ်ရလိမ့်မယ်၊ (မှန်လှပါဘုရား)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘာတွေ ဟောနေတယ်ဆိုတာ ဒီနေ့ သိရောပေါ့ဗျာ၊(သိပါတယ်ဘုရား)ဒကာကြွယ် ဘယ်နှစ်မျိုး ဟောပါလိမ့်၊ (နှစ်မျိုးဟောပါတယ်ဘုရား)ဘာပါလိမ့် ဒကာ ဒကာမတို့၊(နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းကိုပဲဒကာသစ်–ဟောတယ်နော်၊ (မှန်လှပါ) ဒါဖြင့် လိုရင်းနှစ်ခု ဒီနေ့ ဟောတဲ့နေ့ပဲလို့ဆိုတာလဲ ဒကာကြွယ်– ရှင်းသွားပြီ၊ (ရှင်းသွားပါပြီ ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်မပြမီ ဒကာ ဒကာမတွေက ရာဂ, ဒေါသ, မောဟကုန်တာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား) နိဗ္ဗာန်ရောက်ကြောင်းဆိုတဲ့ အမှန်အကန်မြင်တဲ့ သိတဲ့ သမ္မာဒိဋ္ဌိ၊ (မှန်လှပါဘုရား)အမှန်အကန် မြင်-သိတဲ့ (သမ္မာဒိဋ္ဌိပါဘုရား) အဲဒီ သမ္မာဒိဋ္ဌိက ဘာပါလိမ့်၊ (နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)။

အားလုံး ဒကာ ဒကာမတွေ ဩော်–နိဗ္ဗာန်ဆိုတာ ရာဂ, ဒေါသ, မောဟကုန်တာ နိဗ္ဗာန်လို့ခေါ်တယ်၊ (မှန်လှပါ) နိဗ္ဗာန်ရောက်ကြောင်းဆိုတာအနိစ္စ,ဒုက္ခ,အနတ္တ ဒုက္ခသစ္စာကို

http://www.dhammadownload.com



အမှန်အကန်သိတဲ့ သမ္မာဒိဋ္ဌိကို နိဗ္ဗာန်ရောက်ကြောင်းလို့ ဆိုတယ်လို့ ဒကာသစ်— သေသေချာချာမှတ်ထား၊ (မှန်လှပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်လဲ သိပြီ၊ နိဗ္ဗာန်ရောက်ကြောင်းလဲ သိပြီ၊ (မှန်လှပါဘုရား) ဒါထက်မြတ်တဲ့ပုဂ္ဂိုလ်တွေကျ လို့ရှိရင်ဖြင့် ဩော်–ဒါ နှစ်လုံးနဲ့ပဲကျင့်ကြံပြီးသွားဖို့ပါပဲ၊ (မှန်ပါ့ဘုရား)။

ဒီမှာတော့ ဒကာ ဒကာမတို ဘုန်းကြီး နေ့တိုင်းဟောပြီး သကာလနေတဲ့ ပဋိစ္စသမုပ္ပါဒ် ဓဒသနာတော်ကြီးဟာကဘာ တုံး–လို့မေးတဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာက နှစ်မျိုးရှိတယ်၊ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် နှစ်မျိုးရှိတယ်၊ (မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် နှစ်မျိုးရှိတယ်လို့ ဒကာဒကာမတွေက မှတ်ထားပါနော်၊ (မှန်လှပါဘုရား)။

အကြောင်းတွေနဲ့အကျိုးတွေ ဆက်-ဆက်နေလို့ ရှိရင်ဖြင့် ဒါဟာဖြစ်ကြောင်းပဋိစ္စသမုပ္ပါဒ် (မှန်ပါ့ဘုရား)အကြောင်းအကျိုးတွေဆက်နေရင်တော့ (ဖြစ်ကြောင်း- ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

အကြောင်းအကျိုးပြတ်သွားလို့ရှိရင်ချုပ်ကြောင်းနိဗ္ဗာန် (မှန်လှပါဘုရား) ချုပ်တဲ့ ပဋိစ္စသမုပ္ပါဒ်၊ (မှန်လှပါဘုရား) အကြောင်း အကျိုးတွေ ဆက်နေသရွေ့ ကာလပတ်လုံးဖြင့် ဒကာကြွယ်ရေ– ဒါ ဝဋ္ဋလည်တဲ့ ပဋိစ္စသမုပ္ပါဒ်၊ (မှန်လှပါဘုရား) ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက်ကြစမ်းပါ (မှန်ပါ့ဘုရား) ခန္ဓာဖြစ်ကြောင်းပေါ့ဗျာ၊ (မှန်လှပါ)။

http://www.dhammadownload.com



အကြောင်းအကျိုးတွေချုပ်တဲ့ပဋိစ္စသမုပ္ပါဒ်ကတော့ဖြင့် တဲ့ ဒါ ခန္ဓာချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ်လို့မှတ်ပါ၊ (မှန်လှ ပါဘုရား) အကြောင်းအကျိုးတွေ ဖြစ်နေတာက ခန္ဓာဖြစ် ကြောင်း ပဋိစ္စသမုပ္ပါဒ်၊ (မှန်လှပါဘုရား)။

အကြောင်းအကျိုးတွေ ချုပ်သွားတာက ခန္ဓာ ချုပ် ကြောင်း ပဋိစ္စသမုပ္ပါဒ်၊(မှန်လှပါဘုရား)ရှင်းသွားပလား၊ (ရှင်းသွားပါပြီ) အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပါဒ်ကို ဒကာ ဒကာမတွေ ယနေ့ပြရမယ်နော်၊(မှန်လှပါ)။

နိဗ္ဗာန်ဆိုတာ ဘာနဲ့တွဲရမယ်၊ (မှန်လှပါ) နိဗ္ဗာန်ဆိုတာ ဘာတုံး–လို့မေးတော့ ဒကာဒကာမတွေကို ခုနင်က သင် ထားတယ်၊ (မှန်ပါဘုရား) ရာဂကုန်တာ၊ ဒေါသကုန်တာ၊ မောဟကုန်တာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်လို့ ခေါ်ပါတယ် ဘုရား)၊

ဩော်–ဒါဖြင့်နိဗ္ဗာန်ဆိုတာ ရာဂ, ဒေါသ, မောဟ ကုန် တာကိုနိဗ္ဗာန်လို့ခေါ်ပါတယ်၊ နိဗ္ဗာန်ရောက်ကြောင်းဆိုတာ က သမ္မာဒိဋ္ဌိကိုဆိုတယ် (မှန်ပါဘုရား) နိဗ္ဗာန်ဆိုတာက ဘာ တဲ့၊(ရာဂ,ဒေါသ,မောဟ ကုန်တာပါ ဘုရား)ရာဂ, ဒေါသ, မောဟ-ကုန်တာကို နိဗ္ဗာန်လို့ခေါ်ပါတယ်၊ (မှန်ပါဘုရား)။

ကောင်းပြီ၊နိဗ္ဗာန်ရောက်ကြောင်းကတော့ ရာဂ,ဒေါသ, မောဟကို ကုန်အောင် အမှန်အကန်မြင်တဲ့ သမ္မာဒိဋ္ဌိကို ဆိုပါ တယ်၊ (မှန်ပါဘုရား) ဒါဖြင့် ဒကာကြွယ် နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း ရှင်းသွားပြီ၊ (ရှင်းသွားပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့်ပဋိစ္စသမုပ္ပါဒ်ကြီး ဆက်နေလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဒုက္ခရောက်ကြောင်းလို့ မှတ်လိုက်စမ်းပါ၊

http://www.dhammadownload.com



(မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ် ပျောက်သွားလို့ ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါ) ဒီ နှစ်တွဲကနေဘ်-ပဋိစ္စသမုပါဒ်ဆက်နေရင် ဒုက္ခရောက်ကြောင်း ရှင်းပလား၊(ရှင်းပါပြီ) ပဋိစ္စသမုပ္ပါဒ် ပျောက်သွားလို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်း၊(မှန်ပါ့ဘုရား)ပဋိစ္စသမုပ္ပါဒ်ဆက်နေ ရင်၊ (ဒုက္ခရောက်ကြောင်းပါဘုရား) ဒုက္ခရောက်ကြောင်း မှတ်လိုက်နော်၊ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပျောက်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်များကျ တော့နိဗ္ဗာန်ရောက်ကြောင်း (မှန်လှပါ)ဒါဖြင့်ပဋိစ္စသမုပ္ပါဒ် မပါခဲ့သော်-ဒကာဒကာမတို့ နားလည်ခဲ့သော်၊နိဗ္ဗာန်ရောက် ကြောင်းလဲသိကြမယ်မဟုတ်ဘူး၊ (မှန်ပါ့ဘုရား)ဒုက္ခရောက် ကြောင်းလဲ သိမယ် မဟုတ်ပါဘူး၊ နိဗ္ဗာန်ရောက်ကြောင်းလဲ သိမယ်မဟုတ်ပါဘူး၊ ဒကာကြွယ်ရာ၊ (မှန်ပါ့)။

ဒါဖြင့် တရားဓမ္မဟောကြားညွှန်ပြ ဆိုးမတဲ့ ဆရာသမား တွေမှာ ဒီပဋိစ္စသမုပ္ပါဒ်ကို လက်ကိုင်မထားလို့ရှိရင် ဒကာ ဒကာမတို့သည် ဒုက္ခရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း သိကြမယ် မဟုတ်ပါဘူး၊ (မသိပါဘုရား)မသိနိုင်ဘူးဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)၊

အဲဒါကြောင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ဒကာဒကာမတွေက ကြည့်ပါ၊(မှန်လှပါဘုရား၊ နိဗ္ဗာန်-နိဗ္ဗာန်ဆိုတာသည် ဒကာ ဒကာမတို့ ရာဂ, ဒေါသ, မောဟကုန်တာ နိဗ္ဗာန်လို့ ခေါ် တယ်နော်၊ (မှန်ပါ့)။

ကိုင်း–ဒါဖြင့် ဒကာဒကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်မှာ ကြည့် တာပေါ့၊ပေါ်လာပါလိမ့်မယ်နော်၊(မှန်ပါ့) ၂–နံပါတ်မှာ

http://www.dhammadownload.com



သေသေချာချာကြည့်ပါနော်၊ ၂-နံပါတ်ဟာ ဒကာ ဒကာမ တို့ သိတဲ့အတိုင်း ၁-နံပါတ် တည်းဟူသော သမုဒယသစ္စာကြောင့် ၂-နံပါတ်ဒုက္ခသစ္စာဖြစ်ရတယ်၊(မှန်လှပါဘုရား)။

၁-နံပါတ်တည်းဟူသော သမုဒယသစ္စာကြောင့်၊ (၂-နံပါတ် ဒုက္ခသစ္စာ ဖြစ်ရပါတယ်ဘုရား) အဝိဇ္ဇာ, သင်္ခါရ, တဏှာ,ဥပါဒါန်ဘဝ၊(မှန်လှပါ) ဒါဟာ ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) ဩော် ဒါဖြင့် ဒီအထဲမှာ အဝိဇ္ဇာ ဆိုတာလဲ မောဟ၊ သင်္ခါရဆိုတာ စေတနာ၊ တဏှာဆိုတာ သည် တဏှာပဲ၊ နှစ်သက်တာ၊ ဥပါဒါန်က စွဲလမ်းတာ၊ ဘဝက ကမ္မဘဝတွေ အားထုတ်တာ၊ (မှန်ပါဘုရား)။

အဲဒီတော့ ဒုက္ခဖြစ်ကြောင်းတွေဆိုရင် ဒကာကြွယ်-လွဲပါ့မလား၊(မလွဲပါဘုရား) ဒါ့ကြောင့် ဘာသစ္စာတုံး၊ (သမုဒယသစ္စာပါဘုရား) အင်း-ဒီသမုဒယသစ္စာကလဲ ဒကာ ဒကာမတို့ ယခု ဒကာဒကာမတို့သန္တာန်မှာ ယခု ပေါ်တာလား၊ အတိတ်ဘဝက ပေါ်ခဲ့တာလား (အတိတ်ဘဝက ပေါ်ခဲ့တာပါဘုရား)။

ဒါ့ကြောင့် အတိတ်အကြောင်း ငါးပါးလို့ ပြတယ်၊ (မှန်ပါ) ဒကာကြွယ်- ဘာတဲ့တုံး၊ (အတိတ်အကြောင်း ငါးပါးလို့ ပြပါတယ်ဘုရာ၊) အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ကမ္မဘဝ ဒါ-ဘာပါလိမ့်မလဲ၊ (အတိတ်အကြောင်း ငါးပါးပါဘုရား)။

အတိတ်အကြောင်း ငါးပါး လွန်ခဲ့သော ဘဝတွေက ဒကာဒကာမတွေ မှားပြစ်တွေ ငါးခု၊((မှန်လှပါ) ဘယ်

http://www.dhammadownload.com



နှစ်ခုပါလိမ့်၊(ငါးခုပါဘုရား)ဘာအဖြစ်တွေပါလိမ့်၊(မှား ဖြစ်တွေပါ ဘုရား)။

ဘယ်လိုများ မှားခဲ့ကြပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့မှ ဒကာကြွယ်– သမုဒယသစ္စာတွေ လုပ်ခဲ့ကြတယ်၊ (မှန်လှပါ)ဘယ်လိုမှားခဲ့ပါလိမ့်၊ (သမုဒယသစ္စာတွေ လုပ်ခဲ့ ကြပါတယ်ဘုရား) အင်း–ဒကာဒကာမတို့ ကျုပ်တို့ မှားပုံ သည်ကား·လို့ဆိုရင် ဒုက္ခဖြစ်ကြောင်းကို လုပ်ခဲ့မိကြတယ်၊ (မှန်လှပါ)။

ကျုပ်တို့မှားတာဟာ နည်းနည်းမှားတာလား၊များများ မှားတာလားဆိုတာ ဒီ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက သေသေ ချာချာပြထားတော့ နည်းနည်းမှားတာ မဟုတ်ပါလား၊ ဒို့သည်ကား– ဒုက္ခဖြစ်ကြောင်းတွေ လုပ်ခဲ့ပါကလား (မှန် လှပါ)ဘာတွေလုပ်ခဲ့ကြသလဲ၊ ဒုက္ခဖြစ်ကြောင်းတွေ လုပ်ခဲ့ ပါတယ်ဘုရား)။

ဒုက္ခဖြစ်ကြောင်းချည်း လုပ်ခဲ့တဲ့အတွက်တဲ့၊ အခု လုပ်ခဲ့ တာလား၊ အတိတ်ကလုပ်ခဲ့တာလားဆိုတာ တစ်ခါစဉ်းစား ပါဦး၊(အတိတ်ကလုပ်ခဲ့တာပါဘုရား) ဒါကြောင့် အတိတ် အကြောင်း ဒကာဒကာမတို့ ငါးပါးဆိုတဲ့ဥစ္စာ တွေ့ပါပြီ၊ (တွေ့ပါပြီဘုရား)။

ကျုပ်တို့ နောက်တုန်းက အတိတ်အကြောင်း ငါးပါး တည်းဟူသော သမုဒယသစ္စာတွေ ကျုပ်တို့ အားထုတ်ခဲ့ကြ တယ်၊(မှန်လှပါ) အဝိဇ္ဇာ သစ္စာလေးပါး မသိတာလဲ ကျုပ်တို့ နောက်ဘဝကပဲ၊ (မှန်လှပါ)။

http://www.dhammadownload.com



ပြုချင်သလိုပြု-တဲ့၊ ကုသိုလ်ပြုပြန်လဲ လူနတ်ဗြဟ္မာသတ္တဝါ ဆုတောင်းပြီး ပြုလို့ သင်္ခါရ ဖြစ်တယ်၊ (မှန်လှပါဘုရား) ပုညာဘိသင်္ခါရဖြစ်တယ်၊(မှန်ပါ့)သားရေးသမီးရေးစီးပွားရေးနဲ့ သားမယားများဝ,ဖို့အရေးလုပ်တော့ အကုသိုလ်တွေ လုပ်ပြန်တော့လဲအပုညာဘိသင်္ခါရလုပ်ခဲ့ကြတယ်(မှန်လှပါ)။

ဒါကြောင့် မသိသလို လုပ်ခဲ့ကြတယ်၊(မှန်ပါ့)မသိတာက အဝိဇ္ဇာ၊ လုပ်ခဲ့ကြတာက၊ (သင်္ခါရပါဘုရား)လုပ်ပြီးလုပ်ရုံနဲ့ မပြီးသေးဘူး–တဲ့၊ ခင်ဗျားတို့က လုပ်တာကိုပဲ ကိုယ့်အလုပ် ကိုယ်သာယာတဲ့တဏှာကလဲ ပါသေးတယ်၊ (ပါ-ပါတယ် ဘုရား)ကိုယ့်ဟာကိုယ်စွဲလမ်းတဲ့ဥပါဒါန်ကလဲ၊(ပါ-ပါတယ် ဘုရား) ကာယကံ ဝစီကံတွေနဲ့လဲ လုပ်ကြသေးတယ်၊ (လုပ် ပါတယ်ဘုရား)။

ဒါကြောင့် အတိတ်က လုပ်ခဲ့တဲ့ ငါးခုဟာ ဒကာ ဒကာမ တို့ သမုဒယသစ္စာပဲ၊ (မှန်လှပါဘုရား)၊ အတိတ်က လုပ်ခဲ့တဲ့ ငါးခုဟာ၊ (သမုဒယသစ္စာပါဘုရား)သမုဒယသစ္စာတဲ့ဒကာ ဒကာမတို့ ဒါ့ကြောင့် အတိတ်အကြောင်းအခြင်းအရာ ငါး ပါးလို့ အပေါ်က ဒကာကြွယ် ဆိုင်းဘုတ်ဆွဲထားတယ်၊ (မှန် လှပါဘုရား အတိတ်အကြောင်း ဘယ်နှစ်ပါးပါလိမ့်၊ (ငါး ပါးပါဘုရား) ဒကာကြွယ်....ဘာသစ္စာတဲ့၊ (သမုဒယသစ္စာ ပါဘုရား) သမုဒယသစ္စာနော်၊ (မှန်ပါ့)။

သမုဒယသစ္စာ ဒကာ ဒကာမတွေက ကြိုးစားခဲ့ကြတော့ စုတေမနေသေလွန်လို့ ၂-နံပါတ်ဒုတိယဘဝ ရောက်တော့မယ် ဆိုတော့ ဘာတွေပေါ်လာသတုံး-ဆိုတော့ ခုနက ဝိညာဏ်, နာမ်ရုပ်, သဠာယတန ဖဿ,ဝေဒနာဆိုတဲ့ခန္ဓာငါးပါးပေါ်

http://www.dhammadownload.com



လာတယ်၊(မှန်ပါ့ဘုရား) ၂•နံပါတ်၌ ခန္ဓာငါးပါးပေါ်လာတယ်၊ (မှန်ပါ့) ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါတော့ မရှောင်သာ မလွှဲသာ တွေ့ရလိမ့်မယ်၊ (မှန်ပါ့) မရှောင်သာ မလွှဲသာတွေ့ရလိမ့်မယ်ဆိုတာ မောင်ဘသော်ကျေနပ်ဖို့ကောင်းပါတယ်၊(ကျေနပ်ပါတယ်ဘုရား) မိုက်ထားတဲ့ မိုက်ပြစ် သင့်တယ်၊ (မှန်လှပါ) မိုက်ထားတဲ့၊ (မိုက်ပြစ်သင့်တာပါဘုရား)။

မိုက်ထားတာက သမုဒယသစ္စာ၊မိုက်ပြစ်သင့်တာက ဒုက္ခသစ္စာ၊ (မှန်ပါ့) မိုက်ထားတာက၊(သမုဒယသစ္စာပါဘုရား) မိုက်ပြစ်သင့်တာက၊ (ဒုက္ခသစ္စာပါဘုရား) ဒကာကြွယ် ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား) မိုက်ထားတာက၊ (သမုဒယသစ္စာပါဘုရား) မိုက်ပြစ်တွေ သင့်ထား တာက၊ (ဒုက္ခသစ္စာပါဘုရား)။

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,ဇာတိအတန်းနဲ့ အတူတူပါပဲ၊ (မှန်ပါ့)အဲဒီတော့ ပစ္စုပ္ပန်–ဒုက္ခသစ္စာ....တဲ့၊ မိုက်ပြစ်သင့်ထားတော့ ဒကာ ဒကာမတို့ ပစ္စုပ္ပန် အကျိုးတစ်လှသာ၊ (မှန်လှပါ)။

ယခု ပစ္စုပ္ပန်ဘဝ ဒကာ ဒကာမတွေ ဘာနဲ့နေသတုံး၊ မေးတော့ မိုက်ပြစ်သင့်တဲ့ဒုက္ခသစ္စာနဲ့နေပါတယ်၊ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီ)မိုက်ပြစ်သင့်တဲ့(ဒုက္ခသစ္စာနဲ့နေရပါတယ်ဘုရား)ဒုက္ခသစ္စာနဲ့ နေရတယ်ဆိုတဲ့ဥစ္စာသိသွားပြီ၊ (သိသွားပါပြီဘုရား)။

ဒုက္ခသစ္စာ ဆိုတာ ဒကာ ဒကာမတွေ မှတ်ပါ၊ ပဋိသန္ဓေဝိညာဏ်ဆိုတာလဲ ဒုက္ခသစ္စာပဲ (မှန်ပါ့) ဇာတိဒုက္ခသစ္စာကိုး

http://www.dhammadownload.com



(မှန်ပါ)ပဋိသန္ဓေ ဝိညာဏ်ဆိုလိုရှိရင် (ဒုက္ခသစ္စာပါဘုရား) ဇာတိ-ဒုက္ခသစ္စာပဲ၊ (မှန်လှပါ) ဒီဘက်ဟာတွေက ဇရာ, ဗျာဓိ, ဒုက္ခသစ္စာဆိုရင် လွဲပါ့မလား၊ (မလွဲပါဘုရား)။

ခန္ဓာငါးပါး ရ,ထားလို့ရှိရင် ပဋိသန္ဓေနေမှု၊ အိုမှု၊ နာမှု၊ သေမှုဟာ ဒီအထဲမှာပါပြီးသားမနေဘူးလား၊ (နေပါတယ်ဘုရား)ပါပြီးသားနေတော့ခန္ဓာငါးပါးသည်ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)။

ဩော်-ဒကာဒကာမတို့ ကံမကောင်း၊အကြောင်းမသင့်လို့ ရ,ထားတာလား၊ ရှေးအတိတ်ဘဝကမိုက်ခဲ့လို့ မိုက်ပြစ်သင့် တာလားဆိုတာ အကဲခတ်ကြည့်တာပေါ့၊ (အတိတ်ဘဝက မိုက်ခဲ့လို့မိုက်ပြစ်သင့်တာပါဘုရား)အတိတ်ဘဝက မိုက်ထား တာနဲ့ ယခုဘဝမှာ ဒုက္ခသစ္စာ-ခန္ဓာငါးပါး၊ ဇာတိ, ဇရာ, မရဏလဲ ဒီအထဲပါပြီးသားနော်၊(မှန်လှပါဘုရား)။

ကိုင်း....ဒကာဒကာမတို့ ယခု ဘာနဲ့ နေကြသတုံး-လို့ မေးရင်၊ (ဒုက္ခသစ္စာ - ခန္ဓာငါးပါးနဲ့ နေရပါတယ်ဘုရား) ဒကာကြွယ်၊ရှင်းပလား၊ (ရှင်းပါပြီ) ဦးလှဘူး-မရှင်းသေး ဘူးလား၊ (ရှင်းပါပြီဘုရား) အင်း....ဟင်- ၁-ကအတိတ် ဘဝကမိုက်ခဲ့တာ၊ (မှန်ပါ) ၂-က ယခုဘဝမှာဖြင့်မရှောင် သာ မလွဲသာတွေ့ရတဲ့ ဒုက္ခသစ္စာ၊ (မှန်လှပါဘုရား) ရှင်းပြီ နော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်၂-ကို ဘာသစ္စာ ဆိုကြမယ်၊(ဒုက္ခသစ္စာပါဘုရား) သဘောကျပလား၊ (ကျပါပြီ) ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ၂-နံပါတ်သည်ကားလို့ဆိုရင် ဒုက္ခသစ္စာလို့ ပိုင် ပိုင်နိုင်နိုင်သိထားတော့ ဩော်-ဒီဒုက္ခသစ္စာဖြင့် ယခုကိုယ်ပိုင်

http://www.dhammadownload.com



ကိုယ်ဆိုင်အဖြစ်နဲ့ နေကြရပြီနော်၊ (မှန်လှပါဘုရား) ဒီဒုက္ခသစ္စာကြီးတော့ တားပစ်ခဲ့လို့မဖြစ်ဘူး၊ (မဖြစ်ပါဘုရား)။

အနာပေါက်တယ် ဆိုရင်ဖြင့် ဒီအနာခွာပစ်လို့လဲမရဘူး၊ (မရပါဘုရား)အိုတယ်ဆိုတာအိုတာနုတ်ပစ်လဲ တစ်ကိုယ်လုံးပါသွားမှာပဲ၊ (မှန်ပါဘုရား)နာတယ်ဆိုတာ နာတာနုတ်ပစ်ရင်လဲ၊(မရပါဘုရား)မရနိုင်တော့ဘူးတဲ့၊သေတတ်တဲ့တရားပါလို့ သေတာနုတ်ပစ်ရင်လဲ ခန္ဓာပါပြုတ်မှာပဲ၊ (မှန်လှပါဘုရား)ဒကာကြွယ်ရေ ဒါဖြင့် ဒုက္ခသစ္စာ အသုံးမကျတာကြီးကတော့ ပေါ်နေပြီ (ပေါ်နေပါပြီဘုရား)မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

အဲဒါကိုဒကာဒကာမတွေက ဩော်-ဒုက္ခသစ္စာပါကလား ဆိုတာ မသိသေးလို့ရှိရင်ဖြင့်-တဲ့ ဒီခန္ဓာကြီးကို ခင်ဗျားတို့ သည်ကားလို့ ဆိုလို့ရှိရင် ဒုက္ခသစ္စာကို ရောက်တဲ့ ဘဝမှာ မသိလို့ရှိရင် ဒကာဒကာမတို့ သိတဲ့အတိုင်း-တဲ့၊ အဝိဇ္ဇာ ပြန်ပေါ်ဦးမှာပဲ၊ (ပေါ်ပါမယ်ဘုရား)။

ရောက်တဲ့ဘဝမှာ ခန္ဓာကိုယ်ဒုက္ခသစ္စာ မသိရင်၊ (အဝိဇ္ဇာပြန်ပေါ်ဦးမှာပါပဲဘုရား) ၎င်းဘဝကြီးကိုပဲ ရောက်ရမှာ ဒကာကြွယ်ရေ-ကိုယ့်သားနဲ့၊ ကိုယ့်မယားနဲ့၊ ကိုယ့်မသေခင်ကလေး ခပ်ပျော်ပျော်ကလေး နေလိုက်ချင်သေးတာကလဲ ရောက်ရာဘဝပျော်တယ်၊ (ပျော်ပါတယ်ဘုရား) ဒါလာပြန်တော့လဲ တဏှာလာတယ်၊ (မှန်ပါဘုရား)။

အင်း....ဒုက္ခသစ္စာထဲကနေပြီး ကိုယ့်ဒုက္ခသစ္စာ ကိုယ်မသိတာက အဝိဇ္ဇာ၊(မှန်ပါ) ကိုယ့်ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာလို့ မသိတော့ အရတော်လေစွ ...ဆိုပြီး သကာလ ပျော်တာက

http://www.dhammadownload.com



တဏှာ၊ (မှန်ပါ့ဘုရား) ဒီသား-ဒီမယားတွေနဲ့ ဒီခန္ဓာကြီးနဲ့ မခွဲချင်တာက ဥပါဒါန်၊ (ဥပါဒါန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အဲဒီတော့ ဒကာဒကာမတို့ ကာယကံ, ဝစီကံတွေနဲ့ ပြုတဲ့ စေတနာတွေ သင်္ခါရတွေ မလာပေဘူးလား၊ (လာပါတယ်ဘုရား) ကာယကံ,ဝစီကံပြုတဲ့ ကမ္မဘဝတွေကော၊ (လာပါတယ်ဘုရား)။

ကြည့်-ဒီ ၂-နံပါတ် ဒုက္ခသစ္စာထဲမှာ ဒကာ ဒကာမတို့ မသိမှုထပ်ပွားပြီး ခင်မင်မှုတွေ တိုးပွားလာတာလဲ ထင်ရှားတယ်၊(ထင်ရှားတယ်ဘုရား)ဒုက္ခသစ္စာလို့မသိတာက အဝိဇ္ဇာ (မှန်ပါ့) ဒီ-ခန္ဓာကြီး ၂-နံပါတ်ကြီးကိုပင် ခင်မှုပွားတာက တဏှာ၊ (တဏှာပါဘုရား)သဘောကျပလား၊ (ကျပါပြီ)။

ဒီ-ဒုက္ခသစ္စာမျိုးရအောင် အားထုတ်ချင်တာက သင်္ခါရ၊ (မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီ) ဒီခန္ဓာကြီးကို စွဲလမ်းနေတာက ဥပါဒါန်(မှန်ပါ့)ဒီခန္ဓာကြီးကို ကာယကံ, ဝစီကံတွေနဲ့ပြုနေတာ ကမ္မဘဝ၊ (ကမ္မဘဝပါဘုရား)။

ကြည့်-ဒါဖြင့် ၂-နံပါတ်ထဲမှာ ဒကာ ဒကာမတို့ သမုဒယသစ္စာ ပေါက်ပွားလာတယ်၊ (ပေါက်ပွားလာပါတယ်ဘုရား) ၂-နံပါတ်ထဲက ဘာတွေပေါက်ပွားသလဲ၊(သမုဒယသစ္စာတွေ ပေါက်ပွားပါတယ်ဘုရား) ရှင်းပါ-ရှင်းပါ ဒကာ ဒကာမတို့ ပုံစံကြီးကြည့်ပါ၊ ဒါ ၂-နံပါတ်ဆိုတာ ပြထားတယ်၊ (မှန်လှပါဘုရား)။

အဲဒီအထဲမှာ ဒကာ ဒကာမတို့ ကိုယ့်ဒုက္ခသစ္စာကြီး ကိုယ်မသိတာက အဝိဇ္ဇာကလဲ ဒီထဲက ပေါက်ပွားလာတာ၊(မှန်လှ

http://www.dhammadownload.com



ပါဘုရား) ဒီ ခန္ဓာကြီး-ခင်တဲ့ သမုဒယသစ္စာကလဲ ဒီထဲက ပေါက်ပွားတာ၊ (မှန်ပါဘုရား)။

ဒါဖြင့် ဒီထဲက ပေါက်ပွားတာ ငါးခု ပေါက်ပွားတယ်၊ (မှန်ပါဘုရား) ဒကာကြွယ်-ဘယ်နှစ်ခု ပေါက်ပွားသလဲ၊ (ငါးခု ပေါက်ပွားပါတယ်ဘုရား) ငါးခု ပေါက်ပွားတော့ ဒုက္ခသစ္စာထဲက သမုဒယ ပေါက်ပွားသဟော့၊ (မှန်လှပါဘုရား) ဘယ်နှယ်ဆိုကြမလဲ၊ (ဒုက္ခသစ္စာထဲက သမုဒယ ပေါက်ပွားပါတယ်ဘုရား)။

ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားတယ်လို့ ဆိုလို့ရှိရင် လွဲပါ့မလား၊ (မလွဲပါဘုရား) ဘယ်ထဲက ဘာပေါက်ပွားပါလိမ့်၊ (ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါက်ပွားပါတယ်ဘုရား)။

ခြောခ်-ဘယ်ကာလမှာ ပွားပါလိမ့်မတုံးလို့ ကြည့်လိုက်တဲ့ အခါကျတော့ ကိုယ်က ပစ္စုပ္ပန်ကာလ၊ (မှန်ပါ) ဒီကာလထဲမှာပွားတယ်၊ (မှန်ပါ့ဘုရား) ဒါ့ကြောင့် ဒီ ၃-နံပါတ်မှာ အောက်နားဖတ်လိုက်တော့ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးလို့ ပစ္စုပ္ပန်နဲ့ရေးတယ်၊ (မှန်ပါ့ဘုရား)။

ဒါ-ပစ္စုပ္ပန်ကာလ၊ဒီထဲကနေပြီး အဝိဇ္ဇာသင်္ခါရ တဏှာ ဥပါဒါန် ဘဝတွေက ဒီအထဲကပေါ်လာတာ၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ) ဒကာ ဒကာမတို့ ၂-ထဲက ၃-ပေါက်ပွားလာတယ်၊ (မှန်ပါ့ဘုရား) ၂-ထဲက (၃-ပေါက်ပွားပါတယ်ဘုရား)ပစ္စုပ္ပန်ကာလထဲက ဒကာ ဒကာမတို့ သမုဒယသစ္စာတွေ ပေါက်ပွားလာပြန်တယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ပစ္စုပ္ပန်ကာလထဲက (သမုဒယသစ္စာတွေ ပေါက်ပွားလာပါတယ်ဘုရား) ပေါက်ပွားသင့်တယ်ဆိုတာလဲ ဒကာသစ် ယုံဖို့ကောင်းပါရဲ့ယ်၊ (ကောင်းပါတယ်ဘုရား)။

အခု ဒကာသစ် ခန္ဓာကို ဒကာသစ်တို့ကိုယ်မဲ ဒိဋ္ဌိသစ္စာလို့ မသိလို့ရှိရင်ဖြင့် ယခုလက်ရှိ ခန္ဓာကပေါ်လာတဲ့ အဝိဇ္ဇာပဲ၊ (မှန်ပါဘုရား) မတွက်ဘူးလား၊ (တွက်ပါတယ်ဘုရား)ကိုယ့် ဘဝ်ကလေး ကိုယ်ခင်နေလို့ရှိရင်ဖြင့် ယခု စွဲမှန်ခန္ဓာကြီး ယခု ခင်တာပဲ၊ (မှန်ပါ) တဏှာပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒီလောက်ဆိုရင် သိတော့၊ ဩော်–ဒါဖြင့် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား) မပေါ်ဘူးလား၊ (ပေါ်လာပါတယ်ဘုရား)အင်း.... ယင်- ဒီပေါ်လာတဲ့ဟာ ဘာသစ္စာဖြစ်မယ်၊ (သမုဒယသစ္စာ ဖြစ်ပါမယ်ဘုရား) အဲဒါကြောင့် သမုဒယ သစ္စာ ၃–နံပါတ်ကို တစ်ခါပြန်ပြတယ်၊(မှန်လှပါဘုရား)။

သူ့ကို မရှင်းမှာစိုးတဲ့အတွက် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါး ပြန်ပေါက်ပွားတယ်လို့ ရေးလိုက်တယ်၊ (မှန်လှပါဘုရား)တွေ့ကြတယ်မဟုတ်လား၊(တွေ့ပါတယ်ဘုရား)အင်း- ပစ္စုပ္ပန်ခန္ဓာထဲက ပစ္စုပ္ပန်မကောင်းတဲ့ သမုဒယသစ္စာ ဘယ် နှစ်ပါး ပေါက်ပွားလာပါသိမ့်၊ (ငါးပါး ပေါက်ပွားပါတယ်ဘုရား) အခုတွေ့ယ် ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ အိမ်မှာနေတဲ့အခါကျတော့ စဉ်းစားကြတာပေါ့၊ (မှန်ပါ) ဩော်–ငါသည်ကားလို့ဆိုရင် ခန္ဓာကြီး ခုရှ

http://www.dhammadownload.com



သစ္စာရယ်လို့ ငါရှိနေသလား-မရှိဘူးလား၊ (မှန်လှပါဘုရား) ဒုက္ခသစ္စာလဲ ငါသိနေတဲ့ အချိန်လား-မသိသေးဘူးလား-လို့ ကိုယ့်ကိုယ်ကို စဉ်းစား၊ (မှန်လှပါဘုရား)

ဒုက္ခသစ္စာ မသိတဲ့အချိန် သားတွေသမီးတွေ ဆွေတော်မျိုးတွေနဲ့ အချိန်ကုန်ပြီးသကာလနေကြတဲ့အခါ ဩော်–ငါ ပစ္စုပ္ပန် ယခု ရ,ထားတဲ့ခန္ဓာထဲက အဝိဇ္ဇာဆိုတဲ့တရားဖြင့် ပေါက်ပွားပေါ့၊ (မှန်လှပါဘုရား) အဝိဇ္ဇာဆိုတဲ့တရား (ပေါက်ပွားပါပြီဘုရား)။

ကိုယ့်ခန္ဓာကြီးကို ခလုတ်မထိ, ဆူးမငြိ ခင်ကြတဲ့ဥစ္စာ၊ ယခုခန္ဓာကြီးကို ဒုက္ခသစ္စာမှန်းမသိလို့ ခင်ပြီးနေမြန်လို့ရှိရင်လဲ ဒီ-ခင်လုံးသည် ပစ္စုပ္ပန်ဘဝထဲက ပေါက်ပွားလာတဲ့သမုဒယပဲ (မှန်ပါ့)အားထုတ်တာတွေ ဟူသရွေ့လဲ ထိုအတိုင်းပဲ၊ (မှန်လှပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဩော်– ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ.... သူတော်ကောင်းအလုပ်ဆိုတဲ့ဝိပဿနာအလုပ်ကို ဒကာကြွယ်က ခပ်အေးအေးနဲ့ ဖြေးဖြေးမှ လုပ်တော့မယ် ဆိုလို့ရှိရင် ပေါက်ပွားချင်သလောက် ပေါက်ပွားပါစေလို့ ပစ်ထားတာနဲ့ တယ်-တူတယ်၊ မတူဘူးလား၊ (တူပါတယ်ဘုရား) ပေါက်ပွားချင်သလောက် (ပေါက်ပွားပါစေလို့ ပစ်ထားတာနဲ့ တူပါတယ်ဘုရား)။

အဲ– ပေါက်ပွားချင်သလောက် ပေါက်ပွားပါစေလို့ ပစ်ထားတာနဲ့တူတော့ ဒကာ ဒကာမတို့ ငါးပါးဟာ ပေါ် လာမယ်၊(ပေါ်လာပါမယ်ဘုရား)အဝိဇ္ဇာ သင်္ခါရ တဏှာ

http://www.dhammadownload.com



ဥပါဒါန် ကမ္မဘဝတွေ ဒကာသစ်–မလာပေဘူလား၊ (လာပါတယ်ဘုရား)အင်း–ဘယ်ခန္ဓာထဲကပေါက်ပွားလာတာလဲ ပစ္စုပ္ပန်ခန္ဓာထဲက ပါဘုရား)။

အဲဒီတော့-ပစ္စုပ္ပန် ခန္ဓာထဲက ပေါက်ပွားပြီး သကာလ လာတဲ့အတွက်တဲ့ ဒကာဒကာမတို့ ဒါဟာပစ္စုပ္ပန်အကြောင်း ခြင်းရာငါးပါးနောက်ထပ်ပေါ်လာတယ်(မှန်ပါ)ဘာသစ္စာ ပေါ်လာသလဲ၊(သမုဒယသစ္စာပေါ်လာပါတယ်ဘုရား)သမုဒယသစ္စာ ပြန်ပေါ်တယ်၊(မှန်လှပါဘုရား၊)ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)ဘာသစ္စာတွေပြန်ပေါ်ပါလိမ့်၊(သမုဒယသစ္စာတွေ ပြန်ပေါ်ပါတယ်ဘုရား)။

သမုဒယသစ္စာ ပြန်ပေါ်တယ် ဒကာဒကာမတို့၊ နဂိုအနာမှမပျောက်သေးဘူး၊ (မှန်ပါဘုရား) နောက် အနာပေါက်ကြောင်းတွေ ထပ်ပြီးပေါ်လာတယ်၊ (မှန်ပါ) နဂိုဒုက္ခသစ္စာ အနာကြီး ပျောက်ပြီလား၊ (မပျောက်သေးပါဘုရား)။

အဲဒီ ဒုက္ခသစ္စာအနာကြီး မပျောက်ခင်က ဒီအနာထဲကမှ ဒကာဒကာမတို့ အနာဆိပ်တွေ ပြန်တက်ပြီးသကာလ အင်း–ဟင်– ကျောက်ပေါက်ပြီးမှ ကျောက်တက် ပြန်ပေါက်သလို ဖြစ်နေတယ်၊ (မှန်လှပါဘုရား)။

ကျောက်လဲ မပျောက်သေးဘူး၊ ကျောက်တက် တိုးလာတယ်ဆိုတဲ့အဓိပ္ပါယ်မျိုး ရောက်လာတယ်၊ (မှန်လှပါဘုရား) မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ယခု ပစ္စုပ္ပန်ထဲက သမုဒယသစ္စာငါးပါးပေါ်လာတယ်၊ ရှင်းပလား၊(ရှင်းပါပြီဘုရား)ပစ္စုပ္ပန်ခန္ဓာထဲက၊ (သမုဒယ သစ္စာငါးပါး ပေါ်လာပါတယ်ဘုရား)၊

ဖြေ— ဒါဖြင့် ဒီဥစ္စာကို နာမည်ပေးမယ် ဆိုလို့ရှိရင် ပစ္စုပ္ပန်အကြောင်းခြင်းရာငါးပါးလဲ ပေးနိုင်ပါတယ်၊ (မှန် ပါ့ဘုရား) အနာဂတ်အကြောင်း ငါးပါး ပေးလိုက်ရင်လဲ မလွဲပါဘူး၊(မလွဲပါဘုရား)အနာဂတ်အကြောင်း ငါးပါး လို့ ပေးလိုက်ရင်ကော(မလွဲပါဘုရား)ပေါ်တာတော့ပစ္စုပ္ပန် ကာလမှာပေါ်တာ အမှန်ပဲ၊ (မှန်ပါ့) သို့သော်-သူ ပစ္စုပ္ပန် ကာလမှာ အကျိုးမပေးဘူး၊ (မပေးသေးပါဘုရား)။

အနာဂတ်ကာလမှာ သွားပြီး အကျိုးပေးမယ် ဆိုသော ကြောင့် အချို့နေရာမှာ ဒကာဒကာမတွေက အနာဂတ် အကြောင်းလို့မှတ်လဲ မလွဲဘူးမှတ်လိုက်၊(မှန်ပါ့ဘုရား)ပေါ် တာထောက်ရင် ပစ္စုပ္ပန်ခန္ဓာကပေါ်တယ်၊ သူလုပ်ရမည့်ကိစ္စ ကြည့်လိုက်လို့ရှိရင်ဖြင့် အနာဂတ်မှာ လုပ်မယ်ဆိုတာ မှတ် ထားပါ၊ (မှန်ပါ့ဘုရား)သဘောကျပလား၊(ကျပါပြီ)အဲဒီ တော့ အနာဂတ်အကျိုးပေါ်မလာပေဘူးလား၊ သေသည်၏ အခြားမဲ့၌၊ (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ဒီ ၃-နိပါတ် မြားကလေးက မင်းတို့ပစ္စုပ္ပန် အကြောင်းခြင်းရာတွေ လုပ်လို့ရှိရင်ဖြင့် အနာဂတ်ဒုက္ခတွေနဲ့ ဆက်တော့မှာပဲဆိုတဲ့ဥစ္စာ မပြဘူးလား၊ (ပြပါတယ်ဘုရား) မြားကလေးက တာပြပါလိမ့်၊(ပစ္စုပ္ပန် အကြောင်းနဲ့ အနာ ဂတ် ဒုက္ခဆက်မယ်ဆိုတာ ပြပါတယ်ဘုရား)။

http://www.dhammadownload.com



အနာဂတ်ဒုက္ခသစ္စာနဲ့ဆက်စော့မှာပဲ ဆိုတဲ့ဥစ္စာ ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးကို ဒကာဒကာမတွေက ချုပ်အောင် သိမ်းအောင်ငြိမ်းအောင်မလုပ်နိုင်လို့ရှိရင်ဒကာကြွယ်နောက်ထပ် ခန္ဓာဒုက္ခသစ္စာပေါ်မယ်၊ (ပေါ်ပါမယ်ဘုရား) မပေါ်ပေဘူးလား၊ (ပေါ်ပါမယ်ဘုရား)။

နောက်ထပ် ခန္ဓာဒုက္ခသစ္စာ ပေါ်လို့ရှိရင် ဒီ ဒုက္ခသစ္စာထဲကလဲ အရင်လိုပဲ မွှားဦးမှာပဲ၊ (ပွားပါမယ်ဘုရား)ပွားလို့ရှိရင်ဖြင့် ဆက်လို့ လည်လို့ကို ပြီးနိုင်ကြပါ့မလား၊ (မပြီးနိုင်ပါဘုရား) ဒါဖြင့် တောက်လျှောက် လည်စော့မှာပဲ၊ (မှန်ပါ့) မလည်ပေဘူးလား၊ (လည်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ လည်ချင်သေးသလား...လို့မေးလို့ရှိရင်ဖြင့် ဘယ်သူမှ မလည်ချင်ဘူးဆိုတဲ့ဥစ္စာ တစ်ပြိုင်နက် အသံထွက်မယ်၊(မှန်လှပါဘုရား)လည်ချင်သေးသလားမေးရင်၊ (မလည်ချင်ပါဘုရား) မလည်ချင်လို့ ရှိရင်ဖြင့်-ဘဲဘယ့်နှယ် လုပ်ရမှာတုံး-လို့ မေးတဲ့အခါကျလို့ရှိရင် ဒကာဒကာမတို့ ၂-နဲ့ ၃-မကူးပါစေနဲ့၊ (မှန်လှပါဘုရား)။

ဘာတဲ့တုံး၊ (၂-နဲ့ ၃ မကူးပါစေနဲ့-တဲ့ဘုရား) ၂-နဲ့ ၃-မကူးပါစေနဲ့တဲ့ ဒကာဒကာမတို့၊ (မှန်လှပါဘုရား) တိုတိုရှင်းရှင်း ဘွင်းဘွင်းပြောရလို့ရှိရင်ဖြင့် ၂ ထဲက ၃-မပေါက်ပွားပါစေနဲ့၊ (မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (၂-ထဲက ၃-မပေါက်ပွားပါစေနဲ့ဘုရား)ဒီစကားဟာ တော်တော်အရေးကြီးတယ်၊ (မှန်လှပါဘုရား) ၂-ထဲက၊ (၃-မပေါက်ပွားစေနဲ့ ဘုရား) အဲ...

http://www.dhammadownload.com



၃-နံပါတ်ဖြစ်မည့်တရားတွေမပေါက်ပွားပါစေနဲ့(မှန်လှပါ)
၂-ထဲက(၃-နံပါတ်ဖြစ်မည့်တရားတွေမပေါက်ပွားပါစေနဲ့)

အဲဒီတော့ ၃-နံပါတ် ဖြစ်မည့်တရား ပေါက်ပွားလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်အကြောင်း၊ ၃-နံပါတ် ဖြစ်ရမည့် တရားတွေ မပေါက်ပွားလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း (မှန်လှပါဘုရား)။

ဒါလေးနှစ်လုံးကို သေသေချာချာ မှတ်ပါ၊ (မှန်လှပါ) ၃-ဖြစ်မည့်တရားတွေ မပေါက်ပွားရင်၊ (ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်းပါဘုရား) ဒါ-ခန္ဓာချုပ်ကြောင်း၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အင်း... ဟင်... ၃-ဖြစ်မည့်တရားတွေ ၂-ထဲကပေါက်ပွားလာပြန်လို့ရှိရင်ဖြင့် ၄-နံပါတ် ဒုက္ခသစ္စာ ဖြစ်ကြောင်း (မှန်လှပါဘုရား) သေချာကြပလား၊ (သေချာပါပြီဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ခုနက စကားနဲ့ ပြန်ပြီးသကာလ ညှိကြပါစို့၊ (မှန်လှပါဘုရား) နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ၊ (ရာဂ, ဒေါသ, မောဟ ချုပ်တာပါဘုရား)။

ရာဂ, ဒေါသ, မောဟ ကုန်တာကို ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) ဩော်-ရာဂ, ဒေါသ, မောဟ ကုန်တာဆိုတာ ၃-နံပါတ်မပေါ်တာဟော့၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ၂-ထဲက ၃-မပေါက်ပွားတာဟော့၊ (မှန်လှပါဘုရား)ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ၂-ထဲက ၃-မပေါက်ပွားတာပါဘုရား)။

http://www.dhammadownload.com



အဲ....၂-ထဲက ၃-မပေါက်ပွားတာသည် ရာဂ, ဒေါသ, မောဟကုန်တော့ကို ဒီဘက်မှာ သမုဒယသစ္စာတွေ သတ်ပြီး သားဖြစ်သွားတယ်၊ (မှန်ပါ)၄-နံပါတ် ဒုက္ခသစ္စာလာသေး ရဲ့လား၊ (မလာပါဘုရား)။

၃-နံပါတ် သမုဒယတွေလဲချုပ်၊ ၄-နံပါတ် ဒုက္ခတွေလဲ ချုပ်တော့ ဒုက္ခသမုဒယတို့၏ ချုပ်တာ ငြိမ်းတာ သိမ်းတာ နိဗ္ဗာန်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာတုံး မေးလို့ ရှိရင်ဖြင့် ၂-ထဲက ၃-မပေါက်ပွားရင် နိဗ္ဗာန်ပါပဲ၊ (မှန်လှ ပါဘုရား) ၂-ထဲက၊ (၃-မပေါက်ပွားရင်နိဗ္ဗာန်ပါပဲဘုရား) ဒကာကြွယ်-နိဗ္ဗာန်လို့ထင်ရှားသွားပြီ (မှန်ပါ-ထင်ရှားပါပြီ) မထင်ရှားသေးဘူးလား၊ (ထင်ရှားပါပြီဘုရား)။

အဲဒါကြောင့်-ပဋိစ္စသမုပ္ပါဒ် ဒေသနာ စက်ဝိုင်းကြီးကို ခင်ဗျားတို့နားလည်အောင်လဲ နေ့တိုင်းပြပြီးနေတော့ဩော် သံဝေဂရချင်လဲ သူကြည့်ဖို့ပဲ၊ (မှန်ပါ) သံသရာ ဖြတ်ချင် ရင်လဲ သူ့ဖြတ်ဖို့ပဲ၊ (မှန်ပါဘုရား)။

ဒီလိုဆိုတော့ ဒကာသစ် အင်မတန်ရှင်းနေတဲ့ အဓိပ္ပာယ် ပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား)မပေါ်ကြဘူးလား (ပေါ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာတုံး လို့ မေးရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ရှုပြီး ဖြေကြလို့ရှိရင် ၂-ထဲက ၃-မပေါက်ပွားတာ နိဗ္ဗာန်ပါပဲ၊ (မှန်လှပါဘုရား) ဖြေကြ စမ်းပါဦးနိဗ္ဗာန်ဆိုတာဘာတုံး(၂-ထဲက၃-မပေါက်ပွားတာ

http://www.dhammadownload.com



ပါ ဘုရား) ၂-ထဲက ၃-မပေါက်ပွားတာပဲ၊ (မှန်ပါ) ၂-တွင် ရပ်ပြီးလမ်းဆုံးသွားရမယ်၊ (မှန်လှပါဘုရား)၃-နံပါတ်ဆိုတဲ့ ဥစ္စာ မပေါ်ဖို့ အရေးကြီးတယ်၊ (မှန်ပါဘုရား)။

ဒကာ ဒကာမလို့...ဘာအရေးကြီးပါလိမ့် (၃-နံပါတ် မပေါ်ဖို့အရေးကြီးပါတယ်) ၃-နံပါတ်မပေါ်ဖို့ရာ ဒကာ သစ် သိပ်အရေးကြီးပါတယ်၊ (ကြီးပါတယ်) ဒကာကြွယ် နိဗ္ဗာန်ပေါ်သွားပြီဗျ၊ (ပေါ်သွားပါပြီဘုရား) ၂-ထဲက ၃-မပေါ်ရင်ဘာကျမယ်၊(နိဗ္ဗာန်ပါဘုရား)သဘောပါလား (ပါ,ပါပြီဘုရား) ၂-ထဲက ၃-ပေါက်ပွားရင်သမုဒယသစ္စာ၊ (မှန်ပါ-သမုဒယသစ္စာပါ) ၂-ထဲက၃-ပေါက်ပွားရင်၊ (သမု ဒယသစ္စာပါဘုရား)။

အင်း....ဟင်....ဒါဖြင့် ၃-သမုဒယဆိုရင် ၄-ဒုက္ခကဖြင့် မလွဲသာမရှောင်သာတွေ့ရမယ်၊ (တွေ့ရပါမယ်ဘုရား)၄-ဒုက္ခ ကဖြင့်၊ (မလွဲမရှောင်သာ တွေ့ရပါမယ်ဘုရား) မလွဲမရှောင် သာ တွေ့ရမယ်ဆိုတာ ဒကာ ဒကာမတွေ အတော်ရှင်းသွားပြီ (ရှင်းသွားပါပြီဘုရား)။

ဪ-ဒါဖြင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "နိဗ္ဗာ နဥ္စ ဘိက္ခဝေ ဒေသေဿာမိ နိဗ္ဗာနဂါမိဥ္စ ပဋိပဒံ၊ ကတမဥ္စ ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိဗ္ဗာနံ"လို့ ဟောတဲ့ဥစ္စာ မောင်ဘသော်တို့ ကျေနပ်သွားမလား၊ (ကျေနပ်ပါပြီဘုရား)။

အင်း....ဒီ ၃ နံပါတ် မလာရင် နိဗ္ဗာန်ပဲ၊ (မှန်လှပါ) ၃-မလာရင်၊ (နိဗ္ဗာန်ပါဘုရား) ရှင်းကြရဲ့လား (ရှင်းပါ တယ်ဘုရား) ဒကာကြွယ်....သေသေချာချာ ပေါ်ပလား၊

http://www.dhammadownload.com



(ပေါ်ပါပြီဘုရား) ၂-ထဲက ၃-မပေါက်ပွားရင်၊ (နိဗ္ဗာန်ပါဘုရား)။

ဩ-ဒကာဒကာမတို့ နိဗ္ဗာန်မရတာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ ၂ ထဲကၥ ပေါက်ပွားလို့၊ (မှန်လှပါ) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ၂ထဲက၊ (၃ ပေါက်ပွားလို့ပါဘုရား) ၂ ထဲက ၃ ပေါက်ပွားလို့တဲ့၊ (မှန်ပါ့ဘုရား)။

ဩ–ငါမှာ ကံမကောင်း အကြောင်းမသင့်လို့ နိဗ္ဗာန်မရတာလားလို့ဆိုတော့ ကိုယ့်ကိုယ်ရဲ့ အပြစ်တွေ ကိုယ်ပေါ်ပါပြီ၊ (မှန်လှပါ)ဒို့က ၂ ထဲက နေ့တိုင်း ၃ တွေ ပေါက်ပွားတာကိုး၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန် ဆုတောင်းနေပေမယ့် ၃ ပေါက်ပွားမရပါဘူး၊(မှန်လှပါဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ဘယ်လိုဆုတောင်း,ဆုတောင်း ၃ ပေါက်ပွားရင် ၄ သို့သာသွားရမယ်၊ (မှန်လှပါဘုရား) နိဗ္ဗာန်တော့ မရပါဘူး၊ (မရပါဘုရား) ၄ သွားရင်လဲ ဒုက္ခသစ္စာပဲရမယ်၊ (မှန်လှပါဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါ ၃ ပေါက်ပွားတာကသမုဒယသစ္စာ တည်ထောင်မိတယ်၊ (မှန်ပါ့) သူ့ကိုတည်ထောင်မိတော့ ၄ ကျတော့ မငြင်း,မဆန် ခံရတော့မယ်၊ (ခံရပါမယ်) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဩ–ဒါဖြင့် နိဗ္ဗာန်ရောက်ချင်လို့ရှိရင် နိဗ္ဗာန်ဆိုတာဘာတုံးလို့ မသိဘဲနေမှာစိုးလို့ ဘုရားက ရာဂက္ခယော (ပ) နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်လိုက်တော့မှ

http://www.dhammadownload.com



ဒကာ ဒကာမတို့ ၃ မပေါ်တာကိုပင် ဆိုတာပါကလား၊ (မှန်လှပါဘုရား) ဘာမပေါ်တာတုံး၊ (၃ မပေါ်တာဆိုတာ ပါဘုရား) အတော်ကလေးကိုသဘောပါသွားပြီ၊ (ပါ,ပါပြီ ဘုရား)။

ဒကာ ဒကာမတွေ ဒီဥစ္စာ ခင်ဗျားတို့ သူများကိုပြောမယ် ဆိုလဲ ပြောနိုင်ပါတယ်၊ (မှန်ပါ့ဘုရား) ကိုယ် ကိုယ်တိုင်လဲ သြော်–နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်, မရမည့်ပုဂ္ဂိုလ်ဆိုတာ ကိုယ့်ဟာ ကိုယ်သိတယ်၊ (မှန်ပါ့ဘုရား) ၂ ထဲကသွား၊ အခု ၂ ထဲမှာ နေကြရတော့ သေချာပါတယ်၊ (သေချာပါတယ်ဘုရား) သဘောကျပလား၊ (ကျပါတယ်ဘုရား) ၂ ထဲက ၃ မပေါက် ပွားရအောင် နေနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့ သြော်– ဒီဘဝဆုံး နိဗ္ဗာန်ပဲ၊ (မှန်လှပါဘုရား)။

၂ ထဲက ၃ မပေါက်ပွားရင် (နိဗ္ဗာန်ပါဘုရား) သြော်.... ငါသည် နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်ပဲ၊ (မှန်ပါ) ၂ ထဲက ၃ ပေါက် ပွားခဲ့သည်ရှိသော် ငါသည် ၄ ရောက်မည့်ပုဂ္ဂိုလ်၊ (မှန်လှ ပါဘုရား) ၄ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

ဘာဖြစ်လို့ ဒုက္ခသစ္စာဆိုရပါသတုံးလို့ဆိုတော့ ၃ ပေါက် ပွားတာက သမုဒယသစ္စာ ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား) ၃- ပေါက်ပွားတာက၊ (သမုဒယသစ္စာပါဘုရား)။

ကြည့်လေ–ပစ္စုပ္ပန်အကြောင်းတစ်လှာဆိုပြီးဒါ သမုဒယ သစ္စာ၊ (မှန်ပါ) ဒီသမုဒယသစ္စာ လုပ်လို့ရှိရင် ဒီဒုက္ခက တွေ့ရမယ်၊ ဘယ်နည်းနှင့်မှ မတတ်နိုင်ဘူး၊ (မတတ်နိုင်ပါ ဘုရား) ဘယ်နည်းနှင့်မှ မတတ်နိုင်ဘူးဆိုတာ ဒကာသစ်– သေချာပါပြီ၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် နိဗ္ဗာန်သိသွားပြီဒကာကြွယ်ရေ၊(မှန်လှပါဘုရား) နောက်က အားလုံး ဒကာဒကာမတွေ သိကြပလား၊(သိပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးမေးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောစမ်းပါ.... ဘယ့်နှယ်ပြောကြမယ်၊ (၂-ထဲက ၃-မပေါက်ပွားတာပါဘုရား) ၂-ထဲက ၃-မပေါက်ပွားလို့ရှိရင် နိဗ္ဗာန်ပဲ (မှန်လှပါဘုရား)။

ကြည့်ပါလား ဒီမှာ ရာဂ,ဒေါသ, မောဟတွေ ချုပ်တာဒါ ရာဂတွေပဲ၊ ဒေါသတွေပဲ၊ မောဟတွေပဲ၊ ဒါအဝိဇ္ဇာတွေ၊(မှန်ပါဘုရား) နာမည်သာပြောင်းတာ အတူပဲ၊ (မှန်ပါ) ၂-ထဲက ၃-မပေါက်ပွားရင် ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

ဩော်-နိဗ္ဗာန်ဆိုတာ ၂-ထဲက ၃-မပေါက်ပွားတာဆိုတာပဲ၊ (မှန်လှပါ) ၂-ပြီးရင် ၃-မလာတာ နိဗ္ဗာန်၊(မှန်လှပါ) ၂-ပြီးရင်၊ (၃-မလာတာ နိဗ္ဗာန်ပါဘုရား)။

ဩော်- ဒို့နိဗ္ဗာန်မရောက်တာ ဘာကြောင့်ပါလိမ့်မလဲလို့ ကိုယ့်ကိုယ်ကို စစ်ဆေးပြန်တော့လဲ ဒို့က ၂-ထဲကလဲနေပြန်၊၃-တွေကလဲ ဗလဗွေ ထနေပြန်,ကြွနေပြန်ဆိုတော့ ဩော်-ငါတို့အတွက်ကဖြင့် ဘယ်လိုဆုတောင်းလို့ ဘယ်လိုဆုပေး-ပေး၊ ဘယ်လိုပဲ ဘာလုပ်နေရလဲ မရပါဘူး၊ (မရပါဘုရား) ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ) မချထိုက်ဘူးလား၊ (ချထိုက်ပါတယ် ဘုရား)။

ကိုင်း...ဒါဖြင့် အားလုံး ဒကာဒကာမတွေ နိဗ္ဗာန်ဆိုတာ ရာဂ,ဒေါသ,မောဟကုန်တာကို ခေါ်တယ်ဆိုတာ သဘော

http://www.dhammadownload.com



ကျပလား၊ (ကျပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ် အလိုတော့ ဘာတဲ့၊ (၂–ထဲက ၃–မပေါက်ပွားတာပါဘုရား) ၂ထဲက ၃ မပေါက်ပွားဘူးဆိုတော့ ရာဂ, ဒေါသ, မောဟ ကုန်တာနဲ့ အတူတူပဲ၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီလို ပိုင်ပိုင်နိုင်နိုင်သိလာတော့မှ ဩော်...နိဗ္ဗာန်ဆိုတာသည် တခြားလားအောက်မေ့တယ်၊ ၂ ထဲက ၃ မပေါက်ပွားတော့ နောက် ၄ နံပါတ်ဒုက္ခမလာဘူး၊ (မှန်လှပါဘုရား)၊

အင်း–ဒါဖြင့် နိဗ္ဗာန်ဆိုတာ ၃-သမုဒယနဲ့ ၄-ဒုက္ခချုပ်တာပါလား၊(မှန်ပါဘုရား) ၂-သမုဒယနဲ့၊ (၄-ဒုက္ခချုပ်တာပါဘုရား) ၄-ဒုက္ခချုပ်တာပဲလို့ ပိုင်ပိုင်နိုင်နိုင် သိရတဲ့အဖြစ်ကလေးဟာ ဒကာကြွယ် သေပျော်ပြီနော်၊ (မှန်လှပါ)။

ကျုပ်တို့က နိဗ္ဗာန်မြို့ကြီး ပြကြီးတွေနဲ့ အမျိုးမျိုးအဖုံဖုံထင်ပြီးသကာလ နေငြားသော်လဲ မောင်ဘသော်–အတွေးသာဖြစ်တယ်၊ (မှန်လှပါ)။

စင်စစ်တော့ဖြင့် ၃–မပေါက်ပွားလို့ ၄–ဒုက္ခငြိမ်းတာဟာ နိဗ္ဗာန်ပါပဲ၊ (မှန်လှပါဘုရား) တိုတိုပြောတော့ ၃–မလာရင်လဲ နိဗ္ဗာန်ပဲ၊(မှန်လှပါ)၃–မလာကတည်းက ၄-ဘယ်လာတော့မလဲ၊ (မလာပါဘုရား) လာနိုင်သေးရဲ့လား၊ (မလာနိုင်ပါဘုရား)၊

အဲဒါကြောင့် နိဗ္ဗာန်ဆိုတာက "ကတမဉ္စ ဘိက္ခဝေ နိဗ္ဗာနံ၊ ယော ခေါ ဘိက္ခု ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော" ရာဂ, ဒေါသ, မောဟချုပ်တာ၊ ၃ မလာတာပဲဟေ့၊ (မှန်ပါဘုရား) ဒကာသစ် ကောင်းကောင်း ပေါ်သွားပြီ၊ (ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)

http://www.dhammadownload.com



ဟိုက မပြောတာ မှန်းဖြေရမှာပဲ သိတာက တော့ဖြင့်.... (ကိုယ်က သိပါတယ်ဘုရား) သိတာ ကိုယ့်ဟာကိုယ်သိဆယ်၊ (မှန်ပါ့)။

ဒါဖြင့် ကိုယ့်အသိသူများမေးရင်အပိုပေါ့၊ ((မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီ) အံ့မာလေး-ဒကာဒကာမတွေက တပည့်တော်အတွက် စဉ်းစားပေးစမ်းပါဘုရား၊ ဒီဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်လားသို့ သွားပြီးများ မေးမနေကြနဲ့၊ (မှန်လှပါဘုရား) မေးရင်လွဲပါလိမ့်မယ်၊ (မှန်လှပါဘုရား) ကိုယ့်ဟာကိုယ်မေးရင် ပေါ်ပါလိမ့်မယ်၊(မှန်ပါ့ဘုရား) သူ တစ်ပါးမေးရင် (လွဲပါလိမ့်မယ်ဘုရား) ကိုယ့်ဟာကိုယ်မေး လို့ရှိရင် (ပေါ်ပါလိမ့်မယ်)။

အဲ....ကိုယ့်ဟာကိုယ် မေးလို့ရှိရင် မသွားဘူးကွ.... ရင်လဲ ဖြေလိမ့်မယ်၊ (မှန်ပါ့) သွားမယ်ကွ-ရင်ကော (ဖြေပါမယ် ဘုရား) ဖြေမှာပဲဆိုတော့ ဒကာဒကာမတို့ ဒါ ဒိဋ္ဌမေမှာပဲ၊ (မှန်ပါ့) ကိုယ်တိုင်မြင်တဲ့တရား၊ (မှန်ပါ့)ရှင်းပသား၊(ရှင်း ပါပြီ) အဲဒီတော့ သန္ဒိဋ္ဌိကောဆိုတာ ဒါပဲ၊ (မှန်ပါ့)။

''သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗော''တဲ့၊သာမံ=ကိုယ်တိုင်၊ ပဿိတဗ္ဗော=သိပါတယ်ကွာ-တဲ့၊ နိဗ္ဗာန်သွားမယ်, မသွား ဘူး ဆိုတာ (မှန်ပါ့ဘုရား)။

ဒကာကြွယ်ကော ကိုယ့်အကြောင်း ကိုယ်သိပြီလား၊ (သိ ပါပြီဘုရား) နောက်က ဒကာဒကာမတွေ၊ (သိပါပြီဘုရား) တပည့်တော် ဓုက္ခချုပ်တဲ့နိဗ္ဗာန် ရောက်မှာလားလို့ အယ်သူ့ သွားမေးမလဲ (ကိုယ့်ဟာကိုယ် မေးရပါမယ်ဘုရား) အာတဲ့

http://www.dhammadownload.com



တုံး ဒကာ ဒကာမတို့၊ (ရာဂ, ဒေါသ, မောဟချုပ်တာ နိဗ္ဗာန်ပါဘုရား)။

အဲ-ရာဂ, ဒေါသ, မောဟ ချုပ်တာပဲ နိဗ္ဗာန်ဆိုတာ သိသွားတော့ ဩော်....ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်ထဲ ကြည့်လိုက်တော့ ၂-ထဲက ၃ မလာတာ ဆိုတာပါကလားဟေ့၊(မှန်လှပါဘုရား) ဘယ့်နှယ်တုံ့၊ (၂ ထဲက ၃ မလာတာကိုဆိုတာပါဘုရား) ၃-နံပါတ်ရှိတဲ့တရားတွေ မပေါ်လာတာ၊ ((မှန်ပါ့ဘုရား)။

အေး....ဒီလိုသိထားတော့မှ ဩော်-မိမိသည်ဒီဘဝနိဗ္ဗာန်ရမည့်ပုဂ္ဂိုလ်လား၊ မရသေးမည့်ပုဂ္ဂိုလ်လားဆိုတာကို ဘယ်ဆရာတော်ကြီး,ဘယ်လူပညာရှိမှသွားမေးမနေနဲ့(မှန်လှပါ) မေးရင် အပိုပဲ၊ခင်ဗျားတို့သွားတဲ့ခရီးစရိတ်ကုန်ရုံပဲ(မှန်ပါ့) ကိုယ့်ဟာကိုယ်သိ၊(မှန်ပါ့ဘုရား)ဘယ့်နှယ်ဆိုကြမလဲ၊(ကိုယ့်ဟာကိုယ် သိရပါမယ်ဘုရား)။

ဒကာသစ်....ကိုယ့်ဟာကိုယ် သိတယ်ဆိုတာ ယုံပြီလား၊ (ယုံပါပြီဘုရား) အခု ဒကာဒကာမတွေ နံပါတ် ဘယ်အထဲမှာ ဖြစ်နေကြသတုံး၊(၂-ထဲမှာ ဖြစ်နေပါတယ်ဘုရား) ၂-ထဲမှာ နေတုန်းပဲ၊ ၃ တွေက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာတွေ၊ ခန္ဓာခင်တဲ့ တဏှာတွေ၊ မဂ်ဉာဏ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ခုနကပြောတဲ့ ရာဂ,ဒေါသ,မောဟတွေ လာမှာပဲ၊ (မှန်ပါ့) မလာပေဘူးလား၊ (လာပါမယ်ဘုရား)။

အဲဒီတော့ တပည့်တော်ဘုရား ဒီဘဝနိဗ္ဗာန်များ ရပါ့မလားလို့ ဆရာတော်ကြီးတွေ သွားမေး၊ (မှန်ပါ့) ဟိုက မှန်းသာဖြေလိမ့်မယ်၊ (မှန်ပါ့) သိတာကတော့ ကိုယ်က သိတယ်၊ (မှန်လှပါဘုရား)။ ၃

http://www.dhammadownload.com



အင်း....ကိုယ့်ဟာကိုယ်မေး ကိုယ့်ဟာကိုယ်မေး၊ ရှုပ်မနေကြနဲ့၊ (မှန်ပါဘုရား) သဘောပါကြပလား၊ (ပါ့ ပါပြီဘုရား) အင်း....ဟင်.... ဘယ်သူ့ကို မေးကြမယ်၊ (ကိုယ့်ဟာကိုယ် မေးပါမယ်ဘုရား)။

တပည့်တော်များကတော့ ဘုရား–စာကလဲမတတ် အဲဒီတော့ တပည့်တော်တို့ ဒီဘဝ နိဗ္ဗာန်ရောက်နိုင်တဲ့ အခြေအနေ ရှိ-မရှိ ပြောကြစမ်းပါလို့ သွားပြီးများလုပ်မနေနဲ့၊ (မှန်ပါ) မလုပ်နဲ့ဒကာကြွယ်ရေ၊ (မှန်လှပါ) ယိုက မှန်းသာပြောတာ အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တောင်မှ ဒီဟာသိဖို့ မဖြစ်နိုင်ဘူး၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုယ့်ဟာကိုယ်ကတော့ ယနေ့ပဋ္ဌိစ္စသမုပ္ပါဒ် ၂-နဲ့ ၃-ကူးမိတယ်၊(မှန်လှပါ) အင်း....ကူးမိရင် မရသေးပါဘူး၊ (မှန်လှပါ) ၂-ကနေ ၃-ကူးမိသကိုး၊ (မှန်လှပါ) မရသေးပါဘူး၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဟာ....တပည့်တော် ယနေ့တော့ဖြင့်မကူးပါဘူးကိုယ်လုပ်နေတဲ့အလုပ်ဟာ မကူးတာချည်းပဲဆိုရင်ဖြင့် ဘယ်သူ့မှမေးမနေနဲ့ ဒကာ ဒကာမတွေ ရမှာသေချာတယ်၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒကာကြွယ် ဒီစကားဟာ အင်မတန် အဖိုးတန်တဲ့ စကားနော်၊ (မှန်ပါဘုရား) သူတစ်ပါးကိုမေးမှ သိမှာသိရမှာလား၊ ကိုယ်တိုင်သိရမှာလား၊ (ကိုယ်တိုင်သိရမှာပါ ဘုရား)။

ကိုယ်တိုင် သိရမှာဆိုတဲ့ဥစ္စာ ခင်ဗျားတို့က အရေးကြုံလို့ရှိရင် ဘယ်ဆရာတော်ကြီး၊ ဘယ်လူ့ပညာရှိ၊ ဘယ်စာအုပ်ကိုမှ မေးကိုမမေးနဲ့၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



မေးချင်လို့ရှိရင်လဲစာအုပ်ကလဲ သူတစ်ပါးရေးထားတာ နောက်တစ်ခါ မပြင်နိုင်ဘူး၊ (မှန်လှပါဘုရား) ပြီးတော့လဲ ဘာမှ မပြောတတ်ဘူး၊ (မှန်လှပါဘုရား)။

ဒီတစ်ခါရေးထားတာ မှန်ရင်မှန်-မမှန်ရင်နောက်တစ်ခါ မပြင်တတ်ဘူး၊ (မှန်ပါ့ဘုရား) ဒကာသစ် ပြင်နိုင်ပါ့မလား၊ (မပြင်နိုင်ပါဘုရား) မပြင်နိုင်ရင် သူရေးထားတဲ့ အတိုင်း ဖြစ်ရမှာပဲ၊ (မှန်လှပါဘုရား)။

နောက်တစ်ခါ သူ့ သန္တာန်ပြတ်နေတာကို စာအုပ်က သိပါ့ မလား၊ (မသိပါဘုရား)။

အဲ...မသိတော့ စာအုပ်သွားကြည့်တော့လဲ အမှန်မတွေ့၊ (မတွေ့ပါဘုရား) လူပညာရှိကြီးတွေသွားမေးလို့လဲ၊ (အမှန် မတွေ့ရပါ ဘုရား) လူပညာရှိကြီးတွေ သွားမေးတော့လဲ (အမှန်မတွေ့ရပါဘုရား)။

အမှန်တွေ့ရမှာက ဒီ ပဋိစ္စသမုပ္ပါဒ် ကိုယ်–ကိုယ်တိုင် နား လည်ပြီး သကာလ အင်း....ဟင်.... ၂-နံပါတ် ဒုက္ခသစ္စာထဲက ၃-နံပါတ် သမုဒယသစ္စာတွေများ ပေါက်ပွားလေရော့ သလား၊ မပေါက်ပွားဘူးလား...ဒါပဲ အကဲခတ်၊ (မှန်လှ ပါဘုရား)။

အကဲခတ်တော့ မပေါက်ပွားဘူးဆိုရင် ရမယ်၊ (မှန်ပါ့) ပေါက်ပွားလို့ရှိရင်ဖြင့်၊ (မရပါဘုရား) မရသေးဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား)။

ကဲ...ဒကာကြွယ် ဘယ်သူ့ သွားမေးမလဲ၊ (ကိုယ့်ကိုယ်ကို မေးရပါမယ်ဘုရား)ဘုရားဆီသွားမေးရင် ဘုရားသခင်ကိုယ် တော်မြတ်ကြီးက သိတော့သိပါရဲ့၊ သိပင် သိငြားသော်လဲ

http://www.dhammadownload.com



ဘုန်းကြီးပြောတဲ့အတိုင်းပဲအဖြေပေးမှာပဲ၊(မှန်လှပါဘုရား) တခြားအဖြေပေးစရာ ရှိသေးသလား၊ (မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် အခု ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပုံစံ ၂-ခု ပြလိုက်ပါတယ်၊ (မှန်ပါ) ဘယ်လို ပြလိုက်သတုံးဆို တော့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း ငါဟောမယ်၊ (မှန်လှ ပါ) ဒီနေ့တရားစ,ကတည်းက၊(မှန်ပါဘုရား)ဘာဟောမယ် တဲ့၊ (နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း ဟောပါမယ်ဘုရား)။

နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း ငါဟောမယ်လို့ ပြော လိုက်တယ်၊ (မှန်ပါဘုရား)နိဗ္ဗာန်ဆိုတာ ဟော-ရာဂ,ဒေါသ, မောဟ ချုပ်ငြိမ်းတာက ဘာတဲ့၊ (နိဗ္ဗာန်ပါဘုရား) အမြင် ပြောစမ်းပါ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြောလိုက်၊ (၂-ထဲက ၃-ပေါက်သွားတာပါဘုရား)။

အေး-၂-ထဲက ၃-တရားတွေမပေါက်သွားရင် ဒါနိဗ္ဗာန် ပဲ၊ (မှန်ပါဘုရား) ဟုတ်မှ ဟုတ်ကဲ့လားဆိုတော့ ၃-မရှိရင် ၄-မဖြစ်ဘူး၊(မဖြစ်ပါဘုရား)သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီဘက်ကရာဂ,ဒေါသ,မောဟချုပ်တာလဲ နိဗ္ဗာန် ပဲ၊ (နိဗ္ဗာန်ပါဘုရား)ဒီဘက်ကခန္ဓာသိမ်းတာကော၊ (နိဗ္ဗာန် ပါဘုရား) အဲဒီဥစ္စာ တဏှာသိမ်း နိဗ္ဗာန်၊ ခန္ဓာသိမ်း နိဗ္ဗာန် ပေါ်လာတယ်၊မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)။

ရာဂ,ဒေါသ,မောဟ သိမ်းရင်လဲ (နိဗ္ဗာန်ပါပဲဘုရား) ခန္ဓာသိမ်းရင်လဲ၊ (နိဗ္ဗာန်ပါပဲဘုရား) ဒါ-ဘယ်သူက ပြော

http://www.dhammadownload.com



နေသတုံး ခင်ဗျားတို့ကို၊ (ပဋိစ္စသမုပ္ပါဒ်ကပါဘုရား)အေး– ပဋိစ္စသမုပ္ပါဒ်ကပြောနေတယ်၊ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ယခုဘုန်းကြီးများ၊ ဒကာကြီး များက ဒကာ ဒကာမတွေ ကျေးဇူးများစေချင်လို့ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချပြီး သိကြပါစေဆိုပြီး ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း တွေကို ဒကာသစ်–လှူထားတာ၊ ((မှန်ပါ့ဘုရား)။

သူများဆုံးဖြတ်ချက်ချရင် မှားသည်-မှန်သည် ရှိမှာစိုးလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ဆုံးဖြတ်ချက် ချပြီးသကာလ ကိုယ့် ဟာကိုယ် နိဗ္ဗာန်မရောက်သေးရင် ရောက်အောင် လုပ်ဖို့ကို သူကပဲပြတယ်၊ (မှန်လှပါဘုရား)သဘောကျပလား၊(ကျပါ ပြီဘုရား)။

နိဗ္ဗာန် မရသေးလို့ရှိရင်လဲ ပဋိစ္စသမုပ္ပါဒ်က မရသေးဘူး ပြောတာပဲ၊ (မှန်လှပါဘုရား) ရမယ်ဆိုရင်ကော၊ (ရမယ် ပြောပါတယ်ဘုရား) ၂ က ၃ မကူးရင်ရမယ်၊ (မှန်ပါ့ဘုရား) ၃ ကူးရင်၊ (မရပါဘုရား)။

မရသေးဘူးဆိုတာ အားလုံး ဒကာ ဒကာမတွေ ကဲ–ပဋိစ္စ သမုပ္ပါဒ်ဝေတဲ့ ဒကာ ဒကာမတွေ လှူဒါန်းတဲ့ ဒကာ ဒကာမ တွေက ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချဖို့ရာ ပေးထားတဲ့ စက်ဝိုင်းတွေပါပဲ၊ (မှန်လှပါဘုရား) ဘာပေးထားတာလဲ၊ (ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ဖို့ ပေးထားပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချဖို့၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဘယ်လိုဆုံးဖြတ်ချက် ချမှာပါလိမ့်၊ (ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချရမှာပါဘုရား)။

ကဲ-ချကြစမ်းပါ ခင်ဗျားတို့ နိဗ္ဗာန်မရသေးတာက ဘယ်ဟာတုံး၊ (ပဋိစ္စသမုပ္ပါဒ် ၂-က ၃-ကူးလို့ပါဘုရား) ၂-ထဲက ၃-ပေါက်ပွားလို့ရှိရင်၊ (နိဗ္ဗာန်မရပါဘုရား)မရဘူး-မရဘူး၊ ၂-ထဲက ၃ မလာတော့ဘူး၊ (နိဗ္ဗာန်ရပါမယ်ဘုရား) နိဗ္ဗာန်ရမယ် ဒကာကြွယ်၊ (မှန်လှပါဘုရား)၊

အဲဒါ ဒကာကြွယ် ဆရာတော်, သမားတော် မေးချင်သေးသလား၊(မမေးချင်ပါဘုရား)မေးရင် မှန်းဖြေမှာပေါ့ (မှန်ပါ့ဘုရား) ကိုယ့်ဟာကိုယ်မှ သိရတဲ့ဥစ္စာပဲ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီတော့ ကိုယ့်အိမ်သားချင်း ပြောချင်လဲပဲ ခင်ဗျားတို့ သိပြီ၊ (သိပါပြီ) ကျုပ်ကပဲ နိဗ္ဗာန် အရင်ရောက်မယ် ထင်သလား၊ဟာ-ရှင်က နိဗ္ဗာန်အရင်ရောက်မယ်၊ကျုပ်က နိဗ္ဗာန်အရင်ရောက်မယ် ငြင်းမနေနဲ့၊(မှန်လှပါ) ငြင်းနေရင်လဲ အပိုပဲ (မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက် ချမလဲ၊ (ငြင်းမနေကြနဲ့) ဒီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ကိုယ့်ဟာကိုယ် ကြည့်လိုက်တာပေါ့၊ (မှန်လှပါဘုရား)။

မိမိ ရ,ထားတဲ့ ခန္ဓာက ၂ နံပါတ်၊(မှန်ပါ့) ဒီ ၂ နံပါတ် ဆိုတဲ့ ယခု ရ,ထားတဲ့ ခန္ဓာကြီးထဲ ၃ နံပါတ်ဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကမ္မဘဝတွေ ဒကာသစ် လာ,မလာ အကဲခတ်ပါ၊ (မလာပါဘုရား) မလာလို့ရှိရင်ဖြင့် ယောကျ်ားက

http://www.dhammadownload.com



မလာရင် ယောကျ်ားက နိဗ္ဗာန်ရမှာပဲ၊ (မှန်ပါ) မိန်းမက မလာလို့ရှိရင်လဲ၊ (မိန်းမက နိဗ္ဗာန်ရပါမယ်ဘုရား) ဒကာကြွယ်-ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ဇွတ်ငြင်းပြီးသကာလ တစ်ယောက် တစ်ယောက် စကားများနေစရာ မလိုပါဘူး၊ လိုသေးသလား၊ (မလိုပါဘုရား)။

အဲဒီတော့ကို....တဲ့၊ ဒကာ ဒကာမတို့ ၂ ထဲက ၃ မလာဖို့ အရေးဟာ ဘာတုံး....လို့ မေးတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ကတမော စ ဘိက္ခဝေ နိဗ္ဗာနဂါမိနီ မဂ္ဂေါ" ဆိုတော့ သမ္မာဒိဋ္ဌိက္ခ....တဲ့၊ (မှန်ပါဘုရား) ဒါပဲ ဟောလိုက်တယ်၊ (မှန်ပါ)။

နိဗ္ဗာန်ရောက်ကြောင်းက ဘာတဲ့၊ (သမ္မာဒိဋ္ဌိပါဘုရား) နိဗ္ဗာန်ဆိုတာက ရာဂ, ဒေါသ, မောဟချုပ်တာကို နိဗ္ဗာန်ကိုး.... နိဗ္ဗာန်ရောက်ကြောင်းက၊ (သမ္မာဒိဋ္ဌိပါဘုရား)။

အဲ- သမ္မာဒိဋ္ဌိက မောဒီ့ကြားကို သွင်းနိုင်မှ ဒီအစပ်ကလေးကို ဖြတ်နိုင်မှာ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ) ၂နဲ့ ၃ နဲ့ အစပ်ကလေးကို၊ (ဖြတ်နိုင်မှပါဘုရား)။

အဲဒီနေရာမှာ ဘာဝင်ရမှာပါလိမ့်၊ (သမ္မာဒိဋ္ဌိ ဝင်ရမှာပါဘုရား) အဲ-သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင် ဝင်ရမယ်၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား) အဲဒီနေရာ သမ္မာဒိဋ္ဌိမဂ္ဂင်ဝင်တော့ မောင်ဘသော်- ၃ ကူးသေးရဲ့လား၊ (မကူးပါဘုရား) မကူးရင် ၄ ဖြစ်စရာ၊ (မရှိတော့ပါဘုရား) မရှိဘူးဆိုတာ ဒကာကြွယ်-သိပ်သေချာတယ်၊ (သေချာပါတယ်ဘုရား) မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



နောက်က ဇကာ ဒကာမတွေ ပါဟာ ဒီအဆက်ကလေးကို ဖြတ်နိုင်, မဖြတ်နိုင် ဒါပဲအကဲခတ်၊ (မှန်လှပါဘုရား) အဆက် ဖြတ်နိုင်တဲ့ပုဂ္ဂိုလ်ဟာ ဒြေ်-ငါ နိဗ္ဗာန်ရမယ်၊ (မှန်ပါ ဘုရား) အဆက်မဖြတ်နိုင်သေးတဲ့ ပုဂ္ဂိုလ်ဟာ ဆက်ဦးမှာပဲ လို့ အောက်မေ့ရမယ်၊ (မှန်လှပါဘုရား) အဆက်မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်(ဆက်ဦးမှာပဲ အောက်မေ့ရမယ်) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

အဲဒါခင်ဗျားတို့က တချို့မှာ ဘုန်းကြီးတွေ တွေ့လို့ရှိ ရင် အရှင်ဘုရားများကတော့ နိဗ္ဗာန် သေချာနေပြီ၊(မှန်ပါ) ရမ်းပြီး ချီးမွမ်းနေကြတယ်၊ (မှန်ပါ)မယ်သီလရှင်တွေ စိတ် ပြန်လို့ရှိရင်လဲ ထို့အတူပဲ၊ အင်း-သူတို့ကတော့ဖြင့် နိဗ္ဗာန် ကို သွားကြပြီ-တဲ့၊ (မှန်ပါဘုရား) အင်း.... ရမ်းပြောပြန်ပြီ၊ (မှန်ပါဘုရား)။

တချို့ သက်ကြီးအို,မတွေ ကျောင်းကန်ဘုရားနဲ့ နေကြ၊ ထိုင်ကြတဲ့အခါကျလို့ရှိရင် ဒီအဖိုးကြီး အဖွားကြီးတွေက တော့ အသိတရား ရတာနဲ့ နိဗ္ဗာန်တစ်လမ်းတည်းကိုး၊ (မှန် လှပါဘုရား) ရမ်းများပြောနေလိုက်ကြတာ၊ (ပြောပါတယ် ဘုရား) ပြောသာပြောတယ်၊ တစ်လုံးမှမမှန်ဘူး၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

အင်း-သားတွေ့,မြေးတွေပေါ်လို့ ဆွမ်းတော်အုပ်ထမ်းလို့ မနက်တိုင်းသွားပြီး သူတို့ဖြင့် နိဗ္ဗာန်သေချာပြီ၊ (မှန်လှပါ ဘုရား)။

http://www.dhammadownload.com



ဘယ့်နှယ်- ဘာတွေပြောနေကြတုံးဆိုတဲ့ဥစ္စာ ခင်ဗျားတို့ အကဲခတ်ဖို့ သိပ်ကောင်းတယ်၊ (မှန်လှပါဘုရား) အဝတ် အစားနဲ့ ဘာမှမဆိုင်ဘူး၊(မှန်ပါ့)ဆွမ်းတော်အုပ်ထမ်းတာနဲ့ လဲ၊ (မဆိုင်ပါဘုရား) မဆိုင်သေးဘူး ဒကာ ဒကာမတွေ နော်၊ (မှန်ပါ့)။

သူ့ဝမ်းထဲမှာ ၂-ခန္ဓာ၊ ဒုက္ခသစ္စာထဲက ဒကာ ဒကာမတို့ သည် ၃-နံပါတ်တွေ ပေါ်နေလို့ရှိရင် ဘာသွားလို့ ဘာလုပ် နေနေ ဘာမှ ချီးကို မချီးမွမ်းပါနဲ့၊ (မှန်လှပါ) ဘာမှမဖြစ် သေးဘူးသာမှတ်၊(မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား) ဘာမှမဖြစ်သေးဘူး၊ (မှန်လှပါ) ကိုယ်ကိုယ်တိုင်လဲ သိပြီလေ-ဘာမှမဖြစ်သေးဘူးဆိုတာ၊ (သိပါပြီဘုရား)။

သူများကြည့်လိုက်ပြန်လို့ရှိရင် ဘာမှမဖြစ်သေးဘူးဆိုတာ အကဲခတ်နိုင်တာပေါ့၊(မှန်ပါ့ဘုရား) အခုတော့ ခင်ဗျားတို့ ဟာက ရမ်းပြီးသကာလ အင်း-သူတို့တော့သေချာပြီ၊ ဒို့ တော့ ဝေးပါသေးတယ်၊ (မှန်လှပါဘုရား) အလကား ပြောနေကြတာ၊ (မှန်ပါ့ဘုရား) မပြောကြဘူးလား၊(ပြော ကြပါတယ်ဘုရား)။

အဲဒီစကားတွေ ယခုအခါ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ရှင်းရှင်းလင်းလင်း တည်ထောင်ပြီးသကာလ ပြလိုက်သဖြင့် ဒီအပြောတွေ အကုန်ဖြုတ်၊ (ဖြုတ်ပါတယ်ဘုရား)။

ဒါ တွေးလုံးတွေ၊ (မှန်ပါ့) သိလုံးဟုတ်ပါရဲ့လား၊ (မဟုတ်ပါဘုရား) တွေးလုံးတွေပြောနေတာ ဘာမှမဟုတ် သေးဘူး၊ (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဒကာကြွယ်– ကိုယ့်လိုယ်ကို ဆုံးဖြတ်ချက် ချပါ၊ ၂-နဲ့၃–အဆက်ဖြတ်နိုင် မဖြတ်နိုင်၊ (မှန်ပါဘုရား) ဖြတ်နိုင်ရင် မဂ်ပေါ်ပြီအောက်မေ့၊ (မှန်လှပါဘုရား) ဖြတ်နိုင်ရင် (မဂ်ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် မဂ်ပေါ်အောင် လုပ်ကြပါစို့–တဲ့၊ ဒကာ ဒကာမတို့နေ၁်၊ (မှန်လှပါဘုရား) မဂ်ပေါ်အောင် လုပ်မယ် ဆိုတော့ ၂-ခန္ဓာတွေကို ဒကာဒကာမ ဝိပဿနာရှုရမယ်၊ (မှန်လှပါဘုရား) ၂-ထဲပါတဲ့ ခန္ဓာတွေကို (ဝိပဿနာရှုရပါမယ်ဘုရား)ဘာသစ္စာတွေတုံး၊ (ဒုက္ခသစ္စာတွေပါဘုရား)။

အဲဒီဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မြင်အောင်ကြည့်၊ (မှန်လှပါဘုရား) ဒုက္ခသစ္စာကို (ဒုက္ခသစ္စာလို့ မြင်အောင် ကြည့်ရပါမယ်ဘုရား)။

ဒါဖြင့် ဝေဒနာ၏ ဖြစ်–ပျက် ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)သိတာက ဘာပါလိမ့်၊ (မဂ္ဂသစ္စာပါဘုရား)။

အေး–ဒီနေရာမှာ သူဖြတ်တယ်၊ (မှန်လှပါဘုရား)ဒီ အနီကလေး ဖြတ်ပစ်တယ်၊ (မှန်လှပါဘုရား) မဂ္ဂသစ္စာ ဒီနေရာ ပေါ်တယ်၊ (မှန်ပါဘုရား) မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား) ပေါ်တော့ ၃ နံပါတ် လာသေးရဲ့လား၊ (မလာပါဘုရား) ၃-သမုဒယမလာတော့ ၄-ဒုက္ခ ငြိမ်းတယ်၊ (ငြိမ်းပါတယ်ဘုရား) မလာဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတာ ဒီမဂ်ဟာ သံသရာဖြတ်တယ်ဆိုတာ ဟိုနဲ့ဒီ မကူးပါ

http://www.dhammadownload.com



ဘူးပြောတာ၊ (မှန်လှပါဘုရား) ဒီအစပ်ကလေးပေါ့ဗျာ၊ မကူးပါဘူးလို့ သူက သက်သေမခံဘူးလား၊ (ခံပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်နေတဲ့အလုပ်ဟာ အင်း-ညလဲလုပ်ကြတယ်၊ နေ့လဲ အားလပ်ခွင့်ရှိ လုပ်တာပဲ၊ သွားရင်း လာရင်းလဲ သတိထားပါလို့ ဘုရားရှေလဲရှိမိပါတယ်ဆိုတော့ ဒါ-ကိုယ့်အားကိုယ် ဆုံးဖြတ်ချက်ချလိုက်တာပေါ့(မှန်ပါ့ဘုရား) ဩော်-ငါသည် ၃-မကူးဘူး၊(မှန်လှပါဘုရား)ငါဟာနိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်၊ (မှန်လှပါဘုရား)။

နို- ဘာဖြစ်လို့တုံး- နိဗ္ဗာန်ရောက်ကြောင်း မဂ်က ဒီမှာဖြတ်ထားပြီ၊(မှန်လှပါဘုရား) ဖြစ်-ပျက်ရှုတဲ့ မဂ်က ဒီနေရာပေါ်ပါတယ်၊ မပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ဒကာဒကာမတို့ ၃-နဲ့ ဆက်သေးရဲ့လား၊ (မဆက်ပါဘုရား) မဆက်တော့ရင် ဘယ်သူ့မှ မေးမနေနဲ့၊ (မှန်ပါ့) ဘယ်သူ့မှ မေးမနေနဲ့၊ဒီမဂ်အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းသူ့မှာကိုယ်ပိုင်ရှိပြီ၊ (မှန်လှပါဘုရား) နိဗ္ဗာန်ရောက်ကြောင်း သမ္မာဒိဋ္ဌိရှိပြီ၊ (မှန်ပါ့)။

သမ္မာက - အမှန်အကန်၊ ဒိဋ္ဌိက =မြင်တာဆိုတော့ အမှန်အကန် ဒုက္ခသစ္စာ သူမြင်တယ်၊ ဒါ ဒုက္ခသစ္စာပဲဟေ့ဆိုတာ မသိဘူးလား၊ (သိပါတယ်ဘုရား)။

အဲဒါသမ္မာဒိဋ္ဌိကဘယ်ကနေမြင်သတုံးဆိုတော့ကြားဖြတ်ပြီးသကာလမြင်တယ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ) မြားဖြတ်ပြီးသကာလ မြင်လိုက်တော့ကို မဂ္ဂေါဆိုတာ ဘာတုံး၊ကိလေသေဆိန္ဒန္တော (မှန်လှပါဘုရား)ဆိုတော့ ၃

http://www.dhammadownload.com



မဆက်အောင် ဖြတ်နိုင်တာ မဂ်ပဲ၊ (မှန်ပါဘုရား) ၃-မဆက်အောင် ဖြတ်နိုင်တာ၊ (မဂ်ပါဘုရား)။

ဒကာကြွယ်... သိပ် အဖိုးမတန်ဘူးလား၊ (တန်ပါတယ်ဘုရား(သူများပြောလား၊ခင်ဗျားတို့ကိုယ်တွေ့လား၊(ကိုယ်တွေ့ပါဘုရား)။

အဲဒါ ခင်ဗျားတို့ ကိုယ်ထဲမှာ ဒီလိုရှိလို့ ဒါ ခင်ဗျားတို့ ကိုယ်ထဲ မဂ်ပေါ်တာလဲ ဒီနေရာမှာ ပေါ်တယ်လို့သိတယ်၊ (မှန်ပါ့)ဒါခင်ဗျားတို့ကိုယ်တိုင်သိတယ်၊(သိပါတယ်ဘုရား) ရှင်းပလား၊(ရှင်းပါပြီ) ၂-နံပါတ်တစ်ခုလုံးဟာ ခင်ဗျားတို့ ခန္ဓာကိုယ်လို့သိပါ၊ (သိပါတယ်ဘုရား) အားထုတ်တာသည် ကားလို့ဆိုရင် ခင်ဗျားတို့ ကိုယ်ထဲမှာ ခင်ဗျားတို့ ဉာဏ်နဲ့ ခင်ဗျားတို့၏ နောက်ခန္ဓာ ဖြတ်နေတယ်၊(မှန်ပါ့ဘုရား)။

နောက်ခန္ဓာဖြစ်ကြောင်း(ဖြတ်နေပါတယ်ဘုရား)နောက်ခန္ဓာဖြစ်ကြောင်းဖြတ်လိုက်သဖြင့် နောက်ခန္ဓာဖြစ်ကျိုးကော လာသေးရဲ့လား၊ (မလာပါဘုရား)။

အဲဒီတော့ဒကာကြွယ်–တပည့်တော်ဒီဘဝနိဗ္ဗာန်ဘယ့်နှယ်နေသတုံးဘုရား၊ဟာ-ဒကာကြွယ်ဘယ့်နှယ်နေသတုံးဆိုတာက ဘုန်းကြီးများက အတွေးပဲ၊(မှန်ပါ့ဘုရား)မဟုတ်ဘူးလား၊(မှန်ပါ့ဘုရား)အင်း-ဟင် အရှိကခင်ဗျားတို့ဆီမှာ (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားဟာခင်ဗျား ဆုံးဖြတ်ချက်ချ၊ကျုပ်က ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးတော့ ဖြတ်ပုံဖြတ်နည်း နားလည်အောင် ပြောပေးမယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ဘုန်းကြီးက ဘာပြောပေးမှာတုံး၊ ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြီး ဖြတ်ပုံ ဖြတ်နည်း နားလည်အောင် ပြောပေးပါမယ်၊ ပဋိစ္စသမုပ္ပါဒ်အဝိုင်းကြီးထဲမှာ ဆက်ပုံတွေ,ဖြတ်ပုံတွေသာ ပြပေးမှာပဲ၊ (မှန်ပါ)ပြပေးလိုက်တဲ့အခါကျတော့ ဒကာကြွယ်ကနေပြီး ၂၂-ထဲကဘာတွေကို ဖြစ်ပျက် ရှုနိုင်လို့ရှိရင်ဖြင့် ၃-နဲ့ မဆက်မိတော့ဘူး(မှန်ပါဘုရား)ဆက်မိသေးရဲ့လား (မဆက်မိပါဘုရား)။

မဆက်မိရင် ဒကာကြွယ်-အိပ်သာနေတော့စိတ်ချတော့၊ ခင်ဗျားဆက်မှမဆက်ပဲ၊ ခင်ဗျားမှာ သမုဒယသစ္စာချုပ်ပြီ၊ (မှန်လှပါ)ဒုက္ခသစ္စာဆိုတာမလာတော့ဘူး၊ ဒုက္ခငြိမ်းနိဗ္ဗာန်ပဲ၊ သမုဒယသိမ်းရင် နိဗ္ဗာန်ပဲ၊ (မှန်လှပါဘုရား)။

ဒါ သူများကပြောရမှာလား ဒကာသစ်ရဲ့ ကိုယ့်ဟာကိုယ်သိတာလား၊ (ကိုယ့်ဟာကိုယ် သိတာပါဘုရား)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ နေ့ကောင်းလား၊ နေ့မကောင်းဘူးလား ဆိုတာလဲ ခင်ဗျားတို့ ဒါဖြတ်တာကို ပြတ်,မပြတ်ကြည့်၊ (မှန်လှပါဘုရား)။

ဒီနေ့ ရက်ရာဇာလား ပြဿဒါးလား ရွေးမနေနဲ့၊ (မှန်ပါဘုရား)သဘောကျပလား၊ (ကျပါပြီ) ရက်ရာဇာ, ပြဿဒါး မရွေးလိုက်ပါနဲ့၊(မှန်ပါ)ဒီနေ့ကိလေသာပြတ်ရင် ရက်ရာဇာသာမှတ်၊(မှန်ပါ) ကိလေသာ ဆက်ရင် ပြဿဒါးသာ မှတ်ပေတော့၊(မှန်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ကိုလေသာဆက်ယင်၊ (ပြဿဒါးသာမှတ်ရမယ်)ပြဿဒါး ပေါ့ဗျာ....ဒီတက်ဒုက္ခတွေရတော့မှာ သေချာနေပြီ၊(မှန်ပါ့) မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ရက်ရာဇာဖြစ်အောင် လုပ်ရလိမ့်မယ်၊ (မှန် ပါ့) ဒါဖြင့် "နိဗ္ဗာန ဂါမိနိ မဂ္ဂေါ" ကော ပေါ်သွား ပလား၊(ပေါ်ပါပြီဘုရား) ရှင်းပြီနော်၊ (မှန်ပါ့)။

ကဲ-ဒီနေ့ နာရီစေ့ပြီ တော်ကြဦးစို့....။

သာဓု-သာဓု-သာဓု။

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်းဟွင် သီတင်းသုံး
နေထိုင်တော်မူသော
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား အမရပူရမြို့ ဓမ္မာရုံ၌
ဟောကြားတော်မူသော
မဇ္ဈိမ္မသမုဒ္ဒါန်

# တရားတော် (၁၀)

(၂၉–၁၁–၆၁)

ဘုရား ရှင်ကိုယ်တော်မြတ်ကြီးသည် ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကို တွေးလုံးထုတ်ကြစမ်းပါ....လို့ဆိုတဲ့ဥစ္စာ အင်မတန်မှ မှာတော်မူတာလို့ မှတ်ရလိမ့်မယ်နော်၊ (မှန်လှပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့အလကား မနေကြနဲ့၊ ကိုယ့်ကိုယ်ကို တွေးလုံးထုတ်မှ ကိုယ့်အကြောင်းကိုယ်သိမယ်၊ (မှန်လှပါဘုရား) ကိုယ့်အကြောင်းကိုယ် သိမှသာလျှင် ဟာ....ဒီအကြောင်းဖြင့် ပြတ်မှပဲ၊ ဒီအကြောင်းဖြင့် ဆက်ပြီး အားထုတ်မှပဲဆိုတာ ဝေဖန်နိုင်ကြမယ်၊ (မှန်လှပါဘုရား)။

ဒါ့ကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှာတာက ဦးလှဘူးတို့ မှတ်စရာက ကိုယ့်ကိုယ်ကို တွေးကြစမ်းပါကွာတဲ့ မတွေးဘဲနေသ္မိုရှိရင် မကောင်းပါဘူးတဲ့၊ (မှန်လှပါဘုရား)။

စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ချည်း အရေးကြီးပြီး သကာလနေကြပါတယ်တဲ့၊ ကိုယ့်ကိုယ်ကို တွေးတဲ့တွေးလုံးဟာ အင်မတန်နည်းပြီးနေကြတာလို့ ဘုရားသခင်ကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက အတွေးနည်းတဲ့ ပုဂ္ဂိုလ်ဟာ တွေးမှသာလျှင် ကိုယ့်အကြောင်း ကိုယ်သိမယ်ဆိုတာ ပေါ်လာတယ်နော်၊ (မှန်လှပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဒကာ ဒကာမတို့သည် ယခု ဘယ်အခြေအနေ ရောက်နေသလဲ ဆိုလို့ရှိရင်ဖြင့် ဖြေဉ်– တပည့်တော်တို့သည်ကား....လို့ဆိုရင်ဘုရား....အိုပါပြီဘုရား၊ (မှန်လှပါ) ကိုယ့်ကိုယ်ကို အိုတာ သိတယ်နော်၊ (သိပါဘယ် ဘုရား)။

အိုတာသိပြီးသကာလ အိုယင်တော့မကြာတော့ဘူး၊သေ မှာပဲဆိုတာလဲ သိကြတယ်၊ (သိကြပါတယ်ဘုရား)အို....ဒီလို ကိုယ့်ကိုယ်ကိုတွေးစမ်းပါကွာ....တဲ့၊ငါသည်ကား....လို့ဆိုရင် အိုနေရပြီ သေတော့မှာပဲ၊ (မှန်လှပါ)။

ငါသည်ကားလို့ဆိုရင် ယခုအချိန် အိုနေပြီ၊ငါသည် မုချ သေရတော့မှာပဲ ဆိုတာကို တွေးပါ၊ (မှန်လှပါ) မတွေး သင့်ဘူးလား၊ (တွေးသင့်ပါတယ်ဘုရား)။

တွေးတဲ့အခါကျတော့ ငါသည် အိုပြီ၊အိုတယ်ဆိုတာ နာ တာပဲ နာတယ်ဆိုတာ သေမှာပဲဆိုတော့ ဒကာ ဒကာမတွေ သိတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက်လို့ရှိရင်ဖြင့်....တဲ့၊ အို သေတာ တွေ့မပါတယ်၊ (မှန်လှပါဘုရား) အိုသေဟာ တွေ့ရ တယ်ဆိုတာ ဒကာ ဒကာမတွေ၏ ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ် ကြည့်တာပေါ့ဗျာ....နော်၊ (မှန်လှပါ) ဇရာဆိုတာ အိုတာ၊ (မှန်ပါ) မရဏဆိုတာက၊ (သေတာပါဘုရား)။

အဲဒီ အိုသေတွေဟာ ဒို့မှာရှိနေပါကလားဆိုတော့ ဒကာ ဒကာမတွေမှာ ယခုအိုတာလဲ ရှိလျက်ပေါ့၊ (မှန်ပါ–ရှိလျက်

http://www.dhammadownload.com



ပါဘုရား)သေမှာလဲသေချာတာပဲ၊(သေချာပါတယ်ဘုရား) အိုတာလဲ ရှိလျက်ပါပဲ၊ (မှန်ပါ) ဒီ အိုသည်၏ အခြားမဲ့၌ သေမှာကလဲ မလွဲတော့ပါဘူး၊ (မလွဲပါဘုရား)။

ဪ....ဒီအိုသေသည်ကား....ဆိုလို့ရှိရင် ဒို့မှာရှိနေတယ်၊ ဒီအိုသေ ဒို့မှာ ဘယ်ကများ လာပါလိမ့်မလဲလို့ တွေးရမယ်၊ (မှန်လှပါဘုရား)အိုသေ ဘယ်ကလာသတုံး....လို့တွေ့တဲ့အခါ ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကကွာ-တဲ့၊မင်းတို့ သေသေချာချာတွေးရင် ပေါ်ပါတယ်တဲ့၊ (မှန်ပါဘုရား)။

ပေါ်တော့ ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက်ပါလား ဒကာ ဒကာမတို့....ဒီမှာ အိုသေဟာဇရာ,မရဏပဲ၊(မှန်ပါ)ဪ.... ဇာတိက လာတာပဲဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါ တယ်ဘုရား) ဒကာ ဒကာမတို့ အိုသေ–ဘယ်ကလာသတုံး၊ (ဇာတိက လာပါတယ်ဘုရား)။

ဪ.... အိုသေတာ ဇာတိရှိလို့ လာတာနော် (မှန်ပါ ဘုရား) ဒကာ ဒကာမတို့ ခဏခဏအိုရ၊ ခဏခဏသေရ၊ ဘဝ များစွာမှာ အိုသေတွေက လာကြတယ်၊ (မှန်ပါ)၃-နံပါတ် အကွက်ကို ကြည့်ပါ ဒကာ ဒကာမတို့၊ (မှန်လှပါ) အပေါ် ကနေ ထောက်လို့ရှိရင်၊ (၁)(၂)(၃) (၄) ကြည့်လိုက်လို့ ရှိရင်ဖြင့် ဇရာ,မရဏ ဆိုတာ တွေ့ပါတယ်၊ (မှန်ပါ)။

ဇရာ,မရဏတွေ ၄-နံပါတ်အကွက်မှာ နေတယ်၊ ဒကာ ဒကာမတို့ တွေ့ကြရဲ့လား၊ (တွေ့ကြပါတယ်ဘုရား) အဲဒီ အိုသေဟာ ဘယ်ကလာပါလိမ့်မလဲ၊ (ဇာတိက လာပါတယ် ဘုရား)။

http://www.dhammadownload.com



အဲ....သူ့ စက်ဝိုင်းအတွင်းမှာ သူလာတဲ့ အကြောင်း အတိုင်းသာ နောက်ဆုတ်တွေးရတယ်၊ (မှန်လှပါဘုရား) နောက်ဆုတ်တွေးလိုက်တဲ့အခါကျတော့ ဩော်-ငါတို့သည် ယခု အိုလဲအိုပြီ၊ သေလဲ သေရတော့မယ်၊ ဘယ်နည်းနှင့်မှ မြေးလို့မလွတ်ဘူးဆိုတာလဲ ဒကာဒကာမတွေ သိကြပါပြီ၊ (သိကြပါပြီဘုရား)။

ထိုကဲ့သို့သိပြီးသကာလ အိုနေတာလဲအသိသား၊ သေရမှာလဲ အသိသား၊ ဒီ-အို့သေသည်ကားလို့ဆိုလို့ရှိရင်ဒုက္ခသစ္စာပဲ၊ "ဇရာပိ ဒုက္ခသစ္စံ မရဏမ္ပိ ဒုက္ခသစ္စံ" ဆိုတဲ့ အတိုင်း အိုသေဟာ ဒုက္ခသစ္စာပဲနော်၊ (မှန်လှပါ)။

ဇရင်း အိုသေကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်.... ငါတို့သန္တာန် အကြောင်းမဲ့ပေါ်တာလား....အကြောင်းရှိလို့ပေါ်တာလားဆိုတာ ကိုယ့်ကိုယ်ကို တွေးစမ်းပါကွာ-လို့ဘုရားက ဟောတယ်၊ (မှန်လှပါဘုရား)။

အဲဒါ အရင်က မတွေးတတ်ချင် နေပစေ၊ ယခုတော့-ပဋိစ္စသမုပ္ပါဒ် လက်ကိုင်ကလေး ရှိနေတော့ ခန္ဓာကိုယ်ထဲမှာ ဩော်- ဘယ်က လာပါလိမ့်မလဲ ဆိုတာ တွေးကြည့်တော့ ဒကာဒကာမတို့ ဘာလာတွေ့ပါလိမ့်၊ (ဇာတိပါဘုရား)။

၄-နံပါတ်ကိုကြည့်ပါ၊ ဇာတိ လာတွေ့တယ်နော်၊ (မှန်လှပါဘုရား) ဇာတိက ဥပပတ္တိဘဝဆိုတာ ဇာတိ ဆိုတာပါပဲ၊ (မှန်လှပါဘုရား) အိုသေ ဘယ်ကလာပါလိမ့်၊ (ဇာတိကလာပါတယ်ဘုရား)။

http://www.dhammadownload.com



ဩော်–ပဋိသန္ဓေနေမိလို့ အိုသေ ရှိလာတယ်၊ (မှန်လှပါဘုရား)ဦးလှဘူး ဘာတဲ့တုံး၊ (ပဋိသန္ဓေနေမိလို့ အို့သေရှိပါတယ်ဘုရား) ပဋိသန္ဓေနေမိလို့ အိုသေ ရှိတယ်ဆိုတာ ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ကြီးမှာ ရှင်းလင်းနေပါတယ်၊ (မှန်ပါ့ဘုရား)အို့သေ ဘယ်ကလာသတုံး၊ (ဇာတိက လာပါတယ်ဘုရား)။

ဇာတိက လာတယ်ဆိုတာ ပေါ်ပါပြီ–တဲ့၊ အို့သေဟာ ဇာတိကလာတယ်ဆိုတာရှင်းသွားပြီ၊ (ရှင်းသွားပါပြီ) ဒီလို တွေးပါကွ–တဲ့၊ တွေးလိုက်တဲ့ အခါကျတော့– အကြောင်း ပေါ်ပေါ်လာတယ်၊ (ပေါ်ပါတယ်ဘုရား) တွေးလိုက်တဲ့ အခါကျတော့၊ (အကြောင်းပေါ်လာပါတယ်ဘုရား)။

အကြောင်းပေါ်လာတယ်ဆိုတော့ ဩော်-ဇာတိကြောင့် ဇရာမရဏဖြစ်တာ(မှန်ပါ့ဘုရား)ဘယ်လိုတွေ့ကြသလဲ(ဇာတိကြောင့် ဇရာ,မရဏ ဖြစ်ပါတယ်ဘုရား)ကြည့်ပါ–ကြည့်ပါ-ဒကာဒကာမတို့ စာရွက်ကိုကြည့်ပါ၊ ဒီနေ့ ဘုန်းကြီးပြတာနဲ့ ကိုက်ကြည့်ပါနော်၊ (မှန်လှပါဘုရား) အို့သေ ဘယ်က လာသတုံး (ဇာတိက လာပါတယ်ဘုရား) အို့သေ ဆိုတာ ဇရာ–မရဏနော်၊(မှန်ပါ့) သူ ဘယ်ကလာပါလိမ့်၊ (ဇာတိက လာပါတယ်ဘုရား)။

ဩော်-ဒါဖြင့် အို့သေသည် ဒုက္ခသစ္စာ၊(မှန်ပါ့) ဇာတိကြောင့် ဖြစ်ရတယ်ဆိုသောကြောင့် ဇာတိကသမုဒယသစ္စာ၊ ရှင်းသွား၊(ရှင်းပါပြီ)အို့သေက ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား) ဇာတိက (သမုဒယ သစ္စာပါဘုရား) သူမရှိရင်

http://www.dhammadownload.com



ဇရာ မရဏ ဖြစ်ကိုမဖြစ်ဘူး၊(မှန်လှပါ) ဇာတိ ပဋိသန္ဓေနေမှုလို့ ဇရာ့မရဏဆိုတာ တွေ့ရပါတယ်၊ (မှန်လှပါ)။

ဒါဖြင့် ဒကာဒကာမတို့ သစ္စာနှစ်ပါးသိပြီ၊ (မှန်လှပါ) သစ္စာနှစ်ပါးသိသွားပြီ၊ ဒီ-ဇရာ မရဏ ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာဆိုတာ သေချာတယ်၊ ဒီမှာပြတယ်နော်၊ (မှန်ပါ)။

သို့သော်...ဒီနေ့ ဟောမည့်တရားက အင်း...ဒုက္ခသစ္စာနဲ့ အကြောင်းအကျိုးလှည့်လိုက်ပြန်တော့ ဇာတိက ပဋိသန္ဓေနေမှုရှိလို့ အိုမှု့သေမှုဖြစ်တာ၊ (မှန်လှပါဘုရား) ပဋိသန္ဓေနေမှုရှိတာနဲ့၊ (အိုမှု့ သေမှု ဖြစ်တာပါဘုရား)။

ဒါဖြင့် ပဋိသန္ဓေနေမှုက အကြောင်း၊ (မှန်ပါ) အို့သေက အကျိုး၊ (မှန်ပါဘုရား) ဒီလို ဝေဖန်လိုက်ပြန်တော့လဲတဲ့ ဇရာ မရဏ ဒုက္ခသစ္စာ၊ ဇာတိက သမုဒယသစ္စာ သွားဖြစ်တယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါက ဒကာဒကာမတွေ ခန္ဓာကိုယ်ထဲ တွေးလိုက်လို့ပေါ်လာတယ်၊ (မှန်လှပါဘုရား)ခန္ဓာကိုယ်ထဲ တွေးလိုက်တဲ့အခါကျတော့ ကြော်-ငါတို့သည် အိုလဲ အိုရပြန်ပြီ၊ သေလဲ သေရဦးမှာပဲဆိုတာ ဒကာဒကာမတွေ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီအို့သေတွေဟာလာပါလိမ့်၊ အလိုလိုပေါ်လာတာလား-လို့ မေးတော့ ဘယ့်နှယ်ကြောင့်တုံး၊ (ဇာတိကြောင့်ပါဘုရား)။

http://www.dhammadownload.com



ကဲ....ဒကာသစ် ဒီလိုလုပ်ကြစို့....ပဋိသန္ဓေနေမိလို့၊ (မှန်ပါဘုရား)ရှင်းကြပလား၊(ရှင်းပါပြီဘုရား)ဘယ်လိုပါလိမ့်၊ (ပဋိသန္ဓေနေမိလို့ပါဘုရား) ပဋိသန္ဓေနေမိလို့ အို့သေ ဖြစ်ရပါတယ်ဆိုတာ ဦးလှဘူး–ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် အို့သေကြီး ဖြစ်ရပါလိမ့်၊(ပဋိသန္ဓေနေမှုကြောင့်ပါဘုရား) ပဋိသန္ဓေနေမှုကြောင့် အို့သေဖြစ်ရတယ်ဆိုတော့ဩော်-ငါတို့သည်ယနေ့တရားစနာတာရှိသေးသစ္စာနှစ်ပါး သိရတယ်လို့မှတ်ပါ၊ (မှန်လှပါဘုရား) ဒကာဒကာမတို့ သစ္စာနှစ်ပါး သိသွားပြီနော်၊ (သိပါပြီဘုရား)။

အို့သေက ဒုက္ခသစ္စာ၊ ဇာတိကဘာပါလိမ့်၊ (သမုဒယသစ္စာပါဘုရား)။

ကောင်းပြီ၊ဒီနှစ်ခုမျှားချုပ်သွားမယ်ဆိုလို့ရှိရင်ဘာသစ္စာဆိုကြမယ်၊ (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာ....နော်၊ (မှန်လှပါ) ဒါနှစ်ခု ချုပ်ရာချုပ်ကြောင်းအကျင့်ကိုကျင့်ကြမယ်ဆိုရင် ဒီအကျင့်ဟာ ဘာသစ္စာခေါ်မလဲ၊ (မဂ္ဂသစ္စာခေါ်ပါမယ်ဘုရား)။

ဩော် ဒီနှစ်ခုနဲ့ဆိုင်တာ ဒကာဒကာမတွေသစ္စာလေးပါးဆိုတာဒီအထဲမှာလဲရှိတာပဲ၊ (မှန်လှပါဘုရား)ဘာစ္စာလေးပါးဟာ ဒီအထဲမှာလဲရှိတယ်လို့မှတ်ထားလိုက်ပါ၊ (မှန်လှပါ)။

ကိုင်း–ဒါသစ္စာလေးပါးသိတဲ့ပြင် နောက်ဆုတ်တွေး ကြပါဦးစို့၊ (မှန်ပါ) ဩော်... ငါတို့ အို့သေဟာ ပဋိသန္ဓေနေမိလို့လာတာပဲ၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒီပဋိသန္ဓေကလဲ ဘယ်ကများတုံး၊ ဘယ်သူပြုပြင်လို့ ဘယ်လိုများဖြစ်ပေါ်လို့ ငါတို့သန္တာန်၌ ကြွဆိုပြီးသကာလ နေရပါလိမ့်မလဲဆိုတဲ့ တွေးလုံ ဒကာသစ်–ထုတ်ရမယ်၊ (မှန်ပါ ဘုရား)ထုတ်တဲ့အခါကျတော့ သူ့ နောက်ကဘာတွေပါလိမ့်၊ ဒကာ ဒကာမတို့ စဉ်းစားကြစမ်း၊ (ကမ္မဘဝ တွေ့ပါတယ် ဘုရား) ဒီ ကမ္မဘဝလာတွေ့တယ်၊ (မှန်ပါ)။

စာကိုကြည့်ပါ ကမ္မဘဝကိုလာတွေ့တယ်၊ဖြော်–ဒီကံတွေ အားထုတ်လို့ ဒကာ ဒကာမတွေ ဇာတိရတယ်၊ (မှန်လှပါ ဘုရား)၊ဒီကံတွေအားထုတ်လို့ (ဇာတိရပါတယ်ဘုရား)။

ဒါဖြင့် လူဖြစ်ချင်တဲ့ကံ အားထုတ်ရင် ဘာရမယ်၊ (လူ့ ဇာတိရပါတယ်) နတ်ဖြစ်ချင်တဲ့ကံ အားထုတ်ရင် (နတ် ဇာတိရပါတယ်) ဗြဟ္မာဖြစ်ချင်တဲ့ကံအားထုတ်ရင်၊ (ဗြဟ္မာ ဇာတိ ရပါတယ်ဘုရား)။

ကိုင်း–တစ်ခါ အပါယ်လေးပါး ရောက်စေတတ်တဲ့ကံတွေ အားထုတ်ရင်ကော၊ (အပါယ် ဇာတိရပါတယ်) ဖြော်... ဒါဖြင့် ကမ္မဘဝကြောင့် ဇာတိလာတယ်၊ (မှန်ပါ) ဒါဖြင့် ကမ္မဘဝက အကြောင်း၊ ဇာတိက အကျိုးဖြစ်တယ်၊ (မှန်ပါ ဘုရား)ရှင်းပြီ၊ (ရှင်းပါပြီဘုရား)ကမ္မဘဝကသမုဒယသစ္စာ၊ ဇာတိက၊ (ဒုက္ခသစ္စာပါဘုရား)။

အေး–ဒီလိုနောက်ဆုတ်သွားတော့ သစ္စာတွေက ပေါ်, ပေါ်လာတယ်၊ (မှန်ပါဘုရား) သူတို့နှစ်ခုချုပ်ရင် ဘာသစ္စာ ပေါ်ကြမယ်၊ (နိရောဓသစ္စာပေါ်ပါတယ်) အဲဒီ ချုပ်ရာ

http://www.dhammadownload.com



ချုပ်ကြောင်း အကျင့်ကို ဒကာ ဒကာမတွေက ကျင့်လို့ရှိရင် ဘာခေါ်ကြမယ်၊ (မဂ္ဂသစ္စာပါဘုရား)။

ဩော်–ဒါဖြင့် ဒို့အလုပ်သည်ကားလို့ဆိုလို့ရှိရင် မဂ္ဂသစ္စာ မပါရင် မပြီးပါကလားဆိုတာ ပေါ်သွားပြီ၊ (မှန်လှပါဘုရား) မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒီနေ့တော့ ဒီတစ်ကြောင်းတည်းကို ဟောမှာဖြစ်နေတော့ ဒကာဒကာမတို့ကံတွေကလဲကြောက်စရာပဲ၊ ကံတွေဘယ်လိုဆိုကြမယ်၊ (ကြောက်စရာပါဘုရား)။

ဘာဖြစ်လို့ ခင်ဗျားတို့ ကံကို ကြောက်ပါလိမ့်မလဲ–လို့ မေးတော့ဒီမြင်နေရတယ်၊ သူကဘာလုပ်လိုက်ပါလိမ့်၊ (ဇာတိ ဒုက္ခသစ္စာကို လုပ်ပါတယ်ဘုရား) ဇာတိ လုပ် လိုက် တယ် (မှန်ပါ) ကံတွေက ဘာလုပ်လိုက်ပါလိမ့်၊ (ဇာတိ လုပ်လိုက် ပါတယ်ဘုရား) အင်း....ဟင်....သူက ဒုက္ခသစ္စာ လုပ်လိုက် တယ်၊ (မှန်လှပါ)။

ဒုက္ခသစ္စာလုပ်တော့ ဒကာ ဒကာမတွေကလဲ ကံကောင်း ချင်လိုက်တာ လွန်လို့၊ ဇာတိဖြစ်ချင်လွန်းလို့၊ (မှန်ပါဘုရား) ဒကာ ဒကာမတွေ ကံကောင်းချင်တာဟာ ဘာဖြစ်ချင်လို့လဲ (ဇာတိဖြစ်ချင်လို့ပါဘုရား) ဇာတိကဘာသစ္စာ၊ (ဒုက္ခသစ္စာ ပါဘုရား)။

ဩော်–ဒကာ ဒကာမတွေကလဲ ကံတွေမျှော်တယ်၊ ဘယ် တော့များကံကောင်းပါ့မလဲဆိုပြီးရမ်းမျှော်တာပဲ၊မသိတော့ နေဘိ၊ (မှန်လှပါဘုရား)စင်စစ်တော့ဘာတွေ့ရမှာတုံး၊ (ဒုက္ခ သစ္စာတွေ့ရမှာပါဘုရား) ဒုက္ခသစ္စာပဲရမယ်၊ (မှန်ပါ) ကံ

http://www.dhammadownload.com



ဘယ်တော့မျှကောင်းပါမတုံး၊ကောင်းချင်လှချည်ရဲ့ဆိုပြီး သကာလ ဒကာ ဒကာမတွေက ကံကောင်းမျှော်ကြတယ်၊ (မျှော်ကြပါတယ်ဘုရား)။

ကံကောင်းမျှော်ရင် ဇာတိရမယ်၊ (ရပါမယ် ဘုရား) ကံကောင်းမျှော်လို့ရှိရင်၊ (ဇာတိရပါမယ်ဘုရား) ကြည့်ပါ ကြည့်ပါ–ကမ္မဘဝပစ္စယာ ဘာတဲ့တုံး၊(ဇာတိပါဘုရား)။

အေး–ဒါဖြင့် ဇာတိဘယ်သူလုပ်ပါလိမ့်မတုံး၊ (ကမ္မဘဝ လုပ်ပါတယ်ဘုရား) ကမ္မဘဝက လုပ်တယ်ဆိုတာ ခင်ဗျားတို့ စာရွက်ကိုယ်စီပါတယ်၊ (မှန်ပါ) ဒါဟာမှားဖို့မလိုဘူးနော်၊ (မလိုပါဘုရား)။

အဲ-ဒါကြောင့်ဘုရားဟောပါဠိတော်ကြီးကိုမတိမ်းစေနဲ့၊ မစောင်းစေနဲ့၊ နားလည်အောင် လုပ်ပါဆိုတာ သေသေချာ ချာပြောနေတယ်၊ (မှန်ပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒီကံကလဲ ခင်ဗျားတို့ကို ဇာတိဖြစ်စေတယ်၊ (မှန်လှပါ)။

ဒီကံမျိုးဟာလုပ်ကိုမလုပ်ကောင်းတဲ့ကံ၊(မှန်လှပါဘုရား) ဘာဖြစ်လို့တုံး-ဆိုတော့ ကိုယ့်ဒုက္ခပေးတဲ့ကံ၊ (မှန်လှပါ) ဒကာသစ် ဘယ့်နှယ် ဆိုပါ့မယ်၊ (ကိုယ့်ဒုက္ခပေးတဲ့ ကံပါ ဘုရား)။

စဉ်းစားကြည့်ပါလား–ရှုတ်ကြည့်ပါ၊ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)ကံ–ဒုက္ခပေး မပေး၊(ပေးပါတယ်ဘုရား) ဇာတိက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။

အင်း....ဟင်–အလိုလိုရတာလား၊ ကံက ပေးတာလား၊ (ကံကပေးတာပါဘုရား)ရှင်းပြီနော်၊ (ရှင်းပါပြီ)ရှင်းသွား ပြီ·တဲ့၊ သူလဲသစ္စာလေးပါးဖွဲ့ပြီးပြီနော်၊ (မှန်လှပါ) ထစ်ခါ

http://www.dhammadownload.com



တစ်ခါစဉ်းစားပါဦး–၊ဒီ၃-နံပါတ်၊၃-နံပါတ်လိုင်းထဲကလဲ ကြည့်လို့ရှိရင် ဒကာ ဒကာမတို့ ဒီကမ္ဘာဝဟာ ဘယ်ကများ လာပါလိမ့်၊ (ဥပါဒါန်ကပါဘုရား) ဥပါဒါန်ကလာတယ် နော်၊ (မှန်ပါ) ကမ္ဘာဝ ဘယ်ကလာပါလိမ့်၊ (ဥပါဒါန်က လာပါတယ်ဘုရား) ဩော်–စွဲလမ်းမှုကြောင့် လာတာဆိုတာ သေချာပလား၊ (သေချာပါပြီ)။

ဒါဖြင့် စွဲလမ်းမှုကြောင့် ကံဖြစ်ရတယ်၊ (ဖြစ်ရပါတယ် ဘုရား) ကျုပ်တော့ ဒီအလုပ်မလုပ်ရင်မနေနိုင်ဘူး၊ဒီနတ်ပြည် ရောက်ကြောင်းတော့ကျုပ်လုပ်ရလိမ့်မယ်၊ ကျုပ်စိတ်ထဲစွဲနေ တယ်၊ (မှန်လှပါဘုရား) စွဲနေတာက ဥပါဒါန်၊ လုပ်တာက ကမ္ဘာဝ၊ (မှန်လှပါဘုရား) စွဲနေတာက၊ (ဥပါဒါန်ပါ ဘုရား) လုပ်တာက၊ (ကမ္ဘာဝပါဘုရား)။

ဟှာ...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမ တွေမှာဖြင့် ဘုံဘဝရောက်ကြောင်း ကံတွေဟာဘာကိုအကျိုးပေးပါလိမ့် မလဲလို့မေးရင် ဒုက္ခသစ္စာပေးမှာပဲ၊(မှန်လှပါဘုရား) သူပေး ချင်လို့ပေးရတာလား၊ခင်ဗျားတို့ကိုယ်တိုင်က မရမကစွဲလမ်း လို့ ကံက အားထုတ်ရတာလား၊ (မရမကစွဲလမ်းလို့ ကံက အားထုတ်ရတာပါဘုရား)။

ဒါဖြင့် ဥပါဒါနပစ္စယာ၊ (ကမ္ဘာဝပါဘုရား) ဥပါဒါန ပစ္စယာ....ကမ္ဘာဝေါ-ဆို၊ စာရွက်ကိုကြည့်ပါ (မှန်လှပါ) တွေ့ကြရဲ့လား၊ (တွေ့ပါတယ်ဘုရား) ဥပါဒါန်ကြောင့် ဘာ ဖြစ်သတုံး၊(ကံဖြစ်ပါတယ်ဘုရား) ကမ္ဘာဝဖြစ်တယ်ဆိုတာ စေတနာကံတွေဖြစ်တာ၊(မှန်လှပါ)ရှင်းပြီနော်(ရှင်းပါပြီ)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဒကာဒကာမတို့ ဥပါဒါန်က သမုဒယသစ္စာ၊ (မှန်ပါ) ကံကကော(ဒုက္ခသစ္စာပါဘုရား)နှစ်ခုစလုံး ချုပ်ရင်၊ (နိရောဓသစ္စာပါဘုရား)အင်း....ဟင်·ချုပ်အောင်ကျင့်တဲ့ အကျင့်က၊ (မဂ္ဂသစ္စာပါဘုရား) အေး·ဒီလိုသစ္စာလေးပါးစီ သိ,သိသွားရမယ်၊ (မှန်လှပါဘုရား)။

ကဲ·တစ်ခါသွားပါဦး ဒကာ ဒကာမတို့ တယ်ဆိုးတဲ့ ဥပါဒါန်ပဲ ကံတွေလုပ်တယ်၊ကံတွေလုပ်လို့ ကျုပ်တို့ ဒုက္ခရောက်ရတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒီ·ဥပါဒါန်ကော·ဦးလှသွား၊ဘယ်ကများလာပါလိမ့်မလဲလို့ ကြည့်စမ်း၊(တဏှာက လာပါတယ်ဘုရား )ဒီ·တဏှာကလာတယ်နော်၊(မှန်ပါ)ဪ—တဏှာခင်မင်မှုကြောင့် ဥပါဒါန်စွဲလမ်းမှုဖြစ်ရတယ်၊ မှန်လှပါဘုရား)သားကလေးမွေးလာ ခင်တယ်၊ ကြည့်ဖန်များလာတော့ စွဲလမ်းလာတယ်ဆိုတော့ — တဏှာပစ္စယာ၊ (ဥပါဒါန်ပါဘုရား)။

အဲဒါကြောင့် တဏှာက သမုဒယသစ္စာ၊ဥပါဒါန်က ဒုက္ခသစ္စာ၊ (မှန်ပါ) နှစ်ခုလုံးချုပ်ရင်၊ (နိရောဓသစ္စာပါဘုရား) ချုပ်အောင်ကျင့်နိုင်တဲ့ အကျင့် ဘာဆိုကြမယ်၊(မဂ္ဂသစ္စာပါဘုရား) အေး သစ္စာလေးပါးကို ဒီလို—ဒီလို သိသွားရမယ်၊ (မှန်လှပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီ·တဏှာသည်ကား ဆိုလို့ရှိရင်ဖြင့်·တဲ့ ဘယ်ကလာပါလိမ့်မတုံး၊ တွေးတဲ့အခါကျတော့မှ ဒီအဆက်ကလေးကနောက်ဆုတ်ပြတယ်·(မှန်ပါ) ဒါ့ကြောင့်မြားနဲ့ထောင်ပြီးတော့ပြတယ်(မြပါတယ်ဘုရား)

http://www.dhammadownload.com



ဟောဒီဝေဒနာကလေးကလာတယ်၊ (မှန်ပါ)ကဲ-ပေါင်းကြပါစို့၊ ရှည်နေရောမယ်နော်၊ (မှန်လှပါဘုရား)။

ဝေဒနာတို့ ဖဿတို့ သဠာယတနတို့ နာမ်ရုပ်တို့ ဝိညာဏ်တို့ဆိုတဲ့ ခန္ဓာငါးပါးကလာတယ်၊ (မှန်လှပါ)ဒကာဒကာမတို့တဏှာဘယ်ကလာပါလိမ့်၊ (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဩော်-တွေ့ပြီ တွေ့ပြီ ဒကာ ဒကာမတို့နော်၊ (မှန်လှပါ) ပစ္စုပ္ပန် ခန္ဓာငါးပါးကြောင့် တဏှာဖြစ်ရတယ်ဆိုတာဖြင့် သေချာပါပြီ၊ (သေချာပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ်ကိုကြည့်မှ ပေါ်လာတယ်၊ (မှန်ပါ) ခန္ဓာငါးပါးကြောင့် ဘာဖြစ်ပါလိမ့်၊ (တဏှာဖြစ်ပါတယ်ဘုရား)။

သေသေချာချာကြည့်ပါ ၊ပဋိစ္စသမုပ္ပါဒ်မှာ-တဲ့၊ ခန္ဓာငါးပါး စုပေါင်းနေသောကြောင့် ဒကာ ဒကာမတို့သည် တဏှာဖြစ်ရတယ်၊ (မှန်ပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ) ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်၊ (ခန္ဓာငါးပါးကြောင့် ဖြစ်ပါတယ်ဘုရား)။

ဒါနိုးသောအကြောင်းကတော့ ဝေဒနာပေါ့ဗျာ(မှန်ပါ) ဖဿလဲ ဟုတ်တာပဲ၊ သဠာယတနလဲ ဟုတ်တာပဲ၊ နာမ်ရုပ်လဲ ဟုတ်တာပဲ၊ ဝိညာဏ်လဲဟုတ်တာပဲ၊(မှန်ပါဘုရား) ဟုတ်တာချည်းပဲဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာ ဘယ်ကလာသတုံး၊ (ခန္ဓာငါးပါးကလာပါတယ်ဘုရား) ဩော်-ဒကာ ဒကာမတို့ ခန္ဓာငါးပါးရှိလို့ တဏှာလာတယ်ဆိုတော့ဖြင့် သေချာပါပြီ၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့၊ ခန္ဓာငါးပါးတည်းဟူသော အကြောင်းက ယခု ဒကာ ဒကာမတွေမှာ ခန္ဓာရှိနေတယ်၊ (ရှိနေပါတယ်) ဒါ့ကြောင့် ယခု ဒကာ ဒကာမတွေကို ခဏ ခဏ မေးတယ်၊ ၁-နံပါတ်ထဲမှာနေသလား၊ ၂-နံပါတ်ထဲမှာ နေသလားမေးရင် ဘယ်နှယ်ဖြေကြမလဲ၊ (၂-နံပါတ်ထဲမှာ နေပါတယ်ဘုရား)။

အဲဒီ ခန္ဓာငါးပါးထဲက ပေါက်ပွားလာတဲ့ တဏှာဆိုတာ သေချာပလား၊ (သေချာပါပြီ) ဘယ်က ပေါက်ပွားလာပါ လိမ့်၊ (ခန္ဓာငါးပါးက ပေါက်ပွားလာပါတယ်ဘုရား) ခန္ဓာ ငါးပါးထဲက ပေါက်ပွားပြီးသကာလ လာတာကို၊ (တဏှာ ခေါ်ပါတယ်ဘုရား)။

သြော်-ဒါဖြင့် ဒီတဏှာသည် အလိုလိုပေါ်လာတာမဟုတ် ဘူး၊ (မဟုတ်ပါဘုရား) ခန္ဓာထဲကပေါက်ပွားလာတာ၊ (မှန် ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာထဲက ပေါက်ပွားလာတဲ့တဏှာကို ကျုပ်တို့ သည်ကားလိုဆိုလို့ရှိရင် ဘယ်လိုကြောင့် ပေါက်ပွားသလဲ ဆိုတာ မေးရလိမ့်မယ်၊ (မေးရပါမယ်ဘုရား) ဒီခန္ဓာ ငါးပါး ကြီးကို မိမိခန္ဓာငါးပါးကြီးကိုခင်လို့ တဏှာပေါ်တာ (မှန် ပါ့) ဒါက မိမိခန္ဓာငါးပါး၊ (မှန်ပါ့) ခင်တော့ ဘာပေါ် လာသတုံး၊ (တဏှာပေါ်လာပါတယ်ဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ခင်တဲ့တဏှာ၊ (မှန်ပါ့ဘုရား) ကိုယ့်ဘဝ ကလေး ကိုယ်ခင်နေလို့၊ (တဏှာ ပေါ်လာပါတယ်ဘုရား) ဒီတဏှာလာရင် ဒီဥပါဒါန်, ဒီကမ္မဘဝ, ဒီဇာတိ, ဇရာ မရဏ

http://www.dhammadownload.com



တွေ့ လွတ်ပါ့မလား၊ (မလွတ်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇီဝန္ဒြေ ခန္ဓာငါးပါးကြောင့် တဏှာ လာရတယ်ဆိုတာ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဇီဝခန္ဓာငါးပါးကြောင့် တဏှာလာပါ လိမ့် မလဲလို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတွေက မသိလိုတဲ့နော်၊ (မှန်ပါ့ဘုရား)။

ဇီဝခန္ဓာငါးပါးကို ခန္ဓာငါးပါးလို့ မသိဘူး (မှန်ပါ့) ခန္ဓာငါးပါးကို ခန္ဓာငါးပါးလို့ မသိရင် ဘာလာသတုံး၊ (တဏှာလာပါတယ်ဘုရား) တဏှာလာရင် ဥပါဒါန်ကံနောက် ဇာတိ ဇရာ မရဏ မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးသည်ကားလို့ဆိုရင် တဏှာဖြစ်ကြောင်းဆိုတဲ့ဥစ္စာ သေချာပလား၊ (သေချာပါ ပြီဘုရား) ခန္ဓာငါးပါးဟာ ဘာဖြစ်ကြောင်းပါလိမ့်(တဏှာ ဖြစ်ကြောင်းပါဘုရား) တဏှာဖြစ်ကြောင်းဆိုတာဖြင့် ပေါ် ပါပြီ၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထော် မူတယ်၊တဏှာဘယ်ကလာသလဲ၊ဥပဓိကလာတယ်၊ (မှန်လှပါ ဘုရား) ဥပဓိဆိုတာ ခန္ဓာပဲ၊ (မှန်ပါ့) တဏှာ ဘယ်ကလာ သလဲ၊ (ဥပဓိက လာပါတယ်ဘုရား) ဥပဓိဆိုတာ ဘာပါ့ လိမ့်၊ (ခန္ဓာငါးပါးပါဘုရား)။

အဲဒီ-ခန္ဓာငါးပါးက လာနေပြီဆိုမှဖြင့် ခင်ဗျားတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ခန္ဓာငါးပါးမှန်း သိရင်လဲ မလာ ဘူး၊ (မှန်ပါ့ဘုရား) ဘယ့်နှယ်ကြောင့် လာပါလိမ့်မတုံး ဆို

http://www.dhammadownload.com



တော့ ခန္ဓာငါးပါးရယ်လို့မသိဘူး၊ မသိတာနဲ့ လာခြင်းဖြစ်တယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဆုန်းကြီးတို့ ဒကာ ဒကာမတွေ သည်-တဲ့၊ ဒီလိုလုပ်ကြဦးစို့-တဲ့၊ (မှန်ပါဘုရား)ကိုယ့်ခန္ဓာကိုယ်ခင်လို့ ယကျာလာတာ၊ (မှန်ပါ)သား, သမီးတွေခင်လို့၊ (တကျာလာတာပါဘုရား) ဆွေမျိုးညာတကာ ခန္ဓာတွေကို ခင်လို့၊ (တကျာ လာတာပါဘုရား)။

ကြော်- ဒါဖြင့် ခန္ဓာလာတဲ့ တကျာပဲ၊ (မှန်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ) ဒီတကျာ ဘယ်က လာပါလိမ့်၊ (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါးက လာတဲ့တကျာဆိုတာ သေချာပြီ၊ (သေချာပါပြီဘုရား)အဲဒီတော့ ဒီခန္ဓာငါးပါးကို ခင်ဗျားတို့က အပြစ်ကို မသိတော့ ခင်ကြတာပေါ့ဗျာ၊ (မှန်လှပါဘုရား)။

ဒီခန္ဓာငါးပါး ခင်လို့ရှိရင်လဲ သားခင်လို့ရှိရင်လဲ သားကပဲ သူ့ကိုရှက်ဆောင် တော့မည့်ပုံ၊ (မှန်ပါဘုရား) သမီးခင်လို့ရှိရင်လဲ သမီးကပဲ သူ့ကို အိုစာ, မင်းစာ ကျွေးမွေးထားတယ်ဆိုပြီး ခင်လိုက်တယ်၊ (မှန်ပါဘုရား)။

ခန္ဓာငါးပါးတည်းဟူသော ပစ္စည်းခင်လို့ရှိရင် ပစ္စည်းကပဲ ကိုယ့်အပေါ် မသေမချင်း စောင့်ရှောက်ပြီး သကာလ ကျွေးမွေးနေလိမ့်မယ်လို့ ထင်သောကြောင့်လဲ ခင်လိုက်ကြတယ်၊ (မှန်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတွေ ဘယ့်နှယ်ကြောင့် ဒီခန္ဓာငါးပါး ခင်ကြပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား၊ (လိုပါ

http://www.dhammadownload.com



တယ်ဘုရား) အို....အားကိုးရလိမ့်မယ်၊ ကိုးစားရ လိမ့်မယ် ထင်လို့ ခင်တာ (မှန်ပါ့ဘုရား)။

ခင်တော့ ခင်တာက တဏှာ၊ ဒီတဏှာတွင် နေမှာလားလို့ တဏှာပစ္စယာ၊ (ဥပါဒါန်ပါဘုရား) ဥပါဒါန်ပစ္စယာ၊ (ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား) ဇာတိပစ္စယာ (ဇရာ မရဏပါဘုရား) အဲ-ပဋိစ္စသမုပ္ပါဒ်လည်တယ်၊ (မှန်ပါ့) ဒကာ ဒကာမတို့ ၂-နဲ့ ၃-ကူး၊ ၃-နဲ့ ၄-ကူးတယ်၊ (ကူးပါတယ်ဘုရား) ၂-နဲ့ ၃-ကော၊ (ကူးပါတယ် ဘုရား) ၃-နဲ့ ၄ ကော၊ (ကူးပါတယ်ဘုရား)။

ဟာ-ကူးချင်သို့ကူးတာလား ဒကာ ဒကာမတို့ လက်သည် အရင်းရှာတော့ ခန္ဓာကိုယ်ခင်လို့ လာတာ၊(မှန်ပါ့) ရှင်းကြ ပလား၊ (ရှင်းပါပြီ) ဘယ်ကလာပါလိမ့်၊ (ခန္ဓာကိုယ်ခင်လို့ လာတာပါဘုရား) ခန္ဓာကိုယ်ခင်လို့ လာတာ ဆိုတာ ဒကာ ဒကာမတွေ ရိပ်မိပြီ၊ (ရိပ်မိပါပြီ)။

အဲဒီတော့ ခန္ဓာခင် သေချင်လို့ဆိုတဲ့ဥစ္စာ ဒီ သွားတာပဲ၊ (မှန်ပါ့) ဒီခန္ဓာကိုယ်ခင်ခဲ့လို့ ရှိရင်ဖြင့် ဒီ-သေချင်လို့ ဆိုတဲ့ အဓိပ္ပာယ်ဟာ ရှင်းသွားတယ်၊ (ရှင်းပါတယ်ဘုရား) ဒီခန္ဓာ ကို ခင်လို့ရှိရင်သေချင်လို့ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တန်းသွား တယ်၊(တန်းသွားပါတယ်ဘုရား) အင်မတန်ပေါ်လာတယ်၊ (ပေါ်ပါတယ်ဘုရား)။

ပေါ်ပြီ-ပေါ်ပြီဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနဲ့ ပြတဲ့အခါ ခင်ဗျားတို့ကလဲ ကိုယ်ပိုင်ရှိနေတော့ ခန္ဓာခင် သေ ချင်လို့သာမှတ်၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) မိမိခန္ဓာ

http://www.dhammadownload.com



ခင်လဲ(သေချင်လို့ပါဘုရား)သူတစ်ပါးခန္ဓာခင်လဲ၊(သေချင်လို့ပါဘုရား) ပစ္စည်း ခန္ဓာခင်လဲ၊ (သေချင်လို့ပါဘုရား)။

သေချင်လို့ဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ ထည့်ပေးလိုက်စမ်းပါဦး၊အဖန်ဖန်သေချင်လို့၊(မှန်ပါ့) တစ်ခါတည်း သေ မကပါဘူး၊(မကပါဘုရား)ရှင်းပလား(ရှင်းပါပြီ)။

ဒါဖြင့် ဘယ်ခန္ဓာခင်ခင် ခင်ချင်လို့ရှိရင် သေချင်လို့သာမှတ်၊ (မှန်လှပါ) ဘာဖြစ်လို့တုံး-ဆိုတော့ ခင်တယ်ဆိုတာ တဏှာပဲ၊ (မှန်ပါ့) တဏှာပစ္စယာ ဉပါဒါန်၊ လွတ်နိုင်ပါ့မလား (မလွတ်နိုင်ပါဘုရား)။

ဒါဖြင့် ထုံးစံသွားရမယ်၊(သွားရပါမယ်ဘုရား) ဉပါဒါနပစ္စယာ ဒီဘက်ရှောက်သွားရင် ဇရာ,မရဏသွားပြီး လုံး-ဆုံးတယ်၊(ဆုံးပါတယ်ဘုရား) ဒါဖြင့် ခင်များတို့ နောက်တုန်းက သေတဲ့လက်သည်တော့ဖြင့်တွေ့ကြပြီ၊(တွေ့ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ကျုပ်တို့ဘဝများစွာသံသရာမြေကြီးထဲ မြှုပ်စရာမရှိအောင် အလောင်းချင်းထပ်ပြီးသကာလဒီနေရာ မြှုပ်မယ်ဆိုလို့ရှိရင် ရှေးက ကိုယ်သေပြီးသား၊ (မှန်လှပါ) ဒီနေရာရှေးမြှုပ်မယ်ဆိုပြန်တော့လဲ ကိုယ်သေပြီးသား၊ (မှန်ပါ့ဘုရား) မြေကြီးထဲမှာကိုယ့်အလောင်းချင်း ထပ်နေတယ်၊ (ထပ်နေပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အလောင်းချင်း ထပ်ပါလိမ့်မတုံးဆိုတဲ့ လက်သည်တော့ ယနေ့ဖမ်းပေးပါတယ်၊ (မှန်လှပါ)ရောက်ရာခန္ဓာကိုခင်လို့ သေပွဲဝင်ရတယ်၊ (မှန်လှပါ) ရောက်ရာ ခန္ဓာကို ခင်လို့ (သေပွဲဝင်ရပါတယ်ဘုရား) မိမိခန္ဓာ ခင်လို့လဲ သေပွဲဝင်ခဲ့ရတယ်၊(မှန်ပါ့)သူတစ်ပါးခန္ဓာ မိမိကခင်လို့

http://www.dhammadownload.com



လဲ (သေပွဲဝင်ခဲ့ရပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ပစ္စည်းခန္ဓာတွေခင်လို့ လဲ၊ (သေပွဲဝင်ရပါတယ်ဘုရား)။

ဩော်– ကျုပ်တို့ အဖန်ဖန် သေတဲ့ လက်သည်ဟာ ကံမကောင်းအကြောင်းမသင့်လို့ မဟုတ်ပါလား၊ (မဟုတ်ပါဘုရား)ခန္ဓာခင်လို့ ဖြစ်ကြရတာ၊ (မှန်ပါ)ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)ဘယ်လိုပါလိမ့်၊ (ခန္ဓာခင်လို့ဖြစ်ရတာပါဘုရား)အိမ်ကျလဲ ဒီဟာလေး ကြည့်နေပါနော်၊ (မှန်ပါ) အင်း....ဟင်–ပစ္စုပ္ပန်ဘဝဆိုတဲ့ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာတွေက ခန္ဓာငါးပါး၊ (မှန်ပါဘုရား)။

အဲဒီခန္ဓာငါးပါးကြီးကိုကိုယ့်ခန္ဓာ ငါးပါးကြီးဆိုပြီး ခင်လို့ဖြစ်ရတာ၊ (မှန်ပါ) မဖြစ်ရဘူးလား၊ (ဖြစ်ရပါတယ်ဘုရား) ဒါ့ကြောင့် ဘုန်းကြီးက ခန္ဓာခင် သေချင်လို့ဆိုတဲ့ စကားမမေ့ပါနဲ့၊ (မှန်လှပါ)မိမိခန္ဓာခင်လဲသေချင်လို့ပဲ၊ သူတစ်ပါးခန္ဓာခင်လဲ၊ (သေချင်လို့ပါဘုရား) ပစ္စည်းခန္ဓာခင်လဲ၊(သေချင်လို့ပါဘုရား) ရှင်းပြီနော်၊(ရှင်းပါပြီဘုရား)။

ဒါဖြင့်ခင်မျှားတို့ခင်တယ်ဆိုတာအသေခံမိုက်တာ၊ (မှန်လှပါ) ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား) ကြည့်ပါ–ကြည့်ပါ ပဋိစ္စသမုပ္ပါဒ်ကြည့်ပါ ဒကာ ဒကာမတို့၊ဒါကမိမိခန္ဓာခင်လဲ ဒါကမိမိခန္ဓာ၊ (မှန်ပါ) ဒါက ခင်ကြပြန်တယ်၊ (မှန်လှပါ) အင်း....ဟင်–ဒီသွားတော့ အသေရတယ်၊ (အသေရပါတယ်ဘုရား) မသွားပါနဲ့ဆိုလို့ကော ရသလား (မရပါဘုရား)။

ဒီကနေဒီဆက်နေတာ၊ ဒီတော့အဆက်မရှိတော့ဘူး၊(မရှိပါဘုရား) သဘောပေါက်ကြပလား၊ (ပါ–ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ခန္ဓာခင် သေချင်လို့၊ (မှန်လှပါ)သူတစ်ပါး ခန္ဓာ ခင်လဲ(သေချင်လို့ပါဘုရား)ပစ္စည်းခန္ဓာခင်လဲ (သေချင်လို့ပါ ဘုရား) ခင်ဗျားတို့ ဂုဏ်ယူသရွေ့ သေချင်လို့သာမှတ်၊(မှန်လှ ပါ)ခင်ဗျားတို့က မျက်စိ,မျက်နှာ မှတ်ထားပါ၊ ကျုပ်တို့က ခင်တတ်တယ်တဲ့၊ (မှန်လှပါ) မပြောကြဘူးလား၊ (ပြောကြ ပါတယ်) မျက်စိ,မျက်နှာမှတ်ထားပါတဲ့၊ကျုပ်တို့ကတွေ့ရင် ခင်တတ်,မင်တတ်တယ်-တဲ့၊ (မှန်လှပါဘုရား)။

အင်း-အဲဒါသေချင်တယ်လို့ပြောတာ၊ (မှန်ပါ) တွေ့လို့ ရှိရင် ကျုပ်တို့က ခင်တတ်, မင်တတ်ပါတယ်၊ မစိမ်းတတ် ပါဘူး ဟုတ်လား၊ (မှန်ပါဘုရား)။

ဘာဖြစ်လို့လဲမေးလို့ရှိရင် ဒကာ ဒကာမတို့ သူ့ဟာသူ စဥ်းစားကြည့်ပါ၊ သူခင်တတ်, မင်တတ်တယ်ဆိုတာ သူ တစ်ပါး သူပြောနေတာ၊ (ပြောနေတာပါဘုရား)။

ဘာဖြစ်လို့ သူပြောတာတုံးဆိုတော့ သေချင်လို့၊ (မှန်ပါ သေချင်လို့ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ကျုပ် မျက်စိ,မျက်နှာ မှတ်ထားပါ အားလုံး ပုဂ္ဂိုလ်တို့၊ ကျုပ်တို့လူမျိုး တစ်ရာ့တစ်ပါး ကျုပ်ဖြင့် တယ်မုန်းတဲ့လူ မရှိဘူး၊ ခင်တာ များများပါပဲ၊ (မှန်ပါ)။

အင်း-ခင်တာ များများဆိုရင် သေတာ များများတော့ လာဦးမှာပဲ၊ (လာပါမယ်ဘုရား) ရိပ်မိပလား၊(ရိပ်မိပါပြီ) ခင်တာများများဆိုရင်၊(သေတာများများ လာဦးမှာပါပဲ၊) အင်း-သေတာများများ ကျုပ်ကြိုက်ပါတယ်ဆိုတဲ့ စကား ဟာ အဆိုးသွင်းလိုက်တာပဲ၊ (မှန်ပါ) ဦးလှဘူး တယ်ဆိုးပါ လား၊ (ဆိုးပါတယ်ဘုရား)။

http://www.dhammadownload.com



ဒကာ ဒကာမတို့ သေမင်းဟာ ခင်ဗျားတို့ သေချင်လို့ သေရတာလား၊ ကိုယ့်ခန္ဓာ ကိုယ်ခင်လို့ သေပွဲဝင်ရတာလား၊ (ကိုယ့်ခန္ဓာကိုယ်ခင်လို့ သေပွဲဝင်ရတာပါဘုရား)ရှင်းပြီနော်၊ (ရှင်းပါပြီ)။

ကိုယ့်ခန္ဓာကိုယ်ခင်လို့ သေပွဲဝင်ရတယ်ဆိုတာ သူများပြော လား–တဲ့၊ ဒါ မိမိခန္ဓာငါးပါး၊ (မှန်ပါ့) ကိုယ့်ခန္ဓာ ကိုယ် ခင်လိုက်တာ၊ (မှန်လှပါ) ခင်လိုက်တော့ ဒီအကြောင်း ဆက်သွယ်မသွားဘူးလား၊ (ဆက်သွားပါတယ် ဘုရား)။ ဆက်သွားတော့ သေပွဲကဖြင့် (ဝင်ရပါတယ်ဘုရား)၊

ဒါဖြင့် ခန္ဓာခင် သေချင်လို့ဆိုတာ သုံးခု စပ်ရတယ်၊ (မှန်လှပါ) ဒါက ခန္ဓာ၊ (မှန်ပါ့) ဒီက ခင်တာ၊ (မှန်ပါ့) ဒီကသေတာဆိုတော့ ဒကာ ဒကာမတို့ စပ်သွားတာ သိ သလား၊ (သိပါတယ်ဘုရား) သုံးခုစပ်သွားတယ်၊ (မှန်လှ ပါဘုရား) ခင်ရင်၊ (သေပွဲဝင်ရပါတယ်ဘုရား)။

အဲ–ခန္ဓာဆိုတာ ၂-နံပါတ်၊ ခင်ဆိုတာက ၃-နံပါတ်၊ သေချင်ဆိုတာက၊ (၄–နံပါတ်ပါဘုရား) အဲဒါ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က ပြောဟာ၊ (မှန်လှပါ) ဘုန်းကြီးက ပြော တာလား ဒကာ ဒကာမတို့၊ တရားသဘောက ပြောတာ လား၊ (တရားသဘောက ပြောတာပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒါ ခင်ဗျားတို့ မဂ်လာယူနည်းဟာ အ,မင်္ဂလာ ဖြစ် တယ်၊(မှန်လှပါဘုရား)ခင်ဗျားတို့ကတော့ မင်္ဂလာယူတာပဲ၊ ကျုပ်တို့တော့ မစိမ်းတတ်ပါဘူး၊ (မှန်လှပါ) မစိမ်းတတ်

http://www.dhammadownload.com



ဘူးက စ,လာတယ် မောင်ဘသော်၊ (မှန်ပါ့ဘုရား) မလာဘူးလား(လာပါတယ်ဘုရား)။

ကျုပ်မျက်နှာ မှတ်ထားပါ၊ ကျုပ်တို့က မစိမ်းတတ်ပါဘူး၊ တကယ်လို့ မျက်လုံးမဲ့လို့ မသိတောင်မှ မောင်တို့က နှုတ်ဆက်ပါ၊ ဝမ်းထဲကတော့ ခင်တယ်၊ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ ဒါလောကစကားမှာ အတော်ချိုတဲ့ စကားပဲ၊ (မှန်လှပါ) မချိုဘူးလား၊ (ချိုပါတယ်ဘုရား) အပြစ်ကြည့်လိုက်တော့ သေချင်ဖို့မှတစ်ပါး ဘာမှလာမတွေ့ဘူး၊ (မတွေ့ပါဘုရား) အသေပဲတွေ့တယ်၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲခဲ့ရတာ ခန္ဓာခင်မင်ပြီးသေပွဲချည်းဝင်နေလို့၊(မှန်လှပါဘုရား)ရှင်းပလား (ရှင်းပါပြီ) ဘုရားအဆူဆူနဲ့ လွဲခဲ့ရတာသည်၊(ခန္ဓာခင်မင်ပြီး သေပွဲချည်းဝင်နေရလို့ပါဘုရား) ခန္ဓာခင်မင်ပြီး သေပွဲဝင်နေတော့ ခင်တဲ့ပုဂ္ဂိုလ်ကို ဘုရားက ခေါ်ကို မခေါ်နိုင်ဘူး၊ (မှန်လှပါ) သမုဒယချုပ်တဲ့ ပုဂ္ဂိုလ်မှသာလျှင် ဘုရားကလဲ ဟေ့ဘိက္ခု အစရှိသည်ဖြင့် ခေါ်နိုင်ပါတယ်၊ (မှန်ပါ့)။

ဒီ သမုဒယတန်းလန်းနဲ့ ပုဂ္ဂိုလ်တွေကျတော့ ခေါ်နိုင်ပါ့မလား၊ (မခေါ်နိုင်ပါဘုရား) အို.... သူက ငါဘုရားနောက် မလိုက်ဘူး၊သေမင်းနောက်လိုက်တယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ လောကမှာ ခင်ဗျားတို့ကတော့ဖြင့် အတော် ကျက်သရေရှိတဲ့ စကားပဲ၊ အတော် တိုးနားဝင်ချို

http://www.dhammadownload.com



အောင် ပြောတဲ့ လောကဝတ်စကားပဲ ဆိုတာတော့ မှန်ပါ တယ်၊ (မှန်ပါ့ဘုရား)။

သို့သော် ပြောတဲ့ပုဂ္ဂိုလ်သည်ကားလို့ဆိုရင်ဖြင့် သေပွဲဝင် မယ်လို့ သူ့ဟာသူ ဗျာဒိတ်ပေးလိုက်တာပဲ၊(မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

သေပွဲဝင်မယ်လို့၊(သူ့ဟာသူ ဗျာဒိတ်ပေးတာပါဘုရား) ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးတာပဲ၊ (မှန်ပါ့) သဘောကျ ပလား၊ (ကျပါပြီ)။

ခင်ဗျားတို့က တစ်ယောက်တစ်ယောက်ဆိုလို့ရှိရင်ဖြင့် ဒီလို ပြောနေမှပဲ ကျေနပ်ကြတယ်၊ (မှန်ပါ့ဘုရား) ခင်ခင် မင်မင် ရှိတယ်ဆိုတာကကွာ အင်မတန် ကောင်းတဲ့အလုပ်၊ ဘာ့ ကြောင့်တုံး၊ အဖန်ဖန်သေရလို့၊ (မှန်ပါ့)ပြော–ပြောကြစမ်း ပါဦး၊ (အဖန်ဖန်သေရလို့ပါဘုရား)။

ဒကာ ဒကာမတို့ ခင်ခင်မင်မင်ရှိတယ်ဆိုတာ လူကြီး တွေက လာဆုံးမတယ်နော်၊(မှန်ပါ့)မင်းတို့က ခင်ခင်မင်မင် နေကြပေါ့ကွာ၊ မောင်နဲ့နှမ, သားနဲ့အမိ ဆိုတဲ့ဥစ္စာ မဟုတ် တာတွေ ကတောက်ကဆ မလုပ်ပါနဲ့၊ (မှန်ပါ့ဘုရား)။

ဘာပြောတာတုံး ဒါ၊ (သေပွဲအဖန်ဖန် ဝင်ဖို့ပြောနေ တာပါဘုရား) မင်းတို့ အဖန်ဖန်သေရတာကွ၊ ဒီလိုထည့်ပြော ရင် အကောင်းသားပဲ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ သိထားတဲ့တရားနဲ့ ဘုရား စေတနာတော်နဲ့ ခန္ဓာဖြစ်စဉ်နဲ့ထောက်ကြည့်တော့မှ ဩော်– တကယ့် ကျောချမ်းကပ်ပါလား၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘယ့်နှယ် ဖြစ်နေသလဲ၊(ကျောချင်းကပ် ဖြစ်နေပါတယ်ဘုရား)ကျောချင်းကပ်ဆိုတာ နည်းနည်းမှနှီးနှောလို့မရဘူး၊ (မှန်လှပါဘုရား)သဘောကျပလား၊ (ကျပါပြီ)ကျောချင်းကပ်ဆိုတာ၊(နည်းနည်းမှ နှီးနှောလို့မရပါဘူး)နည်းနည်းမှ နှီးနှောလို့ မရတာကို ဆိုပါသည်၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ဘုရားကဖြစ်စေ၊ ဘုန်းကြီးတို့က ဖြစ်စေ၊ ဟော့-ခန္ဓာဝိပဿနာရှု၊ (မှန်လှပါဘုရား)ဒါ-သူ့အဓိကပဲ၊ (မှန်ပါ့)။

ခန္ဓာဝိပဿနာ ရှုပါဆိုတော့ ဒီ သမုဒယ သေသွားရင် ခန္ဓာ မခင်လို့ သေပွဲမဝင်ရဘူး၊(မှန်ပါ့ဘုရား) သဘောကျပလား၊(ကျပါပြီ)ခန္ဓာမခင်တော့၊ (သေပွဲမဝင်ရပါဘုရား) ခုနကတရား နားလည်ခဲ့ပြီလေ၊(မှန်ပါ့ဘုရား) ခန္ဓာခင်တော့ သေပွဲဝင်ရတယ်၊ (မှန်ပါ့) ခန္ဓာခင်တော့၊ (သေပွဲဝင်ရပါတယ်ဘုရား) ငြင်းဖို့ လိုသေးသလား၊ (မလိုပါဘုရား)။

ကြည့် ၂-နံပါတ်ကခန္ဓာ၊၄-နံပါတ်က၊ (သေပွဲဝင်ရတာပါဘုရား)ခင်တာက ထားပါတော့နော်၊ (မှန်လှပါဘုရား) ၄-နံပါတ်က၊(သေပွဲဝင်ရတာပါ) သေတာ၊ (မှန်ပါ့)။

သူက ကိုက်နေတာပဲ၊ (မှန်ပါ့)ဒကာဒကာမတို့ မြင်တဲ့အတိုင်းပါပဲ၊ ၂-နံပါတ်က ဘာတုံး၊ (ခန္ဓာပါဘုရား) ဒီက ခန္ဓာဝါးပါးသေ၊ (မှန်ပါ့) ၃-နံပါတ်က ဘာဖြစ်တာလဲ၊ (ခင်တာပါဘုရား) ခင်တယ်ဆိုတော့ သူ ခေါင်းဆောင်ရင်

http://www.dhammadownload.com



ဒါတွေလာပြီးသားမို့ သူ့ပဲဆိုကြပါစို့(မှန်ပါ့)သူ့ခေါင်းဆောင် ပြောပြီးရင် ဒီ့ပြင်ဟာတွေဟာ သူလာရင်တော့လာမှာပဲ၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ကဲ–ခန္ဓာခင်ရင် သေပွဲဝင်တယ်ဆိုပါတော့ ပဋိစ္စသမုပ္ပါဒ်ဘယ်နှစ်စပ်စပ်သွားသလဲ(၃စပ်စပ်ပါတယ်)သုံးခုစပ်တယ်(မှန်ပါ့)ဘယ်လောက်ကြောက်စရာကောင်းသတုံး(ကောင်းပါတယ်ဘုရား)။

ဒကာဒကာမတွေ ကိုယ့်ပါတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုယ်ကြည့်စမ်း၊ ခန္ဓာက ၂-နံပါတ်၊ ခင်တာက ၃-နံပါတ်နဲ့ စပ်တယ်(မှန်ပါ့ဘုရား)သေတော့ ၄နံပါတ်နဲ့စပ်တယ်(မှန်ပါ့ဘုရား)မစပ်ဘူးလား၊(စပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအမှတ်ကလေးတွေ မြားပြထားတဲ့အစပ်ကလေးတွေဟာလဲဒကာဒကာမတို့အင်မတန်အသုံးကျတယ်၊ ဒါကလေး ဘာလုပ်ဖို့ ထည့်ထားတာတုံး ဆိုတာလဲ မမေးနဲ့တော့ (မှန်ပါ့) မေးဖို့ လိုသေးသလား၊ (မလိုပါဘုရား)။

ဒီလိုအစပ်နဲ့လို့ ပြောတာ၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပြီဘုရား)ခန္ဓာခင်ရင် (သေပွဲဝင်ရပါတယ်ဘုရား) မှတ်ထားပါဒီဥစ္စာ၊ ဘာနဲ့ဘာ စပ်သွားသတုံး၊ (၂-နဲ့ ၃၊ ၃–နဲ့ ၄–ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ခန္ဓာခင် သေပွဲဝင် ဆိုတာဘာပါလိမ့်၊ (၂-နဲ့ ၃၊ ၃-နဲ့ ၄-စပ်တာပါဘုရား)။

အဲ-အဲဒါတွေစပ်သွားတော့ မြားကစပ်ပြတယ်၊(မှန်ပါ့) ၂–နဲ့ ၃-နဲ့လဲ စပ်သဟော့....၊ ၃-နဲ့ ၄-နဲ့ကော၊ (စပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ခန္ဓာခင်တဲ့ပုဂ္ဂိုလ်၊မသေတဲ့ပုဂ္ဂိုလ်၊ မရှိပါဘူး၊ (မရှိပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား) ခန္ဓာခင်တဲ့ ပုဂ္ဂိုလ်၊ (မသေတဲ့ပုဂ္ဂိုလ်-မရှိပါဘုရား)မသေတဲ့ပုဂ္ဂိုလ် မရှိပါဘူးဆိုတော့ ဩော် ခင် တစ်လုံးဟာ အလွန်အရုပ်ဆိုးတဲ့ စာလုံးပါကလား၊ (မှန်လှပါဘုရား)။

ဒို့ အဖန်ဖန်သေလေသမျှ ဒီခင်မှုက နှိပ်စက်တာပဲ၊(မှန်ပါဘုရား) အဖန်ဖန် သေခဲ့ရတာတွေ၊ (ခင်မှုက နှိပ်စက်လို့ပါဘုရား)ဘုရား တစ်ဆူ တစ်ဆူကြားမှာ ၄–ရက်တက်၊၄-ရက်ဆင်း ရှိတဲ့ တောင်ကြီးလောက် အရိုးတွေပုံတယ် ဆိုတဲ့ ဥစ္စာ ဒကာဒကာမတို့ ခင်တစ်လုံး သတ်လို့၊ (မှန်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)ဘယ်သူသတ်လိုက်ပါလိမ့်၊(ခင်တစ်လုံး သတ်ပါတယ်ဘုရား)။

အဲ-နွားသတ်တဲ့ကုလားဟာ ဦးလှဘူး ၄ ရက်တက် ၄– ရက် ဆင်း အရိုးတွေတောင်ပုံ့ ယာပုံအောင် သူတစ်ယောက်တည်း မသတ်နိုင်ဘူး၊ (မသတ်နိုင်ပါဘုရား)။

တဏှာတစ်လုံးတည်းသတ်လိုက်တာ ကြည့်စမ်း၊မောင်ဘသော် ၄–ရက်တက် ၄-ရက်ဆင်း အရိုးတွေ ပုံထားလို့ရှိရင်၊ (မှန်လှပါ)တဏှာတစ်လုံးတည်းသတ်လိုက်တာဘယ်လောက်တဲ့(၄–ရက်တက်၄–ရက်ဆင်း တောင်ပုံမျှပါဘုရား)။

အရိုးတောင်ကြီး ဖြစ်မယ်တဲ့၊ အဲဒီ အရိုးတောင် ဘယ်လောက် မြင့်မားသလဲဆိုတာ ပကတိ တော်တော်သွက်တဲ့လူ တက်မယ်ဆိုလို့ရှိရင် ၄–ရက်တက် ၄–ရက်ဆင်းတဲ့၊ (မှန်ပါဘုရား) ဒါ ဘယ်သူ သတ်လိုက်တာပါလိမ့်၊ (တဏှာသတ်လိုက်တာပါဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ခန္ဓာခင် သေချင်လို့...ဆိုတဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ တဏှာသည်ကား....လို့ ဆိုလို့ရှိရင်ဖြင့် သေအောင် လုပ်တတ်တဲ့တရားပဲဆိုတာ ဒကာသစ်ရှင်းသွားပြီ(ရှင်းသွား ပါပြီဘုရား)မရှင်းသေးဘူးလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ပဋိစ္စသမုပ္ပါဒ်ဒေသနာနဲ့ထောက်လိုက်တော့ကို ၂-နဲ့ ၃-စပ်၊ ၃-နဲ့ ၄-စပ်လို့ သေပွဲဝင်ရတယ်၊(မှန်လှပါဘုရား) ရှင်းပလား၊(ရှင်းပါပြီဘုရား) ၂-နဲ့ ၃-ကို ဘယ်သူက စပ်ပါ လိမ့်မတုံးဆို ခန္ဓာခင်တဲ့တဏှာ, ခန္ဓာနဲ့တဏှာစပ်တယ်(မှန်ပါ ဘုရား)၃ နဲ့ ၄ ဆိုတာ တဏှာကနေပြီး ဆက်သွားတော့ ကမ္မ ဘဝနဲ့ဇာတိသွားစပ်တယ်၊ (မှန်လှပါဘုရား)စပ်တော့ ဇရာ မရဏဆိုတာကြီးဟာ ပေါ်လာတယ်၊ (မှန်ပါ) မပေါ်လာ ဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် ခန္ဓာခင် သေပွဲဝင်ရတယ်၊(မှန်လှပါဘုရား) ဘယ်လိုဆိုကြမယ်၊ (ခန္ဓာခင် သေပွဲ ဝင်ရပါတယ်ဘုရား) ရှင်းပသား၊ (ရှင်းပါပြီဘုရား) ၂-နဲ့ ၃-နဲ့ကလဲ(စပ်ပါတယ် ဘုရား) ၃နဲ့ ၄ နဲ့ကလဲ၊(စပ်ပါတယ်ဘုရား)။

အင်း-ဒါဖြင့် မြန်မာစကားအတိုင်းဆိုရင်ဖြင့် ဒကာသစ် ရှင်းသွားပြီ၊(ရှင်းသွားပါပြီဘုရား)ခန္ဓာခင်သေပွဲဝင်ဆိုတာ စပ်လို့ပဲ၊ (စပ်လို့ပါ ဘုရား) ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးဆက်လို့ပဲ၊ (မှန်ပါ) ဆိုနိုင်ကြသလား၊ (ဆိုနိုင်ပါ တယ်ဘုရား)။

ဒါကြောင့် ကိုယ့်မှာ ဟုတ်တယ်-မဟုတ်ဘူး၊ ကိုယ့်အလုပ် ဟုတ်တယ် - မဟုတ်ဘူးဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ပဋိစ္စ သမုပ္ပါဒ်က သက်သေခံသွားပြီ၊ (ခံသွားပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ချင်း ကျတော့ ဟောဒီ လူကြီးဟာဗျာ–သိပ် သဘောကောင်းတာပဲ၊ (မှန်ပါ) သူက လူတိုင်းကို သူကလဲ ခင်တာပဲဗျ၊ လူတိုင်းခင်တတ်တဲ့လူကြီး၊ (မှန်လှပါ) ဟုတ် လား၊ခင်ဗျားတို့က ဒီလူကိုဂုဏ်ပေးနေကြတယ်၊ (မှန်လှပါ) မပေးဘူးလား၊ (ပေးပါတယ်ဘုရား)။

ဒီလူဟာ လူတိုင်းနဲ့ မဆန့်ကျင်ဘူးဗျ၊ သူကလဲ လူတွေလို ရှိရင်ဖြင့် မောင်ရယ်, အစ်မရယ်နဲ့ တော်တော် ခင်တတ်တဲ့လူ ဆိုတော့ ဒီလူဟာ ရှာမှရှားတယ်၊ (မှန်ပါ့ဘုရား)။

အံမာ-ချီးမျှားချီးမွမ်းလိုက်သေးတယ်၊(မှန်လှပါဘုရား) ချီးမွမ်းပေးရင်သူ့မှာနစ်နာရှာတယ် (နစ်နာပါတယ်ဘုရား) သူကမသိရှာဘူး၊ငါတော့ဖြင့် လူချီးမွမ်းအောင် နေတတ်ပါ တယ်ကွာ–လို့ သူပြောမှာပဲ၊ မပြောဘူးလား၊ (ပြောပါတယ် ဘုရား) ပြောသာပြောတယ် သေပွဲကထပ်နေပြီ၊ (ထပ်နေပါ ပြီ ဘုရား) သူ့ကြွားလုံးနဲ့သူနဲ့ကို ဒုက္ခရောက်နေပြီ၊ (ရောက် နေပါပြီဘုရား) ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

ဒကာ ဒကာမတွေကော ခင်တတ်သလားမေးရင် ဘယ့် နှယ်ပြောကြမလဲ(ခင်တတ်ပါတယ်ဘုရား)အေး-သေဦးမယ် ကြပ်ကြပ်သတိထား၊၊ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲ-ဒါတွေ ဂုဏ်ယူမနေနဲ့၊ ဒီကရှေ့ကို–(မှန်လှပါဘုရား) ဂုဏ်လဲမယူပါနဲ့ဆိုတာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတာကို ဘုန်းကြီးက ခင်ဗျားတို့ကို ခင်ဗျားတို့ ခင်တဲ့လူနဲ့ ရန်တိုက်တယ်လို့ အောက်မေ့မနေနဲ့ဦး၊ (မှန်လှပါ ဘုရား)။

http://www.dhammadownload.com



ကဲ-ဒါဖြင့် ဒကာ ဒကာမတို့ ပဋ္ဌိစ္စသမုပ္ပါဒ်က သေသေချာချာရှင်းပြတယ်၊ (မှန်ပါ့ဘုရား) ဒါက ခန္ဓာ၊ ဒါက ခင်တာ၊ ၂-နံပါတ်က ခင်စရာ၊ (ခင်စရာပါဘုရား) မဟုတ်ဘူးလား၊ ၃-နံပါတ်က ခင်တာပေါ့ဗျာ၊ (မှန်ပါ့ဘုရား) ၂-နံပါတ်ကတော့ ခင်စရာ၊ ၃-နံပါတ်က ခင်တာ၊(မှန်ပါ့) ၄-နံပါတ်က သေတာ၊ (သေတာပါဘုရား) ဒီလိုဆက်သွယ်ရတယ်၊ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဒီဘက်သာ ကူးရင် ဒီဘက် တားမရတော့ဘူး၊ (မရပါဘုရား) ၂-က ၃-သာကူးရင် ၄-တားမရတော့ဘူး၊ (မရပါဘုရား) ၂-က ၃-ကူးရင် (၄-တားမရတော့ဘူး) ၄-တားမရဘူး ဆိုတာ သေချာပလား၊ (သေချာပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒီအထဲ ဒကာ ဒကာမတွေ ဒီဝါသနာရှိတဲ့ပုဂ္ဂိုလ်၊ခင်တတ်တဲ့ ဝါသနာရှိတဲ့ပုဂ္ဂိုလ် များသလား-နည်းသလားလို့ဆိုလို့ရှိရင် ဦးလှဘူး ခင်ဗျားကပဲ လူကြီးလုပ်ပြီး ဆုံးဖြတ်ချက် ချပေတော့၊ ဘယ့်နှယ် ချမလဲ၊ (များပါတယ်ဘုရား)များတယ်၊ (မှန်ပါ့) သေမှ သေပါ့မလား၊ ဒါဖြင့်-(မှန်ပါ့)။

အဖန်ဖန်သေမှ သေပါ့မလားဆိုရင် ဘယ့်နှယ် ဖြေမလဲ၊ (သေရမှာပါဘုရား) အဲ-အဖန်ဖန်သေရတာ သည်ကား-လို့ဆိုရင် ခင်ဗျားတို့ဘုန်းကြီး ရှင်းပြမယ်နော်၊(မှန်ပါ့ဘုရား) အနာကြီးပေါက်ပြီး သေရမယ်၊ အနာငယ်ပေါက်ပြီး သေရမယ်၊ သူများဓားအောက်မှ ခေါင်းဖြတ်ခံရမယ်၊ (မှန်ပါ့) သူများလှံချက်မိပြီး သေရမယ်၊ (မှန်လှပါ)သစ်ပင်ပိလို့ သေ

http://www.dhammadownload.com



ရမယ်၊ရေနစ်လို့သေရမယ်ဆိုတဲ့အသေမျိုးစုံ၊(မှန်လှပါ)ဘယ်ဟာကြိုက်သတုံး၊ (ဘယ်ဟာမှ မကြိုက်ပါဘုရား)။

ဟာ-ဘယ်ဟာမှ မကြိုက်လို့ရှိရင်ဖြင့် ခန္ဓာမခင်မှ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) ဘယ်ဟာမှ မကြိုက်ရင်ဖြင့် (ခန္ဓာမခင်မှပါဘုရား)သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့်တပည့်တော်တို့ အတော်ကြိုးစားရမယ်ဘုရား၊ ဝါသနာအထုံကတွေ့ရင် ခင်တတ်တာက တစ်မျိုး၊ ကိုယ့်ကိုယ်ကိုခင်တာကတစ်မျိုး၊ (မှန်လှပါဘုရား) ဘေးကပုဂ္ဂိုလ်တွေ့ရင်ခင်တတ်၊မင်တတ်တာက(တစ်မျိုးပါဘုရား) တပည့်တော်တို့ဝါသနာက အသေကြိုက်ဖြစ်နေတယ် (မှန်ပါဘုရား) ဘယ့်နှယ်ဆိုကြမယ်၊ (အသေကြိုက် ဖြစ်နေပါတယ်ဘုရား)။

ဒါ-ဘုန်းကြီးနဲ့တွေ့လို့နော်၊ ခင်ဗျားတို့ဝါသနာကတော့အသေကြိုက်ပဲ၊ (အသေကြိုက်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)ဘုန်းကြီးနဲ့တွေ့လို့၊ ပဋိစ္စသမုပ္ပါဒ်ကလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဤကဲ့သို့ ဖြစ်ပါတယ်ဆိုတာကြီးဒကာသစ်–ရှင်းရှင်းလင်းလင်းကြီး ပြထားတယ်၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့အလို ခင်ဗျားတို့အကြိုက်ဆိုလို့ရှိရင်ဖြင့် ဟော–တစ်ယောက် တစ်ယောက် ဆုံးမကြတာ ဒီကောင်ကလေး ပုံပန်းက တယ်–လူမုန်း များသကိုး၊ ခင်ခင်မင်မင်ရှိအောင်နေမှပေါ့၊ကိုယ်ကလဲ နှုတ်ချိုမှပေါ့၊နှုတ်ချိုပြည်စုံးဆိုတာမကြားဘူးဘူးလား၊ အံမာလေး-ရှောက်သင်လိုက်တဲ့ဖြစ်ခြင်း၊ သေပွဲချည်း သင်လွှတ်နေတယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဘာတွေ သင်လွှတ်နေသလဲ၊ (သေပွဲချည်း သင်လွှတ်နေပါတယ်ဘုရား)ဒကာ ဒကာမတွေ သင်ဖူးကြရဲ့လား(သင်ဖူးကြပါတယ်ဘုရား)။

အေး–ကိုယ်က အသေမျိုးမို့လို့ နောက်လူတွေကလဲအသေမျိုး ဖြစ်ပါစေတော့လို့သင်ရတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊(ရှင်းပါပြီဘုရား)ခင်ဗျားတို့ ဒီဆရာကောင်းသမားကောင်းသာ မတွေ့မယ် ဆိုလို့ရှိရင် ဒကာသစ်– သွားပြီ၊ (သွားပါပြီဘုရား)ကိုယ့်ဟာကဖြင့် အလွဲချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ) ကိုယ်တတ်ထားတာနဲ့ ကိုယ်သိထားတာကဖြင့် (အလွဲချည်းပါဘုရား) အလွဲချည်းပဲ သေပွဲဝင်ဖို့ ဒါပဲတတ်တယ်၊ ဒီ့ပြင် သေပွဲလွတ်ဖို့ မတတ်ဘူး၊(မတတ်ပါဘုရား)တယ်လဲဆိုးပါကလား၊ (ဆိုးပါတယ်ဘုရား)။

အေး–ဒါဟာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာဒီပါဠိရှိပါတယ်၊(မှန်ပါဘုရား)ခုပြောလဲသစ္စာတွေဖွဲ့ပြီးသကာလ ခန္ဓာခင် သေချင်လို့ဆိုတဲ့ဥစ္စာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှာ ဒကာသစ်–သေသေချာချာကြည့်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာမခင်ရင် သေပွဲ လွတ်ပါတယ်၊ (မှန်ပါဘုရား) ခန္ဓာမခင်ရင်–(သေပွဲ လွတ်ပါတယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ ဘုရား) ခန္ဓာမခင်ရင် သေပွဲလွတ်တယ်ဆိုတော့ ခန္ဓာခင်ရင် သေပွဲဝင် ဟုတ်လား၊ (မှန်ပါ) ခန္ဓာမခင်ရင်သေပွဲလွတ်၊ (မှန်ပါ–သေပွဲ လွတ်ပါတယ်ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)

http://www.dhammadownload.com



ကဲ....ဒါဖြင့် ဒီလိုလုပ်ကြစို့၊ဩော်....ခင်ဗျားတို့ပေးထားတဲ့ အလုပ်ဟူသရွေ့သည် အသေလွတ်တဲ့အလုပ်ချည်း ပေးထားပါတယ်၊ (မှန်လှပါဘုရား) ခင်ဗျားတို့ပေးထားတဲ့ အလုပ်ဟူသရွေ့ဟာဖြင့်၊ (အသေလွတ်တဲ့ အလုပ်ချည်း ပေးထားပါတယ်) အသေလွတ်တဲ့ အလုပ်ကိုပေးထားပါတယ်၊ (မှန်ပါ့) ကိုင်း-ဒါဖြင့် ဒီအထဲမှာ ဒါခန္ဓာတွေပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

အင်း....ဝေဒနာကလေးက ဒကာ ဒကာမတွေက ဝေဒနာ သုံးပါး၊ ဝေဒနာငါးပါး ခန္ဓာထဲပေါ်ရင် ဖြစ်ပျက် ရှုလိုက် (မှန်ပါ့) ဖြစ်ပျက်ရှုလိုက်တဲ့အခါဒီအစပ်မှာ မဂ်ဝင်ရတယ်လို့ မနေ့ကလဲပြောခဲ့ပြီ၊ (ပြောခဲ့ပါတယ်ဘုရား) ဒီခင်တာ လာသေးရဲ့လား၊ (မလာပါဘုရား)။

ဒါဖြင့်ဒီသေပွဲအနာဂတ်ဘဝရသေးရဲ့လား(မရပါဘုရား) ဒါဖြင့် ခန္ဓာမခင်လို့ရှိရင် အသေလွတ်တယ်၊ (လွတ်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့မှာ ဖြစ်မှု ပျက်မှုအနိစ္စ၊ ခင်ဗျားတို့ ရှုရတဲ့ကျေးဇူး ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဩော်....ခန္ဓာမခင်တော့လဲအသေလွတ်ပါလား (လွတ်ပါတယ်ဘုရား) ဘယ့်နှယ်ပါလိမ့်၊ (ခန္ဓာမခင်ရင် အသေလွတ်ပါတယ်ဘုရား)။

အဲဒီတော့ မခင်ပါနဲ့ဆိုလို့ ရန်ဖြစ်ပြီး နှုတ်ခမ်း စူနေရမှာ မဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား) ကိုယ့်ခန္ဓာကို ကိုယ်ဖြစ်ပျက် ရှုနေရင်မခင်တာ၊ (မှန်လှပါဘုရား) သူတစ်ပါး တွေ့ရင်လဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုနေလို့ရှိရင် ခန္ဓာ မခင်တော့ သေပွဲမဝင်ရဘူး၊ (မဝင်ရပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ၂-နဲ့ ၃-ကူးသေးသလား၊ (မကူးပါဘုရား) ပေါ်လာပြီ၊ (ပေါ်လာပါပြီဘုရား) ဒကာ ဒကာမတို့ ၂-နဲ့ ၃၊ ကြည့်စမ်း၊ ကူးသေးရဲ့လား၊ (မကူးပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် မကူးရပါလိမ့်မတုံး-ဆိုတာ အဖြေထွက်ကြစမ်းပါ၊ (ခန္ဓာမခင်လို့ပါဘုရား) အဲ....ဒါက ခန္ဓာမခင်တာကမဂ်၊ (မှန်ပါ့ဘုရား) ဒီတရားကလေးဟာ ဘာတဲ့တုံး၊ (ခန္ဓာပါဘုရား) ဒီဟာတွေ ဖြစ်ပျက်ရှုနေတော့ဖြစ်ပျက်က ဘာတွေတုံး၊ (မဂ်ပါဘုရား) မဂ်ဆိုတာမခင်တာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ခန္ဓာမခင်တော့ကိုသေပွဲမဝင်ရပါဘူး၊ (မှန်လှပါ) ဒီမှာ သေစရာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောရခြင်းသည် ဒကာ ဒကာမတို့ ဉာဏ်ထဲမှာလဲ ရှင်းတယ်၊ (ရှင်းပါတယ်ဘုရား)။

ဒါ ဘယ့်နှယ်ပြောသတုံး၊ ဘယ်သူက ပြောသတုံး၊ ဘယ်ဝါဒက ပြောသတုံးလို့ ခင်ဗျားတို့ ဆင်ခြေလဲစရာ မလိုတော့ဘူး၊ (မလိုပါဘုရား)။

ဘုရားကဒီအတိုင်းဟောတယ်၊ ဘုရားမရှိလဲဒီပဋိစ္စသမုပ္ပါဒ်က လည်နေတာပဲ၊ (လည်နေပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဘုရားရှိတဲ့အခါ နည်းပေးကောင်းလို့၊ နည်းယူကောင်းကြလို့ လုပ်လဲ လုပ်ကြမယ်ဆိုရင်ဖြင့် ပြတ်မြန်တယ်၊ (မှန်ပါ့) ဘုရားမရှိလို့ ရှိရင်လဲ ခင်ဗျားတို့ ခန္ဓာခင်သေပွဲဝင်နေကြတာပဲ၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ)

http://www.dhammadownload.com



ဒါကြောင့်အရိုးတောင်လိုပုံတယ်ဆိုတာသေချာပလား (သေချာပါတယ်ဘုရား)။

ကိုင်း–ဒါဖြင့် ခန္ဓာမခင်ရင် သေပွဲလွတ်ပါတယ်၊ (လွတ်ပါတယ်ဘုရား)သဘောကျပလား(ကျပါတယ်ဘုရား)ဒါက ခန္ဓာတွေဆိုပါတော့၊ (မှန်ပါ့) ဒီနေရာ မဂ်သွင်းလိုက်တော့ ခင်သေးရဲ့လား၊(မခင်ပါဘုရား) မခင်လို့ရှိရင်ဖြင့် အနာဂတ်ဘဝရယ်လို့ကို ပေါ်သေးရဲ့လား၊ (မပေါ်ပါဘုရား)ဒါဖြင့် အနာဂတ်သေစရာမရှိဘူး၊ (မှန်လှပါ)ပစ္စုပ္ပန်တစ်ခါသေပြီး နောက် သေစရာမရှိပါဘူး၊ (မရှိပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာမခင်တဲ့နည်းဟာကွာ-တဲ့ ဒီလိုလုပ်ပါ၊ မင်းတို့မျက်စိလည် ပျောက်ရင် မခင်ပါဘူးတဲ့၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ) မျက်စိလည်ပျောက်ရင်တော့ဖြင့် (မခင်ပါဘုရား)။

မခင်ပါဘူး–တဲ့၊ နို့ဖြင့် ဒီခန္ဓာကြီးကို ကိုယ့်ခန္ဓာကြီးကို ဒကာ ဒကာမတို့က အင်း-အသုဘပဲ၊ အနိစ္စပဲလို့ သေသေချာချာ မျက်စိလည်ပျောက်သွားလို့ရှိရင် မဂ်ဉာဏ် လာပါတယ်၊ (လာပါတယ်ဘုရား) မလာဘူးလား၊ (လာပါတယ်ဘုရား) ဒီမဂ်ဉာဏ်လာတယ်ဆိုရင်ပဲ ဒကာ ဒကာမတို့ ဒီဘက်က ၃-နံပါတ် ကူးသေးသလား၊ (မကူးပါဘုရား)။

အဲဒီတော့ ၄-နံပါတ်ဒုက္ခတွေ တွေ့ဖို့ရှိသေးသလား၊ (မရှိပါဘုရား) သြော်–ဒါဘယ့်နှယ်ကြောင့် ပါလိမ့်မတုံး၊ ခန္ဓာ

http://www.dhammadownload.com



မခင်တဲ့မဂ်ပေါ်လို့၊ (မှန်လှပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)ဘယ်လိုပါလိမ့်၊ (ခန္ဓာမခင်တဲ့မဂ်ပေါ်လို့ပါဘုရား)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ဟောရ-ပြောရ ဒကာ ဒကာမတွေ ဆိုဆုံးမရ၊ ကိုယ်ပိုင်ဉာဏ်နဲ့၊ ကိုယ့်မျက်လုံးနဲ့လဲ အမြင်သိရတော့မှသြော်-ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောထားခဲ့လို့ သိရပေတယ်လို့မှတ်၊ ဖြစ်စဉ်ကတော့ အမြဲဖြစ်နေတယ်မှတ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)ဘုရားမပွင့်လို့မဟောလဲ ဒီခန္ဓာကြီးကတော့ ဒီလိုလည်နေတာပဲ၊ (လည်နေပါတယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးက ဒကာ ဒကာမတွေကို မခင်နဲ့၊ ခင်လို့ရှိရင် သေရလိမ့်မယ်ဆိုတော့ စကားကြမ်းတယ်ထင်သလား၊ (မထင်ပါဘုရား)။

ဒီ-ပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာ သူ့အကန့်နဲ့ သူ့အကန့်နဲ့ဆိုသလို ထောက်ပြတော့ သြော်-ဟုတ်သားပဲ၊ (မှန်လှပါဘုရား) ၂-နံပါတ်ကို ၃-က ခင်ပြီဆိုမှဖြင့် ၄-အသေပွဲဟာဝင်ရပါတယ် (ဝင်ရပါတယ်ဘုရား)မဝင်ပါနဲ့ဆိုလို့ (မရပါဘုရား) ရ,ကို မရဘူးဆိုတာဖြင့် ဒကာ ဒကာမတို့ ရှင်းကြလင်းကြပါပြီ၊ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောတယ်၊ ဒီခန္ဓာကြီးကို မင်းတို့ မခင်ပါနဲ့-တဲ့၊ ခင်ခဲ့လို့ရှိရင် ဒီခန္ဓာကြီးဟာ ဘာနဲ့တူသတုံး-ဆိုလို့ရှိရင် မင်းတို့ကလဲ ပုထုဇဉ်အရူးတွေ ဖြစ်နေတော့ အမူးကလဲ ကြိုက်တယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)။

၃'

http://www.dhammadownload.com



အဲဒီတော့ အရက်ထဲမှာ အဆိပ်နဲ့ရောထားတဲ့ ဒီခန္ဓာကြီးဟာ၊ (မှန်လှပါဘုရား) အရက်ခွက် အဆိပ်နဲ့ရောထားတာနဲ့ တူပါတယ်၊ (မှန်လှပါ) သွားပြီး မသောက်ပါနဲ့...တဲ့၊ သောက်လို့ရှိရင် ဟောဒီ သေပွဲဟာ တွေ့ရမယ်တဲ့၊ (တွေ့ရပါမယ်ဘုရား) ဟောဒီ တဏှာနဲ့သောက်ရင် ဟောဒီ သေပွဲဟာ၊ (တွေ့ရပါမယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဒကာဒကာမတို့ အဆိပ်နဲ့ရောထားတဲ့အရက်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား) အဆိပ်နဲ့ရောထားတဲ့ အရက်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား) ဒီခန္ဓာကြီးဟာ ဘာတဲ့၊ (အဆိပ်နဲ့ ရောထားတဲ့ အရက်ပါဘုရား)။

အဲဒီတော့ တဏှာသမားက ခင်တယ်ဆိုတာ သောက်မိတာပဲ၊ (မှန်ပါ့ဘုရား) သောက်မိလို့ သေရတယ်၊(သေရပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီတော့ အဆိပ်နဲ့-ရောထားတဲ့ အရက်လို့ ခင်ဗျားတို့ ယနေ့မှတ်ပြီး သိပါ၊ (မှန်ပါ့ဘုရား) ဒါဖြင့် မသောက်ဘူးဟော့-ဆိုတာ မခင်ဘူးဟော့၊(မှန်ပါ့)ရှင်းပလား၊(ရှင်းပါပြီ) မသောက်ဘူးဟော့-ဆိုတာ ဘာပါလိမ့်၊ (မခင်ဘူးဟော့-ပြောတာပါ) မခင်ဘူးဟော့-ဆိုတာ ဘယ်လိုတုံးဆိုတော့ မခင်ဆိုတာ ဘယ်လိုနေမှာတုံးမေးတော့ ဘယ်ခန္ဓာပေါ်လာလာ ခင်ဗျားတို့ ဝေဒနာက္ခန္ဓာရှတဲ့ပုဂ္ဂိုလ် ဝေဒနာလာရင် ဖြစ်ပျက်ရှု၊ (မှန်ပါ့ဘုရား) ဝိညာဏက္ခန္ဓာ စိတ်ရှုတဲ့ ပုဂ္ဂိုလ်ဟာ စိတ်လာတိုင်း ဘာလုပ်ရမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

http://www.dhammadownload.com



ဖြစ်ပျက်ရှုလိုက်တော့ ခင်မိသေးရဲ့လား၊ (မခင်မိပါဘုရား) သောက်မိသေးရဲ့လား၊ (မသောက်မိပါဘုရား)။

ဒါဖြင့် အဆိပ်နဲ့ရောထားတဲ့ အရက်ကို ရှောင်ပစ်လိုက်၊ (မှန်ပါ့ဘုရား) ရှောင်ပစ်တော့ အန္တရာယ်ကင်း ဘေးရှင်းဖြစ်တယ်၊ (မှန်ပါ့ဘုရား) သူ—သေရသေးရဲ့လား၊ (မသေရပါဘုရား)။

ဒါဖြင့် အဆိပ်နဲ့ရောထားတဲ့ အရက်နဲ့ ခန္ဓာကြီးနဲ့ တူပါတယ်၊(တူပါတယ်ဘုရား)သောက်တဲ့လူနဲ့ ပုထုဇဉ်မိုက်နဲ့တူပါတယ်၊ (တူပါတယ်ဘုရား) မိုက်ခြင်းကြောင့် မသောက်ကောင်းတာ သောက်လို့လဲ သူ့မှာ မတရားသဖြင့် သေရတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေချင်လို့ သေရတာလား–တဲ့၊ ရှုးမိုက်မိုက်လို့ သေရတာလား၊ (ရှုးမိုက်–မိုက်လို့ သေရတာပါဘုရား)။

ဩော်–ဒါဖြင့် အသေလွတ်တဲ့တရားဟာ ရှုးမိုက်–မမိုက်ရင် အသေလွတ်တယ်၊ (မှန်ပါ့ဘုရား) ရှုးမိုက်–မိုက်လို့ရှိရင်တော့၊ (အသေတွေ့ရပါမယ်ဘုရား)အသေတွေ့ရမှာပဲဆိုတာ ဒကာ ဒကာမတွေ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးနဲ့ကိုက်ပလား၊ (ကိုက်ပါပြီဘုရား)ဒါ ဘယ်တော့မှ မမေ့ကြပါနဲ့တဲ့၊ ဒီခန္ဓာကြီးဟာ အဆိပ်နဲ့ ရောထားတဲ့အရက်ပါပဲ၊ (မှန်ပါ့ဘုရား)။

ဒီက ခင်တဲ့ပုဂ္ဂိုလ်က ပုထုဇဉ်မိုက်၊ (မှန်ပါ့ဘုရား) တဏှာနဲ့မို့ သူကခင်မိတယ်ဆိုအကောင်းချည်းပဲ၊(အကောင်းချည်း

http://www.dhammadownload.com



ပါပဲဘုရား) အကောင်းချည်းပဲဆိုရင် အသေပွဲတွေ လွတ်ပါ့မလား၊ (မလွတ်ပါဘုရား) တဏှာ ဥပါဒါန် ကမ္မဘဝ ဇာတိ ဇရာ မရဏဆိုတဲ့ သေပွဲတွေဟာဖြင့် သောက်တဲ့ပုဂ္ဂိုလ်သေတယ်၊(မှန်ပါ့)ဝါ-ခင်တဲ့ပုဂ္ဂိုလ်သေတာ (မှန်ပါ့ဘုရား) မခင်တဲ့ပုဂ္ဂိုလ်မှာ၊ (မသေပါဘုရား)။

အေး-ဒါဖြင့် ဒကာဒကာမတွေက မခင်တဲ့ နည်းဟာလဲ တစ်ယောက်‚တစ်ယောက်ရန်ဖြစ်ပြီးမခင်ရမှာမဟုတ်ပါဘူး၊ (မှန်ပါ့ဘုရား) ကိုယ့်ခန္ဓာကိုယ်ဝေဒနာတွေရင် ဝေဒနာ ဖြစ်ပျက်ရှုပေး၊(မှန်ပါ့ဘုရား)စိတ်တွေရင်ကော၊ (စိတ်ကို ဖြစ်‚ ပျက် ရှုပေးရပါမယ်ဘုရား)။

စိတ် ဖြစ်‚ပျက် ရှုလိုက်တဲ့အခါကျတော့သူတို့ကဖြစ်ပျက်၊ ရှုတာကမဂ်ဆိုတော့ သောက်ဖြစ်သေးရဲ့လား(မသောက်ဖြစ်ပါဘုရား) ရှုတာက မဂ်ဆိုတော့ မသောက်ဖြစ်ဘူး၊ (မှန်လှပါဘုရား)မသောက်ဖြစ်တဲ့အတွက်-တဲ့၊၂-နဲ့ ၃-ဟာ မစပ်တော့ဘူး(မစပ်ပါဘုရား)စပ်သေးရဲ့လား(မစပ်ပါဘုရား)။

ဒါဖြင့် ၂-နဲ့၃-နဲ့မှ မစပ်လို့ရှိရင် ၃-နဲ့ ၄-နဲ့လဲ စပ်ချင်လို့လဲ မဖြစ်တော့ပါဘူး၊ (မဖြစ်တော့ပါဘုရား) ဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘုရား)ဒါ-ဘယ်သူက ပြောသတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကပြောတယ်၊(မှန်လှပါဘုရား) ဘယ်သူက ပြောသတုံး၊ (ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်က ပြောပါတယ်ဘုရား)။

**အဲဒီတော့ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဆိုတာဘုရားဟော တာလား၊ ဘုရားမဟောလဲ ရှိတာပဲလားမေးရင် ဘယ်နှယ်**

http://www.dhammadownload.com



ပြောမလဲ၊(ဘုရားမဟောလဲရှိတာပါပဲဘုရား)ဘုရားဟောလဲ (ရှိတာပဲ) မဟောဘဲနေလဲ၊ (ရှိတာပါပဲဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် ဘုရားဟောလဲ ဘုရားက ဖော်ပြတာပဲ၊ (မှန်ပါ့ဘုရား)ဘုရားမဟောလဲ ကမ္ဘာ့သဘောအတိုင်း ရှိနေတာပဲ၊ (မှန်ပါ့ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတွေ အဆိပ်နဲ့ရောထားတဲ့ အရက်ကို အင်း... ဒါ– သေပွဲဝင်မည့်တရားမို့ မသောက်ဘူးဟေ့–လို့ ရှောင်လိုက်ပြန်ရင်လဲ လွတ်သွားတယ်၊ (လွတ်သွားပါတယ်ဘုရား)။

ရှောင်လိုက်ပြန်လဲ အိုပွဲ, နာပွဲ,သေပွဲ ဘယ့်နှယ်နေသလဲ၊ (လွတ်ပါတယ်ဘုရား) လွတ်တယ်ဆိုတာ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ့်နှယ်လုပ်ကြမတုံး၊ (ရှောင်ရပါမယ်ဘုရား) ရှောင်ရမယ်၊ ရှောင်ဆိုတာ ဝိပဿနာ ရှုနေ၊ (မှန်ပါ့ဘုရား) ရှောင်ဆိုတာ ဘာပါလိမ့်၊ (ဝိပဿနာရှုနေရမှာပါဘုရား)ဝိပဿနာရှုနေပါဆိုတာ သေချာကြပလား၊ (သေချာပါတယ်ဘုရား)။

ဒီခန္ဓာငါးပါးထဲက ဝေဒနာကြိုက်ရင်(ဝေဒနာ ရှုရပါမယ်)ဖဿကြိုက်ရင်၊ (ဖဿရှုရပါမယ်) စိတ်တွေကြိုက်ရင် (စိတ်တွေ ရှုရပါမယ်ဘုရား)။

ကြိုက်တာရှု(မှန်ပါ့)ကြိုက်တာရှုတော့သူတို့ကဖြစ်ပျက်၊ သူက မဂ်၊ (မှန်ပါ့) ဖြတ်ပစ်လိုက်ပြီ၊ (ဖြတ်ပစ်လိုက်ပါပြီ

http://www.dhammadownload.com



ဘုရား) ဖြတ်ပစ်လိုက်တော့ ဒကာ ဒကာမတို့ ၃-ဆက်သေး ရှိလား၊ (မဆက်ပါဘုရား)၃-မဆက်လို့ရှိရင် ၄-ကို တွေ့ချင် ပါတယ်ဆိုလို့၊ (မရပါဘုရား)။

ဩော်-ဒါဖြင့် အဆိပ်နဲ့ရောထားတဲ့အရက်ကိုမသောက်ဘဲ နေပြန်တော့လဲသေပွဲလွတ်တယ်၊ (လွတ်ပါတယ်ဘုရား) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

အရင်တုန်းကတော့ ဒီဝတ္ထုတွေဟောရပါတယ်၊ဟောပင် ဟောငြားသော်လဲ ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ ပဋိစ္စ- သမုပ္ပါဒ်က မပါသေးတော့ ဒီလိုဝိုင်းပြီးသကာလ ပြတာ မပါသေးတော့ ဟုတ်ပါရဲ့သာ ဆိုလိုက်ရတယ်၊ အထင်အမြင် မဖြစ်ဘူး၊ (မဖြစ်ပါဘုရား)။

အခုတော့ ဟုတ်ပါရဲ့တွင် လိုက်ရတာလား၊ အထင်အမြင် ပဲလား၊ (အထင်အမြင်ပါဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် စဉ်းစား၊ ငါတို့သည် ယနေ့ သား, သမီးအပေါ်မှာ ဘယ်နှစ်ခါ အဆိပ်နဲ့ရောထားတဲ့ အရက် သောက်မိပါလိမ့်မတုံး၊ (မှန်ပါ့ဘုရား) မိမိကိုယ် အတွက် ဘယ်နှစ်ခါ သောက်မိပါလိမ့်မတုံး၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ) ဆွေမျိုးဉာတကာတွေအတွက် ဘယ်နှစ်ခါသောက်မိပါလိမ့်မတုံး၊ (မှန်ပါ့ဘုရား)။

သောက်မိရင် ၂-နဲ့ ၃-ဆက်တယ်။(ဆက်ပါတယ်ဘုရား) ဆက်ရင် ၃-နဲ့ ၄-ကော၊ (ဆက်ပါတယ်ဘုရား)။

အဲ-ဆက်လို့ရှိရင် သေမှ သေပါ့မလား၊ (သေပါတယ် ဘုရား) အထူးပြောစရာ လိုသေးသလား၊ (မလိုပါဘုရား)

http://www.dhammadownload.com



အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာအဆိပ်နဲ့ ရောထားတဲ့အရက်ကယ်လို့ သေသေချာချာသိအောင် လုပ်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အဆိပ်နဲ့ရောထားတဲ့ အရက်သည် မူးလဲမူးတယ်၊ သေလဲသေတယ်၊ (မှန်ပါ့ဘုရား) အဆိပ်နဲ့ရော ထားတဲ့အရက် သောက်မိလို့ရှိရင်၊ (မူးလဲမူးတယ်–သေလဲ သေပါတယ်ဘုရား)။

ဒီမှာလဲခန္ဓာကြည့်လိုက်လို့ရှိရင် သူတို့အတွက်ဟာ တစ်ခါ တည်းအမေလုပ်တဲ့ပုဂ္ဂိုလ်ကသားသမီးတွေကြည့်လိုက်ပြီဆိုမှ ဖြင့် တစ်ခါတည်း မူးသွားတာပဲ၊ (မှန်ပါ့) ဘယ်လိုမူးသွား ရတာတုံး မေးတဲ့အခါ ရုပ်နာမ်၊ ဒုက္ခသစ္စာ အကုန်ပျောက်၊ (ပျောက်ပါတယ်ဘုရား) မူးသွားပြီးတော့၊ (မှန်ပါ့) မမူး သေးဘူးလား၊ (မူးပါတယ်ဘုရား) မူးသွားပြီ–တဲ့၊ ရုပ်နာမ် ဒုက္ခသစ္စာတွေ သူ့ကိုကြည့်လိုက်ရင် ပေါ်သေးရဲ့လား၊ (မပေါ်ပါဘုရား)။

အဲ....ခင်စရာ–မင်စရာ–အားကိုးစရာသာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား) တစ်ခါတည်း မူးသွားတဲ့အခါ ကျတော့ ခင်မိ–ကြင်မိပါတယ်၊ (မှန်ပါ့ဘုရား) မူးတဲ့ပုဂ္ဂိုလ် သောက်မိတာပေါ့ဗျာ၊(သောက်မိပါတယ်ဘုရား)သောက်မိ တဲ့အခါကျလို့ရှိရင် သေပွဲဝင်ရမယ်၊ (မှန်ပါ့ဘုရား)။

အင်း....ဒကာ ဒကာမတို့ ၃-နဲ့ ၄-ကူးသွားပြီ၊ (မှန်ပါ့ ဘုရား) ဘာ့ကြောင့်ကူးရပါလိမ့်မတုံးဆို ၂–နဲ့ ၃–ကူးမိလို့၊ (မှန်လှပါဘုရား)ရှင်းပလား၊(ရှင်းပါပြီဘုရား) ၂-နဲ့၃–ကူး

http://www.dhammadownload.com



မိရင် ၃-နဲ့ ၄-ကျတော့ ရှောင်လို့ရှားလို့ (မရပါဘုရား) မရဘူးဆိုတာ ပေါ်ကြပလား၊ (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီခန္ဓာကြီး ဘယ်လိုမှတ်ကြမယ်၊ (အရက်ပါဘုရား) အဆိပ်နဲ့ ရောထားတဲ့ အရက်ကယ်လို့— အမှတ်ထားပြီးသကာလ သူ့ကိုခင်ရင် သေပွဲ ဝင်လိမ့်မယ်၊ (မှန်ပါ) သူ့ကို မသောက်မိမှ တော်မယ်၊ (မှန်ပါဘုရား) ဒီတော့ ဒကာ ဒကာမတို့ ဝေဒနာကြိုက်ရင် ဝေဒနာ ဖြစ်, ပျက်ရှု၊ (မှန်ပါ)။

စိတ်ကြိုက်ရင် (စိတ်ကို ဖြစ်ပျက် ရှုရပါမယ်) တစ်ခုခု ဖြစ်,ပျက် ရှုလို့ရှိရင်ဖြင့် မဂ်က ၂-နဲ့ ၃-ကိုဖြတ်ချတယ် (ဖြတ်ပါတယ်ဘုရား) ၂-နဲ့ ၃-ဖြတ်ချလိုက်လို့ရှိရင် မပူနဲ့တော့၊ တတိယသေပွဲဖြင့်လွတ်ပြီ၊ (မှန်ပါ) မလွတ်ပါနဲ့ဆိုလို့ရသေးရဲ့လား၊ (မရပါဘုရား)။

ဒါသည် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဒကာ ဒကာမတို့ သောက်မိတဲ့ ပုဂ္ဂိုလ်မှာ သေပွဲ ဝင်ရပါတယ်၊ (မှန်ပါ) မသောက်မိတဲ့ ပုဂ္ဂိုလ်များ (သေပွဲ မဝင်ရပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီခန္ဓာကြီးကို အနိစ္စတော, ဒုက္ခတော, ရောဂတော လို့ရှုပေးပါ၊(မှန်ပါ)ဖြစ်,ပျက်ကို ရှုပေးပါ၊(မှန်ပါ)ရှုလိုက်လို့ရှိရင် ဒီနေရာကမဂ်ပေါ်တယ်၊မဂ်ပေါ်တော့ တဏှာမလာလို့ မသောက်ဖြစ်ဘူး၊ (မှန်ပါ)မသောက်ဖြစ်လို့ သေပွဲမဝင်ရဘူး၊ (မဝင်ရပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဖြစ်, ပျက်အလုပ်ဟာ ဘယ်လောက် ခရီးပေါက်တယ်ဆိုတာ (ပေါ်ပါပြီဘုရား) အသေလွတ်တရား၊ (မှန်ပါ့ဘုရား)အအိုလွတ်တရား၊ (မှန်လှပါဘုရား) ဆိုနိုင်ကြသလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် အို–သေလွတ်ရာကို ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ခေါ်ပါတယ်) ဇာတိလွတ်ရာကော၊ (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) ကံလွတ်ရာကော၊(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား) ဥပါဒါန်လွတ်ရာကော၊(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)တဏှာလွတ်ရာကော၊ (နိဗ္ဗာန်ခေါ်ပါတယ် ဘုရား)။

ဒီဘက်က နိဗ္ဗာန်ချည်းဖြစ်သွားတယ်၊ဒီနေရာ မဂ်ပေါ်လို့ရှိရင် အကုန်နိဗ္ဗာန်ပဲ၊ (မှန်ပါ့ဘုရား) ၃–ရော၊၄–ရောနိဗ္ဗာန်လို့ ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း–ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု–သာဓု–သာဓု။

# ဤတွင် အမှတ်စဉ် (၆) ပြီးဆုံးပါပြီ။